www.burmeseclassic.com

မင်းပဲသီ

K

သူရဲကောင်းတို့၏

အမြဲမြတ်ဆုံးဝတ်သတို့

BURMESE CLASSIC .com

အောင်ဆန်းသူရိယဘွဲ့တံဆိပ်ရ သူရဲကောင်း (၆) ဦး

www.burmeseclassic.com

www.burmeseclassic.com

နိဒါနအခန်းကဏ္ဍပါဠိ

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထားများ

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား သင်္ကေတချင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို ဇောင့်ဖျက်ပုတ်ခတ်သော သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံစုရုံးသူအဖြစ် သတ်မှတ်ခံရမှုနှင့်ကြုံ။

နိုင်ငံရေး ဦးတည်ချက် (၄) ချက်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဂုဏ်သရေရှိရှိ မဟေးမင်းအာဏာရှင်စနစ်ကင်းရှင်းရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဓလေ့ထိမ်ဖွယ်ကြီးဘက်ဆေး နိုင်ငံတော်သမ္မတကို ရွေးချယ်ရေး။

စီးပွားရေးဦးတည်ချက် (၄) ချက်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အောင်ရွက်ပြီး ကော်ဆီစက်မှုဇီဝဓါတုစသောလုပ်ငန်းများနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း တဖက်ခုန်ဖွံ့ဖြိုးပျံဆင်းအောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်ထွန်းကားရေး။
- ပြည်တွင်းပြည်ပမှ အကဝင်ပညာနှင့် အရင်းအနှီးများ ပိတ်ဆေးကြံ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေး အစစ်ရပ်လုံးဆိုင် ဈေးသိန်နိုင်မှု နွမ်းပါးသည့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်သွင်းချိန်များ။

လူမှုရေး ဦးတည်ချက် (၃) ချက်

- ကစ်မျိုးသားလုံးစ၏ ခိုပ်စေထိနှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဘုတ်၊ ဘာသာကိုးကွယ်မှုရေးနှင့် ယဉ်ကျေးမှုရေး အဖွေးအနှစ်များ၊ အမျိုးသားဝတ်စုံ ဝတ်ဆင်ရေးများ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းပြုစုပြုပြင်ရေး။
- စစ်မှန်သောဒီမိုကရေစီစံနစ်ကိုလိုလားသည့် ခြည်ခေါင်းဆင်းစီးပါးတော် ရွှေသမ္မတမြတ်ကြီးရေး။
- တစ်မျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး။

မင်းပုည

သူ့ရဲ့ကောင်းတို့၏ အမြင့်မြတ်ဆုံး ဂုဏ်သတ္တိ

အောင်ဆန်းသူရိယဘွဲ့ ရဟုဂ္ဂိုလ်(၆)ဦး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မင်းပုည

သူရဲကောင်းတို့ ၏
အမြင့်မြတ်ဆုံးဂုဏ်သတ္တိ

ဆုတ်ဝေသူ - ဦးကျော်ဆန်း(ရဲအောင်စာပေ)
(၂)၊ ဆွန်း(၁)လမ်း
မဂ်လာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - "ကျော်လှ" ပုံနှိပ်တိုက်
အမှတ် - ၂၁၇၊ ၃၂လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၄(မတ်လ)
အုပ်ရေ (၅၀၀)
တန်ဖိုး ၄၅၀၀ ကျပ်

BURMESE CLASSIC .com



သူရသတ္တိဆိုင်ရာ ဘွဲ့များကွင် အမြင့်ဆုံးဖြစ်သော
အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်

မင်းပုည
သူရဲကောင်းတို့ ၏
အမြင့်မြတ်ဆုံးဂုဏ်သတ္တိ
မင်းပုည (ရဲအောင်စာပေ)
စာမျက်နှာ - ၄၈၀ (စာ) ၂၆စင်တီ + ၂၁စင်တီ
မင်းပုည
သူရဲကောင်းတို့ ၏
အမြင့်မြတ်ဆုံးဂုဏ်သတ္တိ

www.burmeseclassic.com

www.burmeseclassic.com

ကြည်း/၅၁၈၀ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
အမှတ်(၂၁)ပြည်ထောင်စုစစ်ရဲတပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com

ကြည်း/၇၂၈၈ ဗိုလ်အောင်ဆန်းသူရိယတိုက်ချန်း (ခေါ်)တိုင်ကောင်း
အမှတ်(၄)ဗမာ့သေနတ်ကိုင်တပ်ရင်း

ကိုယ်ပိုင်အမှတ် ၈၈၆၅၅ တပ်သား အောင်ဆန်းသူရိယလှသောင်း
အမှတ်(၃)ဗမာ့သေနတ်ကိုင်တပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်အမှတ် ၀၁၉၁၄ တပ်သား:အောင်ဆန်းသူရိယ
စွတ်(က်)ဗဟာန္ဓုရိုင်း၊ အမှတ်(၄)ခြေလျင်တပ်ရင်း

ကိုယ်ပိုင်အမှတ် ၀၀၆၀၃ တပ်သား:အောင်ဆန်းသူရိယ စောမြင့်
အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



အရပ်သားအောင်ဆန်းသူရိယစောဘရီ

Ⓚ

ခိုင်ဇင်စိုး စာပေ

အမှတ် (၂၁၅)၊ ၃၂ လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၈၅၅၁၁၀

www.burmeseclassic.com

www.burmeseclassic.com

နဂါးနိုင်စစ်ဆင်ရေး (၁၉၅၃)

ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)

www.burmeseclassic.com

www.burmeseclassic.com

ရန်ကြီးအောင်စစ်ဆင်ရေး (၁၉၅၅)

လစ်ဘရေတာစစ်ဆင်ရေးတွင်ကွန်မြူနစ်များထံမှသိမ်းဆည်းရမိသည့်
သံချပ်ကာကား (၃၀-၁၀-၅၁မှ၁၂-၁-၅၂)

မင်းရန်အောင်စစ်ဆင်ရေး (၁-၅-၅၇မှ၃၁-၅-၅၈)

ရန်ရှင်းစစ်ဆင်ရေးတွင် အလံဖြူကွန်မြူနစ်ပါတီဌာနချုပ်ကို တိုက်ခိုက်
ရန် အမှတ်(၁)ဗမာ့သေနတ်ကိုင်တပ်ရင်းမှ ရဲအော်များချီတက်စဉ်
(၁၉၅၂ ခုနှစ်၊ မေလ)

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်(လေ)မှ ဆီးဖါးယား (Sea Fire) တိုက်လေယာဉ်များ

ဘဘစစ်ဆင်ရေး၊ တောင်ပိုင်းနယ်မြေဌာနချုပ် တွင် ပါဝင်ခဲ့သူများ

ဗမာ့တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ခေါင်းဆောင်သော စစ်မစ်ရှင်အဖွဲ့. အမေရိကန်နိုင်ငံသို့ လေ့လာရေးရောက်ရှိစဉ်

ကူမင်တန်တရုတ်ဖြူကျူးကျော်သူများကို တပ်မတော်မှ ချေမှုန်း တိုက်ခိုက်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်(လေ)တွင်အမောင်းသင်လေယာဉ်များဖြင့် လေ့ကျင့်ပျံသန်းနေစဉ်



တိုက်ဂါးမောက်သ်(Tiger Moth)လေယာဉ်နှင့်လေသူရဲများ

မာတိကာ

၁။ နိဒါန်း

၂။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို

၃။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ခွန်း

၄။ တပ်သားအောင်ဆန်းသူရိယလှသောင်း

၅။ တပ်သားအောင်ဆန်းသူရိယစွတ်(က်)ဗဟာဒူးရိုင်း

၆။ တပ်သားအောင်ဆန်းသူရိယစောမြင့်

၇။ တပ်သားအောင်ဆန်းသူရိယစောဘရီ

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်း

အောင်ဆန်းသူရိယဆုတံဆိပ် ရရှိသူများအကြောင်း စာအုပ်အဖြစ် ထုတ်ဝေရင်ကောင်းမည်ဟု တိုင်ပင်ဆွေးနွေးကြစဉ်က ... "ကောင်းတာပေါ့" ဟု အလွယ်တကူ ပြောခဲ့မိသည်။ တကယ်တမ်း စာအုပ်အဖြစ် ရေးသားချိန်တွင် အလွန်ခက်ခဲနေသည်။ မြန်မာပြည်သားတစ်ယောက်အနေဖြင့် ဘယ်နယောက်ဆိုတာ သိထားပေမယ့် လက်တွေ့ကြတော့ လွယ်ကူခြင်းမရှိ။

အောင်ဆန်းသူရိယဆုတံဆိပ် ရရှိသူတို့၏ လုပ်ဆောင်ချက်၊ ဖြတ်သန်းမှု၊ အားထားမှု၊ ကြိုးစားမှုတွေကအစ ရေးသားရန် လိုအပ်လာသည်။ ဆွေးနွေးပြီးသားကို အကောင်အထည်ဖော်ရတာထက် ရင်းအကြောင်းအရာများသည် မြန်မာနိုင်ငံနှင့် ပတ်သက်နေ၍ ရှိခဲ့သည့်စာအုပ်ဟု တွေးနေမိသည်။ မြန်မာပြည်ကွင် နေထိုင်သူများအနေဖြင့် ၎င်းစာအုပ်ပါ သူရဲကောင်းခြောက်ဦး၏ အကြောင်းကို တော့ သိသင့်သိထိုက်သည်ဟု ထင်မှတ်နေသည်။

ယခုတော့ ဆုတံဆိပ်ရရှိသူများ၏ စွမ်းဆောင်ချက်တွေ နောက်ဆောင်းရရှိခဲ့ပြီမို့ စာအုပ်အဖြစ် ရေးသားရန်လည်း အဆင်ပြေသွားသည်။ သို့သော် အောင်ဆန်းသူရိယဆုတံဆိပ် ရရှိသူများ၏ ရေးခြားသည့် တိုက်ဆိုင်မှုများကို တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥပမာ ... အောင်ဆန်းသူရိယလှသောင်းသည် ၁၂၉၀ ပြည့်နှစ် တပို့တွဲလဆန်း (၁၄)ရက်တွင်မွေးဖွားသည်။ အလားတူ အောင်ဆန်း သူရိယစောမြင့်သည် ၁၂၉၁ ခုနှစ် တပို့တွဲလဆန်း(၁၄)ရက် တွင် မွေးဖွားခဲ့သည်။

အလားတူ အောင်ဆန်းသူရိယဘွဲ့ ယူကြသည့်အခါ ဆု ကြေညာချက်များသည် တစ်နှစ်သာခြားသည်ကို တွေ့ရှိရသည်။ ပို၍ ထူးခြားသည်က အောင်ဆန်းသူရိလှသောင်း အမည်တူနေခြင်း သာဖြစ်သည်။ တချို့က ကွဲကွဲပြားပြား မသိကြဘဲ အငြင်းပွားနေ ကြသည်။ အခွင့်သာ၍ အနည်းငယ် ရှင်းပြချင်ပါသည်။

မင်္ဂလာဒုံရှိ လှသောင်းကျောင်းသည် သေနတ်ကိုင်တပ်ရင်း(၃) မှ ရဲဘော်လှသောင်းကို အမှတ်တရအားဖြင့် ဖွင့်လှစ်ခဲ့သည်ဟု ပါရှိသည်မှာ ဟုတ်ပါသလား။ ၎င်းအထင်မှာ အင်းစိန်တိုက်ပွဲတွင် ကျဆုံးသွားသည့် သေနတ်ကိုင်တပ်ရင်း(၅)မှ ဗိုလ်မှူးလှသောင်း (ဂျပန်ပြန်)ဟု ထင်နေကြောင်း ပြောကြားလာသည်။

အလားတူ အောင်ဆန်းသူရိယဘွဲ့ရသည်မှာ သေနတ်ကိုင် တပ်ရင်း(၅)မှ ဗိုလ်မှူးလှသောင်း၊ သေနတ်ကိုင်တပ်ရင်း(၃)မှ ရဲဘော်လှသောင်းလော မသဲမကွဲ ဆိုလာပြန်သည်။ သေနတ်ကိုင် တပ်ရင်း(၅)မှ ဗိုလ်မှူးလှသောင်း(ဂျပန်ပြန်)သည် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မင်းဓမ္မတောင်ကုန်းဘက်တွင် ကျဆုံးသွားခဲ့ရသည်။ ၎င်းကို သနက(၅)မှ အမှတ်တရကျောက်တိုင် စိုက်ထူထားရှိသည်။ ဗိုလ်မှူးလှသောင်း ရရှိခဲ့သည့်ဘွဲ့မှာ "သူရ" ဘွဲ့ ဖြစ်သည်။

သေနတ်ကိုင်တပ်ရင်း(၃)မှ ရဲဘော်လှသောင်းမှာ ရန်ကုန်– မန္တလေးလမ်း ဖောင်တောသီနှင့် ဒိုက်ဦးကြားရှိ "ရွှမ်းစု" ဆိုသည့် ရွာတွင် အင်အားကြီးမားသည့် ကေအင်ဒီအိုများက နောက်ပိုင်း တပ်ရင်းကွပ်ကဲမှုဌာနချုပ်ကို ညပိုင်းတွင် ဝင်စီး၍ အနီးကပ်တိုက်ပွဲ ပြုလုပ်သည့်အခါ မိမိတပ်မှူးနှင့်တကွ ကျန်ရဲဘော်များလွတ်မြောက်

ရေးအတွက် ဘရင်းဂန်းတစ်လက်နှင့် သေသည်အထိ ခုခံတိုက်ခိုက် ကာကွယ်သွား၍ အောင်ဆန်းသူရိယဘွဲ့တံဆိပ်ချီးမြှင့်ခံရသည်။

မင်္ဂလာဒုံရှိ လှသောင်းကျောင်းမှာလည်း အောင်ဆန်းသူရိယ ဘွဲ့ရ ရဲဘော်လှသောင်းကို ဂုဏ်ပြုသောအားဖြင့် အမှတ်တရတည် ထောင်ထားခြင်း ဖြစ်လေသည်။ ထိုကျောင်း၏အမည်အပြည့်အစုံ မှာ "အောင်ဆန်းသူရိယလှသောင်းကျောင်း" ဟူ၍ ဖြစ်သည်။ "လှသောင်းကျောင်း" ဆိုသည်မှာ လွယ်လွယ်ခေါ်ခြင်းသာ ဖြစ်လေ သည်။ ဖော်ပြပါ အကြောင်းအရာသည် ကွဲလွဲချက်များကို တင်ပြ ခြင်း ဖြစ်လေသည်။

အခြားအကြောင်းအရာများကို တင်ပြချင်တာ ရှိပေမယ့် နောက်ပိုင်းအကြောင်းအရာများအတွက် အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်၍ ဤနိဒါန်းလေးကို နိဂုံးချုပ်လိုက်ချင်ပါသည်။ စာရှုသူများ ကို အစဉ်လေးစားလျက် ရှိပါသည်။

မင်းပုည

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို

(၁)

ဗိ၉ ...။

အထက်ပါစကားလုံးသည် အကြောင်းမဲ့ပြောဆိုသတ်မှတ်ခဲ့ခြင်းမဟုတ်၊ အလွန်အဓိပ္ပာယ်ရှိသည်။ သက်ရှိသတ္တဝါများကို လေ့လာကြသည့် ပညာရှင်များက မျိုးဗီဇဟု သတ်မှတ်ခေါ်ကြပြီး သုတေသနပြု လေ့လာကြသည်။

ထိုအထဲမှာ အောင်ဆန်းသူရိယ ဗိုလ်မှူးအေးချို အတွက်တော့ ထူးထူးဆန်းဆန်း လေ့လာစရာမလို။ ကလေးဘဝထဲက ဗီဇကို ဖော်ပြလေသည်။

မောင်အေးချိုသည် ကလေးဘဝတည်းက စစ်တိုက်တမ်းကစားတတ်လေသည်။ ရွယ်တူကလေးများနှင့် ဆော့ကစားသည့်အခါ ၎င်းကဦးအောင် သေနတ်ကိုင်ပြီး အခြားကလေးများကို ပစ်လေ့ရှိသည်။ အေးချိုသည် သေနတ်ကိုင်ပြီး စစ်တိုက်ရမည်ဆိုလျှင် ထမင်းဟင်း စားရမှာကို အလွန်မေ့နေတတ်သည်။ သေနတ်ကိုင်ပြီး အမိန့်ပေးရမည်ဆိုလျှင် မောင်အေးချို၏ အသံသည် အလွန်ပင်အောင်သည်။ ရုတ်တရက် နားထောင်ရလျှင် တကယ့်အရာရှိကြီးတစ်ယောက်က အမိန့်ပေးနေသလို ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချို လုပ်လိုက်လို့ အခြားတစ်ယောက်က ဒဏ်ရာ အနည်းငယ်ရသွားလျှင် အပြစ်ပြောမရအောင် ပိုင်နိုင်စွာ ကိုင်တွယ် ဖြေရှင်းတတ်သည်။ မောင်အေးချိုကို အနိုင်ယူပြီး ပြောဆိုနိုင်သူ အလွန်အမင်း ရှားပါးသည်။ ထို့အတူ မောင်အေးချိုက သူငယ်ချင်း များနှင့် ကစားသည့်အခါ သူက စစ်ဗိုလ်အမြဲလုပ်လေ့ရှိသည်။ သူကြီးလာရင် စစ်ဗိုလ်လုပ်မယ်၊ အခုလည်းစစ်ဗိုလ်၊ နောက်လည်း စစ်ဗိုလ်ဟု ပြောလေ့ရှိသည်။

ထို့အတွက်ကြောင့် အေးချို၏ မျိုးရိုးကို တင်ပြချင်ပါသည်။ တွံတေးမြို့၊ ကွမ်းခြံကုန်းပိုင်းနေ ဦးတင်၊ ဒေါ်စိန်ရှင်တို့မှ ၁၂၇၉ ခုနှစ် တစ်ပေါင်းလဆန်း(၁၃)ရက် (၁၉၁၈–ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်)သောကြာနေ့တွင် မွေးပေမယ့် ၎င်းကို နာမည်ပေးသည့် အခါ နေ့သင့်နဲ့သင့်မဟုတ်။ တနင်္ဂနွေနေ့ဖြင့် အေးချိုဟု နာမည် တွင်ခဲ့သည်။ ဦးတင် – ဒေါ်စိန်ရှင်တို့မှာ စုစုပေါင်း သား သမီး (၁၀)ယောက် မွေးဖွားခဲ့သည်။ ထိုအထဲမှာ မောင်အေးချိုက နံပါတ် (၂)ဖြစ်သည်။

၎င်းအထက်မှာ အစ်ကိုကြီး ကိုခင်မောင် တစ်ယောက်ရှိ သည်။ သူ့အောက်မှာတော့ ညီတွေ၊ ညီမတွေ အများအပြားရှိ သည်။ ဒေါ်စောရှင် မွေးသမျှကို စာရင်းချလိုက်လျှင် အောက်ပါ အတိုင်းဖြစ်သည်။ ကိုခင်မောင်၊ မောင်အေးချို၊ မစောန၊ မမြန၊ မောင်အုန်းခင်၊ မောင်လှမောင်၊ မောင်လှကြည်၊ မောင်လှစိန်၊ မစန်းရီ၊ မောင်စိုးလွိုင်တို့ဖြစ်သည်။

ဒေါ်စိန်ရှင်က ဤမျှလောက်များသည့် သားသမီးတွေ တစ် လေ့ကြီး မွေးထားသည်ဆိုတော့ မောင်အေးချိုတို့အိမ်တွင် ဆူဆူ ညံညံ စည်စည်ကားကား ရှိနေသည်။

သားသမီးတွေ များနေသည့်အတွက် စားဝတ်နေရေးကျပ် တည်းလိုက်မည်ဟု မထင်ကြနှင့်။ ဖခင်ဦးတင်မှာ မြေစာရင်းအင်စ ပက်တော်ဖြစ်နေ၍ အဆင်ပြေသည်။ အင်္ဂလိပ်ခေတ်က မြေစာရင်း

အင်စပက်တော်ဆိုတာ အရာရှိငယ်တစ်ဦးလိုနေရသည်။ လခလည်း ရသည်။ လခအပြင် စေတနာပေး၊ သဒ္ဓါကြေးတွေလည်းရသည်။ တောင်သူလယ်သမားဦးကြီးတွေ ဆိုတာက မြေစာရင်းအင်စပက် တော်နှင့် ကင်းနိုင်သူ မရှိကြ။ အဲဒီလို မကင်းနိုင်လေ သူတို့ဆီက ငွေကြေးကို ဖယ်ထားဦး၊ စပါးသီးနှံမှအစ၊ ဥယျာဉ်ခြံမြေထွက်ကုန် ပစ္စည်းတွေ လက်ဆောင်ရသည်။ မောင်အေးချိုတို့ လူလားမြောက်စ အချိန်ကာလ။ ၁၉၂၅–ခုနှစ်တုန်းက မြန်မာပြည်တစ်ဝှမ်းတွင် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာကျောင်းတွေ ခေတ်စားနေသည်။

ဖြို့တကာနယ်အဝှမ်းမှာ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် ကျောင်းတွေရှိသည်။ အင်္ဂလိပ်ဘာသာသီးသန့် ဦးစားပေးသင်သည့် အင်္ဂလိပ်မက်သဒစ်ကျောင်းတွေလည်းရှိသည်။ ၁၈၈၅–ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝှမ်းကို ဗြိတိသျှနယ်ချဲ့အစိုးရက သိမ်းယူခဲ့သည်။ ၁၉၂၅–ခုနှစ်သို့ရောက်သည့်အခါ မြန်မာပြည်တစ်ပြည်လုံး သူ့ကျွန် ဖြစ်ခဲ့ရသည်မှာ နှစ်(၄၀)တိတိ ရှိခဲ့သည်။ ထိုအချိန်မှာ အင်္ဂလိပ် အစိုးရသည် မိမိ၏ ဗျူရိုကရက်အုပ်ချုပ်ရေးစက်ယန္တရားကို ခိုင်ခိုင် မာမာ တည်ဆောက်ပြီးနေပြီ။ ၎င်းအတွက် ဘယ်မှာမဆို အင်္ဂလိပ် ဘာသာစကား အရာဝင်လေသည်။

အင်္ဂလိပ်စာတတ်မှ အင်္ဂလိပ်စကားပြောနိုင်မှ လူအထင်ကြီး သည့်ခေတ် ဖြစ်နေသည်။ မောင်အေးချိုတို့အဖေ မြေစာရင်းအင်စ ပက်တော် ဦးတင်သည် ခေတ်ကို "ငုံ"မိသည့် ရှေ့လူကြီးဖြစ်သည်။ မိမိကိုယ်တိုင်က ဗြိတိသျှအမှုထမ်းဖြစ်သလို သူ့ခေတ်မှာ သူ့စာကို တတ်ကျွမ်းမှုဖြစ်သည်။ အဖေက မြေစာရင်းအင်စပက်တော်လောက် ဖြစ်လျှင် သားတွေ သမီးတွေကျတော့ အစိုးရအရာရှိအရာခံဖြစ်ရ လိမ့်မည်။

အစိုးရအရာရှိဖြစ်ဖို့ အင်္ဂလိပ်စာကို သင်မှဖြစ်မည်။ တတ်မှ ဖြစ်မည်။ ကျွမ်းမှဖြစ်မည်။ ထိုရည်ရွယ်ချက်ဖြင့် ဦးတင်က မောင် အေးချိုတို့ ညီအစ်ကိုမောင်နှမတတွေကို တွံတေးမြို့အင်္ဂလိပ်–

www.burmeseclassic.com

www.burmeseclassic.com

သင် မက်သဒစ်ကျောင်းကို အပ်သည်။ အလားတူ မောင်အေးချို့ အသက်(၆)နှစ်အရွယ်တွင် တွဲတေးမြို့ အင်္ဂလိပ်မက်သဒစ်ကျောင်းကိုအပ်သည်။ အစ်ကိုကြီးဖြစ်သူ ကိုခင်မောင်သည် အလွန်စာကြိုးစားသည်။

ကျောင်းကပေးလိုက်သည့်စာကို တစ်နေ့စာ တစ်နေ့အရကျက်သည်။ အိမ်စာတွေကို အကြွေးမရှိအောင် ကိုခင်မောင်အားထုတ်သည်။ ဂဏန်းသင်္ချာတွေကို ညအချိန်မှာတွက်၍ မပြီးမချင်း မအိပ်။ မောင်အေးချို့ကတော့ အစ်ကိုဖြစ်သူ ကိုခင်မောင်နှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ တစ်နေ့စာတစ်နေ့ အရကျက်တာကို သူက အလွန်ပျင်းနေသည်။ ဂဏန်းသင်္ချာပုစ္ဆာတွေ တစ်ညတည်းနှင့် အပြီးတွက်ရတာကို သူ အလွန်စိတ်ညစ်သည်။

မောင်အေးချို့ နေချင်တာက လွတ်လပ်သည့်ဘဝ၊ အနောင်အတဲမရှိသည့်ဘဝ၊ ဒီစာတွေ ဒီအချိန် အပြီးကျက်ရမည်ဆိုတာ အေးချို့ မကြိုက်။ ကျောင်းက ပြန်လာသည့်အချိန်မှာ အားကစားကွင်းထဲ၌ အချိန်ပြည့် နေတတ်သည်။ ပြေးမည်၊ ခုန်မည်၊ ပစ်မည်၊ ကန်မည်။ အားကစားလုပ်ငန်းတွေမှာ သူ့ကိုယ်ပိုင်အချိန်ကို အသုံးချသည်။ သူငယ်ချင်းတွေနှင့် ကစားခုန်စား နေရသည့်အချိန်ကို အလွန်မက်မောသည်။ ထိုအတွက်ကြောင့် အစ်ကိုခင်မောင်နှင့် မောင်အေးချို့တို့ တကျက်ကျက် ဖြစ်ရသည်။ အစ်ကိုခင်မောင်က မကြာခဏ ဆူဆူပူပူ လုပ်သည်။ မှတ်မှတ်ရရဆိုလျှင် မောင်အေးချို့ သတ္တမတန်းတက်သည့်နှစ်က ဆိုကြပါစို့။

"စာတော့မကျက်ဘူး၊ ဂဏန်းတော့မတွက်ဘူး၊ အားအားရိုတိုင်း ကစားကွင်းထဲမှာချည်းပဲ၊ မင်းတော့ စာမေးပွဲကြီးကျရင် ဒုက္ခတွေ့မယ် ကြည့်နေ"

အစ်ကိုဖြစ်သူက ထိုသို့ဆိုလျှင် မောင်အေးချို့ ငြိမ်နေတတ်သည်။ သူ့ဝသီအရ ဘယ်သူ့ကိုမှ အတိုက်အခံ ပြန်မပြောတတ်၊ ကွယ်ရာတွင် လုပ်ချင်တာလုပ်တတ်သည်။ ခုပဲကြည့် မောင်အေးချို့

စာမကျက်လို့ အစ်ကိုခင်မောင်က ဆူနေသည်။ မောင်အေးချို့က အစ်ကိုဆူတာ အေးအေးကလေး ငုံ့ခံနေသည်။ မောင်အေးချို့ ငြိမ်နေသည်မှာ အကြောင်းရှိသည်။ စာသင်ခန်းထဲတွင် ဆရာစာသင်တုန်းက ဆရာသင်သမျှကို သူ စိတ်ဖြင့်မှတ်ပြီးပြီ။ ရေး၍လည်း မှတ်ပြီးပြီ။

ဆရာသင်တာကို နားထောင်ခဲ့ရုံဖြင့် သူ့မှာ လုံလောက်နေပြီ။ ညအချိန်မှာ ကြက်တူရွေးစာအံသင်လို ပြန်ပြီးသင်အံနေဖို့အကြောင်းမရှိ။ မောင်အေးချို့ကလည်း မိမိဦးနှောက်ကို ဒုက္ခပေးဖို့ဆန္ဒမရှိ။ ဘယ်လိုပင်ဖြစ်စေ အစ်ကို ဘယ်လိုဆူဆူ၊ ဘယ်လိုကြိမ်းကြိမ်း မောင်အေးချို့ကတော့ သူ့မှု သူ့ဟန်အတိုင်း နေမြဲ။ ဒါပေမဲ့ စာမေးပွဲကြီးမှာတော့ အေးချို့နှင့် ပတ်သက်၍ ကောင်းကောင်းကြီး နားလည်သွားကြသည်။ မောင်အေးချို့သည် စာမေးပွဲနီးတော့ စာအုပ်တွေကို ဖုန်ခါသည်။ ညပိုင်း အချိန်မှန်မှန် စာကျက်ပြီး ဂဏန်းသင်္ချာတွေ ပြန်တွက်သည်။ ကျက်မှတ်ထားခဲ့သည့် စာတွေကို ပြန်ဆွေးသည်။ စာမေးပွဲကို ကောင်းစွာအောင်သည်။ အောင်သမှ သူများနောက်က ဓားမနောက်ပိတ်ခွေးဘဝဖြင့် အောင်သည်မဟုတ်၊ အမှတ်ပြည့် အောင်မြင်ခဲ့သည်။

ထိုအချိန်ကမှ မောင်အေးချို့ကို ဉာဏ်သွက်ပြီး ပင်ကိုအရည်အသွေးကို ကောင်းကောင်းကြီး သဘောပေါက်သွားသည်။ သည်မောင်အေးချို့ဆိုသည့်သူကလည်း အတန်းထဲမှာ စာသင်တုန်း ဟသေချာချာ မှတ်သားခဲ့သည်။ ထို့ကြောင့် စာကျက်ရန် အထူးမှတ်မလို။ ဉာဏ်ကလည်းထက်တော့ စာမေးပွဲ အောင်ခဲ့သည်ဟု မှတ်ချက်စကား ပြောခဲ့သည်။ ချီးကျူးထောပနာ ပြုကြသည်။ ရင်းအတွက်ကြောင့် မောင်အေးချို့တစ်ယောက် လူလိမ္မာဖြစ်သလို လူချွန်လူကောင်းကလေးအဖြစ် အသိအမှတ်ပြုကြသည်။ မောင်အေးချို့ ကျောင်းတက်ချိန်တွင် အားကစားကို အလွန်ဝါသနာပါသည်။ အဓိကမှာ "ပြေး–ခုန်–ပစ်"ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချို့သည် အလွန်ယောကျ်ားပီသသည်။ ထိုခေတ်တုန်းက မိန်းမလျာပုံစံကို အလွန်မုန်းသည်။ ပေါင်ဒါအဖွေးသား၊ သနပ်ခါးရောကဲ့ လူးလာသည့် သူငယ်ချင်းတွေကို အလွန်ပင်အမြင်ကတ်သည်။ ၎င်းဝါဒက ယောကျ်ားဆို ကျားကျားလျားလျားရှိမှ၊ သန်မာမှ၊ ခက်ထန်မှ။ ၎င်းကိုယ်တိုင်က အရပ်အနည်းငယ်ပုသည်။ သို့သော် သူ စိတ်မပျက်။ သူ့အဖို့ အရပ်ပုနေ၍ ဘာမှမထိခိုက်။ အရပ်ပုပေမယ့် အပြေးမြန်သည်။ ညနေတိုင်း ကျန်းမာရေးလှုပ်ရှားကစားမှုဖြင့် အချိန်ကုန်နေတတ်သည်။

မောင်အေးချိုသည် အလွန်ပင် အဆော့သန်သည်ဟု ဆိုရမည်။ ဆော့ပုံကစားပုံမှာ သူ့ညီအစ်ကိုမောင်နှမတွေပင် ၎င်းကိုနှစ်ထပ်ဆလဲပေးရလောက်အောင်လွန်ကဲသည်။ အိမ်မှာနေစဉ် မောင်အေးချိုကြောက်သည်မှာ သူ့အဖေဦးတင် တစ်ယောက်တည်းသာရှိသည်။ ဦးတင်ကိုတော့ မောင်အေးချို အလွန်ကြောက်သည်။ အိမ်မှာအဖေရှိနေသလား သိချင်လျှင် မောင်အေးချိုကိုသာကြည့်။ ဖခင်ရှိလျှင် မောင်အေးချို ငြိမ်နေမည်။ ဘာလုပ်နေမလဲ စာအုပ်ဖတ်နေမည်။ သို့မဟုတ် တစ်နေရာမှာထိုင်ပြီး တွေးနေသည်။ ငေးနေသည်။ ထိုအချိန်မှာ အေးချို လှုပ်လှုပ်ရှားရှား လုပ်နေမည်မဟုတ်၊ လိမ္မာသည့်ကလေးလို နေတတ်သည်။

ဖခင်ဦးတင် မရှိဘူးလား၊ ရုံးသွားလား၊ ဘယ်သွားလဲ၊ ဒီလိုဆိုရင် မောင်အေးချိုကို ထိန်းမရတော့။ မောင်အေးချို ညီအစ်ကိုမောင်နှမတွေကို နောက်ပြောင်ချင် ပြောင်မည်။ သီချင်းဆိုပြီး က,ချင်ကနေမည်။ ဒါမှမဟုတ် ခွေးတွေ လိုက်ရိုက်၊ ကြောင်တွေနှုတ်ခမ်းမွေးနုတ်ပြီး အလုပ်ရှုပ်နေတတ်သည်။ တစ်ခါတစ်ရံ ခွေးတွေ ကြောင်တွေနှင့် လုံးလားထွေးလားဖြစ်နေသည်။ မောင်အေးချိုကိုကြည့်ပြီး မောင်နှမတွေ တဝါးဝါး တဟားဟား ရယ်နေကြလေသည်။

(၂)

မောင်အေးချို အသက်(၁၄)နှစ်အရွယ်မှာ ရှင်ပြုသည်။

အချိန်က နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည်။ ကျောင်းပိတ်ရက်မှာ မောင်အေးချိုနှင့် အစ်ကိုကြီးကိုခင်မောင်။ ညီငယ်မောင်အုန်းခင်တို့ သုံးယောက် ရှင်ပြုပေးခြင်းဖြစ်သည်။ မောင်အေးချို၏ မိဘများသည် လယ်ပိုင်မြေရှင်များမို့ စီးပွားရေးမချို့တဲ့။ ထို့အပြင် မောင်အေးချို၏ အဘွားဖြစ်သူ ကိုယ်တိုင်က မိဘစဉ်ဆက်ချမ်းသာကြွယ်ဝနေသည်မို့ အလှူပွဲအတွက် ငွေကြေးပူပန်စရာမလို။ သူတို့ ရှင်ပြုအလှူမှာ တောမိတ်မြို့မိတ်များနှင့် စည်ကားနေသည်။

မောင်အေးချိုကို ရှင်ပြုစဉ်မှာ ညီငယ်မောင်အုန်းခင်မှာငယ်သေးသည်။ သက်နှံကိုပင် ကောင်းစွာမနိုင်သေး။ သို့သော် ၎င်းကလည်း အစ်ကိုတွေကို အားကျမခံ ရှင်ပြုချင်သည်ဟု ဇွတ်အတွင်းပူဆာနေသည်။

မောင်အုန်းခင်ကို ခေါင်းရိတ် ပိတ်ဖြူဝတ်ပေးပြီး ဖိုးသူတော်လုပ်ပေးကြရသည်။ ၎င်းတို့ညီအစ်ကိုတွေ ရှင်ပြုကြသည့်ကျောင်းမှာ တို့တေးမြို့ ဘုရားလမ်းက စကြိုကျောင်း ဖြစ်သည်။ စကြိုကျောင်းဆရာတော် ဦးခေမိန္ဒမှာ နာမည်ကျော် ဆရာတော်တစ်ပါးဖြစ်သည်။ အုန်းတော်ကြီးကျောင်းက "ရွှေကျင်ကျောင်း"ဆိုတော့ ရွှေကျင်ဒိနည်းတော်ထုံးစံအတိုင်း စည်းကမ်းဥပဒေကြီးသည်။ အနေအထိုင် တင်းကျပ်သည်။ ထို့အတူ သက်သတ်လွတ်ဝါဒီကျောင်းလည်းဖြစ်သဖို့ သားငါးလုံးဝမစားရ၊ ဟင်းသီးဟင်းရွက်ဖြင့်သာ ဆွမ်းကိစ္စ ပြီးစီးရသည်။

စည်းကမ်းကြီးသည့် ရွှေကျင်ကျောင်းနှင့် ပျော်ပျော်နေတတ်သည့် မောင်အေးချို တွေ့ကြတော့သည်။ တကယ်တော့ မောင်အေးချိုသည် လူနောက်၊ လူပြက်၊ လူရွှင်တော် မဟုတ်။ ခင်မှသည့် သူငယ်ချင်းမိတ်ဆွေဆိုလျှင် ဘယ်သူ့ကိုမှ သူက ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com

မပေးတတ်။ နောက်လိုက်ရမှ၊ ပြောင်လိုက်ရမှ၊ ကျိစယ်လိုက်ရမှ ကျေနပ်ပေသည်။

တစ်နေ့ ဆွမ်းစားပြီးကြပြီမို့ ကိုရင်သာဂရ(မောင်အေးချို၏ ကိုရင်ဘွဲ့)နှင့် တခြားကိုရင်တွေ ကျောင်းသားတွေ ကျောင်းအောက်ထပ်မှာ စာအံနေကြရသည်။

ကိုရင်တွေ၊ ကျောင်းသားတွေ၊ စုစုဝေးဝေး စာအံသံစီစီညံနေသည်။ သို့သော် စာအံသံတွေအထဲမှာ ကိုရင်သာဂရ၏ စာကျက်သံကို မကြားရ။ ဘယ်ကြားရပါ့မလဲ။ ကိုရင်သာဂရတစ်ပါး ကျောင်းတိုင်ကိုမှီကွယ်၍ ငိုက်နေသည်။ စာကျက်စာအံပြုရတာ ငှဲးတို့အတွက် ပျင်းစရာကောင်းနေသည်။ သို့သော် ခပ်လေးလေး ခပ်မှန်မှန် ထွက်လာသည့် ကျောင်းသားများ၏ စာအံသံများက ပျင်းရိနေသည့်အတွက် ကိုရင်သာဂရကို အိပ်မပျော်,ပျော်အောင် ချော့သိပ်နေသလို ဖြစ်နေသည်။

"ဖြန်း"

"မြတ်စွာဘုရား ... ကယ်တော်မူပါ"

ကိုရင်သာဂရ လန့်သွားရှာသည်။ အိပ်ငိုက်နေသည့်ကိုရင် ကြိမ်နှင့်အရိုက်ခံရခြင်းဖြစ်သည်။ ကြိမ်စာကျေးသူက ကျောင်းထိုင် ဆရာတော်ကိုယ်တိုင် ဖြစ်လေသည်။ ဆရာတော်သည် လက်ထဲမှ ကြိမ်လုံးဖြင့် ကိုရင်သာဂရကို တအားလွဲရိုက်ရင်း အိပ်ငိုက်နေသူကို နှိုးလိုက်ခြင်းဖြစ်သည်။ ထိုစဉ် ကျောင်းသားတွေ စာအံရပ်သွားသည်။

"ဟဲ့ ... ကိုရင်၊ စာမကျက်ဘဲ ဘာဖြစ်လို့ အိပ်နေတာလဲ"

"တပည်တော် စာကျက်ပြီးပါပြီဘုရား"

"ဟုတ်ရဲ့လား ကိုရင်ရဲ့၊ မောင်မင်းကို ပေးထားတဲ့စာတွေ ရရင် ဆိုစမ်းကွာ ... ဆိုစမ်း"

ကိုရင်သာဂရသည် မင်္ဂလာသုတ်ပါဠိအနက်ကို အချက်ကျကျ ဆိုပြသည်။ ကိုရင်၏ဟန်မှာ မာန်ပါလွန်းသည်။ အမှန်ဆိုရလျှင်

ကိုရင်သာဂရသည် ဉာဏ်သွက်သည်၊ ဉာဏ်ထက်သည်၊ ဉာဏ်မကောင်းသည်။ သူများက တစ်နာရီကျက်မှရသည့်စာကို သူက ဆယ့်ငါးမိနစ်ဖြင့် ရအောင်ကျက်နိုင်သည်။ မှတ်နိုင်သည်။

"တော်ပြီ ... တော်ပြီ၊ ကဲ ... စာဆက်အံကြ။ ကိုရင်ကလည်း စာရပြီဆိုပြီး ငိုက်မနေနဲ့"

ဆရာတော်သည် ပေးထားသည့်စာတွေ အကုန်အလွတ်ရနေသည့် ကိုရင်သာဂရကို မည်သို့မျှ ပြစ်ဒဏ်ပေးခြင်းမရှိ။ ဆရာတော်သည် ထိုသို့ပြောပြီး ထွက်သွားလေသည်။ ပြဿနာမှာ ဤမျှနှင့် ပြီးသွားလေတော့သည်။

(၃)

ကိုရင်ဘဝမှာ ပျော်ပျော်နေတတ်သည့် မောင်အေးချိုသည် လူဝတ်လဲပြီးတော့လည်း ပျော်ပျော်နေတတ်သည်။ အမှန်တော့ မောင်အေးချိုသည် အကအခုန်ကို ဝါသနာကြီးနေသည်။ မွေးလာသမျှ သားသမီးတွေထဲတွင် ဤကလေးမှာ "က" ချင် "ဆို" ချင်လာသည်။ တကယ် လက်ချိုးလို့ရေတွက်ကြည့်ရင် အဖေဘက်ဆွေ ခုနစ်ဆက်၊ အမေဘက် ဆွေခုနစ်ဆက် ဘာသမား၊ ဂီတသမား တစ်ဦးမျှမရှိ။ မောင်အေးချိုကြတော့မှ ထိုဝါသနာပါရတာလည်း စဉ်းစားရခက်နေသည်။

မောင်အေးချိုသည် ဆိုင်းသံကြားလျှင် လူပ်လူပ်ရွရွဖြစ်နေတတ်သည်။ ဝါသနာကို ဘားဆိုးကန့်ကွက်လို့ မရအောင်ဖြစ်နေသည်။ ထို့အတူ မောင်အေးချိုသည် ဖခင်ဦးတင် ရှေ့မှာ မက,မိ အောင်၊ မဆိုမိအောင် သတိထားသည်။ အိမ်ထဲမှာ၊ ဝင်းထဲမှာ၊ နောက်ဖေးက ငှက်ပျောတောအထဲမှာ မောင်အေးချိုတစ်ယောက် ဆိုင်းပေါ်ပြီး က,နေတတ်သည်။ ထိုအချိန်ကျင် အိမ်ရှေ့မှ ဦးဘင်၏ အသံကိုကြားလျှင် မောင်အေးချို မက,ဘဲ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်အေးချို က,ချင်စိတ်ပေါ်လာပြီဆိုလျှင် ဖခင်ဦးတင်ကို လိုက်ရှာသည်။ ဦးတင်ကိုမတွေ့လျှင် ပုဆိုးကလေးအသာခြုံပြီး ညီအစ်ကိုမောင်နှမတွေကို လှလှကြီး"ကပြ"အသုံးတော်ခံတော့သည်။ မောင်အေးချို ဖခင်ဦးတင်ကို မည်သည့်အတွက်ကြောင့် ကြောက်နေရတာလဲဆိုတာ သိချင်လာသည်။ ဦးတင်သည် အလွန်ဆိုးနေလို့လား။ မောင်အေးချိုကို အမြဲဆူပူကြိမ်းမောင်းနေလို့လား။ ဒါမှမဟုတ် ရိုက်နှက်ထိုးကြိတ်နေလို့လား။ အမှန်တော့ ဖခင်ဦးတင်သည် မောင်အေးချို အပါအဝင် သားသမီးအားလုံးကို စည်းကမ်းနှင့်ထိန်းသိမ်းတတ်သည်။

အနေအထိုင် အပြောအဆို အပြုအမူတွေကို ပိပိရိရိရှိအောင် မကြာခဏ ဆုံးမတတ်သည်။ ဖခင်သည် သားသမီးတွေကို သူငယ်ချင်းလို ရောရောနှောနှော ပေါင်းသင်းဆက်ဆံတတ်သည်မှာ မှန်သော်လည်း စည်းကမ်းနှင့်ပတ်သက်လျှင် ဦးတင်သည် ခေါင်းမာတတ်သည်။ အကျင့်စာရိတ္တနှင့်ပတ်သက်၍ ဦးတင်က တိကျသေချာသည်။ အနေအထိုင် အပြောအဆိုမှာ သူတစ်ပါး အမြင်ကတ်အောင် မနေရ၊ မထိုင်ရ။ ပတ်ဝန်းကျင်က မုန်းတီးရွံရှာမည့် အပြုအမူမျိုး မပြုရ၊ မလုပ်ရ။ သားသမီးမကောင်းလို့ မိဘခေါင်းကြိမ်းမည့်ကိစ္စမျိုး မပေါ်စေနှင့်။ မကြားရစေနှင့်ဟု မှာကြားတတ်လေသည်။

ထိုကဲ့သို့ ထိန်းကွပ်ကြပ်မတ်ပါလျက် တစ်ကြိမ်တွင် မောင်အေးချိုနှင့် ပတ်သက်၍ ပြဿနာလေး တစ်စွန်းတစ်စပေါ်လာလေသည်။ ဖြစ်စဉ်မှာ မောင်အေးချို ခုနစ်တန်းကျောင်းသားဘဝက ဖြစ်ရပ်လေးတစ်ခုပင်ဖြစ်သည်။ တွံတေးမြို့မှာ ဝါလကင်းလွတ်သတင်းကျွတ်မို့ အလှူအတန်းတွေ ပေါများလှသည်။ ဟိုအိမ်က သားရှင်ပြုသည်၊ ကျောင်းက ကထိန်ခင်းသည်။ ရပ်ကွက်ကဆွမ်းဆန်စိမ်းလောင်း စတာတွေကို ကျင်းပကြသည်။ ဈေးကုန်းရပ်ကွက်က အိမ်တစ်အိမ်မှာ ရှင်ပြုအလှူပွဲအတွက် ဒယ်အိုးကြီးနှစ်လုံးကို ဆေးကြောပြီး ထောင်ထားသည်။

နောက်တစ်နေ့နံနက်မှာ ဝက်သားဟင်းတွေ၊ ကြက်သားဟင်းတွေ၊ ချက်ဖို့ပြုတ်ဖို့၊ ကြော်ဖို့ လှော်ဖို့ အသင့်ပြင်ထားကြသည်။ ပြဿနာဖြစ်သည့် ညနေ,နေဝင်ရီတရောမှာ မောင်အေးချိုနှင့်သူငယ်ချင်းများတူတူပုန်းတမ်း ကစားကြသည်။ မဲချလိုက်တော့ ကံဆိုးသူက မောင်အေးချို ဖြစ်နေသည်။ သူက လိုက်ရှာရမည့်သူ၊ ကျန်သူတွေက ပုန်းကြပေရော။ ထိုညက မောင်အေးချိုသည် တခြားသူငယ်ချင်းများကို လိုက်ရှာရသည်။

မောင်အေးချို လိုက်ရှာသည်။ အားလုံးကို တွေ့ပေမယ့် လှထိန်ကိုသူကို ရှာမတွေ့။ ကြာတော့ မောင်အေးချို ဒေါသထွက်လာသည်။

ထိုအချိန်၌ အလှူအိမ်ရှေ့တွင် ထောင်ထားသည့်ဒယ်အိုးကြီးအနားသို့ မောင်အေးချို ရောက်သွားသည်။ မီးမလင်းတလင်းအောက်မှာ ဒယ်အိုးကြီး လူပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟေ့ ... လှထိန်၊ ထွက်ခဲ့ ... ထွက်ခဲ့"

ဟု အကြိမ်ကြိမ် ခေါ်ပေမယ့် ထွက်လာခြင်းမရှိ၍ မောင်အေးချို ဒေါသနှင့် အနီးရှိမြေကြီးခဲလုံးကြီးနှင့် တအားပစ်လိုက်လေသည်။ ထိုအချိန်တွင် ပြင်းထန်သည့် အသံကြီး ထွက်လာသည်။ အေးချို ပစ်လိုက်သည်မှာ မြေခဲမဟုတ်ဘဲ အုတ်ခဲကျိုးကြီးဖြစ်သွားသည်။

ကျယ်လောင်သည့်အသံကြောင့် အလှူအိမ်မှလူများ ပြေးထွက်လာကြသည်။ လက်သည်ကို မေးကြည့်ရာ မောင်အေးချို ဖြစ်နေသည်။

လှထိန် ကိုယ်ပေါ်သို့ ဒယ်အိုးကြီး ပြုတ်ကျသည်။ အရောင်အတိမ်းကောင်း၍ ဘာမှမဖြစ်ပေမယ့် ဒယ်အိုးကြီးမှာတော့ နူတ်ခမ်းဘက်မှာ ဟက်တက်ကြီးကွဲအက်သွားသည်။ ဒယ်အိုးကြီးအက်ကွဲသွား၍ အလှူရှင်သည် မခံမရပ်ဖြစ်ကာ မောင်အေးချိုအဖေ ဦးတင်အား လာရောက်တိုင်ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ပါဦးဗျာ ... ခင်ဗျားသား အေးချို ဆော့စရာရှားသလား ဒယ်အိုးကြီးကို အုတ်နီခဲနဲ့ပေါက်သတဲ့၊ ဘုန်းတော်ကြီးကျောင်းက ငှားလာတဲ့ ဒယ်အိုးတန်ဖိုး ဘယ်သူလျော်မှာလဲ"

ဦးတင်သည် လာရောက်တိုင်ကြားသူတွေကို ကျေရာကျေကြောင်း တောင်းပန်သည်။

ဒယ်အိုးတစ်လုံးဝယ်ပါဟု ငွေလျော် လိုက်လေသည်။

သားကိုလည်း သင့်တော်သလို ဆုံးမပါမည်ဟု အာမခံလိုက်လေသည်။

ဦးတင်သည် သားဖြစ်သူကို မည်သို့မည်ပုံ ဆုံးမမည်ကို သိချင်ကြသည်။

ဦးတင်သည် မောင်အေးချိုကိုခေါ်သည်။ အိမ်ရှေ့ဝင်းထဲရှိ တိုင်မှာ ကြိုးဖြင့်ချည်သည်။ ထို့နောက် ကြိမ်ဖြင့် အားရပါးရရိုက်သည်။ စိမ်ပြေနပြေ ရိုက်သည်။ မေး၍ မေး၍ ရိုက်လေသည်။ ကြိမ်ဒဏ်တွေက နာလွန်းသဖြင့် မောင်အေးချိုခမျာ မခံမရပ်နိုင်အောင် ဖြစ်နေသည်။ အသံထွက်ပြီး မငိုပေမယ့် မျက်ရည်တွေ ယိုစီးကျနေသည်။

ဖခင်ဦးတင်သည် မောင်အေးချိုကို မေးမေးပြီးရိုက်လေသည်။ မောင်အေးချို အရိုက်ခံရသည်ကိုမြင်၍ အဘွားဒေါ်ကြေးမုံမကြည့်ရက် မမြင်ရက် ငိုရှာရပြန်သည်။

သမက်ဦးတင်ကိုလည်း မတားဝံ့အောင် ဖြစ်ရလေသည်။ ညီမတွေကလည်း မောင်အေးချို အဖြစ်ကို မကြည့်ရက်၍ ငိုရှာကြပြန်သည်။

အမှန်မှာ ဖခင်ဦးတင် ရိုက်တာကို တစ်သက်မှာ တစ်ကြိမ်သာခံရဖူးသည်။ သို့သော် တစ်ကြိမ်လည်း မောင်အေးချို၏ အသည်းမှာ သံမှိုစွဲသည့်တစ်ကြိမ်။ ဘယ်တော့မှ မမေ့နိုင်အောင် ဖြစ်သွားလေသည်။

(၄)

ထိုကဲ့သို့ အရိုက်ခံရပြီးကတည်းက ဖခင်ဦးတင်ကို အကြောက်ကြီး ကြောက်သွားလေသည်။ အမှန်မှာ ဦးတင်သည် သားသမီးတွေနှင့် ဆက်ဆံရာ၌ ပျော့ပျောင်းပျောင်းရှိသည်။ အလိုလိုက်သည်။ ဆူပူကြိမ်းမောင်းခြင်းမရှိ။ မာန်မဲရိုက်နှက်ခြင်းမရှိ။ သို့သော် မောင်အေးချိုကတော့ ဖခင်ဦးတင်နှင့် မျက်နှာချင်းမဆိုင်။ အဖေနှင့် ရယ်ရယ်မောမော စကားပြောသည်မရှိ။

ပြောစရာရှိလျှင် ခပ်တည်တည်ပဲ ပြောသည်။ လိုသမျှသာ ပြောသည်။ အပိုစကားမဆို။ အဖေဆိုပြီး ကယုကယ တွယ်ကပ်၍ ခွဲ့.ဆိုး,ဆိုးမည့်ဟန် အေးချိုမှာ လုံးဝမရှိ။ မောင်အေးချို ထိုကဲ့သို့ နေတာကို ဖခင်ဦးတင် နေပင်မနေတတ်အောင် ဖြစ်နေသည်။ ထို့အတွက်ကြောင့် ဖခင်ဦးတင်က မကြာခဏ ထိုသို့ပြောလာသည်။

"ဟေ့ကောင် ... အေးချို၊ လာပါဦးကွ၊ ငါ့ကို စကားလေးဘာလေး ပြောပါဦး၊ ငါက မင်းအဖေအရင်းကြီးပါကွ။ ဘာလဲ ... မင်းနဲ့ ငါနဲ့ စကားပြောဖို့ မတူဘူး မတန်ဘူးလို့ ထင်လို့လား"

ဖခင်ဦးတင် ဘယ်လိုပြောပြော မောင်အေးချို ဘာမှပြန်မပြော။ အဖေဦးတင်ကို ကြောက်သည့်ကိစ္စလည်း ပါဝင်နေသည်။ သို့သော် အမေ ဒေါ်စိန်ရှင်ကိုတော့ ထိုကဲ့သို့မဟုတ်။ အမေကို ခွဲ့.ဆိုး,ဆိုးချင်ဆိုးသည်။ ပိုက်ဆံတောင်းချင် တောင်းတတ်သည်။ ငေါ့ချင်လည်း ငေါ့တတ်သည်။ မောင်အေးချိုသည် မိခင် ဒေါ်စိန်ရှင်နှင့် လက်ပွန်းတတီးနေရလျှင် ပျော်တတ်သည်။ မောင်အေးချို အိမ်မှာရှိနေလျှင် ညီမတွေနှင့် တသောသော ပျော်ရွှင်နေကြသည်။

ဂင်းသည် ညီမတွေကိုချစ်သည်။ သံယောဇဉ်ကြီးသည်။ ညီအစ်ကိုမောင်နမတွေ ပျော်ပျော်ပါးပါး ကခုန်သီဆိုနေရလျှင် မောင်အေးချို အလွန်သဘောကျနေသည်။ ဂင်းသဘာဝကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုပင်တားပေမယ့် မောင်အေးချို မမှ၊ ကြားပေမယ့် မကြားချင်ဟန်ဆောင်ပြီး ဆက်ပြောနေသည်။

"ညီလေးတစ်ခွက်၊ ကိုကြီးကျော်တစ်ခွက် တစ်လှည့်စီနော်"

မောင်အေးချိုသည် ပြောပြောဆိုဆိုနှင့် ကိုကြီးကျော်ထံဆက်ထားသည်။ အရက်ကို ယူမော့လိုက်သည်။ အရက်တစ်ခွက်သောက်လိုက်ရုံနှင့် မောင်အေးချို ဒေါင်ချာစိုင်းသွားသည်။ ထိုအချိန်တွင် လက်ထဲရှိ ကြွက်ကြော်ကို အားပါးတရ ဝါးနေသည်။ ထို့နောက် တစ်ခွက်မော့လိုက်ပြန်သည်။ ကိုကြီးကျော်နတ် ဘယ်အချိန်က ထွက်သွားမှန်း မသိအောင် ဖြစ်နေသည်။ အဘွားဒေါ်ကြေးမုံသည် မောင်အေးချို လက်ထဲမှ အရက်ခွက်ကို လုယူနေသည်။

"ဟဲ့ ... အေးချို၊ တော်တော့ ... တော်တော့"

လုယူနေတာကို ရုန်းကန်နေသည်။ ၎င်းနောက် အသံဗြဲကြီးနှင့် သီချင်းတစ်ပိုင်းတစ်စကို ဟဲ့,လိုက်သည်။ ပြီးမှ နတ်ကတော်တွေက,သလို လက်သီးလက်မောင်းတန်းပြီး က,နေသည်။

"သောက်တော်ဘူးရယ်နဲ့ အိုမကွာ ... သောက်တော်ဘူးရယ်နဲ့ အိုမကွာ ... အိုမကွာ"

မောင်အေးချို ထိုကဲ့သို့ နတ်ကတော်က ဝင်ကပုံလို သက်ြန်မင်းသား လုပ်ခဲ့သေးသည်။ သက်ြန်တွင် တွဲတောဖြို့သည် အလွန်ပင် စည်ကားသည်။ မောင်အေးချိုတို့လို ကာလသားပေါက်စလေးတွေ လူကြီးတွေနှင့် အပြိုင်ကျပြီး ကကြ ခုန်ကြ၊ ဆော့ကြ၊ ကစားကြ ပျော်နေကြသည်။ သက်ြန်သို့ရောက်လျှင် မောင်အေးချို တစ်ယောက် မျောက်လိုအမြဲ ကရသည်။ အမြဲလိုပျော်ရွှင်ရွှင်နေတတ်သည့် မောင်အေးချိုအတွက် တည်ငြိမ်မှုများက ဖန်တီးသလို ဖြစ်သွားသည်။

အကြောင်းမှာ တွဲတောဖြို့တွင် အမျိုးသားရဲတပ်ဖွဲ့များဖွဲ့တော့ မောင်အေးချို ရဲညွှန့်တပ်သားတစ်ဦး ဖြစ်လာသည်။ ထိုအချိန်တွင် မောင်အေးချိုသည် ဟိုတုန်းကလို နောက်နောက်ပြောင်ပြောင်အမူ

ပါသည်။ တစ်ချိန်က မောင်အေးချိုတို့အဘွား ဒေါ်ကြေးမုံသည် ကိုကြီးကျော်နတ်ပွဲ ကျင်းပသည်။ နေရာတကာပါတတ်သည့် ပါလေသူ မောင်အေးချိုသည် နတ်ကန်တော့ရာမှာပင် ချမ်းသာမပေး။ ကလေးပီပီ ဝေးရာမှာမနေ၊ ၎င်းကဝင်ပြီး နတ်နှင့်အပြိုင် ဝင်ရောက်ပြီးတစ်ခွက်တစ်ဖလား မော့ခဲ့ပူးသည်။

ဒေါ်ကြေးမုံဆိုတာက မောင်အေးချိုအမေ ဒေါ်စိန်ရှင်၏ မိခင်ဖြစ်သည်။ ဒေါ်ကြေးမုံသည် ဆွေကြီးမျိုးကြီးတည်းကဖြစ်သည်။ သီပေါမင်းခေတ်တုန်းက မင်းမှုထမ်းတွေမှ ဆင်းသက်လာသည့် အညာဆွေမျိုးဆက်များဖြစ်သည်။ ဆွေကြီးမျိုးကြီးထဲက လာကြသည်။ ထို့အတွက်ကြောင့် ဒေါ်ကြေးမုံသည် တစ်နှစ်လျှင်တစ်ခါ နှစ်ခါ ဆိုသလို နတ်ကန်တော့ပွဲ ကျင်းပသည်။ ယခုလည်း ဒေါ်ကြေးမုံ နတ်ကန်တော့ပွဲမှာ ကိုယ်တိုင်ဝင်ရောက် က,သည်။ ၎င်းကိုယ်တိုင် ကိုကြီးကျော်နတ် ဝင်ပူးသည်။

ထိုလုပ်ရပ်ကြောင့် မောင်အေးချိုအတွက် နောက်ဖို့ပြောင်ဖို့ဖြစ်လာသည်။ ကိုကြီးကျော် နတ်ဝင်ပူးသည်ဆိုပြီး က,နေသည်။ ဒေါ်ကြေးမုံ အနားသို့ မောင်အေးချို ရောက်သွားသည်။ ဒေါ်ကြေးမုံက ကိုကြီးကျော်လေသံဖြင့် "ဟဲ့ ... ညီပွားလေး၊ ဘာလဲ ... ဘာလဲ"ဟု မေးချိန်တွင် မောင်အေးချိုက "ကိုကြီးကျော်ကို ချစ်လို့လာတာပေါ့ဗျ"ဟု ပြောလိုက်ရာ ဒေါ်ကြေးမုံမှာ ကျေနပ်သွားသည်။

"အဲ ... ဟုတ်ပြီ၊ ကဲ ... ညီပွားလေး ဘာလိုချင်တုန်းပြော"

မောင်အေးချိုသည် ဘာမှမပြော၊ ကိုကြီးကျော်ပန်းကန်တွေမှာ တင်ထားသည့် ကြက်ပေါင်ကြော်ကို ကောက်ယူပြီး ပါးစပ်ထဲကို ထည့်လိုက်သည်။ ပြီးတော့မှ "ကိုကြီးကျော်နဲ့ ညီပွားလေးချိုတို့ တစ်ယောက်တစ်လှည့်စီ သောက်ပွဲကျင်းပရအောင်"ဟု ပြောလိုက်သည်။ အနီးရှိ အဒေါ်တွေက မောင်အေးချိုကို ဝိုင်းတားကြသည်။

"ဟဲ့ ... မောင်အေးချို ထွက်စမ်း၊ ဒါ နောက်စရာမဟုတ်ဘူး၊ သွား ... သွား"

www.burmeseclassic.com

www.burmeseclassic.com

အရာများ မတွေ့ရအောင် ဖြစ်သွားသည်။ ရဲညွန့်တပ်သားယူနိဖောင်းဖြင့် ခန့်ညားသည့် မောင်အေးချို ဖြစ်သွားသည်။

အမျိုးသားရဲတပ်ဖွဲ့ဆိုတာက တကယ်တော့ နိုင်ငံရေးအသွင်ဖြင့် ဖွဲ့စည်းလာသည့် လူငယ်များအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ၎င်းအဖွဲ့ကို ဦးစီးတည်ထောင်သူမှာ နိုင်ငံသိ နိုင်ငံရေးခေါင်းဆောင်ကြီး အမ်အေဦးမောင်ကြီးဖြစ်သည်။ ဦးမောင်ကြီး ခေါင်းဆောင်၍ ဖွဲ့စည်းလိုက်သည့် အမျိုးသားရဲတပ်ဖွဲ့ခွဲများကို နယ်များတွင် ဖွဲ့စည်းကြသည့်အခါ တွဲတေးမြို့မှာလည်း ဖွဲ့စည်းကြသည်။ ၎င်းတို့ဖွဲ့စည်းကြစဉ် မောင်အေးချိုသည် တက်ကြွစွာ ရှေ့တန်းမှပါဝင်သည့် လူငယ်တစ်ဦးဖြစ်သည်။

အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့ကို ၁၉၃၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝှမ်းမှာ စတင်ဖွဲ့စည်းသည်။ မောင်အေးချိုသည် ရဲညွန့်တပ်ထဲမှာ ယူနိဖောင်းအစိမ်းရင့်ရောင်ကို ဝတ်ရသည်။ ဘင်ခရာသဲနှင့် စစ်ချီသီချင်းဆို၍ ဘယ်ညာနင်းသည်။ ခပ်ပြင်းပြင်းနင်းသည်။ ထိုသို့ပြုလုပ်ရသည်ကို ပျော်ရွှင်၍ တက်ကြွနေသည်။

(၅)

မောင်အေးချို ခုနစ်တန်း အောင်သည့်အခါ ရှစ်တန်းကို ရန်ကုန်မှာတက်ရန် ဖခင်ဦးတင် စီစဉ်သည်။ ထို့အတွက်ကြောင့် မောင်အေးချို ရန်ကုန်တွင် ကျောင်းတက်ရသည်။ ရန်ကုန်နှင့် တွဲတေးက အလှမ်းကွာနေ၍ ဖခင်ဦးတင်သည် မောင်အေးချိုကို ကျောင်းအိပ်ကျောင်းစား ထားသည်။ အလားတူ ဖခင်ဦးတင်ကလည်း မကြာခဏ လာရောက်ကြည့်သည်။ အခြားမြို့မှာ ကျောင်းတက်နေရသည့် မောင်အေးချို၏ ကျန်းမာရေး၊ စားဝတ်နေရေး၊ ငွေကြေး၊ စာရွက်စာတန်း အဝတ်အစားကအစ ဘာတွေလိုအပ်သလဲ ဆိုတာကို သိချင်သောကြောင့်ဖြစ်သည်။ အလားတူ မြို့

ကျောင်းတက်နေရသည့်အတွက် မျက်နှာမငယ်စေရန် ရွေပစ္စည်းများလည်း ဆင်မြန်းပေးသည်။

တစ်နေ့ ဖခင်ဦးတင် ရန်ကုန်ရောက်လာပြီး မောင်အေးချို နှင့်တွေ့ဆုံသည်။ မောင်အေးချို၏ လိုအပ်ချက်တွေကို လိုလေသေးမရှိအောင် လုပ်ဆောင်ပေးသည်။ အလားတူ မောင်အေးချိုကိုလည်း ဂရုတစိုက် ကြည့်ရှုလေ့လာသည်။ မောင်အေးချိုအတွက် အခက်ကြုံရသည်။

"အေးချို"

"ခင်ဗျာ"

"မင်းအင်္ကျီရှေကြယ်သီးကြိုးရော"

"ရှိပါတယ် အဖေ"

"ရှိတယ်ဆို ဘာလို့ အင်္ကျီမှာ မတပ်တာလဲ။ မင်းဆီငါလာကိုင်၊ ကြယ်သီးကို မမြင်ရပါလား"

"ဟိုသင်း ... ရှိပါတယ် အဖေ"

"ရှိရင် သွားယူစမ်းကွာ"

မောင်အေးချိုသည် ဖခင်ဦးတင်ကို ကျောပေးပြီး အခန်းပေါ်တက်သွားသည်။ ထို့နောက် သေတ္တာထဲမှ စာရွက်ခေါက်လေးယူပြီး ဆင်းလာသည်။ ၎င်းစာရွက်လေးကို ဖခင်ထံ ပေးလိုက်လေသည်။

"ဒီမှာ အဖေ"

"ဟော ... ကြယ်သီးမေးတာ၊ ဒီစာရွက် ဘာလုပ်ဖို့လဲ"

"အဲဒါ အပေါင်လက်မှတ် အဖေ၊ ရှေကြယ်သီးကိုပေါင်ထားရဲ့ လက်မှတ်ပါ"

"ဟော ... မင်းက သိပ်တိုးတက်နေပါလား၊ အပေါင်ဆိုင်တွေအကြွေးနဲ့တောင် မင်း အဆက်အသွယ် ဖြစ်နေပြီလား၊ ဘာဖြစ်လို့ ပေါင်ရတာလဲ"

ဖခင်ဦးတင် ဒေါသလည်းထွက် ရှက်လည်းရှက်၊ တစ်ခွန်းလုပ်ချင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ပြောပါဦးကွ၊ ဘာလို့ ပေါင်ရတာလဲ၊ အေးချိုရယ် ... မင်းသိပ်ဆင်းရဲနေပြီလား၊ စားစရာမဲ့ သောက်စရာမဲ့ ဖြစ်နေလို့လား"

"ကျွန်တော်ပေါင်တာ မဟုတ်ပါဘူး အဖေ၊ သူငယ်ချင်းက ခဏငှားပါဆိုလို့ ချွေကြိုးဖြုတ်ပေးလိုက်တာ၊ သူ ပေါင်သုံးပြီး လက်မှတ်ပြန်ပေးထားတာ"

မောင်အေးချို စကားကြားမှ ဖခင်ဦးတင် ဒေါသပိုထွက်သွားလေသည်။ မောင်အေးချို၏ လုပ်ရပ်အား အိမ်မှာဆိုလျှင် ကြိမ်လုံးစာမိမှာ သေချာသည်။ ယခုတော့ ဦးတင်ဟာ မက်သဒစ်ကျောင်းအုပ်ကြီးထံ ကိုယ်တိုင်သွားရောက် တိုင်ကြားသည်။ ကျောင်းအုပ်ဆရာကြီးက ဦးတင်၏ ရှေ့တွင် ချက်ချင်းအပြစ်ပေးသည်။ အပြစ်မှာ အေးချိုနှင့် သူငယ်ချင်းတို့ကို ဒုတိယကျောင်းအုပ်ကြီး မစ္စတာ လင်ဆင်းက ကြိမ်လုံးဖြင့် ရိုက်နှက်အပြစ်ပေးသည်။

ထိုနှစ်မှာပင် အေးချို ရှစ်တန်းအောင်ခဲ့သည်။ ရှစ်တန်းအောင်ပြီဆိုတော့ ကိုးတန်းကို ဆက်တက်ခွင့်ရသည်။ ရန်ကုန်မှာကျောင်းတက်နေရသည့်အတွက် မောင်အေးချိုမှာ ရင့်ကျက်လာသည်။ ရန်ကုန်ကျောင်းက သူငယ်ချင်းတွေနှင့်အတူ နေရ၍ ရန်ကုန်သားလိုစိတ်မျိုး အနည်းငယ်ရလာသည်။ မောင်အေးချို ကိုးတန်းအောင်လို့ ဆယ်တန်းကို ဆက်၍တက်ပြန်သည်။

ဖခင်ဦးတင်ကလည်း မောင်အေးချိုကို ဆယ်တန်းဆက်တက်စေသည်။ မောင်အေးချို ဆယ်တန်းအောင်ပြန်သည်။ ဆယ်တန်းအောင်ခြင်းသည် ဂုဏ်ယူစရာဖြစ်သည်။ မောင်အေးချိုသည် ဆယ်တန်းကို ဂုဏ်ထူးသုံးဘာသာဖြင့် အောင်ခြင်းဖြစ်သည်။ မောင်အေးချို ဆယ်တန်းအောင်သည့်နှစ်သည် ၁၉၃၇-ခုနှစ်ဖြစ်သည်။ မောင်အေးချို ဆယ်တန်းကို ဂုဏ်ထူး(၃)ဘာသာဖြင့် အောင်မြင်၍ ဖခင်ဦးတင်မှာ အပျော်ကြီး ပျော်ရွှင်နေသည်။ ကြိုးစားရကျိုးနပ်သည်ဟု ထင်မှတ်နေသည်။

ဆွေမျိုးများထဲတွင် မောင်အေးချို ဆယ်တန်းအောင်သည့်အတွက် ဂုဏ်ယူစွာ ပြောဆိုနေတတ်သည်။ မည်သို့ပင်ဖြစ်စေ မောင်အေးချိုကို ပညာဆက်လက်သင်ဖို့ စီစဉ်နေပြန်သည်။ ထို့အတွက်ကြောင့် မောင်အေးချို ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ခွင့်ရပြန်သည်။ ဆယ်တန်းတုန်းက ပညာရည်ချွန်ရခဲ့သည့်အတွက် တက္ကသိုလ်တွင် ကျောင်းလခလွတ် ပညာသင်ခွင့်ရရှိခဲ့သည်။ အဆောင်ကြေးသာ မောင်အေးချို ပေးရသည်။

မောင်အေးချို ပထမနှစ် စတင်နေရသည့် အဆောင်မှာ စစ်ကိုင်းဆောင်ဖြစ်သည်။ စစ်ကိုင်ဆောင်မှာနေရင်း မောင်အေးချို အတွက် သူငယ်ချင်းအများအပြား ရရှိခဲ့သည်။ မောင်အေးချို၏ သူငယ်ချင်းများအနက် အချို့နာမည်ကြီးတွေကို တင်ပြချင်ပါသည်။ ၎င်းသူငယ်ချင်းများမှာ ရွှေစံပယ်ရုံကိုဖေညွန့်၊ ဒဂုန်တာရာ၊ တက္ကသိုလ်နေဝင်း၊ မောင်စည်သူတို့ ဖြစ်ကြသည်။ ၎င်းတို့သည် စာရေးဆရာနှင့် နိုင်ငံရေးသမားများ ဖြစ်ကြသည်။

အထူးသဖြင့် မောင်အေးချိုနှင့်အတွဲဆုံး သူငယ်ချင်းကတော့ ဒဂုန်တာရာ အမည်ခံ ကျိုက်လတ်သား ကိုဌေးမြိုင် (မှတ်ချက် ... ကိုဌေးမြိုင်သည် ဗိုလ်ချုပ်အောင်ဆန်းလို လွတ်လပ်ရေးကြိုးပမ်းချိန်တွင် သခင်ဌေးမြိုင် အမည်ခံပြီး နိုင်ငံရေးလုပ်သကဲ့သို့၊ ဒဂုန်တာရာအမည်နှင့် စာရေးစဉ် "အောင်ဆန်း(သို့မဟုတ်)အရိုင်း ဟုခေါင်းစဉ်နှင့် ဆောင်းပါးရေးခဲ့သည်။) ကိုဌေးမြိုင် စစ်ကိုင်းဆောင်သို့ ရောက်ခဲ့ရာတွင် မောင်အေးချိုက ကိုဌေးမြိုင်ထက် တစ်နှစ်စောသည်။

ကိုအေးချိုက ၁၉၃၇-ခုနှစ်၊ ကိုဌေးမြိုင်က ၁၉၃၈-ခုနှစ်ကျမှ တက္ကသိုလ်ရောက်ခဲ့သည်။ ကိုအေးချို တက္ကသိုလ်ရောက်သည့်အခါ စိတ်က ပြောင်းလဲသွားသည်။ ကျောင်းတက်ရင်း ငွေမရှိလျှင် အိမ်ကိုစာရေးပြီး တောင်းလေ့မရှိ။ ငွေရှိလျှင်လည်း သုံးတတ်သည်။ အိတ်ထဲမှာ ငွေပြတ်ပြီ၊ ခန်းပြီဆိုလျှင် ငြိမ်နေတတ်သည်။ အခန်း

www.burmeseclassic.com

www.burmeseclassic.com

အောင်း ငြိမ်နေတတ်သည်။ ဘယ်သူ့ထံမှ ရေးငှားရန် ဆန္ဒမရှိ။ ဖခင်ဦးတင် ရောက်လာပြီဆိုလျှင် ကိုအေးချို့ကို ငွေလိုလားဟူမေးလျှင် မလိုဘူးဟုသာ ဖြေလေ့ရှိသည်။ ဖခင်ဦးတင်က ကိုအေးချို့အကြောင်းကို သိနေ၍ ပေးသွားတတ်သည်။ ထိုသို့ပေးသွားလျှင်လည်း မောင်အေးချို့က ငြင်းပယ်ခြင်းမရှိ ယူလေ့ရှိသည်။ ငွေရှိလာပြီဆိုလျှင် မောင်အေးချို့အတွက် နေ့ညမသိ သုံးလေ့ရှိသည်။

၁၉၃၉–ခုနှစ်တွင် ဒေါက်တာဘမော် နန်းရင်းဝန်ကြီးရာထူးမှ ပြုတ်ကျသည်။ ဒေါက်တာဘမော်၏ နန်းရင်းဝန်ရာထူးကို ဦးပုက ဆက်လက်တာဝန်ယူခဲ့သည်။ ဦးပု နန်းရင်းဝန် ဖြစ်လာသည်နှင့် ကျောင်းသားသပိတ်ခေါင်းဆောင်များနှင့် စေ့စပ်ရေးလုပ်သည်။ ဆွေးနွေးညှိနှိုင်းမှုပြုသည်။ ကျောင်းသားတို့ ဘာလိုချင်သလဲ။ လိုချင်တာတွေရလျှင် သပိတ်လှုန်မလား၊ နာမည်ကောင်း ယူချင်သည်။ နန်းရင်ဝန်ဦးပုသည် "ပြည်ထောက်အေး" တရားကို အသံကျယ်ကျယ် ဟောလေသည်။

ကျောင်းသားသပိတ်နှင့် အစိုးရအဖွဲ့ကြား၀ယ် အောင်သွယ်တော်က ဆာဦးသွင် ဖြစ်သည်။ နန်းရင်းဝန် ဦးပုသည် ကျောင်းသားခေါင်းဆောင်များ တင်ပြတောင်းဆိုသမျှကို လိုက်လျောလေသည်။ အစိုးရက ကျောင်းသားတို့အပေါ် ဖိနှိပ်ချုပ်ခြယ်မှုများကို လျော့ပေးသည်။ တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် တကသကိုယ်စားလှယ် ပါချင်သလား ပါစေ။ စာမေးပွဲတွေကို ရက်ရွှေ့ပေးရမလား ရွှေ့စေ။ စာမေးပွဲသို့ အပိုင်းလိုက် ကျရှုံးဘာသာ ပြန်ဖြေခွင့်ရလိုသလား ဖြေကြစေ။ ပြီးတော့ ဘာလိုချင်ကြသေးလဲ၊ သို့နှင့် ကိုအောင်ဆန်းသည် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏ ပထမဆုံးကိုယ်စားလှယ်အဖြစ် တက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ခဲ့သည်။

သပိတ်တိုက်ပွဲကြီး ပြီးဆုံးသွား၍ ကိုအေးချို့တို့ ပျော်ရွှင်ကြသည်။ မိမိတို့ရည်မှန်းချက် ရနိုင်သရွေ့ ရကြသည်မို့ ကျေနပ်နေ

ကြသည်။ ကိုအေးချို့သည် မဟုတ်မခံစိတ်ရှိသည်။ အင်္ဂလိပ်နယ်ချဲ့များကိုလည်း မကျေမနပ်ဖြစ်နေသည်။ ကိုအေးချို့ တက္ကသိုလ်တက်နေစဉ် အဆောင်ထမင်းဟင်း စားမကောင်းလျှင် ကိုတင်ငွေအိမ်မှာ သွားစားတတ်သည်။ ကိုတင်ငွေဆိုတာ ရပ်ရှင်မင်းသားတင်ငွေ ဖြစ်သည်။

ကိုတင်ငွေသည် ကိုအေးချို့နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သည်။ ရပ်ရှင်မင်းသားတင်ငွေ၏အဖေ ဦးဆင်နှင့် ကိုအေးချို့၏ ဖခင်ဦးတင်တို့က ညီအစ်ကိုအရင်းတွေဖြစ်သည်။ အဖေညီအစ်ကို ခွေးသည့် တင်ငွေနှင့် ကိုအေးချို့တို့မှာ တစ်ဝမ်းကွဲတော်စပ်ပေမယ့် ညီအစ်ကိုအရင်းနှင့်မခြား ချစ်ခင်ကြသည်။

စစ်ဗိုလ်ကြီးလုပ်ရတာကို ဇါသနာပါသည်။ ကိုအေးချို့အတွက် စစ်အလင်းရောင်များသည် သမ်းလာသည်။ တစ်နေ့တွင် ကိုအေးချို့သည် တက္ကသိုလ်အပျော်တမ်းတပ်ရင်းသို့ ဝင်ခဲ့လေသည်။ ယူတီစီကိုဝင်ခဲ့ပြီး ယူနိုအောင်းတောင့်တောင့်လေး ဝတ်ရတာကို ငယ်စဉ်က စစ်တိုက်တိုင်း ကစားရဘာကို သတိရလာသည်။ ငယ်စဉ်ကစိတ်ကူးခဲ့တာကို အရိပ်အရောင်သမ်းလာသည်။ တစ်နေ့ စစ်ထဲဝင်ပြီး စစ်သားကြီးလုပ်မည်ဟု စိတ်ကူးလာသည်။ တက္ကသိုလ်ကျောင်းသားများထဲမှ စစ်ပညာသင်ကြားရန် စိတ်ဝင်စားသူတွေ ယူတီစီခေါ် အပျော်တမ်းတပ်ရင်းသို့ဝင်ကြရသည်။ စစ်ပညာသင်ကြသည်။ ယူနီဖောင်းကလေး သပ်သပ်ရပ်ရုပ်ဝတ်။ ဘယ်ညာနင်း စစ်ပညာရပ်များကို အဆတ်အသင့် သင်ယူသည်။ အထူးသဖြင့် သေနတ်ကိုင်တွယ်ပစ်ခတ်နည်းကို စနစ်တကျသင်ယူရသည်။ ကိုအေးချို့သည်စစ်ပညာသင်ကြားရာတွင် အလွန်ထူးချွန်သည်။ အထူးသဖြင့် သေနတ်စစ်

www.burmeseclassic.com

www.burmeseclassic.com

အလွန်ကျမ်းကျင်ထူးချွန်သည်။ ၁၉၃၈-ခုနှစ်တွင် ဗြိတိသျှအင်ပါယာအတွင်း၌ပါဝင်သည့် ကိုလိုနီနိုင်ငံများရှိတပ်မတော်သားများသေနတ်ပစ်ပြိုင်ပွဲ ကျင်းပသည်။

ၚင်းပြိုင်ပွဲကို မိမိတို့နိုင်ငံအသီးသီး၌ ကိုယ့်အဖွဲ့နှင့်ကိုယ် စနစ်တကျ ကျင်းပရခြင်းဖြစ်သည် မြန်မာပြည်ရှိ တပ်ရင်းများအတွက် သေနတ်ပစ်ပြိုင်ပွဲကို ရန်ကုန်မြို့ အုတ်ကျင်းသေနတ်ပစ်ကွင်းမှာ ကျင်းပသည်။ ၚင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည်။ သေနတ်ပစ်ပြိုင်ပွဲကို စစ်သည်တပ်ရင်းများ၏ အမှတ်တွေကို ပေါင်းလိုက်တော့ ရန်ကုန်တက္ကသိုလ်ယူတီစီတပ်ရင်းက ပထမရသည်။ ကိုအေးချို့သည် သေနတ်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တိုင်း ဆုများရရှိခဲ့သည်။

ကိုအေးချို့ စစ်ကိုင်းဆောင်တွင် နှစ်နှစ်နေခဲ့သည်။ တတိယနှစ်ကိုရောက်တော့ အင်းဝဆောင်ကို ပြောင်းရသည်။ အင်းဝဆောင်ကို အတန်းကြီးသမားများနှင့် ဂုဏ်ထူးတန်းကျောင်းသားကြီးများထားရန် အုပ်ချုပ်ရေးအာဏာပိုင်တို့က သတ်မှတ်ထားသည်။ အလားတူ ဂုဏ်ထူးတန်းသားတွေက အဆောင်အပေါ်ဆုံးထပ်မှာ နေရသည်။ ကိုအေးချို့ အင်းဝဆောင်သို့ ပြောင်းရသည်မှာ ထို့ကြောင့်ဖြစ်သည်။ ကိုအေးချို့သည် ပထဝီဘာသာရပ်ဖြင့် ဒီဇာဂုဏ်ထူးတန်းတက်ခွင့်ရသည်။ ကိုအေးချို့ အင်းဝဆောင်တွင် တက်နေစဉ် သူငယ်ချင်းမိတ်ဆွေအသစ်များ ရရှိပြန်သည်။

ၚင်းသူငယ်ချင်းအသစ်များတွင် ကိုတင်မောင်တို့လို ထက်မြက်သူများနှင့် တွေ့ဆုံရပြန်သည်။ ကိုတင်မောင် ဆိုတာက ဗိုလ်မှူးကြီးတင်မောင် အဖြစ် ထင်ရှားမည့် စစ်ရေးခေါင်းဆောင် (သို့မဟုတ်)နိုင်ငံကျော်စာရေးဆရာ မြတ်ထန် ဖြစ်သည်။ ၚင်းတို့ ဂုဏ်ထူးတန်းတက်ချိန်တွင် ကျောင်းသား ကိုအောင်ဆန်းက သခင်ဖေအောင်ဆန်း အမည်ခံ၍ နိုင်ငံရေးကို အားကျိုးမာန်တက်လုပ်ဆောင်နေသည်။ ထိုသတင်းကိုကြား၍ ကိုအေးချို့တို့မှာ တက်ကြွ

လာကြသည်။ သခင်အောင်ဆန်းတို့ လုပ်ရပ်ကိုလည်း အားပေးထောက်ခံသည်။

သခင်အောင်ဆန်းလို ၚင်းတို့လည်း နယ်ချဲ့ကိုတွန်းလှန်မည့် ဟူသောစိတ်များ မွေးဖွားလာကြသည်။

ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်ရဲဘော်သုံးကျိပ်တို့က နယ်ချဲ့ကို တော်လှန်ကြသည်။ နယ်ချဲ့တွေထွက်ပြေးပြီး ဂျပန်တွေ မြန်မာနိုင်ငံကို ဝင်ရောက်လာကြသည်။ အလားတူ မြန်မာနိုင်ငံတွင် စစ်သည်အင်အား တောင့်တင်းရန် ဘီအိုင်အေကို ဖွဲ့စည်းပြီး စစ်သားသစ်များ စုဆောင်းကြသည်။ ကိုအေးချို့သည် တွံတေးမှ သူငယ်ချင်းသုံးယောက်နှင့်အတူ ရန်ကုန်ဘီအိုင်အေဌာနချုပ်ကို ရောက်ရှိလာသည်။ ဘီအိုင်အေဌာနချုပ်အဖွဲ့က ကိုအေးချို့ တစ်ယောက်ကိုသာ လက်ခံပြီး ကျန်သုံးယောက်ကို လက်ခံခြင်းမရှိ တွံတေးကို ပြန်လွှတ်ကြသည်။

ဘီအိုင်အေဌာနချုပ်ဟာ ယခင် မျက်စိ၊ နား၊ နှာခေါင်းဆေးရုံကြီးနေရာဖြစ်သည်။ ၁၉၄၂-ခုမတ်လတွင် ကိုအေးချို့တို့ ရန်ကုန်မြို့ ကော်ရာကုန်းတွင် စစ်သင်တန်းတက်ကြရသည်။ သင်တန်းသည် ရက်တိုသင်တန်းဖြစ်သည်။ ရက်သတ္တနှစ်ပတ်သာ သင်တန်းတက်လိုက်ရသည်။

ကိုအေးချို့တို့သင်တန်းကို ကြီးကြပ်သူက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင် ဖြစ်သည်။

သင်တန်းမှာ ရဲဘော်စုစုပေါင်း(၁၅)ဦးခန့်သာရှိသည်။ အရာရှိသင်တန်းဖြစ်၍ ဦးရေနည်းသည်။ သင်တန်းသားနည်းပေမယ့် အိပ်စရာ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး ပေးစရာမရှိ။ ကိစ္စမရှိ ကိုအေးချို့ စစ်ထဲဝင်ရောက်တာ စည်းစိမ်ခံဖို့မဟုတ်။ လွတ်လပ်ရေးတိုက်ပွဲအတွက် အားခဲ၍လာခြင်းဖြစ်သည်။ အိပ်ရာခေါင်းအုံးမရှိရင် မြေကြီးပေါ်မှာ အခင်းမပါဘဲ အိပ်ရန်လည်း အသင့်အနေအထားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

စားတော့ရော ဆင်းရဲသည်။ ပဲရေလုံပြုတ် ဆီမပါ ဆားမပါ ဟင်းကို ထမင်းနှင့် မျိုချရသည်။ ကိုအေးချို့တို့ သင်တန်းဆရာက ဗိုလ်ဆန်အုပ်ဖြစ်သည်။ ၎င်းမှာ သဘောမနောကောင်း၊ သင်တန်းသားတွေအပေါ် စေတနာထားသည်။ အတိုချုံး တင်ပြရလျှင် ကိုအေးချို့တို့ သင်တန်းပြီးသွားသည်။

သင်တန်းပြီးဆုံးချိန်တွင် ကိုအေးချို့တို့ ဗိုလ်ဖြစ်ကြသည်။ တပ်ခွဲမှူးအဆင့်အတန်းဖြင့် ဘီအိုင်အေတပ်မတော်ကို ဦးစီးကွပ်ကဲကြရမည်။ တစ်ချိန်က ကိုအေးချိုဟာ ဗိုလ်အေးချို ဖြစ်သွားသည်။ အလားတူ ဂျပန်စစ်ယူနီဖောင်းကိုဝတ်၊ ဂျပန်စစ်တပ်၏ရာထူးအဆင့်အတန်းဖြစ်သည်။ ဝမ်းလိုင်းတူစတားကို တပ်ဆင်ထားသည်။

ထို့နောက် အထက်အညာသို့ ချီတက်ကြသည်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အညာဒေသစစ်ရှင်းကို ဗိုလ်ချုပ်အောင်ဆန်းကဦးစီးသည်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျ၊ ဗိုလ်ရန်အောင်၊ ဗိုလ်နေဝင်း စသည့် ဆင်ရှားသော ရဲဘော်သုံးကျိပ်ဝင်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးစီးကြလေသည်။ အထက်မြန်မာပြည်သို့ ချီတက်ကြသည်။ ဘီအိုင်အေတပ်မတော်တွင် သမိုင်းဝင်မော်ကွန်းတင်ရမည့် တိုက်ပွဲမှာ ရွှေတောင်တိုက်ပွဲဖြစ်သည်။ ရွှေတောင်မှာ ဗိုလ်ရန်နိုင်တပ်နှင့် အင်္ဂလိပ်စစ်တပ်တို့ သဲသဲမဲမဲ တိုက်ကြသည်။ နယ်ချဲ့တို့ နောက်ဆုတ်သွားသည်။ လွတ်လပ်ရေးဗမာ့တပ်မတော် အောင်ပွဲခံသည်။

ရွှေတောင်တိုက်ပွဲသည် မြန်မာ့သမိုင်းတွင် အရေးပါသည့် မှတ်တိုင်တစ်ခုအဖြစ် မော်ကွန်းတင်ကုန်ရစ်ခဲ့သည်။ ဗိုလ်အေးချို့တို့ လိုက်ပါချီတက်ရသည်မှာ ဗိုလ်မှူးရဲထွဋ် ဦးစီးသည့် တပ်မဟာ(၃) ဖြစ်သည်။ ရေကြောင်းချီ ဘီအိုင်အေတပ်မတော်ကြီးကို လက်ချိမ်းဖြေသော စက်နှစ်လုံးတပ်သင်္ဘောကြီးက အညာသို့ သယ်ဆောင်မည်ဖြစ်သည်။ ဗိုလ်အေးချို့တို့ ဘီအိုင်အေတပ်မတော်ကို ပြည်သူ

တို့ကြိုဆိုကြပုံကဖြင့် အားတက်ဖွယ်၊ ကျေနပ်ဖွယ်၊ ကြည်နူးဖွယ်ကောင်းပါဘိ။ နှစ်ပေါင်းများစွာ နယ်ချဲ့အုပ်ချုပ်မှုအောက်တွင် ပြားပြားဝပ်နေခဲ့ရသည့် ပြည်သူတွေ ဖြစ်နေသည်။ ပုလိပ်ဆိုလည်း ကြောက်ရ၊ ရာဇဝတ်အုပ်ဆိုလည်း ရွံ့ရသည်။

ယခုနောက်ပိုင်း ထိုကဲ့သို့မဟုတ်။ ပုလိပ်လည်းမရှိ၊ ရာဇဝတ်အုပ်လည်းပြေးပြီ။ မြို့အုပ်၊ နယ်ပိုင်၊ အရေးပိုင်တို့လည်းမရှိတော့ ထွက်ပြေးကုန်ကြသည်။ ၁၉၄၂-ခု ဧပြီလ(၂၄)ရက် ရေကြောင်းချီ ဘီအိုင်အေတပ်မတော်ကြီး ပြည်မြို့မှနေ၍ အထက်မြန်မာပြည် မြို့သိမ်းရေး အစီအစဉ်ဖြင့် ဆက်လက်ချီတက်ကြသည်။ ရေကြောင်းချီတပ်ကြီးသည် သရက်၊ အောင်လံ၊ ဆင်ပေါင်ဝဲ၊ မင်းလှ၊ မင်းဘူး အထိ ရောက်ခဲ့သည်။

ရောက်သည့်မြို့တိုင်းမှာ ဗိုလ်အေးချို့တို့ တပ်မှူး တပ်သားတို့ မြို့တွင်းသို့ ဆင်းရသည်။ ရန်သူဖြိတ်သွတပ်သား အကြွင်းအကျန်တွေ ရှိသလား၊ လက်နက်ကိုင်သူပုန်များ လူဆိုးသူခိုးဓားပြများကို နှိမ်နှင်းရန် လုံခြုံရေးအရ စုံစမ်းမှုများ ပြုလုပ်ကြသည်။ ၎င်းတို့အနောက်မှ ချီတက်လာသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့က အုပ်ချုပ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ကြသည်။

ဗိုလ်အေးချို့တို့သည် ဆက်လက်ချီတက်ကြသည်။ ၎င်းတို့အဖွဲ့ မင်းဘူးမြို့၊ ကျောက်အိုရွာဆိပ်ကမ်း ရောက်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းက အမိန့်ပေးလေသည်။

"ဘီအိုင်အေရေကြောင်းချီတပ်ကြီး ကမ်းပေါ်တက်ပြီး မင်းဘူး၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်းမြို့များမှတစ်ဆင့် ကြည်းကြောင်းအတိုင်း ဆက်လက်ချီတက်ကြ"

ထို့နောက် ဗိုလ်ရဲထွဋ် ဦးစီးသည့် ဘီအိုင်အေတပ်မတော်ကြီး ကမ်းပေါ်တက်ကြသည်။ မင်းဘူး၊ စကု၊ စလင်း၊ ဆင်ဖြူကျွန်းမှသည် ရိုးမတောင်ခြေအတိုင်း အထက်မြန်မာပြည်ကို ချီတက်ကြသည်။ ဧပြီ(၆)ရက်နေ့မှာ ရန်ကုန်မြို့မှ စတင်ခရီးထွက်ခဲ့ကြ၍

www.burmeseclassic.com

www.burmeseclassic.com

ဇွန်လ(၁၁)ရက်နေ့တွင် မြန်မာနိုင်ငံ မြောက်ဖျားစွန်းဒေသ မော်လိုက်မြို့ကို ရောက်ရှိကြသည်။

မော်လိုက်ရောက်ပြီးနောက် အနောက်ပိုင်းစစ်ဌာနချုပ်မှ အဓိန့်တစ်ရပ် ရောက်ရှိလာသည်။ တပ်မဟာ(၃)မန္တလေးမြို့သို့ စုန်ဆင်း၊ တပ်ပေါင်းစုံကို မန္တလေးမှာ စုရုံးရန် အမိန့်ထုတ်ပြန်သည်။

(၆)

၁၉၄၂ ခု ဇွန်လကုန်တွင် ဗိုလ်အေးချို့တို့ တပ်မဟာ(၃)သည် မန္တလေးမြို့သို့ ရောက်နေပြီး ထိုအချိန်က မန္တလေးမြို့မှာ ဘီအိုင်အေ စစ်ဌာနချုပ် ဖြစ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်း စစ်ဌာနချုပ်ရုံးကို အာဇာဝတိမ်းရှိ ဂူဂျာရတီကုလားစာသင်ကျောင်းမှာ ဖွင့်ထားသည်။ ဗိုလ်လက်ျာ၊ ဗိုလ်လင်းယုန်နှင့် ဗိုလ်မြင့်အောင်တို့၏ တပ်များကို ဆပ်ကျောင်းနှင့် အမှတ်(၆)ပုလိပ်ဌာနာဝင်းရှိ တန်းလျားများမှ နေရာချထားသည်။

သည်အချိန်က မန္တလေးတစ်မြို့လုံးမှာ ဘီအိုင်အေသုံးရောင်ခြယ်အလံများဖြင့် ဖွေးဖွေးလှုပ်နေသည်။ အိမ်တွေမှာ၊ ဆိုက်ကားတွေ၊ မြင်းလှည်းတွေမှာ သုံးရောင်ခြယ်အလံတွေ တလူလူနှင့်။ ဟိုမှာကြည့်လည်း ဝါစိမ်းနီ။ သည်မှာကြည့်လည်း ဝါစိမ်းနီ။ အဝါရောင် အစိမ်းရောင် အနီရောင်များ၏ အလယ်တွင် ကျက်သရေရှိလှသော က,ခေါင်းရပ်က ငွားငွားစွင့်စွင့် တင့်တယ်လှပါဘိ။

အဲသည်တော့ မေးကြပါလိမ့်မည်။ ဘီအိုင်အေတပ်ဗိုလ် "ဖိုးစွဲ"တစ်ယောက် အများသူငါလို မန္တလေးနေပြည်တော်၌ မန်းညိုညိုချောချောကလေးတွေနှင့် အချစ်စခန်း ဖွင့်ခဲ့ပါသေးသလား။

သိချင်သူက သိချင်လို့မေးပြီ။ ဖြေရမည့်သူက အဖြေပေးရလိမ့်မည်။ သည်သို့မေးလာလျှင် အဖြေကအရှင်းကြီးပါ။ ဗိုလ်အေးချို့တစ်ယောက် မန်းမန္တလာနေပြည်တော်မှာ ချစ်သူရှာရန်မလို။

ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအခြေအနေမှာ ဗိုလ်အေးချို့အတွက် ချစ်သူသက်ထား ရှိနေပြီဖြစ်လို့။

သည်ချစ်သူနှင့် တွေ့တုန်းက ဗိုလ်အေးချို့ မဖြစ်သေး။ တက္ကသိုလ်ကျောင်းသား။ ရည်းစားတစ်ခါပဲ ထားဖူးသေးသော အေးချို့။ သူ့ကို ဖျာပုံမြို့မှာပဲ အေးချို့ တွေ့ခဲ့သည်။ ဖျာပုံဆိုတာက အေးချို့အတွက် သူစိမ်းမြို့မဟုတ်။ အရင်တစ်ခါ ကျို့ကထီးရိုးဘုရားမှာတွေ့ခဲ့သော ချစ်သူက ဖျာပုံမြို့သူ မဟုတ်လား။ ခုလည်း အေးချို့တစ်ယောက် ချစ်သူတွေ့ခဲ့ပြန်ပါပြီ။ သူကလည်း ဖျာပုံသူ။

သူ့နာမည်က တင်တင်အုန်း။ တင်တင်အုန်း၏ မိဘများမှာ ဖျာပုံမြို့ မျက်နှာဖုံးလူကြီး၊ အမိန့်တော်ရ ရှေ့နေဦးသောင်းနှင့် ဒေါ်အေးကြည်။ တင်တင်အုန်းမှာ မောင်နမသုံးယောက်ရှိသည်။ အစ်မအကြီးဆုံး ဒေါ်ညွန့်ညွန့်၊ တင်တင်အုန်းနှင့် မောင်ငယ်ဖြစ်သူ မောင်လှမြင့်။

တင်တင်အုန်းတို့၏ ဖျာပုံမြို့သို့ ၁၉၄၀ ပြည့်နှစ် ကျောင်းပိတ်ချိန်မှာ အေးချို့တို့မိသားစု အလည်ရောက်ခဲ့သည်။ အဲသည်တုန်းက အေးချို့က ဝိဇ္ဇာဂုဏ်ထူးတန်းမှာ ပညာသင်ဆဲဖြစ်သည်။ ဖျာပုံမြို့နေ မိတ်ဆွေဟောင်း ဦးညွန့်တင်ထံသို့ အေးချို့နှင့် မိခင်ဒေါ်စိန်ရှင်၊ ညီမများ အလည်အပတ် ရောက်ခဲ့သည်။ တစ်နေ့တော့ ဦးညွန့်တင်က တင်တင်အုန်းတို့အိမ် ရောက်သွားရင်း အမှတ်တမဲ့ပြောလိုက်၏။

"တို့အိမ်လည်း တွဲတေးက ည့ေသည်တွေ ရောက်နေတယ်ကွ၊ ညနေကျရင် လမ်းလျှောက်ရင်း ဒီဘက် အလည်ခေါ်ခဲ့ဦးမယ်"

ဦးညွန့်တင် ဆိုတာက တင်တင်အုန်းတို့နှင့် မောင်နမလို ခင်နေသော ရပ်ဆွေရပ်မျိုး မဟုတ်လား။ သူ့အိမ်ရောက်လာသော ည့ေသည်ကို တင်တင်အုန်းတို့က ည့ေခံပြုစုရန် ဝတ္တရားရှိသည်။ သို့နှင့် အမှာစကား ဆိုထားရပြီ။

"ဟာ ... ခေါ်ခဲ့ပါ၊ အပျင်းပြေ စကားစမြည်ပြောရအောင်ပေါ့။ လက်ဖက်ရည်နဲ့ အမြည်းကောင်းကောင်း ပြင်ထားမယ်"

www.burmeseclassic.com

www.burmeseclassic.com

ညနေကျတော့ ဒေါ်စိန်ရွှင်နှင့် သားသမီးများ လာလည်ကြသည်။ ဘန်ကောက်ပုဆိုး၊ ၅၅၀၀ ပိုးအင်္ကျီလက်ရှည်ဖြင့် စတိုင်ထွားနေသော အေးချို့ကို အဲသည်တုန်းက တင်တင်အုန်း ပထမဆုံး မြင်ဖူးခဲ့သည်။ လူပုံက သိပ်ပြီး ပျော့ပျော့ပျောင်းပျောင်းမရှိ။ စကားပြောလျှင် ဘုကျမည့်ပုံမျိုး။ သို့သော် သူ့မျက်နှာကတော့ အပျိုအိမ်လာလည်ရလို့လားမသိ။ နှစ်လိုဖွယ် ပြုံးစစနှင့်။

နောက်တော့ ဒေါ်စိန်ရွှင်နှင့် မိသားစုကို တင်တင်အုန်းတို့အိမ်က ထမင်းဖိတ်ကျွေးသည်။ ထမင်းပွဲမှာ စေတနာဗရပွနှင့် တင်တင်အုန်းက လက်စွမ်းပြခဲ့သည်။ ပုစွန်တုပ်ကြော်ဆီပြန်၊ ငါးဖယ်ငါးဆုပ်ဟင်း၊ ကြက်သားကြော်၊ ချဉ်ရည်ဟင်းတို့ဖြင့် စားချင်စဖွယ် ဟင်းအမယ်တွေက စုံပါ၏။ ထမင်းဝိုင်းမှာ တက္ကသိုလ်ကျောင်းသား ကိုယ်တော်ချောက တင်တင်အုန်းကို ပြုံးစစနှင့်ခိုး၍ ခိုး၍ ကြည့်သည်။ ထမင်းဟင်း လိုက်ဖြည့်ပေးနေသော တင်တင်အုန်းက အစပထမမှာမသိ။ ပုစွန်တုပ်ကွေးကြော်ကြီးကို လှမ်းနှိုက်နေသော အေးချိုက တင်တင်အုန်းထံ ပြုံးပြုံးကြီး ကြည့်နေ၏။ သူ့ဘေးမှ အမေဒေါ်စိန်ရွှင်ကို အေးချို သတိမရ။ အနီးမှနမပျို့တွေကို အေးချိုမရှက်။ နုနုနွဲ့နွဲ့နှင့် မပြည့်တပြည့် ပြုံးနေသော အိမ်ရှင်အပျိုချောဆီသို့သာ သူက အပြုံးတစ်စကို လက်ဆောင်သနေပါရောလား။

ကြာတော့ ထမင်းပွဲ၌ ဧည့်ခံနေသူ တင်တင်အုန်းမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ တက္ကသိုလ်ကျောင်းသား ကိုရွှေချော၏ မျက်လုံးဒဏ်ကို မခံဝံ့ပြီ။ သို့သော် ထမင်းဝိုင်းမှ ရောင်ပြေးရ၍လည်း မဖြစ်။ အိမ်ရှင်ပီပီ ဧည့်ခံဖို့ ဝတ္တရားက ရှိသေးသည် မဟုတ်လား။

သည်လို အေးချိုတို့မိသားစုနှင့် တင်တင်အုန်းတို့မိသားစု ရင်းနှီးသွားကြပြီ။ နှစ်အိမ်တစ်အိမ် ရွှေလမ်းငွေလမ်း ဖောက်ကြ၏။ ဟိုကသည်လာ၊ သည်က ဟိုသွားနှင့် ဘုရားတွေလည်း ဖူးကြသည်။ နေ့လယ်တိုင်း အေးချို၏နှမ မစောနုတို့ တစ်တွေ အပျင်းပြေလာ

လည်ကြလျှင် တင်တင်အုန်း ခမျာ မနားရှာ။ လက်ဖက်သုပ်စားမလား။ မုန့်ဟင်းခါးသုံးဆောင်မလား။ ဆန္ဒယ်မကင်းကောင်းကောင်းနှင့် လက်ဖက်ရည်ကြမ်း သောက်ကြမလား။ ကျွေးရ မွေးရ ဧည့်ခံရနှင့် အားပဲမအားရရှာ။ နားပဲ မနားရပါ။

ညနေခင်း အချိန်များမှာတော့ သူတို့တစ်တွေ ဖျာပုံမြို့ မန်ကျည်းတန်းက ရွှေကူနတ်ဘုရား၊ မြောက်ပိုင်းဘုရား၊ မင်းကျောင်းကြီး၊ ခရေပင်စောက်ထိုး စသည်တို့ကို လည်ကြပတ်ကြသည်။

သည်မှာ ထူးထူးဆန်းဆန်း တွေ့ရသည်က ခရေပင်စောက်ထိုး။ ခရေပင်ကို စိုက်သည့်လူက စောက်ထိုးထား၍ လက်ဆော့ကာ စိုက်ခဲ့သည်ထင်ပါရဲ့။ အဲသည့် ခရေပင်ကြီးက အရွက်တွေ စောက်ထိုးထွက်၊ အပွင့်တွေလည်း စောက်ထိုးပွင့်ပြီး အမှတ်တရ ပြောစရာဖြစ်အောင် ရှိနေလေသည်။ ဒါကို အေးချိုက တော်တော်ပဲ သဘောကျနေသည်။ လောကကြီးကို ပြောင်းပြန်မြင်တတ်သော လူတစ်ယောက် ကြိုးပမ်းစိုက်ပျိုးခဲ့သည့် ထိုသစ်ပင်ကို သူအံ့သြနေ၏။

အေးချိုတို့ ဖျာပုံကို လာလည်ကြသည်က ဘာမျှမကြာ၊ ရက်သတ္တတစ်ပတ်လောက်ပဲ ရှိပါလိမ့်မည်။ သည်ရက်အတွင်းမှာ အေးချိုနှင့် တင်တင်အုန်းတို့ တွေ့ဆုံကြသည်မှာလည်း သုံးလေးကြိမ်ပဲ ဖြစ်ပါ၏။ အဲသည်လို တွေ့ပါလျက် နှုတ်ဆက်ရုံကလွဲလို့ စကားများများ မပြောဖြစ်ကြ။ စစ်ကြိုခေတ်က အပျိုလူပျိုတို့ ထုံးစံ၊ ပဝါတစ်ကမ်း လက်တစ်လှမ်းမှာ ဘာမျှဖွယ်ဖွယ်ရာရာ မပြောမိ။ မဆိုမိ။ မမေးမိ။ မမြွန်းမိ။

သို့သော် ...

အေးချိုတစ်ယောက် ဖျာပုံမှ ပြန်သွားပြီးနောက် တင်တင်အုန်းထံ စာတစ်စောင် ရောက်လာသည်။ ပို့စမင်းက "စာလာတယ် ခင်ဗျာ" ဟု ပြောပြောဆိုဆို စာတစ်စောင် လာပေးသွားတော့ တင်တင်အုန်း ကိုယ်တိုင် စာကိုလှမ်းယူလိုက်သည်။ ရောလို့လာ

www.burmeseclassic.com

www.burmeseclassic.com

သည့်စာက ကိုယ့်နာမည်နှင့်စာမှန်း သူ မသိသေး။ သို့သော်ဘယ်က စာပါလိမ့်။ အမှတ်မထင် စာအိတ်က လိပ်စာကို ကြည့်မိသည်။

တင်တင်အုန်း ... တဲ့။

စာအိတ်ထောင့်ကို ကြည့်လိုက်တော့ အေးချို၊ ရန်ကုန် တက္ကသိုလ်ဟု လက်မှတ်ထိုးထားသည်။ ဩော် ... တက္ကသိုလ်ကျောင်းသား ကိုယ်တော်ချောဆီက စာပေကိုး ...။ ဘာတွေများ ရေးလိုက်ပါလိမ့်။

စာထဲမှာ ထူးထူးထွေထွေ ဘာမှမပါ။ ဘုကျကျ၊ ခွခန်ဆန် သည်လိုပုဂ္ဂိုလ်ဆီမှ စကားလုံး အနုအစွတွေကို မျှော်စရာမရှိပါ။ ကြည့်လေ။ သူရေးလိုက်သောစာက တုံးတိတိ။ အဖွဲ့အနွဲ့ မရှိ။ ဖျာပုံက ပြန်လာကတည်းက အမြဲသတိရနေပါသတဲ့။ နောက် တစ်ခေါက် ဖျာပုံကို ထပ်လာချင်ပါသေးတယ်တဲ့။ ခုတော့ ကျောင်းစာတွေ ဖိကြိုးစားရဦးမယ်တဲ့။ ပြီးတော့ ... ပြီးတော့ ...။

ဒါပါပဲ။ အေးချိုဆီက မကြာခဏ စာလာသည်။ သူ့ထံက လာသော စာတွေထဲမှာ အပျိုဆီသို့ လူပျိုရေးသည်ဟန်၊ ညှာသံနွဲ့သံ စာတစ်ကြောင်းမှမပါ။ ဖတ်ရသည့်သူက စိတ်ကူးယဉ်ကြည့်ချင်လို့ ကြိုးစားသော်မှ စိတ်ကူးယဉ်စရာမရှိ။ ဘယ့်နယ်များ မာလိုက်တင်းလိုက်သည့် တက္ကသိုလ်ကျောင်းတော်သားကြီးလဲ။ ကြာတော့ သူ့ထံသို့ စာပြန်ရေးရမှာကိုပင် တင်တင်အုန်းခမျာ အားမရှိရှာ။

အေးချိုထံက သူငယ်ချင်းမိတ်ဆွေတစ်ဦးထံရေးသော စာချို့ကိုသာ တင်တင်အုန်းက ရနေပေမယ့် တစ်နေ့တော့ သတင်းစကား ထူးထူးဆန်းဆန်း ရောက်လာပါပြီ။ သည်စကားကို ဆောင်လာသူက အေးချို၏ အစ်မဝမ်းကွဲတော်သူ မသန်းတင်။

မသန်းတင်က တစ်နေ့တွင် တင်တင်အုန်းနှင့် လာတွေ့သည်။

သူ့မျက်နှာက ပြုံးစီစီနှင့် ဘယ်လိုအဓိပ္ပာယ် ရှိသလဲမသိ။ သူ့အမူအရာကြည့်တော့ တစ်ခုခု ထူးခြားပြီး ထင်တယ်ဟု တင်

တင်အုန်းက တွေးမိသည်။ ဘာလဲတော့မသိ။ ညည်းကို တိုးတိုးပြောစရာ ရှိတယ်အေ့ ...ဟု မသန်းတင်က လာပြောသည်။

တင်တင်အုန်းမှာ မသန်းတင်စကား ကြားတော့ ဘာပြန်ပြောရမှန်းမသိ။

ဘာသတင်းစကား ကြားရမည်ဟုလည်း မမှန်းဆမိ။

"ပြောစရာရှိလည်း ပြောလေ၊ မြန်မြန်ပြော ... ခုပြော"

သည်လိုပဲ တင်တင်အုန်းက ရယ်ရယ်မောမော ပြန်ပြောမိသေးသည်။

"ငါ ပြောပါ့မယ်အေ။ ငါ တကယ် ပြောလိုက်တော့သာညည်းက ဆေးမျှားမနေပါနဲ့။ ညည်းကို နှစ်ကိုယ်ကြားပြောဖို့ ငါ လာခဲ့တာအေ့ ..."

မသန်းတင်က တကယ်ပြောသောအခါ တင်တင်အုန်းမှာ ဘာပြန်ဖြေရမှန်း မသိတော့။ မသန်းတင် ပြောသည်မှာ တက္ကသိုလ်ကျောင်းသားကြီး အေးချိုက တင်တင်အုန်းကို မေတ္တာသက်ဝင်ချစ်ခင်နေသည့်အကြောင်း။ ပြီးတော့ တင်တင်အုန်းသာ သဘောတူမည်ဆိုလျှင် မိဘများကိုစေလွှတ်ပြီး စေ့စပ်ကြောင်းလမ်း တောင်းရမ်းလိုသည့် အကြောင်း။

တစ်နေ့သောအခါ ဤသောင်းကမ်းသို့ တည့်တည့်ကြီးဆိုက်လာမည်ကို တင်တင်အုန်းက မသိမဟုတ် သိပါ၏။ ဒါပေမဲ့ အေးချိုထံက လာသည့်စာတွေမှာ ထူးထူးခြားခြား ဘာမှမပါသေး။ မိမိပြန်ရေးနေသော စာတွေမှာလည်း မိတ်ဆွေသူငယ်ချင်းသဘောက တစ်လက်မမျှ ရှေ့မတိုးသေး။ သို့နှင့် အေးချိုထံမှ မေတ္တာစကားကို ကြားရမည် မဟုတ်သေးဟု တင်တင်အုန်းက ထင်နေသည်။ ခုတော့ ဇွန်းစားကြီး ကြားရပြီ။

တင်တင်အုန်းခမျာ မိန်းမချင်းပေမယ့် ဘာပြန်ပြောလို့ပြောရမှန်းမသိ။

ရှက်မိသလိုလို၊ ပျော်မိသလိုလို။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲအေ ... ငါ့မောင်ဆီကို ဘယ်လို အကြောင်းပြန်လိုက်ရမှာလဲ၊ တင်တင်အုန်း သဘောကိုပြောဦး၊ ညည်းသဘောတူရင် သူ့မိဘတွေလာပြီး စေ့စပ်ကြောင်းလမ်းကြမယ်"

သည်တော့လည်း တင်တင်အုန်းအနေဖြင့် ဘာမှပြန်ပြောရန်မရှိ။ ဗိုင်ကောင်းကျောက်ဖိဘဝမှာ နေခဲ့သူ မဟုတ်လား။ မိဘတွေကို ကျော်လွန်ပြီး ဘာမှပြောရန်မရှိ။ ဘာမျှဆိုရန်မရှိ။ သို့နှင့် မယုတ်မလွန်သောစကားကို ပြောရပြီ။

"အဖေအမေတို့ သဘောကို မေးပါတော့။ အဖေအမေတို့ သဘောတူရင် ကိုအေးချိုကို ငြင်းရန်မရှိပါ"

အဲသည့်နောက်တော့ အင်းဝဆောင်နေ အေးချိုထံမှ ယုဂပုံမြို့သို့ စာတွေပလူပျံအောင် ရောက်လာပါပြီ၊ တင်တင်အုန်းကလည်း တက္ကသိုလ်ကျောင်းတော်သားကြီးထံသို့ စာမှန်မှန် ပြန်ရေးသည်။ အေးချို၏ အဆိုက နေ့ကောင်းရက်သာ ရွေးပြီးတော့ မိဘတွေကို စေ့စပ်ကြောင်းလမ်းရန် လွှတ်ချင်လှပြီတဲ့။

တင်တင်အုန်းအနေဖြင့် အေးချိုသဘောကို လွန်ဆန်ရန်မရှိ။ အေးချိုဆန္ဒကို ငြင်းဆန်ရန်မရှိ။ တင်တင်အုန်းက ချစ်သူဘဝ ရောက်လာသော အေးချိုကို "ကိုကို"ဟုခေါ်သည်။ အေးချိုက တင်တင်အုန်းကို "တင်တင်"ဟု အမြဲတမ်းနီး ပြန်ခေါ်သည်။ သို့နှင့် စေ့စပ်ကြောင်းလမ်းရန် ကိစ္စအတွက် တင်တင်အုန်းက အေးချိုထံ စာပြန်လိုက်၏။

"ဘာမဆို ကိုကို့သဘောပါပဲ၊ ကိုကိုသဘောကျ စီမံပါ။ ကိုကို့အစီအစဉ်အတိုင်း တင်တင်လိုက်နာဖို့ အသင့်ပါကိုကို၊ ဘာဖြစ်လို့လဲဆိုတော့ တင်တင်က ကိုကိုကို ချစ်လို့ပါရှင့်"

သည်လိုနှင့် အေးချိုနှင့် တင်တင်အုန်းတို့ နှစ်ဦးကြားမှာ ချစ်ပင်ပျိုးလို့ ချစ်မိုးတွေ ဖွဲခဲ့ကြသည်။ ကိုကိုက တင်တင်ထံသို့ စာမှန်မှန်ရေးသည်။ စာမှန်မှန်ဆိုရာ၌ ရက်သတ္တတစ်ပတ် တစ်ကြိမ်လည်း ရေးသည်။ နှစ်ကြိမ်လည်း ရေးသည်။ နေ့စဉ်ရက်

ဆက် ရေးချင်လည်း ရေးသည်။ သူ့ရင်ထဲမှာ ပြောချင်တာရှိလျှင် စာအရှည်ကြီးကို မည်သည်းတမ်း ရေးတတ်သည့် ကိုကို။

ခုတော့ အေးချိုတို့အချစ်က အနှစ်ပါပါ၊ အကာမရှိ၊ အဓိပ္ပာယ်အပြည့်ဖြင့် ချစ်သည်ဟု ဆိုပါရစေ။ သည်တော့ မေးကြပါလိမ့်မည်။ ဟိုငယ်ငယ်တုန်းက သိမ်ကြီးဈေးက မမကို ချဉ်ချဉ်တူးတူးမူးမူးမိုက်မိုက် အချစ်မျိုးလား။ မဟုတ်ပါ။ အဲသည့်အချစ်မျိုးကို အေးချို မချစ်တတ်ပါ။ ဒါဖြင့်ရင် ကျိုက်ထီးရိုးဘုရားဖူးသွားရင်း မီးရထားပေါ်မှာတွေ့။ လမ်းခရီးမှာ ချစ်ခဲ့သည့် တဒင်္ဂတွေ တစ်ဈေးတွင်းမှာ ချစ်ခဲ့သည့် အချစ်မျိုးပေလား။ သည်လိုလည်းမဟုတ်ခဲ့ပါ။ ခု တင်တင့်ကို ချစ်သည့် ကိုကို့အချစ်က ကျိုက်ထီးရိုးခရီးသွားအချစ်နှင့် လားလားမျှမတူ။ အမှုကွဲ အဆင်ကွဲ အသွင်အပြင်အားလုံး ကွဲပြားသည့် "အသည်းနှလုံးကြားက ရှားပါးသည့် အချစ်"။

ကြည့်လေ။ တင်တင်အုန်း၏ အလှမှာ မြင်ရသူတိုင်း ငေးမောရမည့်အလှမျိုး။ အရပ်အမောင်း ကောင်းသည်။ ချောမောသည်။ အပြောအဆို စကားအရာ လိမ္မာယဉ်ကျေးသည်။ အနုပညာကို စာပေဂီတကို ဝါသနာထုံသည်။ တိုင်းချစ်ပြည်ချစ်စိတ် ရှိသည်။ ကျောင်းသူဘဝမှာတုန်းက ရတုရကန်၊ ဧချင်း၊ လက်ာ၊ ကဗျာ စာပေတို့နှင့် ရင်းနှီးခဲ့သည်။ သပိတ်အရေးအခင်းတွေပေါ်တော့ ရွှေတန်းကနေ၍ တင်တင်အုန်း ပါဝင်ခဲ့သည်။ ထိုအရည်အချင်းမျှနှင့်ပင် တင်တင်အုန်းမှာ မိမိနှင့် ဝါသနာတူ စိတ်တူသဘောတူ ဖြစ်ပြီ။

အိမ်မှုကိစ္စ အဝဝဘက်က ကြည့်ဦးမလား။ အချက်အပြုတ်ဆိုလည်း တင်တင်အုန်း။ အချုပ်အလုပ်ဆိုလည်း တင်တင်အုန်း။ မိဘမောင်နမတွေ၏ လူမှုရေးကိစ္စအဝဝ ဆောင်ရွက်ဖို့ဆိုလည်း တင်တင်အုန်း။ သည်လို မိန်းမမျိုးကိုမှ အေးချိုက တန်ဖိုးမထား လျှင် ဘယ်သူ့ကိုများ တန်ဖိုးထား ချစ်ရတော့မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

သည်တော့ ခု တင်တင့်အပေါ် အေးချိုချစ်သည့် အချစ်က ဘဝကိုပုံအပ်မည့် အချစ်မျိုး။ အသည်းနလုံးက ပြိုးပြိုးကြီးချစ်မည့် အချစ်မျိုး။

သူကလွဲလျှင် သည်ကမ္ဘာမြေပြင်မှာ ဖွဲ့နွဲ့ဆန်ကွဲပါပဲဟု ဝန်ခံစကား ဆိုရမည့်အချစ်။

ကဲ ... သတို့သားဘက်ကချည်း အမွှန်းတင် သရုပ်ဖော်နေ၍ မဖြစ်သေး။ တင်တင်အုန်းက တက္ကသိုလ်ကျောင်းတော်သားကြီး ကိုအေးချိုအပေါ် ထားရှိသော မေတ္တာတော်အနန္တ ကို ကျကျနန အကဲဖြတ်ပါဦး။ သေသေချာချာ ဆန်းစစ်ပါဦး။ ပြည့်ပြည့်စုံစုံ ခြုံငုံ၍ ဝေဖန်ပါဦး။

သည်ဘက်ကိုတော့ မမေးနှင့်တော့။ မပြောနှင့်တော့။ မဝေဖန်နှင့်တော့။ ကိုကို့အပေါ် တင်တင်ချစ်သည့် အချစ်မျိုးက ခေတ်စကားနှင့် ဖွဲ့ရသော် တစ်ကမ္ဘာမှာ တစ်ကြိမ်တစ်ခါသာပွင့်သည့် ပန်းလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တင်တင်အုန်းမှာ အသက်နှစ်ဆယ်ကျော် တစ်နှစ်စွန်းမှပဲ လွန်းတာကိုသိသည်။ ချစ်တာကိုနားလည်သည်။ အောက်မေ့သတိရခြင်းများ၏ ကြည်နူးဖွယ်အရသာကို ရင်မှာခံစားတတ်လာသည်။ ကျောင်းသူဘဝမှာ ဆယ်တန်းသာရောက်ခဲ့သည်။ ရည်းစားမထားဘူးခဲ့။ ချစ်သူမရှာဘူးခဲ့။ ကန်းကုန်အောင် ပြောရသော် ယောကျ်ားကလေး သူငယ်ချင်းများနှင့်ရင်းနှီးကျွမ်းဝင်မှုပင် ပြောပလောက်အောင် မရှိခဲ့။

သည်လိုနေတတ်သည့် မိန်းမပျိုကလေးက ကိုကို တက္ကသိုလ်ကျောင်းသားကြီးနှင့် တွေ့တော့မှာပဲ အချစ်ဆိုသော သဘောတရားကို အချိုလား၊ အချဉ်လား သိရပြီ။ အချစ်၏ အရသာကို မြည်းစမ်းကြည့်ရပြီ။ အချစ်ဆိုတာ အသည်းနလုံးထဲက ပွင့်ဖူးလာသော ပန်းတစ်ပွင့်ပါလားဟု သေချာကျန နားလည်ရပြီ။ သည်တော့လည်း အေးချို အပေါ် ချစ်ရသည့် တင်တင်အုန်း အချစ်က တစ်သက်မှာ တစ်ခါတည်းသာ ပေါ်ဖူးသည့် အချစ်။ တူနိုင်မယ် မထင်ကြနှင့်

ကိုးဆယ်ဆကွာမည့်အချစ်။ ကိုကိုမှလွဲလျှင် တွေ့မြင်နေရသော ယောကျ်ားတွေကို ယောကျ်ားဟုပင် မမြင်နိုင်တော့သော အချစ်။

အဲသည်လို ကိုကိုနှင့် တင်တင်တို့ မိုးမမြင် လေမမြင်၊ နေကိုတောင်မမြင်ဘဲ ချစ်နေကြပြီ ဖြစ်ပါ၏။ သို့သော် ...

သည်သို့သော်က စာလုံးကလေး နှစ်လုံးတည်းနှင့် တကယ်ပဲ ကျယ်ဝန်းသည့် "သို့သော်"

ဒုတိယကမ္ဘာစစ်ကြီး စတင်ခဲ့ပြီ။

မြန်မာပြည်နိုင်ငံရေးအခြေအနေက ကသောင်းကနင်း ဖြစ်စပြုလာ၏။ ဗြိတိသျှအစိုးရမှာ မျောက်မီးခဲကိုင်မိသလို ဘာကိုလုပ်၍ ဘယ်သို့ဂ ဲတည်ရမည်လည်း မသိနိုင်တော့။ ဂျပန်နိုင်ငံမှ ထိုးစစ်ကြီးလာ ဝ့်မည်။ မြန်မာလူငယ်သုံးဆယ်တို့ ဦးစီးသော ဗမာ့လွတ်လပ် ရေးတပ်မတော်ကြီးလည်း ထိုင်းနိုင်ငံမှ မြန်မာပြည်တွင်းသို့ ချင်းနင်းဝင်ရောက်လာကြပြီ။

သည်အချိန် ရန်ကုန်တက္ကသိုလ် ကျောင်းတော်ကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ပြီ။

အေးချိုလည်း ကျောင်းပိတ်တော့ တွံတေးပြန်သွား၏။ တွံတေးရောက်မှ ဖျာပုံသို့ ပြေးသွားခဲ့သည်။ စစ်ဖြစ်နေပြီဆိုတော့ အင်္ဂါ ငါအုန်းနှင့် မိမိကို စေ့စပ်ကြောင်းလမ်းဖို့ အရေးကိစ္စကို အဇရံဃနားဦးစို့။

နိုင်ငံရေးအခြေအနေက ဘာဖြစ်မည်မသိသေး။ နိုင်ငံတော်လွတ်လပ်ရေးအတွက် ဘီအိုင်အေတပ်မတော်ကြီး ချီတက်လာပြီတဲ့။ သည်တပ်မတော်ကြီးမှာ စစ်သားလိုလျှင် ကိုကိုတို့အိမ်မှာ နေ၍ မဖြစ်သေး။ အရေးကြုံလျှင် သက်လုံ ကောင်းရမည်။ တပ်မတော်ဆိုလို့ မုချဝင်ရလိမ့်မည်။ သည်တော့ အချစ်ရေးနှင့် နိုင်ငံရေးကို ယှဉ်၍မရ။

နိုင်ငံရေးသည် ပထမ၊ နိုင်ငံရေးသည် ဒုတိယ၊ နိုင်ငံရေးသည် တတိယ။

www.burmeseclassic.com

www.burmeseclassic.com

အေးချို့က ချစ်သူ တင်တင်အုန်းကို သည်လိုပဲ ရှင်းပြသည်။ အများသူငါ နိုင်ငံတော်အတွက် အသက်စွန့်၍ စစ်ထဲဝင်ချိန်မှာ ကိုယ်က တစ်ကိုယ်ကောင်းဆန်ဆန် ချစ်သူနှင့် အိမ်မှာပုန်းနေ၍ မဖြစ်။ အရေးတော်ပေါ်လျှင် ပျော်ပျော်ကြီးလိုက်၊ ပျော်ပျော်ကြီး စစ်တိုက်ရလိမ့်မည် မဟုတ်လား။

သည်တော့ တင်တင်အုန်း ဘာမှုမပြောသာ။ မိမိကိုယ်တိုင် ကျောင်းသူဘဝတုန်းက လက်သီးလက်မောင်းတန်း၍ နိုင်ငံ့အရေး အခင်းတွေမှာ ပါဝင်ခဲ့သည်။ အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဆိုတာ ရင်ထဲမှာအပြည့်။ နိုင်ငံတော်ကို ကိုကိုချစ်သလောက် တင်တင်လည်း ချစ်သည်။ ကိုကို တန်ဖိုးထားသလောက် တင်တင်လည်း တန်ဖိုးထားသည်။ ကိုကို စွန့်ဝံ့သလောက် တင်တင်လည်း စွန့်ဝံ့ရမည်လေ။ သည်တော့ နိုင်ငံတော်အတွက် မားသွေးရမည့်အချိန်မှာ ကိုကိုနှင့်တင်တင်တို့ အချစ်ရေးကို ဦးစားမပေးနိုင်သေး။ ရှိုမစေ။ တစ်ခုသော အချိန်အတိုင်းအတာအထိ တင်တင် စောင့်မည်။ ကိုကို့ကို စောင့်မည်။ တိုက်ပွဲက ပြန်လာမည့် ချစ်သောကိုကိုအား ပန်းသပြေနှင့် ညောင်ရေလောင်းလို့ တင်တင် စောင့်ပါမည်။

❁ ❖ ❁

ဒါပါပဲ။ ဗိုလ်အေးချို့နှင့် တင်တင်အုန်းတို့၏ တစ်ခုသော အချစ်ဇာတ်လမ်းက သည်လိုပါပဲ။ ဗိုလ်အေးချို တစ်ယောက် ဘီအိုင်အေတပ်မတော်သို့ ဝင်သွားပြီဆိုသော သတင်းကို တင်တင်အုန်း ကြားလိုက်သည်။ အကြောင်းမသင့်လို့ ထင်ပါရဲ့၊ ကိုကို့ထံမှ စာတစ်စောင်မျှ တင်တင်မရ။ ဘီအိုင်အေ ရေကြောင်းရီတပ်ကြီး အထက်အညာသို့ ချီတက်သွားစဉ်ကလည်း တင်တင်နှင့် ကိုကိုတို့ မတွေ့လိုက်ရ။ ခုတော့ တင်တင်အုန်းခမျာ ချစ်သောသူ ကိုလူချော ဘယ်အချိန် ဘယ်ကာလ ပြန်လာမည်မသိ။ မျှော်တော်ခေါ်နှင့်

မောသည်တော့ အမှန်။ ရင်မှာနွမ်းလို့ လွမ်းသည်တော့ အမှန်။ ဒါပေမဲ့ လွမ်းစိတ်ကို ဖြေပါ၏။ အောင်ပွဲရလို့ တပ်နားချိန်မှာ ကိုကိုတစ်ယောက် အပြေးရောက်လာမှာပါလေ။

သည်အချိန် ဗိုလ်အေးချို အနေဖြင့် တင်တင်အုန်းကို လွမ်းနေပါသည်။ သို့သော် ခုအချိန်က မန္တလေးမှာ ဘီအိုင်အေတပ်တွေ စုပေါင်းနေရာယုဆဲဖြစ်သည်။ သတင်းတစ်ခုကိုလည်း ကြားနေရသည်။ ဘီအိုင်အေတပ်မတော်ကို အမြန်ဆုံး ဖျက်သိမ်းမည်။ ပြီးတော့ ဗမာ့ကာကွယ်ရေးတပ်မတော် အမည်ခံယူသော ဘီဒီအေ တပ်မတော်သစ်ကို စနစ်တကျ ဖွဲ့စည်းတော့မည်။

သည်သတင်း အမှန်ပင်ဖြစ်၏။ ဘီအိုင်အေတပ်မတော်ကြီးမှာ လက်ရှိအခြေအနေအတိုင်းဆိုလျှင် ရှေ့ခရီးကို ဆက်ဖို့မလွယ်ကူ။ ကြည့်ပါ။ တပ်မတော်အတွင်းမှာ လူတန်းစားပေါင်းစုံ ပါဝင်သည်။ လူမျိုးပေါင်းစုံ ပါဝင်သည်။ အကျင့်စာရိတ္တ ကောင်းသူ၊ မကောင်းသူ၊ စိတ်သဘောထား မြင့်မြတ်သူ၊ နိမ့်ကျသူမျိုးစုံ ရောနေသည်။ ကျန်းမာသူလည်းပါသည်။ မကျန်းမာသူလည်းပါသည်။ ဘုန်းကြီး လူထွက်လည်းပါသည်။ အင်္ဂလိပ်တပ်လက်ကျန် စစ်သားလူထွက် တွေလည်းပါသည်။ အဲသည်လို လူမျိုးပေါင်းစုံ၊ လူ့အလွှာပေါင်းစုံက အကျင့်စာရိတ္တပေါင်းစုံပါဝင်သော တပ်မတော်ကြီးမှာ ဥပဒေလျော့နည်းသည်။ ချမှတ်ပေးသော စည်းကမ်းဘောင်ကို လိုက်နာနိုင်သူ ရှားပါးသည်။ ဒါက တစ်ချက်။

ဘီအိုင်အေတပ်မတော်မှာ သည်မျှ လူအင်အားများနေသည်ကို ဂျပန်တပ်မတော်က မရှုဆိတ်နိုင်။ ဘီအိုင်အေတပ်မတော်ကြီး အင်အားတောင့်တင်းနေလျှင် မိမိတို့ အကိုင်ရအတွယ်ရ ခက်လိမ့်မည်။ ဒါကိုလည်း ဂျပန်အာဏာပိုင်များက သိသည်။ သို့နှင့် ဘီအိုင်အေတပ်မတော်ကို ပြန်လည်ဖွဲ့စည်းဖို့၊ ဗိုလ်ချုပ်အောင်ဆန်းကို ဂျပန်အာဏာပိုင်တွေက အမြဲသတိပေးသည်။ တိုက်တွန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com

အရေးအကြီးဆုံးကတော့ ဗိုလ်ချုပ်ဆောင်ဆန်း အနေဖြင့် ကျစ်လျစ်ခိုင်မာသော တပ်မတော်ကို လိုချင်သည်။ သဘောတရား ပြည့်ဝသော တပ်မတော်ကို မျှော်ကိုးသည်။ စစ်ပညာ၊ အရည်အသွေး ထက်မြက်သော တပ်မတော်ကို အားထားသည်။ ထို့ကြောင့်ပင် ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းမည်။ ကျစ်လျစ်ခိုင်မာသော ဘီဒီအေတပ်မတော်ကို ဖွဲ့စည်းစို့။

ဘီအိုင်အေတပ်မတော်ကို ဖျက်သိမ်းကြောင်း ကြေညာလိုက်ပြီ။ ပြီးတော့ ဘီဒီအေခေါဗမဉ္ဇာကကျယ်ရေးတပ်မတော်ကို မန္တလေးဖြို့မှာပင် စနစ်တကျ ဖွဲ့စည်းခဲ့သည်။ ထိုအခါ ဗိုလ်အေးချို့က တပ်ရင်း(၁)တွင် ပါဝင်ခဲ့သည်။ ဘီဒီအေတပ်များ ဖွဲ့စည်းပြီးသည်နှင့် ဗိုလ်အေးချို့တို့ တပ်ပေါင်းစုကို ပျဉ်းမနားသို့ အမြန်ဆုံးပို့ပေးစေ၏။ ပျဉ်းမနားရှိ ဘိုကိတ်ခြံမှာ ဘီဒီအေတပ်များ စခန်းချကြသည်။ သည်လို စခန်းကျနေချိန်မှာ ခွင့်ရက်တိုရသဖြင့် ဗိုလ်အေးချို့ တစ်ယောက် တွဲတေးသို့ အမြန်ဆုံး ပြန်ပြေးလာခဲ့သည်။

တွဲတေး ပြန်လာသည့် ရည်ရွယ်ချက် အမှတ်(၁)က မိမိ ကျန်းကျန်းမာမာရှိကြောင်း မိဘညီအစ်ကို ဆွေမျိုးတွေ သိစေဖို့။ ရည်ရွယ်ချက်အမှတ်(၂)ကတော့ ချစ်သူ တင်တင်အုန်းကို လူကြီးစုံရာနှင့် သွားရောက်တောင်းရမ်း စေ့စပ်ပေးဖို့။

ဗိုလ်အေးချို့ တွဲတေးရောက်ရောက်ချင်း သူ့ကို မိန်းမတောင်းပေးပါဟု ဖြန်းစားကြီးပဲ ဆိုနေပြီ။ မိဘတွေမှာ ငိုအားထက် ရယ်အားသန်လို့ သားတော်မောင် စစ်ဗိုလ်လူချောကြီးကိုကြည့်ပြီး မေးရ မြန်းရသည်။

ဒေါ်စိန်ရှင်က ... "နေပါဦး ... သား၊ မင်း အခုအိမ်ပြန်လာတာက အမေတို့ကို သတိရလို့လား၊ ရည်းစားကို အောက်မေ့လို့လား"

ဗိုလ်အေးချိုက "အမေတို့ကို သတိရလို့၊ တင့်တင့်ကိုလည်း အောက်မေ့လို့ပေါ့ အမေရဲ့"

"မင်း တပ်ကခွင့်မရလို့ ပြန်မယ်ဆိုတော့ စေ့စပ်တဲ့ဆီသားက မလိုက်တော့ဘူးလား"

"လိုက်လို့မဖြစ်ဘူး အမေ၊ ဟိုမှာ တပ်တွေ ပြန်ဖွဲ့ပြီးစ အလုပ်များနေကြတယ်။ အဲဒါ ကျွန်တော် အမြန်ဆုံး ပြန်ရမယ်။ တပ်တွေ နေသားတကျရှိရင် ကျွန်တော် ကြာကြာခွင့်ရမယ်၊ အဲဒီတော့မှ ဖျာပုံကို လာခဲ့မယ်လို့ ပြောပေးပါ"

ဗိုလ်အေးချို့တို့ လုပ်ပုံများတော့ ရာဇဝင်မှာ တွင်ပါလေရော။ သူ့ကို တင်တင်အုန်းနှင့် စေ့စပ်ဖို့အရေးအခင်းမှာ သတို့သားက မပါနိုင်ဖြစ်ရသည်။ သတို့သားမှာ ဘီဒီအေတပ်တာဝန်များအရေး ကိစ္စရှိနေလေတော့ သူ စိစဉ်သည့်အတိုင်းပဲ လူကြီးတွေလိုက်လုပ်ကြရသည်။

သို့နှင့် ၁၉၄၃ ခုနှစ် နှစ်ဆန်းမှာ ဗိုလ်အေးချိုနှင့် တင်တင်အုန်းတို့ စေ့စပ်ကြောင်းလမ်းခြင်း အခမ်းအနားကို ဖျာပုံမြို့မှာ ကျင်းပကြရသည်။ တွဲတေးမှ ဦးတင်-ဒေါ်စိန်ရှင်နှင့် ညီမတွေ ဖျာပုံသွားပြီး ဦးညွန့်တင်တို့အိမ်မှာ တည်းကြရသည်။ ဦးတင်နှင့်အတူ ဗိုလ်အေးချို့၏ယောကျ်ဖ ဦးမောင်မောင်(မစောနု၏ခင်ပွန်း)လည်း ပါလာသည်။

စေ့စပ်ပွဲကတော့ ထူးဆန်းထွေလာ ဘာမျှမရှိပါ။ ဗိုလ်အေးချိုနှင့် တင်တင်အုန်းတို့ လူငယ်ချင်းကလည်း မေတ္တာမျှခဲ့ကြပြီးပြီ။ လူကြီးချင်းအနေဖြင့်လည်း ခင်မင်ရင်းနှီးမှု ရှိကြပြီးပြီ။ သည်တော့ သင့်တော်သော အချိန်တစ်ချိန်မှာ လက်ထပ်မင်္ဂလာပွဲကို ကျင်းပကြဖို့ပဲ ဖြစ်သည်။ သို့သော် စေ့စပ်ပွဲမှာတော့ သတို့သား အေးချိုက ပါမလာတော့ တော်တော်လည်း ပြောခက်ပါဘိ။ လက်ထပ်မင်္ဂလာပွဲကို ဘယ်အချိန် ဘယ်ကာလမှာ ကျင်းပကြမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်။ ဘယ်သူမှ ရက်မကန့်သတ်နိုင်ကြ။ သတို့သားလူပျိုတော်ကို ပျဉ်းမနားက ပြန်လာမည့်အခါကျမှ သေချာပေါက်တော့မည်။

www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်ကြောင်းလမ်းပြီးလို့ ရက်အတော်ကြာမှပဲ သတို့သားကိုလူချောက ဖျာပုံသို့ ပေါက်ချလာ၏။ ဗိုလ်အေးချို ဖျာပုံသို့ ရောက်လာသောအခါ သူ့မှာ ဘီဒီအေတပ်ဗိုလ်ယူနီဖောင်းအပြည့်အစုံနှင့် တင့်တည်ခန့်ညားနေသည်။ ပြောင်ချောနေသော သားရေခြေပတ်၊ သပ်ရပ်ခန့်ညားသော စစ်ယူနီဖောင်း၊ အရောင်တလက်လက် ထွက်နေသော ရွှေကြယ်ပွင့်နှင့် ရွှေလိုင်းတံဆိပ်များ။ ပြီးတော့ ရှည်လျားထည်ဝါသော ဂျပန်ဓားရှည်ကြီးရယ်။

ဘီဒီအေတပ်ဗိုလ်ကြီး ဗိုလ်အေးချို့တစ်ယောက် ချစ်သူထံ အပြေးရောက်လာတော့ တင်တင်အုန်းခမျာ ပျော်လိုက်ပါဘိ။ နေနိုင်လိုက်သည့် ကိုကို။ စစ်ထဲလိုက်သွားသည့်နေ့ကစ၍ စာတစ်စောင်မျှမပေး။ သတင်းလေးတစ်ပုဒ်မျှ မရောက်လာ။ ဘယ်ဆီမှာနေ၊ ဘယ်မြေကိုရောက်၊ ဘယ်ခရီးကို ပေါက်ခဲ့သလဲ၊ တင်တင်မသိရ။ ဒီကတော့ နေ့စဉ်ပဲ ပန်းသပြေနှင့် ညောင်ရေလောင်းရသည်။ ဗုဒ္ဓမြတ်စွာထံပါးမှာ ဆုတွေအများကြီး တောင်းရသည်။ ချစ်သူကိုကို တစ်ယောက် ဘေးမသီပါစေနဲ့။ ရန်မခပါစေနဲ့။ အန္တရာယ်အပေါင်းက လွတ်ပါစေ။ ကင်းပါစေ။ ရှင်းပါစေ။

ဗိုလ်အေးချို ချစ်သူထံသို့ ပြန်လာခွင့်ရသည်မှာ ရက်ကတိုတို ကလေးရယ်။ ဗိုလ်အေးချို ကိုယ်တိုင်က တင်တင်အုန်းတို့အိမ်မှာ မတည်းခိုပါ။ စေ့စပ်ကြောင်းလမ်းပြီးပြီဆိုလို့ လိုသည်ထက် အခွင့်အရေးကို မယူချင်။ သင့်တင့်လျောက်ပတ်သည့် မိတ်ဆွေကိုညွှန်တင်တို့အိမ်မှာပဲ တည်းခိုသည်။

ချစ်သူနှစ်ယောက်ကတော့ ဘွဲ့ရသမှု အချိန်ကလေးမှာ အတိုးချပြီး ချစ်စကားတွေပြောကြသည်။ ဗိုလ်အေးချို့က ရေတန်းချိုဘိုအိုင်အေတပ်နှင့် လိုက်ပါရင်း တင်တင့်ကိုလွမ်းရပုံတွေပြော၏။

တင်တင်က ချစ်သူစစ်ဗိုလ်ကြီးကို မျှော်ရ လွမ်းရ တမ်းတရသည်များကို စာဖွဲ့လို့ပြောပြသည်။ ဗိုလ်အေးချို့ တစ်ယောက် တပ်ထဲမှာ ဟင်းကောင်းမစားရဘူးဆိုတာ သိတော့ တင်တင်အုန်းမှာ

စားကောင်းသောက်ဖွယ်တွေ ချက်ရ၊ ပြုတ်ရ၊ ကြော်ရ၊ လှော်ရနှင့် မီးဖိုထဲကပဲ ထွက်ရသည်မရှိ။ ဒါပေမဲ့ သူ့ခမျာ မမောနိုင်ရှာ။ ချစ်သောကိုလူချောကြီး ထမင်းစားလို့ မြိန်တယ်ဆိုလျှင် တင်တင်အုန်းမှာ မောသည်မသိ။ ပန်းသည်မရှိ။ ပျော်လှပါ၏။

"ကိုကိုတို့ တပ်မတော်လည်း နေသားတကျ မရှိသေးဘူး။ တိုင်းပြည်အခြေအနေကလည်း ဘာမှမသေချာသေးဘူး။ ဂျပန်တပ်တွေနဲ့ ဘီဒီအေတပ်မတော် ဆက်ဆံရေး အခြေအနေတွေလည်း သိပ်မကောင်းသေးတော့ ..."

ဗိုလ်အေးချို့က မပြန်ခင် တင်တင်အုန်းကို နှစ်ကိုယ်ကြားစကားတွေ အများကြီး ပြောသွားသည်။ ဂျပန်–မြန်မာပဋိပက္ခ၊ ကတိပျက်သော ဂျပန်ခေါင်းဆောင်များ၊ ဂျပန်ကိုတွန်းလှန်လိုသော မြန်မာလူထုနှင့်၊ နောင် ဖြစ်လာနိုင်သည့် နိုင်ငံရေးအခြေအနေတစ်စွန်းတစ ... စသည်ဖြင့် ...။

"အခြေအနေတွေ ကောင်းတာနဲ့ ကိုကို ခွင့်ယူပြီး အမြန်ဆုံး ဖျာပုံကိုပြန်လို့ တင့်တင့်နဲ့ လက်ထပ်မယ်နော်၊ ကိုကို ပြန်မယ့်ရက်ကို လက်ချိုးပြီး စောင့်နေနော် ... စောင့်နေ"

ဗိုလ်အေးချို့ ပြောသွားသည့် စကားတွေအများကြီးထဲမှာ တင်တင်အုန်း နားထဲ၌ အချို့သာဆုံးနှင့် အစွဲလမ်းဆုံး စကားလုံးများ ဆိုပါစို့။

(၇)

ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်ချင်တိုင်း ဝင်ခွင့်မရ။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ လက်ရွေးစင်တပ်မတော်သားများကို ဆေးစစ်ပြီး လိုသရွေ့အရေအတွက်ကိုသာ ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗမာ့ကာကွယ်ရေးတပ်မတော်ကို တပ်ရင်းသုံးရင်းခွဲပြီးဖွဲ့စည်းခြင်းဖြစ်သည်။ တပ်ရင်း(၁)တွင် တပ်ရင်းမှူးအဖြစ် ဗိုလ်မှူးနေဝင်းနှင့် ဒုတိယတပ်ရင်းမှူးက ဗိုလ်မှူးလရောင်။ တပ်ရင်း(၂)တွင် တပ်ရင်းမှူးက ဗိုလ်မှူးရန်နိုင်နှင့် ဒုတိယတပ်ရင်းမှူး ဗိုလ်မှူးအောင်။ တပ်ရင်း(၃)တွင် တပ်ရင်းမှူးက ဗိုလ်မှူးဒေယျနှင့် ဒုတိယတပ်ရင်းမှူးက ဗိုလ်မှူးရန်အောင်။

သူတို့လက်အောက်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးများကို တပ်ခွဲမှူးများအဖြစ် အသီးသီးတာဝန်ပေးသည်။ ဘိအိုင်အေတို့က်ပွဲများတွင် ထူးချွန်ခဲ့သော တပ်မှူးများကိုလည်း တပ်ခွဲမှူး၊ တပ်စုမှူးစသည်ဖြင့် ရာထူးတာဝန်များ ပေးပါ၏။

ခုလို တပ်ရင်းအသစ်တွေ ပြန်ဖွဲ့တော့ ဗိုလ်မှူးအေးချို့က တပ်ရင်း(၁)တွင် ပါဝင်ခဲ့သည်။ တပ်ရင်း(၁)တပ်ခွဲ(၃)၏ တပ်ခွဲမှူး ရဲဘော်သုံးကျိပ် ဗိုလ်မှူးစောနောင်၏ လက်အောက်တွင် တပ်စု တစ်စုကို ကွပ်ကဲရသော တပ်စုမှူးတာဝန်နှင့်။

၁၉၄၂-၄၃ ခုနှစ် ကာလများမှာ မြန်မာပြည်နိုင်ငံရေး တည်ငြိမ်မှု လုံးဝမရှိသေး။ ဂျပန်အာဏာပိုင်တို့သည် အရှေ့အာရှ သာတူညီမျှ ကောင်းစားရေးဝါဒကိုပြပြီး မြန်မာတွေကို ကျွန်သဘက်လိုပဲ ဆက်ဆံကြသည်။ ဂျပန်လက်ဝါး ပါးမရွေးကြောင်း သိရဲ့မှ အပ ကျေနပ်စရာ ဘာမျှမရှိ။ နေရာတကာမှာ ဂျပန်စစ်အရာရှိတွေး ဂျပန်အာဏာပိုင်တွေ၊ ဂျပန်အကြံပေးအရာရှိတွေ အရှိန်အဝါကြီးနေကြသည်။

ဂျပန်အရာရှိတွေ၊ ဂျပန်စစ်သားတွေက မြန်မာအမျိုးသမီးကလေးတွေကိုယူပြီး ဂျပန်ကတော်ဘဝသို့ ပို့ဆောင်ပေးနေသည်။ မြို့ထဲမှာ၊ ရွာထဲမှာ၊ လမ်းထဲမှာ ဘီဒီအေတပ်သားတွေနှင့် ဂျပန်စစ်သားတို့ မကြာခဏ ပဋိပက္ခ ဖြစ်ရသည်။ ဖြစ်သည့်အခါတိုင်း ဦးရာလူက ချလွတ်သည်။ ဂျပန်ကဦးလျှင် ဂျပန်ကဆော်သည်။ ဗမာ့ကာကွယ်ရေးတပ်သားတွေကဦးလျှင်လည်း ဂျပန်တွေခံသွား

ပေရော့။ ကြာတော့ သည်လို အသေးအဖွဲကိစ္စကလေးများသည် ဂျပန်နှင့်မြန်မာ ဆက်ဆံရေးမှာ ကြီးမားသော အနုအခံဖြစ်ခဲ့ပြီ။ ရန်စွယ်ငေါငေါနှင့် ဒေါသမပြေစရာ၊ အမျက်သိုစရာ၊ ဇာတ်လမ်းများစွာကို ဖန်တီးခဲ့ပြီ။

၁၉၄၃ ခုနှစ် ဩဂုတ်လတွင် ဂျပန်စစ်အာဏာပိုင်တို့က မြန်မာပြည်ကို လွတ်လပ်ရေးပေးကြောင်း ကြေညာခဲ့သည်။ သည် လွတ်လပ်ရေးကား အတုအယောင် လွတ်လပ်ရေးဖြစ်သည်။ မက်မောစရာ ဘာမျှမရှိသော၊ အလကားလွတ်လပ်ရေးကို မြန်မာလူထုက အထင်မကြီးကြ။ မိမိတို့ဘဝမှာ နယ်ချဲ့အင်္ဂလိပ်လက်ထဲမှ နယ်ချဲ့ဂျပန်လက်ခုပ်ထဲသို့ ခုန်ဆင်းရခြင်းမှလွဲပြီး ဘာမှအဓိပ္ပာယ်မရှိ။ မြတ်နိုးစရာမရှိ။ တွယ်တာစရာလည်း နတ္ထိ။

ပျဉ်းမနားတွင် နေထိုင်ခဲ့ရသော ကာလများမှာ ဆင်းရဲပင်ပန်းလှသည်။ ကြည့်ပါ။ ဗိုလ်အေးချို့တို့ ဘီဒီအေတပ်သားများသည် နံနက်မိုးလင်းသည်ကစ၍ စစ်ရေးလေ့ကျင့်မှုများကို ဆက်တိုက်လုပ်ရသည်။ နေပူသလား၊ မိုးရွာသလား၊ ပူသည်၊ အေးသည်ဆိုပြီး သက်သာခိုနေ၍မရ။ ပြင်းထန်သော စစ်လေ့ကျင့်ခြင်းများဖြင့် ဗိုလ်အေးချို့တို့ရဲဘော်များ ပင်ပန်းဆင်းရဲလှသည်။ နေထွက်က မိုးချုပ် နားချိန်များများမရ။ ရဲဘော်တွေမှာ ဂျပန်ဆရာ မြန်မာဆရာတို့ထံမှ စစ်ပညာတွေကို တဝကြီးရယူခဲ့ကြသည်။

ဗိုလ်အေးချို့တို့အနေဖြင့်တော့ စစ်ပညာ သင်ကြားရယူခြင်းကြောင့် ပင်ပန်းဆင်းရဲသည်ကိုမမူ။ ပွဲမဝင်ခင် အပြင်ကကျင်းပရမည်ကို နားလည်သည်။ ချွေးထွက်များမှ သွေးထွက်နည်းမည်ကို သိသည်။

စစ်သားတစ်ယောက်၏ အသက်သည် စစ်ရေးလေ့ကျင့်မှုပေါ်တွင်တည်သည်ကိုလည်း သဘောပေါက်သည်။

ထို့ပြင် အသိစိတ်က နှိုးဆော်နေသည် ထင်ပါရဲ့။ တိုက်ပွဲကာလသည် မဝေးတော့။ အနီးကပ်ဆုံး ရန်သူကို ရာဖွေတိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com

ရမည့်အချိန်သည် မဝေးတော့။ မြန်မာတစ်မျိုးသားလုံးအပေါ်တွင် အသွင်တစ်မျိုးနှင့် စိုးမိုးလာသော နယ်ချဲ့လက်သစ်ကို တွန်းလှန်ပစ်ဖို့ အခြေအနေသည် မဝေးတော့။

သည်စိတ်ဓာတ်ဖြင့် စစ်ရေးလေ့ကျင့်သည်မှာ အားရှိလှသည်။ လုံစွပ်ထိုးတိုက်ပွဲ လေ့ကျင့်ပြီ ဆိုပါစို့။ ရှေ့မှာထောင်ထားသော ပစ်မှတ်ကို ကြည့်။ မိမိကိုယ်ထဲမှာရှိသော ကာယအင်အား၊ စိတ်ဓာတ်အင်အား များစွာတို့ကို လုံစွပ်ထိပ်မျှားဆီသို့ တစ်စုတစ်ရုံးတည်း ပေါင်းစည်းရပ်ပို့။ ပြီးတော့ ပစ်မှတ်ကို မိမိတို့၏ အနိုးကပ်ဆုံးရန်သူ အဖြစ် သဘောထား။ လုံစွပ်ကို အားကုန်ထိုးချလိုက်သည်။ လုံစွပ်သည် ပစ်မှတ်ရုပ်တုကို အရှိန်ပြင်းစွာ စိုက်ဝင်သွား၏။ အရှေ့သာတွေ့ရလျှင် တကယ့်ရန်သူနှင့် ရင်ဆိုင်တွေ့သော် ပွဲကြီးပွဲကောင်းတစ်ခု ကောန်ဖြစ်တော့မည်။

သည်နေရာမှာ မိမိတို့ အနိုးကပ်ဆုံးရန်သူ ဘယ်သူလဲ။ ရဲဘော်တိုင်း သိကြသည်။ အရာရှိ အရာခံ၊ အကြပ်၊ တပ်သားတိုင်း ရင်ထဲ အသည်းထဲက နှဲခွဲမြဲမြံ သိထားကြသည်။ သို့သော် မိမိတို့ သိထားသော ရန်သူမှာ ဗြိတိသျှစစ်တပ်မဟုတ်ကြောင်း မည်သူမျှ ထုတ်ဖော်မပြောကြ။ မိမိတို့တိုက်ရမည့် ရန်သူမှာ နယ်ချဲ့လက်သစ် ဖက်ဆစ်တွေပဲဆိုတာ ရဲဘော်အရင်းချင်းပင် ဖွင့်မဆို။ မွှင့်လို့ပြော။ ရင်ထဲမှာပဲ လျှို့ဝှက်သိပ်သည်းစွာ သိုမှီးထားကြသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်မှ စက်မှုလက်မှု တပ်ရင်းနှစ်ခု ဖွဲ့စည်းသောအခါ ဗိုလ်အေးချိုလည်း ပါသွားသည်။ စက်မှုလက်မှု တပ်ရင်းနှစ်ခုကို ဦးစီးသူက ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးညို ဖြစ်သည်။ တပ်ရင်းတွင် တပ်ခွဲသုံးခွဲရှိသည်။ တပ်သားသုံးရာကျော်ခန့် ပါဝင်သည်။ ဗိုလ်ကြီးအေးချိုက တပ်ရင်းရုံး တာဝန်မှူး၊ ဗိုလ်ကြီးရဲအောင်က တပ်ခွဲ(၁)တပ်ခွဲမှူး စသည်ဖြင့် တာဝန်များကို ခွဲဝေယူရသည်။

သည်မှာတင် ဗိုလ်ကြီးအေးချို၏ အခန်းကဏ္ဍက အရေးပါလာသည်။ တပ်ရင်းရုံးကို ကိုင်ရသူမှာ တပ်ရင်းတစ်ရင်းလုံး၏ အသက်ဖြစ်သည်။ တပ်ရင်းရုံးကို ဦးစီးရသည်မို့ ဗိုလ်ကြီးအေးချိုမှာ ၂၄ နာရီ တာဝန်အပြည့်ရှိသည်။

ရဲဘော်များ စားရေး သောက်ရေး ကျန်းမာရေး စစ်လေ့ကျင့်ရေး အဆင်ပြေရဲ့လား။ ရဲဘော်များ သေနတ် လက်နက် ခဲယမ်းမီးကျောက် ပြည့်စုံစွာ ရှိရဲ့လား။ ရဲဘော်များ၏ လူမှုရေးကိစ္စ အတွေ့အကြုံမှာ အခက်အခဲတွေ ရှိနေသလား။

သည်ကိစ္စတွေအားလုံးမှာ ဗိုလ်ကြီးအေးချို၏ တာဝန်ဖြစ်သည်။ သူက အားလုံးကို သိရမည်။ သူတတ်နိုင်သော ကိစ္စအဝဝကို သူကိုယ်တိုင် ဖြေရှင်း။ သူ မတတ်နိုင်သောကိစ္စကို တပ်ရင်းမှူးထံတင်ပြ၊ အကြံဉာဏ်တောင်းပြီးဖြေရှင်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့် စစ်ဝန်ကြီးရုံး တပ်ဖွဲ့များ ရန်ကုန်သို့ ပြောင်းသွားသည်။ တပ်ရင်း ၁၊ ၂၊ ၃ တို့လည်း မြန်မာပြည်အနှံ့ခြေဆန့်လို့ ပြောင်းရွှေ့သွားကြပြီ။ သည်အချိန်မှာ ဗိုလ်ကြီးအေးချိုတို့ စက်မှုလက်မှုတပ်ရင်းအမှတ်(၂)ကို သရက်ခရိုင်သို့ ပြောင်းရွှေ့နေရာချထားလိုက်သည်။

အဲသည်တုန်းက ဗိုလ်ကြီးအေးချိုတို့ တပ်ရင်းသည် သရက်မြို့မြောက်ဘက် ခြောက်မိုင်ကွာရှိ ကျဉ်းရွာတွင် စခန်းချနေကြသည်။ ကျဉ်းမှာ ရွာငယ်ငယ်ကလေးသာ ဖြစ်သည်။ သည်ရွာကလေးမှာ စက်မှုလက်မှုတပ်ရင်း(၂) ရောက်လာတော့ စည်စည်ကားကားဖြစ်သွား၏။ ရဲဘော်တို့၏ သီချင်းဆိုသံ၊ စစ်ရေးလေ့ကျင့်သည့် အမိန့်သံများက တစ်ရွာလုံးမှာ သောသောညံလျက်။

တပ်ရင်းစခန်းကို ရွာပြင်မှာ ဖွင့်ထားသည်။ တဲတန်းလျားကြီးတွေ ဟိုးနေအောင် ဆောက်ထားသည်။ နံနက်နေ့ခင်း ညနေချိန်တွေမှာ ရဲဘော်များ စစ်ရေးလေ့ကျင့်မှု ပြုရသည်။ ညနေကျတော့ ရေမိုးချိုး ကိုယ်လက်သန့်စင်လို့ ရဲဘော်တို့ အားလုံးပြီး။

www.burmeseclassic.com

www.burmeseclassic.com

သည်အချိန်မှာ ရဲဘော်များ ရွာထဲဝင်ကြသည်။ အဖေ၊ အမေ၊ အစ်ကို၊ အစ်မ၊ ဒေါ်လေး ဘထွေးခေါ်လို့ ရွာလူထု၏ လူမှုရေးကိစ္စများကို ကူညီလုပ်ကိုင်ကြသည်။ ရွာလူထုက စေတနာဗရုတ္တကျွေးမွေးသမျှကိုလည်း စားကြ သောက်ကြနှင့် ပျော်ကြပါဘိ။

ဗိုလ်ကြီးအေးချို့တို့မှာ တောရွာဌဲ့ စခန်းချနေရပေမယ့် အစားအသောက်မရှား။ ရွာက ဧရာဝတီမြစ်ကမ်းနဖူးမှာဆိုတော့ ငါးကောင်းကောင်း စားရသည်။ နံနက် ၅ နာရီခွဲထ၊ ကိုယ်လက်သုတ်သင်ပြီး ကျန်းမာရေးလေ့ကျင့်ခန်းလုပ်၊ ပြီးတော့ ငါးခြောက်ကြော်နှင့် ထမင်းကြော် စားရသည်။ တစ်ဖန် စစ်လေ့ကျင့်ခန်းများဆက်လုပ်၊ နံနက် ၁၀ နာရီခွဲမှာ ထမင်းစား။ ထမင်းပွဲကျတော့ ဧရာဝတီမြစ်ရိုးက ငါးစုံကို ဟင်းတစ်ခွက်အဖြစ် အမြဲစားရသည်။ ကြက်သား၊ ဝက်သားများလည်း အခါမလပ် မပြတ်အောင်စားရသည်။

ပျဉ်းမနားမှာ တပ်ပေါင်းစုံ စခန်းချစဉ်က ပဲဟင်းကို နံနက်ည စားခဲ့ရသည် မဟုတ်လား။ ဗိုလ်ကြီးအေးချို့တို့မှာ ကျဉ်းရောက်တော့မှ ပွဲကြီးပွဲကောင်း နွဲ့နေကြရပြီ။ ကျဉ်းမှာ စခန်းချနေရစဉ် စက်မှုလက်မှု တပ်ရင်း(၂)၏ တာဝန်ဝတ္တရားတွေက များပါဘိ။ မြေလတ်ပိုင်းဒေသရှိ တပ်မဆော်စခန်းများနှင့် အနီးဆုံးလမ်း၊ တံတားတွေ ပြင်ဆင်ရသည်။ တည်ဆောက်ရသည်။ တပ်ရင်းရုံးစခန်း အဆောက်အအုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းများကို စီမံကိန်းရေးဆွဲပြီး တည်ထောင်ပေးရသည်။

စဖွဲ့ဖွဲ့ခြင်းမှာ တပ်ရင်းမှူးကအစ စက်မှုလက်မှုပညာကို ကျွမ်းကျင်မှုမရှိသေး။ သည်တော့ ဂျပန်အကြံပေးအရာရှိတစ်ဦးနှင့် ဂျပန်တပ်ကြပ်ကြီးနှစ်ဦးကို ဗိုလ်ကြီးအေးချို့တို့တပ်ရင်းမှာ တွဲပေးထားသည်။ ဂျပန်အရာရှိနှင့် တပ်ကြပ်ကြီးများက ဗိုလ်ကြီးအေးချို့တို့အား ဆောက်လုပ်ရေးပညာ သင်ပေးသည်။ လမ်းကို ဘယ်လိုပြင်၊ တံတားကို ဘယ်လိုဆောက်၊ အိမ်ရာတိုက်တာ အဆောက်

အအုံများတည်ဆောက်ရေး၊ ပြုပြင်ရေးမှအစ စကေးချပြီး ကျကျနနသင်ပေးကြသည်။

ဗိုလ်ကြီးအေးချို့ တစ်ယောက် ကျဉ်းရွာမှာ ပျော်ရဲ့လား။ မေးမှမေးရက်ပလေ။ တာဝန်နှင့်ဝတ္တရား၊ နိုင်ငံချစ်စိတ်များကြောင့် သာပဲ တပ်ရင်းစခန်းမှာ သူ နေရသည်။ စိတ်က ကျဉ်းရွာမှာမရှိ။ အတွေးက ကျဉ်းရွာမှာမရှိ။ အချိန်ရှိသရွေ့ပဲ ဆိုပါတော့။ ဗိုလ်ကြီးအေးချို့၏ စိတ်အတွေးတို့က ကောင်းကင်ယံက လေဟုန်စီးပြီး ဖျာပုံမြို့ ဆီသို့ ခရီးထွက်နေလေတော့သည်။

❁ ❖ ❁

ကျဉ်းရွာမှာ စခန်းချနေထိုင်ကြစဉ် ဗိုလ်ကြီးအေးချို့ဘဝတွင် အပြောင်းအလဲတစ်ခုနှင့် တိုးမိသည်။ ဒါကတော့ ချစ်သူသစ် မင်ကြည်နှင့် တွေ့သည့်ကိစ္စ။

ဟုတ်ပါသည်။ အမှန်တော့ ဗိုလ်ကြီးအေးချို့၏ ချစ်သူသစ်က ဘယ်လိုပေါ်လာသလဲ။

"ကိုအေးချို့"

"ဗျာ ..."

"ခင်ဗျား ဟိုဘက်ကမ်းကို ဒီနေ့ ရောက်သေးတယ်နော်"

"ရောက်ခဲ့တယ်လေ"

ဗိုလ်ကြီးအေးချို့က သက်ပြင်းတစ်ချက် အရှည်ကြီးဆွဲချသည်။ ပြီးတော့ သူက အဆေးဆိမ့ ဧရာဝတီမြစ်ပြင်ကို မျှော်ကြည့်နေသည်။ ဧရာမြစ်ပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေ ထနေ၏။ လပြည့်ဝန်း၏ ရောင်ခြည်တန်းက မြစ်ပြင်သို့ ဝင်းဝင်းပပ ပက်ဆမ်းနေ၏။

သည်အချိန်မှာ ဗိုလ်ကြီးရဲ့အောင်နှင့် ဗိုက်ကြီးအေးချို့တို့သည် တပ်ဝင်းအတွင်းရှိ သစ်ငုတ်တိုဘေးမှာထိုင်ရင်း အတွေးကိုယ်စီနှင့် ငြိမ်နေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

တပ်ရင်းမှူး ဗိုလ်မှူးမိုးညို ပြီးလျှင် ဗိုလ်ကြီးရဲအောင်မှာ ဗိုလ်ကြီးအေးချို၏ အရင်းနှီးဆုံးရဲဘော်၊ အချစ်ဆုံးသူငယ်ချင်း၊ အခင်မင်ဆုံး တိုင်ပင်ဖော်တိုင်ပင်ဖက်။

ကျဉ်းရွာ တစ်ဖက်ကမ်းရှိ ကင်းဆိပ်ရွာမှ မခင်ကြည်နှင့် ဗိုလ်ကြီးအေးချိုတို့ သမီးရည်းစား ဖြစ်နေကြသည်။

အမှန်တော့ မိဝေးဖဝေး ချစ်သူဝေးသော ခုလိုကျေးတော ဒေသစစ်စခန်းမှာ ဗိုလ်ကြီးအေးချို အချစ်သစ်ရှာသည်ကို အပြစ်မဆိုချင်ကြပါနှင့်တော့။ နေ့ရှိသရွေ့ စစ်ရေးတာဝန်တွေ ပိနေသည်။ နေရသည်မှာ ကျေးတောဒေသ။ ဝန်းကျင်တစ်ခွင်က စိတ်ကူးယဉ်စရာ ရေပတ်လည်ဝိုင်းပြီး ရှမ္ဘော်လေတိုင်း ကြည်နူးဖွယ်ကောင်းပါဘိ။

သည်လို အခြေအနေမှာ အဖော်မရှိဘဲ မနေတတ်သော ဗိုလ်ကြီးအေးချိုခမျာ အပန်းဖြေ အဖော်ရှာသည်။ သို့နှင့်မမျှော်လင့်ဘဲ မခင်ကြည်နှင့်တွေ့ပြီ။

မခင်ကြည်နှင့် တွေ့ပုံကပင် ဝတ္ထုဆန်ပါသေးတော့။ အဲသည်တုန်းက ဗိုလ်ကြီးအေးချိုနှင့် ရဲဘော်နှစ်ဦးတို့ တပ်မတော်တာဝန်ဖြင့် အောင်လံဘက် မိုးကောင်းရွာရှိ တိုင်းရုံးသို့ ခရီးထွက်ကြသည်။ ပေးလိုက်သော တာဝန်ကို သတ်မှတ်ထားသော ရက်အတွင်း ခရီးပြင်းနှင့်၍ ထမ်းဆောင်ရသည်။ ကိစ္စပြီးလျှင် ပြီးချင်း ကျဉ်းသို့ ချက်ချင်းပဲ ပြန်လာရသည်။

ကျဉ်းရွာတစ်ဖက်ကမ်း ကင်းဆိပ်ရွာသို့ ညဉ့်မှောင်မှောင် ရှစ်နာရီထိုးခါနီးကျမှ ရောက်ကြသည်။ တစ်ဖက်ကမ်းသို့ မကူးနိုင်တော့။ အချိန်မရှိတော့ပြီ။ ရာသီကလည်း သိပ်ပြီးမသာယာ။ ကောင်းကင်မှာ မိုးတွေမှောင်နေသည်။ လေကျတော့မည့်ဟန်၊ ညိုညိုမည်းနေသည်။ သို့နှင့် ဗိုလ်ကြီးအေးချိုနှင့် ရဲဘော်နှစ်ဦး ဇရာမြစ်ဆိပ်နှင့် အနီးဆုံးအိမ်တစ်အိမ်မှာ ခွင့်တောင်းပြီး အိပ်ကြရသည်။

သည်မှာတင်ပဲ သတို့သမီးချော မခင်ကြည်နှင့် ဗိုလ်ကြီးအေးချိုတို့ ဆုံတွေ့ကြပြီ။ သည်တုန်းက ဗိုလ်ကြီးအေးချိုမှာ ညာလက်ဖမိုးတွင် အနာတစ်လုံး ပေါက်နေသည်။ အနာကပြည်မှည့်နေပြီထင်၏။ ဒါပေမဲ့ ရုတ်တရက် အနာကိုမခွဲနိုင်သေးပါ။ အဲသည့်ညည်ဦး မိုးကလည်း မည်းမည်း၊ စိမ့်၍ စိမ့်၍ အေးသည်။ ဗိုလ်ကြီးအေးချိုခမျာ အနာက ကိုက်ခဲသည့်ဒဏ်ကို ခံစားရင်းညည်းသံတစ်ချက် နှုတ်မှထွက်သွားသည်။

"ဗိုလ်ကြီးနေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲဟင်"

ဗိုလ်ကြီးအေးချိုက ဝါးထရံကိုမှီနေရင်းက ဘာမှပြန်မဖြေမိ။ အသံလာရာကို လှည့်ကြည့်လိုက်တော့ အိမ်ရှင်ဦးကြီး၏ သမီးငယ်ကလေးကို မီးခွက်ကိုင်လျက် တွေ့ရသည်။

"ဗိုလ်ကြီး ညည်းသံကြားလို့ ဘာဖြစ်တာလဲဟင်"

"ဩော် ... ကျွန်တော့်လက်က အနာကိုက်လွန်းလို့ဗျာ"

"ကျွန်မ ဘာကူညီရမလဲဟင် ... ဗိုလ်ကြီး"

"ကိစ္စမရှိပါဘူးဗျာ ... နေပါစေ"

အိမ်ရှင်၏သမီးမှာ အပျိုဖော်ဝင်စ အသက် ၁၅ နှစ်ကျော် ၁၆ နှစ်သမီးအရွယ်သာ ရှိသေးသည်။ သို့နှင့် ဗိုလ်ကြီးအေးချိုက အကူအညီလိုချင်ပါလျက် အကူအညီမတောင်းမိ။ မတောင်းချင်။

"မဟုတ်ပါဘူး ဗိုလ်ကြီးရဲ့၊ အကူအညီလိုရင် ပြောပါ"

"ဩော် ... အင်း ... အင်း ... ကျွန်တော် ရေနွေးနည်းနည်းလိုချင်တယ်ဗျာ၊ အနာက ပြည်တွေနဲ့မို့ ကိုက်နေတာ၊ ဖောက်ပစ်လိုက်ရင် ကောင်းမလားပဲ"

အိမ်ရှင့်သမီးငယ်က အပြေးအလွှား ရေနွေးကျိုယူလာသည်။ ရဲဘော်နှစ်ဦး အိပ်မောကျနေဆဲ။ အိမ်ရှင် ဦးကြီး ဒေါ်ကြီးတို့ အိပ်လို့ကောင်းဆဲမှာ ၁၆ နှစ်အရွယ် သမီးငယ်က ဗိုလ်ကြီးအေးချိုကို စေတနာဇရပ္ပနှင့်ပြုစုနေ၏။ သူ့ဟန်က လူစိမ်းတစ်ဦးကို ရှဲ့နေဟန်မရှိ၊ ကြောက်နေဟန်မရှိ၊ ရှက်နေဟန်မရှိ၊ သွက်သွက်လက်လက်။

www.burmeseclassic.com

www.burmeseclassic.com

ရေနွေးရလာတော့ အနာကို ရေနွေးဝတ်ဖြင့်သုတ်၊ ချိတ်အပ်တစ်ချောင်းကို ရေနွေးစိမ်ပြီး ဗိုလ်ကြီးအေးချို၏ လက်ကအနာကို ပြည်ဖောက်ပေးသည်။

"အလဲလဲ ... ကျတ် ... ကျတ် ..."

ချိတ်အပ်ဖြင့် အနာကို ထိုးဖောက်တော့ နာလိုက်ပါဘိ။ ဗိုလ်ကြီးအေးချိုက အနာ,နာလို့ ညည်းသည်။

"ဗိုလ်ကြီးကလည်း စစ်ဗိုလ်လုပ်နေပြီး နာတတ်လိုက်တာ"

ကောင်မလေးက သည်လို တွယ်ထည့်လိုက်တော့ ဗိုလ်ကြီးအေးချို မည်သူရဲ၊ မအော်ရဲတော့ပြီ။ သူ့လက်က အနာပြည်မှည့်နေသည်ကို ဖောက်ပေးနေသော ကောင်မလေးအား စိုက်၍သာကြည့်ရင်း တောင်စဉ်ရေမရ တွေးနေမိသည်။

"ချစ်စရာကလေးပါလား။ ဟောသူပေမယ့် ချောချောလေး၊ သဘောကလည်း ကောင်းလိုက်တာ"

အနာလည်း ပြည်ထွက်သွားပါရော။ ဗိုလ်ကြီးအေးချို ဆေးနာလည်း ကောင်းစွာသက်သာသွား၏။ မကိုက်တော့။ မနာတော့။ အဲသည်ညက သူ ကောင်းစွာအိပ်ပျော်ဖို့ပါပဲ။ အနာက မကိုက်ခဲတော့ပြီမို့ သူ အိပ်ပျော်ရန်သာရှိ၏။ သို့သော် ကိုယ်တော်ချောခမျာ ဘယ်လိုမှ အိပ်၍မပျော်နိုင်တော့။

မျက်လုံးခွဲကြီးများဖြင့် ရယ်ပြုံးပြနေသော ကောင်မကလေးက သူ့အသည်းနှလုံးကို ဖမ်းဆွဲဆော့ကစားနေပြီ ဖြစ်လို့ပါလေ။

ဇာတ်လမ်းအစ မှတ်တမ်းတဝကို ပြောရလျှင် အဲသည်ကပင် စတင်ရလိမ့်မည်။

သို့နှင့် ဗိုလ်ကြီးအေးချို တစ်ယောက် ဟိုဘက်ကမ်းသို့ မကြာခဏ ရောက်ခဲ့သည်။ ဟိုတစ်ညက မိမိအနာကို ပြည်ဖောက်ကုသပြုစုခဲ့သော ကောင်မလေးကိုတွေ့ချင်သည်။ သို့သော် ပထမမှာ အိမ်ရှင်ဦးကြီးလင်မယားနှင့် ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားရသည်။ နောက်တော့ အကြောင်းမရှိ အကြောင်းရှာပြီး ဟိုဘက်ကမ်းသို့ မကြာခဏ လှမ်းချီခဲ့သည်။

ဗိုလ်ကြီးအေးချို မမေ့နိုင်သော သည်ကောင်မလေးမှာ အပျို ဖော်ဝင်ကာစ ဆိုတော့ သူ့ခမျာလည်း ဗိုလ်ကြီးအေးချိုအပေါ် အထိုက်အလျောက် စိတ်ကစားပါလိမ့်မည်။ စိတ်ကူးယဉ်မိပါလိမ့်မည်။

စောစောက တင်ပြခဲ့သော အချစ်ဇာတ်လမ်း တစ်ပုဒ်ကို ဗိုလ်ကြီးအေးချိုက လှလှပပ ရေးဖွဲ့မိရာပြီ။

ဗိုလ်ကြီးအေးချိုက ပထမတော့ ဘယ်သို့ သဘောထားသလဲ မသိ။ ခုတော့လည်း သူ့မှာ မခင်ကြည် ဆိုသော အပျိုချောကလေးကို အစွဲကြီးခဲ့ပြီ။ အမြတ်နိုးကြီး မြတ်နိုးပြီ။

နောက်ဆုံးတော့ ဗိုလ်ကြီးအေးချို တပ်ရင်းမှူး ဗိုလ်မှူးမိုးညို အား ဖြစ်သမျှ ဖွင့်ဟသည်။

မခင်ကြည်တို့အိမ် သွားသည့်နေ့ကိုပင် သတိရသေးတော့။ ဗိုလ်ကြီးအေးချိုက သူ့ကိုယ်သူ အလှပဆုံးဖြစ်အောင် ပြင်ဆင်သည်။ စစ်မဖြစ်မီက လက်ကျန်ရေနံရောင် ဘန်ကောက်လုံချည်နှင့် ခေါက်ရိုးဆွေးနေသည့် ပိုးရုပ်အင်္ကျီကို စတိုင်ကျကျဝတ်လို့။ ခေါင်းမှာထည့်ဖို့ ခေါင်းလိမ်းဆီ မရှိတော့ ရဲဘော်တွေ ထမင်းရံကနှမ်းဆီပျစ်ပျစ်ကို ရေနှင့်ဖျော်ပြီး ဆံပင်မှာလိမ်းရသည်။ ဆီထည့်တာများသွားတော့ နဖူးပြင်မှာ ဆီရောင်တဝင်းဝင်း။

တပ်ရင်းမှူး ဗိုလ်မှူးမိုးညို၊ ဗိုလ်ကြီးရဲအောင်၊ ဗိုလ်ကြီးသိန်းအောင် စသည့်အရာရှိတွေလည်း ပါလာကြသည်။

ကုသိုလ်ကံက ညံ့လေသလား၊ ဖူးစာရေးနတ်က နောက်ပြောင်သလား တစ်ခုခုတော့ ဧကန်ဖြစ်မည်။ ဧရာဝတီမြစ်ဆိပ်ရောက်၍ တစ်ဖက်ကမ်းကူးဖို့ လှေပေါ်အတက်မှာ ကောင်းကင်တစ်ခွင်လုံး အုံ့မိုက်မည်းမှောင်လာသည်။ လေပြင်းကျမည့်ဟန် တောင်ဘက်ဆီမှ အနီရောင်သမ်းလို့။ မြစ်ပြင်မှာက လှိုင်းတွန့်တွေ ခပ်ကြမ်းကြမ်းလိမ့်၍ လိမ့်၍ လာနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရာသီဥတုအခြေအနေကို အကဲခတ်ပြီး ဗိုလ်မှူးမိုးညိုက ခပ်ဆိုင်းဆိုင်း လုပ်နေ၏။ စိတ်စောနေသော ဗိုလ်ကြီးအေးချို့ကတော့ လှေပေါ်သို့ အမြန်ပြေးတက်ပြီး တက်ကိုကိုင်လိုက်သည်။

ဗိုလ်ကြီးအေးချို့က ...

"လာလေ ... တက်ကြလေ၊ နောက်ကျလို့ရှိရင် မိုးနဲ့လေနဲ့ တိုးနေလိမ့်မယ်"

ဗိုလ်မှူးမိုးညိုက ...

"ဒါပဲ ချိန်ဆနေတာဗျ ဗိုလ်အေးချို့ရဲ့၊ မြစ်ပင်လယ်ရောက်မှ မုန်တိုင်းလာရင် ဒုက္ခပဲ"

"ကိစ္စမရှိပါဘူး ဗိုလ်မှူးရဲ့၊ ခုနေ မြန်မြန်ကူးရင် မီနိုင်ပါတယ်၊ လေကချက်ချင်း မကျနိုင်ပါဘူး"

"ကိစ္စမရှိဘူး လုပ်မနေနဲ့ ဗိုလ်အေးချို့၊ လှေမောက်ရင် ကျုပ်က ရေမကူးတတ်ဘူး"

တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုက အမှန်အတိုင်းပဲ ဝန်ခံပြောနေသည်။

"ဟာ ... ဗိုလ်မှူးကလည်း လာပါ၊ မြန်မြန်တက်လိုက်ပါ၊ အချိန်မီပါသေးတယ်၊ ပြောရင်း ဆိုရင်း မိုးဖွဲကလေးတွေတောင် ကျလာပြီ"

"ဒီမှာ ဗိုလ်အေးချို့ ဘယ်နေ့သွားသွား ရပါတယ်၊ သူတို့လည်း ဘယ်မှထွက်ပြေးမှာ မဟုတ်ဘူး၊ နက်ဖြန်ညနေ လေမိုးစင်တော့မှ အေးအေးဆေးဆေး သွားကြမယ်ဗျာ၊ မဟုတ်လား ..."

"ဟာ ... ဒီလိုမဖြစ်ဘူး ဗိုလ်မှူး၊ ကျွန်တော်တို့လာမယ်ဆိုတာ သေသေချာချာ မှာထားပြီးပြီ"

"နို့ ... ခင်ဗျားပြောတော့ လူကြီးတွေ ဒီကိစ္စမသိဘူးဆို"

"ဟုတ်ပါတယ် ဗိုလ်မှူး၊ ကျွန်တော် ပြောတာက ကျွန်တော်တို့ လာမယ်ဆိုတာ ညီမလေးကို အဲ ... မခင်ကြည်ကို ကျွန်တော် မှာထားပြီးလို့"

"ဟာ ... ခင်ဗျားဗျာ ကောင်မကလေးကိုပဲ မှာထားတာဆိုရင် အစီအစဉ် တစ်ရက်ရွှေ့ပေါ့ဗျာ၊ လေမိုးထန်လို့ မလာကြဘူးဆိုတာ သူလည်း သိမှာပေါ့"

သည်တော့ ဗိုလ်ကြီးအေးချို့က ခေါင်းကိုတွင်တွင်ခါသည်။ ပြီးတော့ သူက လေးနက်စွာ ပြောပါလေပြီ။

"မသိဘူး ဗိုလ်မှူး၊ မခင်ကြည်က ကလေးစိတ်ခင်ဗျ၊ ကျွန်တော်တို့မသွားရင် အကျိုးအကြောင်း ဆင်ခြင်စဉ်းစားနေမှာမဟုတ်ဘူး၊ သူ့ဘာသာသူ ထင်ရာတွေးပြီး ထင်ရာစွတ်လုပ်ပစ်ရင် ဒုက္ခပဲခင်ဗျာ"

"ဗုဒ္ဓေါ"

တပ်ရင်းမှူးကြီး ဘုရားတ,မိပြီ။ သူ့ဟာက ကလေးစိတ်မကုန်သေးတဲ့သူနဲ့ ရည်းစားဖြစ်ရလေတော့ အရာရာကိုတွေးပြီး စိုးရိမ်နေရပါကလား။ ဟုတ်သားပဲ။ ထင်ရာမြင်ရာ လုပ်လိုက်လို့ ဘဝကူးသွားရင် မိမိတို့မှာ မဟာပြစ်မှုတော်ကြီး ကျူးလွန်မိလေတော့မည်။

သည်တော့ တုံးတိုက်တိုက် ကျားကိုက်ကိုက်၊ မိုးစွာစွာ လေထန်တာနှင့် ရှိပစေတော့။ တပ်ရင်းမှူး တစ်ဦးအနေဖြင့် သည်လောက်ကလေးကတော့ စွန့်စားရပါလိမ့်မည်။

သို့နှင့် ဗိုလ်ကြီးအေးချို့ကို ပြောလို့မရတော့သည့် အတူတူမပြောတော့ပြီ။ တပ်ရင်းမှူးနှင့် အပေါင်းအသင်းများ လှေပေါ်သို့ တက်လိုက်ကြသည်။ သူတို့ လှေပေါ်ရောက်တော့ မိုးက ပိုသဲလာပြီ။ လေက ပိုထန်လာပြီ။ လှိုင်းက ပိုကြီးလာပြီ။ မြတ်စွာဘုရား ... သနားသဖြင့် ကယ်တော်မူပါတော့။

ဗိုလ်ကြီးအေးချို့တို့အဖွဲ့မှာ ရင်တမမ ဘုရားတ,၍ လှေကို မြစ်လယ်သို့ ခရီးနှင်ပြီ။ ဗိုလ်ကြီးအေးချို့ကတော့ စိတ်ကထက်သန်နေ၏။ လှေတက်ကို သူကပဲလှော်သည်။ မနားတမ်းလှော်သည်။ ကျန်သည့်ရဲဘော်တွေကလည်း သူ စိတ်ချမ်းသာစေခင်

www.burmeseclassic.com

www.burmeseclassic.com

ကူညီလို့ လော်ပေးကြသည်။ တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုကတော့ လေပဲ့ပိုင်းမှာထိုင်ရင်း ပဲ့ကို ကျမ်းကျင်စွာ ကိုင်ထိန်း၍ လိုက်လာလေသည်။

လေငယ်ကလေးသည် ခရီးသည်ငါးယောက်ကိုတင်၍ ဧရာဝတီမြစ်လယ်သို့ တရွေ့ရွေ့ ထွက်ခွာလာပြီ။ သည်လေထဲကခရီးသည်တွေအနက် ဗိုလ်ကြီးအေးချို့ တစ်ယောက်သာ ပြုံး၍ ပြုံး၍ ပျော်နေသည်။ ပျော်၍ ပျော်၍လည်း ပြုံးနေသည်။ သူက သီချင်းကလေးတစ်ပုဒ်ကိုပင် ခပ်တိုးတိုး ဆိုနေပါသေးသည်။ "လှိုင်းကလေးတွေ ဖွေးတဲ့ ... မြစ်ဧရာပြင်ဝယ်၊ ခင်နဲ့မောင် လောင်းကလေးစီးကာ ... လျောင်းမွေ့လို့ရယ်" တဲ့။

ကျန်ခရီးသည်တွေဆမျာ သည်မိုး သည်လေ သည်ရေပြင် ကျယ်နှင့် ဟိုဘက်ကမ်းသို့ ရောက်မှရောက်ပါ့မလားရယ်လို့ စိုးတထိတ်ထိတ်၊ သောကစိတ်များစွာနှင့်။

လေကလေး ဆိပ်ကမ်းမှ ခွာစတုန်းက လေတိုက်နှုန်းက နည်းနည်းလျော့သွားသည်။ မိုးလည်း သိပ်မရွာသေး။ လှိုင်းတွန့်ကြီးတွေပင် အရှိန်လျော့သွားသည် ထင်ရ၏။ သို့သော် ...

လေငယ်ကလေး မြစ်လယ် ရောက်ပါပြီ။ သည်အချိန်မှာ လေကလည်း ခပ်ထန်ထန် တိုက်လာသည်။ မိုးကလည်း စောစောကထက် ပို၍ပြင်းထန်စွာ ရွာလာပြီ။ ရွာသမှ တစ်မိုးလုံးကို မှောက်ချသလို ရွာလို့နေပါပြီ။ လေပေါ်၌ပါသူ ခရီးသည်တွေမှာ ဆောင်းစရာ၊ ကာစရာ မိုးကာလည်းမပါ။ ထီးလည်းမရှိ။ ထီးနှင့် မိုးကာတွေ ပါပစေဦးတော့ သည်လေ သည်မိုးဒဏ်ကို ခုခံကာကွယ်နိုင်ရန် ဘယ်နည်းနှင့်မျှ တတ်နိုင်မည်မဟုတ်။

"ဟာ ... ဒုက္ခပဲ၊ လေကလည်း ထန်လာပြီ၊ မိုးကလည်း သည်းလာပြီ"

ဗိုလ်မှူးမိုးညိုက တက်မကိုင်ရင်းမှ ရုတ်တရက် ပြောလိုက်၏။ သည်အချိန်မှာ ဗိုလ်ကြီးအေးချိုပင် မျက်နှာပျက်စပြုပြီ။ သူ

လည်း စိုးရိမ်သောက ရောက်လာပြီထင်ရဲ့။ ဘာမှပြန်မပြော။ ဘယ်သို့မှ မဆို။

လေငယ်ကလေး မြစ်လယ်အရောက်မှာ လှိုင်းက ပို၍ ပို၍ ထန်လာပြီ။ လေကလည်း တရကြမ်းတိုက်လာသည်။ မိုးကတော့ သည်းထန်စွာ ရွာနေဆဲ။ လေကလေးမှာ လှိုင်းဒဏ်ကြောင့် ဘယ်သို့လူးလိုက် ညာသို့လိမ့်လိုက်နှင့် စကောထဲမှာ ထည့်၍လိမ့်သော ဆီးဖြူသီးနှယ်၊ မထိန်းနိုင် မသိမ်းနိုင် လူးနေတော့သည်။

လေထဲသို့ မိုးရေတွေရော မြစ်ရေတွေပါ ဒလဟောဝင်လာသည်။ လေငယ်ကလေးမှာ လေဒဏ်၊ မိုးဒဏ်၊ လှိုင်းဒဏ်ကို ခုခံနိုင်စွမ်း မရှိတော့ပြီ။

"ဟာ ... လေမှောက်တော့မယ်၊ မှောက်တော့မယ်"

လှိုင်းလုံးကြီးတွေ လိမ့်တက်အလာမှာ လေထဲက ရဲဘော်တစ်ဦးက အော်လိုက်သည်။ သူ့စကားမဆုံးမီမှာပဲ လေကလေး မှောက်သွားပြီး လေထဲကလူတွေ ဧရာဝတီမြစ်ပြင်သို့ လွင့်စဉ်လို့ ကျကုန်ပါပြီ။ သို့သော် တော်ပါသေးရဲ့၊ လေက လောင်းလေဆိုတော့ ရေထဲကို နှစ်မသွား။ မြုပ်မသွား။ မှောက်သွားပြီး မကြာမီလေငယ်ကလေးကို ရေထဲမှာပင် ပြန်၍လှန်လိုက်နိုင်သည်။ လေထဲမှာတော့ ရေအပြည့်နှင့်။

ဗိုလ်ကြီးအေးချိုတို့တစ်တွေ ရေထဲမှာ၊ မိုးထဲမှာ၊ တဝုန်းဝုန်း ကူးခတ်လို့။ ဟိုဘက်ကမ်းမရောက်ဘဲ ရေနစ်ပြီး ကိစ္စချောကြမည့်ကိန်း ဆိုက်နေပြီ။ သို့သော် ကိစ္စမရှိ။ ဇနက္ကထုံး နလုံးမူလို့ ကူးကြ ခတ်ကြရပြီ။

ဗိုလ်မှူးမိုးညိုမှာ ရေမကူးတတ်တော့ လှေနံရံကို အသေဆုပ်ကိုင်တွယ်ဖက်ထားရသည်။ သူ့ကို ရေကူးတတ်သော ရဲဘော်တွေက ဝိုင်းဝန်းချီမွေ့ပြီး လေပေါ်သို့ ပြန်တင်ပေးရသည်။ နောက်တော့မှ မိုးထဲလေထဲမှာ လေငယ်ကလေးထဲက ရေတွေကိုခပ်ပယ်၍ လေငယ်ကို လာလမ်းအတိုင်း ဖြည်းဖြည်းပဲ ပြန်လှော်ခဲ့ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအေးချို့တို့ကတော့ ဒွတ်ဆိုမှဒွတ်။ အဲသည်လိုပဲ သူ ဒွတ်တချက်လုပ်သဖြင့် ရဲဘော်တစ်စု ကံကောင်းလို့ မသေခဲ့ရ၊ သို့သော် သူက ခွဲကိုမလျှော့။ စိတ်ကိုမလျှော့။

နောက်တစ်နေ့ မိုးလေကင်းစင်သောအခါ သည်လူစုနှင့် ထွက်ခဲ့ကြပြန်သည်။

ဒါကတော့ တော်လှန်ရေးအကြိုကာလများက ကြုံခဲ့၊ တွေ့ခဲ့၊ ဖြစ်ပျက်ခဲ့သော ဗိုလ်ကြီးအေးချို့၏ ဘဝဓာတ်လမ်းတစ်ကွေ့ပဲ ဆိုပါစို့။

(၈)

"ဗိုလ်အေးချို့ရေ ... ငပုတွေနဲ့ အလဲအကွဲနဲ့ရမယ် တိုက်ပွဲတော့ နိုးပြီဗျို့"

တစ်နေ့ တပ်ရင်းမှူး ဗိုလ်မှူးမိုးညို တိုင်းရုံးကအပြန် သည်သတင်းကို ကြားလိုက်ရသည်။ ဂျပန်တွေကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ တော်လှန်တိုက်ခိုက်ရမည်။ ဒါကို ဘယ်သူကမှ တရားဝင် ထုတ်မပြော။ သို့ပေမဲ့ ဗမာ့ကာကွယ်ရေးတပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားတိုင်း သိကြသည်။ တော်လှန်ရေးတိုက်ပွဲခေါ်သံ ဘယ်တော့ ကြားရမလဲ။ ဒါကိုတော့မည်သူကမျှမသိ။

ခုတစ်ခေါက် တပ်ရင်းမှူး တိုင်းရုံးကအပြန်မှာ သည်သတင်းကို ဗိုလ်ကြီးအေးချို့တို့ ကြားရပြန်ပြီ။ တော်လှန်ရေးအတွက် မီးစိမ်းပြတော့မည်။ သို့သော် တပ်ရင်းမှူးပြောသည်က နှစ်ကိုယ် ကြားစကား။ တော်လှန်ရေးသတင်းကို ရဲဘော်တွေအား အသိပေးရန် မလိုသေးကြောင်း နားလည်ရသည်။

၁၉၄၄ ခုနှစ်၏ နောက်ဆုံးလပိုင်းမှာဖြစ်သည်။ ရေတန်းစစ်မျက်နှာမှာ ဂျပန်စစ်တပ်ကြီး အလဲလဲအကွဲကွဲ ရှုံးနေပြီ။

သည်အချိန်တုန်းက ရေတန်းစစ်မျက်နှာ ဆိုတာ အိန္ဒိယနိုင်ငံအင်ဖားစစ်မြေဖြစ်သည်။ ဂျပန်တပ်မတော်ကြီးမှာ အိန္ဒိယနိုင်ငံ အလယ်ပိုင်းသိမ်းရန် အားခဲထားပေမယ့် မအောင်မြင်၊ မိမိတို့အလောင်းတွေ မိမိတို့သိမ်းပြီး နောက်ကြောင်းပြန်ဆုတ်နေရချိန်။

သည်အချိန် သည်ကာလမှာ တပ်ရင်းမှူးထံမှ တော်လှန်ရေးနှီးပြောဆိုတာ သိရတော့ ဗိုလ်ကြီးအေးချို့တို့မှာ လက်တယားယား သေနတ်တစမ်းစမ်း။ သို့သော် တပ်ရင်းမှူးက သတိပေးသည်။ လှို့ဝှက်ခြင်းသည် တပ်မတော်၏အသက်။ သိုသိပ်ကျစ်လျစ်မှုသည် တိုက်ပွဲတစ်ပွဲ၏ အဓိကသော့ချက်။

တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုက သည်အချိန်မှာ အမြော်အမြင်ရှိသော အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်သည်။ ညစဉ်ညတိုင်း တပ်တွင်းဆွေးနွေးပွဲများ ကျင်းပခြင်းဖြစ်သည်။

သည်ဆွေးနွေးပွဲမှာ စက်မှုလက်မှု တပ်ရင်း(၂)က ရဲဘော်များ တစ်ဦးနှင့်တစ်ဦး ဒူးတိုက်ဆွေးနွေးကြသည်။ ပခုံးဖက်၍ တိုင်ပင်ကြသည်။ လက်တွဲမဖြုတ်ဘဲ ညှိနှိုင်းကြသည်။ သူတို့ဆွေးနွေးပွဲမှာ အဓိကထား၍ ပြောဆိုဆွေးနွေးကြသည့် ခေါင်းစဉ်က "သူ့ကျွန်မခံသော မြန်မာ့ရာဇဝင်သမိုင်း"။

သည်ခေါင်းစဉ်၏ အဓိပ္ပာယ်ကို တပ်ရင်းမှူးက ပဏာမရှင်းပြသည်။ ဗိုလ်ကြီးအေးချို့ အပါအဝင် တပ်ရင်းရှိ အရာရှိတွေက ခေါင်းစဉ်၏ အနက်အဓိပ္ပာယ် ကျယ်ဝန်းပုံကို ထပ်မံရှင်းပြသည်။ မြန်မာနိုင်ငံ၏ သမိုင်းအဆက်ဆက် နယ်ချဲ့ကျူးကျော်မှုများကို မြန်မာတို့ တွန်းလှန်ခဲ့သည့် ဖြစ်ရပ်များ၊ မြန်မာ့သွေး၊ မြန်မာ့ခား၊ မြန်မာ့စိတ်ဓာတ်နှင့် ထူးချွန်ပြောင်မြောက်သည့် သေနင်္ဂဗျူဟာ စသည်ဖြင့်။

သည်အစီအစဉ်ကား အောင်မြင်ပါတိသည်။

ရဲဘော်တွေကလည်း ဒါလောက်တော့ ရိပ်မိသည်။ အကဲဖမ်းနိုင်ကြသည်။ မြန်မာတွေ သတ္တိပြခဲ့ကြသော သမိုင်းဖြစ်ရပ်တွေ

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးခြင်းဖြင့် ရဲဘော်တို့ သွေးကြွလာသည်။ သည်အချိန်မှာ ဘယ်ရန်သူကို တိုက်ရမလဲ၊ ခိုက်ရမလဲ။ ရဲဘော်တွေက အဆင်သင့်။ တိုက်ပွဲခေါ်သံ လာတော့မလား။ အနီးကပ်ဆုံး ရန်သူကို ထိုးနှက်တိုက်ခိုက်ဖို့၊ ရဲဘော်တို့က အစဉ်ပြင်ဆင်လျက်။

၁၉၄၅ ခု၊ မတ်လ ၂၇ ရက်နေ့ မတိုင်မီ ရက်သတ္တနှစ်ပတ်။

ကျဉ်းမြောတွင် စခန်းချနေခဲ့သော စက်မှုလက်မှုတပ်ရင်း(၂)ကို စမ်းကြီးမြာသို့ ရွှေ့ပြောင်းခဲ့သည်။ ဘာဖြစ်လို့ တပ်ရင်းကို နေရာရွှေ့တာလဲ။ အကြောင်းဘယ်သို့ ရှိသလဲ။

ဂျပန်အရာရှိတွေက ဤသို့မေးမြန်းကြသည်။ ဗိုလ်မှူးမိုးညိုက ဂျပန်တွေအကြိုက် အဖြေလှလှကို ပေးသည်။

"အထက်မြန်မာပြည် ... ရှေ့တန်းစစ်မြေသို့ ချီတက်ဖို့၊ တပ်ရင်းကို လက်နက်ဖြည့်တင်းမယ်"

သည်အချိန်အထိ တော်လှန်ရေးသတင်းကို တပ်ရင်းမှူးက လည်း အသိမပေးသေး။ အရာရှိတွေကလည်း ဖွင့်မပြောသေး။ သို့သော် ရဲဘော်တွေကတော့ သိနေကြပြီ။ "တို့နိုင်ငံကို စော်ကားတဲ့၊ ကျူးကျော်တဲ့၊ နှိပ်စက်တဲ့၊ ဖက်ဆစ်တွေကို တော်လှန်တိုက်ခိုက်ရတော့မယ်"

မတ်လ ၂၇ ရက်နေ့ ညနေ ၅ နာရီ။

စမ်းကြီးမြာ တပ်ရင်းရုံးရှေ့မှာ တပ်ခွဲသုံးခွဲလုံး စုရုံးနေရာယူပြီးကြပြီ။ သည်အချိန်မှာ တပ်ရင်းမှူးက အောင်မြင်ခန့်ညားသော အသံကြီးဖြင့် သတင်းတစ်ရပ်ကို ကြေညာလိုက်၏။

"ရဲဘော်တို့ ... ဒီနေ့ ဒီအချိန်ကစပြီး ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ကြီးရဲ့ခေါင်းဆောင်မူနဲ့ တို့တပ်မတော်က ဖက်ဆစ်ဂျပန်များကို တော်လှန်စစ် ဆင်နွှဲပြီ ..."

ဗိုလ်ကြီးအေးချို အပါအဝင် စက်မှုလက်မှု တပ်ရင်း(၂)သည် စမ်းကြီးမြာမှတစ်ဆင့် မင်းဘူးအထိ ချီတက်ခဲ့ပြီ။

တော်လှန်ရေး တပ်မတော်ကြီးကို ဦးဆောင်အချိန်မှာ စုရုပ်စခန်းသို့ ချီတက်စေသည်။ ဆင်နွှဲရမည့်စစ်က ပြောက်ကျားစစ်။ သည်တော်လှန်ရေးက ပြောက်ကျားတော်လှန်ရေး။ သေနင်္ဂဗျူဟာက ပြောက်ကျားစစ်သေနင်္ဂဗျူဟာ။

"စုရုပ်ဌာနအထိ ညပိုင်းမှာ ချီတက်၊ နေ့ဘက် ရောက်ရာနေရာမှာ တပ်ဖျောက်။ မိမိချီတက်ရာလမ်းခရီးမှာ ရန်သူနဲ့ ရင်ဆိုင်တိုး၀င်တောင် ရှောင်သွား။ အဓိကဦးတည်ချက်က သတ်မှတ်ရာကို အချိန်အမြန်ဆုံး ရောက်ဖို့ပဲ"

တပ်ရင်းမှူး၏ ညွှန်ကြားချက်အမိန့်က သည်သို့ဆိုသည်။

ပထမတွင် သရက်ခရိုင် လဲပင်ကျေးရွာ၌ တပ်ရင်းမှူးဌာနချုပ်ကို ထားရှိခဲ့သည်။ နောက်တော့ ဌာနချုပ်စခန်းကို မင်းဘူးခရိုင်သို့ ရွှေ့ပြောင်းသွားခဲ့၏။

သို့နှင့် ဗိုလ်ကြီးအေးချို့တို့၏ တပ်ရင်းဌာနချုပ်ကို မင်းဘူးခရိုင် စကုမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီ။ တပ်ရင်းဌာနချုပ်၏ တာဝန်မှာ မင်းဘူးခရိုင်အတွင်းရှိ တော်လှန်ရေးအမာခံတပ်သားများကို စည်းရုံး၊ အနောက်ရိုးမဘက်မှ ဆုတ်ခွာလာသော ဂျပန်တပ်မတော်ကို ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်ရန်ဖြစ်သည်။

တပ်ရင်းဌာနချုပ်ကို စကုမြို့မှ အနောက်ဘက် မင်းရွာတွင် နေရာချထားသည်။ မင်းရွာကား ရွာမောသာယာသော အညာကျေးရွာကလေးဖြစ်သည်။ မန်းစက်တော်ဘုရားဘက်မှ စီးဆင်းလာသော မန်းချောင်းသည် မင်းရွာအနီးမှ ဖြတ်သန်းစီးဆင်းသွားသည်။ မန်းချောင်းနှင့်နီးသော မင်းရွာ၏ ဝန်းကျင်ဒေသမှာ စိမ်းလန်းစိုပြည်လှသည်။ ရွာလူထုမှာ စိုက်ပျိုးရေးကို ဇောက်ချလုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ အညာသား အညာသူတွေ မဟုတ်လား။ စကားပြောလျှင် အဖွဲ့အနွဲ့မရှိ၊ တဲ့တိုးကြီးမြည်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘွင်းဘွင်းကြီး ဆိုသည်။ ပရိယာယ်မနှော လောကွတ်မပါ။ မရှိတာရှိတာ အပထား။ သုတ်စားရသမျှအတိုင်း တော်လှန်ရေးရဲဘော်တွေကို စေတနာဗရပွနှင့် ကျွေးသည်၊ မွေးသည်၊ ပြုစုသည်။

ထိုအချိန်က စကုမ္ပဏီနယ်တွင် တော်လှန်ရေးရဲဘော်များ တစ်စုတစ်ရုံးတည်း ရှိနေ၏။ သခင်ကြည်၊ သခင်စစ်အေး စသော ရဲဘော်တွေက ဖက်ဆစ်တော်လှန်ရေးအတွက် လှုံ့ဆော်စည်းရုံးခဲ့ကြသည်။

ဂျပန်ဖက်ဆစ်ကို တော်လှန်ဖို့ ပင်ပန်းစွာ မစည်းရုံးခဲ့ရ။ ဂျပန်ဆိုလျှင် အသေရရ၊ အရှင်ရရ။ ဂျပန်ကို သတ်ချင် ဖြတ်ချင်၊ ချချင် ဆော်ချင်နေသော မြန်မာလူငယ်တွေမှာ သွေးတကြွကြွ၊ စိတ်တထထ။ သည်လို အမာခံလူငယ်တွေကို ဆယ်ယောက်လို ချင်သလား။ တစ်ရာလိုချင်သလား။ တစ်ထောင်လိုချင်သလား။

သို့သော် ...

ဂျပန်ကိုမုန်းတိုင်း၊ ဂျပန်ကိုအမြင်ကတ်တိုင်း၊ ဂျပန်ကိုဆော်ချင်တိုးချင်တိုင်း တော်လှန်ရေးတပ်ထဲ ဆွဲသွင်း၍မဖြစ်။ လှုံ့ဆော်စည်းရုံးရေးဆိုတာမှာ သည်လိုလုပ်၍မရ။ ပြီးတော့ တော်လှန်ရေးတပ်မတော်ထဲ ဝင်လာမည့် လူငယ်တွေကိုကြည့်။ မျိုးချစ်စိတ် တကယ်ရှိရဲ့လား၊ နိုင်ငံတော်အတွက် အသက်စွန့်ရဲရဲ့လား၊ သဘောတရား ခိုင်မာရဲ့လား။ အတွေးအခေါ် မှန်ကန်ရဲ့လား။ ကိုယ်ကာယကျန်းမာသန်စွမ်းရဲ့လား။ သေနတ်လက်နက်များကို အထိုက်အလျောက် ကိုင်တွယ်ထိတွေ့ဖူးရဲ့လား။

သည်လို "လား" ပေါင်းများစွာပါသည့် ပေတံနှင့် တိုင်းထွာတွက်ချက်၍ ပေမီဒေါက်မီ တန်းမီလူငယ်များကို စကုမ္ပဏီနယ်တွင် တော်လှန်ရေးတပ်မတော်အတွက် စည်းရုံးခေါ်ယူခဲ့သည်။

မင်းဘူးခရိုင် ဖက်ဆစ်တော်လှန်ရေး ရဲဘော်များသည် သရက်ခရိုင် လဲပင်ကျင်းကျေးရွာစခန်းသို့ ပထမဆုံး သတင်းပို့ရသည်။ အဲသည်တုန်းက တပ်ရင်းဌာနချုပ်ကို မင်းရွာသို့မရွှေ့ရသေး။

မင်းဘူးက ရဲဘော်တွေ လဲပင်ကျင်းကျေးရွာ တပ်ရင်းဌာနချုပ်စခန်း ရောက်သည့်ညကို သတိရသေးတော့။

ထိုနေ့က မင်းဘူးအဖွဲ့မှ ခေါင်းဆောင် သခင်စစ်အေးနှင့် တပ်ရင်းဌာနချုပ်စခန်းက ဗိုလ်ကြီးအေးချို့တို့ ပထမဆုံး ပဋိပက္ခဖြစ်ခဲ့ရသည်။ ဖြစ်သမှ သာမည အသေးအဖွဲမဟုတ်၊ ဒုက္ခလှလှကြီးတွေ့ရမည့် ပဋိပက္ခ။

သခင်စစ်အေးတို့အဖွဲ့ လဲပင်ကျင်းစခန်းသို့ ရောက်သည့်နေ့မှာ တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုထံ သတင်းပို့ရသည်။

ဗိုလ်မှူးမိုးညိုမှာ တော်လှန်ရေးရဲဘော်များ အင်အားတိုးလာ၍ ဝမ်းသာနေ၏။

"သခင်စစ်အေးတို့ အင်အား ဘယ်လောက်ပါလာသလဲ"

"၅၈-ယောက်ပါ ဗိုလ်မှူး"

"လက်နက်အရေအတွက် ..."

"ဂျပန်ရိုင်ဖယ် ၃၆ လက်၊ အင်္ဂလိပ်ရိုင်ဖယ်နှစ်လက်ပေါင်း ၃၈ လက်၊ ကျည်ဆန် ငါးရာ့ရှစ်ဆယ်နဲ့ ဂျပန်လက်ပစ်ဗုံး သုံးလုံးပါ ဗိုလ်မှူး"

"ကောင်းပြီ၊ လက်နက်စာရင်းနဲ့ လူအင်အားစာရင်းကို ဗိုလ်ကြီးအေးချိုဆီမှာ စနစ်တကျအပ်၊ ဆက်လုပ်ရမည့် အစီအစဉ်ကို နက်ဖြန်မနက်မှ ပြောမယ်"

"ကောင်းပါပြီ ဗိုလ်မှူး"

ထိုနေ့က သခင်စစ်အေးက မိမိတို့ရဲဘော်များစာရင်း။ သေနတ်လက်နက်နှင့် ခဲယမ်းမီးကျောက်စာရင်း အတိအကျကို ဗိုလ်ကြီးအေးချိုထံ ပေးအပ်ရသည်။

သည်နေ့မှာပဲ ဗိုလ်အေးချိုကို စတင်မြင်ဖူးသည်။ မျက်နှာက ခပ်မာမာ၊ ခပ်ထန်ထန်၊ အသားညိုညို၊ ကိုယ်လုံးကိုယ်ထည်ကဂင်တိုတို၊ စကားပြောလျှင် အနည်းဆုံးနှင့် အပြတ်သားဆုံး ပြောသည်။ ဗိုလ်ကြီးအေးချိုက စဖော်ရွေမှုနည်းသည်ဖို့ စကား

www.burmeseclassic.com

www.burmeseclassic.com

လက်ဆုံမကျ။ ရင်းနှီးခြင်းမရှိ။ ခပ်မှန်မှန် ခပ်တမ်းတမ်းပဲစကား ပြောဖြစ်သည်။

ညအိပ်ခါနီးတော့ ဗိုလ်မှူးမိုးညိုက သခင်စစ်အေးကို မေးနေ၏။ မင်းဘူးခရိုင်၏ မြေအနေအထား၊ ကျပန်တပ်များ အခြေအနေ၊ နိုင်ငံရေးအသွင်အပြင်နှင့် ပြည်သူ့သဘောထား စသည်ဖြင့် ပြီးတော့ သခင်စစ်အေးတို့လည်း ခရီးပန်းလာ၍ မောမောနှင့် အိပ်ရာဝင်ကြပြီ။

အိပ်ရာဝင်တော့ ဗိုလ်ကြီးအေးချို အပါအဝင် ခေါင်းဆောင်များအိပ်သည့် တန်လျားမှာ သခင်စစ်အေးကို နေရာချထားပေးသည်။ သခင်စစ်အေးသည် ဝတ်လာသော ဘလေဇာကုတ်အင်္ကျီကို မိမိအိပ်မည့်နေရာအနီးမှာ အမှတ်တမဲ့ ချိတ်ထားမိသည်။

ထိုနေ့ ညဥ့်သန်းခေါင်ကျော် ၁၂ နာရီခွဲခန့်။

တော်လှန်ရေးဌာနချုပ် စခန်းတစ်ခုလုံး ငြိမ်နေသည်။ ရဲဘော်တွေအားလုံးပဲ အိပ်မောကျနေကြပြီ။ ကင်းကျသော ရဲဘော်၊ စခန်းဝန်းကျင်မှာ ကင်းပုံနှစ်ခောင့်ရသော ရဲဘော်တွေကတော့ ဘာဝန်ကိုယ်စီကို ကျေပွန်စွာ ထမ်းရွက်နေကြဆဲ။ သို့သော် တောစခန်းမှာဆိုတော့ ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်နေသည်။ တိတ်ဆိတ်နေသည်။ ရဲဘော်အချို့ ဟောက်သံမလွဲ၍ ဘာသံမှမကြားရ။

သည်အချိန်မှာ ...

"ဒေါက်"

လေတိုက်သံနှင့်အတူ ဝါးကြမ်းပေါ်ကို သတ္တုပစ္စည်းတစ်ခု အရှိန်ပြင်းစွာကျသည့် အသံကို ကြားလိုက်ရသည်။

သည်အသံကြောင့် ပထမဆုံး အိပ်ရာက နိုးလာသူမှာ ဗိုလ်ကြီးအေးချို။

သူ့နားက ပါးလည်းပါးပါဘိ။ ကြားလည်း ကြားပါဘိ။ လျင်လည်း လျင်ပါဘိ။

သူက အိပ်ရာမှထပြီး ဟိုဟိုဒီဒီ အကဲခတ်သည်။

တွေ့ပြီ။

သခင်စစ်အေး အိပ်ရာဘေးမှာ ပုံလျက်သားကျနေသော ကုတ်အင်္ကျီတစ်ထည်။ ဒီအင်္ကျီချိတ်ထားရာက ပြုတ်ကျလို့ အသံမြည်သည်။ ဒါပေမဲ့ အင်္ကျီပြုတ်ကျရုံနှင့် ဘာဖြစ်လို့ အသံမြည်ရတာလဲ။ ဗိုလ်ကြီးအေးချို သံသယဝင်ပြီ။ မသက်ာဖြစ်ပြီး စူးစမ်းသောအတွေးဖြင့် တွေးကြည့်လိုက်ပြီ။

သူသည် အင်္ကျီကို ဆွဲယူလိုက်၏။ ပြီးတော့ အင်္ကျီအိတ်တွေထဲကို လက်နှိုက်ရှာသည်။ ဟော ... သည်မှာ၊ သေနတ်တစ်လက်။ မောင်ထဲမှာနှိုက်ရင်း၊ စမ်းရင်း ထွက်လာသည်က ပစ္စတိုသေနတ်တစ်လက်။

သည်သေနတ် ဘယ်သူ့သေနတ်လဲ။ သည်သေနတ်ရှိနေတာ ဘာဖြစ်လို့ မိမိမသိရမှာလဲ။ သည်သေနတ်ပိုင်ရှင်သည် စခန်းတွင်းဝင်လာကတည်းက ဘာဖြစ်လို့ တာဝန်ရှိသူ မိမိထံ သတင်းမပို့တာလဲ။

"ဒီသေနတ် ဘယ်သူ့သေနတ်လဲ၊ ဒီအင်္ကျီပိုင်ရှင် ဘယ်သူလဲ"

ဗိုလ်ကြီးအေးချိုက ရုတ်တရက် အော်မေးလိုက်သည်။ သူ့အသံက ညဥ့်နက်ချိန်မှာ စူးစူးဝါးဝါး ထွက်လာ၏။ သည်တော့ တန်းလျားထဲမှာ အိပ်နေသော ရဲဘော်တွေ အိပ်ရာက ရုတ်တရက် နိုးကြပြီ။

ရဲဘော်တွေမှာ ရုတ်တရက် အသံကြားလို့သာ အိပ်ရာက နိုးလာကြသည်။ ဘာမေးလို့ ဘာဖြေရမှန်း မသိကြသေး။ မျက်လုံးများကိုပွတ်လျက်၊ ခေါင်းကိုကုတ်လျက်၊ နားရွက်ကိုနှိုက်လျက်။

"ဗိုလ်အေးချို ... ဘာဖြစ်တာလဲ၊ ဘာလဲ"

တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုက ဗိုလ်ကြီးအေးချိုကို ပထမဆုံး လှမ်းမေးသည်။

"ဒီမှာ သေနတ်တစ်လက် ဗိုလ်မှူး၊ အင်္ကျီထဲက သေနတ်တစ်လက် ထွက်လာတယ်၊ ဒါ ဘယ်သူ့သေနတ်လဲ"

www.burmeseclassic.com

www.burmeseclassic.com

သည်တော့မှ သခင်စစ်အေးက သိလိုက်၏။ မနေ့ညနေက မောမောနှင့် အိပ်ရာဝင်ခဲ့လို့ သည်သေနတ်ကို ကိုယ်နှင့်မကွာ မသိမ်းဆည်းမိ။ ကိုယ့်ပေါ့လျော့မှုကြောင့် ခုတော့ အစစ်အမေးခံရပြီ။

"အဲဒါ ... ကျွန်တော့်သေနတ်ပါ၊ ဒါ ကျွန်တော့်အကျီပါ"

"ဟင် ... ဒါ ခင်ဗျားသေနတ်လား၊ ခင်ဗျား ဘယ်သူလဲ"

မှောင်တရိုပ်တဝါးမို့ ဗိုလ်ကြီးအေးချိုက ထပ်မေး၏။

"ကျွန်တော် သခင်စစ်အေးပါ၊ စကြမ်္ဘာနယ်က တော်လှန်ရေးအဖွဲ့ခေါင်းဆောင်ပါ"

"သခင်စစ်အေး ... ခင်ဗျား ကျုပ်ဆီ ညနေက စာရင်းပေးတုန်းက ဒီပစ္စတိုမပါပါလား၊ ဘာဖြစ်လို့ ဒီသေနတ်ကို စာရင်းမပေးဘဲ ချန်ထားတာလဲ"

"မလိုအပ်ဘူး ထင်လို့ပါ၊ အဖွဲ့ခေါင်းဆောင် သေနတ်ဆိုတော့ စာရင်းတင်စရာ မလိုဘူး ထင်လို့ပါ"

"ဘာဗျ ... ဒီလို ပြောလို့ ရမလား၊ ဒါ တော်လှန်ရေးလုပ်နေတာဗျ၊ ကလေးကစားနေတာ မဟုတ်ဘူး၊ တပ်ရင်းဌာနချုပ်ရဲ့ လုံခြုံရေးဟာ ကျုပ်လက်ထဲမှာရှိတယ်၊ ကျုပ်မသိဘဲ စခန်းတွင်းမှာ ကျည်ဆန်တစ်တောင့်၊ ဓားမြှောင်တစ်ချောင်း ကိုင်ခွင့်မရှိဘူး"

ရော ... ခက်ပါပြီ။ သခင်စစ်အေးမှာ အိပ်ချင်စိတ်များ ပြေသွားပြီ။ ဘယ့်နယ်လဲ။ တော်လှန်ရေးလုပ်ဖို့ လာခဲ့တာ တကယ့် ရာဇဝတ်အိုးကို တုတ်နှင့်ထိုးဓိနေပြီ။ အခုမှ တကယ့်မဟာဒုက္ခပါလား။

သည်အချိန်မှာ တပ်ရင်းမှူး ဗိုလ်မှူးမိုးညိုက ဝင်၍ပြောသည်။

"ကဲပါလေ ... ဗိုလ်အေးချို၊ ပြဿနာကို ဖြေရှင်းစရာရှိရင် မနက်ကျမှ ရှင်းရအောင်၊ ကဲ ... ကဲ ... ခင်ဗျားလည်း ပြန်အိပ်၊ သခင်စစ်အေးလည်း အိပ်ပါဗျာ"

"ဟာ ... ဘယ်အိပ်လို့ ရမှာလဲ၊ ဒါ ပြစ်မှုကြီးတစ်ခုပဲ ဗိုလ်မှူး၊ ကျွန်တော် ဒီလူကို မသက်သာဘူး၊ သူ ရဲဘော်အစစ်မှ ဟုတ်ရဲ့လား၊

ကျွန်တော်တို့စခန်းထဲကို လှိုဟုက်ဝင်လာတဲ့ ရန်သူစပိုင် မဖြစ်နိုင်ဘူးလား၊ ဗိုလ်မှူး စဉ်းစားပါ"

"အို ... ဖြစ်မှဖြစ်ရလေ။ တော်လှန်ရေးရဲဘော်တစ်ဦးကို ဗိုလ်ကြီးအေးချိုက မသက်သာဖြစ်ပြီ။ သံသယဝင်ပြီ။ သူ့ထံစာရင်းမပေးခဲ့သော ပစ္စတိုသေနတ်တစ်လက်ကြောင့် ပြဿနာကြီးဆက်တွေ ဖြစ်လို့လာပါပကော။

ထိုနေ့ညက ဗိုလ်ကြီးအေးချို အပြင်းအထန် ဒေါသထွက်နေပြီ။ တပ်ရင်းစခန်း လုံခြုံရေးကို ကိုင်ရသူတစ်ဦးအနေဖြင့် သူက သည်ကိစ္စကို လုံးဝမကျေနပ်။ လုံးဝခွင့်မလွှတ်။ လုံးဝသဘောမတွေ့။

"ဗိုလ်မှူးကိုယ်တိုင် ဒီလူကို စစ်ဆေးပါ၊ သံသယဖြစ်ဖွယ်တွေ့ရင်ဘောင် ခွင့်မလွှတ်နိုင်ဘူး၊ အပြင်းထန်ဆုံး အရေးယူပါ"

ကောင်းပါလေရော။ ဖက်ဆစ်တော်လှန်ရေးအတွက် အသက်စွန့်တိုက်ဖို့ ထွက်လာခဲ့သူ သခင်စစ်အေး။ ခုမှ တကယ့်မဟာပြစ်မှုနှင့် တိုးနေပြီ။ အစက သည်မှု အမှုကြီးကျယ်မည်ဟု သိရလျှင် သည်သေနတ်ကို အပ်မိမည်စကန်။ ခုတော့ နောင်တဆိုတာ နောင်မှပဲ တ,ရတော့ပြီ။

ကြည့်လေ။ မိမိအပေါ် အပြစ်ထင်ရှား မတွေ့ဘူးပဲထား။ သံသယမွားစရာတွေ့လျှင်တောင် ပြင်းထန်စွာ အရေးယူမည်ဟု ဗိုလ်အေးချိုက စွဲချက်တင်နေပါရောလား။

ပြင်းထန်စွာ အရေးယူမည်ဆိုတာက ဘာလဲ။

တော်လှန်ရေးစခန်းတစ်ခုမှာ ပြင်းထန်စွာအရေးယူခြင်းဆိုတာ အရှင်းကြီးပါ။ တရားရုံးမရှိ။ အကျဉ်းထောင်မရှိ။ အချုပ်ခန်းမရှိ။

သည်နေရာမှာ ရန်သူ့ဘက်သားလို့ မသက်သာဖြစ်ပြီး အပြစ်ပေးခံရလျှင် သေဒဏ်ပါပဲ။ သည်ပြစ်ဒဏ်ကလွဲလို့ တခြားပေးစရာ လုံးဝမရှိ။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ သခင်စစ်အေးက ဘာမျှမပြောဘဲ ငြိမ်နေသည်။ တပ်ရင်းမှူးက ဗိုလ်အေးချို့ကို တဲတန်းလျားအပြင်သို့ ခေါ်ထုတ်သွားသည်။ သည်ကိစ္စကို ဆည့်သည်ရဲ့ဘော်တွေရှေ့မှာ ဆက်မဆွေးနွေးချင်။ အပြင်မှာရှင်းမှ ကောင်းမည်။

ဗိုလ်မှူးမိုးညိုက ဗိုလ်အေးချို့ကို ဘယ်သို့နှစ်သိမ့်ဖျောင်းဖျလိုက်သလဲမသိ။ သူတို့နှစ်ယောက် တဲတန်းလျားအပြင်ဘက်သို့ ထွက်သွားပြီး အရေးအခင်းအတွက် ဆွေးနွေးဖြေရှင်းသည်။ မကြာမီ ဗိုလ်မှူးမိုးညို ပြန်ဝင်လာ၏။ ပြီးတော့ ဗိုလ်အေးချို့ထံမှ ပစ္စတို သေနတ်ကို ယူလာပြီး သခင်စစ်အေးထံ ကမ်းပေးလိုက်သည်။

"ရော့ ... ရော့ ... ရဲဘော်စစ်အေး၊ ခင်ဗျားသေနတ်"

သခင်စစ်အေးက ပစ္စတိုသေနတ်ကို လှမ်းယူလိုက်သည်။ ထိုအချိန်မှာ တဲတန်းလျားအဝင်ဝရှိ သောက်ရေအိုးစင်မှ အသံတစ်သံကို ကြားလိုက်ရသည်။ ရေအိုးလေးငါးလုံးစီ၍ တင်ထားသော သောက်ရေအိုးစင်မှ ရေအိုးတစ်လုံးကို ဗိုလ်ကြီးအေးချို့က လက်သီးနှင့် ထိုးချလိုက်ပြီ။

ဂွမ်းခနဲ မြည်သွား၏။ ရေအိုးကွဲသွားပြီး ရေတွေဒလဟော စီးကျသွားသည်၊ သောက်ရေအိုးပေါ်မှ အရိုးတပ် ရေမှုတ်သည့် ဝါးကွပ်ပုစ်ပေါ်သို့ လိမ့်ဆင်းသွားလေသည်။

ဗိုလ်ကြီးအေးချို့၏ ပြောင်မြောက်သောလက်ရာ။ ထိရောက်သော သရုပ်ဆောင်မှုတစ်ကွက်။ ထွက်လာသောဒေါသကို ကိုယ့်နည်းကိုယ်ဟန်ဖြင့် ငြိမ်းသတ်လိုက်သော အပြေတစ်ခုပင် ဖြစ်ပါလိမ့်မည်။ သူ့ဒေါသလမ်းကြောင်းကို ပြောင်းလိုက်တာတော့ ကောင်းပါရဲ့။ ရဲဘော်တွေ၏ သောက်ရေအိုးတစ်လုံးတော့ အနီစ္ဆသဘောဖြင့် ကိစ္စချောသွားပါပကော။

နောက်တော့ သရက်ခရိုင် လဲပင်ကျင်းမှ ဖက်ဆစ်တော်လှန်ရေးစခန်းကို နေရာရွှေ့ရန် အထက်က အမိန့်လာသည်။ မင်းဘူးခရိုင် စကုမ္ပဏီနယ် မင်းရွာသို့။

မင်းရွာမှာ စကုမ္ပဏီ၏ အနောက်ဘက် ရှစ်မိုင်ကွာတွင်ရှိသည်။ သည်နေရာက အနောက်ရိုးမမှ ဆုတ်ခွာလာသော ဖက်ဆစ်ကျပန်တပ်များကို စောင့်ဆိုင်းတိုက်ရန် အချက်အချာကျသည်။ သို့နှင့် ဗိုလ်မှူးမိုးညို ဦးစီးသော တော်လှန်ရေးတပ်ရင်းတစ်ရင်း မင်းရွာသို့ ပြောင်းခဲ့ပြီ။

တပ်ရင်းဌာနချုပ်ကို မင်းရွာသို့ပြောင်းပြီး မကြာခင်မှာပင် ကျပန်များနှင့် ဒွေဆော်ဦး တိုက်ပွဲတစ်ရပ် ဆင်နွှဲကြရသည်။

မန်းချောင်းကို အလယ်မှာထား၍ မင်းရွာနှင့် ပေကုန်းရွာတို့သည် အရှေ့အနောက် တည်ရှိနေသည်။ ပေကုန်းက မန်းချောင်းအရှေ့ဘက်။ မင်းရွာက မန်းချောင်းအနောက်ဘက်။

ပေကုန်းရွာမှ ကွေ့တက်သွားလျှင် တစ်မိုင်ကျော်ခန့်မှာက မီးလောင်ရွာ။

တစ်နေ့ နေ့လယ်၊ မွန်းလွဲ ၁ နာရီခန့်။

တပ်ရင်းစခန်းသို့ ရှေ့ပြေးကင်းတပ်သားတစ်ဦး ဝင်လာသည်။ ကင်းတပ်သားက ဝါးခမောက်ဆောင်းလို့။ အင်္ကျီအဖာအထေးနှင့် ပုဆိုးတိုတိုဝတ်လျက်။ လက်ထဲမှာ နွားချည်သည့်ကြိုးတစ်ချောင်းကိုခွေ၍ ကိုင်ထားသည်။ ခြေထောက်မှာ ဖိနပ်မပါ။ သူက သတင်းပို့သည်။

"မီးလောင်ရွာမှာ ကျပန်တပ်စိတ်တစ်စိတ် ကင်းလှည့်ရင်း ရောက်နေတယ် ဗိုလ်မှူး"

"ဘယ်တုန်းက ရောက်နေတာလဲ"

"ဘယ်တုန်းက ရောက်သလဲ မသိခဲ့ဘူး၊ ဒီနေ့မနက် ဆွမ်းခံပြန်ချိန်လောက်မှာ ကျွန်တော် တွေ့ခဲ့တာ"

သို့နှင့် သခင်စစ်အေး ခေါင်းဆောင်သော စကုမ္ပဏီနယ်က ရဲဘော်တပ်စိတ်တစ်စိတ် မီးလောင်ရွာသို့ လိုက်သွားကြသည်။ ဗိုလ်ကြီးအေးချို့က သူလိုက်သွားမည် လုပ်နေ၏။ တပ်ရင်းမှူးက

www.burmeseclassic.com

www.burmeseclassic.com

နယ်ကျွမ်းသော သခင်စစ်အေးကိုပဲ လွှတ်လိုက်သည်။ ဂျပန်ကိုယ်တော်ရောတွေမှာ တစ်ဖက်ရန်သူကို မျှော်လင့်ထားပုံမရ။ ကင်းချထားပြီး အေးအေးဆေးဆေးပဲ၊ အဝတ်လျှော်သူလျှော်၊ လုံသူလုံ၊ အိပ်သူအိပ်နှင့် ရွာဦးဘုန်းတော်ကြီးကျောင်းအောက်မှာ သူတို့တစ်တွေ စည်းစိမ်တော်အနန္တနှင့်။

"ဒိုင်း ..."

တော်လှန်ရေးရဲတော်များထံမှ တိုက်ပွဲခေါ်သည့် သေနတ်သံ တစ်ချက်ဖြစ်သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

ရဲတော်များထံမှ ဆနောက်ထပ်ပေါ်ထွက်လာသော သေနတ်သံများ။

နောက်တော့ ... နောက်တော့ ...

ကမ္ဘာပျက်မတတ် အဆက်မပြတ်ဘဲ သေနတ်သံများကို ကြားကြရပြီ။ ဂျပန်တွေက ခုခံရင်း ဆုတ်ကြသည်။ တော်လှန်ရေးတပ်သားတို့က ပြောက်ကျားစနစ်ဖြင့် ပြေးဝင်ရင်း တိုက်ကြသည်။ ဂျပန်တပ်သားတို့မှာ ကင်းထောက် ထွက်လာကြသည်ထင်ရဲ့။ မိနစ်အနည်းငယ်ကြာ ပစ်ခတ်ပြီး တောထဲသို့ ပြေးဝင်ပျောက်ကွယ်ကြပြီ။ ရွာထဲမှာ သွေးကွက် သံလေးကွက် တွေ့ရသည်။ သူတို့တစ်တွေ ပဏာမ ဒဏ်ခံကိုတသံကို မြည်းစမ်းနားထောင် ဖျားသွားကြမည် စကန်။

နောက်တစ်ကြိမ် ဂျပန်များနှင့် တိုက်ကြရသည်မှာ လျှော်ဖြူတောတိုက်ပွဲ။

အဲသည်နေ့က ဗိုလ်ကြီးအေးချိုသည် ဂျပန်ရိုင်ဖယ်သေနတ်တစ်လက်ကို တစ်စစီ ဖြုတ်နေသည်။ ပြီးတော့ တိုက်ချွတ်ဆီထည့်ပြီး ပြန်တပ်နေ၏။ သည်အချိန်မှာ သခင်စစ်အေးက ဗိုလ်ကြီးအေးချို အနီးသို့ ရောက်သွားသည်။

ယခုတော့လည်း သခင်စစ်အေးနှင့် ဗိုလ်ကြီးအေးချိုတို့ ဆက်ဆံရေးမှာ အခြေအနေကောင်းသွားပြီ။ သခင်စစ်အေး၏ ခွဲသတ္တိနှင့် ခေါင်းဆောင်မှုစွမ်းရည်ကို ဗိုလ်ကြီးအေးချို သိစပြုပြီ။ ဗိုလ်ကြီးအေးချို၏ တာဝန်သိစိတ်၊ မိုးချစ်စိတ်နှင့် ဘွင်းဘွင်းရှင်းရှင်းဝါဒကို သခင်စစ်အေး သဘောပေါက်နေပြီ။ သည်တော့ သူတို့နှစ်ဦး ပေါင်းစပ်ဖြစ်သည်။ အလုပ်လုပ်၍ ဖြစ်သည်။

"ဗျို့ ... သခင်စစ်အေး၊ ဘာထူးသလဲဗျ"

"သတင်းထူးတယ် ဗိုလ်ကြီး၊ လျှော်ဖြူတောဘက်မှာ ဂျပန်တပ်သားတွေ ရောက်နေတယ်"

ဗိုလ်ကြီးအေးချိုက ဂျပန်ဆိုသော အသံကြားသည်နှင့် ခေါင်းထောင်လာသည်။ သူက လက်ထဲရှိ ရိုင်ဖယ်သေနတ်ကို ပြောင်းထိုးချိန်ကြည့်နေရင်းမှ ထပ်မေးနေ၏။

"သတင်းက ဘယ်လိုရတာလဲ"

"လျှော်ဖြူတောရွာက အထောက်တော်တစ်ဦး ရောက်လာတယ်၊ ရန်သူ့အင်အားတော့ အတိအကျ မသိရဘူး၊ လက်နက်ကြီးလက်နယ်ငယ် အနုံအလင်နဲ့ ရွာဝင်ပြီး ထမင်းချက်စားဖို့ ပြင်ဆင်နေကြတယ်၊ ကင်းထောက်တပ်ဖွဲ့နဲ့ တူတယ်လို့ ဆိုတယ်"

"ဟုတ်လား၊ လာဗျာ ... ဗိုလ်မှူးဆီ သတင်းပို့ရအောင်"

ဗိုလ်ကြီးအေးချိုက ရိုင်ဖယ်ကို ဒင်မှဆွဲကိုင်ရင်း နေရာမှထသည်။ ဗိုလ်မှူးမိုးညိုဆီ သတင်းပို့ရန် သူတို့နှစ်ဦး ထွက်လာကြ၏။

ဗိုလ်မှူးမိုးညိုမှာ သူ့တဲတန်းလျားဦး နယ်မြေ,မြေပုံကြီးတစ်ခုကို အလယ်မှာချရင်း အလုပ်ရှုပ်နေဆဲ။ လျှော်ဖြူတောရွာသို့ အမြန်လိုက်ကြရန် ဗိုလ်မှူးမိုးညိုက အမိန့်ပေးသည်။

ဗိုလ်ကြီးအေးချိုက သည်တိုက်ပွဲမှာ သူပါလိုက်ခွင့်တောင်း၏။

"ဗိုလ်မှူး ... ကျွန်တော် လိုက်သွားပါရစေ"

"မလိုဘူး ထင်ပါတယ် ဗိုလ်အေးချို၊ သခင်စစ်အေးပဲ လုံလောက်ပါတယ်၊ ခင်ဗျား နေခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး၊ ဒီနယ်မြေကို ကျွမ်းကျင်ရအောင် ခုလိုတိုက်ပွဲ ကလေးတွေ ဝင်နွှဲကြည့်ချင်တယ်၊ ဒီတစ်ပွဲမှာ ကျွန်တော်လိုက်ပါ ရစေ"

ဗိုလ်ကြီးအေးချို့က တိုက်ပွဲကို တောင်းနေသည်။ ဗိုလ်မှူး မိုးညိုက မထည့်ချင်။ နောက်တပ် တိုက်ပွဲတွေအများကြီး ကျန် သေးသည်။ ခုလို တိုက်ပွဲဝယ်မှာ ဗိုလ်ကြီးအေးချို့ လိုက်ဖို့မလို။ သို့သော် ဗိုလ်ကြီးအေးချို့က အထပ်ထပ်ပြောတော့ ဗိုလ်မှူးမိုးညိုက ခေါင်းညိတ်ရပြီ။ သူ့ရဲ့ရဲဘော်အလိုကို လိုက်ရပြီ။

ဗိုလ်ကြီးအေးချို့၊ သခင်စစ်အေးနှင့် တပ်စိတ်တစ်စိတ် နေ့ခင်းကြောင်တောင်ကြီးမှာ မင်းရွာက ထွက်လာကြသည်။ လျှောက်ဖြူ တောဆိတာ မင်းရွာနှင့် ဝေးသည်မဟုတ်၊ သေနတ်တစ်ကမ်းသာ သာပဲရှိမည်။ မင်းရွာမြောက်ဘက် တစ်မိုင်ကျော်ကျော်မှာရှိ၏။

ဗိုလ်ကြီးအေးချို့တို့ တပ်စိတ်သည် ပုဆိုးအင်္ကျီစုတ်ဝတ်၊ ခေါင်းမှာပုဆိုးဟောင်းတစ်ထည်ပေါင်းပြီး နွားကျောင်းသားဟန်၊ ငါးရှာပြန်လာသည့် တံငါသည်ဟန်ဆောင်ပြီး ချီတက်ခဲ့ကြသည်။ ချဲ့ကွယ်တွေ့လျှင်ချောင်း၊ သစ်ပင်အုပ်အုပ်တွေ့လျှင်ပုန်း၊ ကုန်း လိုက်ကွလိုက်နှင့် လျှောက်ဖြူတောရွာအထိ ခက်ခဲကြီးစွာ လာခဲ့ကြသည်။ အညာဒေသ၏ တပေါင်းလမို့ နေကလည်း ပူပါဘိ။ ရဲဘော်တွေမှာ ချွေးပြိုက်ပြိုက်ကြသည်။ သို့သော် တိုက်ပွဲဆီသို့ စိတ်စောနေလေတော့ မောမှန်းမသိ၊ ပူမှန်းမသိလေ။

ဗိုလ်ကြီးအေးချို့တို့တပ် ရွာစည်းရိုးနား ကပ်မိပြီ။ ရဲဘော် နှစ်ဦးက ရှေ့ဖျားမှာ ဝပ်တွားပြီး ရွာနားတိုးသွားသည်။ ရွာလူထု မှာ မကြာမီ ဖြစ်ပွားတော့မည့် တိုက်ပွဲတစ်ပွဲကို ကြိုတင်မသိရှာကြ။ သို့နှင့် သူတို့တစ်တွေ သစ်ပင်ရိပ်မှာ မောင်းထောင်းမပျက်။ ရွာ လယ်လမ်းမှာ အသွားအလာမပျက်။ နွားတင်းကုပ်မှာ အလုပ်မပျက်။

ရွာနားကပ်သွားသော ရဲဘော်နှစ်ဦး နောက်ကြောင်းပြန်ကွေ့ လာသည်။ ရဲဘော်တွေထံက ဘာသတင်းမှမရ။ ရွာထဲမှာရန်သူ

ရှိကြောင်း သေချာသည်။ ရွာလယ်မန်ကျည်းပင်အောက်မှာ သူတို့ ထမင်းချက်နေကြသည်။ မီးခိုးတွေတလူလူနှင့်။ ဟိုသို့လာ သည်ကို သွား အလုပ်များနေကြသော ဂျပန်သုံးလေးဦးကို အဝေးမှမြင်ရ သည်။ ခက်တာက ရန်သူ့အင်အားကိုမသိ။ အရေအတွက် ဘယ်မျှ ရှိသလဲ သေချာစွာ မသိရ။ လက်နက်အင်အား ပြည့်စုံကြသလား။ လက်နက်ကြီး ပါသလား။ ဂယနဏ မသိရ။

သည်အခြေအနေမျိုးတွင် စွန့်စားပြီး ဝင်တိုက်ရန် မသင့်။ အေးကြီးတာက ရွာထဲက တစ်စုံတစ်ယောက် ရွာပြင်ထွက်လာ လျှင် ကောင်းမည်။ သူတို့ထံမှ သတင်းတစ်စုံတစ်ရာ ရနိုင်မည်။ သို့သော် ခုအချိန်မှာ လူကိုအသာထားပါတော့။ ရွာထဲက ရွာပြင် သို့ ထွက်လာသော ခွေးတစ်ကောင် ကြောင်တမြီးမျှ လုံးဝမတွေ့။ လုံးဝမမြင်ရ။

သည်တော့ ဘာလုပ်မလဲ။

တိုက်ပွဲကို ရှောင်မလား။ ရှေ့ကို တိုးမလား။

ရန်သူကို တွေ့နေရပြီ။ သည်အချိန်မှာ ဘာအကြောင်းကြောင့် ရှောင်သွားရမှာလဲ။ ဘာအကြောင်းကြောင့် နောက်သို့ပြန်ကွေ့မလဲ။ အရေးကြီးတာက ရန်သူ့အင်အား အတိုအကျသိရအောင်လုပ်။ ပြီးတော့ တိုက်ပွဲအခြေအနေကို ကြိုတင်လို့ ခန့်မှန်း။ အောင်ပွဲ သည် သူ့ဆီမှာလား။ ကိုယ့်ဆီမှာလား။

အောင်ပွဲက ကိုယ့်ဘက်မှာရှိမည်ဟု သေချာလျှင်ဝင်တိုက်။

အဲသည်အချိန်မှာ ဗိုလ်ကြီးအေးချို့က မိမိရဲဘော်များနှင့်တိုင် ပင်သည်။ သခင်စစ်အေးက အကြပေး၏။ ရွာထဲဝင်ပြီး ရန်သူ့ အခြေအနေကို နုံစမ်းထောက်လှမ်းဖို့ သင့်သည်။ ရဲဘော်တစ်ဦး ရုပ်ဖျက်ပြီး ရွာထဲဝင်သွား။ ရန်သူ့အခြေအနေကို အဝေးကကြည့်။ သူ့အင်အား အတိုအကျကို အနီးကပ်ဆုံး လေ့လာပြီး ရွာပြင်သို့ အမြန်ဆုံး ပြန်လာခဲ့ရန်။

"ကဲ ... ရဲဘော်တို့၊ ရွာထဲကို ဘယ်သူသွားမလဲ"

www.burmeseclassic.com

www.burmeseclassic.com

သည်လိုမေးလိုက်တော့ ရွာထဲဝင်ချင်သူတွေ အများကြီး။ ရန်သူနှင့် အန်းကပ် လေ့လာဖို့ဆိုတာက တကယ်တော့မလွယ်။ မျက်စိလျင်ရမည်။ နားပါးရမည်။ သွက်လက်ချက်ချာရမည်။ အမြန်ဆုံး လှုပ်ရှားနိုင်သော အလေ့အကျင့်လည်း လိုသည်။ ပြီးတော့ တဒင်္ဂအတွင်းမှာ ဆုံးဖြတ်နိုင်သော ဉာဏ်စွမ်းလည်း ရှိရမည်။ သို့နှင့် ဗိုလ်ကြီးအေးချို့က သူ့ရဲဘော်တွေကို မလွှတ်ချင်။ မိမိကိုယ်တိုင်ဝင်မည်။ ရန်သူတွေကို မိမိကိုယ်တိုင် လေ့လာပြီးအန်းကပ်ဆုံး အဖြေကိုရယူမည်။

ခေါင်းဆောင်ကိုယ်တိုင် ရွာထဲဝင်မည်ဆိုတော့ ရဲဘော်တွေက တားကြ ဆီးကြသည်။ ဗိုလ်ကြီးမသွားပါနဲ့။ ကျွန်တော်တို့ပဲ သွားပါရစေ။ ရွာထဲမှာ အန္တရာယ်များသည်။ ပြီးတော့ ဗိုလ်ကြီး အသွင်အပြင်က တောသားဟန်မရှိ။ တောသားပုံမလာ။ တောသားဂိုက်မဟုတ်။

သို့သော် ကိစ္စမရှိပါ။ ရဲဘော်တစ်ဦးထံက ပုဆိုးခပ်စုတ်စုတ်ကို ဗိုလ်ကြီးအေးချိုက ယူဝတ်သည်။ ပြီးတော့ မျက်နှာသုတ်ပဝါအဖောင်းတစ်ထည်ကို ခေါင်းမှာပေါင်းလိုက်၏။ အင်္ကျီကတော့ သခင်စစ်အေး၏ ပျဉ်ကြမ်းအင်္ကျီကို တောင်းဝတ်လိုက်သည်။ ပြီးတော့ ရွာပြင်မှာရှိသော သစ်ပင်ကိုင်းခြောက် အစအနတွေကို ထင်းတစ်စည်းဖြစ်အောင် စည်းလိုက်၏။ တောအဝတ်၊ တော အဆင်၊ တောသားအသွင်နှင့် ထင်းခြောက်တစ်စည်းကိုထမ်း၍ ဗိုလ်ကြီးအေးချို ရွာထဲဝင်သွားပြီ။ ဟော ... သည်လိုဆိုတော့ တက္ကသိုလ်ကျောင်းသား စစ်ဗိုလ်ကြီးလို့ ဘယ်သူက ထင်တော့မှာလဲ။

ဗိုလ်ကြီးအေးချိုက ရွာလယ်လမ်းအတိုင်း ထင်းစည်းကို ထမ်းပြီး ဝင်လာသည်။ ရွာအဝင်မှာ ၁၅ နှစ်အရွယ် ကိုရင်တစ်ပါး၊ ကျောင်းသားလေးတစ်ယောက်၊ စကားတပြောပြောနှင့် ရွာလယ်

လမ်းအတိုင်း လျှောက်လာသည်ကို တွေ့ရသည်။ ဗိုလ်ကြီးအေးချိုက ကိုရင်ကို မေးလိုက်၏။

"ဗျို့ ... ကိုရင်၊ ဘယ်တုန်းဗျ"

"အရှေ့နားကို"

"ရွာထဲမှာ ဂျပန်တွေ ရောက်နေတယ်ဆို"

"ဟုတ်သားပဲ"

"တော်တော်များသလားဗျ"

"အင်း ... များတယ်"

"ဘယ်နယောက်လောက် ရှိမလဲ"

"မသိဘူး ... တော်တော်များတယ်၊ ရွာလယ်က မန်ကျည်းပင် အောက်မှာ ထမင်းချက်နေကြတယ်"

ကိုရင်က အမှတ်တမဲ့ပြောပြီး ထွက်သွား၏။ ကိုရင့်ထံမှ သိရသော "တော်တော်များတယ်"ဆိုတာ ဘယ်လောက်လဲ။ အရေအတွက်ကို မသိရတော့ ဗိုလ်ကြီးအေးချို မကျေနပ်။ သည်တော့ ရှေ့သို့ ထပ်လျှောက်ခဲ့သည်။

တွေ့ပြီ။

ရွာလယ်က မန်ကျည်းပင်ရိပ်မှာ ထမင်းချက်နေကြသော ဂျပန်တွေ။ တစ်ယောက် နှစ်ယောက် သုံးယောက် ...။ အို ... မနည်းပါလား။ ထမင်းချက်သော "ဟန်းကော"သတ္တုချို့ငှဲ့တွေကို အလယ်မှ တုတ်ဖြင့်လှုပ်ပြီး သစ်ပင်မှာချည်လို့။ အောက်က ထင်းတွေထည့်ပြီး မီးဖိုထားသည်။ မီးဖိုအေးမှာ ငပုတွေဝိုင်းလို့။ မန်ကျည်းပင်အောက်က ကွပ်ပျစ်ကြီးပေါ်မှာ ငပုတွေ လဲ့အိပ်လို့။ ဘချို့က ရွာလယ်လမ်းမပေါ်မှာရပ်လျက်။ ထိုင်လျက်။ ဝိုက်နေသူကဝိုက်။ စကားပြောနေသူက ပြောလို့။ သူတို့အင်အားမှာ စုစုပေါင်း နှစ်ဆယ်ခန့်ရှိမည်ကို ဗိုလ်ကြီးအေးချို အကဲခတ်မိပြီ။

"ဟေး ... ဘိရမာ၊ ဟေး ... ဘိရမာ"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအေးချို့ကိုမြင်တော့ ဂျပန်စစ်သားတစ်ဦးကလှမ်းခေါ်၏။ သည်အခိုက်မှာ လူသားတို့ထုံးစံအတိုင်း ဗိုလ်ကြီးအေးချို့ရင်ထိတ်သွား၏။ ဂျပန်စစ်သားကတော့ ခေါ်နေပြီ။ ဘာလုပ်သင့်သလဲ။

ဗိုလ်ကြီးအေးချို့က ခေါ်နေသော ဂျပန်အား လှမ်းကြည့်လိုက်သည်။ ဂျပန်စစ်သားသည် ဗိုလ်ကြီးအေးချို့ကို လက်ယပ်ခေါ်နေ၏။ ပြီးတော့ သူ့ပခုံးပေါ်က ထင်းစည်းကို လက်ညှိုးထိုးပြသည်။

ညြော် ... ထင်းစည်းလိုချင်လို့ကိုး။ ဟုတ်ပါရဲ့။ သူတို့ထမင်းအိုးတည်ရာမှာ မီးငြိမ်းလုလု။ ထင်းမှမရှိတော့ဘဲ။ သည်တော့ သူတို့မျက်စီရှေ့မှာ ရောက်လာသော ထင်းစည်းကို အလွယ်တကူပဲ တောင်းနေပါပြီ။

သည်တော့လည်း ဗိုလ်ကြီးအေးချို့ ဘာမျှဆွန်းတုံ့မပြန်နိုင်တော့။ လောလောဆယ် အချိန်မှာ သူတို့လိုချင်တာကို ပေးလိုက်ဖို့ပဲရှိသည်။ သို့နှင့် သူက ဂျပန်စစ်သားအနီးသို့ သတိနှင့်ကပ်သွားသည်။

ဂျပန်စစ်သားသည် ဗိုလ်ကြီးအေးချို့၏ ပခုံးပေါ်က ထင်းစည်းကို ဘာမပြော ညာမပြောနှင့် လှမ်းဆွဲယူလိုက်သည်။ ထင်းစည်းသည် ဂျပန်စစ်သားလက်ထဲသို့ အလိုက်သင့် ပါသွား၏။ သို့သော် ဂျပန်စစ်သားမှာ အားကခပ်ပျော့ပျော့။ ထင်းစည်းကို ကောင်းစွာ မထိန်းနိုင်ဘူး ထင်ပါရဲ့။ ထင်းစည်းသည် သူတို့ဆန့်ထည့်ထားသော ဟန်းကောတုတ်တန်းပေါ်သို့ ပစ်ကျသွားလေသည်။ သည်အချိန်မှာ "ဟန်းကော"သတ္တုချိုင့်တွေ ဖရိုဖရဲနှင့် ပြိုကျကုန်ပြီ၊ လွင့်ကျကုန်ပြီ။ ဟန်းကောတွေ မှောက်ကျသွားတော့ အဖုံးမွှင့်ပြီး ဆန်စေ့တွေ ထမင်းရည်တွေ ယိုထွက်ကုန်သည်။

"ခွဲးရား ... ခွဲးရား"

ဂျပန်စစ်သားက ဒေါသတကြီးနှင့် အော်လိုက်၏။ ပြီးတော့ စိတ်ဆိုးမာန်စိုးနှင့် သူတို့ထုံးစံအတိုင်း ပါးရိုက်ဖို့ ရွယ်လိုက်သည်။ သည်အခြေအနေမှာ ဗိုလ်ကြီးအေးချိုက နောက်တစ်လှမ်းဆုတ်၍ ရှောင်လိုက်သဖြင့် ဂျပန်၏လက်ဝါးစောင်းနှင့် လွဲသွား၏။ သို့သော် ဂျပန်ကောင်မှာ သည်မျှနှင့် မကျေနပ်၊ ထပ်ရိုက်ဖို့ ရှေ့တိုးလာလေသည်။

ဗိုလ်ကြီးအေးချို့ အခြေအနေမဟန်တော့ကြောင်း နားလည်လိုက်၏။ သည်နေရာမှ အမြန်ဆုံးရှောင်သွားမှ ဖြစ်မည်ကို သူသဘောပေါက်၏။ စိတ်မကျေသေးသော ဂျပန်ကောင်သည် သူ့ကို ပါးရိုက်ဖို့ အရိုန်ပြင်းစွာ ခုန်ဝင်လာသည်။

ဗိုလ်ကြီးအေးချို့ ဘာမှမတတ်နိုင်တော့ပြီး သူ့ကိုရန်မူဖို့ဝင်လာသော ဂျပန်စစ်သားကို ဗိုလ်ကြီးအေးချိုက လက်ပြန်ရိုက်ချလိုက်သည်။ အငိုက်မိသွားသော ငပု၏မျက်နှာကို ဗိုလ်ကြီးအေးချို့၏လက်ဖမိုးက အရိုန်ပြင်းစွာ ရိုက်မိသွားသည်။ ငပုခမျာ မြေသားကို ထိန်းဖို့ ပရမ်းပတာ လဲကျသွားပါပကော။

ရုတ်တရက်ဆိုတော့ ဂျပန်စစ်သားတို့ အံ့အားသင့်သွားကြသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိကြ။ သည်အခြေအနေကို ဗိုလ်ကြီးအေးချိုက ကောင်းစွာအသုံးချ၏။ သူက ဆက်ပြီးလူစွမ်းကောင်းလုပ်ရန် မရည်ရွယ်။ အမြန်ဆုံးစံချိန်ဖြင့် ထိုနေရာမှ ပြေးထွက်ခဲ့သည်။ ပြေးသမှ ခြေကုန်သုတ်၍ပြေးသည် ဗိုလ်ကြီးအေးချို့ ထွက်ပြေးလာတော့မှ နောက်ပိုင်းမှာ ဂျပန်တွေ အော်ဟစ်၍ ကျန်ရစ်ခဲ့သည်။ လက်မြန်သော ဂျပန်တစ်ဦးက မန်ကျည်းပင်မှ ထောင်ထားသော သေနတ်ကို ဆွဲယူပြီး လှမ်းပစ်လိုက်၏။

"ဒိုင်း ... ဒိုင်း"

သေနတ်သံသည် တိတ်ဆိတ်ငြိမ်သက်နေသော ရွာငယ်ကလေး၏သာယာမှုကို ဖြိုချလိုက်သည်။ သေနတ်သံကြားတော့ ရွာထဲရှိ မိန်းမသားတွေ ကလေးငယ်တွေ ဟိုပြေးသည်ပြေး

www.burmeseclassic.com

www.burmeseclassic.com

အလုပ်များကုန်ကြ၏။ သည်အချိန်မှာ ဗိုလ်ကြီးအေးချို့က ရွာပြင်သို့ ရောက်သည်အထိ ခြေကုန်သုတ်၍ ပြေးထွက်ခဲ့ပြီ။

ရွာတံခါးအနီးမှာ သခင်စစ်အေးတို့ ရဲဘော်များနှင့် ဆုံမိသည်။ ရဲဘော်တွေက သေနတ်သံကြားလို့ တစ်ရှိန်ထိုးပြေးဝင်လာကြခြင်းဖြစ်သည်။

"ရဲဘော်စစ်အေး ရန်သူ့အင်အား နှစ်ဆယ်လောက်ရှိမယ်၊ ဝဲယာ နှစ်ဖက်ဖြန့်ပြီး သူတို့ကိုဝိုင်း။ ခုအချိန်မှာ သူတို့ ဘာမှပြင်ဆင်ပြီး မရှိဘူး။ အခြေအနေ ကောင်းတယ်"

ဗိုလ်ကြီးအေးချို့က အမိန့်ပေး၏။

တော်လှန်ရေးရဲဘော်များသည် ရွာလယ်လမ်းကို ဗဟိုပြု၍ ဝဲယာနှစ်ဖက်ညှပ်ပြီး တက်သွားကြသည် ဆိုပေမယ့် အကာအကွယ်ယူလျက်။ တချို့က မြေပြင်မှာဝပ်တွားလို့။ တချို့က သစ်ပင်ကို ကွယ်လျက်။

ရွာလယ်မန်းကျည်းပင်နှင့် သေနတ်တစ်ကာမ်းသို့ရောက်ပြီ။ ဂျပန်တွေကို ပစ်မှတ်ကောင်းကောင်း တွေ့နေရပြီ။ သူတို့ခမျာ ဆူဆူဆဲဆဲနှင့် ထမင်းချက်ဖို့ ပြင်ဆင်နေကြဆဲ။

"ဒိုင်း ..."

တော်လှန်ရေးရဲဘော်များထံမှ တိုက်ပွဲခေါသည့် သေနတ်သံ ဖြစ်သည်။ သေသေချာချာ ချိန်ပြီးပစ်သည်ဖို့ သေနတ်ပြောင်းဝက ထွက်သွားသော ကျည်ဆန်တစ်တောင့်သည် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လေသည်။ မီးဖိုးမှာ ခါးထောက်ပြီး ရပ်နေသော ဂျပန်တပ်သား ကားခနဲ လဲကျသွားပြီ။

နောက်တော့ ...။

ရွာလယ်မှာ တိုက်ပွဲကြီးတစ်ရပ် ပြင်းထန်စွာ ဖြစ်ပါပြီ။ ကမ္ဘာပျက်မတတ်။

ရွာလူထုမှာ ပြေးကြ လွှားကြ ပုန်းကြ ခိုကြနှင့် ဘာလုပ်လို့ ဘာလုပ်ရမှန်း မသိ။ ဘယ်ပြေးလို့ ပြေးရမှန်းမသိ။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက်"

အဆက်မပြတ် ထွက်လာသော သေနတ်သံများနှင့်အတူ ဂျပန်တပ်သားတွေက အပြင်းအထန်ခုခံကြသည်။ သို့သော် သူတို့တစ်တွေမှာ အဝိုက်မိသွားကြတော့ ထိထိရောက်ရောက် ပြန်ပြီးခုခံနိုင်စွမ်း မရှိကြ။ နီးရာသေနတ်ကို ဆွဲယူပြီး ဂမူးရူးထိုး ပစ်ကြခတ်ကြသည်၊ တစ်ဖက်ရန်သူကို ထိမှန်ဖို့ဝေးရော။ နေရာကလေးမှ ကောင်းကောင်းမယှဉ်နိုင်ကြ။ ဂျပန်တပ်သားတွေ ဖရိုဖရဲနှင့်အလဲလဲ အကွဲကွဲ ပြေးသူပြေး။ ကျည်ထိသူထိ။

မိနစ်အနည်းငယ်အတွင်းမှာပင် တိုက်ပွဲပြီးသွား၏။ ဂျပန်တပ်သားနှစ်ဦး ကျဆုံးသည်။ တစ်ဦး ဒဏ်ရာနှင့် လွတ်သွားသည်။ ကျန်ရစ်သောဂျပန်တပ်သားတို့မှာ အသက်ကို ဖက်နှင့်ထုပ်၍ပြေးကြရသည်။ မိမိတို့ဘက်က ကြိုတင်စီမံ၍ ဝင်တိုက်ရသည်မို့ ထိခိုက်ဒဏ်ရာရသူ လုံးဝမရှိ။

❁ ❖ ❁

မင်းရွာမှာ တပ်ရင်း တော်လှန်ရေးဌာနချုပ် စခန်းချစဉ်က တွေ့ကြုံခဲ့ရသည့် တိုက်ပွဲတွေက မနည်းလှ။ တိုက်ပွဲငယ်များလည်း ကြုံသည်။ တိုက်ပွဲကြီးများလည်း ဖြစ်ခဲ့သည်။ သူ့ဘက်က အကျအဆုံးများသည်နှင့်လည်း ကြုံသည်။ ကိုယ့်ဘက်က ထိခဲ့နာခဲ့သည်လည်းရှိသည်။ ဒါကတော့ တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲရာတွင် ဖြစ်ခြင်းကိစ္စပဲလေ။

မင်းရွာမှာ စခန်းချတုန်းက ဗိုလ်ကြီးအေးချိုမှာ တိုက်စရာရှိလျှင် ထွက်တိုက်သည်။ တိုက်စရာမရှိသည့်အခါ သူ့ခမျာ မြတ်နိုးလွန်းရသော ချစ်သူကို လွမ်း၍မဆုံး တမ်းတ၍မဆုံး အသည်းနှလုံးမှာ ခံစားရသော ဝေဒနာက ပြင်းထန်လှပါ၏။ ကြည့်လေ။ ဒါကြောင့်ပဲ ရဲဘော်ဖြစ်သူ ဗိုလ်ကြီးရဲအောင်ကို ဗိုလ်ကြီးအေးချိုက ရင်မွှင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကိုရဲအောင်ရယ် ... ခုရက်တွေမှာ တင်တင်အုန်းကို သိပ်လွမ်းတာပဲ၊ ဒီမှာက တော်လှန်ရေးစခန်းဆိုတော့ သူ့ဆီကစာက လေးတစ်စောင်မှမရ။ ပြီးတော့ ကျွန်တော်ကလည်း တင်တင့်ဆီစာတစ်စောင်မှ ထည့်လို့မရ၊ ကိုယ့်ရင်ထဲက ပြောပြချင်တာတွေကို ဘယ်လိုများ တင်တင့်ကို ပြောရမလဲ မသိဘူးဗျာ"

ဩော် ...စစ်သားကြီးအသည်းက လူသားဆန်သောစကားတွေ ပြောနေပါပကော။ စစ်သားတစ်ယောက်မှာလည်း လူပီပီခံစားတတ်သော အသည်းနှလုံး ရှိသည်မဟုတ်လား။ သည်တော့ ခုလို လသာသောညများမှာ တောစခန်းက လွမ်းဖွယ်ရှင်းကိုကြည့်လို့ တို့စစ်သားကြီး လွမ်းရပြီ၊ ဆွေးရပြီ၊ တမ်းတရပြီ။

တင်တင်အုန်းနှင့် ပတ်သက်၍ တွေးလိုက်မိပြီဆိုလျှင် အဲသည်ညမျိုးမှာ ဗိုလ်ကြီးအေးချို တစ်ယောက် မိုးစင်စင်လင်းသည်အထိ အိပ်၍မပျော်တော့။

တဲတန်းလျားအတွင်းမှာ ဘယ်လူးလိုက်၊ ညာလှိမ့်လိုက်၊ နဖူးပေါ် လက်တင်လိုက်၊ လက်ပေါ်နဖူးတင်လိုက်နှင့် ညမိုက်မိုက်မှာ အသည်းခိုက်အောင် ဆွေးနေသလား၊ လွမ်းနေသလား ရဲဘော်ရယ် ...။

သည်လိုကြောင့်ပဲဖြစ်မည်။ လသာသော ဒွန်ညတစ်ည။ အိပ်၍မပျော်သော ညတစ်ည။ သည်ညမှာ ဗိုလ်ကြီးအေးချို တစ်ယောက် ရဲဘော်တစ်စုနှင့်အတူ ကင်းလှည့်ထွက်ခဲ့ရင်း တော်လှန်ရေးအောင်လံကို အမြင့်ဆုံး လွှင့်ထူနိုင်ခဲ့သည်လေ။

❁ ❖ ❁

အဲသည်ညက လ,သာသည်။ ဒွေစန္ဒ လရောင်းက ကြယ်များကို ခြံရံလို့ မိုးကောင်းကင်ပြာမှာ ဝင်းဝင်းလက်လက် ဝိုင်းဝိုင်းစက်စက်သာလျက်ပါ။

လသာသောညများမှာ အလွမ်းမင်းသားခမျာ အိပ်၍မပျော်တတ်။ သက်ပြင်းကို ဆွဲချရင်း ဘယ်လိုမှ်လိုက်၊ ညာလူးလိုက်နှင့် အသည်းမူးဝေနာကို ခံစားနေရသည်။

သည်အချိန်မှာ ဗိုလ်ကြီးအေးချိုက တပ်ရင်းမှူး၏ အမိန့်ကို ကြားလာမိသည်။ တပ်ရင်းမှူးက မိမိတို့ကို အမြဲနှိုးဆော်နေ၏။

"တော်လှန်ရေး သတိရှိကြ။ ရန်သူ့အခြေအနေကို အမြဲမပြတ် အကဲခတ် လေ့လာကြ၊ ညဉ့်အချိန်မှာ ရန်သူတို့ ရိုးမဘက်က ဆုတ်ခွာနေကြတယ်။ ရန်သူ့သတင်းကို ထောက်လှမ်း၊ အခွင့်အလမ်းကြိုရင် လမ်းဖြတ်တိုက်ပွဲ ဆင်နွှဲကြ။ ရန်သူကို ဒုက္ခပေးကြ"

ကဲ ...သည်တော့ အိပ်၍လည်း မပျော်သည့်အတူတူ ရင်ထဲက အလွမ်းဝေဒနာကို ပြင်းထန်စွာ ခံစားမနေချင်ပြီ။ ညဉ့်အချိန်ကို ကင်းထောက်ထွက်ရင်း အသုံးချမည်။ ရန်သူတွေ့ရင်လည်း တိုက်ကြတာပေါ့။

"ကိုစစ်အေး ... အိပ်ပလားဗျ"

ဗိုလ်ကြီးအေးချိုက သခင်စစ်အေးကို လှမ်းမေးသည်။ သခင်စစ်အေးမှာ အိပ်ရာပေါ်၌ တစောင်းအိပ်နေ၏။ သို့သော် အိပ်မပျော်သေး။

"မအိပ်သေးပါဘူး ဗိုလ်ကြီး၊ ဘာပြောမလို့လဲ"

"အိပ်မပျော်သေးရင် တပ်ကြပ်ကြီးခင်မောင်ကို ခေါ်ဗျာ၊ ညကင်းလှည့် ထွက်ရအောင်"

သခင်စစ်အေးက ဝမ်းသာသွားသည်။ တိုက်ပွဲကို ရှာချင်သည်။ တိုက်ရမည် နိုက်ရမည်ဆိုလျှင် သခင်စစ်အေး ဝမ်းသာသည်။ ယခုလည်း ဗိုလ်ကြီးအေးချိုက တိုက်ကင်းလှည့်ဖို့ ခေါ်နေပါရောလား။ ဟန်ကျလိုက်တာ၊ တိုက်ပွဲတစ်ပွဲတော့ ကြုံမည်ထင်ရဲ့။

သခင်စစ်အေးက မိမိရဲဘော်တွေကို လိုက်နှိုးနေ၏။ တချို့လည်း အိပ်ပျော်နေပြီ။ တချို့က မအိပ်ကြသေး။ လသာသောညရဲ့ အရသာကို တဝကြီးခံစားရင်း အချိန်ဖြုန်းနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်က ည၉ နာရီခန့်ရှိပြီ။

မိနစ်အနည်းငယ် အတွင်းမှာပင် ဗိုလ်ကြီးအေးချို့ သခင်စစ်အေးနှင့် တပ်စိတ်တစ်စိတ် အဆင်သင့်ဖြစ်ပြီ။ လက်နက်ခဲယမ်းကျည်ဆန်အပြည့်အစုံပါရဲ့လား။ ဗိုလ်ကြီးအေးချိုက ရဲဘော်တွေကို တစ်ဦးချင်း နာမည်ခေါ်၍ မေးနေသည်။

"ရဲဘော်ခင်မောင် ... ကျည်ဆန် လုံလုံလောက်လောက်ပါရဲ့လား။ မောင်ခ ... မင်းရိုင်ဖယ်မောင်း သိပ်မကောင်းဘူး၊ သေနတ်တစ်လက် လဲပြီးယူခဲ့။ ရဲဘော်မြခင် လုံခွပ်မမေ့နဲ့နော် ညတိုက်ပွဲဆိုတာ လိုအပ်ရင် လုံခွပ်တိုက်ပွဲအထိ ဖြစ်ချင်ဖြစ်မှာ"

အားလုံး လူစုံ၊ လက်နက်စုံဖြစ်သော ဗိုလ်ကြီးအေးချို့တို့ ရဲဘော်တစ်စု စခန်းမှ ထွက်လာကြသည်။

"ဗိုလ်ကြီး ဘယ်ဘက်ကို သွားမလဲခင်ဗျ"

စခန်းက အထွက်မှာ သခင်စစ်အေးက မေးလိုက်၏။

"ကတ္တရားလမ်းဘက်ကို သွားမယ်လေ။ ဒီအချိန်မှာ ငပုတွေ ရှေ့တန်းက ပြန်ဆုတ်ဘာနဲ့ တိုးချင်တိုးနေမှာ၊ ရင်ဆိုင်တိုးရင်လည်း တစ်ပွဲတစ်လမ်းတော့ နွဲကြတာပေါ့"

ဗိုလ်ကြီးအေးချိုက သခင်စစ်အေးကို အားကိုးသည်။ သခင်စစ်အေးဆိုတာက သည်နယ်သား၊ သည်ဒေသက ရဲဘော်။ နယ်မြေကိုကျွမ်းသည်။ ဘယ်နေရာမှာ ဘာရှိသည်။ ဘယ်လမ်းကြောင်းမှာ ဘာချောင်းရှိသည်။ သူအကုန်သိ၏။ သို့နှင့် ခုလို ညဥ့်တိုက်ပွဲဆင်နွဲတော့မည်ဆိုတော့ ဗိုလ်ကြီးအေးချိုက သခင်စစ်အေးကို ရှေ့က တင်လေသည်။

သခင်စစ်အေးက "ဒါဖြင့်ရင် ကျွန်တော်တို့ လယ်ကိုင်းစကု သွား ကားလမ်းဘက်ကို ထွက်ကြမယ်လေ"

ဗိုလ်ကြီးအေးချိုက ...

"ကောင်းသားပဲ၊ ကျွန်တော်ကတော့ ငပုတွေနဲ့ တစ်ချီတစ်ပွဲ နွဲချင်နေတယ်၊ အဲဒီကိုပဲ သွားစို့"

သည်နေရာတွင် ဗိုလ်ကြီးအေးချို့ တိုက်ပွဲဝင်ချင်နေသည့် အကြောင်းတွေက အများကြီးပါပဲ။ ကြည့် ...။ ဗိုလ်မှူးမိုးညိုက ဂျပန်တပ်များ ရိုးမဘက်ဆီမှ ဆုတ်ခွာလာသည်ကို လမ်းကဖြတ်တိုက်ဖို့ ညွှန်ကြားထားသည်။ ဒါကြောင့် အခွင့်အရေးရလျှင် ဂျပန်တပ်များကို တိုက်ချင်သည်။ ပြီးတော့ ခုည အိပ်လို့မပျော်။ နောက်ပိုင်းမှာကျန်ခဲ့သော ချစ်သူကို သတိရသည်။ လွမ်းသည်။ အောက်မေ့သည်။ ဒါကြောင့် အိပ်လို့မပျော်။ အိပ်မပျော်သည့် အဘူတူ အလကားနေရင်း ဘယ်လူးညာလိမ့် အချိန်မဖြုန်းလို။ တာဝန်တစ်ခုကိုယူပြီး တိုက်ကင်းလှည့်ထွက်မည်။ ရန်သူနှင့်တွေ့မလား။ တွေ့ရင်တိုက်မည်။

ဗိုလ်ကြီးအေးချိုတို့ တပ်စိတ်သည် မင်းရွာမှနေ၍ တောင်ဘက်သို့ တည့်တည့်ကြီး ချီတက်ခဲ့သည်။ သူတို့ချီတက်ခဲ့သည့် လမ်းကြောင်းမှာ မန်းချောင်းနှင့် ပြိုင်နေသည်။ မန်းချောင်းဘေးမှ ကပ်၍ လျှောက်လာခဲ့ကြသည်။ မကြာမီ လျှောက်ဖြူတောကို ကျော်ခဲ့ပြီ။ သည်မှာ အစိုးရဆည်မြောင်းဌာနမှ တည်ဆောက်ထားသော မြောင်းပေါင်လမ်းမပေါ်သို့ ရောက်လာကြ၏။ မြောင်းပေါင်လမ်းမှာ စနစ်တကျ ကျောက်စိပြီး မြေဖို့ထားတော့ လျှောက်လို့ကောင်းသည်။ ဖြောင့်ဖြောင့်ဖြူးဖြူးရှိ၏။ မြေသိပ်သည်။ ဆူးငြောင့်ခလုတ်မရှိ။

ညဥ့်အချိန်မို့ အရပ်ရှစ်မျက်နှာမှာ တိတ်ဆိတ်နေ၏။ ကောင်းကင်ကို မော့ကြည့်တော့ တပေါင်းလပြည့်ကျော်၏ ဖိုးသွေလက ဝိုင်းဝိုင်းစက်စက်သာလျက်။ ဝန်းကျင်တစ်ခွင်ရှိ သစ်ပင်ချုံနွယ်တို့မှာ လရောင်ဆမ်းသဖြင့် ရွှန်းရွှန်းလက်နေကြသည်။ ညဥ့်ငှက်ကလေးတစ်ကောင် နှစ်ကောင်က စစ်သားကြီးတို့ကို လန့်သည်ထင်ပါရဲ့။ ဟိုကသည်ပျံ၊ သည်မှဟိုပျံ စုန်ဆန်ပြေးလွှားနေကြသည်။

လကလည်းသာ၊ ညဥ့်ကလည်း တင့်မောပါဘိ။ ဗိုလ်ကြီးအေးချို့ တစ်ယောက် ရောဂါဟောင်းကလေးများက ရင်ဘတ်မှာ

www.burmeseclassic.com

www.burmeseclassic.com

မြူးကြွလာသည်။ သီချင်းတစ်ပုဒ်ကို ပျစ်ပျစ်နှစ်နှစ် ဟစ်လိုက်ချင်သည်။ ဟဲလိုက်ချင်သည်။ သို့သော် မဖြစ်သေးချေ။ သည်လို စိတ်ရှိတိုင်း လုပ်၍မရ။ မိမိတို့မှာ တော်လှန်ရေးတာဝန်နှင့် မိမိတို့ လူပ်ရှားမှုကို တတ်နိုင်သမျှ လျှို့ဝှက်မှ သိုသိပ်မှ။

"လကလည်း သာလိုက်တာနော် ကိုစစ်အေးရဲ့"

"ဟုတ်တယ် ဗိုလ်ကြီးရယ်၊ လွမ်းစရာကြီးဗျာ"

လာပဲလာချေသေးတော့ သခင်စစ်အေးရယ်။ လွမ်းချင်နေတဲ့ သူကိုမှ လွမ်းစရာအကြောင်း စကားစလေသလား။ ဗိုလ်ကြီးအေးချို က ဘာမှပြန်မပြောလိုက်တော့ပါ။ ကိုယ့်အတွေးနှင့်ကိုယ်ပဲ တစ်ယောက်တည်း ဆွေးဆွေးနှင့် လျှောက်နေလိုက်ပါတော့မည်။

ရဲဘော်တစ်စုတဖြည်းဖြည်းနှင့် လျှောက်လာကြစဉ် ဥယျာဉ်ဧင်္ဂ ဗွာအနီးသို့ ရောက်လာသည်။ ရှေ့မှာက လယ်ကိုင်း– စကူသွား ကတ္တရာလမ်း။ သည်လမ်းကနေပြီး ဂျပန်တပ်များ ညဉ့်အချိန်လာတတ်သည်။ ရိုးမဘောင်ခြေဘက်မှ ဆုတ်ခွာလာသော ဂျပန်တပ်များသည် မောင်ရိပ်ကို အကာကွယ်ယူပြီး သည်လမ်းအတိုင်း မင်းဘူးသို့ ဆုတ်နေကြသည် မဟုတ်လား။

"သခင်စစ်အေးရေ ... ဒီလမ်းဘေးကနေပြီး ကျွန်တော်တို့ ကင်းပုန်းဝပ်ကြရအောင်"

ဗိုလ်ကြီးအေးချို့က အစီအစဉ်ကို ပြောပြသည်။ သည်ကတ္တရာလမ်းဘေးမှာ ရဲဘော်တစ်စု ကင်းပုန်းဝပ်ကြမည်။ ကတ္တရာလမ်းဘေးက တမာပင်တန်းသည် မိမိတို့အတွက် အားအထားရဆုံးသော အကာအကွယ်များ ဖြစ်မည်။ သည်နေရာမှနေ၍ ရန်သူ့အခြေအနေကို စောင့်အကဲခတ်မည်။ အခွင့်သာလျှင် တိုက်မည်။

သို့နှင့် ရဲဘော်တစ်စု နေရာယူထားကြသည်။

နာရီဝက် တစ်နာရီခန့် ကြာသွားသည်။ အခြေအနေက ဘာမျှမထူး။ ရန်သူ့အရိပ်အရောင် မမြင်ရသေး။ သို့သော် ကင်းပုန်းဝပ်နေသူတို့ စိတ်မပျက်ကြ။ ဆက်ဝပ်သည်။

ညဉ့် ၁၂ နာရီခန့်ရှိပြီ။ သည်အချိန်မှာ အဝေးဆီမှ မီးရောင်တန်းတစ်ခုကို ရုတ်တရက် မြင်လိုက်ရပြီ။ ပထမ စမြင်သူက သခင်စစ်အေး။

"ဗိုလ်ကြီး ... ဟိုမှာတွေ့လား မီးရောင်"

"အေးဗျ ... တွေ့တယ် ... တွေ့တယ်၊ ဟော ... ကားတစ်စီးဗျ၊ ကားမီးရောင် မဟုတ်လား"

ဟုတ်ပါရဲ့။ မီးရောင်သည် ကတ္တရာလမ်းအတိုင်း တရွေ့ရွေ့နီးလာသည်။ ကားတစ်စီးပဲ။ သည်အချိန် သည်လမ်းမှာ ရဲရဲငုံ့ငုံ့လာသည့် ဒါဘော့ ဂျပန်စစ်တပ်မှ ကားတစ်စီးပဲ ဧကန်ဖြစ်လိမ့်မည်။

နေဦးဗျ သခင်စစ်အေး၊ သေသေချာချာကြည့်ဦး၊ ကားကတစ်စီးတည်းမှ ဟုတ်ရဲ့လား"

"တစ်စီးတည်းပဲ ဗိုလ်ကြီး၊ နောက်က ဘာမီးရောင်မှမပါဘူး"

ဟုတ်ပဲ ဟုတ်သေးတော့။ တစ်စီးတည်းသော ဂျပန်စစ်တပ်ကားဆိုလျှင် သည်ကနေ့ည ဗိုလ်အေးချို့တို့ မျှော်လင့်ထားသော တိုက်ပွဲက သေချာသလောက် ရှိနေပြီ။

"ကားတစ်စီးတည်း သေချာပြီဆိုရင် ချမယ်ဗျာ၊ ရဲဘော်တွေ အသင့်ပြင်ထားကြ။ ပစ်မိန့်ရတာနဲ့ တစ်ပြိုင်နက် ရန်သူ့ကားကို တစ်ရှိန်ထိုးပစ်"

သစ်ပင်ခြေရင်းတွေမှာ နေရာယူထားကြသော ရဲဘော်များကို လက်ဆင့်ကမ်း အပိန့်ပေးလိုက်သည်။ ညဉ့်အချိန်မှာ သေနတ်မောင်းတင်သံများကို ထင်ထင်ရှားရှား ကြားလိုက်ရပြီ။

သည်သေနတ်မောင်းသံများက ရဲဘော်တစ်စုရဲ့ဝိုက်ပွဲခေါ်သံ။

ဂျပန်စစ်ကားသည် ကတ္တရာလမ်းအတိုင်း ဖြည်းဖြည်းပဲ မောင်းလာသည်။ တာဝန်နှင့် ထွက်လာသော ကားထင်ပါရဲ့ သူတစ်စီးတည်း အေးအေးဆေးဆေး ရှိလှသည်။ ကားထဲမှဂျပန်အရာရှိ စကားတပြောပြောနှင့် ပါလာ၏။ သူတို့စကားသံများကိုပဲ ဒေါသထဲမှာ တစ်ချက် တစ်ချက် ကြားနေရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်းနှင့် ကားသည် ဗိုလ်ကြီးအေးချို့တို့ နေရာယူထားသော သစ်ပင်တစ်ပင်နှင့် နီးလာပြီ။ သေနတ်တစ်ကမ်းအထိ နီးလို့လာပါပြီ။ သည်အချိန်မှာ ...

"ပစ် ..."

ညဉ့်၏ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သော အမိန့်သံက စူးစူးဝါးဝါး ပေါ်လာ၏။ ရဲဘော်များ၏ သေနတ်သံများက ပြောင်းဝမျာမှ တစ်ပြိုင်နက် ပေါ်ထွက်လာပြီ။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒိုင်း"

ဂျပန်ကားသည် ရုတ်တရက် ထိုးရပ်သွား၏။ ဝနစ်တကျရပ်သည်မဟုတ်။ လမ်းဘေးမြောင်းထဲသို့ ဦးတည်၍ ထိုးဆင်းပြီး ရပ်သွားသည်။ သည်ခဏာတွင် ဂျပန်တစ်စု ကားပေါ်မှ ခုန်ဆင်းထွက်လာကြသည်။ သူတို့လည်း လမ်းဘေးမှာ နေရာယူပြီး တရကြမ်း ပြန်ပစ်နေကြပြီ။ ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ဒက် ဒက် ... ရိုင်ဖယ်သေနတ်သံများ အကြားမှ စက်သေနတ်သံကိုပင် ကြားရသေးသည်။

သို့သော် ဂျပန်ဘပ်သားတို့မှာ အခွင့်အလမ်း နည်းကြပါ၏။ ပုန်းစရာ ကွယ်စရာမရှိ။ ပြီးတော့ ရုတ်ခြည်း ကြိုလိုက်ရသော တိုက်ပွဲဆိုတော့ မျက်ကလဲဆန်ပုနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ သို့နှင့် လက်ထဲက သေနတ်ကို ဦးတည့်ရာသို့ အရမ်းချိန်ပစ်နေကြသည်။ တိုက်ပွဲက သိပ်မကြာလိုက်ပါ။ မိနစ်ပိုင်းအတွင်းမှာပဲ ပြီးဆုံးသွားသည်။ ကားပေါ်ပါ ဂျပန်စစ်သားများသည် ကမူးရှူးထိုးနှင့်ပစ်နေကြပြီး နောက်တော့ တစ်ခဏအတွင်း ဆုတ်ခွာထွက်ပြေးသွားကြသည်။

သူတို့ ဆုတ်ပြေးကြသည်နောက်သို့ ရဲဘော်အချို့က လိုက်ပစ်ကြသေးသည်။ သို့သော် မမီတော့။ အပြေးကောင်းသော ဂျပန်စစ်သားတို့သည် ခပ်ဝေးဝေးရှိ သစ်ပင်တောအုပ်နောက်ဝယ် ပျောက်ကွယ်သွားကြပြီ။

သည်အချိန်မှာ ဗိုလ်ကြီးအေးချို့တို့က ဂျပန်စစ်ကားကို ဝိုင်းလိုက်၏။ စစ်ကားထဲမှာ ဂျပန်စစ်ဗိုလ်တစ်ဦး ကျည်သင့်ပြီးကျဆုံးလျက်ရှိသည်။ ကားဘေးမှာ ဂျပန်စစ်သားတစ်ယောက် မျက်နှာတည့်တည့်မှာ ကျည်ထိမှန် ပွဲချင်းပြီး သေဆုံးနေ၏။

"ကားပေါ်မှာ ပစ္စည်းတွေ ရှာကြဦးဟေ့ ... ရဲဘော်တွေ"

ဗိုလ်ကြီးအေးချို့က ပြောတော့ ရဲဘော်များက ကားပေါ်တက်ပြီး မွှေကြံ နောက်ကြသည်။ ဂျပန်စစ်ဗိုလ်၏ ကြိုးနီတပ်မားရှည်တစ်လက်၊ ဂျပန်အလံတစ်ခု၊ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ပြောင်းတိုသေနတ်တစ်လက် သိမ်းဆည်းမိသည်။

ဂျပန်စစ်အရာရှိတစ်ဦးနှင့် ဂျပန်တပ်သားတစ်ဦးကို အသေမိပြီး ဂျပန်အလံနှင့် လက်နက်အချို့ကို သိမ်းဆည်းမိတော့ ရဲဘော်တို့ ပျော်နေကြပြီ။ မိမိတို့ အောင်ပွဲရလိုက်သော တိုက်ပွဲအတွက် အကျေနပ်ကြီး ကျေနပ်နေကြသည်။ တော်လှန်ရေးတိုက်ပွဲအောင်လံကို အမြင့်ဆုံးလွှင့်ထူနိုင်ခဲ့ပြီ။ ဂုဏ်ယူဖွယ်၊ ဝင့်ကြွားဖွယ်၊ ရဲမာန်တက်ဖွယ် မဟုတ်ပါလား။

သို့သော် ...။

❁ ❖ ❁

ဗိုလ်ကြီးအေးချို့တို့ ရဲဘော်များမှာ သည်အောင်ပွဲနှင့် မကျေနပ်နိုင်ကြသေး။ မိမိတို့၏ ရဲစွမ်းရဲမာန်ကို သည့်ထက်ပို၍ အသုံးချချင်သေးသည်။ သို့နှင့် သည်ကားလမ်းဘေးမှာ ဆက်ပြီးကင်းပုန်းဝပ်ကြဦးမည်။ နောက်ထပ် ရောက်လာမည့် ဂျပန်သားကောင်များကို အမဲလိုက်ဦးမည်။ တိုက်ဦးမည်။

သိပ်ပြီး ကြာကြာမစောင့်လိုက်ရ။ နောက်ထပ် နာရီဝက်သာသာတွင် အဝေးမှ ကားတစ်စီး၏ မီးရောင်ကို မြင်ရသည်။ သူ့နောက် တစ်ခါ မြင်ရသည့်ကားမီးက အားကောင်းသည်။ ထိန်ထိန်လင်း

www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ကားကြီးဖြစ်မည်ထင်၏။ ကားသည် ဖြည်းဖြည်းမှန်မှန်ပဲ မောင်းလာသည်။ စောစောကသေနတ်သံများကိုပဲ ကြားလိုက်လား။ ဒါမှမဟုတ် ဆုတ်ခွာထွက်ပြေးသွားသည့် ဂျပန်စစ်သားများထံမှပဲ သတင်းရလိုက်လားမသိ။ ဂျပန်စစ်ကားသည် သတိနှင့်မောင်းလာဟန်ရှိ၏။

ဗိုလ်ကြီးအေးချို့တို့ထံမှ သေနတ်တစ်ကမ်းအကွာသို့ ဂျပန်စစ်ကားဝင်လာပြီ။ နှံးလာပြီ။

"ပစ် ..."

ညဉ့်အချိန်မှာ ပစ်မိန့်သံက စုးစုးဝါးဝါး ထွက်ပေါ်လာ၏။

"ဒိုင်း ... ဒိုင်း ... ဒိုင်း"

သေနတ်ဆယ်လက်ခန့်မှ စုပြုံ၍ ပစ်လွှတ်လိုက်သော ရိုင်ဖယ်ကျည်ဆန်များသည် ဂျပန်စစ်ကားကို ပြေးကြိုက်နှက်ဆက်ကြပြီ။ ကားသည် ရုတ်တရက် ထိုးရပ်သွား၏။ ကားထဲမှာ ဂျပန်စစ်သားများ စုပြုံ၍ခုန်ဆင်းကြသည်။ သူတို့သည် ကားအောက်မှာ၊ ရေမြောင်းထဲမှာ၊ လယ်ကွင်းပြင်စပ်မှာ၊ နေရာယူပြီး ချက်ခြင်းပဲ ပြန်ပစ်ကြသည်။

အို ... ဂျပန်စစ်သားတွေ အများကြီးပါလား။ ကားကထရပ်ကားကြီးဖြစ်သည်။ သို့နှင့် ကားထဲမှာ ဂျပန်စစ်သားတွေ သုံးလေးဆယ်ထက်မနည်း ပါလာသည်။ တိုက်ပွဲအခြေအနေသည် မိမိတို့ဘက်မှ အသာစီးရနေပါ၏။ ကျည်ကွယ်ကောင်း ရထားသော မိမိတို့ရဲဘော်များက ဂျပန်စစ်သားတွေကို အပေါ်စီးဖြင့် ဖိပစ်နေနိုင်ပါ၏။ သို့သော် ရန်သူ့ကျည်ပစ်အားက မိမိထက်ပို၍ များနေသည်။ ခုအခြေအနေတိုင်းဆိုလျှင် ဘယ်သို့ ကြာရှည်တိုက်နိုင်ပါ့မလဲ။

တိုက်ပွဲမှာ ပြင်းထန်နေဆဲ။ ဂျပန်ဘပ်သားနှစ်ဦးခန့် ကျည်ထိပြီး ကားအောက်မှာ ပုံလျက်သား လဲကျသွားပြီ။ နှုိင်းထိုးကော ဂျပန်တို့က မလျော့သား၊ မရှာသား မလွန့်သား။

မကြာမီ နောက်မှ ဂျပန်စစ်ကားတစ်စီး မောင်းလာသည်ကို တွေ့ရ၏။ တိုက်ပွဲအနီးရောက်တော့ ဂျပန်စစ်ကားကြီး ရပ်သွား၏။ ဂျပန်စစ်သားတွေက ကားပေါ်က ခုန်ဆင်းလာသည်။ ရန်သူ့ဘက်မှ အင်အားတိုးသွားပြီ။ သည်အချိန်မှာ မိမိတို့ဘက်မှ ဆက်တိုက်နိုင်ရန် အခြေအနေမပေးတော့။

"ဗိုလ်ကြီး ဂျပန်စစ်သားတွေ စစ်ကူရောက်လာပြီ၊ ကျွန်တော်တို့ ဆုတ်မှဖြစ်မယ်"

သခင်စစ်အေးက ပြော၏။ ဗိုလ်ကြီးအေးချိုက ရန်သူ့အခြေအနေကို အကဲခတ်သည်။ မိမိတို့ဘက်မှ အင်အားကို လေ့လာယှဉ်ထိုးကြည့်သည်။

ရန်သူ့အင်အား အဆမတန် များနေပြီ။

"ဟုတ်ဘယ် ကိုစစ်အေး၊ ဆုတ်မှ ဖြစ်မယ်၊ ဒါပေမဲ့အရမ်းမဆုတ်နဲ့၊ ကာပစ်အဖွဲ့ချန်ပြီး တစ်ဆင့်စီဆုတ်မှ"

ရဲဘော်သုံးဦးကို ကာပစ် ပစ်ပေးရန် ထားခဲ့သည်။ မိမိတို့တစ်ဆင့်ဆုတ်ပြီးမှ ကာပစ်အဖွဲ့ ဆုတ်ရမည်။ သို့နှင့် ဗိုလ်ကြီးအေးချိုနှင့် ရဲဘော်တချို့ ဆုတ်သွား၏။ သခင်စစ်အေးနှင့် ရဲဘော်နှစ်ဦးက ကာပစ်ပေးဖို့ နေရာမှာ ကျန်ခဲ့သည်။

ဂျပန်စစ်သားတွေကား ပါးနပ်ပါဘိ။ လျင်ပါဘိ။ သူတို့သည် မိမိဘက်မှ ကျည်ပစ်အား နည်းသွားသည်ကို သိကြပြီ။ သည်တော့ သူတို့ဘက်မှ ရှေ့တစ်ဆင့်တိုးရန် စီစဉ်သည်။ ကျည်ပစ်အားပို၍ ပြင်းထန်လာသည်။

သည်အချိန်မှာ ဗိုလ်ကြီးအေးချိုတို့သည် ဥယျာဉ်ဧင်ရွာအနီးရွေဘုံသာဘုရားဝင်းထဲသို့ ရောက်သွားကြ၏။ သခင်စစ်အေးတို့အဖွဲ့လည်း နောက်မှ လိုက်ဆုတ်သည်။ တော်လှန်ရေးရဲဘော်များ ရွေဘုံသာဘုရားဝင်းထဲမှာ နေရာယူကြသည်။ ဘုရားဝင်းအုတ်တံတိုင်းများက မိမိတို့အတွက် အလွန်ခိုင်မာသော ကျည်ကွယ်ဘန်ကာများ ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သည်နေရာဘွင် တိုက်ပွဲက ပြင်းထန်နေ၏။ ဂျပန်စစ်သား များသည် တော်လှန်ရေးတပ်သားများ၏ အင်အားနည်းပါးမှုကို အခွင့်ကောင်းယူပြီး တရကြမ်း တက်ကြွသည်။ သို့သော် မိမိတက်မှ ကျည်ကွယ်ကောင်းကောင်းနှင့် သေသေချာချာပစ်ရတော့ ဂျပန် စစ်သားတို့ အထိနာကြသည်။ သို့ပါလျက် ဂျပန်ဘွေဘက်မှ အတက်မရပ်။ အပစ်မရပ်။ ကျည်ပစ်အားနှင့် လူအင်အား သာနေ တော့ သူတို့ဘက်မှ အလုံးအရင်းနှင့် တရကြမ်း တက်လာသည်။

ဗိုလ်ကြီးအေးချို့တို့သည် ဥယျာဉ်ဧင်ဘုရားဝင်းမှတစ်ဆင့် အစိုးရဆည်မြောင်းဌာနမှ တည်ဆောက်ထားသော မြောင်းပေါင် အထိ တပ်ဆုတ်ရပြန်သည်။ မြောင်းပေါင်သည်လည်း ကျည်ကွယ် ကောင်းသည်။ မြောင်းပေါင်ကို အကာအကွယ်ယူပြီး တော်လှန်ရေး ရဲဘော်တို့ ခုခံနေကြပြန်၏။ သည်အချိန်မှာ ဂျပန်စစ်သားတို့ဘက် မှ သုံးလက်မမော်တာနှင့် ပစ်လေတော့သည်။ ပထမမော်တာကျည် ဆန်သည် ဗိုလ်ကြီးအေးချို့တို့ ရှေ့နားမှာ လာရောက်ပေါက်ကွဲ၏။ ရဲဘော်တွေကို မထိ။ ဒုတိယမော်တာကျည်ဆန်က မိမိတို့နေရာ၏ နောက်ဘက် ခပ်ယွန်းယွန်းမှာ ကျရောက်ပေါက်ကွဲသည်။ ခုလို အခြေအနေမှာ မိမိတို့ ဆုတ်သင့်ပြီဟု ဗိုလ်ကြီးအေးချို့ နားလည် လိုက်ပြီ။ သို့နှင့် အမိန့်ပေးလိုက်ရ၏။

"ရဲဘော်တွေ ... တပ်စခန်းအထိ အရပ်အနားမရှိ ဆုတ်ကြ"

တိုက်ပွဲဖြစ်ပွားသည့် နေရာမှာ နောက်ထပ် မော်တာကျည်ဆန် တွေ ပေါက်ကွဲနေတုန်းပါပဲ။ သေနတ်သံများက ဝေ့၍ ဝေ့၍ကျန် ခဲ့ပြီ။ တိုက်ပွဲနှင့် ခပ်လှမ်းလှမ်းရောက်တော့ ဗိုလ်ကြီးအေးချိုက မိမိတို့ဘက်ရှိ ရဲဘော်တွေကို စစ်ဆေးကြည့်သည်။ အားလုံးရဲဘော် ၁၂ ယောက်။ ရဲဘော်တစ်ဦးမှာ ပခုံးပေါ်မှာ ဒဏ်ရာအနည်းငယ် ရသည်။ ကျန်ရဲဘော်တစ်ဦးမှာ မြောင်းပေါင်ပေါ်မှ လိမ့်ကျ၍ ခေါင်းမှာ ဒဏ်ရာရသည်။ တခြားတော့ ကြီးမားသည့်ဒဏ်ရာမရကြ။

ကောင်းကင်ယံမှာတော့ ဖိုးလမင်းက ရွှန်းရွှန်းမြမြသာနေဆဲ။ ရဲဘော်များသည် လာလမ်းအတိုင်း ခပ်ဖြည်းဖြည်း၊ ခပ်မှန်မှန် လျှောက်လှမ်း၍ ပြန်ခဲ့ကြ၏၊ သည်အချိန်မှာ ...

တော်လှန်ရေးရဲဘော်များ၏ ရဲရဲတောက်သီချင်းသံများက လေတွင်လွှင့်၍ လွှင့်၍ ပျံတက်လာသည်။

"တူယုဒ္ဓိကာလေ တကယ်ပဲ စွမ်းအားပြချင်တယ်၊ ဗမာ သတ္တိ ကမ္ဘာကသိအောင် ငါတို့ပြလိုက်မယ် ... တို့ဗိုလ်ကမားကို ဆွဲလို့ ... ရှေ့ကတက်ပါတယ် ... ဘယ်မှာကြောက်စိတ်ရယ် ... ငါတို့ ရှိလိမ့်မယ် ..."

(၉)

တော်လှန်ရေးကာလတုန်းက တိုက်ခဲ့ရသော တိုက်ပွဲတွေက များပါဘိ။ လက်နက်ခဲယမ်း ချို့တဲ့သည်။ စားရေရိက္ခာကမပြည့်စုံ။ စစ်ဝတ်စုံ ယူနီဖောင်းဆိုတာကတော့ ဝေးပါရော။ ပုဆိုးတိုတိုဝတ်၊ မျက်နှာသုတ်ပဝါ ခေါင်းပေါင်းပြီး တိုက်ခဲ့ရသည်သာများသည်။ သို့သော် သည်တော်လှန်ရေးကား နိုင်ငံတော်အတွက် တိုက်ခိုက် ခဲ့ရသော တော်လှန်ရေး။ မိမိတစ်ဦးတည်းအတွက် အကျိုးအမြတ် ကို မျှော်၍မရ။ နစ်နာသည်ကို ဂရုမထား။ ဆင်းရဲပင်ပန်းမှုကို စကားထဲ ထည့်မပြော။ တော်လှန်ရေးကြီးသာ အောင်မြင်ပါက ဆင်းရဲပါစေ။ ပင်ပန်းပါစေ။ အသက်စွန့်ရပါသော်မှ စွန့်ရစေ။ မမှု။

သို့သော် ပြောစရာရှိသည်။ ဒါက တော်လှန်ရေးအတွင်းက ပြည်သူတို့၏ ထောက်ခံအားပေးမှု။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကြီးသည် ပြည်သူ့အကူ အညီ အထောက်အပံ့ကိုမရသော် သည်မျှအောင်မြင်ဖွယ်မရှိ။ ခုတော့ ပြည်သူတို့က သတင်းထောက်လှမ်းပေးသည်။ နေရာထိုင်ခုံပေး

www.burmeseclassic.com

www.burmeseclassic.com

သည်။ စားရေရိက္ခာ ထောက်ပံ့သည်။ သည်ပြင် ဘာလိုသေးသလဲ။ ဆေးဝါးလား။ လုပ်အားလား။ အချိန်မရွေးပြော။ အချိန်မရွေးဆို။ လိုအပ်သည် မရှိစေရ။ ပြည်သူလူထုက ပြီးပြည့်စုံအောင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးရန်အသင့်။

အခက်အခဲတွေ့သည်က ဇြိတိသျှစစ်တပ်မှပေးသည့် လက်နက်တွေကို ကိုင်တွယ်ပစ်ရန်ပါပဲ။ လေယာဉ်မှ ချပေးသောလက်နက်တွေက အမျိုးအမည် စုံလှသည်။ ခက်တာက သည်သေနတ်လက်နက်တွေ မြန်မာရဲဘော်တို့ ပစ်နည်းခတ်နည်း မကျွမ်းကျင်။ ကြည့်လေ။ ဇြိတိသျှစစ်တပ်မှ ပေးပို့သော အသံတိတ်ဂ်ရီယာတပ်စတင်းဂန်းသေနတ်များ ရောက်လာသည်။ တော်လှန်ရေးစခန်းမှာ ပစ်ခတ်လေ့ကျင့်ကြသည်။ ကျည်ဆန်တော့ ထွက်ပါရဲ့။ သေနတ်သံက ဒိုင်းဒိုင်းမမြည်။ သည်တော့ မြန်မာရဲဘော်အချို့ မကျေနပ်။ လက်ထဲက စတင်းဂန်းသေနတ်များကို လွှင့်ပစ်ကြသည်။

"အလကားသေနတ်၊ အသံလည်းမမြည်ဘူး။ တိုက်ပွဲမှာ ဘာအသုံးကျမှာလဲ၊ မလိုချင်ဘူး"

ရဲဘော်တွေက သည်လိုပြောကြသည်။

ဟုတ်ပေသားပဲ။

မြန်မာတွေဆိုတာက အသံမြည်မှ ကြိုက်သည်။ အသံကျယ်ကျယ်မြည်လေ ကြိုက်ကြလေဖြစ်သည်။ တစုံးစုံး တအုန်းအုန်း အသံထွက်သော အမြောက်ကြီးသံများ ကြားရလျှင် ကြားရသူတွေက သိပ်ကြောက်။ ပစ်သူတွေက သိပ်ကြိုက်။ အံကိုက်လှပါ၏။

❁ ✤ ❁

တော်လှန်ရေးကြီး ပြီးသွားပြီ။

သည်တော်လှန်ရေးကြီးကား မြန်မာတစ်မျိုးသားလုံး ကျားမမရွေး အုံကြွတော်လှန်ခဲ့သော သမိုင်းဝင် တော်လှန်ရေးကြီးဖြစ်သည်။

တော်လှန်ရေးကြီးအတွင်း ဖက်ဆစ်ဂျပန်တို့ မြန်မာတစ်ပြည်လုံးမှာ အရေးနိမ့်ခဲ့သည်။ ဖက်ဆစ်တို့ သည်မျှအချိန်မြန်မြန်နှင့် အရှုံးကြီး ရှုံးခဲ့သည်။ ဘာကြောင့်လဲ။ မြန်မာ့တော်လှန်ရေးကြီးကြောင့် ဆိုသည်ကို ဘယ်သူမှ မငြင်းနိုင်ကြ။

မြန်မာတစ်မျိုးသားလုံး အုံကြွတော်လှန်ခဲ့သော ဖက်ဆစ်တော်လှန်ရေးကြီးကြောင့်ဆိုတာ ကမ္ဘာက သိပါ၏။

တော်လှန်ရေးပြီးသွားတော့ တော်လှန်ရေးမှာ ပါခဲ့သည့် ရဲဘော်တွေ ဘာဆက်လုပ်ရမှန်းမသိ။ ဘယ်သွားလို့ သွားရမှန်းမသိ။ ဘယ်သူ့ကို အဖေခေါ်ပြီး ဘယ်သူ့ကို ပထွေးတော်ရမလဲ မသိနိုင်သည့်အချိန်။

မြန်မာတစ်နိုင်ငံလုံးကို ဇြိတိသျှ တပ်မတော်က သိမ်းယူခဲ့သည်။ နိုင်ငံတော်အရပ်ရပ်မှာ ကက်စီဘီခေါ် ရှေ့ပြေးအစိုးရအဖွဲ့များက အုပ်ချုပ်ရေးလုပ်ငန်းများ တည်ထောင်ကြသည်။

သည်အချိန်မှာ ဗမာ့မျိုးချစ်တပ်မတော်ဟု အမည်ပြောင်းထားသော တော်လှန်ရေးတပ်မတော်သားတို့၏ အနာဂတ်ကံကြမ္မာကို ဖန်တီးရန် အခြေအနေပေးလာသည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် မဟာမိတ်တပ်မတော်၏ အရှေ့တောင်အာရှ စစ်သေနာပတိ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန်တို့ သိဟိုဠ်ကျွန်း၊ ကန်ဒီမြို့မှာ တွေ့ဆုံဆွေးနွေးကြသည်။ သည်ဆွေးနွေးချက်များ၏ အကျိုးဆက်ကား တော်လှန်ရေးပြန် ရဲဘော် ၅၀၀၀ ကို ဗမာ့တပ်မတော်သို့ ခေါ်ယူမည်။ အရာရှိ ၂၀၀ လည်းပါမည်။ ဒါပဲ။

သည်အချိန်မှာ ဗိုလ်ကြီးအေးချို တစ်ယောက် တွံတေးသို့ ပြန်ရောက်နေသည်။

တော်လှန်ရေးပြန် ရဲဘော်တစ်ယောက်၏ အိမ်ပြန်ခရီးကား မျက်နှာပန်းလှပေစွ။ မိဘဆွေမျိုးတွေ ဝမ်းသာကြသည်။ ညီအစ်ကိုမောင်နမတွေ ပျော်ရွှင်နေကြပြီ။ တို့သား၊ တို့တူ၊ တို့အစ်ကို

www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့ဖွဲ့နွဲ့နွဲ့သိုင်းသိုင်းဝန်းဝန်းမရှိ။ သို့သော် သူ့မျက်နှာကိုသေသေချာချာကြည့်ပါ။ ချစ်ရည်ရွှန်းလဲ့နေသော မျက်လုံး၊ ချစ်သူနှင့်တွေ့လို့ ပီတိဖုံးနေသောအပြုံး၊ တမ်းတလွမ်းမောရသူကို ကိုယ်တိုင်တွေ့ရပြီမို့ ကြည်နူးရွှင်မြူး သွက်လက်နေသည့်ဟန်ကအပြည့်။ ပျော်ရွှင်ကျေနပ်နေသည့် အမူအရာက ဖုံးဖျက်၍မရ။ ကွယ်၍မရ။

ဗိုလ်ကြီးအေးချို့နှင့် တင်တင်အုန်းတို့၏ လက်ထပ်မင်္ဂလာပွဲကို ဖျာပုံမြို့မှာပင် ၁၉၄၅ ခု နိဝင်္ဘာလ ချမ်းစောင်းညအခါ မမေ့နိုင်သော နေ့တစ်နေ့တွင် ကျင်းပခဲ့သည်။

သတို့သား ဗိုလ်ကြီးအေးချိုက ကဲလွန်းသည်။ သတို့သား သတို့သမီး မောင်နှံအတွက် မင်္ဂလာခန်းဝင်ပစ္စည်းတွေကို သူကိုယ်တိုင် စီစဉ်သည်။

တင်တင်အုန်းအတွက် မှန်သုံးချပ်ပါဝင်သော အလှပြင်မှန်တင်ခုံ။ ပြီးတော့ မိမိတို့မောင်နှံ တူစုံတွဲ၍ ပျော်ပွဲဆင်ဖို့ မင်္ဂလာခုတင် စသည်ဖြင့်။

ဒါတွေကို ရန်ကုန်မြို့ရှိ အကြီးကျယ်ဆုံး အခမ်းနားဆုံး မောင်ပါအိမ်ထောင်ပရိဘောဂကုမ္ပဏီသို့ မှာရသည်။

မင်္ဂလာခန်းဝင်ပစ္စည်းအဖြစ် မောင်ပါကုမ္ပဏီမှ သပြေညို ရောင်နှစ်ယောက်အိပ်ခုတင်ကိုမှာပြီး ဖျာပုံသို့ သယ်ယူခဲ့သည်။ အိပ်ရာခြင်ထောင်ကိစ္စကို သတို့သမီးဘက်မှ တာဝန်ယူရ၏။ ရှုန်သားတစ်အုပ်ကို ထိုခေတ်ကပင် ငါးရာကျပ်ပေးရသည်။ ရင်ခွဲခြင်ထောင်ကို တင်တင်အုန်းတို့ကပင် လှလှပပချုပ်ယူသည်။ မွေ့ရာကိုလည်း တစ်ပါတည်းချုပ်ယူသည်။ အိပ်ရာဖုံးကိုတော့ ဗိုလ်အေးချိုကိုယ်တိုင် ရန်ကုန်မှ ဝယ်လာခဲ့လေသည်။

မင်္ဂလာဆောင်အခမ်းအနားကို တင်တင်အုန်းတို့အိမ် အပေါ်ထပ်နှင့် အောက်ထပ်မှာ ကျင်းပ၏။ အပေါ်ထပ်မှာ ဆွေမျိုးနှင့် ရင်းနှီးသူများအတွက် ကော်ဇောကြီးများ ခင်းထားသည်။ အောက်ထပ်မှာတော့ စားပွဲကုလားထိုင်အစုံနှင့် ခေတ်မီညီညာခံပွဲတစ်ခုအတိုင်း။

တော်လှန်ရေးရဲဘော်ကြီး။ အောင်ပွဲတွေ အလီလီခံယူပြီး အိမ်ပြန်လာသည်။ ဂုဏ်ပြုစကားတွေဆို၊ ကျေးကြေး၊ မွေးကြေး၊ ညှဉ်ခံပြုစုကြနှင့်။

ဘယ်လိုပဲ ဆည်ခံကြပစေ။ ဘယ်လိုပဲ ကျွေးမွေးကြပစေ။ ဘယ်လိုပဲ ပြုစုကြပစေ။ ဗိုလ်ကြီးအေးချို့က သည်အရာသာတွေကို အရသာဟု မထင်။ သည်ပျော်စရာတွေကို ပျော်စရာဟု မမှတ်။

သူ့ရင်ထဲမှာ အပြင်းထန်ဆုံး ဘောင့်တနေသည်က ချစ်သူ တင်တင်အုန်းနှင့်တွေ့ရန်။

သူ အမျှော်လင့်ဆုံးကိစ္စက ချစ်သူတင်တင်အုန်းနှင့် လက်ထပ်ရန်။

သူအလိုချင်ဆုံးအရာက ချစ်သူတင်တင်အုန်း၏ ရင်ခွင်မှာ ခိုဝင်ပြီး အပန်းဖြေရန်။

ဟုတ်ပါ၏။ ချစ်သူနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မည်။ တော်လှန်ရေးကာလ ခွဲခွာနေခဲ့ရသည့် အချိန်တွေကို အတိုးချ၍ ချစ်ကြမည်။ ခွဲခွာနေရစဉ်အချိန် လွမ်းရတာတွေ၊ ဆွေးရတာတွေ၊ တမ်းတရတာတွေ အရှည်ကြီး ပြောပြရဦးမည်။ သည်အချိန်မှာ မိမိတို့ ချစ်သူနှစ်ဦး၏ သုခဘုံကလေးကို တည်ဆောက်ကြတော့မည်။

ဗိုလ်ကြီးအေးချိုက တံတေးမှာ တစ်ညနှစ်ညအိပ်ပြီး ဖျာပုံမြို့သို့ ထွက်လာခဲ့သည်။ မိဘများကိုလည်း တစ်ခါတည်းပြောခဲ့၏။ တင်တင်အုန်းနှင့် မိမိတို့ လက်ထပ်ပွဲကို ဖျာပုံမြို့မှာ လှလှပပခမ်းခမ်းနားနား စည်စည်ကားကား အမြန်ဆုံး ကျင်းပမည်။

ဖျာပုံမြို့၌ ဗိုလ်ကြီးအေးချိုနှင့် တင်တင်အုန်းတို့ ချစ်သူနှစ်ဦးတွေ့ဆုံခန်းမှာ ကဗျာမဆန်လှပါ။

ဗိုလ်ကြီးအေးချို ဆိုတာက စကားပြောလျှင် ဘုကျကျ။ အနေအထိုင် စစ်သားဆန်သည်။ အပြုအမူက မာကျောကျောရယ်။ သည်တော့ ချစ်သူ တင်တင်အုန်းကိုတွေ့တော့ သူလွမ်းပုံတွေ၊ သူတမ်းတပုံတွေ၊ သူဆွေးရပုံတွေ ပြောပြရာမှာ ကဗျာမဆန်။

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဆောင်သို့ နှစ်ဖက်မိစုံဖစုံ တက်ရောက် လက်ထပ်ပေးသည်။

ဗိုလ်ကြီးအေးချို့ဘက်မှ ရန်ကုန်မြို့ ဘုန်းကြီးလမ်းနေ တရားသူကြီး ဦးဝင်းမောင်နှင့် မိတ်ဆွေသင်္ဘာများပါ မော်တော်တစ်စင်းအပြည့် လိုက်လာကြသည်။ ရန်ကုန်မှ ပါလာသော ဧည့်သည်များတွင် စန္ဒရားဆရာ ဦးတင်ကြိုင်နှင့်အဖွဲ့ ပါလာသည်။ ဖျာပုံမှာ ညွန့်ညွန့်တင်ကလည်း စန္ဒရားဝင်တီးပေးသည်။ မင်္ဂလာပွဲမှာ စန္ဒရားတီးဝိုင်း ဝေဝေဆာဆာနှင့် အထူးသီချင်းတွေ သီကုံးရွှင်ဆိုကြသည်။ "ဗိုလ်ကြီးအေးချို–တင်တင်အုန်း အောင်မင်္ဂလာ" ဆိုသော မင်္ဂလာသီချင်းမှာ ပရိသတ်နားထဲ စွဲကျန်ခဲ့သည်။

မင်္ဂလာဆောင်မှာ သတို့သား ဗိုလ်ကြီးအေးချို့က အချိတ်တောင်ရှည်ပုဆိုးနှင့်၊ မောင့်ကျက်သရေ ခေါင်းပေါင်းနှင့်။ တင်တင်အုန်းကလည်း အချိတ်ထဘီနှင့် ဘီးဆံထုံးနှင့်။ သည်လိုဆိုတော့ အမြဲတမ်း မျက်နှာတည်တည်ကြီး နေတတ်သော သတို့သားမှာ မင်္ဂလာအပြုံးနှင့် ခန့်ခန့်ထည်ထည် အလှကြွယ်လို့ပါ။

မင်္ဂလာဧည့်ခံပွဲပြီးသည်နှင် နောက်တစ်နေ့နံနက်မှာ ဗိုလ်ကြီးအေးချို့နှင့် တင်တင်အုန်းတို့ တွဲတေးသို့ တက်လာခဲ့ကြသည်။ ဗိုလ်ကြီးအေးချို့၏ မိဘတွေက တွဲတေးမှာ ဧည့်ခံပွဲတစ်ခုလုပ်ချင်ကြသေးသည်။ သို့နှင့် သတို့သား သတို့သမီးတို့ တွဲတေးသို့ ရောက်ပြီး ငါးရက်အကြာမှာ မင်္ဂလာဧည့်ခံပွဲတစ်ခု ထပ်၍ကျင်းပခဲ့၏။

တော်လှန်ရေးပြန် ရဲဘော်ကြီး မိန်းမယူပြီးပြီ။ လက်ထပ်ပြီးစီ၊ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လို့၊ ရှုမဝ၊ ချစ်မဝ၊ ကြင်နာ၍မဝကြ။ သို့သော် သည်လိုပဲ ချစ်နေလို့ ပြီးမှာလား။ သားကျွေးမှု၊ မယားကျွေးမှုဆိုတာ ရှိပါသေးသည်။ သူတစ်ပါးသားသမီးယူထားပြီး ဘာလုပ်ကိုင်ကျွေးမလဲ။ အသက်မွေးဝမ်းကျောင်းမှု ဘယ်လိုပြုမှာလဲ။

အို ... ခုနေအခါတော့ ဒါတွေမတွေးချင်သေး။ ချစ်သူချော ချောကလေး လက်တွဲပြီး မန္တလေးသို့ ပျားရည်ဆမ်းခရီး ထွက်လိုက်ဦးမည်။ ခရီးထွက်ရင်း စီးပွားရေးလုပ်ငန်းအတွက် အကြံဉာဏ် ထွက်လာရင်လည်း ကောင်းမည်။

ဗိုလ်ကြီးအေးချို့နှင့် တင်တင်အုန်းတို့ တွဲတေးမှ ရန်ကုန်သို့ လာခဲ့ကြသည်။ ရန်ကုန်မှာရှိစဉ် ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌဗိုလ်ချုပ်အောင်ဆန်း၏ တရားပွဲသို့ သွားခဲ့သည်။ လောင်းဝစ်စ်လမ်းရှိ ပြည်သူ့ရဲဘော်ဌာနချုပ်ကိုလည်း သွားခဲ့ကြသည်။ သဖော်သဖက် ရဲဘော်ဝေါ့နှင့်တွေ့၊ ရယ်ရယ်မောမော စကားပြောကြ။ ပြီးတော့ ကိုယ်ရခဲ့ ပည့် မိန်းမချောကို ရဲဘော်တွေနှင့် မိတ်ဆက်ပေးလို့ ဗိုလ်အေးချို့တို့ ကြွားကြွားဝါဝါ၊ ခေါင်းတခါခါ လည်တမော့မော့။

ရန်ကုန်မှာ တစ်ရက် နှစ်ရက်နေပြီး ဗိုလ်ကြီးအေးချို့နှင့် တင်တင်အုန်းတို့ မန္တလေးသို့ မီးရထားဖြင့် ခရီးဆက်ကြသည်။ မန္တလေးဝါးတန်းမှာ တည်းကြ၏။ ဘုရားစုံ ပျော်ပျော်ပါးပါးဖူးပြီး ဟန်းနီးမွန်းခရီးအဖြစ် တဝကြီးနေခဲ့ကြသည်။ ချစ်သူမျက်နှာကြည့်၊ ချစ်သူနှင့်ရန်ဖြစ်၊ ချစ်သူနှင့်စိတ်ကောက်၊ ချစ်သူကိုချော့။ ပြီးတော့ နှစ်ပါးကြည်ခဲ့ကြသည့် မင်္ဂလာဦးခရီးမှာ ပြိုးပျော်စရာအတိ။ ချမ်းမြေ့လှပါဘိ။ ကြည်နူးရပါဘိ။

မန္တလေးက ပျားရည်ဆမ်းခရီးအပြန်မှာ ဗိုလ်ကြီးအေးချို့ စီးပွားရေးလုပ်ငန်းလုပ်ဖို့ စဉ်းစားရပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်တော့မည်ဆိုတော့ မလွယ်ပါလား။ ခက်ကာကဗိမိမှာ လောကသဘာဝ ပြောဆိုကြသော "ထွက်သုံးထွက်"မှ တစ်ပါးအပါအဝင် ဖြစ်နေသည်။

ဆိုကြသည် မဟုတ်လား။

ဘုန်းကြီးလူထွက်၊ စစ်ဗိုလ်လူထွက်၊ ကျောင်းဆရာလူထွက်များ လောကကြီးနှင့် ဘယ်တော့မှ သဟဇာတမဖြစ်၊ ဘယ်တော့မှ အပေါင်းအသင်းလုပ်၍ မကောင်း။ ဘယ်တော့မှ အဆင်ပြေပြေမရှိ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအေးရှိုက ကုန်သည်လုပ်မည်ဆိုတော့ ဖျာပုံ၊ အောက်ကွင်း၊ မြန်မာညွှန့်ဆန်စက်မှ သင်ဘရားသား ဦးဘသင်က အကူအညီပေးသည်။ ဦးဘသင်ပိုင် မြန်မာညွှန့်ဆန်စက်မှ ဆန်အိတ်များကို အထက်အညာသို့ တင်ပို့ပြီး ရောင်းပေးရန် ဖြစ်သည်။ မန္တလေးဖြို့ဝါးတန်းမှာ မိမိလေးပွဲရုံရှိသည်။ ပွဲရုံသို့ ဖျာပုံမှဆန်အိတ်များကို မီးရထားဖြင့် သယ်ယူတင်ပို့ပေးရမည်။ သည်အလုပ်က အကျိုးကျေးဇူး ထူးထူးကဲကဲ ရလိမ့်မည်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ပြီးစအချိန်မှာ အထက်အညာဒေသ၌ဆန်ပြတ်နေသည်။ အောက်မြန်မာပြည်က ဆန်ကုန်သည်တွေ မန္တလေးသို့ ဆန်တင်ပို့ရင်း အလုပ်ဖြစ်နေကြသည်။ ချမ်းသာကြွယ်ဝနေကြသည်။ သို့နှင့် ဗိုလ်ကြီးအေးချိုလည်း တော်လှန်ရေးပြန် စစ်ဗိုလ်လူထွက် ပူပူနွေးနွေးဘဝမှ အရှင်လတ်လတ် ဆန်ကုန်သည် ဖြစ်ခဲ့ပြီ။

ဖျာပုံမှ ဆန်အိတ်တွေကို သဘော်ဖြင့်၊ လှေဖြင့်၊ ရန်ကုန်သို့ တင်ပို့ရသည်။ ရန်ကုန်ကျတော့ ဘူတာရုံကြီးသွား၊ အညာတင်ဖို့ ဆန်တွဲရအောင် ကြိုးပမ်းရသည်။ ဆန်တွဲရတော့ ဆန်အိတ်တွေကို တင်။ မိမိကိုယ်တိုင် ဆန်တွဲထဲမှာ ထိုင်စောင့်လိုက်ပြီး အညာခရီးကို ဆန်ပါလေတော့သည်။

တကယ်ဆိုလျှင် ဆန်ကုန်သည်လုပ်ရတာ စစ်တိုက်ရတာလောက် မလွယ်ပါလား။

စစ်တိုက်သည်ဆိုတာက အမျိုးအတွက်၊ နိုင်ငံတော်အတွက် အသက်စွန့်ပြီး တိုက်ပွဲမှာ သူသေကိုယ်သေ ရဲရဲကြီးနွဲရသည်။ သေချင်လည်း သေမည်။ နေချင်းလည်း နေမည်။ ဘယ်သူမှ မျက်နှာချိုမသွေးရ။ ဘယ်သူ့မှ အောက်ကြို့စရာမလို့။ ခုတော့ သည်လိုမဟုတ်။

ဖျာပုံမှဆန်အိတ်တွေကို ရန်ကုန်သို့ ပို့ရသည်မှာပင် မလွယ်လှ။ သဘော်ရှာရသည်။ လှေရှာရသည်။ လှေသဘော်ရတော့ သည်ဆန်အိတ်တွေကို လှေသဘော်ပေါ်သို့ မ,ဟစ်ထောင်ပြား

အကြောင်းကတော့ သည်လူထွက်များမှာ မိမိတို့သာတတ်သည်။ မိမိတို့သာ သိသည်။ လိမ္မာသည်ဟု အစွဲအလမ်းရှိသူများ... တဲ့။

ဘုန်းကြီးလူထွက်ကဆိုလျှင် မြင်မြင်သမျှ သူ့ကိုလေးစားကြည်ညိုသော ဒါယကာ၊ ဒါယိကာမတွေသာဖြစ်သည်ဟု သဘောထားတတ်သည်။

စစ်ဗိုလ်လူထွက်ဆိုလျှင် မြင်မြင်သမျှ သူ့အမိန့်ကိုနာခံမည့် စစ်သားတွေချည်းဟု မှတ်ယူတတ်သည်။

ကျောင်းဆရာလူထွက်ကတော့ မြင်မြင်သမျှ သူ့လောက် ပညာမတတ်သော သူ့တပည့်တွေဟုပဲ ထင်နေတတ်သည်တဲ့။

အဲသည်အဆိုအမိန့်က ဘယ်လောက်မှန်လို့ ဘယ်လောက်မှားသည်လဲ။ ဗိုလ်ကြီးအေးချို့ မသိပါ။ တကယ်တော့ မိမိသိသည်မှာ ခုနေခါ သူများသားသမီးကို လက်ထပ်ယူပြီးပြီ။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုခုကို လုပ်ရလိမ့်မည်။ ဒါပဲ။

ကဲ ... အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်မည်ဆိုတာက ဟုတ်ပြီ။ ဘီအေဂုဏ်ထူးတန်း နောက်ဆုံးနှစ်က ထွက်လာသော ဗိုလ်ကြီးအေးချိုက ဘာလုပ်မှာလဲ။ ပညာတစ်ပိုင်းတစ်စနှင့် တက္ကသိုလ်ကျောင်းက ထွက်ခဲ့သည်။ ခုအချိန်မှာ သင့်လျော်သော အမှုထမ်းအလုပ်ကို အဟုတ်ပဲ စဉ်းစား၍မရ။

သည်တော့ စစ်ပြီးခေတ်ကာလမှာ သူများတကာတွေလိုပဲ ကုန်သည်လုပ်ရန် အကြံရသည်။

ဟုတ်ပြီ။ ဗိုလ်ကြီးအေးချို တစ်ယောက် စီတ်အကြံပေါက်သည့်အတိုင်း ကုန်သည်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ကုန်သည်လုပ်သည် ဆိုပေမယ့် အရင်းမစိုက် လှေထိုးလိုက်သလို လုပ်ရမည်။ မိမိ ငွေရင်းငွေနှီးမပါဘဲ ခင်မင်ရင်းနှီးသူ တစ်ဦးဦးထံမှ ကုန်ပစ္စည်းတွေယူ။ အထက်အညာဒေသသို့ သွားရောက်ရောင်းချရင် သင့်ကောင်းပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားတို့၏ အကူအညီဖြင့် ထိုက်သင့်သော အခကြေးငွေ ပေး တင်ပို့ရ၏။

ရန်ကုန်သို့ ဆန်အိတ်တွေ ရောက်ပြီဆိုပါစို့၊ အညာဆန်မည့် မီးရထားကို ရှာရသည်။ ဆန်တင်မီးရထားတွဲကို မရ,ရအောင် ကြိုးပမ်းရသည်။

စစ်ကြီးပြီးခါစ မီးရထားတွေက မစုံမလင်။ တွဲတွေက အကောင်းဟူ၍မရှိ။ အကျိုးအပဲ့ အပေါက်အပြဲ အကွဲအပျက်နှင့်။ တွဲကောင်းရအောင် လူတကာကို မျက်နှာချိုသွေး။ ပေးသင့်တာပေး။ သည်လို ကြိုးပမ်းရသောအလုပ်ကား မုန်းစရာအကောင်းဆုံးမှ အကောင်းဆုံး။

အဲသည်တုန်းက ဆန်တင်ရထားတွဲနှင့် အညာသို့ ဆန်တက်ခဲ့သော ဗိုလ်ကြီးအေးချိုတစ်ယောက် ဓားပြလူဆိုးတစ်သိုက်နှင့် ပက်ပင်းတိုးခဲ့ရသော အဖြစ်ကို ယနေ့ထက်တိုင် မမေ့ခဲ့နိုင်။

မန္တလေးကုန်ရထားသည် ရန်ကုန်ဘူတာကြီးမှ မွန်းလွဲ ၂ နာရီတွင် ထွက်ခဲ့သည်။

သည်ခရီးကား ဗိုလ်ကြီးအေးချိုအဖို့ သက်သက်သာသာသွား ရသောခရီးမဟုတ်။ ကြည့်ပါ။ အလုံပိတ်ထားသော ဆန်တင်တွဲအတွင်းမှာ ညီငယ်မောင်အုန်းခင်နှင့်အတူ ကျပ်ကျပ်ညပ်ညပ်စီးရသည်။ ကပ်ကပ်သပ်သပ် လိုက်ရသည်။ ခုလိုမှမလိုက်လျှင်လည်း မဖြစ်။

အချိန်အခါက စစ်ပြီးစကာလ၊ လူတွေလက်ထဲမှာ စစ်ကျန် လက်နက်ဟောင်းတွေ ဒုံနဲ့ဒေး။ သည်လက်နက်တွေကို သူတို့အလှကြည့်ထားသည်မဟုတ်။

လက်နက်အားကိုးနှင့် မတော်မတရားလုပ်ဖို့ ကြိုးစားလာကြသည်။

သို့နှင့် ဟိုမှာဓားပြတိုက်။ သည်မှာ အနုကြမ်းစီး။ သတင်းဆိုးတွေ အမျိုးမျိုး ကြားနေရသည်။ ခုလည်း အညာဆန်ကုန်ရထားမှာ

လူဆိုးတွေ ပစ္စည်းဖောက်ထွင်း ယူတတ်သတဲ့။ လုယက်တတ်သတဲ့။ သတင်းတွေကို အမျိုးမျိုးကြားထား၏။ သည်တော့ ဗိုလ်ကြီးအေးချို ခမျာ ကုန်ရထားတွဲထဲမှာ ပင်ပန်းစွာဖြင့် ဒုက္ခဆင်းရဲခံကာ လိုက်ရလေသည်။

မန္တလေးအဆန်ကုန်ရထားကြီး ရန်ကုန်ဘူတာကြီးမှ ထွက်လို့ ဘာမျှမကြာလိုက်။ ရထားကြီး ငမိုးရိပ်ချောင်းတံတားကို ဖြတ်အဆင်းမှာ မျှော်လင့်ထားသလို ကြုံရပြီ။

ငမိုးရိပ်တံတားပေါ်က လူဆိုးတစ်သိုက် ရဲဒင်းကိုယ်စီကိုင်၊ ခြောက်လုံးပြူးသေနတ် ခါးထိုးပြီး ကုန်ရထားပေါ်သို့ ခုန်ဆင်းကြသည်။ ခုအချိန်အထိ ဗိုလ်ကြီးအေးချို ဘာမျှမသိသေး။ ကုန်ရထားအတွင်းမှာ ဆန်အိတ်ကိုမှီရင်း စည်းစိမ်တော်အနန္တနှင့် မှိန်းလိုက်လာသည်။

ငမိုးရိပ်တံတားကျော်သည်နှင့် လူဆိုးတွေ လူစုခွဲပြီးရထားတွဲများအတွင်းသို့ ဝင်ကြပြီ။

သူတို့သည် မီးရထားခေါင်မိုးပေါ်မှ သံချောင်းချိတ်လေထီးကြိုးဖြင့် ကိုယ်ကိုသိုင်းချိတ်ပြီး ရထားတွဲတံခါးဆီသို့ ဆင်းလာသည်။ လက်ထဲမှ ရဲဒင်း၊ ပုဆိန်မျှားဖြင့် ရထားတွဲတံခါးကို ဖောက်ချိုးဖျက်ဆီး၍ ဝင်ရန်ကြိုးစားကြပြီ။

"ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း ... ဒုန်း"

အို ... ဘာသံတွေပါလိမ့်။ ဘာတွေဖြစ်နေပါလိမ့်။

ဗိုလ်ကြီးအေးချိုက ဆန်အိတ်ကို မှီနေလျက်မှ ငုတ်တုတ်ထထိုင်သည်။ သူနှင့်အတူပါလာသော ညီလေး မောင်အုံးခင်က ...

"မသိဘူး အစ်ကိုကြီး၊ အပြင်က အသံတွေပဲ"

သူတို့နှစ်ဦး သည်လိုအပြန်အလှန် ပြောနေဆဲမှာ ရဲတင်းအသွားတစ်လက်က ရထားတွဲ တံခါးပေါင်ကို ဖောက်ထွင်းပြီး အတွင်းရောက်လာသည်။

"ဟော ... ဘယ်သူတွေလဲကွ"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအေးချို့က လှမ်းအော်လိုက်၏။

ရဲဒင်းထုသံ ခေတ္တရပ်သွား၏။ သို့သော် မကြာမီ အသံပြန်ပေါ်လာသည်။ သည်တစ်ခါမှာ ရဲဒင်းသံက ပိုပြင်းလာသည်။ အရေးတကြီး ဖြစ်လာဟန်ရှိသည်။ တအားထု တအားဖောက်ခွဲပြီး အထဲသို့ဝင်ဖို့ သူတို့ ကြိုးစားနေကြသည်။

ခက်ပြီ။

သည်အချိန်မှာ ဗိုလ်ကြီးအေးချိုအဖို့ ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ။ အပြင်ကလူဆိုးတွေမှာ ရဲတင်းသာမဟုတ်။ လက်နက်တွေလည်း ပါလိမ့်မည်။ သူတို့မကြာခင် ရထားတွဲအတွင်း ရောက်လာကြတော့မည်။ လက်နက်ဆို၍ အပ်တစ်ချောင်းမှ မပါသော မိမိတို့က ဘာလုပ်မလဲ။ ဘာနှင့်ခုခံမှာလဲ။

သို့သော် ကိစ္စမရှိ။ ယောကျ်ားပဲ ဘာဖြစ်လို့ သတ္တိကြောင် ရမှာလဲ။ လာမယ့်ဘေးကို ပြေးတွေ့တာပဲ အကောင်းဆုံးဖြစ်မည်။ လာကြပစေ။ လုပ်ကြစမ်းပစေ။ ရှိသည့်အင်အားနှင့် ဖြစ်နိုင်သည့် အတိုင်းအတာဖြင့် ခုခံမည်။ ကာကွယ်မည်။ ရင်ဆိုင်မည်။

ဗိုလ်ကြီးအေးချိုက အဖော်ညီကလေးကို ရထားတွဲထောင့် ဘက်မှာ နေရာယူစေ၏။ မိမိက ရထားတွဲတံခါးအနီးမှာ စောင့်နေလိုက်၏။

သူတို့ ဘယ်လိုဝင်လာမလဲ။ ဘာလက်နက်တွေ ကိုင်လာမလဲ။ အကဲကိုကြည့်ပြီး ပြင်ဆင်ထားသည်။

မကြာမီ ရထားတွဲတံခါး ပွင့်သွားသည်။ ပွင့်သွားသည်မှာ သက်သက်သာသာမဟုတ်။ ကျိုးပဲ့ပျက်စီးပြီး ပွင့်သွားခြင်းဖြစ်၏။ တံခါးပွင့်သွားတော့မှ ရဲဒင်း၊ ဓား၊ ခြောက်လုံးပြူးသေနတ် ကိုင်ထားသော လူသုံးဦး တွဲထဲသို့ ရောက်လာကြသည်။

သူတို့မှာ လက်နက်ကိုယ်စီနှင့်။ လူကလည်း သုံးယောက်။

အင်အားခြင်းမမျှတော့ ဗိုလ်ကြီးအေးချို့ ဘာမျှလုပ်ရှား၍ မဖြစ်။ သည်တော့ သူက နေရာမှထရပ်ပြီ လက်ပိုက်ကြည့်နေ၏။

"ဟေ့ကောင် ... မလုပ်နဲ့ ငြိမ်ငြိမ်နေ"

ခြောက်လုံးပြူးကိုင် လူငယ်က ဗိုလ်ကြီးအေးချိုကို လှမ်းငေါက်သည်။

ဗိုလ်ကြီးအေးချို ရုတ်တရက် ဒေါသထောင်းခနဲ ထွက်သွား၏။ ဘယ့်နယ်လဲ။ အသက်ကို တွက်စစ်လိုက်လျှင် မိမိည့ီလောက်မှ ရှိဦးမည်မဟုတ်သော လူငယ်တစ်ယောက်။ ခု သူကလက်နက် အားကိုးနှင့် ငေါက်လို့ ငမ်းလို့။ ခေါ်လိုက်သည်က ဟေ့ကောင် ... တဲ့။

"ငါ ဘာမှမလုပ်ဘူး၊ လက်ပိုက်ပြီး ငြိမ်ငြိမ်နေတာ မင်းတွေ့သားပဲကွ၊ ဘာဖြစ်လို့ ဟေ့ကောင်တွေ ခေါ်ပြီး မိုက်ရိုင်းချင်ရတာလဲ ရဲဘော်"

ဒေါသထွက်သော်လည်း ထိန်းပြောလိုက်၏။ သည်တော့ သေနတ်ကိုင်လူငယ် မျက်နှာပျက်သွားသည်။

ဗိုလ်ကြီးအေးချိုက "ရဲဘော်"ဟု ခေါ်လိုက်သဖြင့်လည်း လက်နက်ကိုင်လူငယ်မှာ အနေရခက်သွားဟန်ရှိသည်။

လူဆိုးက "ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဒီကုန်ရထားတွဲထဲမှာ ဘာလုပ်ဖို့ လိုက်လာတာလဲ"

"ငါလား၊ စစ်ပြန်ရဲဘော် ဗိုလ်ကြီးအေးချို၊ အလုပ်မရှိလို့ ဆန်ကုန်သည် လုပ်နေတယ်။ မင်းတို့ ဘာလိုချင်လို့ ဒီရထားတွဲကို ဖောက်တွင်းဝင်လာတာလဲ ပြောစမ်း"

ဗိုလ်ကြီးအေးချိုက စစ်ပြန်ရဲဘော်ဟု ဖြေလိုက်သောအခါ လူဆိုးသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ပြန်ကြည့်ကြသည်။ ဘာမှမပြော ဘာမှမဆိုဘဲ ငြိမ်နေကြသည်။

"ရဲဘော်တို့ ပြောလေကွာ ... ဘာလိုချင်သလဲ၊ ငွေလိုချင်သလား၊ အဝတ်အစား လိုချင်သလား လိုချင်တာယူသွားကြ။ မင်းတို့ သေနတ်ကြီးတကားကားနဲ့ လုပ်မနေပါနဲ့ကွာ၊ သေနတ်ပြီးမှ အလုပ်လုပ်တယ်ဆိုတာ ရှက်စရာ ကောင်းပါတယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအေးချို စိတ်တိုတိုနှင့် ပြောချလိုက်သည့် စကားတွေက လူဆိုးသုံးဦး အရှိုက်ကို ထိသွားဟန်ရှိသည်။ သေနတ်ကိုင်လူငယ်သည် သူ့ခြောက်လုံးပြူးသေနတ်ကို ခါးမှာထိုးလိုက်၏။ ပြီးတော့ သူက အသံတုန်တုန်ယင်ယင်နှင့် ပြောနေသည်။

"ကျွန်တော်တို့လည်း စစ်ပြန်ရဲဘော်တွေပါပဲ ဗိုလ်ကြီး၊ ဒီရထားတွဲထဲမှာ အစိုးရပစ္စည်းတွေ ပါမယ်ထင်လို ဖောက်ထွင်းဝင်ခဲ့ကြတာပါ။ ဗိုလ်ကြီးကို ဒုက္ခပေးမိတာ တောင်းပန်ပါတယ်ဗျာ။ ကျွန်တော်တို့ ဗိုလ်ကြီးဆီက ဘာမှမယူပါဘူး၊ သွားပါတော့မယ်"

အို ... ဖြစ်မှ ဖြစ်ရလေ။

ဗိုလ်ကြီးအေးချို ရင်ထဲမှာ နာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရ၏။ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြတုန်းက လက်တွဲခဲ့ကြသော ရဲဘော်အများ ဘယ်သို့ရှိကြပါလိမ့်။ ခု မိမိရှေ့မှာရောက်နေသော စစ်ပြန်လူငယ်သုံးဦးကတော့ သေနတ်ကြီးတကားကားနှင့် လုယက်ဖောက်ထွင်း၍ အသက်မွေးဝမ်းကျောင်းနေကြတယ်ဆိုပါလား။

လူငယ်သုံးဦးသည် ခြေစုံရပ်၊ သတိဆွဲပြီး ဗိုလ်ကြီးအေးချိုကို အလေးပြု၏။ ပြီးတော့ စောစောက သူတို့ဆွဲချထားသော လေထီးကြီးစကို ဖက်တွယ်ပြီး ရထားခေါင်မိုးပေါ်သို့ ကျင်လည်စွာတက်သွားကြသည်။

သူတို့ထွက်သွားသည်အထိ ဗိုလ်ကြီးအေးချိုက ငေးကြည့်နေလိုက်သည်။ သူ့အတွေးတွေက ချာချာလည်နေ၏။ သူတို့လို တော်လှန်ရေးပြန် ရဲဘော်တွေ မြန်မာတစ်ပြည်လုံးမှာ အနှံ့အပြားရှိကြပါလိမ့်မည်။

အဲသည်ရဲဘော်တွေ ဘာလုပ်နေကြပါလိမ့်။ ဖြိတ်သျှစစ်တပ်ထဲသို့ ဝင်သွားကြမည့်သူက နည်းနည်းကလေး။ တပ်အပြင်မှာ ကျန်ခဲ့သည့် ရဲဘော်တွေ ဘယ်သို့ရှိပါလိမ့်။ ဘယ်သို့နေပါလိမ့်။ ဘယ်သို့ဖြစ်ပါလိမ့်။

(၁၀)

"ဗိုလ်အေးချို ...

အရေးကြီးတဲ့တာဝန်ထမ်းဆောင်ဖို့
ရန်ကုန်ကို အမြန်လာပါ

ဗိုလ်စိန်မှန်"

စာက တိုတိုကလေးပါ။ သို့သော် စာမှာအဓိပ္ပာယ်အပြည့်အဝရှိသည်။ ဒါကို စာပေးသူ စာလက်ခံသူနှစ်ဦးသာ သိလိမ့်မည်။ ဗိုလ်ကြီးအေးချို တစ်ယောက် မန္တလေးသို့ ဆန်ရောင်းသွားပြီးအပြန်မှာ သည်စာကိုရသည်။ ခရီးထွက်ရာမှအပြန် မိန်းမမျက်နှာကို ဝ,အောင်မကြည့်ရသေး။ တွဲတေးသို့ အဲသည်စာက ရောက်လာခြင်းဖြစ်သည်။

ထိုအချိန်က ဗိုလ်မှူးစိန်မှန်မှာ ရန်ကုန်ပြည်သူ့ရဲဘော်အဖွဲ့ချုပ်တွင် ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ပြည်သူ့ရဲဘော်အဖွဲ့ဆိုတာက တော်လှန်ရေးပြန် ရဲဘော်တွေကို စုစည်းဖွဲ့ထားသော နိုင်ငံရေးအဖွဲ့တစ်ဖွဲ့ မဟုတ်လား။ သည်အဖွဲ့၏ ခေါင်းဆောင်တစ်ဦးထံမှ အရေးကြီးသောစာတိုကလေးကို လူလွတ်ပြီး ပို့လိုက်ခြင်းဖြစ်တော့ ဗိုလ်ကြီးအေးချို သိလိုက်ပြီ။

အရေးကြီးသော တာဝန်ဆိုတာ နိုင်ငံရေးကိစ္စမှလွဲ၍ တခြားမဖြစ်နိုင်။

သို့နှင့် ဗိုလ်ကြီးအေးချိုက အထုပ်အပိုးကိုပြင်သည်။ လက်ထပ်ခါစ မိန်းမချောကို ခွဲမထားခဲ့တော့။ တစ်ပါတည်း ခေါ်လာရသည်။ တွဲတေးမှ ရန်ကုန်သို့ မိရာသခော်ဖြင့် အမြန်ဆုံးလိုက်ခဲ့ရသည်။ အရေးပေါ်ကိစ္စကြောင့် အခေါ်လွှတ်မှတော့ အရေးတကြီးပဲ ပြေးလာရပြီ။

အချိန်မှာ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလဆန်းရက်။

www.burmeseclassic.com

www.burmeseclassic.com

ဆန်း ပြောသွားသော စကားအဓိပ္ပာယ်ကို ရှင်းပြရသည်။ မြန်မာ့နိုင်ငံရေး အခြေအနေကို တင်ပြရသည်။ အရေးရှိလျှင် အသုံးဝင်အောင် စစ်ပညာတွေ ပြန်နွေးရသည်။ ဘယ်ညာနင်း၊ ဘယ်လှည့်၊ ညာလှည့်၊ သေနတ်ထမ်း၊ သေနတ်ချ၊ စနစ်တကျ လေ့ကျင့်ကြသည်။

အဲသည်လို ပြည်သူ့ရဲဘော်တွေကို နိုင်ငံရေးသဘောတရားပြ၊ စစ်ပညာလေ့ကျင့်မှုများ သင်ပေးဖို့၊ စည်းရုံးရေးလုပ်ငန်းများလုပ်ဖို့လိုသည်။ ဒါကြောင့် အနယ်နယ်ရှိ တော်လှန်ရေးပြန်ခေါင်းဆောင်တွေကို ဌာနချုပ် ပြည်သူ့ရဲဘော်အဖွဲ့က အမြန်ဆုံးပြန်ခေါ်နေခြင်းဖြစ်သည်။

သို့နှင့် ဗိုလ်ကြီးအေးချို့တို့ ဇနီးမောင်နှံ ရန်ကုန်သို့အမြန်ဆုံးရောက်လာပြီ။ ရန်ကုန်ရောက်တော့ ဗိုလ်မှူးစိန်မှန်က ပြော၏။

"ဗိုလ်အေးချိုရေ ... အရေးတော်ဖြင့်ပေါ်ပြီ၊ သည်လိုနိုင်ငံရေး၊ စည်းရုံးရေးလုပ်ငန်းတွေလုပ်ဖို့ သာယာဝတီသုံးဆယ်ကို အမြန်သွား၊ ဟိုက ပြည်သူ့ရဲဘော်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပြီး အစစအရာရာ အသင့်ရှိပစေ"

ဗိုလ်ကြီးအေးချိုနှင့် တင်တင်အုန်းတို့ ဇနီးမောင်နှံမှာ ရန်ကုန်တွင် နှစ်ညအိပ်ပြီး သာယာဝတီသို့ ခရီးဆက်ခဲ့ကြသည်။ ဗိုလ်ကြီးအေးချိုတို့ တာဝန်ကျသည်မှာ သုံးဆယ်မြို့ဖြစ်၏။ သည်တော့ ဗိုလ်ကြီးအေးချိုတို့ သုံးဆယ်မြို့မှာ သွားနေရသည်။ သုံးဆယ်မြို့ဈေးအနီး ဗိုလ်စိန်မှန်၏ အဒေါ်တစ်ဦးအိမ်မှာ တည်းခိုပြီး နိုင်ငံရေးတာဝန်များ ထမ်းဆောင်ရသည်။

အဲသည်တုန်းက ဗိုလ်ကြီးအေးချိုတို့ ပြည်သူ့ရဲဘော်စည်းရုံးလေ့ကျင့်ရေးတာဝန်များ ထမ်းဆောင်ကြသည်မှာ ပျော်ပဲပျော်သေးတော့။

ဗိုလ်မှူးမိုးညို၊ ဗိုလ်ကြီးအေးကြည်၊ ဗိုလ်ကြီးတင်မောင်နှံတော်လှန်ရေးပြန် ရဲဘော်များလည်းပါသည်။ ဗိုလ်ကြီးအေးချိုနှင့်

ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ လွတ်လပ်ရေးကိစ္စသွားပြောဖို့ ပြင်ဆင်နေဆဲကာလ။ သည်တုန်းက မြန်မာလူထုနှင့် သူ့နိုင်ငံရေးသမားကြီးများဖြစ်သော ပြည်သူ့ရဲဘော်တွေကို ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့သော စကားတစ်ခွန်းရှိသည်။

"မြန်မာနိုင်ငံအတွက် လုံးဝလွတ်လပ်ရေးရဖို့ ကြိုးစားမယ်၊ အကောင်းဆုံးကို မျှော်လင့်ထားကြ၊ အဆိုးဆုံးအတွက်လည်း ကြိုတင်ပြင်ဆင်ထားကြ" တဲ့။

တွေးကြည့်မည်ဆိုလျှင် အနက်အဓိပ္ပာယ် အလွန်ကြွယ်ဝသော ဗိုလ်ချုပ်၏ စကားတစ်ခွန်းပါ။ အလွန်ထိရောက်သော နိုင်ငံရေးလက်နက်ဟုလည်း ဆိုနိုင်၏။

ကြည့်ပါ။ လွတ်လပ်ရေးရမယ်လို့ အကောင်းဆုံးကို မျှော်လင့်ကြ။ လွတ်လပ်ရေးမရရင် ဘာလုပ်ကြမယ်ဆိုတာကိုလဲ အဆင်သင့် ပြင်ထားကြ ဆိုပါလား။

လွတ်လပ်ရေးမရရင် ဘာလုပ်ကြမလဲ။

အနိုးဆုံးအဖြေက လွတ်လပ်ရေးကို အနုနည်းနဲ့မရလျှင်မရ, ရတဲ့နည်းဖြင့် ယူဖို့ပဲ။ ဒီနည်းဆိုတာက လက်နက်ကိုင်တော်လှန်ရေးနည်းကလွဲလို့ တခြားမရှိ။ သည်တော့ လွတ်လပ်ရေးမရရင် လက်နက်ကိုင်တော်လှန်ကြဖို့ ပြင်ထားကြဟော့လို့ မပြောသော်လည်း ပြောဘိသို့၊ မဆိုသော်လည်း ဆိုဘိသို့၊ တပ်လှန့်နှိုး ဆော်သွားသည်မဟုတ်လား။

သည်တော့ ...။

ဗိုလ်ချုပ်အောင်ဆန်း၏ တပ်လှန့်နှိုးဆော်ချက်ကို အလေးဂရုပြုပြီး ပြည်သူ့ရဲဘော်တွေ ပြင်ဆင်ကြပြီ။

စည်းရုံးရေးလုပ်ငန်းများ နေ့ညမဟူ ဆောင်ရွက်ကြပြီ။

အနယ်နယ် အရပ်ရပ်မှာ အကွဲကွဲအပြားပြား ဖြစ်နေကြသော ပြည်သူ့ရဲဘော်တွေကို တစ်နေရာတည်းမှစုစည်း၊ ဗိုလ်ချုပ်အောင်

www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်းလည်း ရဲမေစည်းရုံးရေး လုပ်ငန်းများတွင် ပါဝင်ခဲ့သည်။

ရဲဘော်တွေ၊ ရဲမေတွေ ယူနီဖောင်းအစိမ်းတွေဝတ်၊ ဘယ်ညာနင်းကြ၊ စစ်ချီသီချင်းတွေဆိုကြ၊ ရွေးတလုံးလုံး ဖုန်တပေပေ ညီညီညာညာ၊ စည်စည်ကားကား။

အဲသည်တုန်းက စစ်ရေးလေ့ကျင့်ကြသည်ကို မောရမှန်းပန်းရမှန်း မသိကြ။

သိသည်က "တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်မှာ လွတ်လပ်ရေးစကား ပြောနေသည့်ကိစ္စ မုချအောင်မြင်ရမည်။ လုံးဝလွတ်လပ်ရေးက တစ်ပြားသားမှ မလျော့စေရ။ မနည်းစေရ။ လွတ်လပ်ရေးမပေးဘူးလား။ မပေးလျှင် ..."

ဗိုလ်ချုပ်အောင်ဆန်းတို့ လန်ဒန်မှာ လွတ်လပ်ရေးဆွေးနွေးပွဲ အောင်မြင်ပါသည်။ မျှော်လင့်ထားသည့်အတိုင်း ရာနှုန်းပြည့်မဟုတ်သော်လည်း ရာနှုန်းအတော်များများ အောင်မြင်သည်ဟု ဆိုနိုင်ခဲ့သည်။

ဂဠုန်ဦးစောလို နိုင်ငံရေးခေါင်းဆောင်အချို့က ကပျက်ယပျက် လုပ်သည်မှအပ အခြားအခက်အခဲနည်းသည်။ တောင်းဆိုချက်များ ရသင့်သလောက် ရခဲ့သည်မှာ အမှန်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လန်ဒန်မှအပြန်တွင် ရှမ်းပြည်နယ် ပင်လုံမြို့မှာ သမိုင်းဝင် ညီလာခံကြီးတစ်ရပ် ကျင်းပခဲ့ကြ၏။ ရှမ်း၊ ချင်း၊ ကချင်၊ မြန်မာ စသော တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံတို့ လုံးဝလွတ်လပ်ရေး တပေါင်းတစည်းတည်း လက်ခံရယူဖို့ သဘောတူကြသည်ဆိုသည့် စာချုပ်ကြီးကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသည်။

ပင်လုံညီလာခံအပြီးမှာ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာတိုင်းရင်းသားအများ ပါဝင်သော လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းဖို့ သူ့ရဲဘော်များနှင့် တိုင်ပင်သည်။

"တို့ လွတ်လပ်ရေး ရပြီးရင် တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းရလိမ့်မယ်။ အဲဒီအခါမှာ ခုဖွဲ့စည်းမယ့် လက်နက်ကိုင်တပ်ဟာ တပ်မတော်ထဲကို အသွင်ကူးပြောင်းလိုက်ရုံပဲ၊ ခုအတိုင်းကတော့ တပ်မတော်ရဲ့အခြေအနေဟာ ဘာမှအားရစရာ မရှိသေးဘူး။ တပ်သား ၅၀၀၀ နဲ့ အရာရှိ ၂၀၀ ထဲသာပါဝင်တဲ့ တို့တပ်မတော်ဟာ အင်းခား အလွန်နည်းသေးတယ်"

ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်က ငြင်းဖွယ်မရှိပါ။ လက်ရှိအခြေအနေတွင် ဗြိတိသျှအစိုးရနှင့် သဘောတူညီချက်အရ တပ်မတော်ကို တိုးချဲ့ဖွဲ့၍မဖြစ်။ သည်တော့ ခုလို နာမည်တစ်မျိုးဖြင့် ဖွဲ့စည်းမည့် လက်နက်ကိုင်တပ်ဖွဲ့ မုချလိုအပ်နေသည်။

ဒါက နောင်အခါတွင် ဗိုလ်အေးချို့တို့ ပါဝင်မည့် ယူအမ်ပီတပ်၏ ရှေးဦးအမည်၊ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့၏ မူလအစပင် ဖြစ်သည်။

"ဗိုလ်အေးငွေတို့၊ ဗိုလ်လှမောင်တို့၊ ဗိုလ်တင်ထွန်းတို့သုံးဦး ဆရာကြီးဒီးဒုတ်ဦးဘချိုဆီ သွားကြကွာ၊ တို့ဖွဲ့မယ့် လက်နက်ကိုင်တပ် အခေါ်အဝေါ်အတွက် ဆရာကြီးဆီမှာ အကြံဉာဏ်တောင်းကြ"

ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်ဖြင့် သူတို့သုံးဦး ဒီးဒုတ်ဦးဘချို့ထံသို့ သွားကြသည်။ ဒီးဒုတ်ဦးဘချို့က သူ့အတွင်းဝန်ဦးခင်မောင်လှထံလွှတ်၏။ ဦးခင်မောင်လှက ပြောသည်။

"ခုချက်ချင်းတော့ မလွယ်သေးဘူးဗျ၊ စဉ်းစားရဦးမယ်၊ တစ်ရက် နှစ်ရက်ကြာမှ လာကြဗျာ"

နောက်တော့ ဒီးဒုတ်ဦးဘချို့နှင့် ဦးခင်မောင်လှတို့ ရွေးပေးသော နာမည်က ...

"မြန်မာပြည်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့"

အင်္ဂလိပ်ဘာသာဖြင့် သည်တပ်၏နာမည်က Burama Armed Police Striking Force ဟု ခေါ်၏။ အတိုကောက်အားဖြင့်

www.burmeseclassic.com

www.burmeseclassic.com

BAPSF ဖြစ်သည်။ သည်တပ်ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင် ထားရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ပြည်ထဲရေးဝန်ကြီးအာဏာကို သုံးနိုင်ခွင့်ရှိတော့ သည်တပ်ဖွဲ့ကို မိမိသဘောကျဖွဲ့စည်းနိုင်သည်။

ယင်းတပ်ဖွဲ့ကို ပထမတွင် ပြည်သူ့ရဲဘော် ၆၀၀ နှင့် ဆိုရှယ်လစ်ပါတီဝင် ကေဒါ ၂၀၀ တို့ပါဝင်ပြီး လူဦးရေ ၈၀၀ သာ ပါဝင်ဖွဲ့စည်းရန်ဖြစ်သည်။ နောက်တော့ ရွှေတိဂုံဘုရားမှာ သပိတ်စခန်း ဖွင့်ထားသော သပိတ်မှောက် ရဲဘော်ဟောင်း ၂၀၀ ကိုလည်း ယင်းတပ်ဖွဲ့မှာ ပါဝင်ဖွဲ့စည်းသည်။ သို့နှင့် သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့မှာ တပ်သားတစ်ထောင်တိတိ ရှိခဲ့ပြီ။ သို့သော် တစ်ထောင်တိတိဆိုလျှင် မကောင်း၊ အစွန်းထွက်မှဆို၍ ၁၀၀၁ ယောက်ဖြင့် ဖွဲ့စည်းခဲ့လေသည်။

သောင်းကျန်းမှုနှိမ်နင်းရေးတပ်၏ တပ်ရင်းမှူးက ဗိုလ်မှူးအေးငွေ၊ ဒုတိယခေါင်းဆောင် တပ်ရေးဗိုလ်ကြီးက ဗိုလ်ကြီးလှမောင်၊ တပ်ထောက်က ဗိုလ်ကြီးထွန်းတင်တို့ ဖြစ်သည်။ တပ်ရင်းတွင် တပ်ခွဲတပ်ပေါင်း ကိုးခွဲ၊ ခွဲစိတ်ဖွဲ့စည်းခဲ့၏။

သောင်းကျန်းမှုနှိမ်နင်းရေးတပ် စတင် ဖွဲ့စည်းခဲ့သည်မှာ ၁၉၄၇ ခု၊ ဧပြီလ ၁၃ ရက်နေ့ဖြစ်သည်။ ဖွဲ့စည်းပြီးသောတပ်ဖွဲ့အား ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် တွေ့ဆုံပြီး မိန့်ခွန်းပြောကြားခဲ့သည်။

"အခုဖွဲ့စည်းတဲ့တပ်ဟာ စံပြတပ်ပဲ၊ ကန့်သတ်ခံသဘောတူစာချုပ်အရ ဗမာ့တပ်မတော်ဟာ အရာရှိ ၂၀၀ နဲ့ တပ်သား ၅၀၀၀ သာ ဖွဲ့ခွင့်ရှိတယ်၊ လွတ်လပ်ရေးရတဲ့အခါမယ် ဒီတပ်သားဦးရေနဲ့ မလုံလောက်တော့ဘူး၊ အဲဒီအခါကျမှ တပ်မတော်ကို တိုးချဲ့ဖွဲ့ရမယ်ဆိုရင်လည်း သိပ်နောက်ကျနေတော့မယ်၊ လိုအပ်တဲ့စစ်ရေးစစ်သွေးပြည့်သူ ရချင်မှရမယ်၊ ဒါကြောင့် ဒီတပ်များကို စံပြဖွဲ့ကြည့်တာပဲ"

"ဒီလိုဖွဲ့စည်းရာမှာ ပါဝင်မယ့်ပုဂ္ဂိုလ်တွေကို လက်ရှိပြည်သူ့ရဲဘော်အဖွဲ့က အရင်းခံခေါ်ယူတယ်၊ ဒီလိုခေါ်ယူတာက အကြောင်းနှစ်ချက်ရှိတယ်၊ ပထမအချက်က သူတို့ဟာ စိတ်ဓာတ်အရရော စစ်ပညာရော လေ့ကျင့်မှုရှိပြီးသူတွေ ဖြစ်တယ်၊ ယူနီဖောင်းနဲ့ လက်နက်တွေလည်း အထိုက်အလျောက် စုစည်းပြီးဖြစ်တော့ ဒီတပ်ကို ဖွဲ့စည်းရာမှာ လျင်မြန်လွယ်ကူမယ်"

"ဒုတိယအချက်ကတော့ ဒီရဲဘော်တွေရဲ့ စားဝတ်နေရေးအခြေအနေတွေကို ထိန်းသိမ်းကူညီစောင့်ရှောက်ဖို့ပဲ။ ဒီရဲဘော်တွေကို တချို့ဒေသတွေမှာ ဒေသခံလူတွေက အားကိုးပြီး ကျေးမွေးစည်ခံ ပြုစုနေကြဆဲပဲ။ အချို့ဒေသတွေမှာတော့ ကျေးမွေးပြုစုမှုနည်းလာကြပြီ။ ဒီအချိန်မှာ ရဲဘော်တွေ အနေအထိုင် ကျပ်တည်းလာပြီး ဖောက်လွဲဖောက်ပြန် လုပ်လာမယ်၊ ဓားပြတိုက် လုယက်လုပ်လာချင် လုပ်လာမယ်။ ဒါကြောင့် သူတို့ရဲ့အနာဂတ်ကိုမျှော်ပြီး တပ်ထဲသွင်း ပြုစုထိန်းသိမ်းဖို့ စီမံတာပဲ။ ဒါကြောင့် ရဲဘော်ဟောင်းတွေကို ဦးစားပေးပြီး ရွေးချယ်ဖွဲ့စည်းတာပဲ။ ဒီတော့ စံပြတပ်ရင်းပီပီ ရဲဘော်တို့ အစွမ်းကုန်ကြိုးစားကြ။ လေ့ကျင့်ကြ။ နိုင်ငံတော်ကို သစ္စာရှိကြ"

❁ ❖ ❁

၁၉၄၇ ခု၊ ဇူလိုင်လတွင် သုံးဆယ်မြို့မှနေ၍ ရန်ကုန်မြို့သို့ ဗိုလ်ကြီးအေးချို အပြေးပြန်လာခဲ့သည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရပြီ။ လုပ်ကြံမှုကို ဦးဆောင်သူမှာ ဂဠုန်ဦးစော၊ လုပ်ကြံမှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူတွေဟာ သူ့တပည့် အာဏာပါးကွက်သားတွေ။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြံမှုဖြစ်သည့် ညနေမှာပင် ဂဠုန်ဦးစောနှင့် အပေါင်းပါများကို သက်ဆိုင်ရာက ဖမ်းဆီးခဲ့သည်။ ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းခဲ့သည့် သောင်းကျန်းမှုနှိမ်နင်းရေးတပ်သားများလည်း ဦးစောအိမ် ဝိုင်းရာမှာ ပါဝင်ခဲ့သည်။

ဖခင်ဗိုလ်ချုပ်အောင်ဆန်း ရေတိမ်နစ်ပြီဆိုတော့ ပြည်သူ့ရဲဘော်တွေ မခံမရပ်နိုင် ဖြစ်ကြပြီ။ သုံးဆယ်မြို့မှာ ရှိနေကြသော ဗိုလ်ကြီးအေးချို့တို့တစ်တွေမှာ ယူကျုံးမရဖြစ်ပြီး ငိုသူငိုကြ၊ အံကြိတ်သူကြိတ်၊ တိုင်ကို ခေါင်းနှင့်ပြေးဆောင့်သူဆောင့်ကြ။ တချို့ကလည်း သေနတ်လက်နက်ကို ပြေးဆွဲကြသည်။ သို့သော် ရုတ်တရက် ချက်ချင်းသွေးပူလို့သာ ဤသို့လုပ်မိကြသည်။ ဘယ်သူ့ကို တုံ့ပြန်ရမလဲ၊ ဘယ်သူ့ကို လက်စားချေရမလဲ။ ဘယ်သူ့ကို ရန်မူမလဲ၊ ချက်ချင်းခဏနှင့် မသိကြ။ မသိကြပေ။

ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ ကျဆုံးပြီးသော် သောင်းကျန်းမှုနှိမ်နင်းရေးတပ်ကို တိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်လာ၏။ အနယ်နယ် အရပ်ရပ်မှာ ဂဠုန်ဦးစော၏ တပည့်လက်သားတွေ အများကြီး။ သူတို့ကို ဖမ်းဆီးထိန်းသိမ်းဖို့ တပ်သားလိုသည်။ သို့နှင့် သောင်းကျန်းမှု နှိမ်နင်းရေးတပ် တပ်ရင်း(၂)ကို ဗိုလ်မှူးမင်းခေါင် (ရဲဘော်သုံးကျိပ်)က ဦးဆောင်သည်။ သည်တပ်ရင်းမှာလည်း ပြည်သူ့ရဲဘော်များနှင့် ဆိုရှယ်လစ်ပါတီဝင်များကို အချို့းကျပါဝင်ဖွဲ့စည်းခဲ့၏။

တပ်ရင်း(၂)ကို ဖွဲ့စည်းပြီး သုံးရက်အကြာတွင် တပ်ရင်း(၃)ကို ထပ်မံဖွဲ့စည်းရန် စီစဉ်ကြသည်။ တပ်ရင်း(၃)ကို ဦးစီးသူမှာ သုံးဆယ်မြို့ရောက် ဗိုလ်ကြီးအေးချို ဖြစ်သည်။ ဗိုလ်ကြီးအေးချိုကို ရန်ကုန်မြို့သို့ အမြန်ဆုံး ခေါ်ယူလိုက်၏။ ပြီးတော့ ဗိုလ်မှူးစိန်မှန့်နှင့် လူကြီးတွေက တွေ့ဆုံညွှန်ကြားချက်ပေးသည်။ သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း(၃)ကို အမြန်ဆုံးဖွဲ့စည်းရန်။

သည်တပ်ရင်း(၃)ကို တပ်ရင်းမှူးအဖြစ် ဗိုလ်မှူးအေးချို၊ တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးစောဘီ၊ တပ်ထောက်ဗိုလ်ကြီး ဗိုလ်ကြီးအောင်မြင့်တို့က ဦးစီးရသည်။ တပ်ရင်း(၃)၏ ဌာနချုပ်ကို ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်၊ ဦးဝိစာရလမ်းဘေးရှိ အဆောက်အအုံကြီးမှာ နေရာချထားပေးခဲ့သည်။

အဲသည်တုန်းက ဗိုလ်မှူးအေးချို၏ သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှာ တပ်သားတစ်ထောင်နှင့်နှစ်ဆယ် ပါဝင်သည်။ တပ်သားတွေက မ,တစ်ထောင်သားတွေ။ လူကောင်းလည်းပါ လူညံ့လည်းပေါ၊ လူဆိုးလည်းနှောလို့ အရောရော အထွေးထွေး ဖြစ်နေသည်။ ခက်တာက ထွက်ပေ့ ထွက်ပေ့ ဆိုလို့သာ ဇာတ်စင်ပေါ်တက်လာရ ငါဘာကောင်ပါလိမ့်ဆိုသလို ဖြစ်နေ၏။ ဗိုလ်မှူးအေးချိုမှာ အရေးပေါ်တပ်ရင်းဖွဲ့ချင်သည်ဆို၍သာ တက်လာရသည်။ ခုလို လူပေါင်းစုံ၊ စိတ်ဓာတ်ပေါင်းစုံ၊ အကျင့်ပေါင်းစုံ ပရိသတ်နှင့် ဘာလုပ်ရမှန်းပင် မသိနိုင်။

ခက်သည်မှာ သည်လူတွေကို စနစ်တကျ အုပ်ချုပ်နိုင်ရန် မလွယ်ကူ။ ဖဆပလအဖွဲ့နောက်ခံနှင့် လာသူအချို့လည်းပါ၏။ သူတို့က အဖွဲ့မျက်နှာနှင့် ဆောင့်ကြွားကြွား။ ဒါမျိုးတွေကို ဗိုလ်မှူးအေးချိုက မလိုချင်။ စစ်တပ်ထဲမှာ ပြင်ပ ပယောဂတွေ မဝင်လာနှင့်။ စစ်သားဖြစ်လာလျှင် စစ်ဗိုလ်၏ အမိန့်ဩဇာမှလွဲ၍ တခြား ဘယ်သူ့မျက်နှာမှမကြည့်နှင့်။ ဒါက သူ့ဝါဒ။

သည်နေရာတွင် အထက်မှ မူဝါဒတစ်ရပ် ချမှတ်ပေးထားသည်။ ရဲဘော်တွေ၏ ပညာရေးကိုစိစစ်။ နိုင်ငံရေးအရည်အသွေးကို စိစစ်၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီပီအက်ဖ် ခေတ်သုံးခေတ်မှာ ပါသူတွေကို ရွေးထုတ်ပြီးတော့ သူတို့ထဲမှ ၇ တန်း၊ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းအောင်သူတွေ ထပ်စိစစ်ပြီး ပညာအမြင့်ဆုံးနှင့် နိုင်ငံရေးဝါ အကြီးဆုံးသူတွေကို ဗိုလ်ခန့်၊ အရာရှိခန့်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော် မူသည် မူသာဖြစ်၏။ နောက်ပိုင်းမှာ ဖဆပလ လူကြီးအချို့က သူ့လုဒိုလ်ခန့်၊ ငါ့လူဒိုလ်ခန့်ပါဟု စာတိုစာရှည် နှင့် စေလာသည်။ သည်အခါမှာတော့ လူကပုပ စိတ်ကတိုတိုနှင့် ဗိုလ်အေးချိုတစ်ယောက် ဒေါသကို မထိန်းနိုင်ပြီ။ သူက တန်းစီလူစစ်ချိန်မှာ အဲသည် စာတိုစာရှည်တွေကို ဆုတ်ဖြဲပြီး အော်၍ အော်၍ ဆဲခဲ့ပါသတဲ့။

"အလကားလူကြီးတွေ၊ မူလည်း သုတိုပဲချတယ်၊ ကိုယ့်လူ ဆွဲတင်ချင်လည်း သူပဲ မူဖျက်တယ်"

သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း(၃)ကို ဦးစီး၍ ဗိုလ်မှူးအေးချို အလုပ်တွေ အများကြီးလုပ်ခဲ့သည်။ ရဲဘော်တွေ နေ့စဉ် စစ်ရေးလေ့ကျင့်ခန်းများ ဆင်းရသည်။ စစ်ဆင် စစ်တက် စစ်ဆုတ် သေနင်္ဂဗျူဟာ အသီးသီးကို မည်ည်းတမ်းသင်ပေးသည်။ ထို့ပြင် တစ်ဖက်မှလည်း နိုင်ငံရေးသဘောတရားသင်တန်း ပေးရသည်။

"တို့ရဲဘော်တွေဟာ တိုင်းပြည်အတွက် ဖြစ်စေရမယ် တိုင်းပြည်ဟာ တို့အတွက် မဟုတ်ဘူး"

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလတွင် သောင်းကျန်းမှု နှိမ်နင်းရေးတပ်ရင်း(၃)ကို သရက်မြို့သို့ ပြောင်းရွှေ့စေခဲ့သည်။ ကိစ္စက ရန်ကုန်မြို့ရှိ ဗမာ့တပ်မတော်တပ်ရင်း(၁)၏ ကွပ်ကဲမှုဖြင့် လိုအပ်သော စစ်ရေးပညာများကို ဆည်းပူးသင်ကြားရန်။

သရက်မြို့ ဘော်စတယ်ခေါ် ကလေးအကျဉ်းထောင်ဝင်းထဲမှာ ဗိုလ်မှူးအေးချိုတို့ တပ်ရင်းကို နေရာချထားပေး၏။ သရက်မြို့မှာ ဗမာ့တပ်မတော်တပ်ရင်း(၁) ရှိနေတော့ ဗိုလ်မှူးအေးချိုက သူ့ရဲဘော်တွေကို သတိပေး၏။

"နောင်အခါ တို့တပ်တွေဟာ တပ်မတော်အသွင်ပြောင်းရမယ်၊ ဒီတော့ ဗမာ့တပ်မတော်သားတွေကို စံနမူနာပြု၊ တပ်မတော်သားတွေလို စည်းစနစ်ကျပါစေ၊ တပ်မတော်သားတွေလို စစ်ရေးလေ့လျင့်ကြ"

သူ့တပ်သားတွေကို ဟာကယ် တပ်မတော်သားများအသွင် ဖြစ်စေချင်သော ဗိုလ်မှူးအေးချိုမှာ အရာရာတွင် သူကိုယ်တိုင် လိုက်ကြည့်သည်။ တာဝန်ပေါ်သော အရာရှိ၊ စည်းကမ်းပျက်သော အရာခံ၊ အကြပ်၊ တပ်သားတွေကိုတွေ့သော် သူ ခွင့်မလွှတ်။ ကျပ်ကျပ်တည်းတည်း သတိပေးသည်။ သတိပေး၍ မရလျှင် ပြင်းထန်သော အပြစ်ဒဏ်ကို ခံကြပေရော့။

ဗိုလ်မှူးအေးချိုက တန်းစီလူစစ်တိုင်း မကြာခဏပြောဖူးသည်။

"စစ်တပ်တစ်တပ်ရဲ့အသက်ဟာ စစ်ပညာနဲ့ စည်းကမ်းပေါ်မှာ မူတည်တယ်၊ စစ်ပညာမရှိ စည်းကမ်းမဲ့တဲ့ စစ်တပ်ဟာ စစ်မြေပြင်မှာ တပ်လုံးပြွှက်ဖို့ အသေချာဆုံးပဲ"

စည်းကမ်းကိုချစ်သော ဗိုလ်မှူးအေးချို၏ အမိန့်အား မရှိမသေ ပြုမိသော တပ်ခွဲတာစ်ခွဲမှာ တစ်ညလုံး ဒုက္ခတွေ့ဖူးသည်။

နေ့အချိန် အညာဒေသ နေပူအောက်၌ စစ်ရေးလေ့ကျင့်ကြရသော တပ်သားတွေကို ဗိုလ်မှူးအေးချိုက သတိပေးသည်။

"လေ့ကျင့်ချိန်မှာ အပြင်းအထန်လေ့ကျင့်၊ အစာစား‌ချိန်မှာ အာဟာရဖြစ်အောင်စား၊ အိပ်ချိန်မှာ ပြည့်ပြည့်ဝဝ အနားယူပြီးအိပ်ကြ"

တစ်ကြိမ်တွင် ညအချိန် ပွဲခိုးကြည့်သော ရဲဘော်တွေကို ဗိုလ်မှူးအေးချို ကိုယ်တိုင် အိပ်ပျက်ခံပြီး လိုက်ဖမ်းသည်။

ထိုစဉ်က သရက်မြို့ စျေးအနီးမှာ နာမည်ကျော် ရဲမေကြည် အငြိမ့် ကနေသည်။ မျက်ခုံးကောင်း၊ မျက်လုံးကောင်း အပြောချိုသည့် အပျိုချောမင်းသမီး ရဲမေကြည်ကို ရဲဘော်တို့ အသည်းစွဲနေကြသည်။ တစ်ခါ နှစ်ခါ ကြည့်ဖူးသူတွေမှာ ရဲမေကြည်အငြိမ့် ရှိရာနောက် ကောက်ကောက်ပါအောင် လိုက်ကြည့်နေကြသည်။

သည်လိုကြည့်ရာမှာ ညဉ့်အချိန် အိပ်ဆောင်တွင်းမှ တိတ်တဆိတ် ခိုးထွက်ကြခြင်းဖြစ်သည်။ အိပ်ရာထဲမှာ စစ်ဆောင်တွေကို

www.burmeseclassic.com

www.burmeseclassic.com

မတ်တတ်ရပ်၍ သတိဆွဲနေသော ရဲဘော်တွေကို ရေတွက်ကြည့်လိုက်တော့ ငါးယောက်မက၊ ဆယ်ယောက်မက၊ ၁၅ ယောက်၊ အယောက် ၂၀ မကပါလား။ အမိန့်ကိုမနာခံ။ စစ်တပ်စည်းကမ်းကို ဖောက်ဖျက်ပြီး ပွဲခိုးကြည့်သော ရဲဘော်တွေ မနည်းပါလား။

မတ်တတ်ရပ်၍ သတိဆွဲနေကြသော ရဲဘော်တွေကို တစ်ယောက်မကျန် ကားပေါ်ဆွဲတင်သည်။ သူတို့ကို တပ်ရင်းအချုပ်ခန်းမှာ တစ်ည သိပ်လိုက်သည်။ နောက်တစ်နေ့ကျတော့ ရှစ်နာရီလုံးလုံး တပ်ရင်းအတွင်းမှာ မြက်ပေါက်၊ မြေတူး၊ အိမ်သာဆောက်၊ အမှိုက်ရှင်း၊ အလုပ်ကြမ်းတာဝန်တွေ ချပေးလိုက်သည်။ ရဲဘော်တစ်စုမှာ သနားစရာပဲ ကောင်းပါသေးကော့။ အငြိမ့်မင်းသမီး ရဲမေကြည်ရဲ့ ရင်လှုပ် တင်လှုပ် ပြတာကလေး ကြည့်ချင်မိသမို့ ခုတော့ နေပူကဲတဲမှာ ချွေးတလုံးလုံး တကုန်းကုန်းနှင့်။ သူတို့ ခမျာ သည်မျှနှင့်အပြစ်ဒဏ်မပြီးသေး၊ အပြင်ထွက်လည့်ခွင့် Out pass လည်း ၁၅ ရက်တိတိ အပိတ်ခံလိုက်ရသေးသည်။

ဗိုလ်မှူးအေးချို၏ စစ်တပ်စည်းကမ်းအပေါ် ထားရှိသော မူဝါဒက သည်လိုပါပဲ။ တစ်ခါတလေ ညဉ့်နက်သန်းခေါင် ကင်းစစ်လျှင် သူ့ကိုပုဆိုးခြုံလျက် ရပ်ဖျက်ပြီး ပေး့ ရသည်။ ပုဆိုးခြုံနှင့် ကင်းလိုက်စစ်၍ သူ့ကို ပုဆိုးခြုံမင်းသားဟု ခေါ်ကြသည်။ စစ်သားဆိုတာ ရန်သူနှင့် အသက်လုတမ်းကစားနေရသော အမှုထမ်းတွေဖြစ်သည်။ အသက်နှင့်ရင်း၍ ထမ်းဆောင်နေရသော တာဝန်အတွက် အရေးအကြီးဆုံးက စည်းကမ်း။ အလို့အပ်ဆုံးကစည်းကမ်း။ ဦးထိပ်ထားရမည်က စည်းကမ်း။ သူက သည်လိုပဲခံယူထားသည်။

သို့နှင့် စည်းကမ်းမလိုက်နာသူ၊ စည်းကမ်းဖောက်ဖျက်သူ၊ စည်းကမ်းမရှိသေသူ အရာရှိ အရာခံ အကြပ်တပ်သားတွေကို တွေ့သော် သူ ဘယ်တော့မှ ခွင့်မလွှတ်။ မျက်နှာသာမပေး။ အရေးယူ အပြစ်ပေးရာမှာလည်း ကမ်းကုန်ပါလေရော။

လူပုံစံလုပ်ပြီး ထားခဲ့၏။ ပြီးတော့ ကင်းတာဝန်ကျ ရဲဘော်မတွေ့. အောင် ခြံစည်းရိုးကို ခုန်ပျံကျော်လွှားပြီး ရဲဘော်အများ ပွဲသို့လစ်ကြသည်။

ဒါကို ဗိုလ်မှူးအေးချို သိတော့ အရာရှိအချို့ကိုခေါ်ပြီး ကားဖြင့်နောက်ကလိုက်သွား၏။ ပွဲခင်းလယ်သို့ရောက်ပြီ။ ပွဲခိုးကြည့်သော ရဲဘော်တွေကို ဘယ်လိုရှာမလဲ၊ ဖွေမလဲ။

ဖြစ်သည်။ ဗိုလ်မှူးအေးချိုတို့က သည်လိုပြဿနာမျိုးကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသည်။ ကြည့်လေ။ သူလုပ်ပုံကြောင့် ပွဲခိုးကြည့်သော ရဲဘော်တွေ ခိုးထုပ်ခိုးထည်နှင့် တကယ်ပဲ အမိခံကြရပြီကော။

ဗိုလ်မှူးအေးချိုသည် မင်းသမီး ရဲမေကြည် တစ်ချီကနေသည်ကို စောင့်ကြည့်နေ၏။ သီချင်းတစ်ကျော့ဆုံး၍ ရဲမေကြည်လည်းကျောပေး၍ ထိုင်လိုက်ရော ဗိုလ်မှူးအေးချိုသည် အငြိမ့်စင်ပေါ်သို့ ဖြူန်းခနဲ ခုန်တက်လိုက်သည်။

အောက်လင်းဓာတ်မီးတွေ တထိန်ထိန်အောက်မှာ ယူနီဖောင်းအပြည့်အစုံဖြင့် ခြောက်လုံးပြူးသေနတ်ကို ခါးမှာချိတ်လို့ ရပ်နေသော ဗိုလ်မှူးအေးချို၏ဟန်က ခက်ထန်နေသည်။ မာန်ထနေသည်။

"ရဲဘော် သတိ"

အသံချဲ့စက်မလို။ အော်လံမလို။ လည်ချောင်းထဲမှညှစ်၍ ထွက်လာသော အသံကြိုးဖြင့် ဗိုလ်မှူးအေးချိုက အော်ဟစ်အမိန့်ပေးလိုက်သည်။ ပွဲခင်းထဲမှာ ငုတ်တုတ်ထိုင်နေသော ရဲဘော်တွေမှာ သူတို့ဗိုလ်မှူးကို ယူနီဖောင်းအပြည့်အစုံဖြင့် အငြိမ့်စင်ပေါ်မှာတွေ့လိုက်ရတော့ ဘာလုပ်ရမှန်းမသိ။ မျက်ကလဲဆန်ပျာဖြစ်နေသော ရဲဘော်များက ထိတ်ထိတ်လန့်လန့်ဖြင့် သတိအနေအထားမတ်တတ်ရပ်လိုက်ကြရသည်။

"တစ်ယောက်... နှစ်ယောက်... သုံးယောက်... လေးယောက်"

www.burmeseclassic.com

www.burmeseclassic.com

စည်းကမ်းနှင့် ဥပဒေပိုင်းမှာ ဗိုလ်မှူးအေးချို၏ တိကျပြတ်သားပုံကို သိရပြီ။ သူက ရဲဘော်တွေအပေါ် လူမှုရေးဆက်ဆံမှု ဘယ်သို့ရှိပါလိမ့်။

ရဲဘော်တွေနှင့် ဆက်ဆံရာတွင် ဗိုလ်မှူးအေးချို၏ အပြုအမူက လေးစားချစ်ခင်ဖွယ်ကောင်းသည်။ ရဲဘော်တစ်ဦးတလေ နာဖျားမကျန်းဖြစ်သော် သူက အရင်ဦးစွာ ရောက်လာသည်။ ရဲဘော်ဘာဖြစ်သလဲ။ ဘယ်လိုခံစားရသလဲ။ ဖျားရင် ဘာဆေးသောက်သလဲ။ ဆေးမှူးနှင့်တွေ့ပြီးပြီလား။ ဆေးထိုးဖို့ လိုသလား။ လိုအပ်သမျှကို သူ တတ်နိုင်သလို ဖြည့်တင်းကူညီသွားသည်မှာ ဆွေမျိုးသားချင်းရင်းနှီးသူတစ်ဦးကဲ့သို့။

ဗိုလ်မှူးအေးချိုက ရဲဘော်တွေအပေါ် ဂရုစိုက်မှုအရှိဆုံးမှာ စာရေးသောက်ရေးပင်ဖြစ်သည်။ ရဲဘော်တို့ စားရိပ်သာမှာ သူတို့ မကြာခဏ တွေ့ရသည်။ ရဲဘော်တွေ၏ ထမင်းချက်ပြုတ်ရေးကို သူ အမြဲစစ်ဆေးသည်။ သူလည်း ရဲဘော်တွေနှင့်အတူ လက်ရည်တစ်ပြင်တည်း ထမင်းစားလေ့ရှိ၏။ ရဲဘော်တွေကို မကျွေးသေးဘဲ သူ့ကိုထမင်းပြင်ကျွေးလျှင် ဒေါသတကြီးနှင့် သူအော်ပြီ။ ငေါက်ပြီ။ မာန်မဲနေလေပြီ။

ဗိုလ်မှူးအေးချိုတို့ တပ်ရင်း(၃)သည် သရက်မြို့မှာ သုံးလကြာခဲ့သည်။ နောက်တော့ တပ်ခွဲ(၁)နှင့် တပ်ခွဲ(၂)ကို တောင်ငူသို့ ပို့လိုက်သည်။ တပ်ခွဲ(၃)နှင့် တပ်ခွဲ(၄)ကို ရခိုင်သို့ ပို့လိုက်၏။ သို့နှင့် ဗိုလ်မှူးအေးချိုမှာ သရက်မှတောင်ငူ၊ တောင်ငူမှ ရခိုင်အထိ မိမိပို့ထားသောတပ်တွေ ဟန်မှကျရဲ့လား၊ အဆင်မပြေရဲ့လား ... အပြေးအလွှား သွားရောက်စစ်ဆေးရသေးသည်။

သည်တုန်းက အစစအရာရာ အဆင်ပြေပါရဲ့။ အဆင်ချောပါရဲ့။ သို့သော် နောက်ပိုင်းမှာတော့ မြန်မာပြည်သောင်းကျန်းမှုနှိမ်နှင်းရေးတပ်သားများနှင့် အစိုးရအကြား ဆက်ဆံရေးမပြေပြစ်တော့ပြီ။

သောင်းကျန်းမှုနှိမ်နှင်းရေးတပ်ကို လွတ်လပ်သော မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေအောင် နာမည်ပြောင်းဖို့ လိုလာသည်။ ထို့ပြင် တပ်ဖွဲ့စည်းပုံ ပြုပြင်ဖို့ အခြေအနေများ ဖြစ်လာပြီ။ သည်မှာပင် ပဋိပက္ခ၏အစအနတွေ ပေါ်လာတော့သည်။

ဒါဖြင့် မေးရဦးမည်။

အဲသည်ပဋိပက္ခ စတင်ပေါ်ပေါက်ရခြင်း၏ မူလအကြောင်းရင်းက ဘာလဲ။

(၁၁)

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ကြေညာခဲ့သည်။

လာပြန်ပြီလား လွတ်လပ်ရေး။ ဂျပန်ခေတ်တုန်းက လွတ်လပ်ရေး ရခဲ့သေးသည် မဟုတ်လား။ ဒါဖြင့် ဘယ်လိုပါလိမ့်။ လွတ်လပ်ရေးဆိုတာ ခဏ ခဏ ပေးလို့ရသလား။

မြန်မာပြည်လွတ်လပ်ရေးကို ကြေညာသောအခါ ဂျပန်ခေတ် လွတ်လပ်ရေးကို ကြုံခဲ့ဖူးသူ လူအချို့ ကိုယ့်ပါးကို ပြန်စမ်းမိကြသည်။ ပြီးတော့ အဲသည်မေးခွန်းများကို မေးခဲ့ကြသည်။

မတူချေ။ ဘယ်နည်းနှင့်မှ မတူပါချေ။ ဂျပန်ခေတ် ၁၉၄၂ ခုနှစ်က ဂျပန်ပေးသော ရွှေရည်စိမ်လွတ်လပ်ရေးကို ရခဲ့၏။ သည်တုန်းက ပေးခဲ့သော ဂျပန်တွေက ခပ်ပေါ့ပေါ့ပေးပြီး လက်ခံသူ မြန်မာအမျိုးသားတို့က ခပ်ပေါ့ပေါ့ပဲ ယူခဲ့ကြရသည်။

ထိုစဉ်က ဂျပန်ပေးသော လွတ်လပ်ရေးနှင့် ခု ဗြိတိသျှပေးသော လွတ်လပ်ရေးကား ဘယ်နည်းနှင့်မျှမတူ။ ဘာဖြစ်လို့လဲ။ ဟိုတုန်းက မြန်မာခေါင်းဆောင်တွေ ဂျပန်အာဏာပိုင်တွေထံမှာ တောင်းဆို၍ ရခဲ့သော ရွှေရည်စိမ်လွတ်လပ်ရေး။ ခုရရှိတာက မြန်မာတစ်မျိုးသားလုံး လှုံ့နေ လှေအောင်း မြင်းဇောင်းမကျန် အံကြွတောင်းဆိုခဲ့သဖြင့် ရရှိခဲ့သော "လုံးဝလွတ်လပ်ရေး"။

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ကမ္ဘာသို့ကြေညာလိုက်ပါပြီ။ ကိုယ်မင်းကိုယ့်ချင်းနှင့်။ ကိုယ့်သမ္မတ ကိုယ့်အစိုးရနှင့်။ ကိုယ့်တပ်မတော် ကိုယ့်လွတ်တော်နှင့်။ ကမ္ဘာတစ်လွှားမှာ ဗမာဟေ့လို့ ကြွားနိုင်ကြပြီ။ မော်နိုင်ကြပြီ။

လွတ်လပ်ရေးရပြီဆိုတော့ ကျွန်ခေတ်ကပါလာသော အညစ်အကြေးတွေကို ရေဆေးပစ်ရလိမ့်မည်။ ကျွန်ခေတ် အတွေးအခေါ်၊ ကျွန်ခေတ်က အပြုအမူ၊ ကျွန်ခေတ်က သဘောတရားတွေကို မြေမြှုပ်ဇာတ်သိမ်းပစ်ရလိမ့်မည်။ သည်တော့ ဗြိတိသျှအစိုးရခေတ်က ရှိခဲ့သည့် မြန်မာပြည်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ကိုလည်း နာမည်သစ်ဖြင့် ဖွဲ့စည်းရတော့မည်။

သို့နှင့် မြန်မာပြည်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ကို ပြည်ထောင်စုစစ်ရဲတပ်ရင်းဟု အမည်သစ်ပေး၏။ သည်တပ်ကို တပ်မတော်ကဲ့သို့ ကာကွယ်ရေးဝန်ကြီးဌာန၏ လက်အောက်မှာမထား။ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်မှာ ထားသည်။ ဖွဲ့စည်းပုံမှာ ရဲအဖွဲ့ထက်လည်း အဆင့်မြင့်သည်။ တပ်မတော်အဆင့်အတန်းသို့လည်း လက်လှမ်းမမီသေးချေ။ သည်တော့ ပြည်ထောင်စုစစ်ရဲအမည်မှာ လက်ရှိအခြေအနေနှင့် အလွန်သင့်လျော်လျောက်ပတ်သော နာမည်တစ်လုံး ဖြစ်ခဲ့သည်။

သို့သော် ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ အရာရှိ အရာခံများအတွက် ဖွဲ့စည်းပုံထွက်လာတော့ အားလုံးကပဲ လက်မခံနိုင်ကြတော့ပြီ။ မူသစ်အရ တပ်ရင်းမှူးကို ဗိုလ်အဆင့်၊ တပ်ခွဲမှူးက ဒုဗိုလ်အဆင့်၊ တပ်စုမှူးက အရာခံဗိုလ်အဆင့်ဖြင့် ခန့်မည်ဆို၏။ သည်လိုဆိုလျှင် အရင်အချိန်များက တာဝန်ကျေခဲ့သူ အရာရှိတွေ ရာထူးလျှော့ကုန်ကြတော့မှာလား။

မူသစ်ကို ပြည်ထောင်စုစစ်ရဲတပ်၏ စစ်ဗိုလ်တပ်မှူးများမကျေနပ်။ သို့နှင့် မိမိတို့ မကျေနပ်ချက်တွေကို အထက်လူကြီးများထံ တင်ပြရန် ဗိုလ်ချွေးကြသည်။ ကိုယ်စားလှယ်ချွေးကြသည်။ လူမိုက်ချွေးကြသည်။

သည်တော့ ဗိုလ်မှူးအေးငွေ၊ ဗိုလ်မှူးထွန်းတင်၊ ဗိုလ်မှူးအေးချို့နှင့် အခြားအရာရှိအချို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့အတွင်းဝန်များရုံးသို့ သွားကြသည်။ ရဲမင်းကြီး ဦးထွန်းလှအောင် အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသည်။ သို့သော် မပြေလည်။

သည်တွင် အစီအစဉ်တစ်ရပ် ရေးဆွဲကြပြန်သည်။ မိမိတို့သဘောထားကို သတင်းစာကွန်ဖရင့် ကျင်းပပြီး တင်ပြမည်။ ပြီးတော့ ဝင်ဒါမီယာဝန်ကြီး ရပ်ကွက်ကို ဝိုင်းပြီးဆန္ဒပြမည်။

သတင်းစာရှင်းလင်းပွဲ လုပ်ပြီးသောအခါ အင်္ဂလိပ်-မြန်မာသတင်းစာတွေက ဝိုင်းရေးပေးကြသည်။

"အစိုးရက ပြုပြင်ဖွဲ့စည်းသော ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့၏ ရာထူးအဆင့်အတန်းနေရာချထားပေးမှု မပြေလည်သည့်အကြောင်း၊ သည့်ထက်ကောင်းမွန် သင့်တော်မည့် ရာထူးအဆင့်အတန်းများ ရေးဆွဲသတ်မှတ်ပေးသင့်သည့်အကြောင်း"

သို့သော် သတင်းစာတွေက ဘယ်လိုပဲရေးကြပေမယ့် အစိုးရက တုတ်တုတ်မျှမလှုပ်။ အဖြေသစ်လည်းမလာ။ ဘာမှလဲထပ်မပြော။ သည်တော့ ဗိုလ်မှူးအေးငွေ၊ ဗိုလ်မှူးထွန်းတင်၊ ဗိုလ်မှူးအေးချို့တို့ သည့်ထက် ခြေတစ်လှမ်းတိုးဖို့ စီစဉ်ကြပြီ။

ဝင်ဒါမီယာဝန်ကြီးရပ်ကွက်ကို ပတ်ပတ်လည်ဝိုင်းပြီး မိမိတို့တပ်ရင်းတပ်ဖွဲ့များ ဆန္ဒပြပွဲ ကျင်းပရန်။

သည်အစီအစဉ်ကို စနစ်တကျ အကောင်အထည်ဖော်ကြသည်။ သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်းတပ်ဖွဲ့များ ယူနီဖောင်းစုံညီဝတ် BAPSF တံဆိပ်များ စနစ်တကျတပ်ဆင်၊ သေနတ်လက်နက် အပြည့်အစုံ ကိုင်တွယ်ပြီး တန်းစီလမ်းလျှောက်၍ ဆန္ဒပြကြသည်။ တပ်ရင်းတပ်ဖွဲ့ရှေ့မှာ ထိုစဉ်က ခေတ်စားသော ဦးဘနင်းသူနာပြုတပ်ဖွဲ့ ဘင်ခရာတီးဝိုင်းက စစ်ချီသီချင်းကို ခပ်ပြင်းပြင်းတီးလျက်။

www.burmeseclassic.com

www.burmeseclassic.com

သည်အစီအစဉ်မှာ အနိုးရက အရှိုက်ကိုထိသွားပြီ။ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် BAPSF ခေါင်းဆောင်များကို အတွင်းဝန်ရုံးသို့ ဖိတ်ခေါ်သည်။ ပြီးတော့ လိုလားတောင်းဆိုချက်များစွာကို အသာတကြည်ပဲ လိုက်လျောပါပြီ။

သည်တော့မှ ဗိုလ်မှူးအေးချို့တို့ သက်ပြင်းချနိုင်ကြသည်။ ခုမှပဲ ရင်အေးရတော့ပြီ။ သို့မဟုတ်လျှင် လူတစ်ထောင်နီးပါး တပ်ကြီးကို လက်ဖတင်နှင့်အဆင့်ရှိ ဗိုလ်တစ်ဦးတည်းနှင့် အုပ်ချုပ်လို့ အများအမြင်လည်း မသင့်တော်။ တကယ် အလုပ်လုပ်၍ လည်း မဖြစ်။ အဖုအထစ် ပဋိပက္ခတွေ များစွာတွေ့ရမည်ကိစ္စ။

ခုတော့ ဆန္ဒပြပွဲ တစ်ခုတည်းနှင့် ကိစ္စပြီးပါပြီ။

❁ ❖ ❁

ပြည်ထောင်စုစစ်ရဲတပ်များကို အသစ်ဖွဲ့စည်းရာတွင် ယခင် ဗြိတိသျှအစိုးရလက်ထက်က ရှိနေသော လက်နက်ကိုင်တပ်များကို ပါဝင်ပေါင်းစည်းစေခဲ့သည်။ ယခင် Armed Police ခေါ် "အမ်းပုလိပ်"ဟု လွယ်လွယ်ခေါ်ခဲ့သော သီးသန့်လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့ကို စစ်ရဲတပ်ဆဲသို့ သွင်းလိုက်သည်။ သို့နှင့် အမ်းပုလိပ်တပ်ဖွဲ့များသည် စစ်ရဲတပ်ရင်း(၁)၊ (၂)၊ (၃)ဟု ဖြစ်လာသည်။ မူလ သောင်းကျန်းမှုနှိမ်နင်းရေးတပ်ရင်း တပ်ရင်း(၁)က ယခု စစ်ရဲတပ်ရင်း(၄)၊ မူလတပ်ရင်း(၂)က စစ်ရဲတပ်ရင်း(၁၆)၊ ဗိုလ်မှူးအေးချို့ ဦးစီးသော တပ်ရင်း(၃)မှာ ယခု စစ်ရဲတပ်ရင်း(၂၁) ဖြစ်လာလေသည်။

ထိုအချိန်တွင် မြန်မာပြည်နိုင်ငံရေးမှာ ရှုပ်ရှုပ်ထွေးထွေးဖြစ်လာသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗိုလ်ချုပ်အောင်ဆန်းမကျဆုံးမီကပင် ဖဆပလအဖွဲ့ကြီးအတွင်းမှ ထွက်သွားခဲ့၏။ မြန်မာပြည် လွတ်လပ်ရေးရပြီးသောအခါ ကွန်မြူနစ်ပါတီသည်

မြေအောက်လှုပ်ရှားမှုများ ပြုလုပ်နေခဲ့သည်။ အခါသင့်ချိန်တွင် လက်နက်ကိုင်ပုန်ကန်ဖို့ ပြင်ဆင်နေလေပြီ။

၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်များ ရန်ကုန်မြို့မှ ပျောက်ကွယ်သွားကြ၏။ လွတ်လပ်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံး လက်နက်ကိုင်သောင်းကျန်းမှုတစ်ရပ် ကြုံတွေ့ရပြီ။ ဗမာပြည်ကွန်မြူနစ်ပါတီနှင့်အတူ သရက်မြို့ရှိ တပ်မတော် တပ်ရင်း(၁)လည်း မကြာမီ တောခိုသွား၏။ လွတ်လပ်ခါစ မြန်မာနိုင်ငံတွင် ရင်ဆိုင်ရသော ပြည်တွင်းစစ်ဘေးအန္တရာယ်က ကြီးမားပေစွ။ ဆိုးရွားပေစွ။

ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက်လာသောအခါ မြန်မာနိုင်ငံအစိုးရ အခက်တွေ့ပြီ။ သည်အချိန်မှာ ဗမာ့တပ်မတော်နှင့် သီးခြားဖွဲ့စည်းထားသော ပြည်ထောင်စုစစ်ရဲတပ်ရင်းများကို အားကိုးအားထား ပြုကြရတော့သည်။ ထိုအချိန်က ဗမာ့တပ်မတော်သည် အစ်ကိုကြီးဆိုကြပါစို့။ ပြည်ထောင်စုစစ်ရဲတပ်ရင်းများသည် အစ်ကိုကြီး လမ်းညွှန်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည့် "ညီငယ်များ"ဖြစ်ပေလိမ့်မည်။

ဗမာ့တပ်မတော်မှ ခေါင်းဆောင်များသည် ပြည်ထောင်စုစစ်ရဲတပ်သားများတွင် လိုအပ်နေသော စစ်ပညာနှင့် စစ်ရေးသဘောဘရားများကို ညွှန်ကြားပေးသည်။ သွန်သင်ပေးသည်။ လိုအပ်သော လက်နက်ပစ္စည်း ယာဉ်များကို ရှာကြံပေးသည်။ သို့နှင့် နောင်အခါတွင် ပြည်ထောင်စုစစ်ရဲအရန်တပ်ရင်း(AUMP)ဟု အမည်တွင်သော စစ်လက်နက်ပစ္စည်းများ၊ စစ်သုံးယာဉ်များ ပြုပြင်တီထွင်ဆောက်လုပ်ပေးသည့် အထူးတပ်ရင်းတစ်ရင်း ပေါ်လာ၏။ သည်တပ်ရင်းကို ဦးစီးသူမှာ ဗိုလ်မှူးထွန်းတင်။

ဗိုလ်မှူးထွန်းတင် ဆိုကာက စစ်ရဲတပ်ရင်း(၂၁)ကို ဦးစီးသော ဗိုလ်မှူးအေးချိုနှင့် သိပ်ပြီးဝေးလှသော ရဲဘော်မဟုတ်။ တကယ်သိလိမ့်မှာ ဗိုလ်မှူးအေးချို့ ပညာသင်ကြားစဉ်က အတန်းတွေ

www.burmeseclassic.com

www.burmeseclassic.com

ယူပြီး တစ်ပြားမှ ပြန်မဆပ်ဘဲ ညှဉ်းဆဲသမျှကို ပြုံးပြုံးကြီးခံယူခဲ့သော တိုလီမိုလီ ထွန်းတင်။ နေရှင်နယ်ပင်မင်းဆိုင်က ကျောင်းသားခေါင်းဆောင် ကိုထွန်းတင် ဖြစ်သည်။

လွတ်လပ်ရေးရခါစ ဘာမျှမဖြစ်သေး၊ ဘာမှမရှိသေး၊ ဘာမှလဲ မရှိ၊ နိုင်ငံသေးသော ခြစ်မာနိုင်ငံတော်၏ အခြေအနေမှာ စင်စစ်တော့ အားငယ်စရာပဲ ကောင်းပါသေးတော့။ သို့သော် နိုင်ငံခေါင်းဆောင်များအနေဖြင့် အားငယ်နေ၍မဖြစ်။ စိတ်ပျက်နေ၍မဖြစ်။ စိုးညွှန်နေ၍လည်း မဖြစ်။ သည်တော့ လွတ်လပ်ရေးရပြီး လပိုင်းပဲရှိသေးသည့်အချိန်၊ ပုန်ကန်ထကြွလာသော မောင်မင်းကြီးသား သူပုန်အများကို ဖြစ်သည့်နည်းနှင့် နှိမ်နှင်းရတော့မည်။ တိုက်ခိုက်ရတော့မည်။ လက်နက်ကိုင်ပြီး ပညာပေးအရေးယူရလိမ့်မည်။

ဗိုလ်မှူးထွန်းတင်တို့ ကြိုးပမ်းမှုကို မော်ကွန်းမတင်၍မဖြစ်။ ဗမာ့တပ်မတော် စစ်ခေါင်းဆောင်များ၏ စိမ်ညွှန်ကြားမှုအောက်တွင် စစ်ရဲအရန်တပ်ရင်းမှ တိုထွင်ပြုပြင်ခဲ့သော စစ်သုံးယာဉ်၊ စစ်လက်နက်ပစ္စည်းတွေက အများကြီး။ ကြည့်ပါ။ ပုဂ္ဂလိက အဟောင်းဆိုင်တွေက တစ်ခုစီ လိုက်ကောက်ဝှေ့ဆောင်းခဲ့ပြီး ပြန်ပြင်၍သုံးခဲ့သော ဝိုင်ယာလက်စက်ချည်း နှစ်ဒါဇင်ခန့်ရှိသည်။ ခြောက်ယောက်စီး ဘရင်းကယ်ရီယာ စစ်ယာဉ်က ၁၃ စီး၊ အမ်းမတ်သံချပ်ကာ ကားတစ်စီး၊ စတီးဝပ်တင်ကား ၁၄ စီး၊ အကြီးစား ရှားမင်းတင့်ကား နှစ်စီး၊ ရေရောကုန်ပါသွား အင်ဗီယင်းဒပ်ယာဉ်ကြီးနှစ်စီး၊ ဆုံလည်အခြောက်ငယ်ပါ စစ်သားတင် အမ်းမတ်ကား ၃၁ စီး၊ ၂၀ မီလီတာ အော်လကန်း ၇၅ လက်၊ လေတပ်သုံး အမြောက် ၇၀ လက် စသည်ဖြင့်။

တစ်ခုတော့ မေးစရာရှိ၏။ အဲသည်စစ်သုံးယာဉ်တွေက စစ်လက်နက်ပစ္စည်းတွေကို ဘယ်လိုနည်းဖြင့် စုဆောင်းရခဲ့သလဲ။ သည်မလောက်များများ စုဆောင်းရဖို့ လွယ်ကူလို့လား။

လွယ်လှသည်တော့မဟုတ်။ သို့သော် သိပ်တော့လည်း မခက်လှပါ။ တောကြိုတောင်ကြားမှာ ဒုတိယကမ္ဘာစစ်ကျန် စစ်ယာဉ်များစွာ ရှိခဲ့သည်။ ရန်ကုန်ရှိ ကြက်တန်း၊ တရုတ်တန်းစသော အဟောင်းဆိုင်များရှိသည့် နေရာတို့တွင်လည်း စစ်ယာဉ်ပျက်များ စစ်သုံးလက်နက်အပျက်များ ရှိနေသည်။

တောကြိုတောင်ကြား တိုက်ကြိုတိုက်ကြားများက ပစ္စည်းတွေကို ဗိုလ်မှူးထွန်းတင်တို့ လိုက်လံရှာဖွေစုဆောင်း၏။ ပုစွန်တောင်ကြက်တန်း၊ တရုတ်တန်းတို့မှ အဟောင်းဆိုင်များက ပစ္စည်းတွေကို သံထည်အဟောင်းဈေးဖြင့် မျက်မြင်ဆေးဖြတ်၍တစ်မျိုး၊ ပိသာချိန်ဖြင့်တစ်သွယ် ဝယ်ယူစုဆောင်းရသည်။ တချို့ဆိုင်တွေမှာ ပက်ကင်တံဆိပ် မခွာရသေးသော စစ်ယာဉ်အပိုပစ္စည်းတွေ ဝယ်လို့ရသည်။

အံ့သြစရာလည်း ကောင်းပါသေးတော့။ ပစ္စည်းတစ်ခုတလေ ချွတ်ယွင်းသွားသော ဘရင်းကယ်ရီယာ စစ်ယာဉ်တစ်စီးကို ၃၅၀၀ ကျပ်ဖြင့် ဝယ်ရ၏။ အမ်းမတ်သံချပ်ကာ ကားတစ်စီးမှ ငွေကျပ် ၂၅၀၀ ပဲပေးရသည်။ စတီးဝပ်တင်ကားအဟောင်း တစ်စီးကို ငွေကျပ် ၂၅၀၀ သာ ပေးဝယ်ခဲ့ရ၏။

ယင်းတို့မှာ ဘရင်းကယ်ရီယာ ကားတစ်မျိုးသာ ပြင်ဆင်စရိတ် ကြီးမားသည်။ အကြောင်းမှာ သည်ကားအတွက် သံဘီးအလွန်ရှားသည်။ သံဘီးလိုက်ရှာဝယ်ရသောအခါ ရန်ကုန်နှင့် ပတ်ဝန်းကျင်မြို့များမှ ရခဲ့သည်။ သို့သော် ဘရင်းကယ်ရီယာစစ်ယာဉ်သံဘီးတွေကို ရေခဲခြစ် လက်တွန်းလှည်းဘီးအဖြစ်လည်းကောင်း၊ ရေစည်တွန်းလှည်းသံဘီးအဖြစ် လည်ကောင်း တပ်ဆင်ထားကြသည်။ အဲသည် လှည်းရှင်တွေထံမှ ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် တန်ဖိုးကြီးကြီးပေး၍ ဝယ်ယူရလေသည်။

ဝိုင်ယာလက်စက်ပစ္စည်းများကို မေးပါဦး။ တရုတ်တန်း၊ ကြက်တန်းဈေးမှပင် ဝယ်ယူရခဲ့သည်။ တရုတ်တွေမှာ သည်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

တွေ ဝယ်ထားပြီး အရောင်းထိုင်းနေလို့ စိတ်ပျက်နေကြ၏။ သည်အချိန်မှာ ဗိုလ်မှူးထွန်းတင်တို့က နေရာအနှံ့ လိုက်ရှာဝယ်တော့ သူတို့က ဈေးပေါပေါနှင့် ရောင်းသည်။ ပြုံးပြုံးကြီးရောင်းသည်။ ကြည့်ပါ။ ကမ္ဘာတစ်ပတ် ပြောနိုင်သော ဝိုင်ယာလက်ကြိုးမဲ့ကြေးနန်း စက်ကြီးလေးလုံးကိုမှ ကျပ် ၈၀၀ တဲ့။

ဗိုလ်မှူးထွန်းတင်တို့ကို ကူညီသော ပညာရှင်တစ်ဦးပေါ်လာသည်။ ဘောင်ဒရီလမ်း စက်မှုသိပ္ပံညနေကျောင်းမှ ဆရာကြီးဦးညိုက တပ်စိတ်အချင်းချင်း ပြောနိုင်သော ဝိုင်လာလက်စက်အသေးစားကလေးများ၊ တစ်လုံးလျှင် ကုန်ကျစရိတ် ငါးကျပ်ဖြင့်လုပ်ပေးသည်။

၁၉၄၈ ခုနှစ် ပြည်တွင်းစစ်အစပိုင်း ကာလကိုကြည့်။ သူပုန်တွေကို ကြက်တန်းက တရုတ်တန်းက သံထည်ပစ္စည်းပျက်တွေနှင့် အစိုးရတပ်တွေက တွန်းလှန်တိုက်ခိုက်ခဲ့သည်ကို မငြင်းသာ။ လွတ်လပ်ရေးရကာစ ရက်သား လေ့သားကလေး မြန်မာပြည်မှာ ခြေမဲ့လက်မဲ့ ဖြစ်နေသည်။ လက်နက်ကမပြည့်စုံ။ စစ်ယာဉ်က ချို့တဲ့။ ရှိတာကတော့ စိတ်ဓာတ်ပဲ။ အစိုးရတပ်ပေါင်းစုံမှာ လွတ်လပ်စ မြန်မာပြည်အား အနိုင်အထက် ဒုက္ခပေးလာသည့် သောင်းကျန်းသူတွေကိုတိုက်ဖို့ စိတ်ဓာတ်အပြည့်။ မာန်အပြည့်။

❁ ❖ ❁

၁၉၄၈ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ထောခိုချိန်မှာ ဗိုလ်မှူးအေးချို ရန်ကုန်မှာမရှိ။ ထိုအချိန်က ဗိုလ်မှူးအေးချိုတို့ဦးစီးသော စစ်ရဲတပ်ရင်း ၂၁ က တောင်ငူမှာ ရှိနေသည်။ ဗိုလ်မှူးအေးချိုကိုယ်တိုင် မမြို့ဗိုလ်သင်တန်းကျောင်းသို့ တက်နေရသည်။

ဗမာ့တပ်မတော်၏ စစ်ရေးခေါင်းဆောင်များက ဗိုလ်မှူးအေးချို၏ တိုက်ရည်ခိုက်ရည်နှင့် သတ္တိစွမ်းရည်ကို သဘောကျကြ

သည်။ သူ့အတွေး၊ သူ့အမြင်၊ သူ့မျိုးချစ်စိတ်ဓာတ်ကိုလည်း အကဲခတ်မိကြသည်။ သို့နှင့် ၁၉၄၈ ခုနှစ် ဧပြီလမှာ သူ့ကို တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံသည်။ ဗိုလ်သင်တန်းတက်ရန် အစီအစဉ်ကို ပြောပြသည်။ ဗိုလ်မှူးအေးချိုက လက်ခံသည်။ ထိုအခါ ဗိုလ်မှူးအေးချိုကို အခြားအရာရှိများနှင့်အတူ မမြို့ ဗိုလ်သင်တန်းကျောင်းသို့ ပို့လိုက်လေသည်။

ဗိုလ်မှူးအေးချိုနှင့်အတူ ဗိုလ်သင်တန်းကျောင်း တက်ခွင့်ရသူတွေမှာ ဗိုလ်တင်အောင်၊ ဗိုလ်အောင်မြင့်၊ ဗိုလ်လှမိုး၊ ဗိုလ်မောင်မောင်ခ စသည်ဖြင့်။

ဗိုလ်သင်တန်း တက်ကြမည်ဆိုတော့ ဗိုလ်မှူးအေးချိုမှာ ချစ်ဇနီးကို ရန်ကုန်၌ မထားခဲ့နိုင်။ လက်ထပ်ခဲ့သည်မှာ သုံးနှစ်တင်းတင်း ပြည့်ခဲ့ပြီ။ သို့သော်လည်း သူ့မှာ ဇနီးသည်တင်တင်အုန်းကို ချစ်၍မဝသေး။ မြတ်နိုး၍ မဝသေး။ သည်တော့ ချစ်ဇနီးကိုပါ တစ်ပါတည်း အတူခေါ်သွားချင်သည်။

သို့နှင့် ဗိုလ်မှူးအေးချိုက တင်တင်အုန်းကို မမြို့သို့ခေါ်သွား၏။ တင်တင်အုန်းကို မမြို့သစ်တောလမ်းမှာ အိမ်တစ်လုံးငှား၍ နေစေ၏။ တင်တင်အုန်းနှင့်အတူ ဗိုလ်မှူးတင်အောင်၏ဇနီးလည်း လာနေသည်။

ဗိုလ်မှူးအေးချို ဗိုလ်သင်တန်း တက်ရသည်မှာ ပျော်စရာပဲကောင်းသေးတော့။ တစ်ပတ်တစ်ခါ အပြင်ထွက်ခွင့်ရသည်။ ထိုအခါ ဗိုလ်မှူးအေးချိုက တင်တင်အုန်းအိမ်သို့ ပြန်လာသည်။ ဇနီးမောင်နှံနှစ်ဦး တစ်ပတ်လျှင် တစ်ရက်၊ အတိုးချ၍ ချစ်ရသည်။ ပျော်ရသည်။

ဗိုလ်မှူးအေးချို တပ်ထဲမှ အပြင်ထွက်ခွင့်ရလျှင် အိမ်ပြန်လာပြီး တင်တင်အုန်းကို စားချင်သည့်ဟင်း ချက်ခိုင်းသည်။ ဗိုလ်သင်တန်းမှာ ပဲစားပြီး နေပူထဲ ပြေးခဲ့လွှားခဲ့ လေ့ကျင့်ခဲ့ရသူကို တစ်ပတ်တစ်ခါ အပန်းဖြေဖို့ ပြန်လာသည်။ ချစ်သူဇနီးသည်

www.burmeseclassic.com

www.burmeseclassic.com

၏ မျက်နှာကိုကြည့်၊ ထမင်းလက်ဆုံစား၊ မေမြို့တစ်ခွင် ပြဿနာ အောင် လည်ကြပတ်ကြ၏။ သို့သော် ပျော်ကြရသည်မှာ လေးလပင်မပြည့်သေး။ ဗိုလ်မှူးအေးချို့တို့ထံသို့ ဆိုင်ရာမှ ကြေးနန်းတစ်စောင် ရောက်လာသည်။

"ဗိုလ်မှူးအေးချို ရန်ကုန်သို့ အမြန်ဆုံး ပြန်လာပြီး သတင်းပို့"

အမှန်က ဗိုလ်သင်တန်းမှာ သြဂုတ်လ ၁၉ ရက်နေ့တွင် ပြီးဆုံးမည်ဖြစ်သည်။ ၁၉ ရက်နေ့ သင်တန်းဆင်းပြီးသည်နှင့် ရန်ကုန်သို့ ပြန်ကြမည်။ ၂၁ ရက်နေ့ ရန်ကုန်ရောက်မည်။ ၂၁ ရက်နေ့မှာ ရန်ကုန်လာကြိုဖို့ တွဲတေး၊ ဖျာပုံမြို့များသို့ တင်တင်အုန်းက စာရေးထားသည်။ ခုတော့ အဲသည့်အစီအစဉ်တွေကို ဖျက်ရမည်။ ဗိုလ်သင်တန်းဆင်းပွဲ မတိုင်မီပင် ဗိုလ်အေးချို အမြန်ဆုံးလာဖို့ တပ်မတော်အာဏာပိုင်တို့က ကြိမ်ရိုက်၍ ခေါ်နေပြီ။

သည်တုန်းက သြဂုတ်လ ၄ ရက်။

ဗိုလ်မှူးအေးချိုမှာ စစ်သားပီပီ အထက်အမိန့်ကို နာခံရလိမ့်မည်။ သည်တော့ အမိန့်တွင်ပါသည့်အတိုင်း ဗိုလ်တင်အောင်နှင့် အတူ ရန်ကုန်သို့ အမြန်ဆုံးဆင်းခဲ့ပြီ။ ကျောင်းက ဆင်းလာသည်နှင့် ဗိုလ်မှူးအေးချိုတို့ ဘိစိန်ပါတ်များ ရခဲ့ပြီ။ သူ့နံပါတ်က ဘီ-၅၁၈၁ ။ သည်တုန်းက မန္တလေးရထားကို အထက်တန်းတွဲမှ စီးခဲ့ကြသည်။ ရန်ကုန်ရောက်ရင် ဘာတာဝန်တွေ ပေးမှာလဲ။ ရှေ့တန်းကို တစ်ခါတည်း ဆင်းရမလား။ စစ်ရေးတာဝန်ယူရမှာလား။ နိုင်ငံရေးတာဝန် ယူရမှာလား။ စဉ်းစားရှိမရ။ သည်တော့လည်း ဗိုလ်မှူးအေးချိုနှင့် ဗိုလ်မှူးတင်အောင်တို့ နှစ်ယောက်ဇနီးသည်ကိုယ်စီနှင့် အပျော်ခရီးထွက်လာသလိုပဲ သဘောထားလိုက်တော့သည်။

တောင်ငူသို့ ရထားဆိုက်ပြီ။ ကြိုတင်သတင်းပို့ထားသည်မို့ တောင်ငူဘူတာမှာ တပ်ရေးဗိုလ်ကြီး ဗိုလ်စောဘီက ဆင်းတွေ့သည်။ ဗိုလ်မှူးအေးချိုက ဗိုလ်စောဘီကို လိုအပ်သမျှ မှာကြားရ

သည်။ အရေးတော်ဖြင့်ပေါ်ပြီ။ အခြေအနေကို အသေအချာမသိရသေး။ ရဲဘော်တွေကို သတိပေး။ လက်နက်ခဲယမ်းတွေ အသင့်ပြင်။ ရှေ့တွင် တိုက်ပွဲခေါ်သံကို ကြားနေရပြီ။

ရန်ကုန်ကို မန္တလေးရထားဆိုက်တော့ ဗိုလ်မှူးအေးချိုကို တပ်မတော်မှ တာဝန်ရှိပုဂ္ဂိုလ်များက လာကြိုနေကြ၏။ သည်အချိန်က ဗိုလ်မှူးစိန်မှန်နှင့် မိသားစု ဘဒ်လမ်းတွင် အစိုးရကပေးထားသော အိမ်၌နေထိုင်လျက်ရှိသည်။

"အေးချို ... အရင်အိမ်မှာ ပြန်မနေနဲ့တော့၊ ဘဒ်လမ်းက ငါ့အိမ်မှာလာနေ"

ဗိုလ်မှူးစိန်မှန်က ခေါ်တော့ ဗိုလ်မှူးအေးချိုမှာ ငြင်းရှိမဖြစ်တော့။ သို့နှင့် ဘဒ်လမ်းအိမ်သို့ မိသားစုနှင့်အတူ ပြောင်းခဲ့ရသည်။

"မင်းကိုပြန်ခေါ်တာက သာယာဝတီဘက်ကို တက်ခိုင်းမလို့"

ပြန်ခေါ်ရသည့် အကြောင်းကို ဗိုလ်မှူးစိန်မှန်က ပြောပြသည်။

"ဖြစ်ပါ့မလား ဗိုလ်မှူး၊ ကျွန်တော်က ..."

"ပြောလေ၊ ဘာဖြစ်သလဲ"

"ကျွန်တော်က အခု တပ်မတော်အရာရှိ ဖြစ်သွားပြီ။ ဘီစီနံပါတ် ၅၁၈၁ နဲ့၊ ဗမာ့တပ်မတော်က ဒါရိုက်မေဂျာရာထူးခန့်ပေးလိုက်တယ်၊ အဲဒီတော့ ..."

"အေးလေ၊ ကဲ ... ပြောစမ်းပါဦး"

ဗိုလ်မှူးအေးချိုက ပြောရမှာ အားနာနေသည်။ သို့သော် မပြောလို့လည်း မဖြစ်တော့ ပြောရလိမ့်မည်။

"ဗိုလ်မှူးက ပြည်ထောင်စုစစ်ရဲက အရာရှိမဟုတ်လား။ ကျွန်တော်က တပ်မတော်ကအရာရှိ။ ဒီတော့ ဗိုလ်မှူးအမိန့်ကို ကျွန်တော် လိုက်နာလို့ မဖြစ်ဘူးလေ။ တပ်မတော်အရာရှိကြီးတွေ စေသလို ခိုင်းသလို ကျွန်တော် နာခံရမှာ ..."

သည်မှာတင် ဗိုလ်မှူးစိန်မှန်က တဟားဟား ရယ်သည်ပြီးတော့ သူက အေးချမ်းတည်ငြိမ်စွာပြော၏။

www.burmeseclassic.com

www.burmeseclassic.com

"အေးချို ... မင်း စစ်သားကောင်းတစ်ဦး အစစ်အမှန်ပဲကွ။ စစ်သားဆိုတာ သခင်နှစ်ပါးမရှိဘူး၊ တစ်ပါးတည်းပဲ။ ကိုယ့်အထက် အရာရှိကိုသာ သစ္စာရှိရမည်။ နာခံရမည်။ ဟုတ်တယ်။ ကဲ ... မင်းပြောသလို တပ်မတော်က မေဂျာတစ်ဦးမို့ တပ်မတော်အရာရှိကြီးတွေရဲ့အမိန့်ကိုသာ နာခံချင်ရင် ..."

ဗိုလ်မှူးစိန်မှန်က ပြောပြောဆိုဆို အိမ်ခန်းထဲ ဝင်သွား၏။ သူ ပြန်ထွက်လာတော့ ကာကီရုပ်အင်္ကျီလက်ရှည်ကို လက်ခေါက်၍ ဝတ်ထား၏။ သူ့ပခုံးပေါ်မှာ တင်ထားသည်က ဗိုလ်မှူးကြီးအဆင့်ရှိ ရွေခရေပွင့်များ။

"ငါလည်း ဗမာ့တပ်မတော်က ဗိုလ်မှူးကြီးတစ်ဦးပါကွာ။ ငါ့ကို ဝန်ကြီးအဖွဲ့သဘောတူညီချက်နဲ့ အထူးစစ်မင်းကြီးတာဝန်ပေးတယ်။ ဗိုလ်မှူးကြီးရာထူးကို ကာကွယ်ရေးဝန်ကြီးဌာနက ခန့်ပေးတယ်။ သာယာဝတီဘက်တစ်လွှားက ရန်ကုန်ကို ချီတက်လာကြမယ့် ..."

ဗိုလ်မှူးစိန်မှန်က အခြေအနေအရပ်ရပ်ကို ရှင်းလင်းပြောပြသည်။ ဗိုလ်မှူးအေးချို တာဝန်ယူရမည့် အနေအထားကို တင်ပြသည်။ နိုင်ငံတော်အခြေအနေက အရေးကြီးနေပြီ။ သောင်းကျန်းသူတွေ ရန်ကုန်မြို့တော်သို့ ချီတက်လာကြလျှင် ...

ကြုံရသည့်အဖြစ်က တွေးခေါ်စရာပင်မရှိ။

"အရေးကြီးတာကတော့ မင်း သာယာဝတီကို အမြန်သွား၊ ပြည်ကဘက်လာတဲ့ ရန်သူ့တပ်ကို နှတ်တလင်း ဖိုးသာအောင်ကုန်းတံတား ဒီဘက်ထိ ချက်ချင်းရောက်မလာနိုင်အောင် ထိန်းထားဖို့ပဲ။ ဟိုမှာရှိတဲ့ တပ်တွေကို မင်းကိုယ်တိုင် ဦးစီးပြီး သောင်းကျန်းသူတွေကိုတိုက်၊ ဒီလိုတိုက်တဲ့အခါမှာ မင်းယူရမယ့် တာဝန်က ဒီကောင်တွေ အရှိန်အမြန်ဆုံးနှုန်းနဲ့ ရန်ကုန်ဘက်ကို ချီတက်မလာအောင် တားဆီးဖို့ပဲ။ တို့တပ်မတော်က မြောက်ပိုင်းမှာရှိတဲ့တပ်

တွေကို အမြန်ဆုံး ကောက်သင်းကောက်ပြီး သာယာဝတီကိုပို့မယ်။ ဒါပေမဲ့ လေယာဉ်ပျံအခက်အခဲကြောင့် သတ်မှတ်တဲ့ရက်မှာ လိုအပ်တဲ့တပ်တွေ အကုန်လုံး စုစည်းမိမှာ မဟုတ်ဘူး။ ဒါကြောင့်"

ဗိုလ်မှူးစိန်မှန်က အခြေအနေ အရပ်ရပ်ကို ဆက်လက်ရှင်းပြသည်။ နှုတ်ခမ်းမွေးကိုသိမ်းထားသော ရောင်စုံသောင်းကျန်းသူတို့သည် ရန်ကုန်သို့ ဦးတည်ပြီး ချီတက်လာနေကြသည်။ သူတို့၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့ကို သိမ်းဖို့၊ အစိုးရကိုဖြုတ်ချဖို့။

သည်အဖြစ်မျိုးမရောက်အောင် သောင်းကျန်းသူတို့ကို လမ်းမှဖြတ်၍တားထားဖို့ အရေးကြီးသည်။ အဲသည်တာဝန်ကို ဗိုလ်မှူးအေးချိုက ယူရလိမ့်မည်။ ရန်သူတပ်များ အရှိန်ပြင်းစွာ ချီတက်မလာနိုင်အောင် ဟန့်တား၊ အစိုးရဘက်မှ တပ်တော်အင်အားစုများကို မြစ်ကြီးနားဘက်မှနေ၍ အမြန်ဆုံးသယ်ယူပို့ပေးမည်။ သို့သော် ပြည်တွင်းစစ်ကာလမှာ လေယာဉ်ပျံကရှားသည်။ ရသမျှ လေယာဉ်ဖြင့် အခေါက်ခေါက် သယ်နေရတော့ တပ်များစုစည်းရန် ခန့်မှန်းသည့်ရက်၊ ခန့်မှန်းသည့်အချိန်ကွင် ပြည့်စုံမည်မဟုတ်။ သည်အချိန်မှာ ဗိုလ်မှူးအေးချိုနှင့် တပ်ပေါင်းစုက ရန်သူတွေကို ရသလောက်တား၊ ဖြစ်နိုင်သလောက် လမ်းမှပိတ်ဆို့၊ အခွင့်သာသလို တိုက်ခိုက်သွားရန် အရေးကြီးသည်။

"ကဲ ... ဗိုလ်မှူးအေးချို၊ တိုက်ရင်လည်းတိုက်၊ မတိုက်ချင်ရင် ရန်ကုန်မှာနေခဲ့။ စိတ်ချရတဲ့သူ ခေါ်တာပဲ။ ငါဖြစ်ချင်တာ ပြောပြီးပြီ။ မင်းဘက်က နားမလည်တာမေး။ လိုချင်တာကိုပြော"

"ဟုတ်ကဲ့ ဗိုလ်မှူး၊ ကျွန်တော် ဘယ်တော့ ရှေ့တန်းကိုသွားရမှာပါလဲ"

"အမြန်ဆုံးပေါ့။ အမြန်ဆုံးသွားနိုင်ဖို့ လိုတယ်၊ ခုနေ့ခေါ်မှာ တစ်မိနစ်တစ်နာရီဟာ နိုင်ငံတော်အတွက် အရေးကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုဆိုရင် နက်ဖြန်မနက်ဘဲ ကျွန်တော် သွားပါ့မယ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဒီနေ့ပြင်ဆင်ပြီး နက်ဖြန်သာယာဝတီကို ထွက်မယ်၊ လိုအပ်ဘာရှိရင် ဗိုလ်မှူးဆီ တင်ပြပါ့မယ်"

အဲသည်တုန်းက ဗိုလ်မှူးစိန်မှန့်ဆီသို့ ဇီးကုန်းမှ ဗိုလ်ကြီးရဲအောင်လည်း ရောက်နေသည်။ ဗိုလ်ကြီးရဲအောင်မှာ တော်လှန်ရေးတုန်းက ဗိုလ်အေးချို့နှင့် တိုင်းတစ်ခုတည်းမှာ တာဝန်ကျခဲ့သော ရဲဘော်ဟောင်းဖြစ်သည်။ ခုတော့ ဗိုလ်ကြီးရဲအောင်သည် ဇီးကုန်းမြို့မှာ အိမ်ထောင်ကျပြီး အေးအေးဆေးဆေးနေတုန်း ဗိုလ်မှူးကြီးစိန်မှန်ထံမှ ခေါ်စာရောက်လာသည်။

"ဗိုလ်ရဲအောင် ရန်ကုန်ကို အမြန်လာ၊ တာဝန်ပေးအပ်ရန်ရှိသည်"

သည်စာအရ ဗိုလ်ကြီးရဲအောင် ရန်ကုန်ရောက်လာသည်။ ဗိုလ်မှူးကြီးစိန်မှန်က ဗိုလ်ကြီးရဲအောင်ကို သာယာဝတီသို့ တာဝန်ချပေးသည်။ သာယာဝတီရှိ ပြည်သူ့ရဲဘော်(၀၀)များကို ဦးစီးပြီး ရန်သူတွေကိုတိုက်ဖို့။

အဲသည်တုန်းက ရှေ့တန်းမသွားမီ ဗိုလ်မှူးအေးချို့ဘို့ ဓနိုးမောင်နဲ့ သီချင်းဆိုရင်း တေးသီရင်း ပျော်ခဲ့ကြသည်ကို သတိရပါသေး။ သည်တုန်းက ရှေ့တန်းမသွားမီ ဗိုလ်မှူးအေးချို့နှင့် တင်တင်အုန်းတို့ ရန်ကုန်မြို့မှာ အချိန်ရသမျှ လည်ကြပတ်ကြသည်။

ဗိုလ်မှူးအေးချို့က "တင်တင်ရေ ... ၁၄ လမ်းမှာ ကိုဌေးမြိုင် ရှိနေတယ်။ သူ့အိမ်သွားပြီး သီချင်းတီးခိုင်းရအောင်"

ချစ်လင်ကခေါ်တော့ တင်တင်အုန်းက မငြင်း။ ဗိုလ်မှူးစိန်မှန်ထံက ကျစ်ကားကို ဆွဲလာပြီး မိုးကလေးတစိမ့်စိမ့်မှာ ကိုဌေးမြိုင်အိမ်သို့ ရောက်လာခဲ့သည်။

ကိုဌေးမြိုင် ဆိုတာက ဗိုလ်မှူးအေးချို့၏သူငယ်ချင်း။ စစ်ကိုင်းဆောင်တုန်းက ခင်မင်စွာပေါင်းခဲ့သော ချစ်သူငယ်ချင်း။ စာရေးဆရာ ဒဂုန်တာရာ။

"ကိုဌေးမြိုင် လုပ်ဗျာ၊ ကျွန်တော် ရှေ့တန်းမသွားမီ ခင်ဗျားလက်ရာ စန္ဒရားသံကလေး နားဆင်သွားချင်လို့"

ဗိုလ်မှူးအေးချို့က သည်လိုနားပူတော့ ကိုဌေးမြိုင်က မနေသာပြီ။ စန္ဒရားအဖုံးကိုဖွင့်ပြီး အသံစမ်းနေ၏။

"ကဲ ... ပြောလေ သူငယ်ချင်း၊ ဘာသီချင်း နားထောင်ချင်သလဲ၊ ဘာသီချင်း တီးပေးရမှာလဲ"

"ပန်းဟောဝန် တီးဗျာ၊ ကဲ ... တင်တင်က စည်းကိုင်ပြီးဆိုကွယ်"

ဗိုလ်မှူးအေးချို့က သူ့ဇနီးဘက်လှည့်ပြီး ပြုံး၍ပြောနေ၏။ သြော် ... တ ခါတစ်ရံတော့လည်း သည်စစ်သားကြီးက ကဗျာဆန်လိုက်တာ။

မိုးကလေးက တစိမ့်စိမ့် ရွာနေ၏။ သည်အချိန်မှာ ကိုဌေးမြိုင်က စန္ဒရားခလုတ်များကို တို့ကာထိကာဖြင့် ပန်းဟောဝန်တေးကွက်များကို ဂီတသံဖြင့် ဆက်ပေးနေသည်။ သာယာငြိမ့်ညောင်းသော စန္ဒရားသံသည် တင်တင်အုန်း ဆိုနေသော ပန်းဟောဝန်သီချင်းနှင့် လိုက်ဖက်စွာ ထွက်ပေါ်လျက် ရှိလေသည်။

ဗိုလ်မှူးအေးချို့၏ စိတ်အစဉ်က စန္ဒရားသံတွင် လွင့်မျောလျက်ရှိသည်။ မိုးရွာနေသော အပြင်ဘက်ရှုခင်းဆီသို့ ငေးနေသော သူ့အမူအရာနှင့် သူ့ဟန်ပန်မှာ တစ်စုံတစ်ရာကို ကွေးနေသလား၊ ဆွေးနေသလား။

စစ်မြေပြင်သို့ ထွက်သွားရတော့မည့် အချိန်၌ အိမ်မှာကျန်ရစ်ခဲ့မည့် ချစ်ဇနီး တင်တင်အုန်းအတွက် လွမ်းမောတွေဝေ၍နေပါသလား။

မကြာမီ မိုးတိတ်သွား၏။

သီချင်းဆုံးသွားပြီမို့ စန္ဒရားသံလည်း ရပ်သွားသည်။ ကိုဌေးမြိုင်က စန္ဒရားခုံမှထ၍ ညှော့ခန်းသို့ လာထိုင်သည်။ တင်တင်အုန်းကလည်း စည်းကိုချပြီး ထလာသည်။ ဗိုလ်မှူးအေးချို့က တင်တင်အုန်းနှင့်အတူ လျှောက်လာပြီး ညှော့ခန်းစားပွဲမှာ လာထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

ကိုဌေးမြိုင်က "နေပါဦး ... ကိုအေးချို့က သာယာဝတီကို ဘယ်တော့သွားမှာလဲ"

ဗိုလ်မှူးအေးချို့က "နက်ဖြန်"

ကိုဌေးမြိုင်က "ဟာ ... မြန်လှချည်လားဗျာ"

ဗိုလ်မှူးအေးချို့က "မြန်မြန်ပဲ ကိုဌေးမြိုင်ရေ၊ ဟိုမှာလည်း အခြေအနေက နေ့လားညလား ဖြစ်နေတာ"

သည်အချိန်မှာ ကိုဌေးမြိုင်က သူ့ခလေ့အတိုင်း ခပ်လျော့လျော့ ပြုံးနေသည်။

"ဘာပြုံးတာလဲဗျ ကိုဌေးမြိုင်"

"ဩော် ... ခင်ဗျား စစ်တိုက်ရတဲ့ပုံကို သဘောကျလို့ဗျာ"

"ဘာကို သဘောကျတာလဲဗျ၊ ဆိုစမ်းပါဦး"

"နေပါဦးလေ၊ ကျွန်တော် ခင်ဗျားကို မေးခွန်းတစ်ခုမေးချင်တယ် ကိုအေးချို့"

"မေးဗျာ"

"ခင်ဗျား အခု စစ်သွားတိုက်မှာ ဘယ်သူ့အတွက်လဲ ကိုအေးချို့"

သည်မေးခွန်းကို မေးသူကသာ မေးလိုက်သည်။ ဗိုလ်မှူးအေးချို့က နှုတ်မလုံးဝမဖြေ။ သို့သော် သူကပြုံးနေ၏။ လှလှပပပဲ ပြုံး၍ပြနေပါ၏။ သည်အပြုံး၏နောက်ကွယ်မှာ ကြွယ်ဝသော အဓိပ္ပာယ် ရှိပါသလား။ ကွဲကွဲပြားပြားတော့ မသိနိုင်။

အဖြေမှန်ကို ဗိုလ်မှူးအေးချို့ ကိုယ်တိုင် ပြောပြမှပဲ သိရမည်လေ။

(၁၂)

"တင်တင်ရေ ... ကိုကိုသွားတော့မယ်၊ ကိုကို့ကိုလွမ်းရင် ထဘီအလယ်ထူပြီး လိုက်ခဲ့ဟော့"

ဗိုလ်မှူးအေးချို့က ပြုံးပြုံးရယ်ရယ်ပဲ ပြောနေ၏။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ဖြစ်သည်။

ရန်ကုန်မိုးသည် သည်းလိုက်၊ စဲလိုက်၊ ရွာလိုက်၊ တိတ်လိုက်နှင့် အလုပ်များနေ၏။ သူ့ခမျာ အငြိမ်ပဲမနေနိုင်။ မိုးရာသီဆိုတော့လည်း သူ့တာဝန်က မိုးရွာဖို့ပဲ မဟုတ်လား။

မိုးကလေးနည်းနည်း စဲသွားတော့ ဗိုလ်မှူးအေးချို့ ခရီးထွက်ဖို့ပြင်သည်။

ဆပ်ပြာ၊ မျက်နှာသုတ်ပဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံနှင့် အဝတ်အစားတွေကောင် ခရီးဆောင်စလွယ်အိတ်နှင့်အပြည့်။ တင်တင်အုန်းက အနုံအလင် ထည့်ပေးထားသည်။ စစ်လွယ်အိတ်ကိုဆွဲပြီး ဂျစ်ကားပေါ်တက်မည် အလုပ်မှာ ဗိုလ်မှူးအေးချို့က သူ့ဇနီးကို စောစောကလို ပြုံးလို့ရယ်လို့ ပြောနေသည်။

သူက ဘယ်လိုပဲ ရယ်ပြုံးနေပေမယ့် တင်တင်အုန်းက မရယ်ပြုံးနိုင်ရှာ။

သူက ဘယ်လိုပဲ ပျော်ရွှင်နေဟန် ပြပေမယ့် တင်တင်အုန်း ခမျာ မပျော်နိုင်ရှာ။ မရွှင်နိုင်ရှာ။

သူ့မှာ ရှေ့တန်းသို့ တပ်ထွက်ရမည်မို့ ပျော်လို့၊ ရွှင်လို့၊ သွက်လက်လို့။ အိမ်မှာကျန်ရစ်မည့်ချစ်ဇနီးကတော့ သူ စိတ်ကောင်းအောင် ပြုံးပြရပေမယ့် အသက်မပါသောအပြုံး။ ရယ်ပြရပေမယ့် အသက်မပါသောအရယ်။ ပျော်ဟန်ရွှင်ဟန် လုပ်နေရပေမယ့် တကယ်တော့ ရင်ထဲကလည်းမပျော်၊ အပြင်မှာလည်းမပျော်။ ဘယ်လိုမှ မပျော်နိုင်ပါ။

သို့သော် စစ်သားမယား ဝီသအောင် နေပြရမည်။ ဒါကို တင်တင်အုန်း နားလည်သည်။ ဒါကြောင့်ပဲ အားယူ၍ပြုံးပြ၊ အားဖြည့်၍ရယ်ပြ၊ အားတင်း၍ ပျော်ဟန်ရွှင်ဟန် နေပြသည်။

အပူရုပ်ကို ဟန်လုပ်၍ ဖုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးအေးချို ရှေ့တန်းထွက်မည်ဆိုတော့ အဆင်သင့်ပဲ အဖော်အဖြစ် သူ့ရဲဘော် ဗိုလ်ကြီးရဲအောင် ပါလာသည်။ ဗိုလ်ကြီးရဲအောင်မှာ ဗိုလ်မှူးကြီးစိန်မုန်၏ တာဝန်ပေးချက်ဖြင့် သာယာဝတီပြည်သူ့ရဲဘော်တွေကို စည်းရုံးပြီး သောင်းကျန်းသူတွေကို တိုက်ရန်ဖြစ်သည်။

"အတော်ပဲ ဗိုလ်မှူး၊ ကိုကြီးရဲအောင်ကို ကျွန်တော်နဲ့အတူတူ တစ်ခါတည်း ထည့်ပေးပါ။ ရှေ့တန်းမှာ အတူတူတိုက်ကြရတော့ အားရှိတာပေါ့"

သွားခါနီးဆဲဆဲမှာ ဗိုလ်မှူးအေးချိုက ဗိုလ်မှူးကြီးစိန်မုန်ထံတွင် နားပူစကား ဆိုသည်။ ဗိုလ်မှူးကြီးစိန်မုန်ကလည်း သဘောတူသည်။

ဖက်ဆစ်တော်လှန်ရေးတုန်းက လက်တွဲခဲ့သည့် လူနှစ်ယောက်။ ခု ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးတိုက်ပွဲမှာလည်း လက်တွဲပြီး တိုက်ကြစမ်း။

မကြာမီ ကားပေါ်သို့ ရောက်ကြပြီ။ ဂျစ်ကားတစ်စီးလုံးမှာ ဗိုလ်မှူးအေးချိုနှင့် ဗိုလ်ကြီးရဲအောင်တို့ ရဲဘော်နှစ်ဦးတည်းပါသည်။ ဗိုလ်မှူးအေးချို ဦးစီးသော စစ်ရဲတပ်ရင်း(၂၁)သည် ခုနေအခါဌ ရှေ့တန်းသို့ ရောက်နေတော့မည်။ အဲသည့်တပ်ရင်းနှင့်အတူ အစိုးရအပေါ်သစ္စာရှိစွာ တာဝန်ထမ်းဆောင်ကြမည့် တပ်များအား လုံးကို ဗိုလ်မှူးအေးချိုက ဦးစီးရမည်ဖြစ်သည်။

ဗိုလ်မှူးအေးချိုသည် ဂျစ်ကားပေါ်သို့ ခွာခနဲ ခုန်တက်လိုက်သည်။ ကားစက်ကို နှိုးလိုက်သည်။ နှိုးပြီ။ ဂီယာထိုးလိုက်သည်။ အဆင်သင့်ဖြစ်ပြီ။ ကားထွက်ဖို့ အဆင်သင့်ဖြစ်ပြီ။

"တင်တင်ရေ ... ကိုကိုသွားမယ်၊ ကိုကို့ကိုလွမ်းရင် ထဘီအလဲထူပြီး လိုက်ခဲ့တော့"

ဂျစ်ကားလေး ဘီးလိုမ့်သွားစဉ်မှာ ဗိုလ်မှူးအေးချိုက အဲသည်လိုထပ်ပြီး အော်၍ပြောသွားပါ၏။

ညြော် ... နောက်လည်း နောက်တတ်၊ ပြောင်လည်းပြောင်တတ်သည့် ကိုကို။ သူ စစ်ထွက်ခါနီး မှာကြားသွားသည့်စကားလုံးတွေက ကဗျာမဆန်လိုက်တာ။ သူ့ကိုလွမ်းရင် ထဘီအလဲထူပြီး လိုက်ခဲ့တော့ ဆိုပါလား။

❁ ❖ ❁

ဗိုလ်မှူးအေးချိုနှင့် ဗိုလ်ကြီးရဲအောင်တို့၏ ကားကလေးသည် တစ်ည လုံး မရပ်မနား ခရီးဆက်ခဲ့သည်။ ဂျစ်ကားမှာ ဓာတ်ဆီက တိုင်ကီအပြည့်ပါသည်။ ပြီးတော့ ဓာတ်ဆီပုံးထဲမှာလည်း အပြည့်ပါသေးသည်။ သို့နှင့် တစ်ည လုံး မရပ်မနား ခရီးဆက်ကြ၏။ သာယာဝတီရောက်တော့ ည ၁၂ နာရီ။

သာယာဝတီမှာ သိပ်မကြာလိုက်။ ခေတ္တခဏပဲ ဝင်နားသည်။ ရဲဘော်တွေနှင့်တွေ့ပြီး အခြေအနေအရပ်ရပ်ကို မေးမြန်းလို့ ချက်ချင်းပဲ ခရီးဆက်ခဲ့သည်။ တစ်လမ်းလုံးမှာ သူငယ်ချင်းနှစ်ယောက် တော်လှန်ရေးတုန်းက အကြောင်းတွေကို ပြောကြ၊ လက်ရှိ နိုင်ငံရေးအခြေအနေနှင့် နှိုင်းယှဉ်ကြ၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးရသည်မှစ၍ ဂဠုန်ဦးစောကို ကြိုးပေးခဲ့သည်အထိ နိုင်ငံတော်လုပ်ကြံမှု အကြောင်းများပါ သောင်းပြောင်းထွေလာ ဆုံပါလေရော။

"ကဲ ... ကိုကြီးရဲအောင် ကားမောင်းဦးဗျာ၊ ကျွန်တော် မောင်းရတာ ညောင်းလာပြီ"

သာယာဝတီက ထွက်တော့ ဗိုလ်မှူးအေးချိုက ပြောသည်။ သို့နှင့် ဗိုလ်ကြီးရဲအောင်က ဂျစ်ကားကို မောင်းလာ၏။ ကားကလေးသည် တစ်ည လုံး ခရီးဆက်နေရပေမယ့် မောသည်ပန်းသည် မရှိ။ အနောင့်အယှက် အပျက်အစီးမရှိ။ သဘောကောင်းစွာပဲ ခရီးဆက်လာကြသည်။ အရဏ်မတက်ခင် ပေါင်းတည်သို့ ရောက်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

"ဇီးကုန်းရောက်ရင် ကျွန်တော် အိမ်ခဏဝင်ဦးမယ်၊ ဗိုလ်အေးချို ... ခင်ဗျားပဲ ဆက်မောင်းသွားဗျာ"

ဇီးကုန်းမြို့ အဝင်ကျတော့ ဗိုလ်ကြီးရဲအောင် ပြောသံ။

သူ ဇီးကုန်းက ထွက်လာတာ ကြာပြီလေ။ လက်ထပ်ပြီးခါစ ဇနီးသည်ကို လွမ်းသည်။ အောက်မေ့သည်။ သတိရသည်။ ချစ်ဇနီးနှင့်တွေ့ပြီး တရေးတမော အိပ်စက်အနားယူလိုက်ဦးမည်။ ရှေ့တန်းသွားသည်ဆိုတာ ပြန်ရက်ကို မှန်းဆ၍မရ။ ခုလိုကြုံကြိုက်သည့်အခါ အိမ်ဝင်ပြီး ဇနီးသည်နှင့် တွေ့ခွင့်ရတုန်း တွေ့လိုက်ဦးမည်။ ချစ်ဇနီး၏ ရင်ခွေ့ကိုလှုံပြီး မည်သည်းတမ်း အပန်းဖြေဦးမည်၊ အနမ်းဝေဦးမည်။

သို့သော် မောင်မင်းကြီးသားက ဗိုလ်ကြီးရဲအောင် ဆန္ဒအတိုင်း မလိုက်လျောချင်။ ကြည့်လေ။ ဗိုလ်မှူးအေးချို ပြောလိုက်ပုံက တရားရစရာပဲ ကောင်းသေးတော့။

"ဒီလိုလုပ်ဗျာ ကိုကြီးရဲအောင်၊ ခင်ဗျားအိမ်ရောက်တော့ အပေါ်တက်ပြီး ခင်ဗျားဇနီးနဲ့တွေ့။ ပျော်ပျော်ကြီးချစ်။ ကျွန်တော် ကားထဲမှာ စောင့်နေမယ်"

အို ... အို ... ဒုက္ခရော။ စစ်သားဆိုတော့ စစ်သားစကားပဲကိုး။ ခပ်ရမ်းရမ်းနှင့် ခပ်ပြတ်ပြတ်။ ဒါပေမဲ့ သတို့သားပူပူနွေးနွေး လက်ထပ်ပြီးခါစ ဗိုလ်ကြီးရဲအောင်မှာ ဗိုလ်မှူးအေးချို စကားကို နားထဲမှာ တစ်မျိုးပဲ။ ဖိန်းတိန်းတိန်း၊ ရှိန်းတိန်းတိန်းနှင့် ရှက်သလိုလို။

"ဟာ ... မဟုတ်တာပဲ ဗိုလ်အေးချိုရယ်၊ ခင်ဗျားက ကားထဲမှာ ထိုင်စောင့်နေမယ်ဆိုတော့ ကျွန်တော် ဘယ်မှာ စိတ်အေးလက်အေး တွေ့နိုင်ပါ့မလဲ။ သွားပါဗျာ၊ ခင်ဗျား ကားမောင်းပြီး ဆက်သွားပါ၊ ကျွန်တော် မနက်လင်းတော့ လိုက်ခဲ့ပါ့မယ်"

"မသွားဘူးဗျာ ဗိုလ်ကြီးရဲအောင်၊ စိတ်အေးလက်အေးသွားအိပ်ပါ။ ကိုယ့်ပါရမီဖြည့်ဖက် ရဲဘော်တစ်ယောက် အကျိုးရှိဖို့၊

ကျွန်တော် ပျော်ပျော်ကြီး ကားထဲမှာ စောင့်မယ်ဗျာ ... စောင့်မယ်ဗျာ၊ ဟဲ ... ဟဲ"

သူ့မှာတော့ ရယ်များပဲ ရယ်လိုက်သေးရဲ့။ ဗိုလ်ကြီးရဲအောင်မှာ ဗိုလ်မှူးအေးချိုကို ပြောလို့မရတော့ စိတ်ကိုလျှော့ချလိုက်သည်။ မိမိအိမ်က ဇီးကုန်းမြို့ ဘုရားလမ်းမှာရှိသည်။ ဂျစ်ကားသည် အိမ်ရှေ့ကို ဖြတ်မောင်းသွားရ၏။ သို့သော် ဗိုလ်ကြီးရဲအောင်က အိမ်ဝင်အိပ်ဖို့ အစီအစဉ်ကို ပြောင်းလိုက်ရသည်။

"ကဲ ... ကဲ ... ဒီလောက်တောင် ရှိရင်လည်း နေပစေတော့ဗျာ၊ အိမ်ကိုမဝင်တော့ဘူး၊ နောက်မှပဲ တစ်ခေါက်ပြန်လာတော့မယ်"

ဗိုလ်ကြီးရဲအောင်က အိမ်ရှေ့ရောက်တော့ ကားလီဗာကို ပြင်းပြင်းနင်းချလိုက်သည်။ ဂျစ်ကားကလေးသည် တအားပဲပြေးထွက်သွား၏။ အိမ်ကိုဝင်ခွင့်မရလို့ စိတ်တိုနေသလားမသိ။ ကားမောင်းလာသော ဗိုလ်ကြီးရဲအောင်က အိမ်ဘက်ကို လှည့်လို့မကြည့်။ တစ်ချက်ကလေးမျှ မလှည့်။ အလွမ်းပြေကလေးမှ ခေါင်းငဲ့လို့မကြည့်။

အမှန်ကတော့ သည်အရေးအခင်းမှာ ဒဂံးပြားတစ်ခုကို တစ်ဖက်စီ ကြည့်ကြသလို၊ နှစ်ဦးစလုံးမှန်သည်။ ဗိုလ်ကြီးရဲအောင်ကလည်း ဇနီးသည်ရှိသည့်မြို့ကို ကားဖြတ်သွားခိုက် ခဏတော့ဝင်နားလိုက်ချင်သည်။ ပုထုဇဉ်လူသားတို့သဘာဝ လက်ထပ်ပြီးစ ဇနီးသည်အိမ် ဝင်လိုက်ချင်သည်ကို အပြစ်တင်ရန်မရှိ။

ဗိုလ်မှူးအေးချိုဘက်က ကြည့်ဦး။ မိမိကိုပေးလိုက်သော တာဝန်မှာ ပြည်က ချီတက်လာသော ရောင်စုံသောင်းကျန်းသူတို့အား လမ်းမှဆီးတားဖို့။ သည်အရေးအခင်းအတွက် ဗိုလ်ကြီးရဲအောင်ကို လက်ရုံးတစ်ဖက်လို အားကိုးသည်။ ရှေ့တန်းမှာ ဗိုလ်ကြီးရဲအောင် ရှိနေစေချင်သည်။ ပြီးတော့ ဗိုလ်ကြီးရဲအောင်ကိုယ်တိုင် တာဝန်နှင့်လာသည်မဟုတ်လား။ သည်အချိန်မှာ မိန်းမဆီဝင်အိပ်ပြီး ရှေ့တန်းသို့ လိုက်လာဖို့ နောင့်နေးနေခဲ့လျှင်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးအေးချို့က သူ့ရဲဘော်ကို စိတ်မချနိုင်။

ပေါင်းတည်မြို့ကို ဝင်တော့ အရာထမ်တက်မိ နံနက်သုံးနာရီ။

သည်အချိန်က ပုတီးကုန်းနှင့် အင်းမမှနေ၍ ပြည်ထောင်စု စစ်ရဲတပ်များနှင့် စစ်ဝန်ထမ်းတပ်များ အပါအဝင် တပ်ပေါင်းစုက ခုခံနေကြသည်။

ပြည်မြို့ဘက်မှတက်လာသော တပ်များမှာလည်း တပ်ပေါင်းစုပါပဲ။ သည်ဘက်က အစိုးရတပ်ပေါင်းစုဆိုတော့ ဟိုဘက်က သူပုန်တပ်ပေါင်းစုဟု ခေါ်ရလိမ့်မည်။ သူပုန်တပ်ပေါင်းစုမှာ "ရောင်စုံသူပုန်" ဆိုသော ဝေါဟာရနှင့် ကိုက်ညီပါ၏။

ကြည့်ပါ။

တောခိုတပ်ရင်းများဖြစ်ကြသော တပ်ရင်း(၁)နှင့် တပ်ရင်း(၃) တို့ပါဝင်သည်။ ဗမာပြည်ကွန်မြူနစ်ပါတီတပ်များလည်း ပါဝင်သည်။ ပြီးတော့ ပြည်သူ့ရဲဘော်(ဖြူ)တပ်များကလည်း အင်အားမသေး။ စုစုပေါင်း ရောင်စုံသူပုန်တို့ အင်အားကို စုပေါင်းလိုက်လျှင် တပ်သားဦးရေ ငါးထောင်ထက်မနည်း။

ပေါင်းတည်ကောက်သည်နှင့် ဗိုလ်မှူးအေးချို့က ရှေ့တန်းရှိ အစိုးရတပ်ပေါင်းစုမှ သက်ဆိုင်ရာ ဦးစီးခေါင်းဆောင်များနှင့် ချက်ချင်းဥပဒ်နိုင်းရသည်။

လက်ရှိအခြေအနေများကို သတင်းမေး၊ ဆွေးနွေး။

သူတို့ဘက်က ဘာတွေ သာသလဲ။ ဘာတွေရှိသလဲ။

တို့ဘက်က ဘာတွေလိုသလဲ။ ဘာတွေ ဖြည့်ဆည်းပေးရမလဲ။ ဘယ်လိုတိုက်ကြမလဲ ... လဲ ... လဲ။

ဗိုလ်မှူးအေးချို့က မိမိဌာနချုပ်ကို နတ်တလင်းမြို့ ရဲစခန်းမှာ ဖွင့်ထား၏။ သည်နေရာမှ မိမိတပ်များကို ကွပ်ကဲဦးစီးမည်။

လက်ရှိအခြေအနေတွင် ပြည်မြို့မှ ချီတက်လာသော သူပုန်တပ်များသည် ပေါင်းတည်မြို့ပြင်မှာ ရှိနေကြသည်။ ပေါင်းတည်မြို့နှင့် နတ်တလင်းမြို့အကြားတွင် ဗိုးသာအောင်ကုန်းတံတားကြီးရှိ

သည်။ ဗိုးသာအောင်ကုန်းတံတားမှာ ကားလမ်းနှင့် မီးရထားလမ်း ဟူ၍ လမ်းနှစ်သွယ်ရှိသည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြည်မြို့မှ ချီတက်လာသော သူပုန်တပ်များ ဗိုးသာအောင် ကုန်းတံတားကို မကျော်စေရ။

"တို့မှာ အခုရှိနေတဲ့ ပြည်ထောင်စုစစ်ရဲ၊ စစ်ဝန်ထမ်းနဲ့ ပြည်သူ့ရဲဘော်(ဝါ)တပ်တွေကို စုပေါင်းလိုက်ရင် ရှိတဲ့အင်အားဟာ ရန်သူတပ်ပေါင်းစုနဲ့ ဘယ်လိုမှ ယှဉ်လို့မရဘူး။ တို့မှာရှိတဲ့လက်နက်အင်အား လူအင်အားဟာ ရန်သူတွေထက် နည်းတာအမှန်ပဲ။ ဒါပေမဲ့ ရန်သူထက် တို့က သာတာရှိတယ်၊ အဲဒါက စိတ်ဓာတ်ပဲ။ တို့နောက်မှာ ပြည်သူတစ်ရပ်လုံးရှိတယ်။ နိုင်ငံတော်ရှိတယ်။ တို့ဟာ နိုင်ငံတော်နဲ့ ပြည်သူအတွက် အသက်ပေးပြီး ကာကွယ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ရန်သူတွေကို ရင်ဆိုင်ရမယ်။ ဒီစိတ်ဓာတ်ကို ရင်မှာပိုက်ပြီး သူပုန်တွေကို လေ့ခွက်ချည်းကျန် အလဲမလဲဘဲ ရဲရဲကြီးရင်ဆိုင်မယ်။ တိုက်ခိုက်ရမယ်။ ဒီတော့ ..."

ဗိုလ်မှူးအေးချို့က မိမိတပ်ခွဲမှူးတွေကို အစီအစဉ်တစ်ရပ် ချပြသည်။

သူပုန်တပ်ပေါင်းစုကို ပုတီးကုန်း၊ အင်းမမှ ခုခံ၍မရပ်တည်နိုင်လျှင် အနေးဆုတ်ခွာခြင်း နည်းဗျူဟာဖြင့် မိမိတပ်များအောင်မြင်စွာ ဆုတ်ခွာမည်။ ပေါင်းတည်နှင့် နတ်တလင်းမြို့ကြားရှိ ဗိုးသာအောင်ကုန်းတံတားမှာ မိမိတို့၏ ဒုတိယခံစစ် ဖြစ်ရမည်။ တံတားကြီးပေါ်မှ ရန်သူ့ယာဉ်ရထားများ ဖြတ်ကျော်ခြင်း မပြုနိုင်ရန် တံတားကြီးကို တစ်စစီဖျက်ရမည်။ ဖြိုချရမည်။ ပြီးတော့ မိမိတို့သည် ဗိုးသာအောင် ကုန်းတံတားကြီး၏ သည်ဘက်ကမ်းမှ နေ၍ တစ်လက်မမျှ မဆုတ်ခွာဘဲ ရန်သူသောင်းကျန်းသူတို့ကို ခုခံကြစို့။ တိုက်ခိုက်ကြစို့။ အောင်ပွဲခံကြစို့။

ဗိုလ်မှူးအေးချို့၏ အစီအစဉ်က ဗိုးသာအောင်ကုန်းတံတားမှ နေ၍ တစ်လက်မမျှ မဆုတ်ခွာရေးပင် ဖြစ်သည်။ လက်ရှိအခြေ

www.burmeseclassic.com

www.burmeseclassic.com

အနေတွင် မြစ်ကြီးနားမြို့မှ ဗမာ့တပ်မတော်တပ်ရင်းများကို ဤမြေ ဤအေသသို့ စစ်ကူပို့ရန် စီစဉ်ပြီးပြီ။ အနည်းဆုံးသုံးရက်မှ အများဆုံး ငါးရက်အထိ သည်ဒေသမှ မိမိတို့ ခုခံရပ်တည်နိုင်လျှင် ညီမှန်းချက် အောင်မြင်သည်ဟု ဆိုရလိမ့်မည်။

သည်အချိန်က ပြည်ထောင်စုစစ်ရဲတပ်ရင်း(၂၁)၊ တပ်ခွဲ(၄)မှ ဗိုလ်ချစ်ရင်၏ တပ်ခွဲသည် မော်တော်ကားလမ်းတွင် အင်းမမြို့အထိ သိမ်းယူထားသည်။ အင်းမမြို့ခွန်မှနေ၍ ရန်သူများကို အပြင်းအထန် ခုခံရန်အသင့်။

စစ်ရဲတပ်ရင်း(၂၁)မှ တပ်ခွဲ(၂)တပ်ခွဲမှူး ဗိုလ်အေးကျော်၏ တပ်သည် မီးရထားလမ်းဘက်တွင် ပုတီးကုန်းမြို့အထိ သိမ်းထားသည်။ ရန်သူ သောင်းကျန်းသူတို့ တက်လာလျှင် ကားလမ်းဆိုအင်းမတက်မှ၊ မီးရထားလမ်းဆိုပုတီးကုန်းဘက်မလာကြလိမ့်မည်။ သည်နှစ်လမ်းကလွဲပြီး ရန်သူတို့လာရန် လမ်းမရှိ။

အင်းမတွင် တပ်စုမှူး ဗိုလ်ရဲမြင့်နှင့် စစ်ရဲတပ်သားများ အခိုင်အမာ စခန်းချထားဆဲ။ တောခိုတပ်ရင်း(၁)မှ ရန်သူတပ်များက နံနက်စောစောမှာ ဒေါ့ဂျစ်ကားများဖြင့် တက်လာကြသည်။ ကားလမ်းအတိုင်း တက်လာသော ဒေါ့ဂျစ်ကားတွေကို အင်းမရှိ စစ်ရဲ(၂၁)ရှေ့ပြေးကင်းကမြင်သည်။ သို့နှင့် ရန်သူ့တပ်ကို အင်းမအထိအဝင်မခံ။ မြို့ပြင်မှကြို၍ စစ်ရဲတပ်သားများက အပြင်းအထန် ခုခံတိုက်ခိုက်ကြသည်။

တိုက်ပွဲမှာ နာရီဝက်ခန့်ကြာ၏။ ပြင်းထန်သောတိုက်ပွဲတစ်ပွဲဖြစ်သည်။ ရန်သူ့ဘက်မှ လက်နက်ကြီးများ သုံးနိုင်သည်။ မိမိဘက်မှ နှစ်လက်မမော်တာမှလွဲ၍ လက်နက်ကြီးမပါ။ လက်နက်ငယ်များဖြင့်သာ ရန်သူကို ချေပစ်နေရသည်။ တောခိုတပ်များသည် အင်းမမြို့ကို အလွယ်ဖြင့်ရမည်ထင်ပြီး တက်လာသည် မဟုတ်လား။ ခု စစ်ရဲတပ်များက အပြင်းအထန် ခုခံသောအခါ နာရီဝက်ကြာ ပစ်ခတ်ပြီး ပြန်ဆုတ်သွားကြလေသည်။ အင်းမမှာ မိမိတပ်များ

အောင်ပွဲရလိုက်တော့ ဗိုလ်မှူးအေးချို ကျေနပ်အားရဖြစ်ပြီ။ ဘယ်ဆိုးလိုလဲ။ မိမိအတွက် ဆက်လက်အောင်ပွဲခံရမည့် နိမိတ်ကောင်း၊ အတိတ်ကောင်း မင်္ဂလာသတင်းတစ်ရပ်ပဲ မဟုတ်လား။

သို့သော် သည်အတိတ်ကောင်းက ကြာရှည်မခံ။ ပုတီးကုန်းဘက်ကို မီးရထားလမ်း စစ်ကြောင်းမှနေ၍ ရန်သူ့တပ်ကြီး ချီတက်လာသည့်သတင်း ရောက်လာသည်။ အမျိုးက နံနက်သုံးနာရီ။

မနေ့ညကပဲ ဗိုလ်မှူးအေးချိုသည် ပုတီးကုန်းမြို့ရှိ မိမိတပ်တွေကိုသွားရောက်စစ်ဆေးခဲ့သေးသည်။ ရဲဘော်တွေမှာ တပ်ရင်းမှူးကိုယ်တိုင် ဦးစီးနေသော စစ်ဆင်ရေးအတွက် အားတက်နေကြသည်။ ရွှင်ပျနေကြသည်။ ဗိုလ်မှူးအေးချိုက ရန်သူ့အခြေအနေသတင်းအရပ်ရပ်ကို မေးမြန်းပြီး ပြန်လာခဲ့သည်။ နတ်တလင်းပြန်ရောက်တော့ သန်းခေါင်ကျော် တစ်နာရီထိုးပြီ။

နံနက်သုံးနာရီကျတော့ ပုတီးကုန်းဘက်မှ ပစ်သံခတ်သံတွေကြားရသည်။ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ကမ္ဘာပျက်မတတ် ပစ်ကြခတ်ကြသည်။ နာရီမလပ်၊ စက္ကန့်မလပ်။

ရန်သူတပ်များသည် မီးရထားလမ်းဘက်မှ ထရော်လီခေါ်သံလမ်းပြေးယာဉ်ကိုအားကိုးပြီး တက်လာကြသည်။ သည်မှာလည်း မိမိဘက်မှ ပစ်နိုင်ခတ်နိုင်သည်မှာ နှစ်လက်မမော်တာက အကြီးဆုံးဖြစ်နေသည်။ မော်တာကျည်ဆန်ကလည်း ခုဝ ခန့်သာကျန်သည်။ ရန်သူတွေဘက်က ပစ်လိုက်ကြသည့်ကျည်ဆန်တွေ၊ မိုးဖွဖွရွာသလို သွန်ကြပြီး ကျလာသည်။ လက်နက်ကြီး လက်နက်ငယ်အစုံ။

ဗိုလ်မှူးအေးချို ပုတီးကုန်းသို့ ချက်ချင်းလိုက်သွား၏။

ပုတီးကုန်းမြို့ထဲ ဝင်သွားတော့ အရက်တက်ပြီ။ ရောင်နီလာနေပြီ။ သည်အချိန်မှာ ရန်သူအခြေအနေက မိမိတို့ထက် အဆများစွာ သာလွန်နေသည်။ တစ်ဖက်နှင့်တစ်ဖက် ပီပီပြင်ပြင် မမြင်ရသေး။ သို့သော် ရန်သူ့ကျည်ပစ်အားကို အကဲခတ်၍တော်တော်

www.burmeseclassic.com

www.burmeseclassic.com

အင်အားမသေးကြောင်း သိနိုင်ပြီ။ ထိုသို့ဆိုလျှင် မိမိအင်အားကို အကြောင်းမဲ့ မနစ်နာစေသင့်။ အခြေအနေကိုကြည့်ပြီး ဆုတ်ခွာရန် လိုအပ်လျှင် ဆုတ်ကြ။

ပြည်ထောင်စုစစ်ရဲတပ်သားများသည် ပုတီးကုန်းမြို့တွင် ထိုနေ့နံနက် ၉ နာရီအထိ ခုခံတိုက်ခိုက်၏။ ပြီးမှ တပ်ရင်းမှူး၏ အမိန့်အတိုင်း တဖြည်းဖြည်း ပေါင်းတည်မြို့အထိ မီးရထားလမ်း အတိုင်း ဆုတ်ခွာလာခဲ့ကြသည်။

သည်တွင် စစ်ရဲတပ် တပ်စုမှူး ဗိုလ်မြင့်အောင်၏ တပ်စုက ပေါင်းတည်မြို့မှာ နေခဲ့ကြသည်။ တပ်ခွဲတစ်ခွဲလုံးက ဖိုးသာအောင်ကုန်းတံတား အထိ ဆုတ်ခွာသွားပြီး တံတားမှာ အခိုင်အမာနေရာယူကြသည်။

စစ်ရဲတပ်သားများသည် ဖိုးသာအောင်ကုန်းတံတားကို ရန်သူ့ထရော်လီသံလမ်းပြေးယာဉ် ဝင်မလာနိုင်အောင် ဖျက်ဆီးထားကြသည်။

ဗိုလ်မြင့်အောင်၏ တပ်စုက ပေါင်းတည်မြို့စွန်ရှိ ဆန်စက်ဝင်းမှာ နေရာယူထား၏။ ဆန်စက်ဝင်းအပြင်မှာ ကားငါးစီးကို အဆင်သင့်ထားသည်။ အရေးကြီးလျှင် တပ်အပြောင်းအရွှေ့အတွက် အသုံးပြုရလိမ့်မည်။

စစ်ရဲတပ်စိတ်(၂)စိတ်နှင့် ရုံးအဖွဲ့ကို ပေါင်းတည်မြို့စွန်ရှိ ဆန်စက်ဝင်းမှာ နေရာယူထား၏။ ဆန်စက်ဝင်းအပြင်မှာ ကားငါးစီးကို အဆင်သင့်ထားသည်။ အရေးကြီးလျှင် တပ်အပြောင်းအရွှေ့အတွက် အသုံးပြုရလိမ့်မည်။

စစ်ရဲတပ်စိတ်(၂)စိတ်နှင့် ရုံးအဖွဲ့ကို ပေါင်းတည်မြို့အဝင် ကားလမ်းမှာ နေရာယူစေသည်။ ဗိုလ်မှူးအေးချိုကတော့ နတ်တလင်းရှိ ဒိမိဋ္ဌာနချုပ်စခန်းမှ ကျစ်ကားတစ်စီးဖြင့် ထွက်ခွာပြီး ရှေ့တန်းစခန်းအသီးသီးသို့ ရုက်ကန်းရှယ်သလို ကူးသန်းနေသည်။

နောက်တစ်နေ့ နံနက်သုံးနာရီ။

ပုတီးကုန်းဘက်မှ ရန်သူ့တပ်များသည် အင်အားကြီးမားစွာဖြင့် ပေါင်းတည်မြို့ကို ဝင်တိုက်ကြသည်။ သုံးလက်မမော်တာဖြင့် နှုတ်ဆက်ပြီး ဦးစွာပစ်ခတ်ကြသည်။ ရန်သူ့မော်တာကျည်ဆန်များက တပ်စုမှူး ဗိုလ်ခင်မောင်တင့် နေရာယူထားသော စခန်းသို့ တိုက်ရိုက်ဝင်သည်။ ပြည်ထောင်စုစစ်ရဲတပ်သားသုံးဦး မော်တာကျည်ဆန်ကြောင့် အတုံးအရုံး ဖြစ်သွား၏။

စစ်ရဲတပ်သားများသည် ပေါင်းတည်မြို့မှနေ၍ ဖိုးသာအောင်ကုန်းတံတားအထိ ဆုတ်ခွာလာကြ၏။ သည်အချိန်မှာ ဖိုးသာအောင်ကုန်းတံတားဦး ရထားလမ်းရော ကားလမ်းပါ အင်ဂျင်နီယာများက ဖျက်ဆီးနေဆဲ။ ရန်သူသောင်းကျန်သူတို့၏ ထရော်လီသံလမ်းပြေးယဉ်နှင့် မော်တော်ယာဉ်များသည် ဖိုးသာအောင်ကုန်းတံတားမှနေ၍ တစ်လက်မမျှ ဒေသဘက်သို့ မကူးစေရ။

ဗိုလ်မှူးငေးချို၏ အစီအစဉ်အတိုင်း အင်ဂျင်နီယာများက တံတားကို ဖျက်ဆီးလျက်ရှိ၏။ သည်အချိန်မှာ ...။

တောခိုတပ်ရင်း တစ်ရင်းမှ ရန်သူတပ်များသည် အမ်းမသဲချပ်ကာကားဘစ်စီးဖြင့် ဖိုးသာအောင်ကုန်းတံတားဆီသို့ ရောက်လာသည်။

သူတို့သည် အစိုးရတပ်များ၏ အကြံအစည်ကို အကဲခတ်မိဟန်တူ၏။ တံတားဖျက် အင်ဂျင်နီယာများထံသို့ ဦးတည်ပြီး တရစပ်ပစ်ခတ်ကြသည်။ ကျည်ဆန်များက တဖွဲဖွဲကျလာသည်။ အင်ဂျင်နီယာများမှာ သေဘေးနှင့်ကြုံလာတော့ သေပြေးရှင်ပြေး ထွက်ပြေးကြရှာပြီ။

ဖိုးသာအောင်ကုန်းတံတားမှ စစ်ရဲတပ်များနှင့်အတူ စစ်ဝန်ထမ်းတပ်များလည်း ပူးပေါင်းတိုက်ခိုက်ကြသည်။ စစ်ဝန်တမ်းတပ်မှာ ဘရင်းဂန်းသေနတ် ရှစ်လက်ပါလာ၏။ ဘရင်းဂန်းရှစ်လက်ပစ်အားမှာ မသေးငယ်လှ။ ရန်သူတွေ နွားမူးရူးထိုး တက်မလာအောင် တံတားထိပ်မှနေ၍ ကောင်းကောင်းကြီး တားဆီးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

စစ်ရဲတပ်မှာ သုံးလက်မမော်တာ တစ်လက်ရှိသည်။ ခက်တာက သည်မော်တာကို ပစ်တတ်သူ ကျွမ်းကျင်သော ရဲဘော်မရှိ။ အနည်းအပါး ပစ်တတ်သော ရဲဘော်တွေက စမ်းသပ်ပစ်ကြည့်ပါရဲ့။ မော်တာကျည်ဆန်က ကောင်းကောင်းမပေါက်ကွဲ။ ဝေးဝေးမသွား ဘဲ ကိုယ့်တပ်စခန်းနှင့် မလှမ်းမကမ်းမှာ ပြန်ကျသည်။ သို့နှင့် နောက်တော့ သုံးလက်မမော်တာပစ်ဖို့ မကြဲစည်ဝံ့တော့။ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်တော့မည်။

ဖိုးသာအောင်ကုန်းတံတားကြီးမှာ ပြည်ထောင်စုစစ်ရဲတပ် အပါအဝင် တပ်ပေါင်းစုံနှင့် ရောင်စုံသူပုန်တို့ တိုက်ပွဲကြီးများဖြစ် ခဲ့သည်။ အစိုးရတပ်များကလည်း သူပုန်တပ်များ တံတားသည် ဘက်မကူးနိုင်အောင် အသေအလဲ ခုခံကာကွယ်နေရသည်။ ရှိသမျှ ကျည်အား၊ ရှိသမျှ လူအားနှင့် အသက်ကို ဖက်နှင့်ထုပ်ပြီး တိုက် ကြရသည်။ တိုက်ပွဲက နံနက်၊ နေ့လယ်၊ ညနေမှာ အချိန်မရွေး အခါမရွေး။

သည်ဘက်က အင်အားနည်းနေမှန်းသိတော့ သက်ဆိုင်ရာ ကလည်း လက်နက်ကိုင်တပ် မှန်သမျှ ဗိုလ်မှူးအေးချိုထံသို့ ပို့ ပေးနေသည်။

တစ်နေ့တော့ နတ်တလင်းရဲစခန်းရှိ ဗိုလ်မှူးအေးချိုရှေ့တန်း ဌာနချုပ်သို့ လက်နက်ကိုင်တပ်မွဲ့တစ်ဖွဲ့ ရောက်လာသည်။ ဗိုလ်မှူး အေးချိုက သူတို့နှင့်တွေ့ပြီးမေး၏။

"ဆိုစမ်းပါဦး ... မင်းတို့က ဘယ်တပ်ကလဲ"

"ကျွန်တော်တို့ မီးရထားလမ်းစောင့်ရှောက်ရေး တပ်ကပါ"

"ဟုတ်လား၊ ခု ဒီကိုလာတဲ့ အစီအစဉ်က"

"ဗိုလ်မှူးတို့မှာ စစ်ကူလိုနေတယ်ဆိုပြီး ဆိုင်ရာကလွှတ်ပေး တာပါ"

"အေးကွာ ... ဒါဖြင့် ဟုတ်ပြီ။ မင်းတို့ စစ်သင်တန်းဆင်း ပုံးသလား"

"မဆင်းဖူးပါဘူး"

"တိုက်ပွဲအတွေ့အကြုံ ရှိခဲ့ဖူးလား"

"မရှိခဲ့ဖူးပါဘူးခင်ဗျ"

"သေနတ်တော့ ကောင်းကောင်းပစ်တတ်မှာပေါ့"

ပြောပြောဆိုဆို ဗိုလ်မှူးအေးချိုက သူတို့သေနတ်တွေကို တစ်ချက်အကဲခတ်ကြည့်သည်။ သေနတ်တွေ ကြည့်ရတာပင်အား ရှိစရာမဖြင်။ အဟောင်းအနွမ်း၊ အကျိုးအပဲ့၊ အစုတ်အပြတ်တွေများ သည်။ အဲသည် သေနတ်တွေနှင့် သူပုန်တွေကို ခုခံဖို့ မဆိုထားနှင့်။ စားပြတိုက်လျှင်တောင် ရမည်မဟုတ်။ မြှားသားတွေညှိလျှင် ပုဆိုး ချွတ်ပြေးရမည့် အဖြစ်မျိုး။

"သေနတ်တော့ ပစ်တတ်တဲ့သူတွေ များပါတယ်၊ မပစ်တတ် တဲ့သူက တစ်ယောက် နှစ်ယောက်ပဲ ရှိမှာပါ"

သူ့စကားကြားတော့ တပ်ရင်းမှူးကြီး ခေါင်းကိုခပ်ဖြည်း ဖြည်းပဲ ခါယမ်းလိုက်သည်။ တော်ပါပြီ။ တော်လောက်ပါပြီ။

"အေးဗျာ ... ဒီလောက်သိရတာ ကျေနပ်ပါပြီ၊ လိုတဲ့အခါ ခေါ်ယူပါ့မယ်၊ အခုတော့ ခင်ဗျားတို့ ပြန်နိုင်ကြပါပြီ"

မီးရထားလမ်းစောင့် တပ်သားများမှာ မျက်နှာမကောင်းဘဲ ပြန်သွားကြရာ၏။ အဲသည်လို လက်နက်ကိုင်မျိုး အားကိုးပြီး စစ်တိုက်လျှင် ငါးပါးမက သံဃာစင်ပါ မှောက်ရုပါလိမ့်မည်။

သည်လိုပဲ နောက်တစ်ချီတွင် သစ်တောစောင့်ရှောက်ရေး လက်နက်ကိုင်တပ်သားများ ရောက်လာပြန်သည်။ သူတို့ကို ဗိုလ်မှူး အေးချိုက တွေ့ပြီး မေးခွန်းများ တစ်ခွန်စ နှစ်ခွန်းစ မေးသည်။ စစ်တိုက်ဖူးသလား။ သေနတ်အကြောင်း ဘာသိသလဲ။ တိုက်ပွဲ အတွေ့အကြုံ ဘယ်လောက်ရှိသလဲ စသည်ဖြင့်။

သို့သော် သူတို့ကိုလည်း အားရစရာမြင်တော့ အားလုံးပဲ "ကန်တော့ဆွမ်း" လုပ်လိုက်သည်။ သည်လိုလူတွေ ခေါ်သုံးလိုက် တော့ ရန်သူနှင့်တိုက်ရာမှာ အကူအညီရဖို့နေနေသာသာ သူတို့

www.burmeseclassic.com

www.burmeseclassic.com

အလောင်းထမ်းနေရတာနှင့် အလုပ်ရှုပ်နေမည်။ စေတနာနှင့် စွန့်စား လိုခြင်း စိတ်ဓာတ်ကိုတော့ လေးစားပါ၏။

သည်လိုနှင့် ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲ အခြေအနေက "သရေပွဲ"မှာ ရပ်နေသည်။

ရန်သူသောင်းကျန်းသူတို့သည် တံတားကိုကားလမ်းကလည်း မကူးနိုင်။ ရထားလမ်းကလည်း ရှေ့မတိုးနိုင်။ ကူးသည့်ဘက်က အထိနာကြသည်။ ရှေ့သို့ စွန့်စွန့်စားစားတိုးလာသည့်ဘက်မှာ မခံမရပ်နိုင် ဆုတ်ပြေးကြသည်ချည်း။ တံတားကြိုးကို ကောင်စွာချုပ်ကိုင်ထားနိုင်တော့ မိမိဘက်က အပေါ်စီးရှိသည်။ အသာစီးရသည်။

ရောင်စုံသောင်းကျန်းသူတို့မှာ အင်အားရှိတာကရှိတာတခြား။ တကယ်လက်တွေ့သဘော ခုလို ငုတ်တုတ်ခံနေရတော့ မကျေမနပ်ဖြင့် ညစဉ်ပင် မှောင်ထဲမှာ အော်၍ အော်၍ ဆဲသည်။ ကလော်၍ ကလော်၍ ဆဲသည်။

"ဟေ့ ... ဖဆ ဆိုရှယ်တွေရဲ့နောက်လိုက်ခွေးတွေ၊ မအေ ... တွေ။ သေချင်းဆိုးတပ်သားတွေ၊ နတ်တလင်းသိမ်းပြီးရင် မင်းတို့ အလောင်းတွေကို ရေထဲကန်ချမယ်၊ လင်းတစာကျွေးမယ်၊ ခွေးစာကျွေးမယ်"စသည်ဖြင့်။

ရယ်လည်း ရယ်ရသည်။ ကမ္ဘာပေါ်တွင် စစ်တိုက်၍ မနိုင်သဖြင့် မှောင်ထဲက အော်၍ဆဲသည့် ကလော်ပွဲ ဆော်ပွဲဆိုသည်မှာ မြန်မာပြည် ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲက စသည်ဟုဆိုရတော့မည်။

တိုက်ပွဲက ရှေ့သို့ မတိုး၊ နောက်သို့ မဆုတ်။ သို့သော် ဗိုလ်မှူးကြီး စိန်မှန် တာဝန်ပေးလိုက်သည့်အတိုင်း ရန်သူသောင်းကျန်းသူတွေကို ရှေ့မတိုးနိုင်အောင် တားဆီးထားနိုင်သည်ဆိုတော့ ဗိုလ်မှူးအေးချို၏ အားထုတ်မှု ဒေအောင်မြင်သည်။ ကြိုးပမ်းမှုခရီး ရောက်သည်။ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ကျေနပ်ဖွယ်ကောင်းသည်မှာအမှန်။

သည်အတောအတွင်း နတ်တလင်းသို့ ဗိုလ်မှူးစိန်မှန် ရောက်သည်။ ဗိုလ်မှူးအေးချိုနှင့်တွေ့တော့ သူ့ရဲဘော်ကို အားလည်းအား ရသည်။ ကျေလည်း ကျေနပ်သည်။

"အေးချို ... မင်းလည်း လူရုပ်မပေါ်တော့ဘူးကွာ၊ အအိပ်ပျက် အစားပျက်နဲ့ ဘာကောင်နဲ့ တူမှန်းတောင် မသိတော့ဘူး။ ကိစ္စမရှိဘူးလေ။ ဗမာ့တပ်မတော်ရောက်လာရင် မင်းတို့တစ်တွေ အကုန်လုံးပြန်ခေါ်ပြီး အပန်းဖြေအနားယူခိုင်းမယ်"

ဗိုလ်မှူးကြီးစိန်မှန်က နေ့မအား ညမအား စစ်ဆင်ရေးတာဝန်များနှင့် လူပ်ရှားနေသော သူ့ရဲဘော်ကိုကြည့်ပြီး စေတနာစကားဆိုသည်။ ဟုတ်လည်း ဟုတ်ပါရဲ့။ ဗိုလ်မှူးအေးချို၏ဟန်မှာ အအိပ်ပျက် အစားပျက်မို့ လူပုံက ပိန်ကပ်ကပ်။ မျက်တွင်းဟောက်ပက်နှင့်။ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေက ထူလပျစ်။ သူ့ဟန်ကြည့်ရသည်မှာ တစ္ဆေကို အဝတ်စည်းပေးထားသလို။

သို့သော် စိတ်ဓာတ်ရေးရာမှာတော့ ဗိုလ်မှူးအေးချိုတို့က ရာနှုန်းပြည့်။ တိုက်ပွဲတွေကို ညလည်းတိုက်သည်။ နေ့လည်းတိုက်သည်။ ကာဘိုင်သေနတ်ကို ခေါင်းအုံးပြီး လဲလျောင်းနေသော ဗိုလ်မှူးအေးချိုသည် သေနတ်သံကြားလျှင် နေရာကထပြီးနေပြီ။

သည်လိုအခြေအနေ၌ ဗိုလ်မှူးအေးချိုက ပင်ပန်းသည်ဟု တစ်ချက်မညည်း။ တစ်ခွန်းမဆို။ ဗိုလ်ကြီးရဲ့အောင်နှင့်တွေ့လျှင် သူ ပြောနေကျ စကားတစ်ခွန်းတော့ရှိ၏။

"မိန်းမကိုလွမ်းတယ်ဗျာ"တဲ့။

ချစ်ဇနီးကို သံယောဇဉ် ကြီးရှာ၏။

သို့နှင့် ဗိုလ်မှူးအေးချို နတ်တလင်းစစ်မြေပြင်သို့ ရောက်သည်မှာ ဆယ်ရက်ခန့်ပင် ရှိတော့မည်။

ဩဂုတ်လ ၁၉ ရက်နေ့ ည ၇ နာရီ။

သည်ကနေ့ည စကားဝုိက်ကို ညနေကပင် ဗိုလ်မှူးအေးချိုက ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စကားဝုက်က "ကြောင်"။

မိုးရိပ်မိုးဆောင်နှင့် ညဉ့်ကမှောင်သည်။ အမှောင်ထဲမှာ ဖိုးသာအောင်ကုန်းတံတား မီးရထားလမ်းဘက်မှ သံဘောင်ကိုကပ်ပြီး လူသုံးလေးဦး ရွေ့လျားပြီး တက်လာသည်။

တစ်ချက် တစ်ချက် လျှပ်ရောင်က ပြိုးပြိုးပြက်ပြက်။ လျှပ်စီးရောင် ပြက်ခနဲ လင်းသည့်အခိုက်မှာ တံတားဘောင်အကွယ်က လူတစ်စုကို ကင်းပုန်းဝပ်နေသောစစ်ရဲတပ်သားတွေက မြင်လိုက်ပြီ။

"ရပ် ... ဘယ်သူလဲ"

"အိမ်ကလူ"

"ဒိုင်း ... ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက် ..."

သေနတ်သံတွေက မိုးမှောင်ညကို ဖြိုခွင်းပြီး ထွက်လာပြီ။

သည်ကနေ့ညစကားဝုက်က "ကြောင်"မဟုတ်လား။ ဒါကို ခုဖြေတဲ့လူတွေ၏ အသံက "အိမ်ကလူ"တဲ့။ စကားဝုက်ကတော့ တလွဲစီဖြစ်ပြီ။ စစ်မြေရဲ့ညဉ့်တိုက်ပွဲမှာ စကားဝုက်သည် မိမိတို့အသက်။ စကားဝုက်မှားလျှင် ရန်သူ။ သည်တော့ နောက်တစ်ခွန်းထပ်မေးရန် အကြောင်းမရှိ။ "ပစ်"။

တစ်ဖက်က မှောင်ရိပ်ခိုလူတစ်စု၏ စကားဝုက် "အမှား"ကို ကြားသည်နှင့် စစ်ရဲတပ်သားတို့၏ လက်ထဲရှိ သေနတ်များက တစ်ပြိုင်နက် လှုပ်ရှားသွားကြသည်။ ရန်သူတပ်သားတွေ ရေထဲသို့ကားခနဲကျသွားသည်။ တံတားပေါင်ပေါ်မှာ ခွေလဲသူလဲ၊ နောက်ကြောင်းကို ပြန်ပြေးသူပြေး။ အကာအကွယ်ရှာပြီး ပြန်ပစ်သူပစ်နှင့် ညတိုက်ပွဲစစ်စစ် ဖြစ်ပါပြီ။

အမှန်က သည်ကနေ့သည် မှောင်သည်နှင့် တပ်ချင်းလဲဖို့ အစီအစဉ်ရှိသည်။

ဖိုးသာအောင်ကုန်းတံတားထိပ်မှာ ဗိုလ်မှူးအေးချို၏ စစ်ရဲတပ်များနှင့် ဦးလှကြီးရဲအောင် ဦစီးသော သာယာဝတီမှသစ္စာရှိကာရံစစ်ဝန်ထမ်းတပ်များ လဲကြမည်။

တပ်ချင်းလဲရာတွင် အသုံးပြုကြမည့် စကားဝုက်များလည်း အပြန်အလှန် ပေးထားကြပြီးဖြစ်သည်။ ခုတော့ သူ့လူငါ့ဘက် သားလုပ်၍ မှောင်ခိုတက်လာသော ရန်သူ့တပ်မှာ မိမိတပ်နှင့် ဘွားခနဲတိုးပြီး တိုက်နေကြပြီ။

သည်အချိန်မှာ ဗိုလ်မှူးအေးချိုသည် နတ်တလင်းရဲစခန်းရှိ မိမိဌာနချုပ်၌ ရှိနေ၏။

ဗိုလ်မှူးအေးချိုနှင့် ဗိုလ်ကြီးရဲအောင်တို့ သူငယ်ချင်းနှစ်ယောက် ညစာထမင်းစားဖို့ ထမင်းထုပ်ဖြေနေသည်။ သည်ထမင်းများမှာ နတ်တလင်းရှိ ထမင်းဆိုင်ပေါင်းစုံမှ ည,နံနက် တစ်ထုပ်တစ်ကျပ်ကျဖြင့် ဝယ်စားနေကြခြင်းဖြစ်သည်။

နတ်တလင်းရှိ တပ်များအားလုံး ထမင်းထုပ် ဝယ်စားကြရသည်။ ဗိုလ်မှူးအေးချိုနှင့် ဗိုလ်ကြီးရဲအောင်တို့မှာ မိမိတို့အတွက် ပေးထားသော ရဲမှူးနေအိမ်ပေါ်မှာ ရှိနေကြသည်။

သည်အချိန်မှာ သေနတ်သံများကို တံတားဘက်ဆီမှ ကြားရပြီ။ သေနတ်သံတွေက တစ်ချက်မဟုတ်။ နှစ်ချက်မဟုတ်။ အဆက်မပြတ် ကြားရသည်။ တစ်ရံမလပ် ကြားရသည်။ ပစ်လိုက်ကြသည့်ဖြစ်ခြင်း။ တဒိုင်းဒိုင်း တဒက်ဒက်နှင့် ကမ္ဘာပျက်မတတ်။

"ဟော ... တိုက်ပွဲဖြစ်ပြီ ထင်တယ်"

ထမင်းထုပ်မှာ စည်းနှောင်ထားသော နီးကြိုးကို ဖြေနေသူ ဗိုလ်မှူးအေးချိုက ပြောလိုက်၏။

ထမင်းစားဖို့ လက်ဆေးနေသော ဗိုလ်ကြီးရဲအောင်က ...

"အေးဗျ ... သေနတ်သံတွေ မနည်းဘူး၊ ဟိုကောင်တွေ တံတားကို ဖြတ်တက်လာကြပြီထင်တယ်"

ဗိုလ်ကြီးရဲအောင်၏ စကားမဆုံးမီ ဗိုလ်မှူးအေးချို နေရာမှ ထရပ်သည်။ ထမင်းထုပ်ကို ချထားခဲ့ပြီ။ ဗမာ့တပ်မတော်ဗိုလ်မှူးရာထူး ရွေ့ပွင့်တံဆိပ်ပါ စစ်ယူနီဖောင်းရုပ်အင်္ကျီကို ယူဝတ်လိုက်သည်။ ခါးကပုဆိုးကိုတော့ အချိန်မရှိ၍ ဘောင်းဘီနှင့် လဲစီတ်

www.burmeseclassic.com

www.burmeseclassic.com

တော့။ အနီးရှိ ကာဘိုင်သေနတ်ကိုဆွဲပြီး အိမ်ပေါ်မှ ခုန်ဆင်းပြေးတော့သည်။

ဗိုလ်မှူးအေးချို့ဆောက်မှ ဗိုလ်ကြီးရဲအောင်လည်း လိုက်သွားသည်။

သူက အနီးရှိ ရဲကြပ်တစ်ဦးထံမှ စတင်းဂန်းသေနတ်ကို လှမ်းဆောင်းပြီး ပြေးထွက်လာသည်။

ဗိုလ်မှူးအေးချိုနှင့်အတူ တပ်စုမှူး ဗိုလ်မြင့်အောင်လည်း ပြေးလိုက်လာသည်။ ဗိုလ်မြင့်အောင်လည်း ထမင်းစားမလို့ ပြင်နေတုန်း သေနတ်သံကြားသည်နှင့် ပြေးထွက်လာခြင်းဖြစ်သည်။ ဗိုလ်မှူးအေးချိုနှင့် ရဲစခန်းဝမှာ တွေ့သည်။

"ဗိုလ်မြင့်အောင် ... တံတားကို လိုက်ခဲ့"

ဗိုလ်မှူးအေးချိုက အပြေးလျှောက်ရင်း အော်ပြောသွားသည်။ သည်အချိန်မှာ ရဲစခန်းရှိ စိန်မှန်ယန္တရားတပ်သားများ ပြေးထွက်လာကြသည်။

သူတို့မှာ ဗိုလ်မှူးကြီးစိန်မှန်၏ အထူးအစီအစဉ်ဖြင့် ရွေးချယ်ဖွဲ့စည်းထားသော တပ်သားများဖြစ်၏။

သို့နှင့် သူတို့တပ်ကို အမည်ဆန်းဖြင့် ခေါ်သည်။

"စိန်မှန်ယန္တရား"

စိန်မှန်ယန္တရားတပ်သားများကိုတွေ့တော့ ဗိုလ်မှူးအေးချိုက အော်၍အမိန့်ပေး၏။

"ဟေ့ ... မင်းတို့တပ်၊ ကားလမ်းဘက်ကတက်ကြ"

ဗိုလ်မှူးအေးချို၊ ဗိုလ်ကြီးရဲအောင်၊ ဗိုလ်မြင့်အောင်နှင့် ရဲဘော်တစ်စု မှောင်ထဲမှာပဲ ဖိုးသာအောင်ကုန်းတံတားဆီကို ကားလမ်းအတိုင်း အပြေးချီတက်နေကြသည်။ သူတို့နှင့်အတူ ကာရင်စစ်ဝန်ထမ်း တပ်သားများ ပါလာသည်။

နက်တလင်းမြို့စွန် သုသာန်နားရောက်တော့ စစ်ရဲမော်ဘာပစ်တပ်စုမှ ရဲဘော်များနှင့် တွေ့ကြပြီ။

ရဲဘော်များမှာ ဖိုးသာအောင်ကုန်းတံတားဆီမှ ဆုတ်လာကြခြင်းဖြစ်သည်။

ဗိုလ်မှူးအေးချိုက မေး၏။

"ဟော့ကောင်တွေ ... မင်းတို့ ဘယ်တပ်ကလဲ"

"ကျွန်တော်တို့ မော်တာတပ်စုကပါ ဗိုလ်မှူး"

"ဘာဖြစ်လို့ ဆုတ်လာတာလဲ"

"ရန်သူတွေ တံတားကို ကူးလာကြပြီ ဗိုလ်မှူး"

"ကူးလာတော့ ဘာဖြစ်လို့ ဆုတ်ရမှာလဲကွ၊ ဘယ်တော့မှ မဆုတ်ဘူး၊ အေးချို့ရာဇဝင်မှာ နောက်ဆုတ်တယ်ဆိုတာ မရှိဘူး၊ သွား ... တံတားကို ပြန်တက်၊ အခု ပြန်တက် ... ပြန်တက်"

ဗိုလ်မှူးအေးချို ဒေါသအလွန်ထွက်ရပြီ။

ရဲဘော်အများစုက အသက်စွန့်ပြီး ရန်သူတွေ တံတားမကူးနိုင်အောင် တိုက်နေသည့်အချိန်မှာ သည်ရဲဘော်တစ်စုက ဇနောက်ဆုတ်လာကြ၏။

သည်အဖြစ်ကို ကြုံရတော့ စိတ်တိုသော တပ်ရင်းမှူးကြီး၏ ရင်ထဲကဒေါတွေ ပေါက်ကွဲထွက်လာပြီ။

"သွားကြ ... ပြန်တက်ကြ ... မဆုတ်နဲ့၊ ငါ့အမိန့်မရဘဲ တစ်လက်မမှ နောက်မဆုတ်ကြနဲ့"

ညဉ့်အချိန်မှာ ဟိန်းဟိုက်လာသော စစ်မိန့်။ ဗိုလ်မှူးအေးချို့၏ အော်သံက ကြောက်ဖွယ်ကောင်းသည်။ လန့်ဖွယ်ကောင်းသည်။ တုန်လှုပ်ချောက်ချားဖွယ်လည်း ကောင်းပါဘိသည်။

တိုက်ပွဲကို ပျော်ရွှင်စွာ စောင့်ကြိုသော သူရဲကောင်းတစ်ဦး၏ ရဲရင့်သောဟိန်းဟောက်သံ။

သည်လိုနှင့် ဗိုလ်မှူးအေးချိုနှင့်အဖွဲ့ ဖိုးသာအောင်ကုန်းတံတားသို့ ရောက်ကြပြီ။ တံတားဝန်းကျင်မှာ သမိုင်းဝင်တိုက်ပွဲကြီးတစ်ခုဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူတို့သည် မီးကျည်များကို ကောင်းကင်သို့ ထောင်ပစ်ကြသည်။ မီးကျည်တစ်ချက် ဝင်းလာလျှင် အစိုးရတပ်သားများက မြေပြင်မှာ ပြားပြားဝပ်လိုက်ကြရသည်။

ရန်သူ့အင်အားက များပါဘိ။ သို့သော် သူတို့သည် တံတား၏ သည်ဘက်ကမ်းသို့ မကူးနိုင်ကြ။ သည်ဘက်ကမ်းမှ ကျည်ပစ်အားက သူတို့ကို ဖိထားသည်။ တားထားသည်။

ဗိုလ်မှူးအေးချို့က လက်ထဲမှ ကာဘိုင်သေနတ်ဖြင့် မတ်တပ်ရပ်ပြီး ပစ်နေသည်။

"အေးချို့ ရာဇဝင်မှာ နောက်ဆုတ်တယ်ဆိုတာ မရှိဘူး"

သူ စောစောကပဲ ပြောခဲ့သည်။ ပြောခဲ့သည့်အတိုင်းပင် သူတို့က ပွဲဝင်နေပြီ။ ရှေ့သို့တက်ဖို့ အကွက်ကောင်းကို ရှာနေသည်။ ဖွေနေသည်။ ချောင်းနေပြီ။

သူ့အနီးမှာ ဗိုလ်မြင့်အောင်က နေရာယူထားသည်။ ဗိုလ်မြင့်အောင်က မြေကြီးမှာ ဝမ်းလျားထိုး၍ လက်ထဲမှ ရိုင်ဖယ်သေနတ်ဖြင့် တစ်တောင့်ချင်း ရွေးပစ်နေသည်။

ဗိုလ်မှူးအေးချို့က သေနတ်သံတွေ တစ်ဝိုးလုံး ညံနေသည့် စစ်မြေပြင်ကို အကဲခတ်လိုက်၏။ တံတားဝန်းကျင်ကို တဒင်္ဂမျှ စစ်ဆေးကြည့်သည်။ တိုက်ပွဲအခြေအနေ ဘယ်သို့ရှိပါလိမ့်။ ရန်သူတို့ ရှေ့သို့တက်လာနိုင်သလား။ ရန်သူ့ဘက်က ကျည်ပစ်အားများသလား။ မိမိဘက်က ကျည်ပစ်ရိုန် နည်းသလား၊ အထိအခိုက် ဘယ်သို့ရှိသလဲ။

အစိုးရတပ်ပေါင်းစုံ၏ အင်အားထက် ရန်သူ့အင်အားက အဆမတန်များသည်။ ကျည်ပစ်အား ပိုသည်။ လက်နက်ကြီးအသုံးပြုသည့်စွမ်းရည် သူတို့ဘက်ကသာသည်။ မိမိဘက်က လူအင်အားနည်း၏။ ကျည်ပစ်အားလည်း သူတို့နှင့်မယှဉ်သာ။

လက်နက်ကြီးဆို၍ သုံးလက်မမော်တာတစ်လက်၊ နှစ်လက်မမော်တာ တစ်လက်။ ဒါပဲ။

သို့သော် ရန်သူ့အင်အားများခြင်းသည် ခုတိုက်ပွဲကို အဆုံးအဖြတ်မပေးနိုင်။ သည်လိုပဲ ဗိုလ်မှူးအေးချို့ ယုံကြည်ထားသည်။ ရန်သူတို့သည် ဖိုးသာအောင်ကုန်းတံတားမှ ဖြတ်တက်ရန်ကလွဲ၍ အခြားလမ်းမရှိ၊ တံတားမှာလည်း ဖျက်ဆီးထားတာမို့ ရန်သူတို့ အလွယ်တကူ ကူးဖြတ်လာနိုင်မည်မဟုတ်။ ကူးဖြတ်စေဦးတော့ ဘက်လာသည့်ရန်သူတို့ကို တံတားထိပ်ရှိ မိမိအင်အားစုများက ပိတ်ဆို့ချေမှုန်းမည်။

ထိုသို့ချေမှုန်းရာတွင် တံတား၏ သည်ဘက်ကမ်းဦးသို့ ရန်သူများ လုံးဝမကျွံစေရ။ မိမိတို့က အသက်စွန့်၍တိုက်၊ အသက်စွန့်ပြုခုခံ၊ အသက်စွန့်ပြီး ထိုးနှက်ချေမှုန်းရမည်။

ဒါကြောင့် ရန်သူ့အင်အားနည်းခြင်း၊ များခြင်းသည် တိုက်ပွဲကို အဆုံးအဖြတ်မပေးစေရ။ မိမိဦးစီးသော တပ်ပေါင်းစုံ၏ စိတ်ဓာတ်၊ သတ္တိ၊ စွမ်းရည်နှင့် သေနင်္ဂဗျူဟာသည်သာလျှင် သည်ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲကို အဆုံးအဖြတ်ပေးရမည်။

"ရန်ကုန်မြို့သို့ ဦးတည်ချီတက်လာသော အင်အားကြီးမားသည့် သောင်းကျန်သူတပ်ပေါင်းစုကို ဖိုးသာအောင်ကုန်းတံတား၏ သည်ဘက်သို့ ကျွံမလာနိုင်အောင် တားဆီးထားရန်မှာ မိမိ၏ မဟာဘာဝန်၊ မိမိအထက်အရာရှိက ပေးအပ်သောတာဝန်"

"သည်တာဝန်ကို ကျေပွန်စေဖို့ မိမိ၏ အသက်၊ ဘဝ၊ ကိုယ်ခန္ဓာကို စတေးပြီး မိမိရဲဘော်များနှင့်အတူ သည်တံတားကိုကာကွယ်ရမည်။ တိုက်ရင်းသေပစေ၊ ခိုက်ရင်းသေပစေ၊ ကာကွယ်ရင်းသေပစေ"

သည်လိုဆုံးဖြတ်၍ တိုက်ပွဲဝင်သော ဗိုလ်မှူးအေးချို့က မိမိတပ်ပေါင်းစုအား အမိန့်ပေးလိုက်၏။

"တပ်ပေါင်းစုံ၊ ရှေ့တက်ပြီး နေရာယူ"

ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသော ဗိုလ်မှူးအေးချို့၏ စစ်မိန့်သံသည် စစ်မြေပြင်ရှိ သေနတ်သံများကို ထွင်းဖောက်၍ ဟိန်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့အမိန့်သံအဆုံးမှာ တပ်ပေါင်းနဲ့ ရဲဘော်များ ရှေ့တစ်လှမ်း တိုး၍ နေရာယူလိုက်ကြသည်။

တိုက်ပွဲသည် စောစောကထက် ပိုမိုပြင်းထန်လာသည်။ ရန်သူ့ကျည်ဆန်တွေက အကျမှားလာ၏။ သည်ခဏမှာ မီးရထားသံဘောင်ကို အကာအကွယ်ယူပြီး ရန်သူ့တပ်သား သုံးဦးဦးတက် လာသည်။

မိုးမှောင်ညှ၏ လျှပ်စီးတစ်ချက်အပြက်မှာ သည်လူစုကို ဗိုလ်မှူးအေးချို တွေ့လိုက်သည်။ သူ့လက်ထဲက ကာဘိုင်သေနတ်မောင်းကို ဆွဲချလိုက်၏။ ကာဘိုင်ကျည်ဆန်များ မနားတမ်း ပြေးထွက်သွားကြသည်။

ရန်သူတပ်သားတို့ ငြိမ်ကျသွား၏။ တံတားဘောင်အနီးမှာ လဲသူလဲ၊ ရေထဲကျသူကျ၊ ဘဝတုံးသွားကြပြီ။

သည်အချိန်မှာ တစ်ဖက်ရန်သူတို့ထံမှ ထုံးစံအတိုင်း အော်ဟစ်ဆဲရေးသံတွေ ပေါ်လာသည်။ လက်နက်ချဖို့ တိုက်တွန်းသံတွေ ကြားရသည်။

"ဟေ့ ... ဖဆဆို့ရှယ် နောက်လိုက်ခွေးတွေ၊ လက်နက်ချ ... လက်နက်ချ၊ မင်းတို့ကို ငိုင်းမိထားပြီ၊ အသက်မသေချင်ရင် လက်နက်ချ။

အစိုးရတပ်ပေါင်းနဲ့ကလည်း ပြန်အော်ကြသည်။

"လက်နက်မချဘူးကွ၊ လက်နက်မချဘူးကွ။ မင်းတို့ အလောင်းတွေ ဖိုးသာအောင်ချောင်းထဲ မျှောပစ်မယ်ကွ၊ သေချင်ရင် တက်ခဲ့ ... တက်ခဲ့"

ရန်သူသောင်းကျန်းသူတို့က သူတို့အင်အားကြီးမားစွာဖြင့် ဖိ၍တက်လာလျှင် ဖိုးသာအောင်ကုန်းတံတားကို အလွယ်ဖြင့်စီးနိုင်မည် ထင်ကြသည်။ နှမ့ တကယ်တက်ကြည့်တော့ အလွယ်မရ။

အစိုးရတပ်ပေါင်းနဲ့သည် အသေခံပြီး တံတားကို ဖက်တွယ်ထားကြသည်။ ရန်သူတို့မှာ ဖိုးသာအောင်ကုန်းတံတားကို မီးရထား

လမ်းဘက်ကလည်း တက်၍မရ။ နတ်တလင်းတစ်မြို့လုံးမှာ ရှိနေကြသော ပြည်ထောင်စုစစ်ရဲတပ်ရင်းနှင့် အခြားတပ်ပေါင်းနဲ့တို့က ရဲရဲခံ့ခံ့ ကာကွယ်နေခြင်းကို ရန်သူတို့ ထိုးဖောက်မဝင်နိုင်။

ရောင်စုံသောင်းကျန်သူတို့မှာ "ဤပုံနှင့်ဆိုလျှင်၊ ဟိုဘက်ကမ်းသို့ ရောက်မည် မထင်ပါ"။

ခဏကြာတော့ တိုက်ပွဲစစ်ရှိန် တဖြည်းဖြည်း လျော့သွားသည်။ ရန်သူ့ဘက်မှ ကျည်ပစ်အား နည်းသွားသည် ထင်ရ၏။

သည် ၁ချိန်မှာ ဗိုလ်မှူးအေးချိုက ရှေ့သို့ တစ်ဆင့်ပြေးတက်၍ နေရာယူသည်။ ရန်သူ့ဘက်မှ ကျည်ပစ်အား လျော့ချိန်မှာ အခွင့်ကောင်းကို အရယူမည်။

တံတားဟိုဘက်ကမ်းသို့ ဖြတ်ကူးတိုက်ခိုက်ရန် အကြံဖြစ်သည်။ တံတား၏ ဟိုဘက်ထိပ်မှာ နေရာယူထားသော ရန်သူတို့ကို ဖြိုခွင်းရှင်းလင်း၊ နှုန် ဆုံးဖြတ်သည်။

သို့နှင့် ဗိုလ်မှူးအေးချိုက ရှေ့သို့တစ်ဆင့်ပြေးတက်၍ နေရာယူ၏။ သူသည် လက်ထဲရှိ ကာဘိုင်သေနတ်ကို အဆက်မပြတ် ပစ်ခတ်ရင်း တံတားကုန် ကူးဖြတ်ဖို့ ကြိုးစားသည်။

ဗိုလ်မှူးအေးချိုက မတ်တတ်ရပ်၍ပစ်ရင်း မီးရထားတံတားပေါ်သို့ ရဲရင့်စွာ ခပြေးတက်သွား၏။ သူ့လှုပ်ရှားဟန်ကို မြင်ရသော ဗိုလ်မြင့်အောင်က အသည်းယားနေသည်။ ဗိုလ်မှူး၏ အသက်အန္တရာယ်အတွက် စိုးရိမ်မိသည်။ ပူပန်မိသည်။

"ဗိုလ်မှူး ... အကာအကွယ်ယူပါ ဗိုလ်မှူး"

ဗိုလ်မြင့်အောင်က ရုတ်တရက်အော်၍ သတိပေးလိုက်သည်။ သို့သော် နောက်ကျသွားပြီ။ သည်ခဏမှာပင် ဗိုလ်မှူးအေးချိုသည် ဘယ်လက်ဖြင့် ဝမ်းဗိုက်ကိုနှိပ်ရင်း လဲကျသွား၏။

ကျည်ထိသွားပြီ။

ဗိုလ်မှူးအေးချို ကျည်ထိပြီး လဲကျသွားသည်ကိုတွေ့တော့ ဗိုလ်မြင့်အောင်က ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

ခွဲ့အိုင်ထဲမှာ လဲကျနေသော ဗိုလ်မှူးကိုမွေ့လိုက်သည်။ ကျည်ဆန်မှာ ဆီးစပ်အထက်နားကဝင်ပြီး နောက်မှပွင့်ထွက်သွား၏။ ဗိုလ်မှူးအေးချို၏ အောက်ပိုင်းတစ်ဝိုင်းလုံး သွေးတွေ့ခွဲခွဲနစ်နေပြီ။

ဗိုလ်မှူးအေးချို ကျည်ထိသွားကြောင်း အနီးရှိရဲဘော်တွေကို ပြောလိုက်သည်။ မကြာမီ သူ့ရဲဘော်တွေ ပြေးလာကြသည်။ ခွဲ့ခွဲအိုင်ထဲမှ ဗိုလ်မှူးအေးချိုကို ဗိုလ်သန်းတင်က ထမ်း၍ယူသွားသည်။

ဗိုလ်မှူးအေးချို ဝတ်ထားသောပုဆိုးကို ဆုတ်ဖြဲပြီး ဒဏ်ရာကို စည်းနှောင်ပေးရသည်။

နတ်တလင်းမြို့ထဲသို့ရောက်တော့ ည ၁၀ နာရီခန့်ရှိပြီ။ သည်အချိန်အထိ ဗိုးသာအောင်ကုန်းတံတားမှာ တိုက်ပွဲဖြစ်ဆဲ။ သေနတ်သံတွေ ဆူညံနေဆဲ။

သည်တိုက်ပွဲမှာ မိမိမြေကို တစ်လက်မမှ နောက်မဆုတ်တမ်း တိုက်ခဲ့သော ရဲဘော်တစ်ဦးကတော့ ဒဏ်ရာပြင်းထန်စွာရခဲ့ပြီ။

ဩော် ... နိုင်ငံချစ်သူရဲကောင်းတစ်ဦး၏ ဘဝနိဂုံးစာမျက်နှာကို မွှင့်ခဲ့ပြီကော ...။

❁ ❖ ❁

ဗိုလ်မှူးအေးချိုကို ညတွင်းချင်းပဲ သာယာဝတီဆေးရုံသို့ ပို့ပေးကြသည်။

နောက်တစ်နေ့ ရန်ကုန်ဆေးရုံကြီးသို့ အမြန်ဆုံး သယ်ယူခဲ့ကြသည်။ ရန်ကုန်ဆေးရုံကြီးသို့ မွန်းလွဲတစ်နာရီတွင်ရောက်လာ၏။

ဗိုလ်မှူးအေးချိုကို ဒဏ်ရာနှင့် ရန်ကုန်ဆေးရုံကြီးသို့ သယ်ဆောင်လာသည်နေ့က ချစ်ဇနီး တင်တင်အုန်းမှာ ဘာမျှမသိ။ ချစ်လင်တစ်ယောက် ခုလို သေလောက်သော ဒဏ်ရာကြီးနှင့်ရောက်

လာမည့်အကြောင်း အတိတ်နိမိတ်ကလေးမျှပင်မပြ။ သည်တော့ ခေါင်းလျှော်၊ သနပ်ခါးလိမ်းနှင့် ပျော်ပျော်ကြီး လူပ်ရှားသွားလာလျက်။

သည်အချိန်မှာ ဗိုလ်မှူးကြီးစိန်မှန်ဇနီး ဒေါ်အေးကြည်က တင်တင်အုန်းကို လာပြောသည်။ အချိန်က နေ့လယ်နှစ်နာရီခန့်။ တင်တင်အုန်းက ခြင်ထောင်အသစ်ချုပ်ရန် အထည်ကို ဖြတ်ညှပ်ပြီး အပ်ချုပ်စက်ပေါ်သို့ တက်ထိုင်နေပြီ။

"တင်တင်အုန်းရေ ... တို့ ဆေးရုံကြီး ခဏသွားကြရအောင်၊ မျက်နှာက သနပ်ခါးတွေ ဖျက်ခဲ့ဦး"

ရုတ်တရက် တင်တင်အုန်း ရင်မှာထိတ်သွား၏။ ဘယ်သူဘာဖြစ်ပါလိမ့်။

"ဘာဖြစ်လို့လဲ မမကြည်"

"ဘာမှမဖြစ်ပါဘူးကွယ်၊ ဆေးရုံကြီး ခဏသွားချင်လို့ပါ"

တင်တင်အုန်းက စက်ပေါ်မှထသည်။ ပြီးတော့ မှန်သွားကြည့်၍ သနပ်ခါးဖျက်ရင်း ရင်ထဲက အတွေးမျိုးစုံ တွေးနေ၏။

ကိုကို ဘာဖြစ်ပါလိမ့်။

ဒဏ်ရာရတာလား။ အသက်မှ ရှိသေးရဲ့လား။

ခါမှမဟုတ် တခြားလူတစ်ယောက်လား။

ဒေါ်အေးကြည်က ဘာမှမပြော။ မပြောဆိုမှ ကားပေါ်တက်၍ အိမ်ကထွက်သည်အထိ ဘာမှမပြောသေး။ တင်တင်အုန်းကလည်း ဘာမှမမေး။ စိတ်ထဲကတော့ ကိုကိုအတွက် ဆုတောင်းမေတ္တာတွေ ပို့သနေမိသည်။

ဆေးရုံကြီးလေကားပေါ်ရောက်မှပဲ ဒေါ်အေးကြည်က စကားစ၏။

"ဗိုလ်အေးချို ရှေ့တန်းမှာ ဒဏ်ရာရလာလို့တဲ့ ဆေးရုံကြီးရောက်နေတယ်"

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com

တင်တင်အုန်းမှာ "ဟင်" တစ်လုံးသာပြောပြီး ဘာစကားမှ မဆက်နိုင်။ မျက်ရည်တွေက တားမရဆီးမနိုင် ဖြိုင်ဖြိုင်ကြီးကျလာသည်။

ဆေးရုံကြီး အခန်းကျယ်တစ်ခုမှာ ဗိုလ်မှူးအေးချို့ကို တွေ့ရသည်။ ခုတင်ပေါ်မှာ လဲလျောင်းလျက်၊ သွေးသွင်းပေးနေသည်။ သူ့မျက်နှာက သွေးမရှိသလို ဖြူလျော်လျော်။ သူ့အသွင်က ဘာမှမဖြစ်သလို ခပ်အေးအေး။

တင်တင်အုန်းကိုမြင်တော့ ပြုံးများပင် ပြုံးလိုက်သေးသည်။ သတိရနေသည်။ တင်တင်အုန်းမှာ ချစ်လင်ကိုမြင်တော့ ခြေမကိုင်မိလက်မကိုင်မိ။ ဝိုရမလို ရယ်ရမလို။ ရုပ်တည်မနိုင် ဖြစ်နေရှာသည်။

"ကိုကို ... ဒဏ်ရာက ကြီးသလားဟင်၊ သွေးထွက်များလို့လား၊ ခု ဘယ်နယ်နေသေးသလဲ"

ဗိုလ်မှူးအေးချိုက ခပ်ပြုံးပြုံးပဲ ပြန်ပြောသည်။

"ကိုကို့အတွက် တင်တင် သောကရောက်မနေပါနဲ့၊ ကိုကို တိုင်းပြည်အတွက် စွန့်စားခဲ့တာပဲ"

"တင်တင် သောကမဖြစ်ပါဘူး ကိုကိုရယ်၊ ကိုကို့အတွက် တင်တင် ဂုဏ်ယူနေပါတယ်။ ကိုကို မသေနိုင်ပါဘူး။ မကြာခင် ပြန်ပြီးနေကောင်းလာမှာပါနော်"

သည်စကားကိုပြောတော့ စစ်သားကြီး ဗိုလ်အေးချိုက အဓိပ္ပာယ်ရှိစွာဖြင့် ထပ်မံလို့ ပြုံးပြသည်။

ပြီးတော့ တကယ်ပဲ အဓိပ္ပာယ်ရှိသည့်စကားကို ပြောပါပြီ။

"ကိုကို့မရှိရင် တင်တင် ဗျာပုံပြန်နေချင်နေ၊ ရန်ကုန်မှာပဲ နေချင်နေပါ။ ဒါမှမဟုတ် တို့တေးမှာ ကိုကို့မိဘများနဲ့ နေချင်လည်း နေပေါ့နော်"

တင်တင်အုန်းမှာ သူ့စကားကြားတော့ ရင်ထဲမှာ ဆို့သွားသည်။ ဘာစကားမှ ဆက်မပြောနိုင်။ ဒဏ်ရာက ဘယ်လောက်ကြီးပါလိမ့်။ သေစကားကို ပြောနေသော ကိုကို့အခြေအနေက ဘယ်လောက်တောင် ဆိုးရွားနေလို့လဲ။

မကြာခင် ဗိုလ်မှူးအေးချို့၏ မိဘများ ရောက်လာကြ၏။ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေမှာ သည်အချိန်က တို့တေးကို ကရင်သောင်းကျန်သူများက သိမ်းထား၍ ရန်ကုန်ပြောင်းနေကြ၏။ သည်တော့ ဒဏ်ရာရလာသော သားဖြစ်သူ သူရဲကောင်းကြီးကို တစ်စုတစ်ဝေး လာကြည့် အားပေးစကားပြောကြသည်။

ထိုနေ့က ဗိုလ်မှူးအေးချိုကို ဗမာ့တပ်မတော်မှ စစ်အရာရှိကြီးများ၊ ရဲဘော်များ၊ နိုင်ငံရေးခေါင်းဆောင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ဗမာ့တပ်မတော်မှ ခေါင်းဆောင်ကြီးများက ဗိုလ်မှူးအေးချိုအတွက် လိုအပ်သောသွေးနှင့် အစောင့်အကြပ်များမှအစ ဘာမျှမပူပင်ရအောင် ကူညီရှာဖွေ ဖြည့်ဆည်းပေးကြသည်။

ဗိုလ်မှူးအေးချိုကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ လာကြည့်ပြီး အားပေးစကား ပြောကြ၏။ ဝန်ကြီးချုပ်ကိုမြင်တော့ ဗိုလ်မှူးအေးချိုက စကားတစ်ခွန်း ပြောလိုက်၏။

"ဝန်ကြီးချုပ် ... ကျွန်တော် တိုင်းပြည်အပေါ် သစ္စာရှိခဲ့ပါတယ်နော်"

ဝန်ကြီးချုပ်ကပြုံးပြီး ဗိုလ်မှူးအေးချို့ လက်ကိုကိုင်၍ အားပေးစကားပြောသည်။

"ဗိုလ်မှူး တိုင်းပြည်အတွက် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ခဲ့တာ ကျုပ် ကိုယ်တွေ့ပါဗျာ၊ ဘာမှအားမငယ်ပါနဲ့။ လိုအပ်သမျှ အားလုံးကူညီဆောင်ရွက်ပေးပါ့မယ်"

ဗိုလ်မှူးအေးချိုက သည်စကားကိုပြောသည်မှာ အဓိပ္ပာယ်အပြည့်အဝရှိသည်။

အဲသည်အချိန်က နိုင်ငံတော်ကြီး ချောက်ထဲကျဖို့ လက်နှစ်လုံးမျှလိုသည့်အချိန်။

တစ်ခါတုန်းက တိုင်းပြည်အတွက် လက်တွဲ၍ ဆောင်ရွက်ခဲ့သော နိုင်ငံရေးခေါင်းဆောင်တွေ၊ ရဲဘော်တွေ၊ လက်နက်ကိုင်တော်ထဲပြေးကြချိန်။

www.burmeseclassic.com

www.burmeseclassic.com

သည်အချိန်မှာ ကိုယ်ကျိုးကို တစ်စက်ကလေးမျှ မငဲ့ဘဲ တိုင်းပြည်အတွက် သစ္စာရှိစွာ အသက်စွန့်ခဲ့သော ဗိုလ်မှူးအေးချို့က သူပြောချင်သော စကားတစ်ခွန်းကို ပြောလိုက်ပါပြီ။

"ကျွန်တော် တိုင်းပြည်အပေါ် သစ္စာရှိပါတယ်နော်" တဲ့။

ညရှစ်နာရီထိုးတော့ အမျိုးသမီးတွေ ပြန်ကြပါဆို၍ တင်တင်အုန်းတို့ အိမ်ပြန်သွားကြ၏။

ဆေးရုံမှာ ယောကျ်ားတွေပဲ ကျန်ခဲ့သည်။

ထိုနေ့က ဗိုလ်မှူးအေးချို တစ်ယောက် ထူးဆန်းသောစကားတွေချည်း ပြောခဲ့၏။ ကြည့်ပါ။ ညနေပိုင်းမှာ သူ့အစ်ကို ရုပ်ရှင်မင်းသား ကိုတင်ငွေ ရောက်လာတော့ သူပြောလိုက်သည်က ...

ဗိုလ်မှူးအေးချိုက "အစ်ကိုဆေးတင်ငွေ အခု ဘယ်ကလာတာလဲ"

ကိုတင်ငွေက "အိမ်ကလာတာပေါ့ကွ၊ မင်းအကြောင်းကြားတာနဲ့ ငါ ပြေးလာခဲ့တာ"

"ဟုတ်လား၊ ဒါဖြင့် ခုချက်ချင်း အိမ်တစ်ခေါက် ပြန်သွားစမ်းပါဗျာ၊ မုတ်ဆိတ်ရိတ်ဓား သွားယူပေးစမ်းပါ"

"ဟာ ... ဘာလုပ်ဖို့လဲကွ အေးချိုရဲ့၊ မင်း နေကောင်းတော့မှပဲ မုတ်ဆိတ်ရိတ်တာပေါ့၊ ငါ ရိတ်ပေးပါ့မယ်"

"ခင်ဗျား မသိပါဘူးဗျာ၊ ကျွန်တော့်ဇာတ်ရာက မသေးဘူးဗျ၊ ကျွန်တော်က သေမယ့်လူ၊ သေတဲ့အခါ မသာနဲ့မုတ်ဆိတ်နဲ့ ကြည့်လို့မကောင်းပါဘူးဗျာ"

အို ... မြတ်စွာဘုရား။

ကိုတင်ငွေ ဘုရားတ,မိ၏။

ရဲလိုက်ပါတဲ့ အေးချို။

သတ္တိပြောင်လိုက်ပါတဲ့ အေးချို။

ပြတ်သားလိုက်ပါတဲ့ ညီလေးအေးချို။

ခု သူက တောင်းဆိုနေပါပြီ။ သူ မသေခင် မုတ်ဆိတ်ရိတ်ချင်ပါသတဲ့။ မသာနဲ့မုတ်ဆိတ် ကြည့်လို့မကောင်းပါဘူး ... တဲ့။

သူက ဘယ်လိုပဲ အသည်းမာမာ ပြောပေမယ့် မင်းသားကြီး ကိုတင်ငွေ့ အသည်းမမာနိုင်ပါ။ ကိုတင်ငွေက ဝမ်းနည်းစွာဖြင့် ပြန်ပြောဂ၏။

"ညီလေးအေးချို ... မင်း ဘယ်လိုပြောလိုက်တာလဲကွာ"

"ဘယ်လိုပြောရမှာလဲ အစ်ကိုလေးရ၊ ကျွန်တော့်အကြောင်း ကျွန်တော်အသိဆုံးဗျ၊ ဒီမှာ ခင်ဗျားလက်နဲ့ ကျွန်တော့်ကျောအောက်ကို နှိုက်ကြည့်၊ ခါးရိုးတွေ တစ်ပြိုလုံး ကြေမွနေပြီ။ အောက်ပိုင်းက ဟာလာဟင်းလင်းကြီး ဘာမှမရှိတော့ဘူးဗျ။ ကျွန်တော်က သေလူဗျ ... သေလူ"

သည်စကားကိုပြောတော့ အနားမှာ မိန်းမတွေမရှိလို့တော်ပါသေးရဲ့။ ကြည့်ပါ။ ယောကျ်ားရင့်မကြီး ကိုတင်ငွေပင် ဝမ်းနည်း၍ မျက်ရည်မဆည်နိုင်ပြီ။

တင်တင်အုန်းမှာ ထိုနေ့ညက ကျောက်မြောင်း သမာဓိလမ်းရှိ ယောကျ်မများအိမ်သို့ လိုက်သွားသည်။

ယောကျ်မမိဘများနှင့် တွေ့ဆုံပြီး စိတ်ပြေလက်ပျောက်စကား ပြောဖို့ လိုက်သွားခြင်းဖြစ်သည်။

ထိုနေ့ညက မိုးကလေးတွေ တဖွဲဖွဲနှင့်။ လွမ်းငွေ့ဝေရသော မိုးညဂ၏ ညတာက ရှည်လှသည်ဟု တင်တင်အုန်းက ထင်နေသည်။

တစ်ညလုံး အိပ်၍မပျော်။ ဘယ်လူးညာလိုမှ်နှင့် စိတ်တွေက အတိတ်ကမ္ဘာသို့ တစ်ကျော့ပြန် လွှင့်ပါးနေကြသည်။

နံနက်လေးနာရီထိုးပြီ။

ကားသံကြားရသည်။ အိမ်ရှာနေရ၍ ကြာသွားသည်ဟုဆိုလေသည်။ နံနက်ငါးနာရီလောက်တည်းက ဗိုလ်မှူးအေးချို ဝေဒနာပြင်းထန်သောကြောင့် လာခေါ်ခြင်းဖြစ်သည်။ ဒေါ်တင်တင်အုန်းတို့ လိုက်သွားကြသည်။

သို့သော် ဗိုလ်မှူးအေးချို၏ အသက်ကိုပင်မမီတော့။ ဗိုလ်မှူးအေးချို ကွယ်လွန်နေပြီ။ အလောင်းကိုသာ ဆေးရုံခုတင်ပေါ်မှာ တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရတ်တရက်မို့ ဒေါ်တင်တင်အုန်း ငိုချမရ။ ဆေးရုံခုတင်ပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည့် ဗိုလ်မှူးအေးချို့ကို ကြည့်နေမိသည်။

တိုင်းပြည်အတွက်ဆိုလျှင် ဇနီးမယားကို လွယ်လွယ်လေး နောက်ချန်ထားတတ်သည်။ နိုင်ငံတော်အတွက် သစ္စာရှိစွာ အသက်စွန့်လှူတတ်သည့် သူရဲကောင်းကြီး ဗိုလ်မှူးအေးချို့ အခုတော့ ခုတင်ထက်ဝယ် အသက်မဲ့စွာ လဲလျောင်းနေသည်။

ဗိုလ်မှူးအေးချို့၏ အလောင်းကို သုံးရက်ထားပြီး ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ကြံတောသုသာန်၌ စည်ကားစွာသင်္ဂြိုဟ်ခဲ့သည်။

ဗိုလ်မှူးအေးချို့ကို နိုင်ငံတော်စာပန်းအဖြစ် စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်သည်။ စာပန်းကို အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်စစ်ခေါင်းဆောင်များနှင့်အတူ ၎င်း၏ရဲဘော်တွေ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက် ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြ၍ စည်ကားလှသည်။

တိုင်းပြည်အတွက် အသစ်စွန့်သွားသည့် ဗိုလ်မှူးအေးချို့ကို ၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့ ဘွဲ့ထူး ဂုဏ်ဆူးစာရင်းများကြေညာသည့်အခါ ဗိုလ်မှူးအေးချို့အား ပထမဆုံး အောင်ဆန်းသူရိယဘွဲ့ချီးမြှင့်ဂုဏ်ပြုကြောင်း ကြေညာချက် ထွက်ပေါ်လာသည်။

နိုင်ငံတော်သမ္မတသည် (ကြည်း/၅၁၈၀) ဗိုလ်မှူးအေးချို့(ကျဆုံး)အား သူရသတ္တိဆိုင်ရာဘွဲ့များတွင် အမြင့်မားဆုံးဖြစ်သည့် "အောင်ဆန်းသူရိယ"ဘွဲ့ကို အပ်နှင်းလိုက်သည်။

❁ ❁ ❁

ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း

(၁)

ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို့အကြောင်း ရေးသားပြီးနောက်ဆယ် ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း(ခ)တိုက်ကောင်းအကြောင်းကို ဆက်လက်တင်ပြချင်ပါသေးသည်။ အမှန်တော့ အောင်ဆန်းသူရိယတိုက်ချွန်းသည် အခြားအောင်ဆန်းသူရိယဘွဲ့ရသူတွေနှင့်မတူ အလွန်ထူးခြားနေသူတစ်ယောက်ပါ။

အောင်ဆန်းသူရိယဘွဲ့ရရှိသူ (၆)ဦးအနက် (၅)ဦးဟာတိုက်ပွဲမှာပင် ကျဆုံးသွားခဲ့ပေမယ့် ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။ တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည့် ဗိုလ်ကြီးတိုက်ချွန်းဟာ တပ်က အငြိမ်းစားယူပြီး နိုင်ငံနှင့်လူမျိုးအတွက် အလုပ်လုပ်ကိုင် တာဝန်ယူသွားသည်။

တကယ်တော့ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းသည် ချင်းတိုင်းရင်းသားတစ်ယောက် ဖြစ်ပေမယ့် နေထိုင်ရာနိုင်ငံကို အလွန်ချစ်မြတ်နိုးသည်။ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသလို နိုင်ငံတော်အဖျက်သမားများ၏ရန်ကို ကာကွယ်တိုက်ပွဲဝင်သွားသည်။

ကျွန်တော် လေ့လာဖူးသည့် လူမျိုးများထဲတွင် ချင်းလူမျိုးများလည်းပါဝင်သည်။ ယခုတင်ပြနေသည့်လူမျိုးများအထဲမှ အခြားလူမျိုးများအကြောင်းကို မတင်ပြလို၊ ချင်းလူမျိုးများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဟစ်ဘလာကလည်း စစ်ပွဲတစ်ပွဲတွင် ဘယ်လို ဝင်ကြဲရမလဲဟု ဆင်ကြဲကြံနေချိန်။

ထိုအချိန်တွင် စစ်ထဲဝင်ခဲ့ခြင်း ဖြစ်သည်။ စစ်ထဲဝင်ရန် အပေါင်းအသင်း(၃၅)ယောက်ရှိသည်။ ဖလမ်းမြို့မှ ကလေးမြို့သို့ ခြေရာခံပို့သည်။ အဖွဲ့ဝင်တွေကို အင်္ဂလိပ်စစ်တပ်မှ တပ်ကြပ်ကြီး တစ်ယောက်ကို စောင့်ရှောက်ရန် ထည့်ပေးလိုက်သည်။ ထိုသို့ လျှောက်လှမ်းစဉ် ရှေ့မလှမ်းမကမ်းတွင် ငှက်ကလေးတစ်ကောင် ကိုတွေ့ရ၏။ ငှက်ကလေးမှာ သစ်ပင်ပေါ်နားလိုက်၊ ထပျံလိုက်၊ လူအုပ်နှင့် ဝေးသွားလိုက်၊ နီးလာလိုက်၊ ပျံသန်းလိုက်ပါလာသည်။

လူအုပ်ထဲမှ အချို့က ငှက်ကလေးကို ခဲနှင့်လှမ်းပစ်လိုက်သည်။ မထိ။ ငှက်ကလေးက ၎င်းအား ခဲနှင့်ပစ်နေသည်ကိုတွေ့သော်လည်း ခပ်ဝေးဝေးကို ပျံမသွား။ ဝေးသွားလိုက် နီးလာလိုက် ဆော့ကစားသလို ဖြစ်နေသည်။

အစ္စူပါလာသူတွေက သူတို့ပစ်တာ မထိ၍ ခပ်အေးအေး လိုက်ပါလာသူ ကျွန်တော်ဟာ အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်သည် လမ်းဘေးက မည်မည်ခဲတစ်လုံးကို ကောက်လိုက်သည်။

ကျွန်တော်သည် သစ်ကိုင်းပေါ်နားနေသည့် ထိုငှက်လေးကို အားကုန်လွှဲပစ်လိုက်လေသည်။ ခဲလုံးသည် ငှက်ကလေးကိုထိမှန်သွားပြီး မြေပေါ်ကို ပြုတ်ကျလာသည်။ ထိုမြင်ကွင်းကို တွေ့လိုက်ရ၍ အားလုံးက ဝိုင်း၍ကောင်းချီးပေးကြသည်။ အဖော်တစ်ဦးက ပြုတ်ကျသွားသည့် ငှက်ကလေးကို ပြေးကောက်လိုက်သည်။ ခရီးတစ်ထောက်နားလျှင် မီးကင်စားကြရန် စဉ်းစားနေကြပြီ။

"ကောင်းတယ် ... သိပ်တော်တယ်၊ မင်း စစ်ဗိုလ်ဖြစ်လိမ့်မယ်ကွ"

ဟု ပြောပေမယ့် ကျွန်တော် မည်သို့မျှ ပြန်မပြော၊ စစ်ထဲဝင်ရန်သာ ရှိသေးသည်။ လမ်းလျှောက်နေချိန်ထိ စစ်သားမဖြစ်ချင်း။

ကို အနည်းအကျဉ်းတင်ပြချင်ပါသည်။ အခြားလူမျိုးများအကြောင်းကို အခွင့်သာမှရေးသားရန် စိတ်ကူးများရှိပါပေသည်။

ချင်းတိုင်းရင်းသား တိုင်းရင်းသူများသည် အလွန်ရိုးသားသည်။ ပွင့်လင်းသည်။ ကူညီစရာရှိတာကိုလည်း အခွင့်အရေးကင်းကင်းနှင့် အစွမ်းကုန် ကူညီတတ်သည်။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းသည် အလွန်ရိုးသားပွင့်လင်းသူတစ်ယောက် ဖြစ်သည်။ ဗိုလ်ကြီးတိုက်ချွန်းကြောင့် ချင်းတိုင်းရင်းသားများ အကြောင်းကို လေ့လာမိသည်။

တကယ်တော့ ဗိုလ်ကြီးတိုက်ချွန်း၏ ဘဝသည် အလွန်သနားစရာကောင်းသလို စိတ်ဓာတ်ကိုလည်း ချီးကျူးစရာကောင်းလှသည်။ ဗိုလ်ကြီးတိုက်ချွန်းသည် ဘယ်လိုပင် အကော်အခဲများရှိပါစေ ကောင်းစွာကျော်ဖြတ်နိုင်သည်က အမှန်ပင်။ ဗိုလ်ကြီးတိုက်ချွန်း စစ်ထဲမဝင်ရောက်မီ ငယ်စဉ်ကပင် စစ်ဗိုလ်ကြီးဖြစ်မည်ဟု သူငယ်ချင်းတစ်ယောက်က နိမိတ်ဖတ်ဖူးခဲ့သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ အနည်းငယ် တင်ပြချင်ပါသည်။

အကြောင်းမှာ ချင်းတောင်တန်း၊ ဖလမ်းမြို့မှ ကလေးမြို့အသွား လမ်းပေါ်မှာ အစ္စူပါလာသည့် သူငယ်ချင်းက မခံချင်အောင် စ,နေ့ကပြောဆိုလာသည်။

"ဟေ့ ... တိုက်ချွန်း၊ မင်း အဲဒီငှက်ကို ခဲနဲ့မှန်အောင်ပစ်နိုင်ပါ့မလား၊ မှန်ရင် မင်း တစ်နေ့ စစ်ဗိုလ်ဖြစ်လိမ့်မယ်"

ဟု ပြောလိုက်လေသည်။ အချိန်က ၁၉၄၀ ပြည့်နှစ်ဖြစ်သည်။ ၎င်းနှင့်အတူ ပါလာသူများမှာ ချင်းအမျိုးသား(၃၅)ယောက် ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်သေးပေမယ့် စစ်ဖြစ်ရန်ကာစူနေကြသည်။ အင်္ဂလိပ်စစ်တပ်များသည် စစ်သားများကို ရာသလောက် စုဆောင်းနေသည်။ အင်္ဂလိပ်တို့သည် စစ်တပ်အင်အားတောင့်တင်းမှ ဖြစ်မည်ကို သိနေကြသည်။ အလားတူ ဂျာမန်အာဏာရှင်

www.burmeseclassic.com

www.burmeseclassic.com

ပညာအရည်အချင်း ဆိုလည်း အားရကျေနပ်စရာ ဘာမျှမရှိ။ အနာဂတ်အတွက် ရည်မှန်းချက် ဘာမျှကြီးကြီးမားမား မထားရသေး။ ရည်မှန်းစရာ အခြေအနေ ဘာမျှမရှိသေးသည့် ကျွန်တော့်ကို စစ်ဗိုလ်ဖြစ်လာသိမ့်မည်။ ယုံချင်ယုံ မယုံချင်နေ။ ထူးထူးဆန်းဆန်း မစဉ်းစားတတ်အောင် ဖြစ်နေမိသည်။

(၂)

ကျွန်တော့် အဖေအမည်က ဦးထန်းရေ။ အမေအမည်က ခေါ်နိုင်ဟိုက် တို့ဖြစ်သည်။ ချင်းနာမည်မှာ ဦး,ခေါ် စသည်ဖြင့် မရှိ။ "ထန်းရေ၊ နိုင်ဟိုက်" စသဖြင့်သာ ခေါ်ကြသည်။ ရှေ့မှ အစ်ကို၊ အမေ စသဖြင့် အရွယ်ကိုလိုက်၍ ဆက်ခေါ်ကြသည်။ အဖေကို "ကဦး" အစ်ကို့ကို "ကဖား"။ ထို့ကြောင့် အဖေအရွယ် "ထန်းရေ"ကို "ကဦးထန်းရေ"ဟု ခေါ်တတ်ကြသည်။

ကျွန်တော့်ကို ခရစ်နှစ် ၁၉၂၃-ခုနှစ် လူဗန်းရွာတွင် မွေးဖွားပြီး မွေးချင်းမောင်နမ သုံးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ အထက်တွင် အစ်မတစ်ယောက်နှင့် အောက်မှာ ညီတစ်ယောက်တို့ရှိသည်။ အစ်မဖြစ်သူမှာ အပျိုတော်ဝင်စတွင် ကွယ်လွန်ခဲ့သလို ညီငယ်မှာလည်း ရုစ်နှစ်သားလောက်တွင် အဖျားရောဂါနှင့် ကွယ်လွန်ခဲ့သည်။ အလားတူ ကျွန်တော် အသက်လေးနှစ်အရွယ်တွင် အဖေ "ကဦးထန်းရေ" ကွယ်လွန်ခဲ့သည့်အတွက် အမေမှာ သောကရောက်ခဲ့ရသည်။ အကြောင်းမှာ အဖေကွယ်လွန်ချိန်တွင် အမေဟာ ညီလေးကိုမွေးဖွားပြီးတာ သုံးလခန့်သာရှိသေးသည်။

အဖေသေပြီး တစ်နှစ်ခန့်ကြာသည့်အခါ အမေသည် နောက်အိမ်ထောင်ပြုသည်။ ပထွေးနှင့်မနေလို၍ အမေ၏မောင် ဦးလေးအိမ်တွင် သွားရောက်နေထိုင်ရသည်။ ဦးလေးအိမ်တွင် နေထိုင်၍

စာသင်ခွင့်ရသည်။ စာသင်ကျောင်းတက်ခွင့်ရသည့်အတွက် အထင်ကြီးစရာမလို။ ထိုအချိန်က စာသင်ကျောင်းတက်ရသူသည် အလွန်ကံဆိုးသည်။

ထိုအချိန်က မတူပီမှ အစိုးရခန့် ပညာအုပ်သည် ချင်းရွာများဂဲ့ လှည့်လည်၍ ကျောင်းသားများကို စုဆောင်းလေသည်။ ထိုအခါ ဦးနိုက ချင်းတောင်တန်းကဲ့သို့ မဖွံ့ဖြိုး မတိုးတက်သေးသည့် ကျေ ရွာ၌ အစိုးရအမှုထမ်းများကို အလွန်ကြောက်ကြသည်။

သူတို့ကို ဆန့်ကျင်ဘက်မပြုဝံ့၊ မင်းလိုလိုက် မင်းအကြိုက် ဆောင်ကြရသည်။ ရွာရှိ လူကြီးလူငယ်အားလုံး ပညာအုပ်မင်းကို ရှိသေကြောက်ရွံ့ကြရသည်။ ရွာကို ကျောင်းသားများစုရန် ဆရာများရောက်လာကြသည်။ မတူပီမြို့တွင် ဖွင့်လှစ်ထားသည့် ချင်းစာလေးတန်းကျောင်းအတွက် ကျောင်းသားတောင်းလေသည်။ ပညာအုပ်အမိန့်ဖြင့် ဆရာတွေက ရွာလူကြီးခေါ်ပြီး စာသင်မည့်ကျောင်းသားများကို ရှာဖွေပြီး မိမိတို့နှင့် မြို့ပေါ်ထည့်ပေးရမည်။ ကျောင်းသားတွေ စားသောက်ရန် ဆန်နှင့်အမဲခြောက် စသည့်ရိက္ခာများ ထည့်ပေးရသည်။

ဆရာတွေနှင့်အတူ မြို့ကိုလိုက်ပြီး ကျောင်းတက်ရမည့်အရေးကို ရွာရှိကလေးသူငယ်များ သေရမှာထက် ကြောက်နေသည်။ မိဘရှင်တို့ကလည်း ကိုယ့်ကလေးတွေကို မျက်စိအောက်က အပျောက်မခံနိုင်။ ဒါက ချစ်လွန်း၍သာဖြစ်သည်။ မြို့ကျောင်းသွားပြီး အလကား အသုံးမကျတဲ့စာတွေ ဘာဖြစ်လို့ သင်နေမလဲဟုလည်း တွေးနေကြမည်။ ရွာရှိ သားချင်းမိဘများကလည်း ပညာအုပ်နှင့် ဆရာများ လာပြီဟု ကြားသည်နှင့် ကိုယ့်သားသမီးတွေကို တောထဲတောင်ထဲ သွားပို့ထားသည်။ ထိုသို့ပို့ထားရာတွင် မိမိတို့သားသမီး စားသောက်ဖို့ ရိက္ခာပစ္စည်းနှင့် အိုးခွက်ဇလုံနှင့် ပျော်ပွဲစားသွားသလားဟု ထင်ရသည်။ ဒါမှ ဆရာတွေ၏ ရန်လွတ်မည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာများသည် ရွာတွင်နားနေစဉ် ချော့တစ်လှည့် ခြောက်တစ်လှည့်ဖြင့် လူကြီးထံ ကျောင်းသားတောင်းတတ်သည်။ ထို့နောက် လူကြီးသည် ၎င်းကြဲရသည့်ပြဿနာရှင်းရန် ရွာရှိ အိုနာကျိုးကန်းလူကြီးတွေကိုခေါ်ပြီး တစ်ဆင့် အမိန့်ထုတ်သည်။

"စာသင်ရန် မြို့ကိုလိုက်သွားကြ။ မင်းတို့ စားရေးသောက်ရေး မပူကြနှင့် အစစလုံလောက်အောင် ရွာကထောက်ပံ့ပေးပို့မယ်၊ အာဏာရသူကြီးမင်း၏ တစ်ချက်လွှတ်အမိန့်တော်"

ကျောင်းဆရာတို့သည် ၎င်းတို့၏ရှေ့ကို အိုနာကျိုးကန်းသက်ရွယ်အိုတွေကိုကြည့်ပြီး ခေါင်းကို အခါခါယမ်းသည်။ ခေါသတကြီးနှင့် ကြုံမ်းမောင်းသည်။

"ဘယ်လိုလဲ၊ ဒီသက်ကြားရွယ်အိုတွေ၊ အိုနာကျိုးကန်း၊ ဒုက္ခိတတွေကို ဘာဖြစ်လို့ စာသင်တော့မှာလဲ၊ လိုချင်တာက ကျောင်းနေတဲ့ ကလေးသူငယ်တွေ၊ ဘယ်လိုလဲ သူကြီးရဲ့"

ဟု ကြုံမ်းမောင်းလေသည်။ သူကြီးသည် ကြောက်ဒူးတုန်နေသည်။ ထို့နောက် သူကြီးသည် ကျွန်တော့်ဦးလေးကို ခေါ်ပြောသည်။

"တိုက်ချွန်းဟာ မိဘမရှိ။ သူ့ကို မင်းတို့ကျေးဇူးထားရတာ စားစရိတ်တောင် ကုန်သေးတယ် မဟုတ်လား။ ဒီတော့ ကျောင်းဆရာတွေနဲ့ မြို့ကိုထည့်လိုက်။ မင်းတို့လည်း တာဝန်ဦးရော။ ငါလည်း ကျောင်းဆရာတွေ အကြုံမ်းအမောင်းက လွတ်ရောကွာ"

သူကြီးလာပြောတော့ သူကြီးရဲ့သြဇာကိုလည်း မယယ်ရဲ၊ မယယ်ဝံ့ကာနှင့် ကျွန်တော့်ကို စာသင်ရန် ထည့်လိုက်လေသည်။ ကျွန်တော်သည် မတူပီမြို့တွင် လေးတန်းအထိ စာသင်ရသည်။ ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေရင်း စာသင်ရသည်။ ကျွန်တော် စတုတ္ထတန်းအောင်သွားသည်။ စတုတ္ထတန်းအောင်ပြီးသည့်အခါ ဆရာများ၏ စီစဉ်ပေးချက်အရ ဖလမ်းမြို့ကိုသွားပြီး ပညာသင်ကြားသည်။

ဖလမ်းမြို့တွင် ပဉ္စမတန်းကို ဆက်လက်သင်ကြားခွင့်ရသည်။ အခက်အခဲ အမျိုးမျိုးကြောင့် ကျောင်းဆက်မတက်တော့ဘဲ အစိုးရအရာရှိများအိမ်သို့ ထင်းများပေးသွင်းနေရသည့် ကန်ထရိုက်တာတစ်ဦး၏အိမ်တွင် တစ်နေ့တစ်မူးနှင့် နေ့စားကူလီခေါင်းအလုပ်ဝင်လုပ်နေသည်။ ထို့နောက် ထင်းကိုယ်စားလှယ် ဆိုင်ရင်၏အားပေးမှုကြောင့် စစ်ထဲဝင်ရန် အကြောင်းဖန်လာသည်။

ဆိုင်ရင်သည် ကျွန်တော့်အားခေါ်ပြီး မေဂျာမကိုက်ထံ သွားကြဲသည်။ ကျွန်တော်နှင့်အတူ သူငယ်ချင်းတစ်ဦး လိုက်ပါခဲ့သေးသည်။ မေဂျာမကိုက်သည် ကျွန်တော်တို့ကို စစ်ထဲဝင်ရောက်ရန် လက်ခံလိုက်လေသည်။

ထိုအချိန်ကစ၍ ကျွန်တော် စစ်သားကြီးတစ်ယောက်ဖြစ်လာလေတော့သည်။

(၃)

ကျွန်တော်နှင့် အဖော်(၁၅)ယောက်သည် ဖလမ်းမြို့မှကလေးသို့ ခြေကျင်ချီတက်လာခဲ့ရသည်။ ပင်ပန်း၍ ပင်ပန်းသည်မသိ၊ စကားတွေ ဖောင်လောက်အောင် ပြောလာကြ၏။ "သွားပါများခရီးရောက်" ခဲ့ကြသည်။ ယခုအခါ စစ်ထဲဝင်မည့်သူ(၃၅)ဦးတွင် ကျွန်တော့်သူငယ်ချင်းသုံးဦးကို ထပ်တွေ့ရသည်။ သူတို့ကား ချွတ်မောင်း၊ ဝန်နောက်၊ နိုင်ထမ်းတို့ဖြစ်၏။ ဝန်နောက်မှာ ယခုအခါတွင် လဟယ်မြို့၌ စည်းရုံးရေးမှူး လုပ်နေ၏။ ချွတ်မောင်းနှင့် နိုင်ထမ်းတို့မှာ တပ်ကထွက်ပြီး တောင်ယာခုတ်နေကြလေသည်။ တစ်ယောက်က ဖလမ်းမှာ။ တစ်ယောက်က ဖယ်လိမ်ကျေးရွာမှာ။

ထိုစဉ်က ဖလမ်းမှ ကလေးမြို့ရောက်၊ ကလေးမြို့မှလှေဖြင့် မုံရွာသို့ ခရီးဆက်ရသည်။ မုံရွာမှ မီးရထားစီး၍ မန္တလေးသို့လာခဲ့ကြ၏။ မန္တလေးရောက်ကြတော့ ကျွန်တော်တို့ ချင်းတွေင်က

www.burmeseclassic.com

www.burmeseclassic.com

တောသားတစ်စုကို နန်းတွင်းစစ်စခန်းမှာထားသည်။ ထိုစဉ်က မန္တလေးချွေနန်းတော်ကို ရွှေရောင်တလက်လက်ဖြင့် တွေ့ရသေး၏။ ခမ်းနားထည်ဝါသော ချွေနန်းအဆောင်ဆောင်သည် ကျွန်တော်တို့ အဖို့ငေးမောအံ့ဩစရာ ရွှေတောင်ကြီးတစ်တောင် ဖြစ်နေလေသည်။

ကျွန်တော်သည် မေကျာမကိုက်၏ စောင်မမှဖြင့် တိုက်ခိုက်ရေးတပ်မဝင်ရ၊ ဘင်ခရာတပ်ဖွဲ့တွင် ဝင်ရောက်၍ ဘင်တီးသင်ရသည်။ ဘယ်ညာနင်း၊ စစ်ရေးပြ သင်ရသည်။ ထိုစဉ်က ကျွန်တော်၏ဆရာမှာ ချင်းတောင်တန်းမှ ချင်းဂေါ်ရဂါးအမျိုးသား တပ်ကြပ်ကြီးငွေမန်း ဖြစ်သည်။ သူနှင့်အတူ ချင်းရဲဘော်တွေကို တော်တော်များများ တွေ့ရ၏။ ဟားခါးမှ တိုက်ထွန်း၊ ဖလမ်းမှ ဟောက်ချင်း၊ ဖလမ်းမှ နန်းဘို၊ ကချင်အမျိုးသား ရှိထိုတို့မှာ ကျွန်တော်နှင့် တစ်တပ်တည်း ဖြစ်ကြသည်။

တစ်နှစ်လောက် ကြာသောအခါ ဘင်ခရာတပ်ဖွဲ့တွင် စစ်ပညာရော။ ဘင်ခရာပညာပါ စုံစုံလင်လင် တတ်ကျွမ်းကြပြီ။ ဘင်တီး၊ ခရာမှုတ်၊ ပုလွေမှုတ် ကောင်းကောင်းကျွမ်းကျင်လာကြပြီ ဖြစ်သည်။

သို့နှင့် ၁၉၄၄ ခုနှစ်တွင် ကျွန်တော်တို့ကို ဘားမားရိုင်ဖယ်တပ်၊ တပ်ရင်း(၅)သို့ ပို့လိုက်၏။ ထိုစဉ်က တပ်ရင်း(၅)မှာ မိတ္ထီလာမြို့တွင်ရှိသည်။ ကျွန်တော်တို့ တပ်ရင်း(၅)မှာ မိတ္ထီလာ ကန်တော်ကြီး အပေါ်ဘက်တွင် စခန်းချထား၏။ တပ်ရင်း(၅)တွင် ကျွန်တော်တို့ တစ်နှစ်ခန့် နေခဲ့ရ၏။ မန္တလေးတွင် တစ်နှစ်၊ မိတ္ထီလာတွင်တစ်နှစ်၊ တပ်ထဲတွင် စုစုပေါင်း နှစ်နှစ်ကြာခဲ့ပြီဖြစ်တော့ ကျွန်တော်သည် တော်တော်ကလေး စစ်ရေးလည်နေပြီ။ စစ်မတိုက်ဟူသော်ရုံမှ အပ စစ်သားတို့တတ်အပ်သော အတတ်ပညာပေါင်းစုံကို နားလည်ကျွမ်းကျင်နေပြီဖြစ်သည်။ စစ်တပ်ရာရင်းသည် ကျွန်တော့်အတွက် စားလောက်ပါသည်။ မနက်တိုင်း ပဲဟင်း၊ ညနေတွင် အားဟင်း အမျိုးမျိုးနှင့် ငါးငံ့ကြော်ကတော့ မှန်မှန်စား၏။ ယုန်ဖောင်းဝတ်စုံ

လည်း ရသည်။ လစာမှာ တစ်လလျှင် ၁၅ ကျပ်ဖြစ်သည်။ ထိုအချိန်က တစ်လ ၁၅ ကျပ်ဆိုသောငွေမှာ မနည်းလှပါ။ စစ်တပ်ကကျွေး၊ စစ်ဘပ်က ဝတ်စုံဆင်ပြီးနောက် အသားတင်ရသောငွေ ၁၅ ကျပ်သည် ကျွန်တော့်အဖို့ လုံလုံလောက်လောက် သုံးစွဲနိုင်ပါသည်။ သို့သော် အမေထံကိုတော့ ငွေတွေ ဘာတွေ မပို့နိုင်ခဲ့ပါ။ ပို့စရာလည်းမလို၊ အမေသည် နောက်အိမ်ထောင်နှင့်အတူ သူ့ဘဝကို ထူထောင်နေပြီ မဟုတ်လား။

မိတ္ထီလာတွင် တစ်နှစ်လောက်ကြာတော့ ကျွန်တော်တို့တပ်ရင်းကို ကျိုင်းတုံသို့ ပြောင်းလိုက်သည်။ တပ်ရင်းမှူးမှာ မျက်နှာဖြူခဲ့ဖူးသော မှူးကြီးဖြစ်သည်။ သူ့လက်အောက်တွင် "ချင်းအမျိုးသား မေကာကပ်ကျောင်း"ရှိသည်။ တပ်ရင်းတစ်ရင်းလုံး ပြောင်းသည်ဆိုသော် ယခုလို ကားတွေ ဘာတွေနှင့်မဟုတ်ပါ။ အားလုံးခြေကျင်ချီတက် ပြောင်းရွှေ့ရ၏။ တပ်ရင်း(၅)တွင် ဗမာတပ်ခွဲ၊ ကချင်တပ်ခွဲနှင့် ချင်းတပ်ခွဲများ အသီးသီး ပါဝင်ခဲ့ပေသည်။ မိတ္ထီလာမှ ကျိုင်းတုံသို့ ပြောင်းရာတွင် လမ်းမှာ ခုနစ်ရက်ခန့် ကြာခဲ့၏။

ထိုအချိန်က ၁၉၄၂ ခုနှစ်သို့ ရောက်ပြီ။ ဒုတိယကမ္ဘာစစ်ဖြစ်နေပြီ။ မြန်မာနိုင်ငံမှ သခင်အောင်ဆန်း ခေါင်းဆောင်သော လူငယ်နိုင်ငံရေးသမားများသည် ဂျပန်နိုင်ငံသို့ သွားရောက်၍ စစ်ပညာများ သင်ယူကြပြီဖြစ်၏။ သည်တစ်ချီတော့ အင်္ဂလိပ်အနိုးရနှင့်တကွ ကျွန်တော်တို့ ဗြိတိသျှတပ်များ မျက်ဖြူဆိုက်ရမည့် ကိန်းသို့ ရောက်နေပြီ။ အနာဂတ်သည် ဘယ်လိုလဲ၊ ဂျပန်တပ်တွေ မြန်မာပြည်ကို ချီလာကြပြီတဲ့။ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ တိုက်ကြမလား၊ ထွေကြမလား၊ ပြေးကြမလား ကျွန်တော်ကား ဘာလုပ်ရမှန်းမသိ။ ငါ စစ်တပ်ထဲဝင်တဲ့ အပတ်မှာမှ ကမ္ဘာစစ်နဲ့ တိုးနေပါပေါ့လား။ ဆိုးလိုက်တဲ့ကံ။

ကျွန်တော်တို့ တပ်ရင်း(၅)သည် ကျိုင်းတုံမြို့ မရောက်မီ ပန်ခိုင်တောင်ကုန်းတွင် စခန်းချနေရ၏။ ကျွန်တော့်တပ်စိတ်ကျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတိုက်ထွန်း ဖြစ်သည်။ ဆရာတိုက်ထွန်းမှာ စစ်ထဲဝင်ကြစဉ်က ကျွန်ုတော်နှင့်အတူတူဖြစ်၏။ သူက ကျွန်တော့်အရင် ရာထူးတက် တပ်စိတ်မှူးဖြစ်သွားခဲ့သည်။ ကိုယ့်သူငယ်ချင်း တပ်စိတ်မှူးဆိုတော့ ကျွန်တော် ဝမ်းသာရ၏။ အချောင်ခိုချင်၍ မဟုတ်ပါ။ ဘာကိစ္စမဆို သူ့ကို ရင်းရင်းနှီးနှီး တိုင်ပင်နိုင်ပြီကိုး။

စစ်အခြေအနေ အလွန်အမင်း ဆိုးရွားနေပါပြီ။ သခင်အောင်ဆန်း ခေါင်းဆောင်သော တိုအိုင်အေတပ်များသည် မြန်မာနိုင်ငံ အောက်ပိုင်းတွင် တစ်မြို့ပြီးတစ်မြို့ သိမ်းယူနေကြပြီ။ ကျွန်တော်တို့ အဖို့ ပြေးစရာမြေမရှိတော့ဘူးထင်ရဲ့။ ဘယ်လိုလုပ်ကြမလဲ။

ကျွန်တော်တို့တပ်များသည် တော်ဝင်မှန်နေ၍ ပဲခူးရိုးမကိုကျော်ပြီး သရက်မြို့ကို ခိုခဲ့ကြ၏။ တောကြီးမျက်မည်းထဲတွင် လေးရက်တိတိ ကြာခဲ့သည်။ ဂျုံဖြင့် ရိုးတီးနုံပြား လုပ်စားကြရသည်။ သရက်ရောက်တော့ ဘစ်ညသာအိပ်ပြီး အာလံ(ယခု အောင်လံ)သို့ ကူးရသည်။ အာလံမှ ရေနံချောင်းသို့ ခြေကျင်ချီတက်ရပြန်သည်။ သုံးရက် ကြာသွား၏။

ရေနံချောင်းရောက်သည့်ညတွင် ကျွန်တော်တို့တပ်ကို ဂျပန်ဘပ်များက မြို့ပြင်မှ ဝိုင်းထားကြ၏။ ကျွန်တော်တို့သည် ရေနံချောင်းမြောက်ဘက်စွန်တောင်ကတုံးတွေဘက်မှာ စခန်းချနေကြရ၏။ ထိုအချိန်တွင် ကျွန်တော်တို့တပ်ရင်းမှသာ မဟုတ်။ အခြားတပ်ရင်းများလည်း ပါလာရာ စုစုပေါင်း တပ်ရင်း(၅)ရင်းခန့်ရှိလိမ့်မည်။

ဂျပန်လေယာဉ်များက ဗုံးလာကြဲသည်။ ကျွန်တော်တို့က လည်း အောက်မှနေ၍ ပြန်ပစ်သည်။ ဗုံးကြဲခံရတော့ ကျွန်တော်တို့ ဘက်မှ အကျအဆုံးရှိသည်။ သေတဲ့သူတွေမှာ အတုံးအရုံး၊ ထို အချိန်ထိ ကျွန်တော်တော့ စစ်မတိုက်ရသေးပါ။ စစ်တိုက်ချင်တာမှ ရွေ့တိုးနေပြီ။ သို့သော် ကျွန်တော်က မေဂျာမကိုက်၏ အော်ဒလီ ဖြစ်နေ၍ မေဂျာအနားမှာပဲနေရ၏။ သေနတ်ကိုင်၍ စစ်မတိုက်ရ။

ကျွန်တော် အော်ဒီလုပ်ရသော မေဂျာမကိုက်မှာ ကျွန်တော်တို့ စစ်တပ်ထဲဝင်တုန်းက စစ်သားစုဆောင်းရန် လာခဲ့သော မေဂျာ မကိုက်ပင်ဖြစ်သည်။

ရေနံချောင်းတွင် ဂျပန်တပ်များ၏ အဝိုင်းကို သုံးရက်ကြာမျှ ခံရပြီးနောက် ကျွန်တော်တို့သည် ညအချိန်တွင် ဖောက်ထွက်ခဲ့ကြရသည်။ သည်တစ်ချီတော့ စစ်ကိုင်းဘက်သို့ ချီရသည်။ လမ်းတွင် နှစ်ရက်ကြာခဲ့သည်။

စစ်ကိုင်းရောက်ပြီးနောက် မုံရွာသို့ ချီတက်ရသည်။ ဂျပန် စစ်တပ်များသည် ကျွန်တော်တို့နောက်သို့ "နိုင်ချင်ကြက်" နယ် တရကြမ်း လိုက်တိုက်နေကြသည်။

မုံရွာမှနေ၍ ဖရိုဖရဲအလဲလဲအကွဲကွဲ ပြေးခဲ့ကြသော ကျွန်တော်တို့တပ်များသည် ရေဦးတွင် ပြန်စုမိကြ၏။ သို့သော် မကြာမီ စစ်ခရာသံများ အဆက်မပြတ် ကြားရသည်။ ယခုတိုင် မမေ့နိုင်သေးပါ။ စစ်တပ်မှ စစ်ခရာသံများသည် တစ်မြို့လုံးကို ဖုံးလွှမ်းနေသလားမသိ။ ခရာသံများမှာ စစ်ရှုံးသောအထိမ်းအမှတ်ဖြင့် မှုတ်သော ခရာသံ။ စစ်ရှုံးပြီ။ ကိုယ့်အစီအစဉ်နှင့်ကိုယ် ပြေးကြတော့၊ မင်းတို့မှာ ဘာတာဝန်မှ မရှိတော့ဘူး ဆိုသော အဓိပ္ပာယ်ကိုဆောင်သည်။ ဓမ်းနည်းစရာ ကောင်းလှပါ၏။

ထိုသို့ တပ်ကိုဖျက်လိုက်သောအခါ ကျွန်တော်နှင့်အတူ စစ်တပ်ထဲသို့ ဝင်ခဲ့ကြသော အပေါင်းအဖော်များသည် ချင်းတောင်တန်းသို့ ပြန်ကြလေသည်။

ဟယ် ... ယောကျ်ားဘသား၊ သေမြေကြီး ရှင်ရွေထီးတဲ့၊ အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယပြည် လိုက်သွားတာက ကျွန်တော့် အဖို့ အဓိပ္ပာယ်ရှိလိမ့်မည်။ ကျွန်တော်သည် ကိုယ်ပိုင်ဥာဏ်တစ်ပဲသားနှင့် ရဲရဲကြီး ဆုံးဖြတ်လိုက်လေသည်။

ထိုအချိန်တွင် မေဂျာမကိုက်မှာ လက်ဖတင်နင်ကာနယ် မကိုက်(ဒုဗိုလ်မှူးကြီးမကိုက်)ဖြစ်နေပြီ။ သူသည် ယခုအခါ

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယဘက်သို့ ဆုတ်ခွာသွားသော တပ်များနှင့်ပါသွားပြီ။ ကျွန်တော်က သူ့နောက်သို့ လိုက်ချင်၏။ ထို့ကြောင့် ချင်းအမျိုးသားဗိုလ်မှူးကပ်ကျောင်းထဲ ကပ်၍နားပူရ၏။

"ဗိုလ်မှူး ကျွန်တော်လည်း အိန္ဒိယကို လိုက်ခဲ့ချင်တယ်"

ဗိုလ်မှူးကပ်ကျောင်းက လမ်းတွင်ကြုံရမည့် အခက်အခဲကို ပြောပြ၏။ ကျွန်တော်သည် ဗိုလ်မှူးကပ်ကျောင်းနှင့်အတူ လိုက်ခဲ့သည်။ သေနတ်တွေ၊ ကျည်ဆန်တွေ၊ အသုံးအဆောင်ပစ္စည်းတွေ အကုန်လုံး စွန့်ပစ်ထားခဲ့ပြီ။ ကျွန်တော်တွင် အဝတ်တစ်ဆည် ကိုယ်တစ်ခုနှင့် ဖြစ်၏။

ရေဦးမြို့မှ အိန္ဒိယပြည် အင်ဖာမြို့အထိ တောလမ်း တောင်လမ်းခရီးဖြင့် ခြောက်ရက်ကြာ သွားရသည်။ ကျွန်တော့်ထံ၌ ရောင်းတစ်လုံး ပါလာ၏။ ဆန်ကို ရောင်းထဲထည့်ပြီး ရေစိမ်ထား၏။ လမ်းမှာ ထမင်းချက်စားရန် အချိန်မရ၊ ရောင်းထဲကဆန်တွေကို တမြုံမြုံဝါးရင်း ခရီးဆက်ရသည်။ ကျွန်တော်နှင့် ဗိုလ်မှူးကပ်ကျောင်းတို့ နှစ်ယောက်တည်းသာ ခရီးသွားကြရခြင်းဖြစ်သည်။ တချို့တပ်သားတွေက ရှေ့မသွားနှင့်ပြီ။ ကျွန်တော်တို့က နောက်ကျနေခြင်းဖြစ်၏။

အင်ဖာမြို့မရောက်မီ တောထဲတွင် လမ်းဖောက်နေသော ဆပ်ပါးမိုင်းနားတပ်သားများနှင့် တွေ့ရသည်။ အိန္ဒိယပြည်မှ လာရောက်၍ လမ်းဖောက်နေကြသူများ ဖြစ်ကြသည်။ သူတို့သည် အလုပ်ပင်ပန်းကြ၍ထင့်၊ နံနက်စာ ထမင်းစားပြီး အိပ်နေကြသည်။ သူတို့သေနတ်များကို သစ်ပင်တစ်ပင်၌ စုထောင်ထားကြ၏။ စစ်သားများဖြစ်ကြပါလျက် ကင်းစောင့်ကလေးပင် မထား။

ကျွန်တော်သည် သူတို့သေနတ်တွေကို မြင်ရတော့ စွန့်ပစ်ခဲ့ရသော ကိုယ့်သေနတ်ကို သတိရအောက်မေ့မိသည်။ ထို့ကြောင့် ဆပ်ပါးမိုင်းနားတပ်သားများ၏ ရိုင်ဖယ်တစ်လက်နှင့် ကျည်ဆန်များကို သွားခိုးယူခဲ့သည်။

အိန္ဒိယပြည် အင်ဖာမြို့တွင် ကျွန်တော်တို့တပ်ရင်း(၅)နှင့် တပ်ရင်း(၄)မှ စစ်သားများကိုစုဝေး၍ နေရာချထားပေး၏။ မြို့စွန်ရှိ ကျယ်ဝန်းလှသော တပ်ဝင်းကြီးထဲမှာ စစ်သုံးစွက်ထည်တဲများကိုဆောက်၍ ကျွန်တော်တို့ကိုထားသည်။ ထိုအခါတွင် ကျွန်တော်က "တစ်သည့်ပညာ မနေသာ" လုပ်ရ၏။ မြန်မာပြည်မှာတုန်းက သုံးလသင်တန်းတက်ပြီး ထမင်းချက်သင်ခဲ့တာ ဒီမှာ အသုံးချရတော့မည်။ ကျွန်တော်သည် အင်္ဂလိပ်စစ်ဗိုလ်များအတွက် ထမင်းချက်တာဝန် ယူရလေသည်။ သို့သော် ထိုနေရာတွင် ရက်သတ္တနှစ်ပတ်သာ နေခဲ့ရသည်။

ထို့နောက် ကျွန်တော်တို့တပ်ကို ပန်ဂျပ်ပြည်နယ်သို့ ရွှေ့ပြောင်းလိုက်၏။ ကျွန်တော်တို့သည် ပန်ဂျပ်ပြည်နယ် ဟော်ဆဲပူးမြို့တွင် နေရသည်၊ ကျွန်တော်တို့ကို ဟော်ဆဲပူးသို့ ပို့လိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိသည်။ အိန္ဒိယပြည်ရောက် မြန်မာပြည် စစ်ပြေးတပ်များမှ ဗမာ၊ ချင်း၊ ကချင်တပ်သားများကို စုဝေး၍ စစ်ပညာများ တတ်မံသင်ကြားပေးရန်ဖြစ်သည်။

ဟော်ဆဲပူးမြို့သို့ ရောက်ပြီးနောက် ကျွန်တော်တို့၏ စစ်ပြေးလစာများကို ပြန်လည်ထုတ်ပေးသဖြင့် အတော်ဟန်ကျသည်။ ငွေလုံးငွေရင်းကလေး စုဆောင်းထုတ်ပေးတော့ သုံးချင်တာသုံး၊ ဖြုန်းချင်တာဖြုန်းနှင့် ကျွန်တော်တို့ ပွဲတော်တိုးနေကြပြီ။ ပြီးတော့ ကျွန်တော့်လခသည် ထိုအချိန်၌ ၁၉ ကျပ်အထိ တိုးသွား၏။ ကျွန်တော်၏ မူရင်းလခက ၁၅ ကျပ်၊ ဘင်ခရာတီးမှုတ်ပညာကျွမ်းကျင်မှုအတွက် ၂ ကျပ်၊ ကုလားစကား ပြောတတ်သည့်အတွက်က ၂ ကျပ် စုစုပေါင်း ၁၉ ကျပ် ဖြစ်သည်။

ဆန်ထမင်းကို စနေနေ့တစ်နေ့သာ စားရသည်။ ကျန်နေ့များတွင် ရိတ်ခေါ် နံပြားကြမ်းကြမ်းကြီးနှင့် ထောပတ်၊ အာလူးနှင့်ပဲကြော်ထားသောဟင်းကို နံနက်,ည စားရသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာ ဇယားတွင် နံနက် ၅ နာရီခွဲတွင် အိပ်ရာမှထ၊ ၆ နာရီမှ ၇ နာရီအထိ ကျန်းမာရေးလှုပ်ရှားမှုများ လေ့ကျင့်၊ ၇ နာရီတွင် လက်ဖက်ရည်သောက်၊ ၇ နာရီခွဲမှစ၍ လက်နက်ကိုင် လေ့ကျင့်ရေးသင်တန်း၊ ၉ နာရီခွဲမှ ၁၀ နာရီအထိ စနေနေ့တွင် ထမင်း၊ ကျန်နေ့များတွင် ရိုတီးစားရသည်။ ၁၀ နာရီခွဲတွင် လက်နက်ကိုင် လေ့ကျင့်ရေးသင်တန်း ပြန်စသည်။ မွန်းတည့် ၁၂ နာရီတွင် နေ့လယ်လက်ဖက်ရည်သောက်၊ မွန်းလွဲ ၁ နာရီမှစ၍ ညနေ ၅ နာရီအထိ ချုံခိုတိုက်ပွဲအပါအဝင် စစ်မြေပြင်လက်တွေ့တိုက်ခိုက်ရေးသင်တန်း၊ ၄ နာရီတွင် သင်တန်းရပ်နား၍ ရေမိုးချိုးပြီး ညနေစာစားရသည်။ ထို့နောက် ကိုယ်ပိုင်အချိန်ရောက်ပြီ။ မြို့ထဲသို့လည်ကြပတ်ကြပေရော့။

ဟောဆဲပူးမှာ မြေပြန့်မြို့ဖြစ်သည်။ ကျန်တော်သည် မြန်မာပြည်မှာ နေစဉ်ကပင် ချေးကျဲကုလားကြီး၏မယားက သင်ပေးခဲ့၍ ကုလားစာကို ကျွမ်းကျင်စွာ တတ်ခဲ့သည်မို့ ကုလားမြို့ထဲ လည်ပတ်ရာတွင် အတော်ဟန်ကျနေသည်။

စစ်သင်တန်းများမှာ ကုလားအမျိုးသား အကြပ်ဆရာများက သင်ပေးသည်မို့ ဟိန္နူဘာသာစကားနှင့် သင်သည်။ ဘယ်ညာနင်းရသောအခါတွင်မူ အင်္ဂလိပ်ဘာသာဖြင့် လက်ဖိရိုက်၊ ဘယ်ညာဆိုရသော်လည်း ကျန်သောအဆင့်များတွင်မူ ဟိန္နူစကားကိုသာ ရာနှုန်းပြည့်သုံးရ၏။ ညနေပိုင်းတွင် မြို့ထဲသို့လည်ကြပတ်ကြသည်။ ထိုအခါတွင် ကုလားစကားတတ်သူအဖို့ အလွန်လွယ်ကူနေ၏။

သူတို့နိုင်ငံတွင် ဟိန္နူ မွတ်စလင် ဘာသာရေးပြဿနာများ ရှိနေခဲ့သည်။ ဟိန္နူစားသောက်ဆိုင်မှာ မွတ်စလင်ဘာသာဝင်များ မဝင်ရ၊ မွတ်စလင်ဆိုင်မှာ ဟိန္နူဘာသာဝင်တွေ မဝင်ရ၊ ပညတ်တားဆီးထားသည်။ ကျန်တော်တို့ကတော့ ဘာရမလဲ၊ ဟိန္နူဆိုင်ဝင်တော့ ကျန်တော်တို့ဟာ ဘာရမာဟိန္နူ(မြန်မာဟိန္နူ)တွေပဲဟု ပြောလိုက်သည်။ မွတ်စလင်ဆိုင်ကို ဝင်တော့လည်း ဘာရမာမွတ်စလင်(မြန်မာမွတ်စလင်)ဟု ပြောလိုက်သည်။ မှတ်ကရော။

ရုံးတွေမှာထားသော သောက်ရေအိုးကို မြန်မာစစ်သားတွေတွေ့တော့ ရေတော်ဝတ်နှင့် သောက်မိလျှင် ရေအိုးကိုရိုက်ခွဲပစ်ကြသဗျ။ ပြီးတော့ ရေသောက်မိသော မြန်မာစစ်သားက ရေအိုးတန်ဖိုးကို လျော်လိုက်ရသည်။

ကျန်တော်သုငယ်ချင်းဖြစ်သူ ထိုစဉ်က တပ်ကြပ်ကြီးဖိုးကွန်းသည် ကုလားရေအိုးမှာ မပြောမဆို သောက်မိ၍ ရေအိုးခွဲခံရပြီး ရေအိုးဖိုးလျော်ရလေသည်။

(၄)

၁၉၄၃ ခုနှစ်က ဖြစ်သည်။ အိန္ဒိယပြည်ရောက် ဗိုလ်ချုပ်ဝင်းဂိတ်သည် မြန်မာပြည်ထိုးစစ်စိမ်ကိန်းတစ်ရပ်ရေးဆွဲ၍ မဟာမိတ်စစ်ဦးစီးအဖွဲ့သို့တင်သည်။ စစ်ဦးစီးအဖွဲ့မှ သဘောတူသဖြင့် ဗိုလ်ချုပ်ဝင်းဂိတ်ကိုယ်တိုင် ဦးစီးသော "ချစ်ဒစ်" ခေါ်တိုက်ခိုက်ရေးတပ်ဖွဲ့များသည် မြန်မာနိုင်ငံ ကချင်တိုင်းရင်းသားတို့နယ်မြေဟူးကောင်းတောင်ကြားမှ စတင်၍ မြန်မာနိုင်ငံမြောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်။

ထိုအစီအစဉ်တွင် အရေးပါသောကဏ္ဍမှ ပါဝင်ရန် မေဂျာမာတင်ဆိုသူ ဗိုလ်မှူးတစ်ဦးက တာဝန်ယူရသည်။ မေဂျာမာတင်သည် ကျန်တော်တို့နှင့်အတူ မြန်မာပြည်မှ စစ်သားများကိုခေါ်ယူသည်။

ကာလကတ္တား လေယာဉ်ကွင်းတွင် ဂလိုက်ဒါခေါ် စက်ခဲလေယာဉ်ကို ထိန်းနည်း၊ မြေပြင်သို့ဆင်းလျှင် မည်သို့ပုံထိန်းကိုင်ရမည်၊ ပြန်အတက်တွင် ဘယ်သို့ထိန်းရသည်။ စက်မဲ့လေယာဉ်တပ်သားများ ဆောင်ရွက်ရမည့် ထောက်လှန်ရေးတာဝန်အရပ်ရပ်၊ လျှို့ဝှက်လှုပ်ရှားနည်းပညာ၊ တောတွင်းခွဲ ဝါယာလက်စက်အသုံးချနည်း စသည်ဖြင့် အစုံအလင် သင်ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ကာလကတ္တား လေယာဉ်ကွင်းမှနေ၍ ဂလိုက်ဒါစက်မဲ့လေယာဉ်များဖြင့် မြန်မာပြည်တွင်းသို့ ပျံသန်းလာခဲ့သည်။ မြန်မာပြည်မြောက်ပိုင်း မော်လိုက်မြို့နှင့် ၁၇ မိုင်ကွာတောထဲရှိ မြေပြန့်တစ်နေရာတွင် ညဉ့်အချိန်၌ ဂလိုက်ဒါဆင်းရသည်။ ထိုစဉ်က ကျွန်တော်တို့အဖွဲ့၏ ခေါင်းဆောင်မှာ မေဂျာမာတင် ဖြစ်သည်။ မေဂျာမာတင်နှင့်အတူ ကျွန်တော်၊ ကရင်အမျိုးသား စောသာထွေး၊ ထွန်းမျိုး၊ ဂေါရခါးတပ်ကြပ်ကာမတ်နှင့် တပ်ကြပ်ကြီး ဟာမန်း၊ ကရင်အမျိုးသား တင်ထော်ဂမ်း၊ သူရှောအမျိုးသားပါပေါရားနှင့် ထန်ဟေးရား စုစုပေါင်းကိုးယောက် ဖြစ်သည်ဟဲ့။

ကျွန်တော်တို့တွင် တပ်ရင်းနှင့် ဆက်သွယ်ရန် ဆက်သွယ်ရေးဝိုင်ယာ ၁၀်စက်တစ်လုံးပါသည်။ ထို့နောက် ဝိုင်ယာလက်စက်ကို အားသွင်းပေးရန် ဂျင်နရေတာစက်တစ်လုံးလည်း ပါလာသည်။ သက်နက်မှာ ခြောက်လုံးပြူးနှင့် စတင်းဂန်း စသော လက်နက်ငယ်များသာ ပါခဲ့၏။ ကျွန်တော်တို့၏တာဝန်မှာ မြစ်ကြီးနားနယ်က ဂျပန်တပ်များ အသွားအလာ၊ စက်ပစ္စည်း အသယ်အပို့သတင်းများ၊ ချင်းတွင်းမြစ်အတွင်း ဂျပန်စစ်သားများကို သယ်ယူပို့ဆောင်သော သင်္ဘောအသွားအလာ သတင်းများကို တပ်ရင်းသို့ ပြန်ပို့ရန်ဖြစ်သည်။

ကျွန်တော်တို့အဖွဲ့တွင် ကချင်ရဲဘော်များ ပါလာသည့်အတွက် အလွန်အသုံးဝင်သည်။ သူတို့သည် မော်လိုက်ခရိုင်အတွင်း ဂျပန်တို့စစ်ရေးအရ အသုံးပြုမည့်လမ်းများ စခန်းများကို အားလုံးလိုလို သိနေသည်။ သူတို့အကူအညီဖြင့် ကချင်ရွာများမှ ခပ်ဝေးဝေး တောထဲတွင် စခန်းချရ၏။ ကျွန်တော်တို့ ရဲဘော်တစ်စုအားလုံးပင် ဖိနပ်မစီးရ။ ဘာဖိနပ်မှ မစီးရပါ။ ဖိနပ်ခြေရာတွေ့လျှင် ရန်သူသည် ကျွန်တော်တို့သတင်းများကို ရသွားကြလိမ့်မည်။ ထို့ပြင် ကျွန်တော်တို့အားလုံးပင် မြန်မာပုဆိုး၊ အင်္ကျီများဝတ်ရ

ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်ဆိုသည်ကား ပဲ့ထိန်းပါသော လေယာဉ်တစ်စင်းပင်ဖြစ်သည်။ ဘီးလည်းပါသည်။ သို့သော် စက်မရှိချေ။ စက်ပါသောလေယာဉ်က နောက်တွဲအဖြစ်ထား၍ ဆွဲသွားရန်ဖြစ်သည်။ လေယာဉ်ပျံဖြင့် ဆွဲသွား၍ လေထဲရောက်သောအခါ လေဟုန်စီး၍ လိုက်သွားရံပဲ။ ဘာမျှအပန်းမကြီးပါ။ ကောင်းကင်လေမိသွားလျှင် ဂလိုက်ဒါ ငြိမ်နေသည်။ လေယာဉ်ပျံက လေထဲမှာအောက်သို့နိမ့်ဆင်းသွားလျှင် ဂလိုက်ဒါသည် ဝုန်းခနဲ ပြုတ်ကျသွား၏။ လေယာဉ်ပျံက အမြင့်တက်လျှင်လည်း ဂလိုက်ဒါက ဝုန်းဆိုဆောင်တက်သည်။ ဂလိုက်ဒါထဲက လူတွေတော့ ဆန်ကောထဲမှာ ဆီးဖြူသီးထည့်လိုမ်သလိုပါပဲ။ အလွန်အနေရအထိုင်ရခက်သည်။

ဆင်းမည့်နေရာရောက်တော့ ရှေ့လေယာဉ်က ကြိုးကိုဖြုတ်ချလိုက်သည်။ ဂလိုက်ဒါသည် မြေပြင်သို့ ဝဲကာ ဝဲကာ ကျ၏။ ပဲ့ထိန်းသူက ဂလိုက်ဒါအကျကောင်းအောင် ဂရုစိုက် ထိန်းရသည်။ မြေပြင်သို့ ဂလိုက်ဒါကျပြီးနောက် ပါလာသော ရဲဘော်တွေခုန်ဆင်းကြသည်။ ထို့နောက် အပေါ်ရှိလေယာဉ်က ကြိုးချပေးသည်ကို ဂလိုက်ဒါနှင့် ချိတ်ဆက်ပေးရ၏။ အပေါ်ကလေယာဉ်သည် ဂလိုက်ဒါကိုချိတ်၍ လေဟာပြင်ကောင်းကင်ဆီသို့ သယ်ဆောင်သွားသည်။ လေထုထဲသို့ ရောက်သောအခါတွင် ဂလိုက်ဒါသည် ငြိမ်ကျသွားပြန်လေသည်။

ကျွန်တော်တို့ ထောက်လှမ်းရေးတပ်သည် မြန်မာပြည်တွင်းမှ ဂျပန်တပ်များ လှုပ်ရှားမှုသတင်းကို ကြားနာယူ၍ အီနီယပြည်သို့ ပြန်ပို့ရမည်ဖြစ်၏။ ထိုသတင်းများသည် ဗိုလ်ချုပ်ဝင်းဂိတ်၏ "ချင်းဒစ်" ခေါ် ထိုးဖောက်ဝင်ရောက်ရေး တပ်များကို အကူအညီပေးနိုင်ရန် ရည်မှန်းသည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏ တပ်များသည် ကျွန်တော်တို့ပေးပို့သော သတင်းများကို အထောက်အထားပြုခြင်းဖြင့် စစ်ရေးအကူအညီများ ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

သည်။ ရန်သူက အဝေးကမြင်လျှင် အရပ်သားတွေဟုပင် ထင်ကြလိမ့်မည်။ ကျွန်တော်တို့ကျောတွင် ကျောပိုးအိပ်တော့ပါသည်။ အိတ်ထဲမှ လျှပ်စစ်ဓာတ်အားပေးစက် ဂျင်နရေတာပါ၏။ ဝိုင်ယာလက်စက်ပါ၏။ တောထဲရောက်လျှင် သစ်ပင်တစ်ပင်မှာ ဂျင်နရေတာကိုချည်၊ လူက လက်ဖြင့်လှည့်ပေးရ၏။ သူက လည်ဖန်များတော့ လျှပ်စစ်ဓာတ်အားရသည်။ လျှပ်စစ်ဓာတ်အားဖြင့် ဝိုင်ယာလက်စက်ဖွင့်၊ ကျွန်တော်တို့ရသော သတင်းများကို အိန္ဒိယပြည်ရှိ တပ်ရင်းသို့ ပို့ပေးနိုင်၏။

အကယ်၍ ကျွန်တော်တို့သွားရမည့်လမ်းသည် တောင်ဆင်းတောင်တက်များမည်၊ ချောင်းမြောင်းအင်းအိုင် ဖြတ်ရမည်၊ သည် ဂျင်နရေတာနှင့် ဝိုင်ယာလက်စက်ကို သယ်ယူရန် မလွယ်ကူဟုဆိုပါက အလွယ်လေးပဲ။ ပထမတပ်ရင်းဌာနချုပ်သို့ ဝိုင်ယာလက်ဖြင့် ခေါ်မည်။ ကျွန်တော်တို့ထံ၌ အခက်အခဲ တွေ့နေ၍ စက်တွေသယ်ရန် မလွယ်ကူပါ။ ဒါကြောင့် မြေပုံညွှန်း မည်ရွေ့မည်မျှတွင် ဘယ်အချိန်မှာ ဆေယာဉ်ဖြင့် ပစ္စည်းတွေ လာချပေးပါ။ စားစရာရိက္ခာ မည်မျှပို့ပေးပါဟု သတင်းပို့ မှာကြားလိုက်ရ၏။ မှာကြားပြီးသည်နှင့် ထိုနေရာမှာ တွင်းတူး၍ စက်များကို မြှုပ်လိုက်သည်။ ထို့နောက် မှာကြားထားသော မြေပုံညွှန်းနေရာသို့ မှာကြားထားသည့်အချိန်အကိုင်း အရောက်သွားရ၏။ ချိန်းဆိုထားသောနေရာနှင့် အချိန်အတိုင်း ပစ္စည်းများကို လေယာဉ်ဖြင့် တိကျစွာလာချပေးမြဲဖြစ်တော့သည်။

ဌာနချုပ်မှ ပစ္စည်းများ လာချပေးသောအခါတွင် စပစ်ဖိုင်းယားခေါ် ဗုံးကြဲတိုက်လေယာဉ် ခြောက်စင်းဖြင့် လာရောက်ချပေးသည်။ စပစ်ဖိုင်းယားလေယာဉ်ခြောက်စင်းသည် ကောင်းကင်မှ ပျံသန်းလာစဉ် တစ်စင်းက ဒိုင်ဗင်ထိုးဟန်လုပ်သည်။ နှစ်ကြိမ်သုံးကြိမ်မျှ ဒိုင်ဗင်ထိုးဟန်ပြ၏။ နောက်ဆုံးအကြိမ်တွင် သံပုံးကြီးတစ်ပုံး လေယာဉ်ပေါ်မှ ကန်ချပေးပြီး ထိုလေယာဉ်ပျံ တက်သွား

၏။ အဝေးမှ ဂျပန်စစ်သားများကမြင်လျှင် စပစ်ဖိုင်းယားသည် မြေပြင်ကပ် စက်သေနတ် ပစ်မလား၊ ဗုံးကြဲဖို့ နေရာကြည့်သလားထင်ကြလိမ့်မည်။ စပစ်ဖိုင်းယားလေယာဉ်များလာစဉ် မိမိကိုမတွေ့မှာစိုးလျှင် အနီးရှိ သစ်ပင်ပေါ်သို့တက်၍ အဝတ်ဖြူအလံကလေးစိုက်ထားရ၏။ သို့မဟုတ် မီးခိုးထွက်အောင် မီးဖိုပေးရ၏။ သို့သော်ထိုသို့ ပစ္စည်းချစဉ် တစ်ခါမျှပင် လွဲခဲ့သည်မရှိပါ။ လေယာဉ်ပေါ်မှ ချပေးသော သံပုံးကြီးကို ဖွင့်လိုက်လျှင် ဂျင်နရေတာစက်၊ ဝိုင်ယာလက်စက်နှင့်အတူ စားစရာ သောက်စရာပစ္စည်းများ အစုံပါလာ၏။ မကွဲ၊ မရှု၊ မပျက်စီးစေရန် အတွင်းမှာ အခုအခံပစ္စည်းများ ထည့်ပေး၏။ လိုချင်သောပစ္စည်းများကို ယူပြီးလျှင် ကျန်တာတွေကို မြေကြီးမှာတူး၍ မြှုပ်ခဲ့ရလေသည်။

ကျွန်တော်တို့အဖွဲ့သည် မော်လိုက်ခရိုင်တွင် နှစ်လကျော်မျှကြာအောင် လှုပ်ရှားခဲ့သည်။ ကချင်ရွာများနှင့် ကချင်ရဲဘော်များအဆက်ရပြီး အရေးကြီးသော ရန်သူ့သတင်းများစွာကို တပ်ရင်းသို့ပို့ခဲ့သည်။ တပ်ရင်းက ကျွန်တော်တို့ပို့သော သတင်းများအပေါ် အခြေခံပြီး ဗိုလ်ချုပ်ဝင်းဂိတ်တပ်များ အနေအထားကို ညွှန်ကြားကွပ်ကဲ၏။ ပြီးတော့ ဂျပန်စစ်သားတင ်သဘော်၊ မီးရထားကားများကို ဗုံးကြဲဖျက်ဆီးနိုင်ခဲ့သည်။

နောက်ပိုင်းတွင် ကျွန်တော်တို့တပ်ကို ဌာနချုပ်က ပြန်သိမ်းသည်။ ဗိုလ်ချုပ်ဝင်းဂိတ်၏တပ်များ အခြေအနေမှာ ကျေနပ်ဖွယ်မရှိ။ ဂျပန်တပ်များကို ထိထိရောက်ရောက် မထိုးဖောက်နိုင်၊ မိမိဘက်က အကျအဆုံးများသည်။ မှန်းချက်နှင့် နှမ်းထွက်မကိုက်။ သည်အတွင်း ဗိုလ်ချုပ်ဝင်းဂိတ်သည် တာဝန်ထမ်းဆောင်ရင်း လေယာဉ်ပျံပျက်၍ သေဆုံးသွားရှာလေသည်။

ကျွန်တော်တို့ ထောက်လှမ်းရေးအဖွဲ့ဝင်များ၏ အပြန်ခရီးတွင် ဆွမ်ပရာဘွမ်အနီးရှိ လေသူရွာသို့ ရောက်အောင်သွားရသည်။ အမေရိကန်စစ်တပ် လေယာဉ်ကွင်းကို လေသူရွာအနီး တောရွာမှာ

www.burmeseclassic.com

www.burmeseclassic.com

ဆောက်လုပ်ထားသည်။ တောထဲမှာဆိုရင်အထင်မသေးနှင့်၊ အဆောက်အအုံများကို အကျအန ဆောက်လုပ်ထားခြင်းဖြစ်၏။ အမေရိကန်စစ်သားများနှင့် အရာရှိများနေထိုင်ရန် သုံးထပ်သားအိမ်များ၊ ရုံးအဆောက်အအုံများရှိသည်။ သည်အဆောက်အအုံများကို နေရာရွေ့ချင်လျှင် ဖြုတ်၍ထပ်ပြီး လေယာဉ်နှင့်သယ်သွား၊ ဆောက်ရမည့်နေရာ၌ ပြန်ဆင်လျှင် အလွယ်ကလေးဖြစ်၏။

ကျွန်တော်သည် လေသူရွာ လေယာဉ်ပျံကွင်းမှနေ၍ အိန္ဒိယပြည်သို့ ဘေးမသီရန်မခ ပြန်ရောက်ခဲ့သည်။

ကာလကတ္တားသို့ ပြန်ရောက်ပြီးနောက် နောက်ထပ်အစီအစဉ်တစ်ရပ် ပေါ်လာပြန်သည်။ သည်စီမံကိန်းတွင်လည်း မေဂျာမာတင်ကပင် ဦးစီးသည်။ ယခုတစ်ခေါက်ခရီးတွင် စစ်တကောင်းဘက်မှနေ၍ မြန်မာပြည်ကိုဝင်ရန်ဖြစ်သည်။ ထောက်လှမ်းရေးတာဝန်ပင်ဖြစ်သည်။ စစ်တကောင်းကို သဘော်ဖြင့် သွားကြရသည်။ စစ်တကောင်းမှ ရမ်းကဗာတီး၊ နောက် လူရှေပြည်နယ် လုံးလယ်မြို့ရောက်၊ လုံလယ်မှာ တစ်ပတ်ခန့် နားနေပြီး မြန်မာပြည်ကို နောက်ဖေးပေါက်မှ ဝင်ခဲ့ရာ ချင်းတောင်တန်း ဟားခါးသို့ရောက်သည်။ ဟားခါးမှနေ၍ စူပွား၊ ဂန့်ကာ၊ ဖလမ်း၊ တီးဒင် စသည်ဖြင့် တစ်လျှောက်လုံး ခြေကျင်ခရီးဆက်လာခဲ့၏။ ထိုအချိန်တွင် ကလေးမြို့ကို ဂျပန်တပ်များ သိမ်းထားပြီးဖြစ်သည်။

တစ်နေ့တွင် ရန်သူ့အခြေအနေ ထောက်လှမ်းရန် ကျွန်တော်နှင့် တပ်ကြပ်ကြီးဟာမန်းက ခေါင်းဆောင်ပြီး ရုပ်ဖျက်၍ထွက်လာကြသည်။ ကလေးမြို့တွင် ဂျပန်များ ရှိနေပြီဖြစ်ကြောင်း၊ ကျွန်တော်တို့ မသိ၊ ကျွန်တော်တို့အဖွဲ့၏ရှေ့ဆုံးမှ ရဲဘော်တင်ဖေနှင့် ရဲဘော်တင်ဘော်ဂမ်တို့က သွားသည်။ မလှမ်းမကမ်းမှ ကျွန်တော်တို့က လိုက်ရ၏။ မကြာပါ၊ ကင်းပုန်းတပ်ဖွဲ့သည် ရဲဘော်တင်ဖေနှင့် တင်ဘော်ဂမ်တို့ကို ဖမ်းမိသွားလေသည်။ သူတို့နောက်က ကိုက်၊ ၂၀၀ အကွာတွင် ကျွန်တော်နှင့် ဟာမန်းတို့ ရှိနေသည်။

ကိုယ့်လူတွေ အခြေအနေမဟန်ကြောင်း တွေ့ရသည်နှင့် ကျွန်တော်တို့လည်း နောက်ကြောင်းပြန်ကွေ့ပြေးခဲ့ကြရ၏။ နေရာမှာ တီဒင်မြို့မှ တစ်ညအိပ်ခရီး မိုင် ၄၀ ခန့်ဝေးသော နေရာမှာဖြစ်သည်။

ရဲဘော်တင်ဖေနှင့် တင်ဘော်ဂမ်တို့မှာ အာဂသတ္တိခဲများဖြစ်သည်။ သူတို့သည် မိမိတို့အဖြစ်ကို ရဲရဲဝံ့ဝံ့ထုတ်ဖော်ခဲ့၏။ သူတို့ကိုယ်တွင် ကွန်ပါနှင့် ဒေသမြေပုံကို ဂျပန်များ ရှာတွေ့သွားသည်။

ကျွန်တော်တို့သည် ရဲဘော်တင်ဖေနှင့် တင်ဘော်ဂမ်တို့ကို ၁၉၄၅ ခုနှစ်တွင် ရန်ကုန်မှာ မသေမပျောက် ပြန်တွေ့ရ၏။ အကြောင်းစုံ မေးကြည့်တော့ သူတို့နှစ်ယောက် ကံကောင်းသည်မှာ ဂျပန်ရိုက်တာ မခံရ၊ ထောက်လှမ်းရေးတပ်ဖြစ်ကြောင်း အမှန်ပြောပြလိုက်တော့ ဂျပန်တွေ အံ့သြကုန်သည်။ နောက် ကောင်းစွာထိန်းသိမ်းထားခဲ့သည်။ ၁၉၄၅ ခုနှစ်ကျတော့မှ သူတို့နှစ်ယောက်သည် အင်္ဂလပ်စစ်တပ်နှင့် ပြန်ဆက်မိရာ နောက်ကြောင်းကလစာတွေ အကုန်ပြန်ရသွားကြ၏။

ရဲဘော်နှစ်ဦး အဖမ်းခံရစဉ်က ကျွန်တော်တို့သည် တီဒင်ဘက်ကို ပြန်ပြေးခဲ့ကြသည်။ နောက်ပိုင်းတွင် ဂျပန်တပ်နှင့် ဘီအိုင်အေတပ်များ ပူးပေါင်း၍ ဖလမ်း၊ တီဒင်၊ ဟားခါးမြို့များကို သိမ်းယူခဲ့၏။ ထိုအခါတွင် ကျွန်တော်တို့သည် မဏိပူရ အာသံဘက်သို့ ထွက်ပြေးကြပြီး အာသံမှနေ၍ အိန္ဒိယပြည် ဟမ်စားမြို့သို့ကားဖြင့်ပြန်သည်။ ယင်းမှတစ်ဆင့် ကာလကတ္တားအထိမီးရထားဖြင့် ပြန်လာခဲ့သည်။

ကျွန်တော်တို့သည် မြန်မာနိုင်ငံအတွင်းသို့ နှစ်ကြိမ်မျှရောက်ခဲ့ကြပြီးပြီ။ ရန်သူ့နယ်မြေတွင် ထောက်လှမ်းရေးတပ်သားများအဖြစ် အတွေ့အကြုံများစွာ ရင့်ကျက်ခဲ့ကြပြီ။ ပေးအပ်သောတာဝန်များကိုလည်း ကျေပွန်သင့်သလောက် ကျေပွန်ခဲ့ကြပြီ။ ယခုနောက်ထပ် တာဝန်ပေးရန် စီစဉ်ကြ၏။ မြန်မာပြည်တွင်းသို့ လေထီးဖြင့် ဆင်းရန်တည်း။

www.burmeseclassic.com

www.burmeseclassic.com

သည်ဟု သဘောမထားနိုင်၊ စိတ်ဝင်စားစရာ အလွန်ကောင်းလှသည်။ လေထီးခုန်သည်ဆိုရာ၌ လေယာဉ်ပျံတံခါးပေါက်ထဲက ဆင်းသည်နှင့် ငါးမိနစ်အတွင်းမှာ အထုပ်ကြီးတစ်ထုပ် တလိမ့်ခေါက်ကွေး ကျနေတာပါပဲ၊ ဘာမျှမထူးဆန်းပါ။ ကိုယ်ကတော့ လေထီးကြိုးနှစ်ဖက်ကို လက်ဖြင့်ဆုပ်ကိုင်ထားရသည်။ လေထီးပွင့်သွားသည်နှင့် လေထီးက လူကိုရုတ်တရက် ဆောင့်ဆွဲလိုက်လေသည်။ လေတိုက်နှုန်း ပြင်းထန်နေလျှင် လေထီးကြိုးကို တအား ဆွဲထားရ၏။ လေတိုက်နှုန်း မပြင်းလျှင် ဆွဲစရာမလိုပါ။

မြေပြင်သို့ ခြေထောက်ဖြင့် ထောက်ကာနီးတွင် ခြေဖျားဖြင့် စပရင်လို ထောက်ကာ ထောက်ကာခုန် ဝမ်း၊ တူး၊ သရီးဟုစိတ်မှာရေတွက်ပြီး သရီးဆိုသည်နှင့် မြေပြင်မှာ လိမ့်ချပစ်လိုက်ရ၏ ယင်းသို့ မလိမ့်တတ်လျှင် ခြေနှစ်ချောင်းစလုံး သွင်သွင်ကျိုးနိုင်၏။ ထိုသို့ ခြေကျိုးသွားသော မြန်မာလေထီးသမားတွေ ရှိခဲ့သေးသည်မဟုတ်လား။

လေထီးဖြင့် မြေပြင်သို့ဆင်းနေစဉ် သစ်ပင်ပေါ် မကျရန် လည်း ရွေ့ပြောင်းရသေးသည်။ ဥပမာ ကုက္ကိုပင်တစ်ပင်ကို အပေါ်ကစီး၍ မြင်ရသည်နှင့် လေထီးကြိုးကို တစ်ဖက်က ဆွဲပေးလိုက်ရသည်။ လေထီးသည် လေအဟုန်နှင့် စောင်းလွင့်ပါသွားပြီး သစ်ပင်နှင့်လွဲ၍ ကျသွားတော့သည်။ ထိုသို့ပြုလုပ်ပါလျက်နှင့် ချိန်သားမကိုက်ဘဲ ကုက္ကိုပင်ပေါ်ကျသလား၊ သို့မဟုတ် ညဉ့်အချိန်မို့ ဘာမှမမြင်ရဘဲ သစ်ပင်တစ်ပင်ပေါ် ကျသွားသလား၊ ဒါလည်း ကိစ္စမရှိ၊ သစ်ပင်ပေါ်သို့ ကျပါက လေထီးကြိုးကို ဓားဖြင့်ဖြတ်၊ ထိုကြိုးဖြင့်ခြေနင်းကြိုးလုပ်၍ သစ်ပင်ပေါ်က ဖြည်းဖြည်းဆင်းဖို့ပါပဲ။

ရေကန်ပေါ်သို့လည်းကောင်း၊ မြစ်ချောင်းအင်းအိုင်ပေါ်သို့ လည်းကောင်း လေထီးကျမည်ဆိုလျှင် ရေပြင်ပေါ်သို့ မကျမီ ပေ ၃၀ ခန့်ကနေပြီး လေထီးကြိုးနှင့် မိမိကိုယ် တွဲထားလေ့ ခလုတ်ကို ဖြုတ်ထား။ ရေပြင်နှင့် နီးသည်နှင့် လေထီးကို ကြဲ၍

လေထီးတပ်သားတွေအဖြစ် မြန်မာပြည်သို့ ပြန်ရဦးမည်ဆိုတော့ ကျွန်တော် အလွန်ပျော်မိပြန်သည်။

ကျွန်တော်တို့ ကာလကတ္တားမြို့တွင်ပင် လေထီးခုန်သင်တန်းကို တက်ရောက်သင်ကြားကြရ၏။

ထို့နောက် အဆိပ်ဆေးလုံးကလေး သုံးလုံးလည်းပေးသည်။ ဆေးသုံးနည်းကိုလည်း တစ်ပါတည်း ပြောလိုက်၏။

"ဂျပန်တွေက မင်းတို့ကို ဖမ်းမိသွားရင် ဘာမေးမေးမပြောနဲ့၊ ဒီဆေးလုံးကလေး သုံးလုံးကို မျိုချလိုက်၊ ချက်ချင်းသေသွားလိမ့်မယ်"

စစ်ရေးသတင်းတွေကို ရန်သူထံမရောက်ဖို့အတွက် အကောင်းဆုံးနည်းကို သင်ကြားပေးလိုက်ခြင်းဖြစ်၏။

ကာလကတ္တားတွင် သုံးပတ်ကြာ သင်တန်းတက်ရ၏။ လေထီးသင်တန်းတွင် ထူးခြားသည်မှာ အစားအသောက်ကိုခကာင်းကောင်းကျွေးခြင်းဖြစ်သည်။ ဥရောပအစားအစာများသာ စားရ၏။ နံနက် ၇ နာရီတွင် အိုဖာတင်း၊ ကြက်ဥတစ်လုံး၊ ပေါင်မုန့်၊ ဝက်ပေါင်ခြောက်၊ အမဲသားဘူး၊ ဆန်ပြုတ်လို ကျိုထားသော အရည်တစ်ခွက်ကို စားရသည်။ နံနက် ၁၁ နာရီမှ နံနက်စာ စားရသည်။ တနလ်းနှင့် စနေနေ့များတွင် ထမင်းစားရ၍ ကျန်ရက်များတွင် ပေါင်မုန့်နှင့် ဥရောပအစားအစာ ကျွေးလေသည်။

ထိုအချိန်တွင် ကျွန်တော်သည် လစာရင်း ၂၅ ကျပ်နှင့် လေထီးတပ်သားကြေး ၁၅ ကျပ်၊ ပေါင်း ၄၀ ကျပ်သို့ တိုးမြှင့်ရရှိလေသည်။ လေယာဉ်ကွင်းအနီးမှာ လေယာဉ်တစ်စင်းရှိ၏။ ထိုလေယာဉ်ပေါ်မှနေ၍ လေယာဉ်ထဲ လိုက်ပါနည်း၊ လေထီးခုန်ကာနီး အနေအထား၊ လေထီးဖြင့် ခုန်ချပုံ၊ လေထီးဖြင့် ခုန်ရာတွင် ခြေထောက်ထားနည်း၊ လေယာဉ်ပျံအမြီးပိုင်းနှင့် မရိုက်မိအောင် ရှောင်တိမ်းနည်း စသည်ဖြင့် နည်းမျိုးစုံသင်ရ၏။ ကိုယ်မသိသေး၊ မတတ်သေးသော ပညာများကို ယူရသည်မှာ ပင်ပန်း

www.burmeseclassic.com

လွတ်လိုက်၊ လေထီးသည် လေအဟုန်ဖြင့် လွင့်ပါသွားလိမ့်မည်။ မိမိကမူ ရေပြင်ကို ပေါလောပေါနေလိမ့်မည်။ ထိုအခါ ရေကူး၍ ကမ်းသို့ကူးသွားရုံသာ ရှိတော့သည်။

ဒါတွေကတော့ "ပွဲမဝင်ခင် ပြင်ကကျင်းပ" နေသော လေထီးတပ်သားတစ်ဦး၏ အတွေ့အကြုံများဖြစ်သည်။ တစ်နေ့တွင် ကောင်းကင်၌ ပျံနေသော လေယာဉ်ပေါ်မှ လေထီးဖြင့် တကယ် ခုန်ချ လေ့ကျင့်ရန် ရက်ချိန်းပေးလိုက်၏။ မြတ်စွာဘုရား ... လေထီးမပွင့်ရင် ဘယ်နယ်လုပ်ပါ့၊ သေတော့မှာပဲနော်။ ကျွန်တော် အကြိမ်ကြိမ်အဖန်ဖန် တွေး၍ရင်လေးနေပါသည်။

ထိုနေ့တွင် ကောင်းကင်မှ လေထီးခုန်ရမည့် ချင်း၊ ဗမာ၊ ကချင်၊ ဂေါ်ရခါးတပ်သား စုစုပေါင်း ၁၂ ဦးရှိ၏။ နောက်တစ်နေ့ နံနက်တွင် လေထီးခုန်မည်ဆိုတော့ ယနေ့ညလိုမှာ အိပ်၍မပျော်တော့ပါ။

နောက်တစ်နေ့ နံနက်စောစောထ၏။ မနေ့ညက ကောင်းကောင်းအိပ်မပျော်ခဲ့တော့ မျက်လုံးတွေ ကျိန်းစပ်စပ် ဖြစ်နေ၏။ ထိုစဉ်တွင် အခန်းတွင်းသို့ အင်္ဂလိပ်အင်ဒီယန်း ကပြားမလေးဝင်လာ၏။ ဤကပြားမကလေးများမှာ ကျွန်တော်တို့ လေထီးတပ်သားများကို ပြုစုရန် ဆိုင်ရာမှ စေလွှတ်ထားသူများဖြစ်၏။ သူတို့သည် မြန်မာပြည်တိုက်ပွဲသွားမည့် ကျွန်တော်တို့ လေထီးတပ်သားတွေကို အလွန်တန်ဖိုးထားသည်။ လေးလေးစားစား ပြုစုသည်။ ကျွန်တော်တို့၏ အိပ်ရာ၊ ခြင်ထောင်များ သိမ်းဆည်းပေး၏။ လျှော်ရဖွယ်ရမည့် အဝတ်အစားများကို လျှော်ဖွပ် မီးပူတိုက်ပေးသည်။

ထိုနေ့နံနက်က ကျွန်တော်ဘို့ အခန်းထဲသို့ ကပြားမလေးဝင်လာပြီး အိပ်ရာသိမ်း၊ တံမြက်လှည်း သန့်ရှင်းပေးသည်။ ထို့နောက် နံနက်စာ ကော်ဖီ၊ မုန့်၊ ကြက်ဥ၊ စသည်တို့ကိုသွားယူပေး၏။ သို့သော် သူ ယူလာပေးသော စားစရာတွေကို ကျွန်တော် မျိုချ၍မကျပါ။ စိတ်ထဲက သိပ်ပြီးစိုးရိမ်ထိတ်လန့်နေ၍ဖြစ်သည်။

"သေတာ မဆန်းဘူး၊ လေထီးမပွင့်လို့ သေသွားလည်းဘာဖြစ်သလဲ၊ အမေမွေးကတည်းက သေဖို့မွေးလာတာပဲ၊ လူဆိုတာ တစ်ခါပဲ သေမယ်၊ နှစ်ခါမသေဘူး"

ကိုယ့်ကိုယ်ကိုယ် အားပေး၏။

နံနက်ရှစ်နာရီခွဲတွင် ကျွန်တော်တို့ လေထီးတပ်သားများသည် လေယာဉ်ကွင်းသို့ ရောက်နေကြပြီ။ ကိုယ်နှင့်အတူပါမည့် လေထီးကို ကိုယ်တိုင်စစ်ဆေးကြည့်ရ၏။ ဘာများချွတ်ယွင်းချက်ရှိသလဲ။ ဘာမှချွတ်ယွင်းချက်မရှိ။ ထို့ကြောင့် လေထီးကိုကျောပိုး၍ ဒါကိုတာ လေယာဉ်ပေါ်သို့ တက်ရသည်။ ထိုသို့တက်ရာတွင် ကျွန်တော်က နံပါတ်သုံးဖြစ်သည်။ ရှေ့ဆုံးမှတက်သူက မေဂျာမာတင်၊ သူ့နောက်က စောစံထွေး ဆိုသော ကရင်ရဲဘော်၊ သူ့နောက်က ကျွန်တော် ဖြစ်သည်။ လေထီးခုန်တော့လည်း သည်အစီအစဉ်အတိုင်းကျွန်တော်က တတိယ။

လေယာဉ်တွင်းမှ မီးစိမ်းပြလျှင် အသင့်ပြင်၊ လေယာဉ်ဝမှာ အဆင်သင့်လုပ်၏။ မီးနီပြတာနှင့်တစ်ပြိုင်နက် လေယာဉ်ဝမှာနေ၍ ခုန်ချပေတော့။ ခုန်ချပြီး ခဏတွင် လေထီးကြိုးကို ဆောင့်ဆွဲလိုက်ရ၏။ ခဏအကြာတွင် လေထီးပွင့်သွားတော့သည်။

ထိုနေ့နံနက်က တစ်နေ့တည်းနှင့် ခုနစ်ကြိမ်မျှ လေထီးခုန်ရသည်။ ပထမအကြိမ်တွင် ကာလကတ္တားမြို့ပြင် လေယာဉ်ကွင်းအနီး မြေကြီးပေါ်မှာ ဆင်းရသည်။ အားလုံးအဆင်ပြေ၏။ ပထမအကြိမ် လေထီးခုန်ပြီးသည်နှင့် စိတ်လက်ပေါ့ပါးသွားသည်။ ပွဲတိုးသွားပြီကိုး။ နောက်ထပ်ခုန်ရမည့်ကိစ္စအတွက် သိပ်ပြီးစိတ်မပူတော့ပါ။ လေထီးကိုပြန်လိပ်၊ ကြိုးဖြင့် ပြန်တုပ်ပြီး အသင့်ဖြစ်အောင် ကျောမှာပိုးရသည်။ ဒုတိယအကြိမ်တွင် အုန်းပင်၊ ထန်းပင် ပေါ်ကျအောင်လုပ်ရန် အမိန့်ပေးသည်။ အုန်းပင် ထန်းပင်တို့မှာ ဆင်းကွက်နေရာကျဉ်းသည်ဖြစ်ရာ ရည်မှန်းနေရာသို့ ကျအောက်

www.burmeseclassic.com

www.burmeseclassic.com

ရန် ခက်ခက်ခဲခဲကြိုးစားရသည်။ သို့သော် ကျွန်တော်သည် အုန်းပင်တစ်ပင်ပေါ်သို့ ကျအောင်ကြိုးစားရာ ရည်မှန်းနေရာသို့ တည့်တည့်မတ်မတ် ကျသွား၏။ နောက်တစ်ကြိမ် အောင်မြင်ခဲ့ရပြန်ပြီ။ အုန်းပင်ပေါ်ကတော့ မြေပြင်သို့ ဆင်းရအလွန်လွယ်သည်။ ဘာမှ ပြဿနာမရှိ။ ထိုနေ့က ခုနစ်ကြိမ်တိတိလေထီးခုန်ရာတွင် ကုက္ကိုပင်ပေါ်ကအောင်ခုန်ရန်လည်း အမိန့်ပေးသည်။ ကုက္ကိုပင် တစ်ပင်ပေါ်သို့ကအောင် ကြိုးစားကြည့်ရာ အခက်အခဲမရှိ။ ကုက္ကိုပင်ကိုင်းပေါ်ကတော့ လေထီးကြိုးကိုဖြတ်၊ ကုက္ကိုပင်ကိုင်းမှာ တစ်လဲစီချည်ရသည်။ ထို့နောက် ကြိုးစကိုဆွဲ၍ မျောက်လွဲကျော်တွေခုန်ကူးသလို တစ်ကိုင်းမှတစ်ကိုင်းကူး၍ မြေပြင်သို့ဆင်းရသည်။ လေထီးကတော့ ပျက်စီးသွားသည်။ လေထီးအသာ·မှာ ခိုင်ခန့်သော ပိုးသားအထူဖြစ်၏။ ယခုခေတ် နိုင်လွန်ထည်အထူနှင့် တူပါလိမ့်မည်။ လေထီးတွေ နေရောင်မှာတပြောင်ပြောင်နှင့် ကောင်းကင်ပြာ နောက်ခံထား၍ ကျလာပုံမှာ အဝေးမှကြည့်ရလျှင် ပျော်စရာကောင်းလှသည်။

လေထီးခုန်လေ့ကျင့်ခန်းများကို အောင်မြင်စွာ ပြုလုပ်ပြီးသော အခါတွင် တစ်ပတ်မျှ နားရပါသည်။ ဇိမ်ကျလိုက်သည်မှာမပြောနှင့်။ ကောင်းကောင်းစား၏။ ကောင်းကောင်းအိပ်၏။ ကောင်းကောင်းအနားယူ၏။ ပြီးတော့ အထက်ကပေးလာသော စစ်ရေးတာဝန်တစ်ရပ်ကို ကောင်းကောင်းထမ်းဆောင်ရန် အသင့်ရှိနေပြီ။

(၅)

လေထီးဆင်း အတွေ့အကြုံကို လက်တွေ့ လေ့ကျင့်ရယူပြီးအားလုံး အဆင်ပြေသည်။ အခက်အခဲမရှိ။ သည်တော့ ရှေ့သို့ ဆက်လုပ်ရန် တာဝန်က အသင့်စောင့်နေပြီ။ သည်တာဝန်ကို ထမ်းဆောင်ချင်သူတို့ကလည်း သွေးတကြွကြွ၊ စိတ်တထထ။

အမိန့်ငင်သို့ လေထီးဆင်းတပ်သားများအဖြစ် ပြန်ရတော့မည့် အချိန်ကို ကျွန်တော်တို့သည် စိတ်လောကြီးစွာဖြင့် စောင့်မျှော်နေကြလေသည်။

စစ်ကြီး၏အခြေအနေမှာ မဟာမိတ်တပ်များဘက်သို့ အလေးသာစ ပြုနေပါပြီ။ ၁၉၄၄ ခုနှစ် ကုန်ဆုံးကာနီး အချိန်များတွင် ဥရောပတိုက်ရှိ ဂျာမနီတပ်များအဖို့ သေမင်းခေါ်သံကို စောင့်နေကြရပြီဖြစ်သည်။ အမေရိကန်၊ ဆိုဗီယက်၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံတို့၏ မဟာမိတ်တပ်ပေါင်းစုသည် နာဇီ ဂျာမနီတို့ကို နေရာတိုင်းမှာ အနိုင်ရနေပါပြီ။ အာရှတိုက်တွင်ကော ဘယ်လိုနေလဲ။

အာရှတိုက်တွင် အရှေ့အာရှစစ်မီးကို စတင်လောင်မြိုက်စေခဲ့သော ဂျပန်တို့သည် အထိနာနေကြပြီ။ အိန္ဒိယပြည်ကို အပြတ်ချေမှုန်းရန် အားထုတ်ခဲ့ကြသော ဂျပန်တပ်များသည် အင်ဖာတိုက်ပွဲများတွင် အစာငတ် ရေငတ်ဖြင့် နောက်သို့ ဆုတ်နေကြရပြီ။ အမေရိကန်နှင့် ဗြိတိန်တပ်မတော်က ဦးစီးသော မဟာမိတ်တပ်များသည် မြန်မာပြည်တွင်းသို့ မြားပစ်သလို ဝင်နေကြပြီ။ စစ်ကြီးအခြေအနေသည် မဟာမိတ်တို့ဘက်သို့ အလေးသာစပြုနေပြီဖြစ်လေသည်။

ထိုအချိန်တွင် ကျွန်တော်တို့ မျှော်လင့်နေသော အမိန့်တစ်ရပ် ရောက်လာသည်။ မြန်မာပြည်တွင်းသို့ လေထီးဖြင့် ခုန်ဆင်းရန် ကျွန်တော်တို့ အသင့်ပြင်ကြရမည်။ လိုအပ်သော စစ်လက်နက်ပစ္စည်း၊ ယူနီဖောင်းနှင့် ထောက်လှမ်းရေးကိရိယာများကို စနစ်တကျ စုဆောင်းထုတ်ယူရမည်။ ခေါင်းဆောင်မှာ ယခင် ဂလိုက်ဒါဆင်းစဉ်က ပါဝင်သူ မေဂျာမာတင်ပင်ဖြစ်သည်။ ကျွန်တော်တို့ အဖွဲ့မှ အားလုံး ၁၂ ဦး၊ ဒုဗိုလ်မှူးကြီး ထန်ကိုခိုင်လည်းပါခဲ့သည်။

လေထီးဆင်းသည့်နေ့ကို မမှတ်မိပြီ။ နှစ်ပေါင်း ၃၀ ခန့်ကြာပြီကိုး။ ၁၉၄၅ ခု ဖေဖော်ဝါရီလကုန်ပိုင်း ဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ချမ်းချမ်းစီးစီး လှုပ်ရှားခဲ့သည်ကို သတိရ၏။ ပြီးတော့ လသာရက်ဖြစ်သည်ကိုလည်း မှတ်မိနေသည်။ သည်လိုနေရာတွင် ထိုစဉ်က နေ့စဉ်မှတ်တမ်း မရေးခဲ့မိသည်ကို နောင်တရမိသည်။ မှတ်စုမှတ်တမ်း မရေးဖြစ်ခဲ့ခြင်းကြောင့် တအား လျော့ရသည်။

လေထီးဆင်းရမည့် ညနေက ကျွန်တော်တို့ ၁၂ ဦးသည် ကာလကတ္တား စစ်ဘက်လေဆိပ်သို့ ညနေ ၅ နာရီတွင် ရောက်သည်။ သွားရောက်ထမ်းဆောင်ရမည့် တာဝန်အတွက် စိတ်စောနေ၍လား၊ လေယာဉ်ကွင်းမဆင်းမီ ညနေစာက စောစောစားရ၍လား ဘာဖြစ်လို့လဲမသိ။ ညစာစား ရာမှာ ကောင်းကောင်းစားမဝင်ခဲ့။

ကာလကတ္တား၏ ဆောင်းညနေသည် သိပ်ပြီးအေးဘက် မဝင်သေး။ လေထီးရဲတော် ၁၂ ဦးသည် လေယာဉ်ပေါ် တက်ရမည့်အချိန်ကို စောင့်နေကြသည်။ ပြီးတော့ တစ်ဦးကိုတစ်ဦးကြည့်၍ ယူနီဖောင်းသေသပ်မှုရှိ၊ မရှိ၊ သယ်ယူရမည့်ပစ္စည်း စုံမစုံကိုစစ်ဆေးပြင်ဆင်ပေးကြသည်။

လေထီးတပ်သားတစ်ဦး သယ်ဆောင်ရမည့် ပစ္စည်းများမှာ ပစ္စတိုသေနတ်တစ်လက်၊ စတင်းရန်းသေနတ်တစ်လက်၊ ဂေါ်ရခါးစားတစ်လက်၊ လက်ပစ်ဗုံးနှစ်လုံး၊ သစ်ပင်ပေါ်မှာအိပ်ဖို့ "ကြိုးအိပ်စင်" တစ်လုံး၊ ခြင်ထောင်တစ်လုံး၊ လေမှုတ်ခေါင်းအုံးတစ်လုံး၊ ခရီးသွားလမ်းပြ အိမ်မြှောင်တစ်ခု၊ ရန်သူဖမ်းမိလျှင် မျိုချဖို့အဆိပ်ဆေးလုံးကလေးများ၊ ပြီးတော့ ဆက်သွယ်ရေးဝိုင်ယာလက်စက်။

ထိုနေ့ညအဖို့ လေထီးရဲတော်အချင်းချင်း ဆက်သွယ်ပြောဆို ရမည့် စကားဝှက်မှာ Bamboo (ဝါး)ဖြစ်သည်။ ကျွန်တော်တို့ကို သယ်ယူသွားမည့်လေယာဉ်မှာ "လေကြောင်းကျစ်ကား" ဟု အမည်ရနေသော ဒါကိုတာလေယာဉ်ကြီးဖြစ်သည်။ ဒါကိုတာလေယာဉ်ကို လေကြောင်းကျစ်ကားဟု အမည်ပေးကြသည်မှာ အကြောင်းရှိ၏။ ကုန်းပေါ်တွင် ကျစ်ကားသည် အလွန်အမင်း အကြမ်းခံနိုင်သည်

မဟုတ်လား။ တောင်ကုန်းမြေပြန့်၊ လမ်းကောင်းလမ်းကြမ်း၊ ရာသီမရွေး သွားလာနိုင်သည့် မဟုတ်လား။ ဘယ်ပစ္စည်းမျိုးမဆို အလွယ်တကူသယ်ယူနိုင်သည့် မဟုတ်လား။ ယခု ဒါကိုတာ လေယာဉ်သည်လည်း ကျစ်ကားလိုပါပဲ။ လေထဲတွင် အကြမ်းခံ၊ ရေစိမ်စံ၊ ဘယ်ရာသီမဆို တာဝန်ကျေကျေ ထမ်းဆောင်သည်။ လေယာဉ်စက်ပျက်ဖို့ ခဲယဉ်းသည်။ ဘာပစ္စည်းပဲတင်တင် တင်လို့ရသည်ဟဲ့။ သည်တော့ စစ်ဖြစ်နေတုန်းမှာ ခိုင်းလို့ကောင်းသည့် ဒါကိုးကာ လေယာဉ်များသည် များစွာအသုံးတည့်နေတော့သည်။

ကျွန်တော်ကိုသည် ထိုနေ့ညနေ နေဝင်ရီတရောတွင် လေယာဉ်ပေါ်သို့ ရောက်ကြသည်။ ညခုနစ်နာရီခွဲတွင်မှ ဒါကိုတာလေယာဉ်ကြီးသည် လေဆိပ်မှထွက်ခဲ့၏။ ဒါကိုတာလေယာဉ်သည် အမြန်နှုန်းမြင့်၊ ဖြည်းဖြည်းမှန်မှန် ပျံသန်းလာခဲ့သည်။ မြန်မာပြည်မြောက်ပိုင်း မေမြို့အနီးတွင် ကျွန်တော်တို့ လေယာဉ်ပေါ်မှခုန်ဆင်းရမည်ဖြစ်သည်။ သံလွင်မြစ်အရှေ့ဘက်ကမ်း မေမြို့နှင့် တည့်တည့်နေရာတွင်ဖြစ်သည်။ ည ၁၂ နာရီခွဲတွင် ကြိုတင်သတ်မှတ်ထားသောနေရာသို့ ရောက်၏။ ကျွန်တော်တို့တစ်စုသည် လေယာဉ်ပေါ်မှခုန်၍ အစိုးအစဉ်အတိုင်း ခုန်ဆင်းခဲ့ကြ၏။ ဘာမျှအခက်အခဲမရှိ။ ၁၂ ဦးစလုံး ချောချောမောမော လေယာဉ်ပေါ်မှ ဆင်းနိုင်ခဲ့ကြသည်။

လေထီးဖြူဖြူကြီးများသည် လသာသာတွင် အထင်းသားပေါ်ရင်း လေဟုန်စီးနေကြသည်။ မိုးပြာရောင်ကောင်းကင်အောက်ခံတွင် စံကာယိမ်းကာဖြင့် လှုပ်ရှားနေကြသော လေထီးဝိုင်းဝိုင်းကြီးများကို လှပစွာတွေ့နေကြရသည်။

ကျွန်တော်သည် သိပ်မမြင့်သော တောင်ကုန်းကလေးတစ်ခုပေါ်သို့ကျသည်။ လေထီးခုန် လေ့ကျင့်စဉ် သင်ကြားပေးထားသည့်အတိုင်း မြေပြင်ကို ခြေထိသည်နှင့် ခုန်၍လိမ့်ပစ်လိုက်၏။ လေထီးကြီးအချို့က ကိုယ်ကိုလာ၍ ရစ်ပတ်ငြိတွယ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ကိုယ်ကိုယ် ပြန်၍ထိန်းနိုင်တော့မှ လသာထဲ၌ ထရပ်နိုင်၏။ ဒဏ်ရာအနာတရ ရှိသေးသလား စစ်ဆေးကြည့်သည်။ ဘာမှမဖြစ်ပါ။ အားလုံး အဆင်ပြေသည်။ ကျွန်တော်တို့ ၁၂ ယောက်စလုံး အထိအခိုက်မရှိပါ။

ကျွန်တော်တို့စုရပ်အဖြစ် သတ်မှတ်သော နေရာမှာ တော ခေါင်ခေါင်ဖြစ်သည်။ မြေပုံညွှန်း အတိုအကျပေးပြီး အချင်းချင်း လူစုရန် စီစဉ်ထားခဲ့သည်။ ကောင်းကင်မှ ပြန့်ကြဲလာသော လေထီးတပ်သားများသည် သည်နည်းဖြင့် စုရပ်ကို လာရောက်စုကြသည်။ စုရပ်သို့မလာမီ ကိုယ့်လေထီးကို မြေကြီးထဲသို့ ကျင်းတူးပြီး မြှုပ်ကြရ၏။

စုရပ်သို့ အလာတွင် ထိုနေ့ည‌အတွက် သတ်မှတ်သော Bamboo စကားဝှက်သည် အသုံးတည့်လသည်။ လသာသာတွင် မြင်ရသော မည်းမည်းအရိပ်ကို ရန်သူလား လူလား ခွဲခြားဖို့ စကားဝှက်က အလွန်အသုံးတည့်လေသည်။ နံနက် ၂ နာရီတွင် စုရပ်၌ ရဲတော် ၁၂ ဦးစလုံးစုမိကြသည်။ သည်တော့ သံလွင်မြစ်ကို ကူးရန် စီစဉ်သည်။ ရေစီးအလွန်သန်လှသော သံလွင်မြစ်ကို ဖောင်ဖြင့် ကူးရမည်ဖြစ်၏။ ဖောင်လုပ်ရန်အတွက် ဝါးများကို ချက်ချင်းခုတ်ရသည်။ ဝါးလုံးများကို နှိုးဖြာရ၏။ ပြီးတော့ ဝါးလုံးချင်းတွဲ၊ နှိုးဖြင့်ချည်၍ ဖောင်ဖွဲ့သည်။ ပါလာသော ဂေါရခါးများ ကောက်များသည် ဝါးခုတ်ရန်အတွက် အဆင်သင့် ဖြစ်သွားလေသည်။

သို့ဖြင့် သံလွင်မြစ်ကို ကျွန်တော်တို့ ရဲတော် ၁၂ ဦးကူးခဲ့ကြပြီ။ ထို့နောက် တောတွင်းရှိ ကြိုတင်သတ်မှတ်ထားသောနေရာသို့ ညတွင်းချင်း ချီကြရသည်။ လေထီးဆင်း ရဲတော်တို့အပို မိမိတို့ဆင်းခဲ့သော နေရာကို အမြန်ဆုံး စွန့်ခွာခြင်းသည် အန္တရာယ်အကင်းဆုံး ဖြစ်လိမ့်မည်။ မိမိတို့ လေထီးဆင်းခဲ့သည်ကို ရန်သူ

တွေ့သွားခဲ့သော် ရရှိမည့် ဆုလာဘ်သည် မသေးလှသော အန္တရာယ်မဟုတ်ပါလား။

ကျွန်တော်တို့သည် မေမြို့အနီး တောနက်ထဲတွင် စခန်းချကြသည်။ မိမိတို့စခန်းချသည့်နေရာကို ကာလကတ္တားရှိဌာနချုပ်သို့ ဝိုင်ယာလက်စက်ဖြင့် သတင်းပို့လိုက်၏။ နောက်တစ်နေ့တွင် စပစ်ဗိုင်းယားတိုက်လေယာဉ်ငါးစင်းသည် ကျွန်တော်တို့၏တော တွင်းစခန်းနှင့် တည့်တည့်သို့ တန်းတန်းမတ်မတ် ရောက်လာ၏။ လိုအပ်သောရိက္ခာနှင့် အခြားအသုံးအဆောင်ပစ္စည်းများကိုလေယာဉ်မှ သဲပုံးကြီးဖြင့်ထည့်၍ ချပေးသည်။ လေယာဉ်လေးစင်းက အမြင့်မှပုံနေပြီး တစ်စင်းက နိမ့်နိမ့်ပျံ၍ ထိုသဲပုံးကြီးကို ချပေးသွားလေသည်။

ထိုသို့ ရိက္ခာချပေးနည်းမှာ အခက်အခဲ မရှိရကား တစ်နေ့နှစ်ကြိမ်ချပေးသည့်အခါပင် ရှိသည်။ နံနက်စာ၊ ညစာ၊ ခွဲခြားမှာ ယူ၍ပင်ရ၏။ မိမိတို့ ခရီးသွားစရာရှိတော့မှ နှစ်ရက်စာ သုံးရက်စာ မှာယူရသည်။

ပြီးတော့ မိမိတို့လုပ်ငန်းအတွက် စည်းရုံးရန် ဘိန်း၊ ရွှေဒင်္ဂါးစသည့်ပစ္စည်းများလည်း မှာရသည်။ ဘိန်းကြိုက်သူအတွက် ဘိန်းပေးလိုက်၊ ရွှေငွေကြိုက်သူအတွက် ရွှေဒင်္ဂါးပေးလိုက်၊ မိမိတို့လုပ်ငန်းအတွက် သည်လက်နက်နှစ်ရပ်သည် အလွန်အသုံးကျသော ပစ္စည်းများဖြစ်သည်။

မေဂျာမာတင်က မေမြို့နှင့် ခပ်လှမ်းလှမ်း တောထဲတွင် ကျွန်တော်တို့ စခန်းနေရာ သတ်မှတ်သည်။ သို့သော် တစ်နေရာတည်းမဟုတ်၊ ရက်ပိုင်းအလိုက် နေရာရွှေ့ရသည်။ လျှို့ဝှက်လုပ်ငန်း ဖြစ်သည်မို့ တစ်နေရာတည်းမနေရဲ၊ အကြောင်းတစ်ခုခုကြောင့် မိမိတို့နေရာကို ရန်သူများ သိသွားလျှင် အန္တရာယ်သည် သေးလွန်းကလေးမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသူသည် မယုံတယုံဖြင့်ပင် လိုက်လာခဲ့သည်။ သူ့တွင် တောင်ယာခုတ်မားမတစ်လက်နှင့် ထမင်းထုပ်ကလေးသာပါ၏။ အခြား ဘာမှမပါ။

ကျွန်တော်တို့ခေါ်ရာသို့ လိုက်လာရင်း ထိုလူသည်တွေးပြီး ကြောက်လာဟန်တူ၏။ တောထဲသို့ အတော်ကလေး ဝေးဝေးသွားမိသောအခါတွင် ရုတ်တရက် ရပ်လိုက်၏။ ပြီးတော့ မေးမြန်းသည်။

"ဟေ့လူတွေ၊ ကျုပ်ကို ဒီလောက်အဝေးကြီးခေါ်တာ ဘာလုပ်ဖို့လဲ"

ကျွန်တော်က "တောထဲမှာ အင်္ဂလိပ်စစ်ဗိုလ်ကြီးတစ်ယောက် ရှိတယ်၊ သူနဲ့တွေ့ဖို့ပါ"

သူက ..."ဘယ်က ဗိုလ်ကြီးလဲ၊ ဘာလုပ်ဖို့လဲ"

"ဒီလိုလေဗျာ၊ အလျင်တုန်းက မေမြို့အနီးစခန်းမှာ နေခဲ့တဲ့ သစ်တောဝန်ထောက် မစ္စတာမာတင် ဆိုတာ ကြားဖူးသလား၊ အခု သူက စစ်ဒိုလ်ဖြစ်နေပြီ။ သူက ခင်ဗျားကို တွေ့ချင်လို့တဲ့"

အမှန်ကတော့ ကျွန်တော် ရမ်းကြုတ်လိုက်ခြင်းပါ။ တွေ့ရာလူတစ်ယောက်ကို ရသလို စည်းရုံးနေခြင်းပင်ဖြစ်သည်။ သို့သော်ကံကောင်းချင်တော့ ကိုယ့်လူက မေဂျာမာတင်ကို သိသတဲ့ဗျား။

သူက ဝမ်းသာအားရ ပြော၏။

"မာတင် ... မစ္စတာမာတင် သစ်တောဝန်ထောက်၊ မစ္စတာမာတင်၊ ဟာ ... သူ့ကိုတော့ သိတာပေါ့။ ကျွန်တော်လည်း အစတုန်းက သစ်တောဘက်မှာလုပ်ခဲ့ဖူးတာကိုး။ မစ္စတာမာတင်ရဲ့မိန်းမနဲ့ ကလေးတွေတောင် မေမြို့မှာ ခုထိရှိနေသေးတယ်"

သည်နောက်တော့ သူ့ကို သိပ်ပြီးစည်းရုံးနေရစရာ မလိုတော့ပါ။ မေဂျာမာတင်နှင့် ကိုယ့်လူတို့ စကားကောင်းနေလိုက်ကြတာ ရေပက်မဝင်ပါဘဲ။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြ ဆိုကြနှင့်။ မေဂျာမာတင်ကပင် သူ့ဇနီးသည်ကို နိုင်ငံခြားစားသောက်ဖွယ်တွေ၊ လက်ဖက်ရည်၊ ဘီစကွတ်၊ ချိုချဉ်တို့ဖြင့် ဧည့်ခံတော့ ရှေးကြီးမှာ တပြုံးပြုံးနှင့် စားလိုက်သောက်လိုက်၊ ပျော်လို့ရွှင်လို့။

မေဂျာမာတင်က ကျွန်တော်နှင့် ရဲဘော်ကူးမှတ်(ခေါ်ရခါး အမျိုးသား)ကို မေမြို့လေယာဉ်ကွင်းသို့ သွားရောက်သတင်းပို့ရန် တာဝန်ပေးလေသည်။ ကူးမှတ်မှာ မေမြို့တွင် နေဖူးသူဖြစ်၍ ကျွန်တော်နှင့် အဖော်တွဲပေးခြင်းဖြစ်သည်။ ထို့ကြောင့် တစ်နေ့နံနက် စောစောတွင် ကျွန်တော်နှင့် ကူးမှတ်တို့သည် တောစခန်းမှနေ၍ မေမြို့ဘက်သို့ ထွက်လာခဲ့ကြသည်။

ကျွန်တော်ရော ကူးမှတ်ပါ ရှမ်းဘောင်းဘီအနက်၊ ရှမ်းတိုက်ပုံအင်္ကျီအနက် ဝတ်လာကြသည်။ ဘောင်းဘီအင်္ကျီတို့မှာ ရှမ်းတို့သဘာဝ ရက်လုပ်သော ဖျင်ထည်များဖြင့် ချုပ်လုပ်ထားသည်။ ယုတ္တိရှိရှိ ဖြစ်ရအောင် ရှမ်းကြီးများအသွင် ပုံသွင်းသွားကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှစ်ယောက်သည် မေမြို့နှင့် ခုနစ်မိုင်ကွာသို့ ရောက်လာကြ၏။ ထိုစဉ်မှာပင် မလှမ်းမကမ်း၌ တောင်ယာသို့ သွားနေသော ရှမ်းအမျိုးသားတစ်ယောက်ကို တွေ့ရ၏။ ကျွန်တော်က ကူးမှတ်ကို လှည့်ကြည့်တော့ ကူးမှတ်က ခေါင်းညိတ်ပြသည်။

ကူးမှတ်ကပင် စတင်၍ ...

"ဟေ့လူ ... ခဏနေဦး"

"ဘာလဲ ... ခင်ဗျားတို့နှစ်ယောက်က ဘယ်ကလဲ၊ ခင်ဗျားတို့ကို ကျုပ် မသိပါလား"

ထိုလူက အံ့သြဟန်ဖြင့် ပြန်မေးနေ၏။

"မဟုတ်ဘူး၊ တိုင်ပင်စရာရှိလို့ပါ၊ ကျွန်တော်တို့နဲ့ တောထဲကို ခဏလိုက်ခဲ့စမ်းပါ"

ထိုသူက ကျွန်တော်တို့ကို ယုံကြည်ဟန်မတူ။ သို့သော် ခေါ်သည့်သူက လက်ဆွဲခေါ်နေတော့ အားနာဟန်တူသည်။ "ဘယ်အထိ လိုက်ရမှာလဲ"တဲ့။ ပြန်မေး၏။

"သိပ်မဝေးပါဘူးဗျာ၊ လာပါ ... လိုက်ခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ရှမ်းကြီး၏ အာလူးတောင်ယာတွင် ဝင်လုပ်၏။ မြေပေါက်သည်။ ပျိုးကြဲသည်။ ရေလောင်းသည်။ ပေါင်းရှင်းသည်။ နေပူကျဲကျဲမှာ တောင်ယာစိုက်ခင်းကို ပြုစုရသည်။ ဒါမှပင် စစ်သားအသွင်ပျောက်ပြီး တောင်ယာလုပ်သားနှင့်တူလိမ့်မည်။ ခြေတွေလက်တွေ ကြမ်းတမ်းလာလိမ့်မည်။ အသားတွေ နေလောင်ပြီး မည်းမည်းညိုညို ဖြစ်လာလိမ့်မည်။

ကျွန်တော်နှင့် ကူးမှတ်သည် ရှမ်းကြီး၏ တောင်ယာတွင် ၁၀ ရက်ခန့်ပင်ပန်းကြီးစွာ အလုပ်လုပ်သောအခါ စစ်သားအသွင် ပျောက်ပြီး တောင်ယာလုပ်သားအသွင် ပေါက်လာသည်။ သို့နှင့် အလုပ်စ,ရန် ရှမ်းကြီးကို သတိပေးရ၏။

ရှမ်းကြီးသည် အနီးစခန်းသို့ အခြေအနေ သွားကြည့်၏။ ဂျပန်စစ်သားများ ဦးစီးကွပ်ကဲ၍ လမ်းဖောက်၊ လေယာဉ်ကွင်းပြင်စသဖြင့် အလုပ်သမားများ အလုပ်လုပ်နေကြ၏။ မြေတူးကြ၊ အုတ်သယ်ကြ၊ တိုင်စိုက်ကြနှင့် အလုပ်သမားတွေ ပျားပန်းခတ်မျှ အလုပ်လုပ်ကြရသည်။

နောက်တစ်နေ့တော့ ရှမ်းကြီးကပင် ကျွန်တော်တို့နှစ်ယောက်ကို ဂျပန်စစ်ဗိုလ်ဆီ ခေါ်သွားသည်။ ဂျပန်ဗိုလ်ကြီးသည် မေမြို့မီးရထားဘူတာရုံကြီးနားက ဂျပန်စစ်စခန်းမှာနေသည်။ ဂျပန်ဗိုလ်ကြီးက အသက် ၄၀ ကျော်ခန့်ရှိမည်။

ရှမ်းကြီးသည် ဂျပန်ဗိုလ်ကြီးထံဝင်၍ ရဲရဲဝံ့ဝံ့ ပြောနေသည်။ ကျွန်တော်တို့နှစ်ယောက်က သူ့နောက်မှာ ရပ်နေ၏။

"ဒီလူနှစ်ယောက်က ဘယ်သူတွေလဲ၊ ဘယ်ကလဲ"

"သူတို့နှစ်ယောက်က အရင်က အင်္ဂလိပ်စစ်တပ်က စစ်သားတွေပါ၊ အိန္ဒိယကို မလိုက်တော့ဘဲ ကျွန်တော်တို့နဲ့အတူ နေခဲ့ပါတယ်၊ စစ်မတိုက်ချင်လို့ပေါ့၊ တောင်ယာမှာ အလုပ်လုပ်ကြတယ်၊ အခု အလုပ်မရှိတော့ဘူး"

စကားကောင်းနေကြပြီးမှ မေဂျာမာတင်က အလုပ်စကားပြောသည်။

"ဒီလိုလုပ်ဗျာ။ ခင်ဗျားက ကျွန်တော့်ကောင်လေးတွေကို စောင့်ရှောက်ပါ။ သူတို့မှာ တာဝန်နဲ့လာခဲ့ရတာ၊ အသက်နဲ့ရင်းပြီး လုပ်မှဖြစ်မယ်၊ ခင်ဗျားလိုတာပြော ကျုပ်တို့ပေးပါ့မယ်"

မေဂျာမာတင်က ရှမ်းကြီးသုံးဆွဲဖို့ ရွှေဒင်္ဂါးနှစ်ကျပ်သားနှင့် ဘိန်းတစ်ပိဿာဆုပ် တစ်ထုပ်ပေးလိုက်၏။ ရွှေဒင်္ဂါးမှာ ငါးမူးခွဲကလေး လေးစေ့ဖြစ်သည်။ ရှမ်းကြီးသည် ရွှေဒင်္ဂါးလေးတွေရတော့ တပြုံးပြုံး၊ ဘိန်းထုပ်ကိုတော့လည်း သူ့မျက်နှာမှာ အပြုံးပန်းတွေ ဝေနေရှာပါသည်။

ထိုနေ့ညနေက ရှမ်းကြီးသည် အတော်ကလေး မှောင်လာတော့မှပင် စခန်းမှပြန်သည်။ ရှမ်းကြီးနှင့်အတူ ကျွန်တော်နှင့် ကူးမှတ်တို့ လိုက်သွားရ၏။ အိန္ဒိယမှာရှိစဉ်ကတည်းက ရှာမွေချုပ်လုပ်ထားသော ရှမ်းအမျိုးသားဝတ်စုံများသည် ကျွန်တော်တို့အတွက် အတော်ဟန်ကျနေတော့သည်။

ထိုနေ့ညက ကျွန်တော်တို့ နှစ်ယောက်သည် ရှမ်းကြီး၏ တောင်ယာတဲသို့ လိုက်သွားရ၏။ ရှမ်းကြီး၏ နာမည်မှာ အမှတ်ရခက်သဖြင့် မမှတ်နေပြီ။ အသက် ၃၅-၃၆ နှစ်ခန့်ရှိမည်။ သူ့တောင်ယာထဲမှာ အာလူးစိုက်၏။ ဆွာမှ နှစ်မိုင်ခန့်ဝေးသည်။ ကျွန်တော်တို့နှစ်ယောက်သည် ထိုနေ့ညက တောင်ယာတဲမှာပင် ပျော်ပျော်ပါးပါး အိပ်ကြသည်။

နောက်တစ်နေ့ကျတော့ ရှမ်းကြီးသည် သူ့ဇနီးရှမ်းမကြီးကို ခေါ်လာ၏။ ရှမ်းကြီးနှင့် အသက်အရွယ်တူလောက်ပဲရှိမည်။ ရှမ်းကြီးဇနီးကလည်း သဘောကောင်း၏။ သူတစ်ပါးကို ကျေးဇူးမွေးချင်စိတ်ရှိသည်။ သူနှင့်အတူ ထမင်းအိုးတွေ ဟင်းအိုးတွေပါလာ၏။ တောင်ယာတဲမှာ ကျွန်တော်တို့ ချက်ပြုတ်စားနိုင်ရန်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခေါင်းခဲယမ်းပြီး ကြည့်နေတုန်း ရုပ်ကြွင်းသေတွေ ပြန်ပြီး ပေါ်လာပြန်သည်။ ကိုအောင် ကျွန်တော်ကို မေးပြန်သည်။

"ဒဲ့ ရုပ်ကြွင်းတွေကို၊ သူတို့နှစ်ယောက်လုံးက ဘာနဲ့ စောင်းခေါင်းခဲခဲတဲ့ အဟုတ်သားရဲ့ ဒါမှမဟုတ် ဟိုလူကြီးက ပြောသလို ဒီလူကြီးကို ဟိုလူကြီးက ဖန်တီးပြီး ပြသနေတာလား"

ကျွန်တော်ကလည်း ဘယ်လိုပြန်ပြောရမှန်း မသိ။

"ဟောဒီလူကြီးက ဘယ်လောက်ကြာကြာ ဒီလူတွေကို ဒီလိုပဲ ထားမှာလဲ။ ဘာတွေ ဆက်လုပ်ဦးမှာလဲ။ ဘာတွေ ဆက်ပြောဦးမှာလဲ။ အဲဒါတွေကိုလည်း ကျွန်တော် မသိပါဘူး"

ကိုအောင်က ခေါင်းခါပြသည်။

"ဒီလူကြီးက ဘာမှ မပြောသေးဘူး။ ဒီလူတွေကို ဒီအတိုင်း ထားပြီး ဘာမှ မလုပ်သေးဘူး။ ဒီလူတွေကို ဘာကိုမှ ဖန်တီးပြီး ပြသနေတာ မဟုတ်ဘူး။ ဒီလူတွေက ဒီလိုပဲ ဖြစ်နေကြတာ"

ကိုအောင်က ခေါင်းခါပြသည်။

"ဒီလူတွေက ဒီလိုပဲ ဖြစ်နေကြတာ ဆိုတော့ ဒီလူတွေကို ဘယ်သူက ဖန်ဆင်းလိုက်တာလဲ။ ဘုရားသခင်လား။ ဒါမှမဟုတ် ဒါတွေက ဘာမှ မရှိဘဲနဲ့ ဘာကြောင့်မှန်းမသိ ရုတ်တရက် ပေါ်ပေါက်လာတာလား"

ကိုအောင်က ခေါင်းခါပြသည်။

"ဒီလူတွေက ဘာမှ မရှိဘဲနဲ့ ရုတ်တရက် ပေါ်ပေါက်လာတာ မဟုတ်ဘူး။ ဒီလူတွေက ဒီလိုပဲ ဖြစ်နေကြတာ"

ကျွန်တော်က ခေါင်းခဲယမ်းပြီး ကြည့်နေတုန်း ရုပ်ကြွင်းသေတွေ ပြန်ပြီး ပေါ်လာပြန်သည်။ ကိုအောင် ကျွန်တော်ကို မေးပြန်သည်။

"ဒဲ့ ရုပ်ကြွင်းတွေကို၊ သူတို့နှစ်ယောက်လုံးက ဘာနဲ့ စောင်းခေါင်းခဲခဲတဲ့ အဟုတ်သားရဲ့ ဒါမှမဟုတ် ဟိုလူကြီးက ပြောသလို ဒီလူကြီးကို ဟိုလူကြီးက ဖန်တီးပြီး ပြသနေတာလား"

ကျွန်တော်ကလည်း ဘယ်လိုပြန်ပြောရမှန်း မသိ။

"ဟောဒီလူကြီးက ဘယ်လောက်ကြာကြာ ဒီလူတွေကို ဒီလိုပဲ ထားမှာလဲ။ ဘာတွေ ဆက်လုပ်ဦးမှာလဲ။ ဘာတွေ ဆက်ပြောဦးမှာလဲ။ အဲဒါတွေကိုလည်း ကျွန်တော် မသိပါဘူး"

ကိုအောင်က ခေါင်းခါပြသည်။

"ဒီလူတွေက ဒီလိုပဲ ဖြစ်နေကြတာ ဆိုတော့ ဒီလူတွေကို ဘယ်သူက ဖန်ဆင်းလိုက်တာလဲ။ ဘုရားသခင်လား။ ဒါမှမဟုတ် ဒါတွေက ဘာမှ မရှိဘဲနဲ့ ဘာကြောင့်မှန်းမသိ ရုတ်တရက် ပေါ်ပေါက်လာတာလား"

ကိုအောင်က ခေါင်းခါပြသည်။

"ဒီလူတွေက ဘာမှ မရှိဘဲနဲ့ ရုတ်တရက် ပေါ်ပေါက်လာတာ မဟုတ်ဘူး။ ဒီလူတွေက ဒီလိုပဲ ဖြစ်နေကြတာ"

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၄ ခုနှစ် ကျွန်တော် တပ်ထိန်းတပ်ကြပ်ကြီး ဖြစ်နေစဉ်က ကျွန်တော်တာဝန်ဘစ်ရပ်မှာ တပ်ထိန်းအဖွဲ့မှ ရဲဘော်များကို မော်တော်ဆိုင်ကယ်စီး သင်ပေးရသည်။

တနင်္ဂနွေနေ့ တစ်နေ့တွင် ကျွန်တော်ဦးဆောင်သော မော်တော်ဆိုင်ကယ်စီး ရဲဘော်ငါးယောက်တို့သည် မော်တော်ဆိုင်ကယ်ကိုယ်စီဖြင့် မင်္ဂလာဒုံဘက်သို့ လေ့ကျင့်ရန် ထွက်လာခဲ့ကြသည်။ ကျွန်တော်က ရှေ့ဆုံးမှနေ၍ စီးလာသည်။ လမ်းမှာ ယာဉ်တွေ့လျှင် ဘယ်လိုရှောင်ရမယ်၊ လက်ဝဲကွေ့လိုလျှင် လက်ကိုင်ကို ဘယ်လိုထိန်း၊ လက်ယာကွေ့လိုလျှင် ဘယ်လိုထိန်း၊ စီးတဲ့သူရဲ့ကိုယ်ဟန်ကလည်း အရေးပါတယ်၊ ကိုယ်ကိုအတိမ်းအစောင်းမရှိအောင် ဘယ်လိုလုပ်ပြီးစီးနိုင်တယ်၊ ဘရိတ်ရဲ့သဘော၊ ဂီယာအနေအထားမှအစ ကျကျနန သင်ကြားပြသပေးရင်း လာခဲ့သည်မှာ ယခုတိုင်ထာလက်ဘတ်စ်ကားစခန်းအထိဖြစ်၏။ ထို့နောက် ကျွန်တော်တို့သည် နောက်ကြောင်းပြန်ကွေ့ခဲ့ကြသည်။

အပြန်ခရီးမှို့ ကျွန်တော်က စက်ရှိန်ကိုမြှင့်၍ စီးလာ၏။ ကျွန်တော့်ရဲဘော်တွေကလည်း ဆရာသင်ပြလို့ နည်းလမ်းကျကျ စီးတတ်ပြီဆိုတော့ ခမ်မြန်မြန် စီးလာကြသည်။

သို့နှင့် မင်္ဂလာဒုံဗဟိုနိုင်ငံရေးတက္ကသိုလ် မရောက်မီ မိုးရထားကုန်းတံတားလုပ်ထားသော နေရာသို့ ရောက်သည်။

ထိုနေ့က မိုးရထားမလာသေး၍ ကားလမ်းတံခါးမပိတ်ပါ။ သို့သော် တော်တော်ကြာ မိုးရထားလာနေရင်ဖြင့် အကြာကြီးစောင့်နေရလိမ့်မည်။ ကျွန်တော်သည် စက်ရှိန်ကို ထပ်မံမြှင့်၍ မောင်းလာ၏။ ကံအားလျော်စွာပါပဲ မိုးရထားမလာသေး။ သို့ကြောင့် လွတ်လွတ်ကျွတ်ကျွတ် စီးထွက်လာနိုင်၏။ သို့သော် မိုးရထားလမ်းကျော်လာခဲ့ပေမယ့် မော်တော်ဆိုင်ကယ်စက်ရှိန်ကို ကျွန်တော်ကလျှော့မချခဲ့မိချေ။

သို့နှင့် ဆရာနှင်လာရာ ရှေ့နားတွင် ကုန်ကားကြီးတစ်စီး မောင်းလာသည်ကို တွေ့ရသည်။ ဟိုတုန်းက ကားတွေကလည်း အခုကားတွေလိုပဲ ဘာမှမထူးပါ။ ကားပေါ်ရောက်၍ ဘီးလက်ကိုင်ကို ကိုင်ရသော ဒရိုင်ဘာတို့သည် ဖြည်းဖြည်းမောင်းရမှာရှက်ကြသလားမသိ၊ မိုင်ကုန်တင်လွတ်၍ မောင်းကြမြဲဖြစ်သည်။

ကျွန်တော်သည် ရှေ့မှလာနေသော ကုန်ကားကြီးကိုတွေ့ရသည်နှင့် ကျွန်တော့်ရဲဘော်ထံသို့ ခေါင်းလှည့်၍သတိပေးလိုက်သည်။

"ဟေ့ ... ရှေ့မှာ ကုန်ကားကြီးတစ်စီး လာနေတယ်"

ကျွန်တော့်ရဲဘော်တွေကို သတိပေးနိုင်ခဲ့ပါ၏။ သို့သော် မိမိကိုယ်၌က သတိလက်လွတ် ဖြစ်သွားခဲ့သည်။ ကျွန်တော် ခေါင်းပြန်လှည့်လိုက်သောအခါ ကျွန်တော်စီးနေသော ဆိုင်ကယ်သည် ကုန်ကားကြီးနှင့် ရင်ဆိုင်ရန် နီးကပ်စွာဦးတည်နေပြီကို တွေ့ရတော့သည်။ ကျွန်တော် ဘာမှလုပ်ချိန် မရတော့ပါ။ ဘရိတ်ကိုလည်း မဖမ်းနိုင်၊ လီဗာကိုလည်း မလျှော့နိုင်၊ ဘေးသို့လည်းရောင်ရန် အရိုန်မရှိပါ။ အရှိန်ပြင်းစွာနှင့်ပင် ဆိုင်ကယ်နှင့်ကား ဝင်တိုက်မိကြတော့သည်။

ကျွန်တော်နှင့်ကိုင်ကယ်သည် ကားကြီးဘန်ပါနှင့် ဝင်တိုက်ပြီး ကားအောက်သို့ ရောက်သွား၏။ ကျွန်တော်ကမူ ကားစက်ခေါင်းနှင့် ဆောင့်မိ၍ လေထဲသို့ ပျံတက်သွားပြီးမှ ကတ္တရာလမ်းပေါ်သို့ ကားကားကြီး ပြန်ကျသွား၏။

ကျွန်တော်သည် ထိုအချိန်မှစ၍ လုံးဝသတိမရတော့ပြီ။ ကျွန်တော်တစ်ကိုယ်လုံး သွေးချင်းချင်းနီလျက်ရှိ၏။ ဦးခေါင်းဘက်တွင် သွေးထွက်ပိုများနေ၏။ မျက်နှာ၊ လက်၊ ကိုယ်ထည်ပိုင်းတွင်ရှိသော ဒဏ်ရာများက ပြင်းထန်လှသည်။ အထူးသဖြင့် နဖူးပြင်မှ ဒဏ်ရာသည် သွေးအလွန်ထွက်နေသည်။ ထို့ကြောင့် နောက်မှလိုက်ပါလာသော ကျွန်တော့်ရဲဘော်များက နီးရာကားတစ်စီးဖြင့် ကျွန်တော့်ကို မင်္ဂလာဒုံစစ်ဆေးရုံသို့ တင်ပို့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာခဲ့စစ်ဆေးရဲ့ ရောက်သောအခါ သင်္ကာဆိုင်ရာဆရာဝန်ကြီးများက ကျွန်တော်ကို ဂရုတစိုက် ဆေးကုသကြပါ၏။ ပြုစုကုသမှုများမှာ များစွာကျေနပ်စရာကောင်း၏။ ရဲဘော်တစ်ဦး တာဝန်ချိန်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိလာခြင်းအတွက် ဆေးရုံ၏ တာဝန်ပိုင်းဌ ကျေပွန်ကြပါ၏။ သို့သော် ကျွန်တော်၏ ကုသိုလ်ကံမကောင်းပါချေ။

ဆေးရုံရောက်၍ ဒဏ်ရာများကို ဆေးထည့်ပြီးသည်အထိ ကျွန်တော်ကမလှုပ်၊ ဆရာဝန်များက ဝိုင်းဝန်းစမ်းသပ်ကြသည်။ ကျွန်တော်က အသက်ပင်မရှူတော့၊ သည်တွင် တာဝန်ကျဆရာဝန်များက အကြိမ်ကြိမ် စမ်းသပ်သည်။ ကျွန်တော်က လုံးဝအသက်မရှူပါ။ ထွက်သက်ဝင်သက် မရှိတော့ပြီ ကျွန်တော့်ကိုယ်အထက်ပိုင်းဦးခေါင်း၊ မျက်နှာ၊ လက်ကိုယ်ထည်များတွင် ရရှိထားသောဒဏ်ရာတွေကလည်း သေလောက်သော ဒဏ်ရာတွေသာဖြစ်၏။

ထိုအခါတွင် တာဝန်ကျသော ဆရာဝန်က ဆုံးဖြတ်သည်။ တပ်ကြပ်ကြီးတိုက်ချွန်းတော့ သေရာပြီ။ သူ့ကို ရင်ခွဲရုံပို့လိုက်ကြတော့။

တာဝန်ကျ အမှုထမ်းတို့က ကျွန်တော့်ကို ရင်ခွဲရုံပို့ထားလိုက်ပြီး အပြင်မှ တဲခါးကို သော့ခတ်ပိတ်ထားလိုက်ကြ၏။ ညနေပိုင်းတွင် တိုက်ချွန်းအလောင်းကို ထုံးစံအတိုင်း ရင်ခွဲမည်ဖြစ်သည်။

အမှန်တော့ သည်ဖြစ်ရပ်က ဆန်းလှသည်မဟုတ်ပါ။ သတင်းစာများတွင် သည်သတင်းမျိုး မကြာခဏ ဖော်ပြခဲ့သည်ကိုတွေ့ဖူးကြသား မဟုတ်လား။ သေပြီဆိုပြီး သုသာန်သို့သယ်ယူသွား၊ မြေမြှုပ်ကာနီးမှ ငိုသံကြား၍ စစ်ဆေးပြီး အိမ်ပြန်ခေါ်လာခဲ့ရသောကလေးမသတင်း။ သေပြီဆို၍ အလောင်းစင်ပြင်ပြီးကာမှ ခေါင်းထောင်ထလာသော လူမမာသတင်းတို့မှာ မကြာခဏကြားနေဖတ်နေခဲ့ရဖူးမည်ထင်သည်။ ကျွန်တော်လည်း သည်လိုအဖြစ်မျိုးနှင့်တိုးခဲ့ရခြင်းဖြစ်သည်။

ကျွန်တော်သည် ရရှိသောဒဏ်ရာများနှင့် မြောသွားခြင်းဖြစ်သည်။ သတိလည်းမရှိ၊ အသက်လည်းမရှူတော့ဘဲ မြောသွားစဉ် သေပြီဟု ဆုံးဖြတ်လိုက်ကြပြီး ရင်ခွဲရုံသို့ရောက်ခဲ့ရသည်။

သို့သော် သေကိန်းမကြဲသေးသော ကျွန်တော်သည် ရင်ခွဲမခံလိုက်ရပါ။

ထိုနေ့က မင်္ဂလာခဲ့စစ်ဆေးရုံရှိ ရင်ခွဲရန် တာဝန်ကျဆရာဝန်ရောက်မလာခဲ့ ကျွန်တော်သည် မြောရာမှ သတိပြန်ဝင်လာ၏။ ကျွန်တော့်အနေဖြင့်တော့ ထိုစဉ်က အိပ်မက်ဆိုးကြီး မက်နေသည်ကို သတ်ရ၏။

ကျွန်တော်သည် မော်တော်ဆိုင်ကယ်ကို အမြန်ဆုံးမိုင်နှုန်းဖြင့် စီးနေရာမှ အလွန်မြင့်သော တောင်စောင်းမှ ချောက်ထဲသို့လိမ့်ကျသွား၏။ ကျွန်တော်နှင့် မော်တော်ဆိုင်ကယ် တခြားစီဖြစ်သွား၏။ သည်တွင် ကျွန်တော်သည် အလွန်ထိတ်လန့်စွာဖြင့် ကုန်း၍အော်လိုက်သည်။

အိပ်မက်က သည်မျှသာဖြစ်၏။ ကျွန်တော် သတိရလာသော အခါ အိပ်မက်ထဲတွင် အော်နေသည့်အတိုင်း ကျွန်တော့်ပါးစပ်မှ အသံကုန်ဟစ်နေသည်ကိုသာ သတိပြုမိသည်။ ကျွန်တော်သည်အော်ရင်းဖြင့် ရင်ခွဲရုံအတွင်းရှိ စားပွဲပေါ်မှ ကုန်း၍ထသည်။ ကုန်းထလိုက်၊ လဲကျလိုက်၊ လဲကျလိုက်၊ ကုန်းထလိုက်၊ တော်တော်နှင့်ထ၍မရ၊ တစ်ကိုယ်လုံးမှာ ကိုက်ခဲနာကျင်နေ၏။ လှုပ်လိုက်တိုင်းပို၍နာ၏။ ခေါင်းမှဒဏ်ရာက ပို၍နာသည်။

နောက်ဆုံးတွင် အနာခံပြီး အားစိုက်၍ ထကြည့်တော့၊ အလောင်းတင်စားပွဲပေါ်တွင် ခေတ္တထိုင်၍ ရလာသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ဘာအဝတ်မှမရှိ၊ မီးမွေးတိုင်း၊ ဖမွေးတိုင်းသာဖြစ်နေ၏။

ရင်ခွဲမည့်အလောင်းတစ်လောင်းကို အဝတ်များချွတ်၍ ထားခဲ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် မျက်စိကို အားယူဖွင့်ကြည့်၍ အခန်းအနေအထားကို အကဲခတ်၏။ ဘယ်ရောက်နေသည်ကိုမသိ၊ ဘာဖြစ်ခဲ့သည်ကိုလည်း တွေးမရ။ သည်အထဲ လည်ချောင်းတွေနာပြီး ရေသိပ်ငတ်နေပါသည်။

"ရေ ... ရေပေးပါ ... ရေ ..."

ကျွန်တော့်နှုတ်မှ အသံက ကျယ်ကျယ်ထွက်မလာပါ။ ကိုယ့်ဟာကိုယ် ကြားရဲ့သာရှိသည်။ ထို့ကြောင့် ကျွန်တော်သည်အလောင်းတင်ခုတင်ပေါ်မှ ကုတ်တွယ်၍ဆင်းပြီး ပိတ်ထားသော ရင်ခွဲရုံတံခါးကိုသွား၍ထုသည်။ ရှိသမျှအားကို ဗျစ်ညှစ်၍ တံခါးကိုထုသည်။

"ဘယ်သူလဲ"

"ရေ ... ရေ ... ရေပေးပါ"

ကျွန်တော်သည် အသံအကျယ်ဆုံးအော်၍ ပြောလိုက်ပြီးသည်နှင့် ခွေလဲကျပြီး တံခါးကို အတွင်းဘက်မှ မှီထားလိုက်သည်။ ထိုခဏတွင် အပြင်ဘက်မှ သော့ခလောက်ဖွင့်သံကြားပြီး ရင်ခွဲရုံတံခါး ပွင့်သွား၏။ တံခါးပွင့်သွားသည်နှင့် ကျွန်တော်သည် ရှိသမျှအားကိုထုတ်၍ ရုတ်တရက် ထရပ်ပြီး ရင်ခွဲရုံမှနေ၍ အတင်းပြေးသွား၏။ တံခါးဖွင့်ပေးသူများက ကြောင်၍ရပ်ကြည့်နေကြသည်။ ကျွန်တော်ကတော့ ငါ့ကို နောက်တစ်ခါထပ်၍ တံခါးပိတ်ထားတော့မှာပဲဟု စိုးရိမ်ကြောက်ရွံ့စိတ်ဖြင့် အတင်းထပြေးခြင်း ဖြစ်လေသည်။

ခါးတွင် အဝတ်မပါ ဗလာကိုယ်ထီး ထွက်ပြေးနေသော ကျွန်တော့်ကို ဆေးရုံအမှုထမ်းရဲဘော်များက လိုက်ဖမ်း၏။ အားမရိဘဲ သိပ်ဝေးသေးမပြေးရခင်မှာပင် ပြန်မိသွားသည်။ ကျွန်တော့်ကိုဖမ်းမိပြီး အိပ်ဆေးထိုးပေးကြ၏။ ကျွန်တော် အိပ်ပျော်သွားလေသည်။

နောက်တစ်နေ့နံနက်ကျတော့ ကျွန်တော်သည် အိပ်ရာမှနွင်လန်းစွာ နိုးလာ၏။ ခါးတွင် ဆေးရုံဝတ်စုံများ ဝတ်ထားပြီးပြီ။ အားဆေးတွေ ထိုးပေးသဖြင့် အားလည်းပြည့်ပါပြီ။ ဒဏ်ရာတွေကိုလည်း စနစ်တကျ ဆေးထည့်ကုသထားပြီ။

ထိုအခိုက်တွင် သူနာပြုဆရာမလေးနှစ်ဦးသည် ကျွန်တော့်ကို ဆေးထည့်ရန် ရောက်လာကြ၏။ သူတို့ထဲမှ တစ်ယောက်ကရယ်ရယ်မောခမောကြော်သည်။

"ဆာဂျင်ကြီး ... မနေ့က ဆေးရုံဝင်းထဲမှာ အဝတ်မပါဘဲနဲ့ ဘာဖြစ်လို့ လျှောက်ပြေးနေရတာလဲ"

ဘုရား ... ကျွန်တော်သည် တစ်ခေါင်းလုံး ထူပူသွား၏။ ဘာပြန်ပြောရမှန်းမသိအောင် ရှက်မိသည်။ ထိုခဏတွင်မှ မနေ့ကဖြစ်ရပ်ကို ကျွန်တော်ပြန်၍ သတိရသည်။

"မနေ့က မော်တော်ဆိုင်ကယ်မှောက်တုန်းက တကယ်သေသွားရင် ကောင်းမှာ၊ အခုတော့ မသေလို့သာ ဒီလိုအရှက်ရတာပဲ"

အားမလိုအားမရနှင့် သည်သို့တွေးနေမိသည်။ နောက်မှသိရသည်။ ကျွန်တော် ရင်ခွဲရုံထဲကနေ၍ အော်ဟစ်နေသံ တံခါးထုသံများကို အပြင်မှ ဆေးရုံအမှုထမ်းတွေ ကြားရသည်ဆို၏။ သို့သော် ရင်ခွဲရုံထဲက အသံတွေကြားရတော့ တစ္ဆေခြောက်တာလည်းမဖြစ်နိုင်ပါဘူး၊ ဘာဖြစ်တာလဲ၊ ရုတ်တရက်တွေးတောနေ၍ တံခါးကို မဖွင့်ဘဲ ကြည့်နေကြသည်။ နောက်ဆုံးတော့ ဓာတယ်လူသံစစ်စစ်ကြားရ၍ တံခါးကို လာဖွင့်ပေးခြင်းဖြစ်၏။ ကျွန်တော်သေက်မရောက် သက်မပျောက်ဖြစ်ရပ်ကို မြင်ရတော့ ဆရာဝန်၊ ဆရာမတွေ၊ ရံဘော်တွေမှာ ဝိုးဝါးထက် ရယ်အားသန်နှင့် ကျွန်တော့်ကိုတွေ့တိုင်း ရယ်ကြ မြူးကြ လုပ်ကြသည်။ သူတို့သာ ရယ်နိုင်ကြ၏။ ကျွန်တော်ဖြင့် ကိုယ်လုံးထီး ထပြေးမိခြင်းအတွက် ရှက်လိုက်တာ။

ကျွန်တော်သည် ဆေးရုံတွင် တစ်လခန့် နေခဲ့ရ၏။ မော်တော်ဆိုင်ကယ်မှောက်သဖြင့် ရရှိသောဒဏ်ရာများအနက် ကျွန်တော့်နှုးမှ အမာရွတ်မှာ တကယ့်အထင်ရှားဆုံး။

သည်အမာရွတ်ကလေးကို စမ်းမိတိုင်း တစ်ချိန်က ကိုယ်လုံးတီးပြေးခဲ့ရသောအဖြစ်ကို တွေးပြီးပြုံးမိ၏။ ကျွန်တော့်အပြုံးက အရှက်ခြေ"ပြုံး"။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကို အပေါင်းအသင်း ရောင်းရင်းတွေက သူတို့နည်း သူတို့ဟန်နှင့် "ဘွဲ့" တစ်ခုပေး၏။ သေချာပြန် ကိုသံခဲတဲ့။ ခေါ်ကြပေမပေါ့။ ရင်ခွဲရုံက လက်မခံ၍ ပြန်လာခဲ့ရသော ကျွန်တော်ပေကို။ ဆေးရုံမှဆင်းပြီးနောက် ကောင်းစွာကျန်းမာလာသည်နှင့်တာဝန်များ ဆက်လက်ထမ်းဆောင်ရသည်။ သည်အခါတွင် ကျွန်တော်သည် ဝင်ဒါမီယာရှိ ဝန်ကြီးချုပ်အိမ်၌ လုံခြုံရေးတပ်အဆောက်အအုံတွင် ကျွန်တော်တို့နေရ၏။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်နေသော ဦးနုသည် ညနေတိုင်းကျလျှင် ကျွန်တော်တို့ ချင်းရဲဘော်များချက်ပြုတ်စားကြသော နေရာသို့ ရောက်လာတတ်၏။

သူက "ချင်းရဲဘော်တွေ၊ ဘာဟင်းတွေများ ချက်စားကြသလဲ၊ မြည်းကြည့်ရအောင်"

တကယ်တော့ ကျွန်တော်တို့ဟင်းကို ဝန်ကြီးချုပ်က မြည်းမကြည့်ပါ။ မိတ္ထီလဒ္ဓိကာကို ဘာသာပြန်ခဲ့သော ဝန်ကြီးချုပ်သည် ချင်းရဲဘော်များနှင့် လာရောက်ရောနောခြင်းသာဖြစ်၏။ တစ်ခါတစ်ခါတော့ သူ့အိမ်မှဟင်းတွေ ယူလာပြီး ကျွန်တော်တို့ကိုကျွေးပါသည်။ သည်အခါဆောင် ကျွန်တော်တို့သည် သူ့ဟင်းတွေကိုဟန်မလုပ်ဘဲ စားပစ်ကြလေသည်။

ဝန်ကြီးချုပ်၏အိမ်တွင် ကျွန်တော်တို့ တာဝန်ကျနေစဉ် မင်္ဂလာဒုံရှိ ချင်းသနင်္ဘာ(၁)မှ တပ်ကြပ်ကြီးတစ်ယောက်က အမိန့်စာလာပေးသည်။ ကျွန်တော်ကို တပ်ကြပ်ကြီးအဆင့်မှ ဒုဗိုလ်ရာထူးသို့ တိုးမြင့်ခန့်ထားကြောင်း အမိန့်စာဖြစ်၏။

ကျွန်တော်ကို Special Commission ခေါ် အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်ထားခြင်းဖြစ်သည်။

ထိုအချိန်က မြန်မာနိုင်ငံတစ်ဝန်းတွင် သောင်းကျန်းသူများ ဆူပူထကြွနေကြပြီ ဖြစ်၏။ ပထမဆုံး ဈေးဦးဖောက်သူမှာ မြန်မာပြည်ကွန်မြူနစ်ပါတီဖြစ်၍ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခိုသွားသည်။ သည့်နောက် ကရင်သောင်းကျန်းသူများက

နေရာအနှံ့မှာ ဆူပူလှုပ်ရှားလာကြသည်။ ဒုတိယကမ္ဘာစစ်တုန်းက ကျန်ခဲ့သော လက်နက်ကျည်ဆန်များသည် သူပုန်ထ၍ ရွရွထိုးနေသော သူတို့အတွက် ရေကန်အသင့် ကြာအသင့်ပေါ့။

သို့နှင့် တပ်မတော်ကို အင်အားဖြည့်တင်းရန် လိုလာသည်။ တပ်သားတွေ စုဆောင်းရ၏။ တပ်သားဟောင်းတွေထဲမှ အရည်အချင်းရှိသူများကို ရာထူးတစ်ဆင့်စီ တိုးမြှင့်ပေးရသည်။ ထိုအခါတွင် ရန်ဝင်ပြည်၌ တိုက်ပွဲအတွေ့အကြုံများခဲ့သော ကျွန်တော်ကို "အရေးပေါ် ပြန်တမ်းဝင်အရာရှိ" အဖြစ် ဒုဗိုလ်အဆင့်တိုးမြှင့်ခန့်ထားခြင်း ဖြစ်လေသည်။

(၉)

၁၉၄၈ ခုနှစ်သည် မြန်မာနိုင်ငံအဖို့ ကံဆိုးမိုးမှောင်ကျသောနှစ်ဖြစ်သည်။ လွတ်လပ်ရေးရပြီး သုံးလအကြာ၌ မြန်မာနိုင်ငံအနှံ့အပြားတွင် သူပုန်တွေ မှီလိုပေါက်ခဲ့၏။ လူလေးငါးယောက်စုမိ၍ ဒေါ်ကျိုးမောင်းဖျက် လက်နက်အစုတ်ကလေး တစ်လက်နှစ်လက်ရှိလျှင်လည်း သူပုန်ထသည့်ခေတ်ဖြစ်သည်။ ပထမတွင် ကွန်မြူနစ်ပါတီ၊ နောက် ကေအင်ဒီအို၊ ဗမာ့တပ်မတော် တပ်ရင်းအချို့၊ ပြည်သူ့ရဲဘော်(ဖြူ)စသည်ဖြင့် မြန်မာပြည်တစ်ဝန်းတွင် သူပုန်တွေ ဘန်ဒိုးထွားနေခဲ့သော အချိန်ဖြစ်ခဲ့သည်။

ရန်ကုန်မြို့ကို အနှံ့ရာပယ်ကြီးကြီးမားမား ပေးနေသော သူပုန်တို့မှာ ကရင်သောင်းကျန်းသူများ ဖြစ်ကြသည်။ ကရင်များသည် အလုံဘက်တွင်လည်းကောင်း၊ အင်းစိန်ဘက်တွင်လည်းကောင်း၊ အစုအဝေးနှင့် အင်အားကြီးစွာ စုရုံးနေထိုင်ခဲ့ကြသည်။ သူပုန်ထချင်သော ကရင်အမျိုးသားတွေက "ကရင်ပြည်နယ်ရရှိရေး" ကြွေးကြော်သံကို ရှေ့တန်းတင်ပြီး သူပုန်ထရန် တာစူခဲ့ကြ၏။ စနစ်တကျ စည်းရုံးလှုံ့ဆော်ပြီး ထကြသောင်းကျန်းလာကြသော ကရင်သူပုန်

www.burmeseclassic.com

www.burmeseclassic.com

များကို ဖဆပလအဖိုးရသည် အကိုင်ရ အတွယ်ရ ခက်လာသည်။ နောက်ဆုံး၌ ၁၉၄၉ ခုနှစ်ဆန်းတွင် သမိုင်းခဲခဲခြမ်းသည့် ကြို့ကုန်း၊ စောဘွားကြီးကုန်း၊ အင်းစိန်၊ ရွာမ၊ ဖော့ကန် စသောနေရာဒေသအားလုံး၌ ကရင်များသည် လက်နက်ကိုယ်အစုံအညီနှင့် တစ်စုတစ်ဝေးတည်း "ခံ" ကြသည်။

ကရင်သောင်းကျန်းသူများနှင့် တပ်မတော်တို့ ထိပ်တိုက်တိုးကြသည်။ အမှန်ဆိုသော် လွတ်လပ်ရေးရပြီးကာစ တပ်မတော်သည် အင်အားနည်းပါးသေး၏။ ဗြိတိသျှအစိုးရထံမှ အမွေခံကာ ရှိရှိလိုက်သော စစ်သုံးလက်နက်အနည်းငယ်မျှကိုပင် အခြေတည်လျက် တပ်မတော်ကို ပြန်လည်ပွဲ့စည်းနေဆဲအချိန်သာဖြစ်သည်။ သို့သော် အင်အားနည်းပါးနေသေးသော တပ်မတော်သည် ကရင်သောင်းကျန်းသူတို့၏ ရန်ကို ပယ်ပယ်နယ်နယ် တွန်းလှန်ဖြိုချနိုင်ခဲ့ပေသည်။

ပထမတွင် ဦးသော်ပန်းကန်စက်ကို သိမ်းတားသော သောင်းကျန်းသူများနှင့် ကျွန်တော်တို့ ချင်းသနက(၁)အပါအဝင် ပြည်ဆောင်စုတပ်များ တွေ့ကြသည်။ ထိုတိုက်ပွဲမှာ ပြင်းထန်လှသည်။ နှစ်ဖက်စလုံးပင် အထိအခိုက်များကြသည်။ သို့သော် ဦးသော်ပန်းကန်စက်ကို ကျွန်တော်တို့ သိမ်းပိုက်နိုင်၏။ ကရင်သောင်းကျန်းသူများသည် နောက်သို့ဆုတ်ပြီး ရော်ဘာခြံတွင် အလုံးအရင်းနှင့် ခံကြပြန်၏။

ဦးသော် ပန်းကန်စက် တိုက်ပွဲအပြီးတွင် ကျွန်တော်တို့တပ်ကို အနားပေးသည်။ ခေတ္တအနားယူခွင့် ရခြင်းဖြစ်သည်။ မင်္ဂလာဒုံတပ်ရင်းစခန်းသို့ ပြန်ပြီး ကောင်းကောင်းအိပ် ကောင်းကောင်းစားကြရသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ရော်ဘာခြံတိုက်ပွဲဖြစ်သည်။ ထိုနေ့က ကျွန်တော်တို့တပ်ကို တပ်ခွဲမှူး ဗိုလ်ကြီးလှမုန်းက ဦးစီးသည်။ သည်တိုက်ပွဲတွင်လည်း ကျွန်တော်တို့ဘက်က အနိုင်ရသည်။ ကရင်သောင်းကျန်းသူများသည် ကြို့ကုန်းဘက်သို့

ဆုတ်ကြပြီး ဦးစက္ကိန်ဘုန်းကြီးကျောင်းက ပင်မအခြေခံပြု၍ အလုံးအရင်းနှင့်ခံသည်။ ထိုအချိန်က ကျွန်တော်တို့ ချင်းသနက(၁)သည် ခဝဲခြံတွင် နေရာယူထား၏။

ဦးစက္ကိန်ကျောင်း တည်နေပုံမှာ စနစ်တကျ ဆောက်ထားသော ခံတပ်တစ်ခုနှင့်ပင် တူသေးတော့သည်။ ဘုန်းတော်ကြီးကျောင်းသည် ဆောင်ကုန်းအမြင့်ပေါ်၌ တည်ရှိ၏။ အနောက်ဘက်တွင်လယ်ကွင်းများ၊ သစ်ပင်အုပ်များနှင့် အိမ်ကလေးတွေ ဟိုတစ်လုံးသည်တစ်လုံး ရှိလေသည်။

ဦးစက္ကိန်ကျောင်းဝင်းအတွင်း၌ အလယ်တွင် ရေတွင်းနှင့် ဧရပ်များဆောက်ထားသော ချိုင့်ဝှမ်းကြီးရှိ၏။ ပတ်ပတ်လည်ကုန်းမြင့်တွင် အုတ်ဖြင့်ဆောက်လုပ်ထားသော တိုက်ကျောင်းများရှိသည်။ ယင်းတိုက်ကျောင်းများကို သစ်ပင်များက အုတ်စိမိုးကာထား၏။ ဘုန်းကြီးကျောင်းအနီးသို့ ချဉ်းကပ်လာသူကို ကျောင်းတည်ရှိရာကုန်းမြင့်ပေါ်မှစီး၍ ကောင်းကောင်းကြီး ပစ်ချနိုင်မည်ဖြစ်သည်။ သူတို့အပေါ် မည်သည့်နည်းနှင့်မျှ ထိထိရောက်ရောက် တိုက်ခိုက်၍ ရနိုင်မည်မထင်ပေ။

သို့နှင့် ဦးစက္ကိန်ဘုန်းကြီးကျောင်း၏ တစ်နေရာ ကျောင်းဝန်းကျင်မှ သစ်ပင်အုပ်များ၊ ကျောင်းဝင်းအတွင်းမှ အုတ်တိုက်ကျောင်းများသည် ကရင်သောင်းကျန်းသူတို့အတွက် ပင်မအားထားစရာရဲတိုက်ကြီးသဖွယ် ဖြစ်နေတော့သည်။

ယင်းအခြေအနေကို ဗမာ့တပ်တော်တပ်ရင်း(၅)မှတပ်သား(၁၀၀)ကျော်ပါဝင်သောတပ်ခွဲက ရင်ဆိုင်နေရလေသည်။ တပ်မတော်သည် ဦးစက္ကိန်ကျောင်းကို ဝင်သိမ်းရန် အဘက်ဘက်မှ ကြိုးပမ်းတိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးများ အကူအညီကို အကာအကွယ်ပြု၍တက်သည်။ သို့သော် အကြောင်းမထူးပါ။ ခံကတုတ်ကောင်းကောင်း ရထားသော ကရင်သောင်းကျန်းသူတို့သည် တပ်မတော်ကို ကောင်းစွာတားဆီးထားနိုင်လေသည်။ အခြေအနေမှာ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

က တစ်လက်ပါ၏။ စတင်းဂန်းသေနတ်တွင် ကျည် ၂၈ တောင့် ဝင် ကျည်ကပ် ၁၂ ကပ်ပါသည်။ ကျန် ဒုတပ်ကြပ်တစ်ဦးနှင့် တပ်သားတစ်ဦးတွင်လည်း စတင်းဂန်းနှင့် လက်ပစ်ဗုံးများပါရှိ၏။ အနီးကပ် လျှပ်တစ်ပြက်တိုက်ပွဲ၊ ပြောက်ကျားတိုက်ပွဲများတွင် စတင်းဂန်းကဲ့သို့သော ပေါ်ပါးသည့် အော်တိုမတ်တစ်သေနတ်များနှင့် လက်ပစ်ဗုံးတို့ကသာ အဆုံးအဖြတ် ပေးပေလိမ့်မည်။

ကျွန်တော်တို့သည် အရပ်ဝတ်အရပ်စားများနှင့် ပုဆိုးခပ်စုတ်စုတ်တွေကို ရှာဝတ်ကြရသည်။ ပြီးတော့ အပေါ်မှ ပုဆိုးစုတ်တစ်ထည်ကို ခြုံလိုက်ကြသည်။ စတင်းဂန်းသေနတ်များကို ဂုက်ယူခဲ့ကြသည်။

ကျွန်တော်တို့သည် နေ့မွန်းတည့် ၁၂ နာရီတွင် စတင်လှုပ်ရှားကြ၏။ ဝါးတောအတွင်းမှနေ၍ ဝပ်တွားပြီး ဝင်လာကြသည်။ ရန်သူသည် နောက်ဘက်မှာ ကင်းပုန်းချထားသလား၊ မိုင်းထောင်ထားသလား၊ ခြေမှာဝပ်တွား အခြေအနေကို အကဲခတ်၏။ ဘာမျှ မရှိ၊ ဝါးတောကြီးအထွက်တွင် လယ်ကွင်းပြင်များနှင့်တဲအိမ်ကလေးတွေ ဟိုတစ်လုံး သည်တစ်လုံး ကျိုးတိုးကျဲတဲသာရှိ၏။ လူဆို၍ ဘာအရိပ်အရောင်မျှ မမြင်ရပါ။

သို့နှင့် ဦးစက္ကိန်ဘုန်းကြီးကျောင်းဝင်း အနီးသို့ ကပ်လာကြ၏။

ထို့နောက် ကျွန်တော်တို့ငါးဦးသည် ဦးစက္ကိန်ကျောင်းနောက်ဘက်မှ စည်းရိုးကိုကျော်၍ တစ်ရှိန်ထိုးဝင်ကြသည်။

ရန်သူတို့သည် တပ်မတော်ဘက်မှ အပစ်အခတ်မရှိသည့် အချိန် အေးအေးဆေးဆေး ဖြစ်နေကြ၏။ တချို့က ဥပုသ်ဇရပ်များတွေ လဲလျောင်းနေကြ၏။ အချို့ကတော့ ထမင်းစားနေကြသည်။ ဥပုသ်ဇရပ်တစ်ခုတွင် ကရင်သောင်းကျန်းသူတချို့ ကုလားသေကုလားမော အိပ်နေကြ၏။ အောင်မယ်လေး ... တချို့မောင်းကြီးသားတွေက ဝိုင်းဖွဲ့ပြီး ဖဲရိုက်လို့ပင် နေကြသေး။

ကျပ်တည်းတည်း ဖြစ်နေ၏။ သို့နှင့်ချင်းသနက(၁)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟရန်သီယိုက ကျွန်တော့်ကိုခေါ်၍ပြောသည်။ တပ်ရင်းမှူးက ဦးစက္ကိန်ကျောင်း အခြေအနေကို ရှင်းပြ၏။ ပြီးတော့ ဘုန်းကြီးကျောင်းအတွင်းမှ အခိုင်အမာခံနေသော ကရင်တပ်ဖွဲ့ကို ပြောက်ကျားနည်းဖြင့် ဝင်တိုက်ရန် တာဝန်ပေးသည်။

ကျွန်တော်နှင့် ရဲဘော်လေးဦးသည် ဦးစက္ကိန်ကျောင်းဝင်းကို အနောက်ဘက်မှနေ၍ ဝင်ကြရန်ဖြစ်သည်။ ဦးစက္ကိန်ကျောင်း၏ အရှေ့ဘက်၌ရှိသော တရုတ်သချိုင်းအတွင်း၌ တပ်မတော်မှ အဆင်သင့် နေရာယူ အရောင်ပြထားသည်။ ရန်သူသည် အရှေ့ဘက်ကိုမဲ့၍ဆောင့်ကြည့်နေကြစဉ် ကျွန်တော်တို့က ဦးစက္ကိန်ကျောင်းကို အနောက်ဘက်မှ ဝင်တိုက်မည်။ ကျွန်တော်တို့က အချက်ပေးမီးကျည် ပစ်ဖောက်လိုက်သောအခါ မှသာ အရှေ့ဘက်မှ တပ်မတော်သားများသည် မြားပစ်သလို တစ်ဟုန်တိုး ပစ်ခတ်ချီတက်၍ ဦးစက္ကိန်ကျောင်းကို ဝင်သိမ်းကြမည်ဖြစ်သည်။

အရေးကြီးသည်မှာ ကျွန်တော်တို့ တပ်မတော်ဘက်မှလေယာဉ်ပျံက ပစ်ခတ်ခြင်း၊ အမြှောက်၊ မော်တာများဖြင့် ပစ်ခတ်ခြင်းလုံးဝမရှိရန်ဖြစ်သည်။

ကျွန်တော်သည် စီတ်အချရဆုံးဖြစ်သောတပ်ကြပ်ကြီးခွန်လင်းကို ကျွန်တော်နှင့်အတူ လိုက်ပါရန်ရွေးလိုက်၏။ နောက်ထပ် တပ်ကြပ်တစ်ဦး၊ ဒုတပ်ကြပ်တစ်ဦးနှင့် တပ်သားတစ်ဦးလည်းပါလေ၏။ စုစုပေါင်းငါးယောက်သာဖြစ်သည်။ တပ်ကြပ်ကြီးခွန်လင်းမှာ ချင်းအမျိုးသားဖြစ်၏။ နောင်အခါ သူရဲကွဲ့ရှိပြီး မော်လမြိုင်ဘက်တွင် ဖြစ်ပွားသော တိုက်ပွဲတစ်ပွဲမှာ ကျဆုံးသွားရှာသည်။

ထိုအချိန်က ယခုစက်မှုတက္ကသိုလ်ဝင်းနေရာမှာ ဝါးတောကြီးများသာရှိ၏။ ဝါးတောများအတွင်းမှနေ၍ လှိုဏ်ခေါက်လှုပ်ရှားပြီး ကျွန်တော်တို့ ဝင်ကြရန်ဖြစ်သည်။ ကျွန်တော့်တွင် စတင်းဂန်းသေနတ်တစ်လက်နှင့် လက်ပစ်ဗုံးနှစ်လုံး၊ ခြောက်လုံးပြူးသေနတ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့သည် ပြေးဝင်းသွားပြီး အဆက်ပြတ်ပစ်ခတ်ကြတော့သည်။ ထမင်းစားနေသူ လူအုပ်ထဲသို့ တပ်ကြပ်ကြီးက လက်ပစ်ဗုံးကို နှစ်လုံးဆင့်ပစ်ထည့်လိုက်၏။ ထပြေးသူတွေကို စတင်းကန်းဖြင့် ခပ်ရမ်းရမ်း ဆွဲပစ်သည်။ ဖဲကစားနေကြသော ကရင်သောင်းကျန်းသူများကို ကျွန်တော်က အလယ်မှဝင်၍ လက်ပစ်ဗုံးနှင့် ပစ်ထည့်လိုက်သည်။ ကျွန်တော့်ရဲတော်များသည် ဝဲယာမှဖြန့်၍ တစ်ရှိန်တိုး ဝင်ပစ်သည်။ ဘရင်းကန်းရဲတော်သည် ထွက်ပြေးကြသော ရန်သူများကို ခပ်ဝေးဝေးအထိ လိုက်ပစ်နေသည်။

ရန်သူသည် အငိုက်တွင် အမေခံလိုက်ရ၏။ လက်နက်များကို ပင် ပြေး၍မယူနိုင်ဘဲ အသက်ကိုလု၍ ဆုတ်ကြသည်။ ဦးစက္ကိန်ကျောင်း အရှေ့ဘက်တွင် နေရာယူထားသော ရန်သူတစ်စုကသာ ခံပစ်နိုင်၏။ သို့သော် ကျွန်တော်တို့ အနီးကပ်ပစ်အားကို ရန်သူတို့ မခံနိုင်ပေ။ ခံပစ်,ပစ်ရင်းနှင့်ပင် တရကြမ်း ဆုတ်ခွာသွားကြရသည်။

ရန်သူတို့ ဆုတ်ခွာသွားသောအခါတွင် ကျွန်တော်သည် မီးကျည်အစိမ်းရောင်ကို ကောင်းကင်သို့ ပစ်လွှတ်လိုက်၏။ ရန်သူတို့ကို ပိုင်နိုင်စွာတိုက်နိုင်၍ ရန်သူတို့ဆုတ်ခွာသွားပြီဆိုသော အထိမ်းအမှတ်ဖြစ်၏။ ထို့နောက် ရန်သူဆုတ်ခွာသွားသော အနောက်ဘက်ဆီသို့ စောင်း၍ မီးကျည်အနီကို ကောင်းကင်သို့ ပစ်လွှတ်လိုက်ပြန်သည်။ ရန်သူတို့ ဆုတ်ခွာသွားရာ လမ်းကြောင်းကိုပြသော မီးကျည်ပင်တည်း။

ဤတိုက်ပွဲတွင် ရန်သူတို့ဘက်မှ ပွဲချင်းပြီး ၁၁ ယောက် ကျဆုံးသည်။ ဒဏ်ရာရသူများကို တရွတ်တိုက်ဆွဲပြီး သယ်ပြေးကြသည်။ ရန်သူသုံးယောက် ဖမ်းမိ၏။ ကျွန်တော်တို့ဘက်မှ တပ်ကြပ်တစ်ဦး နဖူးတည့်တည့် ကျည်ဆန်မှန်၍ ကျဆုံးရုံမှအပ အခြားအထိအခိုက်မရှိ၊ ယင်းတပ်ကြပ်ရဲဘော်မှာလည်း ပစထမတွင်အထိအခိုက်မရှိပါ။ နောက်မှဆုတ်ခွာသွားသော ရန်သူ့လက်ဖြောင့်တပ်သားများက အဝေးမှ လှမ်းပစ်သဖြင့် ကျည်မှန်ကာ နေရာမှာပင်ကျဆုံးရခြင်းဖြစ်သည်။

မကြာမီတရုတ်သချိုင်းအတွင်း၌ အသင့်နေရာယူထားသော ကျွန်တော်တို့ဘက်မှ တပ်စုက ဦးစက္ကိန်ကျောင်းတွင် ဝင်ရောက်နေရာယူရသည်။ အခြားတပ်စုတစ်စုက ဆုတ်ခွာသွားသော ရန်သူတို့နောက်သို့လိုက်၍ တိုက်ခိုက်နေ၏။ တိုက်ပွဲဖြစ်ပွားနေစဉ်က ကျွန်တော့်တပ်မှူး ဒုဗိုလ်မှူးကြီးဟရန်သီယိုသည် မှန်ပြောင်းဖြင့် စောင့်ကြပ်ကွပ်ကဲနေသည်။ မူလအစီအစဉ်အတိုင်းပင် ကျွန်တော်တို့ ဝင်တိုက်နေသော ရန်သူ့နယ်မြေကို ကျည်တစ်တောင့်မှမပစ်ရန် တပ်ဖွဲ့ကို အမိန့်ပေးထား၏။ ကျွန်တော်တို့ထံမှ အချက်ပေးမီးကျည်ကိုကြဲချသည့်၍ တပ်များ စနစ်တကျ ဝင်ရောက်ရန်လည်းစီစဉ်လျက်ရှိခဲ့သည်။

တိုက်ပွဲပြီးသွားသောအခါ တိုက်ပွဲနေရာသို့ ဒုဗိုလ်မှူးကြီးဟရန်သီယုံနှင့် တပ်မှူးများ လာရောက်ကြည့်ရှု၏။ လိုအပ်သည်တို့ကို ညွှန်ကြားသည်။ ကျွန်တော်နှင့်အဖွဲ့ကိုတော့ အနားယူရန်ခွင့်ပေးသည်။ ကျွန်တော်တို့သည် ဝေးဝေးမသွားရပါ။ တရုတ်သချိုင်းနှင့် ဦးစက္ကိန်ကျောင်းအကြားရှိ လှိုကြီးတစ်ခုအတွင်း၌ အေးအေးဆေးဆေး နေကြရသည်။ သောက်ကြ၊ စားကြ၊ အိပ်စက်အနားယူကြနှင့် ခဏတော့ ဒိမ်ပဲပေါ့။ နောက်တော့ မင်္ဂလာဒုံတပ်ရင်းသို့ပြန်ပြီး ဆက်လက်နားခွင့် ရခဲ့လေတော့သည်။

ဦးစက္ကိန်ကျောင်းမှ ဆုတ်ခွာသွားသော ကရင်သောင်းကျန်းသူတို့သည် သိပ်ဝေးဝေးဆုတ်ခြင်းမဟုတ်။ ဦးစက္ကိန်ကျောင်းမှ လှမ်းကြည့်လျှင် သေနတ်တစ်ကမ်းလောက်ပင် မဝေးသော ပီ၊ ဒဇလျူဒီ၊ ဘန်ဂလိုအဆောက်အအုံကို အခိုင်အမာပြု၍ ဆက်လက်ခုခံနေကြပြန်လေသည်။

သူတို့သည် သံဆူးကြိုးများကို အကျအနကာ၍ မြေကတုပ်ကျင်းများကို သေသေချာချာတူးပြီး ခိုင်ခိုင်မာမာခံကြပါစေ၊ တိုက်ရမည်သူကလည်း တိုက်ရမည်ပဲမဟုတ်လား။ သည်တော့ တပ်မတော်သည် အခြေအနေကို ကျကျနနသုံးသပ်ပြီး ကရင်သောင်းကျန်းသူ

www.burmeseclassic.com

www.burmeseclassic.com

တို့၏ ဒုတိယခံကတုတ်ကို ဝင်တိုက်ပြန်လေသည်။ သို့သော်ခံစစ်နှင့် ထိုးစစ်တွင် ခံစစ်သည် အခြေအနေကောင်းကို ဆုပ်ကိုင်ထားသည်။ ထိုးစစ်ဆင်သူက အကာအကွယ်မဲ့သော မြေတလင်းတွင် ထင်ထင်ရှားရှားဝင်ရ၏။ ခံစစ်သမားသည် သံဆူးကြိုးဝင်းနှင့်မြေကတုတ်ကျင်းများ၊ သစ်ပင်အုပ်အုပ်အတွင်းရှိ အထူးဆောက်လုပ်ထားသော လင့်စင်များပေါ်မှ စိတ်ကြိုက်ခံပစ်နိုင်လေသည်။ ထို့ကြောင့် တပ်မတော်ဘက်မှ အထိအခိုက်များသည့် အခြေအနေတွင် ရှိခဲ့သည်။

ကျွန်တော် မှတ်မိသလောက်မှာ ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသော ဗိုလ်ကြီးတင်လှိုင်၏ တပ်မှ တပ်မတော်သား ၁၂ ဦးကို ရန်သူက မီသွား၏။ ရုစ်ယောက်မှာ သစ်ပင်အုပ်များတွင်ခိုအောင်းနေသော လက်ဖြောင့်တပ်သားတို့လက်ချက်ဖြင့် နေရာတွင်ပင် ကျဆုံးခဲ့ရသည်။ ပြီးတော့ ဒဏ်ရာရသူတွေကလည်း မနှည်းလှပါ။ အဖြစ်ဆိုးလိုက်ပုံကတော့ ကျဆုံးကုန်ကြသော တပ်မတော်သားရုစ်ဦး၏ အလောင်းကိုပင် ကျွန်တော်တို့ဘက်မှ ဝင်ရောက်ကောက်ယူရန် အခက်တွေ့နေ၏။ အလောင်းကောက်ဖို့ တက်သွားသည်နှင့် "စနိုက်ပါ" ခေါ် ရန်သူလက်ဖြောင့်တပ်သားတွေက တရကြမ်းပစ်ကြသည်။ ထို့ကြောင့်ပင် ကျဆုံးကုန်သော ရဲဘော်တွေ၏ အလောင်းကိုမျှ ဝင်မကောက်နိုင်တော့ဘဲ ဆုတ်ခဲ့ကြရလေသည်။

တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက် ကြာလာတော့ ကျဆုံးသောရဲဘော်တွေ၏ အလောင်းက အပုပ်နံ့ထွက်လာသည်။ ရန်သူတို့ကလည်း ကျဆုံးသူရဲဘော်တို့ အလောင်းများကို ဖယ်ရှားခြင်းမပြုဘဲထား၏။ သည်အလောင်းတွေကို လာကောက်ကြလျှင် စောင့်ပစ်ရန် ထောင်ချောက်လုပ်ထားကြသည်။ အလောင်းတွေက အပုပ်နံ့ထွက်လာသောအခါတွင် သူတို့သည် ဓာတ်ဆီပုံးကြီးများယူလာပြီး အလောင်းတွေကို ဓာတ်ဆီဖျန်းသည်။ အလောင်းတွေကို ဓာတ်ဆီလောင်းခြင်းဖြင့် အပုပ်နံ့ကိုထိန်းနိုင်ရန် ဖြစ်လေသည်။

ဆောင်းအကုန် နွေအကူးဆိုတော့ ညမှာချမ်း၏။ နေ့အခါ နေကခြစ်ခြစ်ဆာက်ပူသည်။ ဓာတ်ဆီလောင်းထားသော အလောင်းတွေမှာ နေပူပူတွင် ကျပ်တင်ထားသော အမဲခြောက်လို ခြောက်ကပ်လာလေသည်။

သည်လိုနှင့် ထိုနေရာ၌ အဆုံးအဖြတ်ပေးသောတိုက်ပွဲမဖြစ်လာတော့ဘဲ အခြေအနေမှာ ရှေ့မတိုးနောက်မဆုတ် ဖြစ်နေသည်။ "သည်အတိုင်းသွားလို့ ဖြစ်ပါ့မလား၊ တိုက်ပွဲကို အဖြူအမည်းကွဲကွဲပြားပြားဖြစ်အောင် ဘယ်လိုလုပ်မှာလဲ"။

ဦးစက္ကိန်ကျောင်းတိုက်ပွဲမှာတုန်းက ပြောက်ကျားတိုက်ပွဲနည်းဗျူဟာကို ချမှတ်ပေးခဲ့သော ကျွန်တော်တို့တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဘရန်သီယိုကဖင် အဖြေကိုရအောင်ရှာလေသည်။ မင်္ဂလာဒုံတွင် အနားယူနေသော ကျွန်တော့်ကို တပ်ရင်းမှူးကခေါ်သည်။ ပြီးတော့ ရန်သူ့ခံကတုတ်ကို ဝင်ဖြိုရန် ပြောက်ကျားနည်းဗျူဟာကို စနစ်တကျ ရေးဆွဲပေး၏။

တပ်ရင်းမှူးက "အဲဒါပဲ၊ မင်း နားမလည်တာရှိရင် ထပ်မေး၊ မင်းလိုချင်တဲ့သူနဲ့ မင်းလိုချင်တဲ့လက်နက်ကို ရွေးယူနိုင်တယ်"

ကျွန်တော်သည် တပ်ရင်းမှူးကို အလေးပြုပြီး ထွက်လာခဲ့သည်။ တပ်ရင်းမှူး၏ ခွင့်ပြုချက်အတိုင်း ကျွန်တော်လိုချင်သော လက်နက်နှင့် ကိရိယာများကို ရွာဖွေစုဆောင်းသည်။ ကျွန်တော်လိုချင်သောလူကို ရွေး၏။ အစီအစဉ်များကို စနစ်တကျ စည်းဝါးရိုက်သည်။

ယခုတစ်ကြိမ်တိုက်ပွဲတွင် ညဉ့်အချိန်ရန်သူတို့ အိပ်မောကျနေချိန်ကို ရွေးရသည်။ ညဉ့်တစ်နာရီတိတိတွင် ကျွန်တော်နှင့် ရဲဘော်ငါးယောက်တို့သည် လက်နက်အစုံအညီနှင့် ရန်သူ၏သံဆူးကြိုးကာ ခံကတုတ်သို့ ချဉ်းကပ်သွားကြသည်။ ကျွန်တော်တို့ထံမှ သေနတ်ပစ်သံများ ကြားရသောအခါတွင် နောက်မှတပ်ဖွဲ့များလိုက်ပါချီတက်လာရန် အသေအချာ မှာထားပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ထံတွင် စတင်းဂန်းသေနတ်နှင့် လက်ပစ်ဗုံးနှစ်လုံး ပါသည်။ ထိုပြင် အကောင်းဆုံးပလာယာတစ်လက်ပါသည်။ သည်နေ့ တစ်နေ့လုံးပင် ပလာယာဖြင့် သံဆူးကြိုးအတိုအစများကို ကျွန်တော် ဖြတ်တောက်လှော်ကျင့်နေခဲ့သည်။ ရန်သူ့တပ်စခန်းတွင် ဝိုင်းကာထားသော သံဆူးကြိုးများကို အသံမကြားအောင် အမြန်ဆုံး ဖြတ်တောက်ရန်ဖြစ်သည်။

ကျွန်တော်နှင့်အတူ လက်ဆွဲတော် တပ်ကြပ်ကြီးရွှန်လင်းနှင့် ဒုတပ်ကြပ်တစ်ယောက်၊ တစ်သားနှစ်ယောက်တို့ပါလာ၏။ သူတို့တွင်လည်း စတင်းဂန်းသေနတ်များနှင့် လက်ပစ်ဗုံးများ၊ ပလာယာများ ကိုယ်စီကိုယ်ငှ ပါလာကြ၏။

ကျွန်တော်တို့သည် မြေပြင်တွင်တွားသွားကြရ၏။ သေနတ်နှင့် ကျည်ကပ်အပိုများ ထိခိုက်ပြီး အသံမထွက်အောင် သတိထား၍ တက်ရခြင်းဖြစ်သည်။ ကရင်သောင်းကျန်းသူတို့စခန်းနှင့် ခပ်ဝေးဝေးမှနေ၍ မြေပြင်တွင် မိကျောင်းတွားသွား၍ တက်ရသဖြင့် လက်များ ဒူးများတွင် မြေပြင်နှင့် ထိခိုက်မိပြီး ပွန်းပဲ့ပြီးသွေးတွေ ထွက်လာ၏။ သို့သော် နာမှန်းမသိပါ။ ရှေ့တွင် တိုက်ရမည့်တိုက်ပွဲက ရှိနေသေးသည်။

ကျွန်တော်သည် ရှေ့မှ ရန်သူ့စခန်းကို ခေတ္တခဏမျှ မျှော်ကြည့်ရင်း အကဲခတ်သည်။ ရန်သူ့စခန်းမှာ တိတ်ဆိတ်နေ၏။ ဘာသံမှ မကြားရ။ ရေနံဆီမှန်အိမ်ကလေးတစ်လုံးကို ခပ်မိုန်မိုန် ထွန်းထား၏။

အလောင်းများမှ အပုပ်နံ့နှင့် ဓာတ်ဆီနံ့များက လေတွင်ရောပါလာ၏။

ရန်သူ့စခန်း သံဆူးကြိုးဝိုင်းအနီးသို့ ကပ်မိပြီ။ အခြေအနေသည် ငြိမ်သက်နေဆဲ။ ရန်သူ့ကင်းဆောင်တပ်သား၏ လှုပ်ရှားသံမှ မကြားရ။

ကျွန်တော်နှင့်အတူ လာသော တပ်ကြပ်ကြီးရွှန်လင်းသည် ခဏအကြာတွင် ရန်သူ၏သံဆူးကြိုးတပ်အတွင်းသို့ ရောက်သွား၏။ ကျွန်တော်တို့ ကဲကောင်းချင်တော့ ရန်သူတပ်သားသည် သေနတ်ကိုပိုက်၍ အိပ်ငိုက်နေရာသည်။ ကျွန်တော်နှင့် ရဲဘော်များက သံဆူးကြိုးကိုဖြတ်၍ ဝင်ရန်ကြိုးစားနေ၏။ ထိုအချိန်တွင် တပ်ကြပ်ကြီးရွှန်လင်းသည် ရန်သူကင်းဆောင့်တပ်သားဆီပင်ကိုဆွဲပြီး လည်ပင်းကို လုံစွပ်ဖြင့် စိုက်ချလိုက်၏။ ကင်းသမားထံမှ အသံမထွက်အံနှင့် ကိစ္စတုံးသွားရန် စီမံခြင်းဖြစ်၏။

သို့သော် ရန်သူကင်းတပ်သားသည် အေးအေးဆေးဆေး အသက်မထွက်ချေ။ သူ့လည်ပင်းကို လုံစွပ်စိုက်ဝင်သွားစဉ်ကမူး ရှူးထိုးနှင့် တအင်းအင်း အော်နေရသည်။ သူ့အော်သံ တအင်းအင်းကို အဆက်မပြတ် ကြားရသောအခါ ကရင်တပ်သားအချို့သည် အိပ်ရာမှ လန့်နိုးလာကြ၏။ သူတို့က ကရင်ဘာသာဖြင့် လှမ်းမေးသည်။

ကင်းဆောင့်တပ်သားထံမှ အဖြေမရသောအခါ ကရင်တပ်သားတို့သည် အိပ်ရာမှတလှပ်ပြီး နိုးရာလက်နက်များကို ဆွဲကြသည်။ ထိုအချိန်တွင် ကျွန်တော်နှင့် ရဲဘော်များသည် သံဆူးကြိုးအတွင်းသို့ ရောက်နေကြပြီး အိပ်ရာမှ ထလာသော ကရင်တပ်များကို ကျွန်တော်တို့ စတင်းဂန်းသေနတ်များဖြင့် တရကြမ်းပစ်၏။

ညဦးမှောင်မှောင်တွင် သေနတ်ပြောင်းဝမှ ထွက်လာသော ကျည်ဖျင်များက တဝင်းဝင်းတလက်လက် ဖြစ်နေ၏။ ရန်သူတို့ အစုလိုက် ပြေးထွက်လာရာဆီသို့ ရဲဘော်တစ်ဦးက လက်ပစ်ဗုံးဖြင့် လှမ်းပစ်လိုက်၏။ ညည်းသံအော်သံများနှင့်အတူ ရန်သူတို့ ပုံလဲသွားကြသည်။

သေနတ်သံများကြားလျှင် ဆက်တိုက်ဝင်ရန် အချိန်းအချက်လုပ်ထားသော ကျွန်တော်တို့တပ်များသည် ဖောက်ထားသောသံဆူးကြိုးပေါက်များမှနေ၍ အဆက်မပြတ်ဝင်ရောက်လာကြပြီ။ ရဲဘော်တို့သည် ညာသံပေး၍ တရကြမ်း တက်လာကြပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကရင်သောင်းကျန်းသူတို့သည် လက်နက်များကို ပြည့်ပြည့်စုံစုံယူမသွားကြဘဲ ဆုတ်ခွာထွက်ပြေးကြတော့သည်။ ဒဏ်ရာရသော တပ်သားများနှင့် ကျဆုံးသော တပ်သားများကို အတင်းဆွဲယူထမ်းပိုးပြေးကြသည်။ ထိုတိုက်ပွဲတွင် ကရင်သောင်းကျန်းသူတို့ဘက်မှ ၁၂ ယောက် ကျဆုံးကျန်ရစ်၏။ အများအပြား ဒဏ်ရာရရှိသွားမည်ဟု ခန့်မှန်းရသည်။

သူတို့သည် တော်တော်ဝေးဝေးရောက်မှ မောင်ရိပ်ခိုပြီး ပြန်ပစ်၏။ ရန်သူဘက်မှ အော်လီဂန်းသေနတ်ဖြင့်ပစ်ရာ ချင်းတပ်သားရဲဘော်တစ်ဦးမှာ (သူ့နာမည်မှေ့နေပြီ)ချက်နှာကို အော်လီဂန်းကျည်ဆန် ရှပ်၍မှန်သည်။ သွားတစ်ခြမ်းနှင့် လျှာတစ်ပိုင်း ပြတ်ထွက်သွား၏။ သို့သော် ထိုရဲဘော်ကိုသက်ပြင်းမှာ အသက်မသေ၊ ချင်းတောင်၌ ယနေ့တိုင် ရှိသေးသည်။ စောစောပိုင်းရက်များက ကျဆုံးကျန်ရစ်ပြီး မကောက်နိုင်သော ကျွန်တော်တို့ရဲဘော်ရှစ်ဦး၏ အလောင်းများကို သည်အခါမှ ကောက်ယူပြီး စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်နိုင်ခဲ့လေသည်။

ဦးစွက်ခိန်ကျောင်းနှင့် မနီးမဝေးတွင် ရက်အတော်ကြာမှ "ခံ" နေကြသော ရန်သူ့ခံကတုတ်များလည်း သည်နည်းဖြင့် နိုက်ချုပ်ခဲ့တော့သည်။

(၁၀)

တိုက်ပွဲတွေ ... တိုက်ပွဲတွေ၊ တိုက်လိုက်ကြသည်မှာဝက်ဝက်ကွဲပါလေရော။ ကောအင်ဒီအိုများသည် မိမိတို့ခြေကုပ်ယူထားသော အင်းစိန်ဝန်းကျင်ဒေသများကို လွယ်လွယ်နှင့် စွန့်ပစ်ရန်စိတ်မကူးကြ။ ထိုအချိန်က ဗမာ့တပ်မတော်မှ ကရင်သေနတ်ကိုင်တပ်ရင်းအချို့တို့ကလည်း ကောအင်ဒီအိုများဘက် ဝင်သွားကြတော့ ကရင်အရေးတော်ပုံသည် ရှည်ကြာသထက် ရှည်ကြာလာခဲ့သည်။

သည်အခြေအနေတွင် ကျွန်တော်ပါဝင် တိုက်ခိုက်ခဲ့ရသော တိုက်ပွဲများကို ဖော်ပြရမည်ဆိုလျှင် အခန်းကဏ္ဍတွေ အများကြီးချဲ့ရလိမ့်မည်။ သည်တော့ စာဖတ်သူများ စိတ်ဝင်စားဖွယ်ဖြစ်မည့် အခန်းအချို့ကို ဦးစားပေး၍ ဖော်ပြလျှင် သင့်မည်ထင်ပါသည်။ ယခု စော်ဘွားကြီးကုန်းအနီးတွင် ချင်းသနက(၁)မှ တပ်ခွဲနှစ်ခွဲနှင့် ချင်းသနက(၃)မှ တပ်ခွဲနှစ်ခွဲတို့ ရက်အတန်ကြာမျှ ခြေကုပ်စခန်းအဖြစ်ချပြီး ကောအင်ဒီအိုတို့နှင့် တိုက်ကြရသည်။ တိုက်ပွဲဖြစ်ပွားရာနေရာမှာ အင်းစိန်ဘက်မှ မင်္ဂလာဒုံလေယာဉ်ကွင်းဘက်သို့သွားသော လမ်းဘေးမြန်မာသံချိုင်းကလေးရှိသည့် နေရာမှာဖြစ်သည်။ ကောအင်ဒီအိုတို့ကလည်း အင်းစိန်ကို ကျောပေး၍အခိုင်အမာ ရပ်သည်။ တပ်မတော်ကလည်း အင်းစိန်မြို့ကို ပြန်သိမ်းရန် အတွက် မြို့ပြင်ရှိ ကောအင်ဒီအိုတပ်များကို အလျင်ဖြိုရမည်ဟု နားလည်သည်။

ယခုတိုက်ပွဲဖြစ်ပွားရာ ဒေသမှ ကြို့ကုန်းဘက်သို့ မျှော်ကြည့်လျှင် မင်းဓမ္မတောင်ခေါ် တောင်ကုန်းကလေးတစ်ခုကို မြင်ရ၏။ သည်နေရာတွင်လည်း တိုက်ပွဲများ ပြင်းထန်စွာဖြစ်ခဲ့သည်။

စော်ဘွားကြီးကုန်းတိုက်ပွဲတွင် ကျွန်တော့်ကို တာဝန်သစ်ချမှတ်ပေးအပ်သည်။ တိုက်ပွဲတွင် ထိခိုက်ဒဏ်ရာရနေသူများကို သယ်ဆောင်ရသော "လူနာကောက်" တာဝန်ဖြစ်သည်။

တိုက်ပွဲဖြစ်ပွားသောနေရာမှာ ကျည်ကွယ်ရန် အဆောက်အအုံ၊ သစ်ပင် စသည်တို့ မများစွာမရှိ။ သည်တော့ နှစ်ဖက်စလုံးမှအကျအဆုံးအထိအခိုက် များလှ၏။ တစ်နေ့တွင် ကျွန်တော်သည် လူနာကောက်တာဝန်ယူရင်း တိုက်ပွဲအကြားတွင် ပြေးလွှားနေရသည်။

ရန်သူ့ကျည်ဆန်များသည် ကျွန်တော်နှင့်အတူ တာဝန်ထမ်းဆောင်နေသော ရဲဘော်များအကြား၌ ပေါက်ပေါက်ကြသလိုနေကြသည်။ ကျည်ဆန်တွေ အကျများသဖြင့် ရှောင်ပုန်းနေ၍မဖြစ်။ ထိခိုက်ဒဏ်ရာရသူများကို တိုက်ပွဲကြားမှပင် ပြေးလွှားသယ်ယူပြီး နောက်ပိုင်းရှိ စစ်မြေပြင်စစ်ဆေးရုံသို့ ပို့ပေးရ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်က ရဲဘော်တစ်ဦး ခြေထောက်တွင်ကျည်ဆန်မှန်၍ လဲကျသွားသည်။ ကျွန်တော်သည် ချက်ချင်းပြေးသွားပြီး ရဲဘော်ကို ပခုံးပေါ်သို့ ထမ်းတင်လိုက်၏။ ထို့နောက် ရန်သူ့ကျည်ဆန်က လွတ်ကင်းရာဒေသသို့ ထမ်းယူလာ၏။ ရဲဘော်သည် ခြေထောက်မှ ဒဏ်ရာပြင်းထန်၍ ဘအင်းအင်း ညည်းညူရင်း ပါလာသည်။

သူ့ညည်းညူသံကြောင့် လမ်းထက်ဝက်တွင်ရပ်၍ သူ့ကို ပြုစုပေးရန် မဖြစ်ပါ။ ရန်သူ့ကျည်ဆန်ဘွေက စောစောကထက် ပိုမိုပြင်းထန်စွာ ကျရောက်ပေါက်ကွဲနေ၏။ မော်တာကျည်ဆန်များသည် ကျွန်တော်တို့ တပ်စခန်းဘက်တွင် တစ်မိနစ်တစ်ကြိမ်ခန့် တဝုန်းဝုန်း ကျရောက်ပေါက်ကွဲနေသည်။ စက်သေနတ်သံများကလည်း တဒုတ်ဒုတ်၊ ရိုင်ဖယ်နှင့် ဘရင်းဂန်းသေနတ်သံတွေက တဒိုင်းဒိုင်း၊ သံခဲတိုးဝိုင်းကြိုးတစ်ဝိုင်းကို လက်ကုန်တီး၍ဖွည့်ခံနေသလို။

ထိုအခြေအနေကြားတွင် ကျွန်တော်က ဒဏ်ရာရရဲဘော်ကို ထမ်းပိုး၍ ပြေးလာခြင်းဖြစ်သည်။ ပထမတွင် ရဲဘော်သည် တအင်းအင်း ညည်းညူလိုက်ပါလာသော်လည်း အတော်ကလေးကြာသောအခါ ညည်းသံပျောက်သွား၏။ ကျွန်တော်က ထင်လိုက်သည်။ ရဲဘော်သည် ဒဏ်ရာကအနာကို အံကြိတ်၍ခံရင်း မည်သူးတော့ဘဲ လိုက်ပါလာသည်ဟု။

သို့သော် အထင်နှင့်အမြင်ကား လွဲခဲ့ပြီ။ ကျည်လွတ်ရာဒေသရောက်၍ ရဲဘော်ကိုပြုစုမည်ဟု မြေပြင်သို့ ခေတ္တချလိုက်သောအခါ ရဲဘော်ဦးခေါင်းမှာ ငိုက်စိုက်ကျနေသည်။ သူ့ခေါင်းမှသွေးတွေ တစက်စက် ကျနေ၏။ ခေါင်းတစ်ခြမ်းမှာ ကျည်ထိပွင့်ထွက်သွားပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။ ဆိုးလိုက်တဲ့ကုသိုလ်ကံပါပဲ။

ခြေထောက် ဒဏ်ရာရသဖြင့် သယ်ယူလာစဉ် ခေါင်းကို ကျည်ဆန်ထပ်မှန်သဖြင့် ပွဲချင်းပြီး အသက်ဆုံးရှာပြီ။

သြော် ... "သတ္တဝါတစ်ခု ကံတစ်ခု" တဲ့။ သည်သတ္တဝါမှာကား သတ္တဝါတစ်ခု၊ ကံနှစ်ခု ဖြစ်နေပါလား။ ကြိုမှကြိုရပလေ ရဲဘော်ရယ်။

တိုက်ပွဲပြင်းထန်နေသော အချိန်ပိုင်းအတွင်းပင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟရန်သီယိုနှင့် အခြားတပ်မှူးတစ်ဦးတို့သည် ဂျစ်ကားဖြင့် ရောက်လာကြ၏။ ကျွန်တော်နှင့် တိုးမိကြတော့ ကျွန်တော်က တားမိသည်။ ရန်သူ့ကျည်ဆန်တွေ အကျများလွန်းသည်။ တပ်မှူးတို့ကို အန္တရာယ်ရှိလိမ့်မည်။ သည်နေရာကို မလာသင့်ပါဟု အကျိုးသင့်အကြောင်းသင့် တောင်းပန်၏။

ဒုဗိုလ်မှူးကြီးဟရန်သီယိုနှင့်အတူ ပါလာသော တပ်မှူးက ပြန်ပြော၏။

"ဟင် ... မင်းတောင် ဒီအတိုင်းသွားနေတာ ဘာမှမဖြစ်ဘဲနဲ့ တို့က ဘာဖြစ်လို့ ပြန်သွားရမှာလဲ။ မလိုချင်ဘူး၊ လာ ... ကားပေါ်တက်ခဲ့"

ကျွန်တော် ဘာမှထပ်မပြောတော့ပါ။ အထက်အရာရှိနှင့် အောက်လူဆိုတော့ ဘာမှထပ်ဆင်ခြေတက်ရန်မဖြစ်။ သည်တော့ "ဟယ် ... မထူးပါဘူး၊ ကံသာအမိ၊ ကံသာအဖ၊ ကုသိုလ်ကံအတိုင်းပဲ" ဟု သဘောထားပြီး ဂျစ်ကားပေါ် ခုန်တက်လိုက်၏။

ဂျစ်ကားသည် လယ်ကွင်းပျက်များပေါ်တွင် ဖုတ်တထောင်းထောင်းနှင့် မောင်းလာသည်။ တပ်မှူးတို့သည် စစ်ပွဲအခြေအနေကို အဝေးကကြည့်လို့ အားမရသဖြင့် အနီးကပ်စစ်ဆေးရန်ဆိုကိုး။ မကြာမီ ကျည်သွားလမ်းကြောင်းပေါ်သို့ ရောက်လာ၏။ ပစ်လိုက်ကြတဲ့ သေနတ်သံတွေက မိုးလုံးညံပါလေပြီ။

ဂျစ်ကားမောင်းနေသော ယာဉ်မောင်းရဲဘော်ကို ကျည်ဆန်မှန်တော့သည်။ ယာဉ်မောင်းရဲဘော်သည် ကားဘီးလက်ကိုင်ကွင်းကို တအားဆုပ်လှည့်ကိုင်ရင်း ဝေဒနာကို ပြင်းထန်စွာ ခံစားနေရစဉ် ဂျစ်ကားသည် မိုးသီးပေါက်လို ကျနေသော ကျည်ဆန်တွေအကြား

www.burmeseclassic.com

www.burmeseclassic.com

တွင် ပတ်ချာလည်၍ သွားနေသည်။ ထိုအချိန်တွင် သဲနှင့်ကျူးပက်လိုက်သလား ထင်ရအောင် ကျည်ဆန်တွေက ဂျစ်ကားဆီသို့ရောက်လာပြန်၏။ ဒုဗိုလ်မှူးကြီးဟာရန်သီယို၏ ခြေထောက်ကို ကျည်ဝင်၏။ သို့သော် သိပ်မပြင်းထန်ပါ။ ဂျစ်ကားကမူ ဦးကြီးပတ်ပတ် ဒူဆေဝေက,နေသည့်နယ် ပတ်ချာလည်သွားနေဆဲ။

ကျည်ဆန်မုန်ပြီး ငတ်တုတ် အသက်ပျောက်နေပြီဖြစ်သော ဂျစ်ကားဒရိုင်ဘာရဲဘော်ကို ကျွန်တော် အတင်းတွန်းပစ်လိုက်၏။ သူ လဲကျသွားတော့မှ ဂျစ်ကားဒရိုင်ဘာနေရာတွင် ဝင်ထိုင်ပြီး ကားကို မောင်းထွက်ခဲ့သည်။ လီဗာကို လက်မ,ကုန်အောင်နင်းပြီး ဂျစ်ကားကို ကျည်ကွယ်ဒေသအထိ မောင်းခဲ့ရလေသည်။ ထိုအခိုက် တွင် ကျွန်တော့်တယ်ဘက် ခြေသလုံးမှ ပူသွား၏။ ကျည်ထိလိုက်ပြီဟု ကျွန်တော်ထင်သည်။ သို့သော် မကြည့်အားသေး။ ကျည်ကွယ်ဒေသရောက်၍ ခြေထောက်ကို ငုံ့ကြည့်လိုက်တော့ ခြေထောက်မှာ ဘာဒဏ်ရာမှမရှိ။ သွေးမထွက်၊ ခြေသလုံးကမူ ခပ်ပူပူခံစားရ၏။ ထို့ကြောင့် ခြေပတ်ကို ဖြည်ကြည့်လိုက်တော့ ရိုင်ဖယ်ကျည်ဆန်တစ်တောင့်က ကျွန်တော့်ခြေသလုံးကို လာထိကြောင်း သိရလေသည်။

ကျည်ဆန်မှာ အတော်ဝေးဝေးမှ လာရဟန်ရှိ၏။ အရှိန်က မပြင်းတော့ ခဲထိပ်ဖူးသည် ကျွန်တော့်ခြေပတ်နှင့် ခြေအိတ်ကြားထဲတွင် ဝင်နှိုက်နေသည်။ ခြေသလုံးသားအထိ ကျည်ဆန်က မတိုးနိုင်သည်ကိုပင် ပစ်တဲ့လူကို ကျေးဇူးတင်ရပေဦးတော့မည်။

ကျွန်တော်သည် ခြေပတ်ကြားထဲမှ ကျည်ဆန်ထိပ်ဖူးကိုယူ၍ လွှင့်ပစ်လိုက်ရင်း ပြုံးမိ၏။ ဩော် ... သေနေ့ဆေးမှ သေတယ်ဆိုတာ ဟုတ်မှာပါပဲ။ သေနေ့မစေ့တော့ ကျွန်တော့်မှာအားမရှိ။ ဆုံးမငြိ။ ဟိုဘက်ကပစ်တဲ့ လူကိုတော့ ပြောလိုက်ချင်ပါသေးရဲ့။ "ကိုယ့်လူရေ ... မင်းပစ်တဲ့ ကျည်ဆန်က ငါ့ခြေအိတ်ကိုတောင်ပေါက်အောင် မတိုးနိုင်ရာဘူးကွာ" ဟု။

သည့်နောက်တော့ အစိုးရနှင့် ကေအင်ဒီအိုခေါင်းဆောင်များ ငြိမ်းချမ်းရေးလုပ်လိုက်ကြသည်။ ကျွန်တော့်အထင် သုံးရက်ခန့်ရှိမည်။ ငြိမ်းချမ်းရေးစကား ဆွေးနွေးကြသည်။ မအောင်မြင်ပါ။ ဘယ်အောင်မြင်ပါ့မလဲ၊ ငြိမ်းချမ်းရေးလုပ်ချင်လို့မှ မဟုတ်ဘဲ။ ငြိမ်းချမ်းရေးဇန်းပြပြီး တစ်ဖက်မှ ကျည်ဆန်စု၊ လူအင်အားစု၊ တိုက်ခိုက်ရေးအားဖြည့်ရန် ကရင်သောင်းကျန်းသူများက အားထုတ်ကြခြင်းသာဖြစ်၏။ သူတို့လုပ်သော ငြိမ်းချမ်းရေးသည် ဟန်ပြမျှသာဖြစ်ခဲ့သည်။

ထိုသို့ ငြိမ်းချမ်းရေးကာလ သုံးရက်မျှ အပစ်အခတ်ရပ်ထားစဉ်က ဖြစ်ရပ်ကလေးတစ်ခုကို ကျွန်တော် သတိရ၏။

ကရင်သောင်းကျန်းသူများသည် သူတို့စခန်းကို အမြဲတမ်းသံဆူးကြိုးကာသည်။ ယခု စော်ဘွားကြီးကုန်းတိုက်ပွဲတွင်လည်း သူတို့သည် မိမိတို့ တပ်စခန်းကို သံဆူးကြိုးများဖြင့် အခိုင်အလုံကာသည်။

ညနေ နေဝင်ရီတရော ညီအစ်ကိုမသိတသိအချိန်တွင် အင်းစိန်ရှိ သူတို့ဌာနချုပ်မှ ဆက်သားရဲဘော်တစ်ဦးသည် "မော်တော်ဆိုင်ကိုယ်တစ်စီးဖြင့် ကရင်သောင်းကျန်းသူတို့စခန်းကို လာမြဲဖြစ်၏။ ဆက်သားရဲဘော်သည် ညအခါ သူတို့ကေအင်ဒီအို တပ်သားများအသုံးပြုမည့် "စကားဝှက်"ကို လာပို့ခြင်းဖြစ်သည်။ ညနေတိုင်းပင် ထိုရဲဘော်လာသည်ကို ကျွန်တော်တို့ စခန်းကျရာ တောင်ကုန်းမြင့်မြင့်ကလေးမှ လှမ်းမြင်ရသည်။

ထိုကရင်ဆက်သားသည် အဝေးမှ မော်တော်ဆိုင်ကယ်ကို စက်ကုန်ဖွင့်၍ မောင်းလာပြီး သူတို့စခန်းအနီး ကုန်းဆင်းသို့ရောက်သောအခါ မော်တော်ဆိုင်ကယ်ကို စက်ပိတ်၍ ဖရိုဖရိုက်ဝင်လာမြဲဖြစ်သည်။

သည်ရှုခင်းကို မြင်ရသည်မှာ ကြာပြီ။ တစ်ရက် နှစ်ရက် သုံးရက်၊ မြင်ရဖန်များတော့ ကျွန်တော့်စိတ်သည် မရိုးမရွဖြစ်လာ၏၊

www.burmeseclassic.com

www.burmeseclassic.com

နဖူးက အမာရွတ်ကလေးကို စမ်းကြည့်မိ၏။ မော်တော်ဆိုင်ကယ် မစီးရသည်မှာ ကြာပြီ၊ သိပ်စီးချင်နေ၏။ ခုနေများ မော်တော်ဆိုင်ကယ်တစ်စီးရရင် ဘယ်လောက်ဟန်ကျမလဲတွေးမိသည်။ ကျွန်ဆော့်ဆန္ဒကို ရဲဘော်တပ်ကြပ်ကြီးရွန်လင်းအား ပြောမိသည်။ သူနှင့် ကျွန်ဆော် တိုင်ပင်ပြီး ကရင်ဆက်သားသံမှ မော်တော်ဆိုင်ကယ်ကို တိတ်တိတ်လုယူရန် ဆုံးဖြတ်ကြသည်။ ဘယ်လိုလုပ်မှာလဲ။

တစ်နေ့ညနေတွင် ကျွန်တော်က ခြောက်လုံးပြူးတစ်လက်၊ ကျွန်ဆော့်ရဲဘော် တပ်ကြပ်ကြီးရွန်လင်းက သစ်သားတုတ်တစ်ချောင်းကိုကိုင်၍ ရန်သူ့သံဆူးကြိုးစခန်းကို ဖောက်ဝင်ကြသည်။ ကျွန်တော်တို့ ဝင်ရာလမ်းတွင် မော်တော်ဆိုင်ကယ် တစ်စီးစာမျှ ကျယ်အောင် သံဆူးကြိုးကို ပလာယာဖြင့်ဖြတ်၍ထားခဲ့၏။ သံဆူးကြိုးမှာ နှစ်ထပ်ဆင့်ကာထားရာ နှစ်ထပ်စလုံးကို ဖြတ်ရသည်မှာ လက်ဝင်လှ၏။ ကျွန်တော်တို့ ပြန်ထွက်မည့်လမ်းမှာ ညဉ့်အချိန် မှောင်နေမည်ဖြစ်ရာ သံဆူးကြိုးဖောက်ထားသော နေရာများ၌စက္ကူစုတ်များ ချထားပြီး ခဲဖြင့်ဖိထားခဲ့သည်။ သည်တော့မှ ညဉ့်မှောင်မှောင်တွင် စက္ကူဖြူများက လမ်းပြနိုင်လိမ့်မည်။

ကျွန်တော်တို့သည် သံဆူးကြိုးနှစ်ထပ်ကို အလွယ်တကူဖြတ်ဝင်နိုင်ကြသည်။ သည်ဘက်မှာ ရန်သူအစောင့်မရှိ၊ ကျွန်တော်တို့ကို မမြင်နိုင်။ ခပ်လှမ်းလှမ်းတွင် သူတို့တပ်ဖွဲ့ရုံးခေါ်မလား၊ ရွက်ထည်တဲကလေးတစ်လုံးရှိသည်။ ကရင်တပ်သားတွေ ဝင်လိုက်ထွက်လိုက်လုပ်နေကြသည်ကို လှမ်းမြင်ရ၏။ သို့သော် တော်တော်ဝေးသည်။

ကျွန်တော်တို့သည် မြေပြင်တွင် ပြားပြားဝပ်၍ရန်သူဆက်သားကို စောင့်နေ၏။ တော်တော်ကလေးကြာတော့ ခပ်ဝေးဝေးမှ မော်တော်ဆိုင်ကယ်သံကြားရသည်။ ကျွန်တော့်ဆီမရောက်ခင် ကုန်ဆင်းကလေးတွင် မော်တော်ဆိုင်ကယ် စက်ပိတ်လိုက်၏။ မော်တော်ဆိုင်ကယ် ဖရီးရိုက်၍ လိမ့်ဆင်းလာသည်။ ကုန်းဆင်းကလေးမှ ကျွန်တော်တို့စောင့်နေသော နေရာသို့ မော်တော်ဆိုင်ကယ် လိမ့်ဆင်း

လာသည်မှာ တစ်မိနစ်ခန့် မကြာပါ။ စက္ကန့်အနည်းငယ်မျှသာ ရှိမည်ထင်၏။ သို့သော် ကျွန်တော့်စိတ်အထင်မှာ အကြာကြီး၊ မြန်မြန်လေးပါတော့ ကိုယ့်လူရယ်၊ မင်းကို ရိုက်ချင်လှပြီ၊ မော်တော်ဆိုင်ကယ် စီးချင်လှပြီဟု စိတ်ထဲမှ ပြောနေသည်။

မကြာမီ မော်တော်ဆိုင်ကယ်မှာ မှောင်ရိပ်ထဲမှ ပေါ်လာပြီး ကျွန်တော့်အနားသို့ ရောက်လာ၏။ တပ်ကြပ်ကြီးရွန်လင်းကား လက်မြန်သူတည်း။ သူသည် ပုန်း၍ဝပ်နေရာမှ ထ၊ပြီး လက်ထဲမှ တုတ်ဖြင့် ကရင်ဆက်သားကို တစ်ချက်တည်း ရိုက်ချလိုက်သည်။ ကရင်ဆဂ်သားသည် အသံမျှပင်မထွက်ဘဲ လဲကျသွားသည်။ ကျွန်တော်က မော်တော်ဆိုင်ကယ်ရှေ့သို့ အဝေးကြီးလိမ့်မသွားအောင် လှမ်းထိန်း ထားလိုက်သည်။ ရန်သူဆက်သားကို ကြည့်လိုက်တော့ သတိလစ်နေပြီ။ မြေပြင်မှာစန့်စန့်ကြီး အနားယူနေသည်။ ကျွန်တော်တို့နှစ်ဦးသည် မော်တော်ဆိုင်ကယ်ကို အသာတွန်းပြီး ခပ်ဝေးဝေးသို့ ယူလာကြသည်။ သံဆူးကြိုးတန်းနှင့် မနီးမဝေးသို့ရောက်မှ ကျွန်တော်က မော်တော်ဆိုင်ကယ်ပေါ် ခွထိုင်လိုက်ပြီး စက်နှိုးလိုက်၏။ ကောင်းလိုက်တဲ့စက်ပါပဲ။ တစ်ချက်တည်းနှင့် စက်နိုးသွားသည်။ ရဲဘော်တပ်ကြပ်ကြီးရွန်လင်းက နောက်မှထိုင်သည်။ သူက လဲကျနေသော ကရင်ဆက်ဂ်ားကို လှည့်ကြည့်လိုက်ပြီး နောက်တောက်တောက်ပြော၏။ "ကျေးဇူးပဲ၊ ကိုယ့်လူရေ"။ ကျွန်တော်သည် စက္ကူဖြူအစအနများ ချထားခဲ့သော သံဆူးကြိုးဆီသို့မှန်း၍ မော်တော်ဆိုင်ကယ်ကို ခပ်မှန်မှန်ကလေး စီးထွက်လာခဲ့၏။ စက္ကူအစအနများကား ညဉ့်မှောင်မှောင်တွင် အကောင်းဆုံးလမ်းပြမှတ်တိုင်များ ဖြစ်နေလေသည်။

မော်တော်ဆိုင်ကယ်မှာ ဘီအက်စ်အေ အမျိုးအစား၊ စစ်သုံးမော်တော်ဆိုင်ကယ်ဖြစ်၏။ ကရင်ကိုယ်တော်မြတ်တွေ ဘယ်ကရထားသလဲမသိ၊ ဆိုင်ကယ်မှာ အကောင်းကြီးရှိသေး၏။ ကျွန်တော်တို့နှစ်ဦးသည် လှုပ်ရလာသော သည်မော်တော်ဆိုင်ကယ်နှင့်ပြေးထဲ

www.burmeseclassic.com

www.burmeseclassic.com

သို့သွား၍ လည်ကြ၊ ပတ်ကြ၊ ပျော်လိုက်ကြသည်မှာ မဆုံးပါနှင့်တော့။

ကျွန်တော်တို့ဆွန့်စားခန်းကို တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟရန်သီယို သိသွားတော့ အဆုံးရသည်။

"မင်းတို့ နောက်ကို ဒါမျိုးမလုပ်နဲ့၊ ခေါင်းအစားမရဘူး၊ စွန့်စားတယ်ဆိုတာ ဆွန့်စားသင့်တဲ့အလုပ်မှ စွန့်စားရကြိုးနပ်တာယ်" စသည်ဖြင့် ဗိုလ်မှူးက ဆုံးမ,စကားပြောလေသည်။ ကျွန်တော်တို့ နှစ်ယောက်က အပြစ်ရှိသူများပီပီ ငြိမ်နေလိုက်ရ၏။ ဘာမှပြန်မပြောရဲတော့ပါ။

ယင်းမော်တော်ဆိုင်ကယ်ကို ကျွန်တော်က အားရအောင်စီးပြီး သောအခါ ရဲဘော်ရွှန်လင်းကို ပေးလိုက်၏။ ရွှန်လင်းလည်း သူစီးလို့အားရတော့ ဆိုင်ကယ်ကို ဒွေ ၅၀၀ ကျပ်နှင့် ရောင်းစားလိုက်သည်ဟု သိရလေသည်။

စောဘဦးကြီးနှင့် အစိုးရတို့ ဆွေစပ်ပွဲသည် ပျက်သွားလေပြီ။ ကရင်ဆောင်းကျန်းသူများနှင့် ပြည်ထောင်စုအစိုးရအကြား တိုက်ပွဲများဆက်ဖြစ်နေပြီဖြစ်သည်။ အခြေအနေမှာ ကိုယ်သေသေသူကျေ ကျေတိုက်မှ ကိစ္စပြတ်တော့မည်။

နောက်တစ်ပတ်အကြာတွင် ကျွန်တော်တို့တပ်ရင်းကို မင်္ဂလာဒုံ ပြန်ပို့လိုက်ပြန်သည်။ ပြန်ပို့လိုက်သည်ကတော့ အနားယူကြဖို့ပဲ။ သို့သော် လုသာနားရသည်၊ စိတ်ကမနားရပါ။ ဘယ်လိုနားရမလဲ၊ အင်းစိန်ဘက်မှာ ပစ်သံဒတ်သံတွေက တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ကြားနေရပြီး လူက တပ်ရင်းမှာအိပ်နေဖို့ဆိုတာက ဘယ်လိုမှမဖြစ်ပါ။ ကျွန်တော့်စိတ်တွေက ဂနာမငြိမ်ဖြစ်နေသည်။ သို့သော် မကြာမီ ကျွန်တော့်အလိုပြည့်ဖို့ ဖြစ်လာသည်။

အင်းစိန်မရောက်မီ အောင်ဆန်းမြို့အနီးတွင် ကောအင်ဒီအိုတို့ သည်အခိုင်အမာခံနေကြသည်။ သည်နေရာတွင် စွပ်ကျယ်စက်ရုံကြီး တစ်ရုံရှိသည်။ စွပ်ကျယ်စက် အဝင်ဝတွင် အိမ်အမြှင့်ကြီးရှိသည်။

အိမ်ကြီးပေါ်မှနေ ကောအင်ဒီအို လက်ဖြောင့်တပ်သားတွေက နေရာယူထားသည်။ ဘေးပတ်ပတ်လည်တွင်လည်း သဲအိတ်များ၊ ဆန်အိတ်များအထပ်ထပ်ခံ၍ ခိုင်မာသောခံကတုတ်ကို ဆောက်ထားကြသည်။

စွယ်ကျယ်စက် အဝင်ဝတွင် သံတံခါးကြီးရှိ၏။ သံတံခါးကြီးကို အခိုင်အမာ မောင်းချ၍ အတွင်းမှသော့ပိတ်ထားသည်။ အတွင်းဘက်မှ သဲအိတ်များ၊ ဆန်အိတ်များ အထပ်ထပ်ခံလျက် သဲအိတ်တွေနောက်မှာ စက်သေနတ်ကိုင် ကရင်တပ်သားတွေက စောင့်သည်။ အခြေအနေကား ဘီလူး ဂုမ္ဘာန် အထပ်ထပ်ရံလို့ဟု တေးဖွဲ့ရတော့မလောက် ဖြစ်နေ၏။

ကရင်ဆောင်းကျန်းသူများသည် စွပ်ကျယ်စက်ကို အခိုင်အမာခံသည်မှာ အကြောင်းရှိ၏။ သည်နေရာကား အင်းစိန်ကိုပြန်သိမ်းရန် အလွန်အရေးပါသောနေရာ မဟုတ်လား။ အင်းစိန်သို့ချီမည့် အမှီးရတပ်များသည် မင်္ဂလာဒုံဘက်မှ ဝင်လာလျှင် စွပ်ကျယ်စက်ခံကတုတ်ကို ဖြတ်ကျော်သွားရမည်ဖြစ်၏။ သည်နေရာမှာ ခိုင်ခိုင်ခန့်ခန့် တားဆီးထားနိုင်လျှင် အင်းစိန်ကို အစိုးရတပ်များလွယ်လွယ်နှင့်သိမ်းဖို့ ခက်သွားလိမ့်မည်။

စွပ်ကျယ်စက်ကို ချင်းသနက(ခ)တပ်ခွဲမှ ဗိုလ်ကြီးထပ်ခူးတို့ တပ်ကဝင်ဇိုက်သည်။ ကရင်တပ်များ အခုအခံကောင်းနေ၍ အခက်တွေ့နေရသည်။ စွပ်ကျယ်စက်အနီး ကပ်သွားလျှင် သုံးထပ်အိမ်ကြီးပေါ်မှစောင့်နေသော ကရင်လက်ဖြောင့်တပ်သားတို့က တစ်ယောက်ချင်း ရွေးချပစ်နေ၏။ ပြီးတော့ စွပ်ကျယ်စက်ဝင်းအနီး ကပ်သွားလျှင် အကာအကွယ်ပြုစရာဆိုး၍ ဘာမှမရှိ။ သည်တော့ အပေါ်မှဆီးပစ်သည်ကို ငုတ်တုတ်ခံရုံကလွဲ၍ ဘာမှမတတ်နိုင်ပြီ။

စွပ်ကျယ်စက်တွင် ဤသို့ ရှေ့မတိုး နောက်မဆုတ် ဖြစ်နေသည်ကို ကျွန်တော်တို့တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟရန်သီယိုက မကျေနပ်။ ဘာဖြစ်လို့များ ကရင်တွေက ဆုံးနေနိုင်ရမလဲ၊ သူတို့ခံပုံကို ဘယ်လိုဖြတ်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com

တပ်ရင်းမှူးက ကျွန်တော့်ကိုခေါ်၍တိုင်ပင်၏။ သည်နေရာမှာ တပ်ခွဲ(၃)ကို တာဝန်လွှဲမည်။

"ဘယ့်နယ်လဲကွ၊ မင်းတို့နှစ်ယောက်ကို တာဝန်ပေးရမှာပဲ။ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးလိုပေါ့ကွာ။ မင်းနဲ့ ရွှန်လင်းတို့ဆောင် ရွက်နိုင်ပါ့မလား၊ အခြေအနေကို သွားလေ့လာကြည့်ဦး"

"ဟုတ်ကဲ့ ... ဗိုလ်မှူးကြီး"

ကျွန်တော်သည် ဗိုလ်မှူးကြီးကို အလေးပြု၍ ထွက်ခဲ့သည်။ ထို့နောက် ရွှန်လင်းကိုခေါ်၍ စွပ်ကျယ်စက် အခြေအနေကိုသွား ကြည့်၏။ ရန်သူတို့၏ခံကတုတ်၊ ပိတ်ထားသောတံခါး၊ ရန်သူ့ခို အောင်းရာ အိမ်မြင့်မြင့်ကြီး အနေအထား၊ ထိုအိမ်ကြီးပေါ်မှသံခိုတ် များ၏ အခြေအနေ အားလုံးကို လေ့လာပြီးသောအခါတွင် ဝင် တိုက်ရန် ဆုံးဖြတ်လိုက်သည်။

ကျွန်တော်သည် တပ်ရင်းရုံးသို့ ပြန်သွားပြီး ကျွန်တော်မြင်ခဲ့ သော အခြေအနေနှင့် ဝင်တိုက်ရမည့်ပုံစံကို တင်ပြသည်။

ကျွန်တော်နှင့် တပ်ကြပ်ကြီးရွှန်လင်းသည် ကျစ်ကားတစ်စီးဖြင့် ခံတပ်ကို ဝင်တိုက်မည်။ ကျစ်ကားကို သံပြားထူထူကြီးများကာ၍ သံချပ်ကာကျစ်ကားအဖြစ် ဝပ်ရောများ တည်ဆောက်မည်။ သံတံခါး ကို ဖျက်ဆီးနိုင်ရန် ကျစ်ကားရှေ့တွင် သံချွန်ကြီးကိုလည်းနိုင်ခိုင် မာမာတပ်ထားမည်။ ကျစ်ကားပြင့် အကြိမ်ကြိမ်ဆောင့်လျှင် ဘယ် ခံနိုင်မလဲ။

တပ်ရင်းမှူးသည် ကျွန်တော်တင်ပြသော တိုက်ပွဲစီမံကိန်းကို နားထောင်ပြီး လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ပေး သည်။ သတိထားရမည့် အခြေအနေများကို ထောက်ပြသည်။ ပြီးတော့ လက်ခံပြီး တိုက်မိန့်ပေးလိုက်လေသည်။

ကျွန်တော်သည် တပ်ရင်းမှကျစ်ကားကို အလယ်ပိုင်းတိုင်း ဝပ်ရောစက်ရုံသို့ မောင်းယူသွားလေသည်။ ကျစ်ကားပတ်ပတ်လည်မှာ

ကျည်ဆန်မပေါက်နိုင်အောင် သံပြားများကို ဂဟေဆက်၍ကပ်ရ သည်။ ရှေ့မှန်ကိုဖြုတ်၍ ကျည်ဆန်ကာသံပြားကြီး တပ်လိုက်၏။ ကားစက်ခေါင်းရှေ့တွင် သံဘောင်ထူထူခံသည်။ သံဘောင်ရှေ့မှ သံချွန်တွေကို စနစ်တကျ တပ်ဆင်ရသည်။

ဓာတ်ဆီတိုင်ကီနှင့် ကားဘီးများကိုပါ ကျည်ဆန်မပေါက်နိုင် အောင်ကာရသည်။ သံထည်များကပ်လိုက်တော့ ကားမှာအလေးချိန် များသွား၏။ ကိစ္စမရှိပါ။ တိုက်ပွဲအတွက် အသုံးကျလျှင်တော်ပြီ။

ကျွန်တော်နှင့် တပ်ကြပ်ကြီးရွှန်လင်းသည် ကျစ်ကားကိုမောင်း၍ စွပ်ကျယ်စက် ခံတပ်သို့ ရောက်လာသည်။ ကျွန်တော်တို့ ချင်းတပ်ခွဲ(၃)မှ ရဲဘော်များသည် သွေးတကြွကြွဖြစ်နေကြသည်။ အခြေအနေမှာ ရန်သူတို့ အင်းစိန်စစ်မြေမှ ပြိုစပြုနေချိန်၊ သည်စွပ် ကျယ်စက်ခံတပ်ပြိုလျှင် အင်းစိန်သည် ဘယ်လိုခံနိုင်မှာလဲ။ အင်းစိန် ကိုပြန်ရဖို့အတွက် စွပ်ကျယ်စက်ခံတပ်ကို မုချဖြိုနိုင်ရမည်။ မွန်းလွဲ (၂)နာရီအချိန်တွင် ကျွန်တော်တို့သည် အဆင်သင့်ဖြစ်နေကြပြီ။ ကျွန်တော်၏ အဓိကတာဝန်မှာ ခံတပ်ဂိတ်ဝတံခါးကို ဖြိုရန်သာ ဖြစ်၏။ ဂိတ်ဝပြိုလျှင် ချင်းတပ်ခွဲ(၃)သည် စွယ်ကျယ်စက်ဝင်း အတွင်းသို့ မြားပစ်သလို တစ်ရှိန်ထိုး ဝင်နိုင်တော့မည်။ ဝင်လည်း ဝင်ရမည်။ စစ်တိုက်ရာမှာ သည်လို ရှေ့မတိုး နောက်မဆုတ်လုပ် နေ၍တော့ ဘယ်ဖြစ်မှာလဲ။

ကျွန်တော်နှင့် ရွှန်လင်းတို့သည် ကျစ်ကားပေါ်တွင် အသင့်နေ ရာယူပြီး ကျစ်ကားကို ကျွန်တော်ကမောင်းလာသည်။ စွယ်ကျပ်စက် တံခါးဝသို့ နီးလာသောအခါတွင် ရန်သူ့ကျည်ဆန်တွေက မိုးသီး မိုးပေါက်လို ကျစ်ကားကို လာမှန်ကြ၏။ သံချပ်ကာ ကျစ်ကားဆို တော့ ကျည်ဆန်တွေက မတိုးနိုင်။ ကျွန်တော်သည် ကျစ်ကားလီဗာ ကို မိုင်နှုန်းအမြင့်ဆုံးနင်း၍ စွပ်ကျယ်စက်တံခါးဝကို ဝင်ဆောင့် သည်။ ဝုန်းခနဲ မြည်သွား၏။ ကျစ်ကားလည်း သွက်သွက်လှုပ်သွား

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော့်ကျစ်ကားမှ သံချွန်ကြီးများက တံခါးကိုထိုးဖောက်ချိုးဖဲ့သည်။ သို့သော် တံခါးမပွင့်၊ အိမ်မြင့်မြင့်ကြီးပေါ်မှ ရန်သူ့လက်ဖြောင့်တပ်သားတွေက အပေါ်မှပစ်၍ အခွင့်မသာတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်ထင်၏။ သေနတ်သံများက ခဏငြိမ်သွားသည်။ သို့သော် မကြာမီ သေနတ်သံများ အဆက်မပြတ်ပြန်ပေါ်လာပြန်သည်။

ကျွန်တော်သည် ကျစ်ကားကို ဘက်ဂီယာထိုး၍ နောက်သို့ တရကြမ်းပြန်ဆုတ်သည်။ ထိုနောက် မိုင်နှန်းအမြင့်ဆုံးဖြင့် တံခါးကို အရှိန်ပြင်းစွာ ဆောင့်ပြန်သည်။ ရန်သူ့ကျည်ဆန်တွေလည်း ပစ်လိုက်တာ တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့်။ လက်ပစ်ဗုံးဖြင့် အပေါ်မှ ပစ်ချတော့လည်း ကျွန်တော်တို့ ကျစ်ကားနောက်မရောက်ဘဲ ခပ်ဝေးဝေးမှာကျပြီး ပေါက်ကွဲသံ ကြားရ၏။

ကျစ်ကားကို နောက်ပြန်ဆုတ်လိုက်၊ ဝင်ဆောင့်လိုက်၊ နောက်ပြန်ဆုတ်လိုက်၊ ဝင်ဆောင့်လိုက်နှင့် ၄-၅-၁၀ ကြိမ်မကလုပ်တော့သံတံခါးကြီးလည်း ဘာခံနိုင်တော့မလဲ၊ တဝုန်းဝုန်းတဒိုင်းဒိုင်း မြည်ပြီး ကျိုးပဲ့ပွင့်ကျသွားတော့သည်။

ဗွပ်ကျယ်စက်တံခါး ပွင့်ကျသွားသည်နှင့် ကျွန်တော်သည် ကျစ်ကားကို စက်ဝင်းထဲ မောင်းဝင်သွား၏။ ဝင်းထဲရောက်လျှင် ကျွန်တော်ရော တပ်ကြပ်ကြီးရွန်လင်းတို့ နှစ်ယောက်စလုံး ကျစ်ကားပေါ်မှ ခုန်ထွက်သည်။ လှုပ်လှုပ်မြင်သမျှကို စတင်းဂန်းနှင့်အတင်းပစ်သည်။ တံခါးဝတွင် ရန်သူနှစ်ယောက် ကျသွား၏။ လက်ပစ်ဗုံးဖြင့်လည်းဆုံးသည်။ စက်ရုံတံခါးပွင့်သည်နှင့် ကျွန်တော်တို့တပ်ခွဲ(၃)သည် တရကြမ်းပစ်၍ စက်ရုံထဲသို့ ဝင်လာကြပြီ။ ရန်သူ့တပ်သည် မိနစ်အနည်းငယ်မျှ ခုခံပစ်ခတ်ပြီးနောက် ကြာကြာမနေကြတော့ပါ။ အခြေအနေ မလုံမခိုက်သိကြပြီ။ ကျခဲ့သူ အလောင်းများကိုပင် မသယ်နိုင်ကြဘဲ တရကြမ်း ဆုတ်ပြေးကြလေသည်။

ထိုတိုက်ပွဲသည် ကျွန်တော်တို့ ချင်းတပ်ခွဲ(၃)အဖို့ နောက်ဆုံးတိုက်ပွဲဖြစ်မည်ထင်၏။ ထိုအချိန်တွင် ယူအမ်ပီခေါ် ပြည်ထောင်စုစစ်ရဲတပ်ကလည်း အင်းစိန်မြို့ကို တောင်ဘက်မှဝင်၍ ညှပ်တိုက်နေရှိန်ဖြစ်သည်။ အင်းစိန်တွင် ကြီးကြီးကျယ်ကျယ် ခုခံခဲ့ကြရသော ကောအင်ဒီအိုတို့သည် လှိုင်မြစ်အထိ ဆုတ်သွားကြပြီးနောက် မြစ်တစ်ဖက်ကမ်းသို့ကူး၍လည်းကောင်း၊ မြစ်ကြောင်းအတိုင်းဆန်၍လည်းကောင်း၊ ဆုတ်ခွာထွက်ပြေးကြရလေသည်။

စွပ်ကျယ်စက်ကို ကျွန်တော်တို့တိုက်ပြီး နောက်တစ်နေ့တွင် အင်းစိန်မြို့က အစိုးရတပ်များက လုံးဝပြန်သိမ်းနိုင်ခဲ့လေသည်။ ထိုနေ့သည် ၁၉၄၉ ဖေဖော်ဝါရီလ ၂၂ ရက်နေ့ဖြစ်၏။

အင်းစိန်မြို့ကို ပြည်ထောင်စုအစိုးရတပ်များက ပြန်လည်သိမ်းယူပြီးသောအခါ ကျွန်တော်တို့တပ်ခွဲသည် အင်းစိန်အကျဉ်းထောင်ကို စောင့်ကြပ်ရသည်။ ထိုအချိန်တွင် အင်းစိန်အကျဉ်းထောင်မှာ အကျဉ်းသားမရှိပါ။ ထောင်က လုံးဝပွင့်သွားပြီဖြစ်၏။ ယခုအခါတွင် ထောင်အတွင်း၌ ကေအင်ဒီအို သောင်းကျန်းသူများနှင့်ပတ်သက်၍ ဖမ်းဆီးထားသူများ၊ ကရင်သံပန်းများကိုပါ ထည့်သွင်းရ၏။

ကျွန်တော်တို့သည် အင်းစိန်ထောင်တွင် ရက်သတ္တနှစ်ပတ်ခန့် သာ ကြာခဲ့၏။ နောက်ဖတော့ အင်းစိန်ထောင်၌ ချင်းတပ်ခွဲ(၄)က တာဝန်ယူပြောင်းယူ၏။ ကျွန်တော်တို့ကို မော်တီသို့ ပြောင်းရွှေ့ရန် အမိန့်ရောက်လာလေသည်။

ထိုအချိန်က မော်တီဘက်တွင် အခြေအနေဆိုးနေ၏။ ရန်ကုန်မှ ဆုတ်ခွာသွားသော ကေအင်ဒီအိုတို့သည် ထန်းတပင်ဘက်တွင် တစ်နေရာ၊ မော်တီဘက်တွင် တစ်နေရာ အခိုင်အမာလုပ်၍ "ခံ" နေကြသည်။ အင်းစိန်ထောင်မှာ အလုပ်မရှိတဲ့ ရက်အတန်ကြာနားနေရသော ကျွန်တော်တို့သည် ဇမ်တီသို့ ပြောင်းရွှေ့ရမည်ဟု အမိန့်ရောက်လာတော့ ဝမ်းသာသွား၏။ သည်အမိန့်သည် ကျွန်တော်တို့အတွက် တိုက်ပွဲခေါ်သံပင် ဖြစ်ဖေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

မှော်ဘီမြို့ စိုက်ပျိုးရေးဥယျာဉ်ထဲတွင် ကျွန်တော်တို့ ချင်းသနက(၁) တပ်ခွဲ(၃)စခန်းချနေသည်။ ထိုအချိန်တွင် မှော်ဘီမြို့နယ် လှပဒါးရွာအနီး၌ ကေအင်ဒီအို့တို့က အခိုင်အမာစခန်းချနေကြကြောင်း သတင်းရ၏။ ကေအင်ဒီအိုတို့ဘက်မှ အင်အားများသည်။ လက်နက်ကြီးငယ် စုံလင်သည်။ နေရာအနေအထားကောင်းသည်။

သည်တော့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဟာရန်သီယိုသည် ကျွန်တော်တို့ တပ်ခွဲ(၃)နှင့် တပ်ခွဲ(၂)ကိုပေါင်း၍ လှပဒါးကိုတိုက်ရန် ပြင်ဆင်သည်။

ထိုတိုက်ပွဲတွင် ကျွန်တော်မပါဝင်ခဲ့။ ကျွန်တော်သည်တပ်ရင်းမှူး၏ ကိုယ်ရံတော်အဖြစ် တပ်ရင်းမှူးနှင့်အတူ နေခဲ့ရသည်။

ချီတက်သွားကြသော ကျွန်တော်တို့ တပ်ခွဲ(၂)ခွဲ လှပဒါးသို့ မွန်းတည့် ၁၂ နာရီခန့်တွင် ရောက်သွား၏။ ရောက်သည်နှင့် ရန်သူနှင့် ရင်ဆိုင်တိုးမိပြီး အပြင်းအထန် တိုက်ကြသည်။ နေ့လယ်ပိုင်းကစ၍ ပစ်ကြ ခတ်ကြ တိုက်ခိုက်ကြသော အသံများကို ကျွန်တော်တို့သည် မှော်ဘီမြို့မှနေ၍ ကြားနေသည်။

တိုက်ပွဲမှာ ကျွန်တော်တို့ဘက်က အခြေမလှကြောင်းသတင်းရောက်လာသည်။ ရန်သူဘက် အင်အားမှာ ကျွန်တော်တို့မျှော်မှန်းထားသည်ထက် ပိုများသည်။ ပြီးတော့ ရန်သူတို့ အနေအထားက အပေါ်စီးရနေသည်။ ထို့ကြောင့် ကျွန်တော်တို့ဘက်မှ တပ်ကြပ်ကြီး တစ်ဦးနှင့် တပ်သားသုံးယောက်ကျသွားသည်။ လေးယောက်ဒဏ်ရာရသည်ဟု သတင်းကဆိုသည်။

နေ့လယ်မှာ ဒုတင်ဖြစ်ပွားသော တိုက်ပွဲသည် နောက်တစ်နေ့ နံနက် ၅ နာရီတွင် ပြီးဆုံးသွား၏။ တိုက်ပွဲပြီးဆုံးသွားကြောင်း တယ်လီဖုန်း ရောက်လာသည်။ မနေ့ကလည်း တပ်ရင်းမှူးသည်တာ

တစ်ညလုံးမအိပ်၊ သတင်းကိုသာ စိတ်စောစွာဖြင့် စောင့်မျှော်နေသည်။ တပ်ရင်းမှူးနှင့်အတူ ကိုယ်ရံတော်တာဝန်ယူထားသော ကျွန်တော်လည်း မအိပ်ရ၊ တိုက်ပွဲသတင်းကိုသာ မျှော်နေမိသည်။ ယခု တိုက်ပွဲပြီးသွားကြောင်း သတင်းရောက်လာတော့ တပ်ရင်းမှူးသည် မိမိတပ်များရှိရာသို့ လိုက်သွားရန် ပြင်ဆင်လေသည်။

ကျွန်တော်က တပ်ရင်းမှူးကို တောင်းပန်၏။

"လမ်းခရီး စိတ်မချရပါ၊ ရန်သူတို့က ချုံခိုတိုက်ခိုက်နိုင်တယ်။ ကျွန်တော်နှင့် ရဲဘော်အချို့သာ လိုက်သွားပါရစေ"

သို့သော် ကျွန်တော့်စကား မအောင်မြင်ပါ။ တပ်ရင်းမှူးကား ဆုံးဖြတ်ပြီးသည့်ကိစ္စကို ဘယ်တော့မှ နောက်မဆုတ်တတ်ပါ။ ကျွန်တော်ကသာ သူ့အတွက် စိတ်ပူသဖြင့် ရလိုရငြား ပြောကြည့်ခြင်းဖြစ်သည်။

တပ်ရင်းမှူးက ကျွန်တော်စီးနေသည့် ဂျစ်ကားဖြင့်လိုက်သွားရန် စီစဉ်၏။ ထိုအချိန်တွင် နံနက် ၅ နာရီ ၁၅ မိနစ်ခန့်ရှိပြီ။

တပ်ရင်းမှူးက ဆက်၍ ပြောနေပြန်ပါ၏။

"ငါကိုယ်တိုင် လိုက်မှဖြစ်မယ်ကွ၊ ရဲဘော်တွေ အားငယ်နေမယ်။ ပြီးတော့ ဒဏ်ရာရတဲ့ ရဲဘော်တွေကိုလည်း ပြုစုပေးဖို့ရှိသေးတယ်။ မြန်မြန်လိုက်သွားမှပဲ"

တပ်ရင်းမှူးက အမိန့်ပေးတော့ ကျွန်တော် ဘာမှစောဒကမတက်နိုင်တော့ပြီ။ ထို့ကြောင့် ဂျစ်ကားကို ဘက်ထရီအိုးလဲ၊ အလံစိုက်ပြီး တပ်ရင်းရုံးမှ မောင်းထွက်လာခဲ့သည်။

ကျွန်တော်နှင့်အတူ ဆေးမှူးဗိုလ်ကြီးဒွေး၊ ဗိုလ်ကြီးလှမုန်း၊ တပ်ရင်းမှူး အော်ဒလီ၊ ဒုတပ်ကြပ်ဟိုခါးတို့လည်းပါ၏။ ကျွန်တော်ကကားမောင်းလာသည်။ ကျွန်တော့်ဘေးမှာ ဒုဗိုလ်မှူးကြီးဟာရန်သီယိုကထိုင်၏။ ကျွန်တော်၏နောက်တည့်တည့်တွင် ဆေးကိရိယာအပြည့်အစုံနှင့် ဆေးမှူး ဗိုလ်ကြီးဒွေးက ထိုင်သည်။ သူ့ဘေးမှာ ဗိုလ်ကြီးလှမုန်းနှင့် ဒုတပ်ကြပ်ဟိုခါးတို့ဖြစ်သည်။ ကျွန်တော်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ရော ညာရော ဝိုင်းညှပ်ပစ်လိုက်သော ကျည်ဆန်တွေ တဖွဲဖွဲကျလာသည်။ ကျွန်တော့်နောက်မှထိုင်လိုက်လာသော ဆေးမှူး ဗိုလ်ကြီးဒွေးမှာ ခေါင်းကို ကျည်ဆန်ထိပြီး နေရာတွင် ပွဲချင်းပြီး ကျဆုံးရှာသည်။ ဒုဗိုလ်မှူးကြီးဟရန်သီယိုနှင့် ဗိုလ်ကြီးလှမုန်းတို့မှာ ဂျစ်ကားပေါ်မှ ခုန်ဆင်း၍ နောက်ကြောင်းသို့ ပြန်ပြေးကြ၏။ ဗိုလ်ကြီးလှမုန်းမှာ ရန်သူတို့ ပစ်လိုက်သော ကျည်ထိပြီး ဒဏ်ရာ အနည်းငယ်ရ၏။

ဒုဗိုလ်မှူးကြီးဟရန်သီယိုမှာမူ ရန်သူ့ကျည်ဆန်ထိ၍ ပေါင်တွင် ဒဏ်ရာရသွားသည်။ ဒုဗိုလ်မှူးကြီးဟရန်သီယိုမှာ နေရာမှ မထနိုင်ဘဲ လဲနေတော့သည်။

ကျွန်တော်သည် ကားကို ဘက်ဂီယာထိုး၍ ပြန်မောင်းလျှင် ရမည်လား ကြိုးစားကြည့်၏။ သို့သော် နောက်ကျနေပါပြီ။ ကျွန်တော့်ဂျစ်ကား စတီရာရင်မှာ ကျည်ထိပြီး ကျိုးပဲ့သွားပြီဖြစ်၏။ ကားရှေ့မှန်များလည်း ကြေမွသွားပြီ။ ထို့ကြောင့် ကားပေါ်မှခုန်ဆင်းရသည်။ ကျွန်တော့်ဦးထုပ်ကို ကျည်ထိသည်။ ခြုံထားသော မိုးကာအင်္ကျီမှာ မိုးသက်လေတွင် လွင့်နေ၏။ မိုးကာအင်္ကျီကိုလည်း ကျည်ဆန်တွေ လာဖောက်၏။ ကုသိုလ်ကံကောင်းသဖြင့် ကျွန်တော့်ကို ယခုထက်ထိ ကျည်မထိသေး။

ကျွန်တော့်ခြောက်လုံးပြူးသေနတ်မှာ ဂျစ်ကားပေါ်ကပြေးဆင်းခဲ့စဉ်က ကားပေါ်တွင် ကျန်ရစ်ခဲ့၏။ ယခုမှ ပြန်သွားယူလျှင် လူ့ကိုယ်မှာ ဆန်ခါပေါက် ဖြစ်သွားတော့မည်။ ပြန်သွား၍မဖြစ်၊ ကျွန်တော့်စတင်းဂန်းကိုတော့ ဒုဗိုလ်မှူးကြီးဟရန်သီယို ခုန်ဆင်းသွားစဉ်က ဆွဲယူသွားသည်ကို သတိပြုမိ၏။ ထို့ကြောင့် ကျွန်တော်သည် ဗိုလ်မှူးကြီးနောက်သို့ ပြေးလိုက်သွားရသည်။

ဒုဗိုလ်မှူးကြီးဟရန်သီယိုမှာ လမ်းဘေးတစ်နေရာတွင် ဒဏ်ရာနှင့်လဲနေပြီ။ သူ့ထံမှ စတင်းဂန်းသေနတ်ကိုယူပြီး မြေပြင်တွင် ကိုယ်ကိုလိမ့်သွား၍ ဂျစ်ကားကိုယ်ထည်နှင့် ဘီးများကို ကာ

စတင်းဂန်းသေနတ်နှင့်ခြောက်လုံးပြူးတစ်လက်ပါသည်။ တပ်ရင်းမှူးအော်ဒလီထံမှာ စတင်းဂန်းသေနတ်ပါသည်။ ကျွန်လူများတွင်လည်း စတင်းဂန်း၊ ခြောက်လုံးပြူး စသည်ဖြင့် အသီးသီး ပါလာကြသည်။

ထိုနေ့ နံနက်က မြေလရောက်ပြီမို့ မိုးဖွဲဖွဲစွာနေသည်ကို သတိရသည်။ ကျွန်တော်သည် ကားကို ခပ်မြန်မြန်ကလေးပင် မောင်းလာသည်။

"ဗိုလ်မှူးကြီး ... လမ်းကလည်း မောင်နေတယ် ဆိတ်မချရဘူး၊ ကျွန်တော်တို့မှာ ကာကွယ်ရေးအင်အားကလည်း ပါလာတာမဟုတ်ဘူး၊ ပြန်လှည့်ရင် ကောင်းမယ်"

တပ်ရင်းမှူး ပြန်ပြောသောစကားကို ယနေ့တိုင် မမေ့နိုင်ပါ။

"ဟေ့ ... တိုက်ခွန်း၊ ဘာဖြစ်လို့ ပြန်လှည့်ရမှာလဲ၊ လူဆိုတာ တစ်သက်မှာ နှစ်ခါမသေဘူးကွ။ မင်း ကြောက်သလား၊ မင်းကို သတ္တိရှိတယ်ဆိုပြီး ငါ့အနားမှာ ထားတာကွ" တဲ့။

ကျွန်တော်က "ကြောက်လို့ မဟုတ်ပါဘူး ဗိုလ်မှူးကြီး၊ ကျွန်တော်က တစ်ပဲသားပါ၊ ဗိုလ်မှူးကြီးက တစ်ကျပ်သားပါ၊ တစ်ကျပ်သားကသေရဲရင် တစ်ပဲသားက ဘာဖြစ်လို့ မသေဝံ့မှာလဲ၊ ဗိုလ်မှူးကြီးအတွက် စိုးရိမ်လို့ပါ၊ ကျွန်တော်ကတော့ အချိန်မရွေးသေရဲပါတယ်"

ကျွန်တော့်စကားကိုကြားတော့ တပ်ရင်းမှူးက ကျေနပ်သွားသလားမသိ၊ ဘာမှထပ်မပြောတော့ပါ။

ကျွန်တော်ထင်သည့်အတိုင်း ဖြစ်လာ၏။ မော်ဘီမြို့ကအထွက် ဘုန်းကြီးကျောင်းအနီး ရောက်သောအခါ လမ်းဘေးဝဲယာတွင် သစ်ပင်ကြီးများအလယ်မှ ပုန်းခိုစောင့်ဆိုင်းနေကြသော ကေအင်ဒီအို တို့က ချဲ့ခိုတိုက်ပွဲဆင်ကြသည်။ ကေအင်ဒီအိုများမှာ စုစုပေါင်း ၃၀ ခန့်ရှိမည်။ ရိုင်ဖယ်၊ ဘရင်း၊ စတင်း သေနတ်များဖြင့် ကျွန်တော်တို့ဂျစ်ကားကို ဝိုင်း၍ ပစ်လိုက်ကြသည်မှာ ဆူညံနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အကွယ်ယူရသည်။ ရန်သူကေအင်ဒီအိုတပ်များထံသို့ စတင်းဂန် ဖြင့် ပြန်ပစ်ရသည်။ ဒုတပ်ကြပ်ဟိုခါးကလည်း ကျစ်ကားကိုပင် အကာအကွယ်ယူ၍ သူ့စတင်းဂန်းဖြင့် မနားတမ်း ပြန်ပစ်၏။ ကျွန်တော့်တွင် စတင်းဂန်းကျည်ကပ် သုံးကပ်ရှိ၏။ ဟိုခါးထံတွင် စတင်းကျည်ကပ် လေးကပ်ရှိသည်။ ရန်သူ့ပစ်အားနှင့် ယှဉ်ကြည့်သော် ကျွန်တော်တို့ ကျည်ပစ်အားသည် အလွန်နှုန်းနေ၏။ ထို့ကြောင့် ခွေပြီး သေချာအောင် ကြည့်ပစ်နေရလေသည်။

ယခုလို ပြောပြနေတော့သော အကြောကြီး ဆင်ရလိမ့်မည်။ အမှန်တော့ ရန်သူတို့က ချဲ့ခိုပစ်သည်နှင့် ကားရပ်သွား၊ ကျွန်တော်တို့ ဆင်းပြေး၊ ပြန်လည်ခုခံပစ်သည်မှာ တစ်မိနစ် နှစ်မိနစ်ခန့် အချိန်အတွင်းမှာဖြစ်၏။ နံနက်ငါးနာရီခွဲခန့်သာရှိသေး၏။ အမှောင် ထုလွှမ်းခြုံဆဲ၊ အရောင်၏ လင်းရောင်နိမ့်တော့ ထွက်စပြုနေပါပြီ။

ရန်သူတို့ လမ်းဘေးဝဲယာရှိ ကုက္ကိုပင်များကို အကာအကွယ်ယူ၍ ပစ်နေကြကြောင်း သိလိုက်ရ၏။ သည်တွင် ကျွန်တော်သည် အနီးဆုံးရန်သူကို ရှာ၏။ မလှမ်းမကမ်းရှိ ကုက္ကိုပင်ကြီးတစ်ပင်ကို အကာအကွယ်ယူ၍ ဘရင်းဂန်းသေနတ်ဖြင့် အဆက်မပြတ်ပစ်နေသော ရန်သူတစ်ယောက်ကို ကျွန်တော် တွေ့လိုက်ရ၏။ ကျွန်တော်သည် ရန်သူ့တပ်သားနှင့် နီးသည်ထက်နီးအောင် ကိုယ့်ကို လိမ့်၍ လိမ့်၍ သွား၏။ သေချာလောက်ပြီ ထင်သောအခါတွင် သူ့ထံသို့ စတင်းဂန်းသေနတ်ကျည်ဆန်များကို စုပြုံလွှတ်လိုက်သည်။ ရန်သူတပ်သားကို ထိသွားပါပြီ သူသည် အသံတစ်ချက်ပင် မထွက်ဘဲ နေရာတွင်ပင် ပွဲချင်းပြီး ကျဆုံးသွား၏။ ကျွန်တော်က သူ့နေရာသို့ ပြေးသွားပြီးနောက် ဘရင်းဂန်းသေနတ်ကို ဆွဲယူလိုက်သည်။

အခြားရန်သူတပ်သားတို့သည် သူတို့လူကျသွားခြင်းကိုမသိကြပါ။ သူတို့လည်း သူတို့နေရာယူထားကြသော သစ်ပင်များဆီမှ နေ၍ ရှေ့သို့မပြီး ပစ်နေကြသည်။

ကျွန်တော်သည် မှောင်ရိပ်ထဲတွင် သူတို့လူ ဟန်ဆောင်ပြီး ဘရင်းဂန်းကို ဆွဲယူလျက် ခပ်တည်တည်ပစ်နေ၏။ သို့သော် ကျွန်တော် ကြာကြာဟန်မဆောင်လိုက်ရပါ။ အလင်းရောင်လာသည်နှင့် ကျွန်တော့်ယူနီဖောင်းကို ရန်သူတွေ့သွား၏။ သည်တွင် "ဟာ ... ရန်သူ့တပ်သားပဲ" ဟု သူတို့အချင်းချင်းပြောပြီး ကျွန်တော့်ဆီသို့ ကျည်ဆန်တွေကို စုပြုံပစ်လွှတ်လိုက်တော့သည်။ ကျွန်တော် သည်နေရာမှာ နေ၍မဖြစ်တော့ပြီ။ အသက်ကိုဖက်နှင့်ထုပ်ထားရမည့် အခြေအနေသို့ ရောက်နေပြီ။ ထို့ကြောင့် ဘရင်းဂန်းနှင့် စတင်းဂန်းသေနတ် နှစ်လက်စလုံးကိုယူ၍ ထပြေးခဲ့ရတော့သည်။

ကျွန်တော်ပြေးသည်ကိုမြင်တော့ ကရင်တွေက တရကြမ်းလိုက်ပစ်ကြသည်။ ကျွန်တော်သည် ကတ္တရာလမ်းတစ်ဖက်သို့ စွပ်၍ထွက်ပြေးလာခဲ့သည်။ ကျွန်တော်နှင့်အတူ ချင်းတပ်ကြပ်ဟိုခါးလည်းပါလာ၏။

ပြေးရင်းနှင့် ရေအိုင်ကြီးတစ်အိုင်ကိုတွေ့ရ၏။ ရေအိုင်ကိုကွေ့ပတ်ပြေးရန် အချိန်မရတော့ပြီ။

ကျွန်တော်သည် ဒုတပ်ကြပ်ဟိုခါးကို အတင်းဆွဲ၍ ရေအိုင်ထဲသို့ ဆင်းပြေး၏။ ဟိုခါးမှာ ရေအိုင်ထဲရောက်တော့ ခြေကုန်လက်ပန်းကျ၍ ခွေကျသွား၏။ ထို့ကြောင့် ကျွန်တော်သည် ဟိုခါး၏ ဆံပင်ကိုဆွဲပြီး ရေအိုင်ကိုဖြတ်ပြေးခဲ့ရသည်။ ကျသွားသောရန်သူကရင်တပ်သား၏ ဘရင်းဂန်းကို ရေအိုင်ထဲမှာပဲ စွန့်ပစ်ထားခဲ့ရ၏။ သေနတ်နှစ်လက်နှင့် ဟိုခါးကို ဆွဲပြေးရန်ကားမဖြစ်တော့ပြီတည်း။

ကျွန်တော့်တွင် စတင်းဂန်းသေနတ်တစ်လက်တည်းသာ ကျန်တော့၏။ သို့သော် ပစ်၍မရတော့ပါ။ စတင်းဂန်းကျည်ဆန်မဂ္ဂဇင်းတွေ ပါမလာတော့။ မဂ္ဂဇင်းကတ်တွေလည်း ရေထဲမှာပြုတ်ကျကုန်ရစ်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရေအိုင်တစ်ဖက်ကမ်းသို့ ရောက်သောအခါ ခုတပ်ကြပ်ဟိုခါးမှာ ရေမွန်းနေသည်။ သို့သော် ရေမွန်း၍ နားနေရန်မဖြစ်သေး၊ နောက်မှရန်သူက တရကြမ်း လိုက်ပစ်နေပြန်ပြီ။ သည်နေရာမှာနေ၍တော့ ငုတ်တုတ်အသေခံရုံပင် ရှိတော့မည်။ ထို့ကြောင့် ကျန်တော်သည် ဟိုခါးကိုတွဲ၍ တပ်ရင်းရုံးရောက်သည်အထိ မရပ်မနားပြေးခဲ့ရလေသည်။

နောက်တွင်ကား တပ်ရင်းမှူးနှင့် ဗိုလ်ကြီးလမုန်းတို့နှစ်ဦးသည် ရန်သူ့လက်တွင် ကျန်ခဲ့ပြီ။ သည်အတိုင်းနေ၍မဖြစ်။ မိမိတို့အရာရှိများကို အမြန်ဆုံးသွားရောက်ကယ်တင်မှ ဖြစ်တော့မည်။

ကျန်တော်သည် တပ်ရင်းတွင်ကျန်ရစ်သော ဗိုလ်ကြီးပေါလူးထံ အခြေအနေကို ချက်ချင်းသတင်းပို့ရ၏။

ဗိုလ်ကြီးပေါလူးသည် တပ်ရင်းမှူး၏ အခြေအနေကို ကြားရသောအခါ အတော်မကျေမနပ် ဖြစ်သွားသည်။ သူက တပ်ရင်းမှူးကိုသွားရှာမည်ပြောပြီး တပ်ရင်းတွင်ရှိနေသော အမ်းမတ်ကား(သံချပ်ကာကား)ကို ကိုယ်တိုင်မောင်း၍ တရကြမ်းမောင်းထွက်သွား၏။ ထိုအချိန်တွင် နံနက် ၇ နာရီခန့်ရှိပြီ။

ကျန်တော်သည် ဗိုလ်ကြီးပေါလူးကို တစ်ယောက်တည်းမသွားပါရန် တားသေး၏။ သို့သော် ဗိုလ်ကြီးပေါလူးကား တပ်ရင်းမှူးအတွက် အလွန်စိတ်ပူနေသည်။ ထို့ကြောင့် ကျန်တော်တားရ၍မရတော့ပြီ။ တားနေစဲမှာပင် ကားပေါ်ရောက်ပြီး မောင်းထွက်သွားလေသည်။

ကျန်တော်သည် တပ်ရင်းစခန်းမှနေ၍ စိတ်ပူစွာဖြင့်လှမ်းမျှော်ကြည့်သေးသောအခါ စောစောက ကျန်တော်တို့ တိုက်ပွဲဖြစ်ပွားခဲ့နေရာကို အဝေးမှမြင်နေရသည်။ လမ်းမှာ တစ်ဆစ်ချိုးနေရာတွင် ရှိနေခြင်းကြောင့်လည်း မြင်နေရခြင်းဖြစ်၏။

ဗိုလ်ကြီးပေါလူးသည် ပေတစ်ရာလမ်းတစ်လျှောက် ကားကို အမြန်ဆုံးမောင်းသွား၏။ တိုက်ပွဲဖြစ်သောနေရာသို့ ရောက်သော

အခါ ကားရပ်သွားသည်ကို တွေ့ရသည်။ စောစောက ကျန်တော်တို့ကို ဝိုင်းပစ်ခဲ့သော ကရင်သောင်းကျန်းသူတို့ကပင် ဗိုလ်ကြီးပေါလူးကို ဝဲယာနှစ်ဖက်ညှပ်၍ ဝိုင်းထားကြလေသည်။ ဗိုလ်ကြီးပေါလူးအား ရန်သူတို့က ဖမ်းသွားသည်ကို ကျန်တော်တို့စခန်းမှမျက်မြင်ဖြစ်နေ၏။ သည်တော့ တစ်ခုခုလုပ်မှ ဖြစ်တော့မည်ဟု စဉ်းစားမိတော့သည်။

ဗိုလ်ကြီးပေါလူးအား ရန်သူတို့ ဝိုင်းဖမ်းလိုက်သည်ကိုတွေ့သည်နှင့် ကျန်တော်သည် ချက်ချင်းလိုက်ရန်ပြင်သည်။ တပ်ရင်းတွင် ကျန်ရှိနေသော တပ်စုတစ်စုကို အမြန်ဆုံးခေါ်ယူလိုက်သည်။ လက်နက်ခဲယမ်း အပြည့်အစုံ ယူစေသည်။ ထို့နောက် ဗိုလ်ကြီးပေါလူး အဖမ်းခံရသောနေရာသို့ တပ်စုတစ်စုနှင့်အတူ ကျန်တော်လိုက်သွား၏။

သို့သော် ကျန်တော် စဉ်းစား၏။ "စောစောက တပ်ရင်းမှူးနှင့်အတူ ကျန်တော်တို့သွားခဲ့သောလမ်းမှာ ရန်သူတို့ ကင်းပုန်းဝပ်ပြီး ဝိုင်းပစ်ခံရပြီးပြီ။

ယခုလည်း ဗိုလ်ကြီးပေါလူးနှင့် အမ်းမတ်ကားမှာ ရန်သူတို့ အဝိုင်းခံရပြီး ဘာမှမတတ်နိုင်ဘဲ အဖမ်းခံရပြန်ပြီ။ သည်လမ်းအတိုင်း ဘယ်လိုလုပ် သွားတော့မလဲ"

ထို့ကြောင့် နောက်တစ်ကြိမ် ရန်သူအဝိုင်းမခံရအောင်နည်းလမ်းရှာသည်။ စစ်ပွဲဆိုသည်မှာ ကိုယ်ကသတိလစ်နေလျှင် ကိုယ်ခံရမြဲဖြစ်သည်။ ရန်သူက ကိုယ့်ကို အဝိုက်မဖမ်းနိုင်သောနည်းလမ်းရှာရလိမ့်မည်။

ကျန်တော်နှင့် တပ်စုသည် ဗိုလ်ကြီးပေါလူး အဖမ်းခံရသောနေရာသို့ ဖြတ်လမ်းကလှေ့ပတ်ပြီးလိုက်ရန် စီစဉ်သည်။ သေနတ်ကို မောင်းတင်ပြီး အသင့်နေအထားဖြင့် သတိထား၍ ရန်သူတို့ရှိမည်ထင်သောနေရာသို့ ချီတက်သွား၏။

တွေ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

မှော်ဘီမြို့အထွက် စောစောက တိုက်ပွဲဖြစ်ပွားသောနေရာအနီးရှိ ဥယျာဉ်ထဲမှာ ကျွန်တော်တို့တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟရန်သီယိုနှင့် ဗိုလ်ကြီးလှမုန်း၊ ဗိုလ်ကြီးပေါလူးတို့သုံးဦးကို လှမ်းမြင်ရ၏။ သူတို့အနီးမှာ ရန်သူ့တပ်သားတွေ။

ကျွန်တော်က တပ်မတော်အရာရှိတစ်ဦး၏ အသက်ကိုဖိုးရိမ်သည်။ ထို့ကြောင့် တပ်စုကို သေနတ်တစ်ချက်မှ မပစ်စေဘဲ ရန်သူ့တပ်ကို ဝိုင်းထားစေလိုက်၏။ ရန်သူ့တပ်သည် ရက်တရက်ဝိုင်းလာသော ကျွန်တော်တို့ကိုမြင်သော် အံ့အားသင့်သွား၏။ သူတို့က လည်းမပစ်။ အခြေအနေမှာ တစ်မျိုးဖြစ်သွားပြီ။

ကျွန်တော်တို့တပ်မှ တပ်မတော်အရာရှိသုံးဦးကို ရန်သူတပ်သား ၂၇ ယောက်က ဝိုင်းထား၏။ စောစောက ရန်သူတပ်သားစုစုပေါင်း ၂၈ ဦးဖြစ်သည်။ ဘရင်းဂန်းကိုင်တပ်သားကို ကျွန်တော်က ပစ်ချလိုက်သဖြင့် ရန်သူတပ်သား ၂၇ ယောက်သာရှိတော့၏။ သူတို့လက်ထဲမှာ လက်နက်အစုံအညီနှင့်။ ထိုရန်သူ ၂၇ ယောက်ကို ကျွန်တော်နှင့် ရဲဘော် ၃၀ ခန့်ပါဝင်သော တပ်စုက ဝိုင်းထားလိုက်ပြီဖြစ်သည်။

မကြာမီ ကျွန်တော်တို့တပ်ကို အပြင်မှထပ်၍ ချဉ်းတပ်ခွဲ(၁) ကလာဝိုင်းသည်။ အခြေအနေ ခိုင်ခွင်လျှာမှာ ရန်သူ့ဘက်တွင် မရှိတော့ပြီ။ ကျွန်တော့်တပ်များက ရန်သူ ၂၇ ဦးကို အထပ်ထပ် ဝိုင်းထားလိုက်ပြီဖြစ်၏။

သို့သော် ပထမတွင် ရန်သူ ၂၇ ဦးသည် ခေါင်းမာစွာဖြင့် အကြဲကြီးကြလေသည်။ သူတို့သည် အသေခံတပ်မှူးမဟုတ်လား။ မိမိတို့တွင် ပါလာသော လက်ပစ်ဗုံးများကို စနက်တံပင်ဖြုတ်ပြီး လက်ထဲအသင့်ကိုင်ထား၏။ သူတို့ဗိုလ်က ပြောသည်။

"ကျုပ်တို့ကို ထွက်ပေါက်ပေးပါ၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့တပ်ရင်းမှူးနဲ့ အရာရှိတွေရော ကျုပ်တို့ပါ လက်ပစ်ဗုံးခွဲပြီးအားလုံးအသေခံလိုက်မယ်၊ ခင်ဗျားတို့ တပ်ရင်းမှူးသေရင် ကျုပ်တို့လည်းသေရဲတယ်"

ကျွန်တော်သည် ရန်သူကရင်တပ်ဗိုလ်ကို ကြည့်လိုက်၏။

"အောင်မယ် ... စောစောက ဂျစ်ကားပေါ်မှာ ကျန်ရစ်တဲ့ ကျွန်တော့်ခြောက်လုံးပြူးသေနတ်ကို သူပုန်ဗိုလ်ကိုယ်တော်မြတ်က သူ့ခါးမှာ စတိုင်ကျကျ ထိုးလို့ပါလား၊ ဒီလိုဗိုလ်ကျလို့တော့ ဘယ်ရမလဲ ကိုယ်လှူရယ်"

ကျွန်တော်သည် ကရင်သူပုန်အနားသို့ တိုးသွားပြီး သူ့ခါးတွင် ထိုးထားသော ခြောက်လုံးပြူးသေနတ်ကို ဆွဲယူလိုက်သည်။ ပြီးတော့ သေနတ်ကို ကျွန်တော့်ခါးမှာ ထိုးထားလိုက်၏။ သူပုန်ဗိုလ်က မိုက်ကြည့် ပြန်ကြည့်၏။ ဘာမှတော့မပြော။

ထိုအချိန်တွင် နေအတော်မြင့်ခဲ့ပြီဖြစ်၏။ ဒုဗိုလ်မှူးကြီးဟရန်သီယိုသည် ဗိုလ်ကြီးပေါလူး၏ပေါင်ကို ခေါင်းအုံးထားလျက် မြေကြီးပေါ်တွင် လဲထားရင်း မိန်းနေရ၏။ ဒဏ်ရာရထားသော ဗိုလ်မှူးကို အမြန်ဆုံး ဆေးရုံပို့နိုင်မှဖြစ်မည်။ ကရင်အသေခံတပ်သားတွေကလည်း ခေါင်းမာစွာနှင့် လက်ပစ်ဗုံးတွေ ပင်ဖြုတ်ပြီး ကိုင်ထားဆဲ။

ကျွန်တော်က ကရင်တွေ နားမလည်အောင် ချင်းဘာသာဖြင့် အချင်းချင်းတိုင်ပင်၏။

"ဒီလိုလုပ်ပါလား၊ သူတို့ကို လွှတ်ပေးလိုက်လေ။ ကျွန်တော်လမ်းကနေစောင့်ပြီး ဖြတ်တိုက်မယ်"

ကျွန်တော့်ဉာဏ် တစ်ထွာတစ်မိုက်ဖြင့် အကြံထုတ်၍ပြောကြည့်သည်။ သို့သော် ကရင်သောင်းကျန်းသူတွေထဲမှာ ချင်းဘာသာကို နားလည်သူ ကရင်တပ်သားတစ်ဦး ပါနေ၏။ သည်တော့ အခြေအနေက မဟန်ပါ။ သူတို့ တပ်ဗိုလ်သည် ကျွန်တော်ဘာပြောသည်ကို သိသွားလေသည်။

ထိုအချိန်တွင် အပြင်မှနေ၍ ချဉ်းတပ်ခွဲ(၂)က ကျွန်တော်တို့ကို လာဝိုင်းပြန်သည်။ ယခုအခါတွင် အလယ်မှာ ရန်သူတပ်သားတွေက ၂၇ ဦးသာရှိ၏။ သူတို့ကို ဝိုင်းထားသော ကျွန်တော်တို့က

www.burmeseclassic.com

www.burmeseclassic.com

တပ်ခွဲနှစ်ခွဲနှင့် တပ်စုတစ်စု၊ နှစ်စုပေါင်းသုံးရာခန့်ရှိသည်။ အခြေအနေသည် ကျွန်တော်တို့ဘက်က လုံးဝအသာရသွားလေပြီ။ ကရင်သောင်းကျန်သူ ၂၇ ဦးကို ချင်းတပ်ခွဲ(၁)လက်သို့ လွှဲအပ်လိုက်၏။

ဒုတိယဗိုလ်မှူးကြီးဟရန်သီယိုကို အမ်းမတ်ကားဖြင့် မင်္ဂလာဒုံစစ်ဆေးရုံသို့ တင်ပို့လိုက်၏။ သို့သော် ကျွန်တော်သည် ဗိုလ်မှူးကြီးကိုကြည့်၍ အားမရလှပါ။ ဒဏ်ရာရပြီး ဆေးမထည့်ရ၍ သွေးထွက်လွန်နေရသော သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော်နှင့်။ မင်္ဂလာဒုံစစ်ဆေးရုံရောက်ပြီး သုံးရက်အကြာတွင် သေနတ်ဒဏ်ရာမှာ အခြေအနေမကောင်းသဖြင့် ဗိုလ်မှူးကြီးခြေထောက်ကို ပေါင်ရင်းမှ ဖြတ်လိုက်ရလေသည်။ စစ်ဆေးရုံမှ ဆေးမှူးကြီးများသည် ဒုဗိုလ်မှူးကြီးဟရန်သီဟိုကို အထူးဂရုစိုက် ကုသကြပါသည်။ သို့သော် ပေါင်ဖြတ်လိုက်ရသော ဗိုလ်မှူးကြီး၏ အခြေအနေမှာ အားရစရာမရှိလှပြီ။

ကျွန်တော်သည် မင်္ဂလာဒုံစစ်ဆေးရုံသို့ လိုက်သွားပြီး ဗိုလ်မှူးကြီးကိုကြည့်၏။ ထိုအချိန်က ပေါင်ဖြတ်ပြီးရှိန်ဖြစ်သည်။ ဗိုလ်မှူးကြီးက ပတ်ဘီးစည်းထားသော သူ့ပေါင်ပြတ်ကြီးအား ကျွန်တော့်ကိုပြ၏။ ပြီးတော့ ရယ်ကာမောကာဖြင့် ပြောနေပါသေးသည်။

"ဟေ့ကောင် ... ငါတော့ ခွေကျတာပဲ၊ ဆေးရုံကဆင်းရင် ခြေထောက်တစ်ဖက် မရှိဘဲနဲ့ ဘယ်လိုလုပ်ပြီး ဘောလုံးကန်မလဲကွ"တဲ့။

တကယ့်သတ္တိခဲပါပဲ။ သူသည် ထိုအချိန်၌ပင်ရယ်ပြုံးနိုင်သေးသည်။ သို့သော် ကျွန်တော်သွားကြည့်သောည၌ပင် ဒုဗိုလ်မှူးကြီးဟရန်သီယိုသည် သူရဲကောင်းပီသစွာဖြင့် အသက်စွန့်သွားခဲ့၏။ သွေးထွက်လွန်ပြီး ခဲဆိပ်တက်နေသော သူ့ပေါင်က ဒဏ်ရာမှာ မသက်သာဘဲ လောကကို ရဲဝံ့စွာ မျက်မှောက်ပြုသွားခဲ့လေသည်။

ဒုဗိုလ်မှူးကြီးဟရန်သီယိုကား သူရဲကောင်းပီသစွာဖြင့်ကျဆုံးခဲ့ပြီ။ တိုင်းရင်းသား ချင်းအမျိုးသားတစ်ဦးဖြစ်သော ဒုဗိုလ်မှူးကြီးဟရန်သီယိုအတွက် ချင်းတိုင်းရင်းသားအားလုံးက ဂုဏ်ယူနေကြမည်ဖြစ်၏။ အလားတူစွာပင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးကလည်း သူ့အတွက် ဂုဏ်ယူနေကြမည်ကို ယုံမှားသံသယရှိရန်မလို။

ဒုဗိုလ်မှူးကြီးဟရန်သီယိုကို အရာရှိ အရာခံ အကြွေပဲ တပ်သားတိုင်းက ချစ်ခင်ကြည်ညိုကြသည်။ သူကလည်း တပ်ထဲ၌အဆင့်အတန်းမရွေး ပေါင်းသင်းဆက်ဆံ၏။ ရာထူးဂုဏ်ရှိနှင့် မာနတက်ခြင်းမရှိ။

တိုင်းပြည်ကိုချစ်၍ နိုင်ငံသားတို့အတွက် အသက်စွန့်ရန် အသင့်ရှိရမည်ဖြစ်ကြောင်း အမြဲဆုံးမ၏။ ပြီးတော့ ရဲဘော် အကြပ်အရာခံဗိုလ်များနှင့် အလွန်ရင်းနှီးစွာ နေတတ်သည်။ မော်ဘီမြို့အထွက်တွင် ကေအင်ဒီအိုများပစ်သော သေနတ်ဒဏ်ရာကြောင့် ခိုလ်ကြီးပေါလူး၏ ပေါင်ပေါ်တွင် မိန်းနေစဉ်က သူပြောခဲ့တဲ့ ထူးဆန်းသောစကားကို ပြန်သတိရမိ၏။

"ဟော့ ... တိုက်ချွန်း၊ ထူးဆန်းလိုက်တာ၊ ငါ ဗိုလ်ကြီးပေါလူးပေါင်ပေါ်မှာ မှီနားနေတုန်း ခဏအိပ်မျော်သွားတယ်။ အိပ်မက်ထဲမှာကွာ ကြွယ်ပွင့်ကြီးခြောက်လုံး မြင်ရတယ်။ ကြွယ်ကြီးတွေက စင်းလို့ တောက်လို့"

ဗိုလ်မှူးကြီးက ချင်းဘာသာဖြင့် ပြောနေ၏။ ဗိုလ်မှူးကြီး အိပ်မက်ကို ကြားရတော့ ကျွန်တော် စိတ်မကောင်းတော့ပါ။ ကြွယ်ကြီးခြောက်လုံးကို ဒဏ်ရာရထားတဲ့ ဒုဗိုလ်မှူးကြီးက အိပ်မက်,မက်တယ်ဆိုတော့ သည်ဖြစ်ရပ်ကို ကျွန်တော် အတိတ်နိမိတ်မကောက်ချင်ပါ၊ စဉ်းလည်း မစဉ်းစားချင်တော့ပါ။

အရာရှိတစ်ဦး ကျဆုံးသွားလျှင် ကြွယ်ဖြူကြီးခြောက်ပွင့်ပါသော ပြည်ထောင်စုအလံတော်ဖြင့် အလောင်းကိုအုပ်၍ ဂုဏ်ပြုသင်္ဂြိုဟ်ရသည် မဟုတ်ပါလား။ မိမိတပ်ကို အောင်မြင်စွာ ဦးဆောင်ပေးနိုင်သည့် တပ်မှူးကောင်းတစ်ဦးဖြစ်သော ဒုဗိုလ်မှူးကြီးဟရန်သီယိုအား ဆုံးရှုံးသွားရသည်ကို ကျွန်တော် နှမြောနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒုဗိုလ်မှူးကြီးဟရန်သီယိုသည် တိုင်းပြည်အတွက် အသက်စွန့်သွားပြီဟု ကြားရသောအခါ သုတစ်ချိန်က ပြောခဲ့ဖူးသောစကားရပ်များကို ပြန်သတိရ၏။

"ဟေ့ ... တိုက်ချန်း၊ လူဆိုတာ တစ်သက်မှာ နှစ်ခါမသေပါဘူးကွာ" တဲ့။

(၁၂)

၁၉၄၀–၅၁ ပြည့်နှစ်များသည် ကျွန်တော့်အဖို့ မင်္ဂလာနှစ်ကာလများ ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်တော်၏ စစ်မှုထမ်းထူးချွန်မှုကို နိုင်ငံတော်မှ အသိအမှတ်ပြု၍ ဘွဲ့တံဆိပ်များ ချီးမြှင့်ခဲ့ပုံ ပြောပြရပါဦးမည်။ ကျွန်တော် ပထမဆုံးရရှိခဲ့သည့် ဆုတံဆိပ်မှာ ဘီဂျီအမ်ခေါ် မြန်မာပြည်စစ်မြေပြင်အမှုထမ်းကောင်း ဆုတံဆိပ်ဖြစ်၏။ ယင်းတံဆိပ်ကို ဗြိတိသျှအစိုးရက ကျွန်တော့်အား ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီ။ ထိုဆုအတွက် နှစ်စဉ် ဒီဇင်ဘာလတိုင်း ကျပ်ငွေ ၆၀၀ ကို ဗြိတိသျှအစိုးရက ကျွန်တော့်ကိုချီးမြှင့်ခဲ့သည်။ ဗြိတိသျှတပ်မတော်မှ ဗမာတပ်မတော်သို့ ပြောင်းခဲ့သည်မှစ၍ တပ်မတော်မှ အငြိမ်းစားယူခဲ့သည့်တိုင် ဘီဂျီအမ်ဆုတံဆိပ်အတွက် နှစ်စဉ်ချီးမြှင့်ငွေကို လက်ခံရယူခဲ့သည်။

၁၉၄၉ ခုနှစ် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်တွင် ဘွဲ့ထူးဂုဏ်ထူးများ ကြေညာသောအခါ ကျွန်တော့်ကို နိုင်ငံတော်သမ္မတကြီးက သူရဘွဲ့တံဆိပ် ချီးမြှင့်သည်။ သူရဘွဲ့တံဆိပ်သည် သူရသတ္တိဆိုင်ရာ ထူးချွန်သော စစ်မှုထမ်းများအတွက် တတိယအမြင့်ဆုံးဘွဲ့ဖြစ်၏။ ယင်းဘွဲ့အတွက် ကျပ်ငွေနှစ်ဆယ်ကို နိုင်ငံတော်က လစဉ်ချီးမြှင့်ခဲ့ပြီး အငြိမ်းစားယူပြီးနောက်လည်း ထိုဆုငွေကိုဆက်လက်ခံစားရလေသည်။

၁၉၄၉ ခုနှစ်ကား ကျွန်တော့်အတွက် တိုက်ပွဲအများဆုံးတိုက်ရသောနှစ်ဖြစ်သည်။ အင်းစိန်တိုက်ပွဲ၊ ထန်းတပင်တိုက်ပွဲ၊ မော်ဘီတိုက်ပွဲများသည် ကျွန်တော်တို့ချင်းသနက(၁)၏ စစ်အရည်အသွေးကို မှတ်ကျောက်တင်ရသော တိုက်ပွဲများဖြစ်ခဲ့သည်။ တိုက်လိုက်ရသည်မှာ နေထွက်ကနေဝင်၊ နေဝင်က နေထွက်၊ မိုးရွာရွာနေပူပူ၊ ကုန်းပေါ်မှာ၊ ရေထဲမှာ၊ နေရာမရွေး၊ ဒေသမရွေး၊ ရာသီမရွေး တိုက်ရသည်။ သည်တော့လည်း စွန့်စားရသော တာဝန်အဆင့်ဆင့်ကို ကျွန်တော်တို့တပ်ရင်းက ယူခဲ့ရသည်။ တပ်ရင်းကို ပေးအပ်သော တာဝန်အဆင့်ဆင့်ကို ကျွန်တော်နှင့်ရဲဘော်များက တစ်ဖန်ပြန်လည်ရယူ၍ စွန့်စွန့်စားစား ထမ်းဆောင်ရပြန်သည်။

ထိုသို့ စွန့်စားမှုများလည်း အချည်းနှီးမဟုတ်ကြောင်း နိုင်ငံတော်ကပြလိုက်၏။ ၁၉၅၀ ပြည့်နှစ်၊ (မြန်မာသက္ကရာဇ် ၁၃၁၁ ခုနှစ်)လွတ်လပ်ရေးဘွဲ့ထူးဂုဏ်ထူးများ ကြေညာသောအခါ ကျွန်တော့်ကို သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဖြစ်သော "အောင်ဆန်းသူရိယ" ဘွဲ့ဖြင့် ချီးမြှင့်ဂုဏ်ပြုကြောင်း နိုင်ငံတော်သမ္မတကြီးက ကြေညာခဲ့လေသည်။

အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ကြောင်း ကြေညာသည့်နေ့က ဖြစ်ရပ်ကို ယခုတိုင် သတိရနေသည်။ နေ့စွဲရက်စွဲတော့ လွဲချင် လွဲလိမ့်မည်။ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၃ ရက်နေ့က ထင်၏။ ညနေ တပ်ရင်းဝင်းအတွင်း၌ တန်းစီ၊ နိုင်ငံတော်အလံကိုအလေးပြုသောအခါ တပ်ရင်းမှူးက အမိန့်ကြေညာစာတစ်စောင်ကိုဖတ်ပြသည်။ "ချင်းသနက(၁)တပ်ခွဲ(၃)မှ ဒုဗိုလ်တိုက်ချန်းအား သူ၏စစ်မှုထမ်းဆောင်မှုကွင် သူရသတ္တိစွမ်းရည် ထူးချွန်ခြင်းအတွက် အောင်ဆန်းသူရိယဘွဲ့ကို နိုင်တော်သမ္မတကြီးက ချီးမြှင့်လိုက်သည်" ... တဲ့။

ပျော်လိုက်သည်မှာ ရေးပြလို့ မကုန်နိုင်ပြီ။ ပြောပြလို့လည်း မကုန်နိုင်ပြီ။ ထိုနေ့ညနေက ကျွန်တော့်သူငယ်ချင်း ရဲဘော်တွေ အရာရှိ

www.burmeseclassic.com

www.burmeseclassic.com

အရာခံ အကြပ်တပ်သားတွေ အားလုံးက ကျွန်တော့်ကိုဖက်ယမ်း၍ ကျွန်တော့်အောင်မြင်မှုကို ကောင်းချီးပေးကြသည်။ သူတို့တောင်းဆို၍ ထိုနေ့ညက ကျွန်တော်တို့ ပျော်ပွဲစားကြသည်။ နွားသုံးကောင် ပေါ်၍ ချင်းရိုးရာ အမဲသားဟင်း ချက်စားကြသည်။ နွားတစ်ကောင်မှ ငွေကျပ် ၅၀ သာပေးရ၏။ အမဲသားဟင်းနှင့် ရမ်အရက်တွေ သောက်လို့မကုန်နိုင်ပါ။ သောက်ကြစားကြနှင့် တစ်သက်တာတွင် အပျော်ဆုံးသော ပျော်ပွဲစားကြီး ဖြစ်နေတော့သည်။

ပျော်လည်း ပျော်သည်။ ဂုဏ်လည်းယူသည်။ ကျွန်တော့် တစ်ကိုယ်တည်းအတွက် ဂုဏ်ယူ၏။ ကျွန်တော်တပ်ခွဲအတွက် ဂုဏ်ယူ၏။ ကျွန်တော်တပ်ရင်းအတွက်လည်း ဂုဏ်ယူ၏။ ပြီးတော့ ကျွန်တော်တို့ ဗမာ့တပ်မတော်ကြီးအတွက်လည်း ဂုဏ်ယူရမည် မဟုတ်လား။

ဂုဏ်မယူရုံလည်း မဖြစ်ပါ။ "အောင်ဆန်းသူရိယဘွဲ့" ဆိုသည်ကား နိုင်ငံတော်က ချီးမြှင့်သော သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။ ဗြိတိသျှနိုင်ငံတွင်မူ "ဗစ်တိုးရီးယား ခရော့" Victoria Cross ဘွဲ့သည် သူရသတ္တိဘွဲ့တံဆိပ်များတွင် အမြင့်မားဆုံးဘွဲ့ဖြစ်၏။ အောင်ဆန်းသူရိယဘွဲ့ကား ထိုဘွဲ့နှင့် အဆင့်တန်းတူဘွဲ့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့ထိ အောင်ဆန်းသူရိယဘွဲ့ဖြင့်ချီးမြှင့်ခြင်းခံရသူပေါင်း ခြောက်ဦးသာ ရှိသည်။ ပထမဆုံး အောင်ဆန်းသူရိယဘွဲ့ရသူမှာ သာယာဝတီ ဝက္ကော်တိုက်ပွဲတွင် ၁၉၄၈ ခုနှစ်က ကျဆုံးသူ ဗိုလ်မှူးအေးချို(ကြည်း/၅၁၈၀) ဖြစ်၏။ ဗိုလ်မှူးအေးချိုပြီးတော့ ၁၉၄၉ ခုနှစ်က ကျဆုံးခဲ့သော ရဲဘော်လှသောင်း(ကိုယ်ပိုင်အမှတ်–စစခဖ၅)၊ ပြီးတော့ ကျွန်တော် ဒုဗိုလ်တိုက်ချွန်း(ကြည်း/၅၄၅၃)၊ တပ်သားဆပ်ကဗဟာဒူးရိုင်း(ကျဆုံး)၊ ကိုယ်ပိုင်အမှတ်–ဝခ၉၁၄)၊ တပ်သားစောဘရီ(ကျဆုံး)၊ တပ်သားစောမြင့်(ကျဆုံး၊ ကိုယ်ပိုင်အမှတ် ဘီ–ဝဝဖဝ၃)တို့ ဖြစ်ကြ၏။ (မင်္ဂလာခုံ

တွင် ယခင်က တပ်မတော်ကလေးများ အထက်တန်းကျောင်းဖွင့်ခဲ့ရာ ရဲဘော်လှသောင်းကို ဂုဏ်ပြုသောအားဖြင့် အောင်ဆန်းသူရိယ လှသောင်းအထက်တန်းကျောင်းဟု ခေါ်တွင်ခဲ့သည်)။

သူရသတ္တိဆိုင်ရာ စွမ်းရည်ဘွဲ့များတွင် သုံးဆင့်ရှိရာ ပထမအဆင့်အတန်း အောင်ဆန်းသူရိယ၊ ဒုတိယအဆင့်အတန်း သိဟသူရ၊ တတိယအဆင့်အတန်း သူရဘွဲ့တံဆိပ်များ ဖြစ်ကြ၏။ အထက်ပါတံဆိပ်များ ချီးမြှင့်ရန် အရည်အချင်း မမီသော်လည်း ရန်သူနှင့် ရင်ဆိုင်တိုက်ခိုက်ရာတွင် အသိအမှတ်ပြုထိုက်အောင် သူရသတ္တိဖြင့် မိမိတာဝန်ကို ခိုင်မြဲသောစိတ်ဖြင့် ထမ်းဆောင်သူ တပ်မတော်သားများအား "သူရဲကောင်းမှတ်တမ်းဝင်" အဖြစ် အသိအမှတ်ပြု ချီးမြှင့်နိုင်သည်ဟု နိုင်ငံတော်အစိုးရက ပြန်တမ်းတွင် ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယ၊ သိဟသူရ၊ သူရဘွဲ့တံဆိပ်များကို အဆင့်အဆင့်ချီးမြှောက်ရာ၌ အသက်အန္တရာယ်ကို ထိခိုက်စေမည့် အလွန်ခက်ခဲသော အခြေအနေတွင် မိမိ၏အသက်ဘေးအန္တရာယ်ကို မငဲ့မကွက်ဘဲ ကျရောက်သည့်တာဝန်ကို အထူးကျေပွန်စွာထမ်းဆောင်သော တပ်မတော်သားများအားလည်းကောင်း၊ တပ်မတော်နှင့်အတူတကွ အမှုထမ်းရသော အရပ်သူအရပ်သားများအားလည်းကောင်း၊ ဤဘွဲ့တံဆိပ်များကို ချီးမြှင့်နိုင်သည့် စသည်ဖြင့်လည်း နိုင်ငံတော်ပြန်တမ်းက ဖော်ပြခဲ့သည်။

အောင်ဆန်းသူရိယဘွဲ့တံဆိပ်ကို ၁၉၅၉ ခုနှစ်တွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က ချီးမြှင့်ပေးအပ်ခဲ့သဖြင့် ကျွန်တော်ကိုယ်တိုင် တက်ရောက်၍ ဆုကိုလက်ခံရယူခဲ့၏။ ကျွန်တော်ကား ထိုအချိန်က တာကယ်လူထူးလူဆန်း ဖြစ်နေသည်။ အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခြင်းခံရသူ ခြောက်ဦးတွင် အသက်ရှင်လျက်ရှိသူ တစ်ဦးတည်းအဖြစ် ဆုကို ကိုယ်တိုင်လက်ခံ ရယူနိုင်သောကြောင့် ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

ကြည်း/၅၄၁၃ မှာ ၁၉၄၉ ခုနှစ်တွင် ကျွန်တော်အားအရေး ပေါ် ပြန်တမ်းဝင်အရာရှိ ခန့်စဉ်က ကိုယ်ပိုင်အမှတ် ဖြစ်၏။ ကြည်း/၇၂၈၈ ကား ၁၉၅၇ ခုနှစ်တွင် အမြဲတမ်းပြန်တမ်းဝင် အရာရှိအဖြစ် ခန့်ထားသောအခါ၌ အသစ်ရသော ကိုယ်ပိုင်အမှတ် ဖြစ်လေသည်။ အောင်ဆန်းသူရိယဘွဲ့တံဆိပ် ချီးမြှင့်ကြောင်း ကြေညာခြင်းခံရစဉ်က ကိုယ်ပိုင်အမှတ်မှာ ကြည်း/၅၄၁၃ သာ ဖြစ်ခဲ့လေသည်။

တပ်မတော်သားဟောင်းတစ်ဦးအနေဖြင့် အမြဲဆန္ဒပြသည်ကတော့ "ကျွန်တော်ချစ်မြတ်နိုးသော တပ်မတော်သည် ပြည်သူလူထု ချစ်မြတ်နိုးသော တပ်မတော်အဖြစ် အမြဲရပ်တည်နိုင်ပါစေ ..." ဟု။

အထက်ဖော်ပြပါ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းသည် တိုက်ပွဲအလီလီ ဆင်နွှဲခဲ့သည်။ အောင်မြင်မှုများစွာလည်း ရရှိခဲ့သည်။ သေဘေးက လွတ်မြောက်လာသည့်အတွက် ဖိုးသက်ပြင်းဟု အခေါ်ခံရသည့် ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း(အငြိမ်းစား) သည် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက် (၁၃၄၉-ခုနှစ် တပေါင်းလဆန်း ၂ ရက်၊ ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ အမှတ်(၂)တပ်မတော်ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်ခဲ့သည်။

ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်းသည် ချင်းပြည်နယ် ပလက်ဝမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်း ဆောင်နေစဉ် နာမကျန်းဖြစ်ခဲ့သည်။ ဗိုလ်ကြီးအောင်ဆန်းသူရိယ တိုက်ချွန်းကို မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ အစာအိမ်ကင်ဆာရောဂါဖြစ်၍ ခွဲစိတ်ကုသပေးခဲ့သည်။ ဆေးရုံမှ ဆင်းပြီးနောက် ပဲခူးမြို့နေ သမီးကြီး ခင်သူရိယကြီးအိမ်တွင် အနားယူနေခဲ့သည်။ တိုသို့ အနားယူနေစဉ် အစာအိမ်ကင်ဆာ ရောဂါ ပြန်လည်ခံစားလာရ၍ ရန်ကုန်မြို့၊ အမှတ်(၂)တပ်မတော် ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် အသက်(၆၅)နှစ်အရွယ်တွင် ကွယ်လွန်သွားသည်။

အောင်ဆန်းသူရိယဘွဲ့တံဆိပ်မှာ ရွှေချိန် ၇ ကျပ်သားဖြင့် ပြုလုပ်ထား၏။ တံဆိပ်မှာ ကန့်လန့်ဖြတ်အလယ် တစ်လေးပိုင်း သုံးပိုင်းလက်မ ရှိသည်။ တစ်လက်မ ကန့်လန့်ဖြတ် အကျယ်ရှိသော စက်ဝိုင်းမှ နေရောင်ခြည်စု ၁၆ စု ဖြာထွက်လျက်ရှိ၏။ နေရောင် ခြည်စုများတွင် အရှည်နှင့်အတို ခွဲခြား၍ အရှည်ပြီးအတို တစ်မျိုး စီ ယှဉ်တွဲဖြာထွက်နေသည်။ နေရောင်ခြည်စု အရှည်မှာ ၁၀ ပိုင်း ၄ ပိုင်းလက်မရှိသည်။ နေရောင်ခြည်စု အတိုမှာ ၁၀ ပိုင်း ၃ ပိုင်း လက်မရှိသည်။ စက်ဝိုင်းအတွင်းတွင် အခြားစက်ဝိုင်းတစ်ခုရှိသည်။ ယင်းစက်ဝိုင်းအကြားမှာ ၁၀ ပိုင်း ၂ ပိုင်းလက်မ အကွာအဝေး ရှိပြီး မြန်မာပန်းပုဒွေကို အဖောင်းထုထားသည်။ အတွင်းစက်ဝိုင်း ပေါ်တွင် မြန်မာပုံကြွက်ခွက် ၁၆ ခွက်ရှိသည်။ ကြွက်ခွက်များအလယ် တွင် ရွှေကြာဖူးကလေး ထပ်ဆင့်တပ်ထား၏။ တံဆိပ်၏ကျောဘက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုသော စာတန်းက အထက်၊ အောက်ဆန်းသူရိယဆိုသော စာတန်းက အောက်တွင် ရေးထိုးထား၏။ ယင်းစာတန်းနှစ်ခုအကြားတွင် ဒုဗိုလ်တိုက်ဧကာင်း (၁၃၁၁ ခုနှစ်)ဟု ရေးထိုးထား၏။

ကျွန်တော်၏ ချင်းနာမည်ကို အင်္ဂလိပ်ဘာသာဖြင့် (THAI CAWN) ဟု ရေးထိုးခဲ့သည်။ ယင်းအမည်ကို မြန်မာလိုတိုက်ရိုက် ဘာသာပြန်ခေါ်လိုက်တော့ "တိုက်ကောင်း" တဲ့။ သို့နှင့်ပင် ကျွန် တော်၏ အောင်ဆန်းသူရိယဘွဲ့တံဆိပ် နောက်ကျောတွင် စာတန်း ထိုးသောအခါ "ဒုဗိုလ်တိုက်ကောင်း" ဟု ရေးထိုးခဲ့ခြင်းဖြစ်၏။ အမှန်က ကျွန်တော်၏အမျိုးသားမှတ်ပုံတင်ပါနာမည်မှာ "တိုက်ချွန်း"၊ ကျွန်တော်၏ တပ်တွင်း တပ်ပြင် အသုံးအနှုန်းနာမည်မှာလည်း "ဗိုလ်တိုက်ချွန်း" ပင်ဖြစ်ခဲ့၏။ ပြီးတော့ ကျွန်တော်၏ကိုယ်ပိုင် နံပါတ်မှာလည်း အချို့မှတ်တမ်းများတွင် (ကြည်း/၅၄၁၃)ဖြစ်၍ အချို့မှတ်တမ်းများတွင် (ကြည်း/၇၂၈၈)ဖြစ်နေသည်။ ဘယ်နံပါတ် က မှန်သလဲတဲ့။ နှစ်ခုစလုံး မှန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ခွန်း၏ ရုပ်ကလာပ်ကို ၂၂-၂-၈၈ ခု မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ၁၄၃-စိန်ဂျန်းလမ်း အောက်ခမ်းဖွယ်ခန်းမတွင် ဗျာပနဝတ်ပြုကိုးကွယ်ခြင်းအခမ်းအနား ကျင်းပခဲ့ပြီး နာနတ်တော ခရစ်ယာန်သုသာန်၌ စည်ကားခမ်းနားစွာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့လေသည်။

❁ ❖ ❁

တပ်သားအောင်ဆန်းသူရိယလှသောင်း

(၁)

အထက်ဖော်ပြပါ အောင်ဆန်းသူရိယဘွဲ့ ရရှိသူများအထဲတွင် ဖောက်ထပ်ဘွဲ့ ရရှိသူတစ်ဦးကို ဆက်လက်တင်ပြရန်ရှိပါသေးသည်။ ၎င်းမှာ တခြားသူမဟုတ် အောင်ဆန်းသူရိယဘွဲ့ ရရှိထားသည့် တပ်သားအောင်ဆန်းသူရိယလှသောင်းပင်ဖြစ်သည်။

အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခြင်းခံရသည့် တပ်သားလှသောင်းသည် ၎င်းဘွဲ့ကို ရရှိသည်မှာ လွယ်ကူသည်မဟုတ်။ အလွန်ခက်ခဲပြီး တိုင်းပြည်အတွက် အစွမ်းကုန်ကြိုးစားသည်။ ကိုယ်ကိုယ်စွန့်သည်။ ထို့အတွက်ကြောင့် အမြင့်ဆုံးဆုဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ရရှိခဲ့သည်။

တပ်သားလှသောင်းကို ဂုဏ်ပြုသည့်အနေဖြင့် "အောင်ဆန်းသူရိယလှသောင်း" ဆိုသည့် စာသင်ကျောင်းလည်းရှိသည်။ ၎င်းစာသင်ကျောင်းမှ တိုင်းပြည်အတွက် အကျိုးပြုသည့် ခေါင်းဆောင်များကို မွေးထုတ်ပေးသည်။ လက်ရှိ ပညာရေး၊ စစ်ဘက်၊ အရပ်ဘက်များတွင် "အောင်ဆန်းသူရိယလှသောင်း" ကျောင်းထွက်ဆိုလျှင် အလွန်မင် အထင်ကြီးလေးစားမှုကို ခံကြရသည်။ အစဉ်အလာရှိသည့် စာသင်ကျောင်းဟု မှတ်ယူနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှတ်ချက်စကားကို လက်ခံရသည်။ "အောင်ဆန်းသူရိယလှသောင်းကျောင်း" သည် အစဉ်အလာရှိသလို "တပ်သားလှသောင်း" သည်လည်း အစဉ်အလာရှိသည့် သူရဲကောင်းတစ်ယောကျ်ဖြစ်သည်။ တပ်သားလှသောင်း အကြောင်းကို တင်ပြလျှင် ဗိုလ်ချုပ်အောင်ဆန်း မိသားစုကို သတိရသည်။ အကြောင်းမှာ ဗိုလ်ချုပ်အောင်ဆန်းကို ပြောကြရင် ဗိုလ်မင်းရောင် မပါလျှင်မပြီးသလို၊ တပ်သားလှသောင်း အကြောင်းပြောလျှင် "ပန်းပဲဝန်ဦးရွှေဘင်" မပါလျှင် မပြီးအောင် ဖြစ်နေသည်။

စာရှုသူများကို ဗဟုသုတအနေဖြင့် တပ်သားလှသောင်း မျိုးရိုးကို တင်ပြချင်ပါသည်။ အထက်ပါ ပတ်သက်မှုများနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်သားလှသောင်းတို့မိဘဘိုးဘွားပတ်သက်မှုကို သိရှိရန်ဖြစ်သည်။

တပ်သားလှသောင်း၏ အဘော် ပန်းပဲဝန်ဦးရွှေဘင်သည် နတ်မောက်ဈာတိဖြစ်သည်။ ကိုလိုနီခေတ်တုန်းက ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး ဗိုလ်မင်းရောင်နှင့်အတူ အင်္ဂလိပ်နယ်ချဲ့တွေကို တိုက်ခိုက်ကြသည်။ မျိုးချစ်သူရဲကောင်းတစ်ဦးဖြစ်သည်။ ၎င်းကိစ္စနှင့် ပတ်သက်၍ အောင်ဆန်းသူရိယလှသောင်း၏ဖခင် ဦးသန်းမောင် ပြောကြားချက်ကို တင်ပြချင်ပါသည်။

"ကျုပ်အဘိုးက ပန်းပဲဝန်ဦးရွှေဘင်တဲ့။ ဗိုလ်ချုပ်အောင်ဆန်းတို့ဘိုးအေ ဦးမင်းရောင်တို့နဲ့ ကုလားဖြူကိုခံတိုက်ကြတာ အတူတူပဲပေါ့။ ဦးရွှေဘင်လည်း ကုလားဖြူနဲ့တိုက်ပွဲမှာ ကျည်သင့်ပြီးဆုံးတာပဲ။ အဘိုးဦးရွှေဘင်မက ဗိုလ်ချုပ်အောင်ဆန်းမိခင်တို့နဲ့ ဝမ်းကွဲသားချင်းတွေပဲ။ မောင်နှမတွေပေါ့။ ဒေါစုကတော့ ငယ်တာပေါ့။ ကျုပ်အဘိုးကလည်း ကုလားဖြူတက်ချိန်မှာ အားကောင်းမောင်းသန် အရွယ်ဆိုတော့ အဘိုးဦးမင်းရောင်တို့နဲ့အတူ ကုလားဖြူကိုတိုက်ကြတာပဲ။ ကျုပ်အဘိုးက ပန်းပဲဝန်လည်းဖြစ်တယ်၊ နောက်တစ်ချက်က အဘိုးပန်းပဲဝန်ဦးရွှေဘင်ရဲ့ဇနီးက မန္တလေး

ရွှေနန်းတော်ထဲမှာ ရွှေထီးနှစ်လက်ရ အထိန်းတော်ခင်ခင်ကြီးတဲ့။ သူ့ကို ရွှေခင်ကြီးလို့ ခေါ်ရတယ်ပြောတယ်။ ဒီတော့ ကုလားဖြူကို ဘယ်မှာ သခင်ခေါ်နိုင်ပါ့မလဲ။

အဘွားရွှေခင်ကြီးဟာ သူ့သား ကျုပ်တို့အဖေ ဦးဘိုးဆက်ကို ခေါ်ပြီး ကုလားဖြူရန်ကိုရှောင်ရင်း အောက်ပြည်ကို ရှောင်လာခဲ့တာ။ ဒလဘက်မှာ အခြေချတာပဲ။ ဒလဘက်ကမ်းမှာ အသက်ရှစ်ဆယ်ကျော်နေပြီးမှ ဆုံးသွားခဲ့တာပဲ"

ဟု ပြောကြားခဲ့တာကို လေ့လာဖတ်ရှုခဲ့ရသည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် အထက်ဗမာပြည်ကို ကုလားဖြူများ ကျူးကျော်စစ်ပြု၍ ချဉ်းနင်းဝင်ရောက်လေသောအခါ နတ်မောက်မြို့သူကြီး ဦးမင်းရောင် ရသမျှလူ စုရုံး၍ ခုခံတိုက်ခိုက်လေသည်။ နတ်မောက်မြို့မှ ပန်းပဲဝန်ဦးရွှေဘင်သည်လည်း ဦးမင်းရောင်နှင့်အတူ ပါဝင်တိုက်ခိုက်လေသည်။ ဦးမင်းရောင်သည် ကုလားဖြူနှင့် တိုက်ခိုက်ရင်း တိုင်းပြည်အတွက် အသက်ပေးသွားသကဲ့သို့ ပန်းပဲဝန်ဦးရွှေဘင်မှာလည်း ကျဆုံးသွားခဲ့ရလေသည်။

ပန်းပဲဝန်ဦးရွှေဘင် ကျဆုံးသွားသည့်အခါ ဇနီးရွှေထီးနှစ်လက်အထိန်းတော် ရွှေခင်ကြီးသည် သားငယ်မောင်ဘိုးဆက်ကို လက်ဆွဲကာ အောက်ပြည်အောက်ရွာသို့ တိမ်းရှောင်ပြေးလာခဲ့ရသော်လည်း ရန်ကုန်တစ်ဖက်ကမ်း ဒလမြို့တွင် အခြေချနေထိုင်ခဲ့ရလေသည်။ ထိုဒလမြို့တွင်ပင် အသက်ရှစ်ဆယ်ကျော်ထိ နေထိုင်ပြီးမှ ကွယ်လွန်သွားသည်။ အလားတူ ရွှေခင်ကြီး၏သား မောင်ဘိုးဆတ်သည် ကြည့်မြင်တိုင်သူ ဒေါအုံးတင်နှင့် အိမ်ထောင်ကျ၍ သားမောင်သန်းမောင်ကို မွေးဖွားသည်။ မောင်သန်းမောင်သည် ဒေါစောခင်နှင့် အိမ်ထောင်ကျကာ ဒလမြို့မှ ကွမ်းခြံကုန်းမြို့သို့ ပြောင်းရွှေ့နေထိုင်သည်။

ဦးသန်းမောင်၏ မျိုးရိုးစဉ်ဆက်တွင် စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်လည်း ပါဝင်သည်။ အလားတူ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com

အောင်ဆန်းလည်း ဆွေချိုးနီးစပ်တော်သည်ဟု ဦးသန်းမောင်က ပြောပြခဲ့သည်။ ထို့အတွက်ကြောင့် ယခုရေးသားလျက်ရှိသည့် မောင်လှသောင်း(အောင်ဆန်းသူရိယလှသောင်း)ကို မည်သည့်နေရာတွင် မွေးဖွားသလဲဆိုတာကို အောက်ပါတိုင်း ဆက်လက်တင်ပြချင်ပါသည်။

(၂)

အကြောင်းအရာမှာ အောင်ဆန်းသူရိယလှသောင်းကို အဖ ဦးသန်းမောင်၊ အမိဒေါ်စောခင်တို့မှ ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်(၁၂၉၀ ပြည့်နှစ် တပို့တွဲလဆန်း ၁၄ ရက်က၊ ဗုဒ္ဓဟူးနေ့) တွင် ကွမ်းခြံကုန်းမြို့၊ မကျီးတန်းရပ်ကွက်တွင် မွေးဖွားသည်။ အောင်ဆန်းသူရိယလှသောင်းကို မွေးဖွားစဉ်မှာ ငလျင်များလှုပ်ခြင်း၊ တော်လှန်ခြင်း စသည့် အတိတ်ကြီး နိမိတ်ကြီးများ ဖြစ်ပေါ်ခြင်း မရှိ၊ တပို့တွဲလ ဖြစ်ခြင်းကြောင့် ပေါက်ပင်များကမူ လှိုင်လှိုင်မွှန့် နေကြသည်။

ကိုသန်းမောင်နှင့် မခင်စောတို့သည် ဘုရားတရားကို အလွန်ကြည်ညိုသူများဖြစ်သည့်အတွက် တပို့တွဲလပြည့်နေ့ ရွာဦးကျောင်းကိုသွားရောက်၍ ဥပုသ်သီလ စောင့်ထိန်းရန် စီစဉ်ထားကြသည်။ ရွာဦးတိုက်သစ်ဧရပ်ကြီးကျောင်း ဆရာတော် ဦးသူရိယမှာ ၎င်းတို့ကိုးကွယ်သည့် ဆရာတော်တစ်ပါးဖြစ်သည်။ တပို့တွဲလဆန်း ၁၄ ရက်ညနေတွင် ထမနဲပွဲကို သွားရောက်ပြီး ပျော်ပျော်ပါးပါးစားကြရန် တိုင်ပင်ထားကြသည်။

ဦးသန်းမောင်တို့ဇနီးမောင်နှံသည် ထမနဲပွဲကိုလည်း မသွားဖြစ်။ ဥပုသ်လည်း မဆောက်ခဲ့ရဘဲ သားဦးလေး မောင်လှသောင်းကိုသာ ဖွားမြင်လိုက်ရသည်။ သားဦးဖြစ်ခြင်းကြောင့် ဦးသန်းမောင်၎င်း၏ဇနီး မီးဖွားရန်အတွက် မီးနေခန်းသုံး ထင်း၊ နန္တင်း၊ ငရုတ်

ကောင်း စသည်ဖြင့် လိုလေသေးမရှိ စုဆောင်းထားလေသည်။ ဇနီး မစောခင်ကလည်း လက်လုပ်လက်စား၊ သန်မာတောင့်တင်းသော အမျိုးသမီးဖြစ်သည်နှင့်အညီ အရပ်လက်သည်၏အကူအညီဖြင့် လွယ်ကူချောမောစွာ မီးရှူးသန့်စင်ဖွားမြင်ခဲ့လေသည်။

ဒေါ်စောခင်သည် အလုပ်ကိုမပြတ်အောင် လုပ်နေခြင်းကြောင့် ကိုယ်ခန္ဓာကျန်းမာသန့်စွမ်းခြင်း အကျိုးတရားရလဒ်ပင်ဖြစ်သည်။ မိခင်၏ကိုယ်လက်ကျန်းမာ သန့်စွန်းသော အကျိုးသည် သားသမီးတွင်လည်း ခံစားရလေသည်။ မြို့ဆေးရုံတွင် မွေးဖွားသည့်ကလေးများအတွက် ကိုယ်ခန္ဓာကိုအလေးချိန်ဖြင့် ဘယ်နှပေါင်ရှိသည်ဟု ဖော်ပြလေ့ရှိသည်။ သို့သော် အရပ်ထဲတွင် မွေးဖွားသည့် ကလေးတို့အတွက် ထိုကဲ့သို့မဟုတ်။ ကလေး၏ဖွံ့ဖြိုးမှုကိုသာ ဤသို့ပြောလေ့ရှိသည်။

"အားပါး ... လိုက်တဲ့ကောင်၊ ဖိုးဝရုပ်ကြီးလား ကျနေတာပဲ"

"အိုးဟိုး ... မျက်နှာကြီးကလည်း ပြည့်လိုက်တာ၊ ဖိုးလမင်းကြီးအတိုင်းပဲဟော"

"ဒီကောင် ခြေတံလက်တံ တယ်ကောင်းတဲ့ကောင်ဟဲ့၊ ငသန်း ... နင့်အရပ်ထက် သာလိမ့်မယ်ဟဲ့၊ နင့်သားက"

"ခေတ်ကိုက ဖအေ့ထက် သားတစ်လကြီးတဲ့ခေတ်ဟာကို အမေရဲ့"

"ဟဲ့ ... ငါမြေးကြီးက လှတယ်ဟဲ့၊ လှတာမှ တစ်သောင်းတစ်ယောက် မရှိဘူး၊ ဒါကြောင့် ငါမြေးကြီးကို လှသောင်းလို့ ငါမှည့်မဟဲ့"

မိခင် ဒေါ်အုံးတင်သည် သားဖြစ်သူကို တိုင်ပင်ခြင်းမရှိပဲ မြေးဦးကို ကိုယ်တိုင်အမည်ပေးလိုက်လေသည်။ ထိုအချိန်ကစ၍ လှသောင်းဟု အမည်တွင်ခဲ့သည်။ မောင်လှသောင်းကို အဘွား ဒေါ်အုံးတင်နှင့် မိဘများဖြစ်ကြသည့် ဦးသန်းမောင်နှင့် ဒေါ်စောခင်တို့မှာ အလွန်ပင် ချစ်မြတ်နိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

လုပ်ကျွေးပြုစုရခြင်း၊ သားသမီးတို့ကို ကျွေးမွေးယုယခြင်း၊ ဆွေမျိုးတို့ကို ထောက်ပံ့ရခြင်း၊ လူမိုက်တို့ကို ရှောင်ကြဉ်ခြင်း စသည့် သင်ကြားချက်များမှာ ယဉ်ကျေးမှုအဆင့်မြင့်သည့် လူမျိုးတို့၏ လိုက်နာကျင့်သုံးကြရသည့် ပြည်သူ့နီတိများကိုပင် သင်ကြားလေ့ရှိသည်။

ဘုန်းကြီးကျောင်းသားလေးများသည် ဝိုင်းထိုင်၍ ဆွမ်းကျန် ဟင်းကျန်များကို စုပေါင်းစားသောက်ကြရသည်။ နည်းအမျှ များအဝေဝင်ဖြစ်လေသည်။ ရေကို စုပေါင်း၍ သန့်ရှင်းကြရသည်။ စုပေါင်း၍ ခပ်ကြရသည်။ ကျောင်းဝင်းကို စုပေါင်း၍ သန့်ရှင်းကြရသည်။ စုပေါင်း၍ စာအံကြရသည်။ စုပေါင်း၍ ဘုရားရှိခိုးကြရသည်။ စုပေါင်း၍ အိပ်ကြရသည်။ ဤနေထိုင်မှုဘဝ၏ အလေ့အကျင့်ကို ရခဲ့ခြင်းသည် မောင်လှသောင်းအဖို့ တပ်မတော်သားဘဝကို ခံယူရရှိရန် အခြေခံဘဝပျိုးခဲ့ခြင်းပင် ဖြစ်လေသည်။

တပ်မတော်အတွင်း တပ်မတော်သားအများစုသည် ကျေးတောသား ဘုန်းကြီးကျောင်းထွက်များသာ ဖြစ်ကြလေရာ စုပေါင်းနေထိုင်စားသောက်ခြင်း ဘဝအခြေခံနှင့် တပ်မတော်သားဘဝတို့မှာ အံမိခွင်မိ ဖြစ်နေလေတော့သည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဘုန်းတော်ကြီးကျောင်းတို့သည် တပ်မတော်သားတို့၏ နေထိုင်မှုဘဝ အစပျိုးလေ့ကျင့်ပေးရာ လေ့ကျင့်ရေးကျောင်းများပင်ဖြစ်နေသည်ကို တွေ့ရှိရပြန်သည်။

မောင်လှသောင်းတို့ ငယ်စဉ်ကမူ ကွမ်းခြံကုန်းလိုမြို့ကလေးတွင် စစ်တိုက်သည့်ရပ်ရှင် ကြည့်ဖို့ဆိုတာ လွယ်ကူသည့်အရာမဟုတ်။ အခြားရပ်ရှင်ကားများကိုသာ များများကြည့်နေတတ်ကြသည်။ မောင်လှသောင်းတို့ ခေတ်ကလေးများ ကစားကြရာတွင် မားခုတ်တမ်းလောက်သာ ကစားကြသည်။ မောင်လှသောင်းသည် စစ်ဗီဇလေးပါလာခဲ့ခြင်းကြောင့် စစ်တိုက်တမ်း ကစားရာတွင် ဦးဆောင်ဦးရွက်ပြုခဲ့ခြင်း ဖြစ်လေသည်။

ဦးသန်းမောင်နှင့် ခေါ်စောခင်တို့မှာ မောင်လှသောင်းကိုမွေးဖွားပြီး နောက်ဆယ် သားသမီးလေးယောက်ကို ဆယ်မဲပယူကြသည်။ ၎င်းတို့မှာ မတင်ညွန့်၊ မောင်သိန်းအောင်၊ မသင်းကြူ၊ မောင်ကြွက်နီတို့ ဖြစ်ကြသည်။ မြသင်းကြူနှင့် မောင်ကြွက်နီတို့မှာ မွေးဖွားပြီး မကြာခင်မှာပဲ ကွယ်လွန်သွားကြသည်။

မောင်လှသောင်းသည် ငယ်စဉ်တည်းက ကြောက်ရွံ့ခြင်းမရှိ၊ ဘယ်လိုပင် ခြောက်လှန့်ပေမယ့် ဂရုမစိုက် မသိသလိုနေတတ်သည်။ မောင်လှသောင်း ခုနစ်နှစ်အရွယ်ကောက်သောအခါ ရွာဦးတိုက်သစ်ဈေးကြီးကျောင်းဆရာတော် ဦးသူရိယ၏ကျောင်းတွင် အပ်နှံ၍ စာသင်စေသည်။ မြန်မာပြည် မြန်မာလူမျိုးတို့၏ စာပေတတ်မြောက်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်ရေး၊ ဆရာမိဘနှင့် တစ်မိနစ်ကြီး သူတို့ငယ်ပင် ရိသေလေးစားရေး စသည့်အစဉ်အလာများကို ဤဘုန်းကြီးကျောင်းပညာရေးစနစ်က ထိန်းသိမ်းခဲ့ခြင်းပင်ဖြစ်သည်။

"ကိုယ့်ထက်ငယ်သော် မောင်ထည်ခေါ်၊ ကြီးသော် ကိုထည်ခေါ်ပါကွယ်"

ဟူသည့် သင်ကြားချက်မှာ ကြီးသူနှင့်ငယ်သူတို့၏ တစ်ဦးကိုတစ်ဦးက အပြန်အလှန် လေးစားရေးသဘောကို သွန်သင်ခြင်းဖြစ်လေသည်။ ဘုန်းကြီးကျောင်းပညာရေးစနစ်သည် ဗျည်းနှင့်သရတွဲပုံ အသံထွက်ကို ကဗျာလင်္ကာကဲ့သို့ အသံထွက်၍ အော်ဟစ်လေ့ကျင့် ကျက်မှတ်ရသည်။ သို့ဖြစ်ခြင်းကြောင့် ကလေးသူငယ်တို့မှာ စာအံရသည်ကိုပင် ကဗျာ၊ လင်္ကာဆိုနေသကဲ့သို့ ပျော်ရွှင်ကြရသည့်ပြင် ကျက်မှတ်ပြီးသည်တို့ကို မမေ့မလျော့သောအကျိုးကို ရရှိစေသည်။

ဘုန်းကြီးကျောင်း ပညာသင်ကြားရေးစနစ်သည် မြန်မာစာတွင် အဓိကကျသော သတ်ပုံကို ပိုင်နိုင်ရန်အတွက် ယပင်း ယရစ်၊ ပသတ်၊ မသတ်၊ တသတ်၊ နသတ် စသည်တို့ကို အခြေခံခိုင်မြဲ၍ စိတ်ထဲတွင် စွဲနေအောင် လေ့ကျင့်သင်ကြားလေ့ရှိသည်။ မိဘတို့ကို

www.burmeseclassic.com

www.burmeseclassic.com

"ရွှေတိဂုံတွင် မင်းလေးပါးဆုံမည်" ဆိုသောနှစ်တွင် မောင်လှသောင်းကို ရှင်ပြုကြသည်။ မောင်လှသောင်းသည် ဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ အတွင်းအောင်ခြင်း အပြင်အောင်ခြင်း၊ နမက္ကရ၊ လောကနီတိ၊ ပရိတ်ကြီး စသည်တို့ကို သင်ကြားပြီးသောအခါ ဆရာတော်ဦးသူရိယက ဦးသန်းမောင်ကို ခေါ်ယူလိုက်ပြီး ...

"မင်းသားကို ရှင်ပြုတော့"

ဟု အမိန့်ရှိလေသည်။ ဦးသန်းမောင်ကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံပြီး ရှင်ပြုပေးလေသည်။ မောင်လှသောင်း သာသနာ့ဘောင် ရှင်သာမဏောဘဝကိုရောက်၍ "ရှင်ဝါဒိစ္စ"ဘွဲ့အမည်ကို ခံယူရသည်။ မောင်လှသောင်း ကိုရင်ဘဝနှင့် နေထိုင်သည်ကိုတွေ့ရသည့်အခါ အဘိုးဦးဘိုးဆက်၊ အတွားဒေါ်အုန်းတင်နှင့် ဖခင်ဦးသန်းမောင်၊ မိခင်ဒေါ်စောခင်တို့မှာ လွန်စွာပီတိများဖြာနေကြသည်။

မောင်လှသောင်း ရှင်ပြုသောအချိန်တွင် ဘေးတော်ပန်းပဲဝန်ဦးရွှေဘင်၏ နီး ရွှေထီးနှစ်လက်ရ အထိန်းတော် ရွှေစင်ကြီးမှာ မြစ်တော်သူ မောင်လှသောင်း ရှင်ပြုသည့်အခါ အသက်ပင်ရှစ်ဆယ်ကျော်လေပြီ။ အတွားသည့် မြစ်ဖြစ်သူ ရှင်ဝါဒိစ္စအား သံဃာစင်ထက်တွင် အလွန်ကြည်ညိုဖွယ်ရာတွေ့လိုက်ရ၍ လွန်စွာကျေနပ်နေသည်။ မောင်လှသောင်း ရှင်ပြုပွဲပြီးသည့်အခါ သားဖြစ်သူ ဦးဘိုးဆက်၊ မြေး ဦးသန်းမောင်တို့ကို ခေါ်လိုက်လေသည်။

"ငါ့မြစ်ကြီးကို သာမဏောဘဝနဲ့ ဖူးတွေ့ရပြီးလို့ ငါသေပျော်ပြီ။ သို့သော်လည်း ငသန်းတို့ ကွမ်းခြံကုန်းက ပြောင်းခဲ့ပြီး ငဘိုးဆက်တို့နဲ့အတူ ဒလမှာ ဥမကွဲသိုက်မပျက် လာနေကြတာကို ငါ ဆွေသွားချင်တယ်။ အရေးကြီးရင် သွေးနီးမှတဲ့၊ တို့ဗမာတွေ ကုလားဖြူတွေနဲ့ တိုက်ကြရဖို့ နီးနေပြီ။ ငသန်းတို့ မြန်မြန်ပြောင်းခဲ့ကြ"

မောင်လှသောင်း ဆယ်နှစ်သားအရွယ်လောက်တွင် ရွှေဖီးအရေးတော်ပုံနှင့် ကြုံကြိုက်လေသည်။ ရွှေဖီးအရေးတော်ပုံဆိုသည်မှာ ရွှေဖီးဆိုသူရေးသားသည့် မော်လဝီနှင့် ယောဂီစာတမ်းစာအုပ်တွင် ဗုဒ္ဓဘာသာကို ထိခိုက်ထားသည်ဆိုကာ ဖြစ်ပွားကြသော ၁၉၈၃ ခုနှစ် ကုလား-ဗမာအဓိကရုဏ်းပင် ဖြစ်လေသည်။ ကွမ်းခြံကုန်းမြို့ကလေးသည် ရန်ကုန်နှင့်မဝေးလှသောကြောင့် အဓိကရုဏ်းဖြစ်သည်ဟု ဆိုသည်နှင့် ဒလဘက်ကမ်းကိုကူးဆက်ကာ ဒလမှ ခုဂု မိုင်မျှသာဝေးကွာသည့် ကွမ်းခြံကုန်းသို့ပျံ့ပွားလေတော့သည်။

တံတားနှင့် ကွမ်းခြံကုန်းကြားတွင်ရှိသည့် အေးဒနော၊ ချောဘိစ္ဆာသည် ထိုစဉ်က ကုလားစွာများဖြစ်ကြသည်။ မြေတုံးကုလားနှင့် ခေါ်တောကုလားများ နေထိုင်ကြသည်။ ကွမ်းခြံကုန်းမြို့နှင့် နယ်မှလူပေါင်းသုံးလေးထောင်ခန့်သည် ၎င်းစွာကိုသွား၍ ဝိုင်းထားကြလေသည်။ ထိုအဓိကရုဏ်းတွင် ဖခင်ဦးသန်းမောင် ပါဝင်လေရာ မောင်လှသောင်းမှာလည်း ဖခင်နောက်မှ တကောက်ကောက်လိုက်နေသည်။ အိမ်ပြန်လွတ်သော်လည်း မပြန်ဘဲ နောက်ယောင်ခံ၍သာ လိုက်ကြည့်လေသည်။

မောင်လှသောင်းသည် ၎င်းကုလား-ဗမာ အဓိကရုဏ်းမှစတင်၍ အမျိုးသားရေးစိတ်ကို နှိုးဆွခြင်းခံရသည်ဟု ဆိုနိုင်သည်။ ရွှေဖီးကုလား-ဗမာအရေးတော်ပုံနှစ်တွင် မြန်မာတို့၏နိုင်ငံရေးနိုးကြားမှုသည် ဒီရေတက်သကဲ့သို့ ရှိလေသည်။ ကျောင်းပေါင်းစုံက အုံကြွသပိတ်မှောက်ကြသည်။ ချောက်ရေနံမြေအလုပ်သမားထုကြီးက ရန်ကုန်သို့ ချီတက်လာသည်။ ပဲခူး၊ ဓေါနယ် လယ်သမားတပ်ကြီးကလည်း အင်အားဖြည့်တင်းပေးသည်။

၎င်းတို့သည် ရန်ကုန် ရွှေတိဂုံကုန်းတော်မော်တွင် ပေါင်းဆုံကြသည်။ "ရွှေတိဂုံတွင် မင်းလေးပါးဆုံမည်" ဆိုသည့်အတိုင်းပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အထိန်းတော် ချွေခင်ကြီး၏ အမိန့်အရ ဦးသန်းမောင်တို့ မိသားစုသည် ဒလဘက်ကမ်းသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ဒလဘက်ကမ်း ရွာသစ်ကွက်သစ်၊ အမှတ်(၁၉၇)ရှိ မိဘများဖြစ်ကြသည်။ ဦးတိုးဆက်၊ ဒေါ်အုံးတင်တို့နှင့်အတူ နေထိုင်ကြရသည်။ ဦးသန်းမောင်တို့ ပြောင်းရွှေ့လာသည့်အခါ မောင်လှသောင်းမှာ လည်း ရှင်လိမ်ပြန်၍ ပါလာတော့သည်။ ညီမဖြစ်သူ မတင်ညွှန့်၊ ညီငယ် မောင်သိန်းအောင်တို့အပေါ်တွင် မောင်လှသောင်းသည် လွန်စွာအလိုလိုက်ခဲ့လေသည်။ ၎င်းတို့မောင်နမသုံးယောက်သည် သုံးနှစ်ကြီး သုံးနှစ်ငယ်များ ဖြစ်ကြလေသည်။

ဦးသန်းမောင်တို့မိသားစု ဒလဘက်ကမ်းသို့ ရောက်ရှိ၍ ဦးဘိုးဆက်နှင့်အတူတကွ နေထိုင်သည်ကို မြင်တွေ့ရပြီးသည်နှင့် အထိန်းတော် ချွေခင်ကြီးသည် ရှေးဆန်သော ထီးနန်းစကားနှင့် ဆိုရပါလျှင် လှူပြည်ငြိ၍ နတ်ထီးစံသွားခဲ့လေသည်။

မောင်လှသောင်းသည် ကွမ်းခြံကုန်းဆရာတော် ဦးသုမန ကျောင်းတွင် ပရိတ်ကြီးကုန်ရုံမျှသာ သင်ကြားခဲ့ရသေးသောကြောင့် ဒလသို့ရောက်သည့်အခါ လယ်ပေါ်ရွာဦးကျောင်း ရခိုင်ဘုန်းတော်ကြီးထံတွင် ဆက်လက် ပညာသင်ပြန်သည်။ လယ်ပေါ်ရွာဦးကျောင်း ဘုန်းတော်ကြီးသည် ရခိုင်အမျိုးသားဖြစ်၍ စိတ်ဆတ်သည်။ ပြတ်ပြတ်ပြော ပြတ်ပြတ်ဟောတတ်သည်။ အမျိုးသားရေးစိတ်ရှိသည်။ ဂိုဏ်းထောက်ကိုယ်တော် ဦးဘဉ္ဇရမ္ဘာကား ခေတ်မီအတွေးအခေါ်ရှိသည်။ တိုးတက်ပြောင်းလဲနေသည့် မြန်မာတို့၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲနှင့် ကမ္ဘာအရေးအခင်းတို့သည်လည်း ဆက်စပ်မြင့်တက်လာချိန်ဖြစ်သည်။

မောင်လှသောင်းသည် ညနေတိုင်း အဘိုးအိမ်သို့ပြန်၍ နေ့စဉ်သတင်းစာကို ယူလာခဲ့ရသည်။ ကျောင်းသို့ရောက်ရှိလျှင် ဘုန်တော်ကြီးရှေ့သို့သွား၍ စာမျက်နှာတစ်ကစကား ဖတ်ရတော့သည်။ ရခိုင်ဘုန်းတော်ကြီးသည် ကြိမ်ပက်လက်ထိုင်ခုံပေါ်တွင်

ထိုင်ကာ နားထောင်သည်။ မောင်လှသောင်းဖတ်၍ ဌာန်ကရိဏီး မကျသည့် အပိုဒ်များကို ထောက်ပေးသည်။ နေ့စဉ်သတင်းမှာ မျိုးစုံလေသည်။ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်း၊ စစ်သတင်းများ ပါဝင်သည်။ အထူးသဖြင့် တရုတ်–ဂျပန်စစ်ပွဲသတင်းများမှာ နေ့စဉ်ပါလေသည်။ နေ့စဉ်ဖတ်ရဖန်များလာသော် မောင်လှသောင်း၏ စိတ်ထဲတွင် "တော်တော်စစ်တိုက်နိုင်တဲ့ကောင်တွေပဲ"ဟု ထင်လာသည်။ ဤစစ်ပွဲသတင်း နေ့စဉ်ပါလာသည်နှင့် ပတ်သက်၍ ရခိုင်ဘုန်းတော်ကြီးက ဤသို့မိန့်ကြားလေသည်။

"အေး ... လောကမှာ လောဘ ဒေါသ မောဟ တရားအားကြီးတဲ့လူမျိုးရဲ့တိုင်းပြည်မှာ စစ်မက်ထူပြောတာပဲကွာ"

အနောက်ဘက်ကမ္ဘာ ကုလားဖြူလောကမှ စစ်သတင်းများကိုလည်း မောင်လှသောင်းဖတ်ရသည်။ အီတလီနှင့် အာဖရိကနိုးယား(ယခုအီသီယိုးပီးယား)စစ်ပွဲသတင်း၊ ၎င်းစစ်ပွဲသတင်းကို ဖတ်ရသည့်အခါ မောင်လှသောင်းသည် မျက်စိလည်လာသည်။ "ဘာလူမျိုးတွေလဲ။ နာမည်တွေကလည်း ခေါ်ရခက်ပါဘိ"စသည်ဖြင့် တွေးမိသည်။ မောင်လှသောင်းသည် "အော်စတေးလီးယားပြီ"ဟု ဖတ်သည့်အခါ ရခိုင်ဘုန်းတော်ကြီးသည် မျက်စိပိတ်အောင် ရယ်မောကာ "သြစတြေးလျပြည်"ဟု အသံထွက်မှန်အောင် ပြင်ပေးသည်။

သို့ဖြင့် မောင်လှသောင်းသည် အနောက်ကမ္ဘာ သိုးဆောင်းတိုင်းပြည်နှင့် လူမျိုးတို့၏ အမည်နာမများကို တစေ့တစောင်းဖတ်ရှုလေ့ကျင့်ရလာခဲ့သည်။ မြန်မာပြည်တွင်းသတင်းတွေကား သခင်တို့၏ နိုင်ငံရေးတရားပွဲများ၊ ဟိုမြို့ ဒီမြို့ စသည်ဖြင့် မပြတ်ပါလာသည်။ အဖမ်းခံရသည့် သခင်တို့၏သတင်းများကိုလည်း မကြာခဏပင်ဖတ်ရသည်။ နန်းရင်းဝန် ဂဠုန်ဦးစောအား သခင်တို့က သံပုံးတီးလွှတ်သည့်သတင်းကို ဖတ်ရသည့်အခါ မောင်လှသောင်းမှာ ဘာမှန်းမသိ ဝမ်းသာမိသည်။ ဂဠုန်ဦးစော၏ ဝါရင်း

www.burmeseclassic.com

www.burmeseclassic.com

တုတ်တပ်က သခင်တို့ကို ရိုက်နှက်သည်ဟု ဖတ်ရသည့်အခါ ဒေါပွနေတတ်သည်။

အလားဟု ရခိုင်ဘုန်းတော်ကြီးက "အောင်မယ်လေး ... လဒင်စောက တယ်လက်စောင်းထက်နေပါလား"ဟု တက်ခေါက်ကာ ဆိုလေသည်။ တစ်နေ့သောညနေတွင် မောင်လှသောင်းသည် ဘုန်းတော်ကြီးရှေ့တွင် သတင်းစာကိုချလျက် မျက်နှာမုဲ့မှ စာလုံးကြီးနှင့်သတင်းကိုဖတ်ရန် ဆွဲ့အနေမိသည်။ မည်ကဲ့သို့ အသံထွက်ရမည်ကိုပင် မစဉ်းစားတတ်အောင် ရှိနေသည်။ ဤတွင် ဘုန်းတော်ကြီးက ...

"ဟဲ့ကောင် ... ဖတ်လေ၊ ဘာလုပ်နေတာလဲ"

ဟု ပြောလိုက်သည့်အခါ မှားမှားမှန်မှန်ဟုတွေးကာ အသံထွက်၍ ဖတ်လိုက်လေသည်။

"ချက်ကိုစလို့သူဘေးကီးယားပြီး"

ထိုအခါ ဘုန်တော်ကြီးက ... "ဘာကွ၊ မင်းဟာက ပြန်ဖတ်စမ်းပါဦး"

"ချက်ကိုစလို့ဘေးကီးယားပြီး"

"ဟူခဲ့စမ်း ... မင်းသတင်းစာ"

ဟုဆိုကာ မောင်လှသောင်းသည် ရိုးသေစွာပေးလိုက်သည်။ ဘုန်းတော်ကြီးသည် မျက်မှန်ကိုဘပ်၍ သတင်းစာကို ဖတ်လိုက်ပြီးသည့်အခါတွင် ချက်ချင်းပင် မျက်မောင်ကြုတ်သွားသည်။ ရှေ့သို့ဆက်ဖတ်ပြီး သတင်းစာကို အောက်သို့ ပစ်ချလိုက်သည်။

"အင်း ... ကမ္ဘာကြီးတော့ မီးလောင်ကျတော့မှာပဲ"

ငင်းသတင်းသည် အခြားမဟုတ်၊ ချက်ကိုစလိုဗေးကီးယားပြည်ကို ဂျပန်တပ်များက အတင်းငင်ရောက် သိမ်းပိုက်သည့်သတင်းပင်ဖြစ်လေသည်။ ထိုနောက် ပိုလန်ကိုပါ သိမ်းလိုက်သည့်အခါတွင် ကမ္ဘာကျော်ဒုတိယကမ္ဘာစစ် စတင်သည့်ကာလသို့ ရောက်လာလေသည်။ ထိုအချိန်တွင် မောင်လှသောင်း၏အဘိုးဖြစ်သူ ဦးဘိုးဆက်

မှာ ဒလဘက်ရှိ ဆန်စက်များ၏ စပါးအဝယ်တော် လုပ်ကိုင်နေရာ လုပ်ငန်းကောင်းမွန်၍ ငွေရွှင်လာသည်နှင့် မြေးဖြစ်သူ မောင်လှသောင်းကို ရှင်ပြုပြန်သည်။

ထို့ကြောင့် မောင်လှသောင်းမှာ ရှင်သာမဏေဘဝသို့ ဒုတိယမွေ ရောက်ရပြန်လေသည်။ ယခုတစ်ကြိမ် ရှင်သာမဏေဘဝသို့ပြန်ရောက်သည့် မောင်လှသောင်းသည် နေ့စဉ်သတင်းစာများကို ဆရာတော်ဘုရားအား ဖတ်ပြရခြင်းမှရသည့် ဗဟုသုတအပြင် သဒ္ဒါတွင်မက သင်္ကြိုဟ်ကိုပါတက်၍ သင်ကြားနေရပြီဖြစ်ခြင်းကြောင့် လူရောစိတ်ပါ ရင့်ကျက်၍ တည်ငြိမ်လာခဲ့သည်။ မောင်လှသောင်းသည် သာမဏေဘဝနှင့် ပျော်သလောက်နေမည်ဟုဆိုကာ စာပေကိုသာ ကြိုးစားသင်ကြားလေသည်။ ဂိုဏ်းထောက်ကိုယ်တော် ဦးဥဉ္ဇတ္တရက ...

"ဒီကောင် ဝါဒီစ္စ ဥဏ်ထက်တယ်၊ စာတတ်ပေတတ်လို ရလွယ်တယ်"

ဆိုကာ စေတနာဖြင့် ကိုယ်ဖိရင်ဖို သင်ကြားပေးလေသည်။ ဤကား မောင်လှသောင်း၏ ကြီးပြင်းလာရသည့်ဘဝ၏ အကြမ်းဖျင်းပုံသဏ္ဌာန်ပင် ဖြစ်လေသည်။

(၃)

မောင်လှသောင်း၏ မျိုးရိုးသည် နတ်မောက်ဘက်မှ ဆင်းသက်လာသည့် မျိုးရိုးဖြစ်သည်။ ဘေးတော်ပန်းပဝန်ဦးရွှေဘင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ဘိုးအေ ဦးမင်းရောင်နှင့်အတူ ကုလားဖြူကို တိုက်ခိုက်၍ ကျဆုံးခဲ့ရသည်။ ထို့အတွက်ကြောင့် မောင်လှသောင်းသည် ထိုမျိုးရိုးမှ ဆင်းသက်သူဖြစ်၍ အမျိုးသားရေးစိတ်ဓာတ်ပြင်းပြမည်မှာ အလွန်သေချာလှသည်။ မောင်လှသောင်းကြီးပြင်းခဲ့ရသည့် ပတ်ဝန်းကျင်နှင့် ဆင်းသက်ခဲ့ရသည့် မျိုးရိုးဗီဇ

www.burmeseclassic.com

www.burmeseclassic.com

နှစ်ရပ်ကိုပေါင်းလိုက်သောရလဒ်သည် စစ်သားကောင်းတစ်ယောက် ဖြစ်လာသည်။

မောင်လှသောင်း စစ်ထဲဝင်ခင်ကို ကြားဖြတ်တင်ပြရလျှင် ဒလဘက်ကမ်း ဧရာဝတီသင်္ဘောကျင်းမှ စာရေးကြီး ဦးသောင်းစိန်သည် မောင်လှသောင်း၏ မိဘများနှင့် ခင်မင်ရင်းနှီးကြသည်။ အဆိုပါ စာရေးကြီးဦးသောင်းစိန်ထံ မောင်လှသောင်းကိုအပ်နှံ၍ ပညာသင်တပည့်ခံယူစေသည်။ စာရေးကြီးဦးသောင်းစိန်ကလည်း မောင်လှသောင်းကို တူသားအရင်းကဲ့သို့ ချစ်ခင်ကာ လက်ကတုံးတောင်ဒုံးသမျှပင် သွားလာရာကို ခေါ်သွားလေ့ရှိသည်။

မောင်လှသောင်းသည် စာရေးကြီးဦးသောင်းစိန်ထံတွင် သင်ကြားပြသသည့် ပညာရပ်များကို ဂရုစိုက်သေသေ လေးလေးစားစား လေ့လာသင်ယူသည်။ သူ့ဆရာ ကွင်းဆင်း၍ သစ်ချွေးသစ်တိုင်းပြုသည့်အခါ အတူလိုက်ပါကာ ခိုင်းစေခိုင်းသမျှကို ကြိုးစားပြုလုပ်၍ သင်ကြားပြသည်တို့ကို ဂရုတစိုက် နာယူမှတ်သားတတ်သည်။ ထိုအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ တစ်ပြည်လုံးအုံကြွလှုံ့ဆော်ညီညွတ်ကာ အင်္ဂလိပ်ထံမှ လုံးဝလွတ်လပ်ရေးကို တောင်းနေချိန်ဖြစ်သည်။

"လွတ်လပ်ရေးကို အနုနည်းနဲ့ရရင်ရ မရရင်ချရမှာပဲ" ဟု သော ဗိုလ်ချုပ်အောင်ဆန်း၏ ဒေါင်းတင်မောင်းတင် မိန့်ခွန်းသည် မောင်လှသောင်းလိုလူငယ်အများအပြားကို ပြည်သူ့ရဲတော်တပ်ဖွဲ့ထဲသို့ ဝင်ရောက်စေတော့သည်။

ဒလမြို့တွင် ပြည်သူ့ရဲတော်တပ်ဖွဲ့ ဖွဲ့စည်းသည့်အခါ မောင်လှသောင်းမှာ စာရင်းပေးသွင်းလေတော့သည်။ မောင်လှသောင်းကိုအုပ်ချုပ်သည့် ပြည်သူ့ရဲတော်တပ်ဖွဲ့ဗိုလ်မှာ ဗိုလ်တင်အေးဆိုသူဖြစ်သည်။ မောင်လှသောင်းမှာ ပြည်သူ့ရဲတော်တပ်ဖွဲ့သို့ဝင်လျှင် သေနတ်ကိုင်ရမည်ဟု အထင်ရှိခဲ့သည်။ တကယ်လက်တွေ့ကျင့် စစ်ရေးလေ့ကျင့်သည့်အခါ ဝါးလုံးများကိုသာ သေနတ်သဖွယ်

ထား၍ လေ့ကျင့်ရသည်။ ဤသည်ကို မောင်လှသောင်းက အားမရ။ သေနတ်အစစ်ကိုသာ ကိုင်လိုသည့်ဆန္ဒ ပြင်းပြနေသည်။

"ကျွန်တော်တို့ သေနတ်အစစ် ဘယ်တော့ကိုင်ရမှာလဲ" ဟု မေးသည့်အခါ ဗိုလ်တင်အေးက ...

"အချိန်ကျရင် ကိုင်ရမှာပေါ့"

မောင်လှသောင်းသည် ထိုအဖြေကို ဘဝင်မကျ။ အချိန်ကျရင် ဆိုတာကို လက်မခံချင်။ ပြည့်သူ့ရဲတော်ထဲကို ဝင်ရောက်သည်မှာ သေနတ်ကိုင်ချင်သည့်အတွက်ကြောင့်ဖြစ်သည်။ ထို့အတွက်ကြောင့် မောင်လှသောင်းသည် စစ်ထဲဝင်ရန် ကြိုးစားပြန်သည်။ အချိန်ကား ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအလံတော်အောက်တွင် တစ်ပြည်လုံး သွေးစည်းညီညွတ်ကာ အုံကြွလေသောကြောင့် အင်္ဂလိပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ဦးစီးစေကာ အစိုးရအဖွဲ့ကို ဖွဲ့စည်းရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း "တစ်နှစ်အတွင်း လွယ်လွယ်ရေးရရမည်" ဟု ရဲရင့်ပြတ်သားသည့် ကြွေးကြော်သံကိုပေးထားလေသည်။ တပေါင်းလပူပြင်းသည့်နေ့တစ်နေ့တွင် မောင်လှသောင်းသည် သိမ်ကြီးဈေးတစ်နေရာ၌ ဒလဘက်သားတစ်ယောက်ကို အမုတ်မထင် တွေ့ရှိလိုက်ရသည်။

"ဟာ ... မောင်အေးကြီး၊ ဘယ်တုန်းဟာ"

မောင်လှသောင်းသည် စ၍နှုတ်ဆက်လိုက်လေသည်။

"ဟာ ... လှသောင်းပါလား၊ အတော်ပဲ၊ ငါ မင်းကိုတိုင်ပင်စရာရှိလို့၊ လာကွာ"

နှုတ်ဆက်ခံရသည့် မောင်အေးဆိုသူက မောင်လှသောင်းကို တရင်းတနှီး လက်ဆွဲပွေ့ဖက်ကာ နှီးရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဆွဲခေါ်သွားသည်။

"ဟောကောင် ... လှသောင်း၊ မင်း ငါနဲ့လိုက်မလား"

"ဘယ်ကိုလဲကွ၊ ပြောဦးမှပေါ့"

www.burmeseclassic.com

www.burmeseclassic.com

တပ်သားဘုန်းကျော်(နောင် ဗိုလ်မှူးဘုန်းကျော်) တပ်မ(၈၈)။
တပ်သားမောင်အေးမောင် (နောင် ဒုအရာခံဗိုလ်ဝင်းကျော်)
စခန်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
တပ်သားတင်ဝင်း (နောင် ဒုအရာခံဗိုလ်တင်ဝင်းကျော်)
သနက(ဖ)။
တပ်သားဝင်းအောင် (နောင် ဗိုလ်မှူးဝင်းအောင်၊ လမ်းမတော်
မြို့နယ်၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း)။
စသည်တို့ဖြစ်ကြသည်။ အသက်ရှင်လျက်ရှိသူတို့ကို လေ့လာ
မိသလောက်ကို တင်ပြခြင်းဖြစ်သည်။ ကျန်အတော်များများမှာ
ကျဆုံးခဲ့လေသည်။ ရဲဘော်လှသောင်းတို့အုပ်စုကို သေနတ်ကိုင်(၃)
တွင် "ရှစ်သုံးလုံးအုပ်စု" ဟု ခေါ်ခဲ့ကြသည်။ အချို့လုဟောင်း
ရဲဘော်များက "၈၈ ငယ်သုံးခု ဥသျှစ်ထုမယ့်ကောင်တွေ" ဟုနောက်
ပြောင်ခဲ့ကြပါသည်။ မြန်မာရာဇဝင်တွင် ရှင်းသိုဟန်ဘွား ထင်ကြွ
သည့် သက္ကရာဇ်ရှစ်သုံးလုံး ၈ ငယ်သုံးခုကို ညွှန်ခြင်းပင်ဖြစ်လေ
သည်။
ရဲဘော်လှသောင်း၏ ကိုယ်ပိုင်အမှတ်(၈၈၈၆၅)ကို တစ်လုံး
တည်း ခုဂဏန်းကျန်သည်အထိ ဆက်၍ပေါင်းခဲ့ပါလျှင် ရှစ်ဂဏန်း
သာ ကျန်ပါလိမ့်မည်။ တစ်ဖန် ရဲဘော်လှသောင်း ကျဆုံးသော
တိုက်ပွဲမှာ "ရှမ်းစုရွာ"တွင်ဖြစ်ပါသည်။ ဘာရယ်မဟုတ် ရဲဘော်
လှသောင်းနှင့်ပတ်သက်၍ တိုက်ဆိုင်မှုလေးတစ်ခုကို သတိရမိ
သည်။ ရှစ်နှင့်ရှမ်းတို့၏ ရေးကောက်မှာ ဗဒ္ဓဟူးနံဖြစ်သည်။ ရဲဘော်
လှသောင်းသည်လည်း ဗုဒ္ဓဟူးသားဖြစ်သည်။ ဘာရယ်မဟုတ်
ရုတ်တရက် တွေးမိခြင်းသာဖြစ်သည်။
ရဲဘော်လှသောင်းသည် အရပ်ထွားထွား ရင်အုပ်ကားကားနှင့်
အသားညိုသည့် ပြည်သူ့ရဲဘော်တပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့တွင်
လေ့ကျင့်ခန်း ဆင်းခဲ့ရခြင်းကြောင့် ခန့်လောင်ထားဟန်ရှိလေသည်။
မျက်နှာမှာပြည့်ဝိုင်းကာ မျက်ခုံးကောင်း၍ နှာတံပေါ်သည်။ စကား

ပြောလျှင် အသံသြကြီးနှင့်ဖြစ်သည်။ ရဲဘော်လှသောင်း စစ်ထဲဝင်
သော အမှတ်(၃)သေနတ်ကိုင်တပ်ရင်းနေရာသည် ယခုနောက်ပိုင်း
ဗဟိုနိုင်ငံရေးတက္ကသိုလ် ဖွင့်လှစ်ထားသည့်နေရာဖြစ်သည်။ အလား
တူ ထိုနေရာကို ကျပန်ခေတ်မင်္ဂလာခုံစစ်တက္ကသိုလ်ဟုခေါ်ဆိုသည့်
သမိုင်းဝင်နေရာဖြစ်သည်။
တပ်ရင်း(၃)၏ တပ်ရင်းမှူးမှာ ဗိုလ်မှူးကျော်ဇော(ဗိုလ်မှူးချုပ်
ဟောင်း ကျော်ဇော)ဖြစ်သည်။ တပ်ရင်းမှ အချို့ရဲဘော်တို့ကို အသစ်
ဖွင့်လှစ်မည်ဖြစ်သည့် တပ်ရင်းများသို့ အမာခံများအဖြစ် ပေးပို့စေ
လွှတ်ရခြင်းကြောင့် လူစားရရှိရန် သန်လျင်ဘက်တွင် ပထမပတ်
လူသစ်စုဆောင်းကာ လေ့ကျင့်ရေးပေးခဲ့ပြီး ဖြစ်လေသည်။ မင်္ဂလာခုံ
တွင် ဒုတိယပတ်ဆက်လက်စုဆောင်းရာ ရဲဘော်လှသောင်း ဝင်
ရောက်လာခြင်းဖြစ်သည်။
မောင်လှသောင်းတို့ လူငယ်ရဲဘော်ဘဝသည် တက်ကြွစွာ
ဒဏ်ခံပြောခြင်း၊ ငြင်းခုန်ခြင်း၊ ပျော်ရွှင်ခြင်း စသည်တို့ဖြင့် စုပေါင်း
လုပ်ကိုင်နေထိုင်ကြသည့် ဘဝပင်ဖြစ်သည်။ အတိတ်ကိုတမ်းတ၍
မနေကြ။ အနာဂတ်ကို မျှော်မှန်း၍ ရော်ရမ်းမနေကြ။ လုပ်စရာရှိ
ဘာကိုသာ လုပ်ကိုင်ကြခြင်းဖြစ်သည်။ မောင်လှသောင်းအတွက်
သူနေထိုင်ကြီးပြင်းခဲ့ရသည့် ဘဝပတ်ဝန်းကျင်နှင့် ယခုနေထိုင်ရ
သည့် တပ်မတော်သားဘဝမှာ ဟပ်စပ်မိနေသည်။
၎င်းငယ်ငယ်က ဘုန်းတော်ကြီးကျောင်းတွင် နံနက်အရုဏ်
မတက်မီကပင် ထခဲ့ရသည်။ ယခု နံနက်(၅)နာရီထရသည်။ မြို့ထဲ
ရွာထဲလှည့်ကာ နံနက်တိုင်းဆွမ်းခံခဲ့ရသည်။ တပ်မတော်သို့ဝင်
ရောက်ချိန် နံနက်တိုင်း ပြေးရသည်။ လမ်းလျှောက်ရသည်။
မောင်လှသောင်းတို့ လက်နက်ငယ်သင်တန်းမှူးမှာ ဗိုလ်သာ
ဆွေ ဖြစ်လေသည်။ ၎င်းသည် ကရင်လူမျိုးဖြစ်၍ အနေရိုးလေသည်။
ခေါ်သမရီ ပြုံးရွှင်စွာနှင့် ပြောဆိုသင်ကြားလေ့ရှိသည်။ လက်နက်ငယ်
ကိုင်တွယ်သင်ပြရာတွင် လွန်စွာဖျတ်လတ်၍ ကျွမ်းကျင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဗိုလ်သာရွေသည် နောက်ပိုင်းတွင် ကုန်သွယ်ရေး(၃)တွင် ကာဝန်ထမ်းဆောင်နေလေသည်။)

အကြပ်ထဲမှ လက်နက်ငယ်သင်ကြားပြသသူမှာ တပ်ကြပ်ကြီး မောင်မှင် ဖြစ်လေသည်။ အရပ်အမောင်းကောင်းကောင်းနှင့် လက်နက်ငယ်တိုင်းကို ကျွမ်းကျင်စွာ ပြသနိုင်သူ ဖြစ်လေသည်။

(တပ်ကြပ်ကြီးမောင်မှင်သည် နောက်ပိုင်းတွင် ဗိုလ်မှူးဘဝဖြင့် အငြိမ်းစားရကာ တောင်ညက္ကလာပ၊ (၃)ရပ်ကွက်၊ (ခ)ဇယိလမ်း၊ အမှတ်(၆၈)တွင် နေထိုင်ခဲ့လေသည်။)

မောင်လှသောင်းတို့ ရဲဘော်သစ်များ၏ လေ့ကျင့်ရေးကာလ ပင်ပန်းလှပေသည်။ ပုံပြင်လှသည့် နေပူထဲတွင် စွပ်ကျယ်အင်္ကျီလက်ပြတ် ဘောင်းဘီတိုနှင့် စစ်ဖိနပ်ကိုဝတ်ကာ လေ့ကျင့်ခန်းဆင်းကြရခြင်းကြောင့် အသားများကို နေလောင်၍ အရေပြားများခြောက်ကာ အဖတ်လိုက်ကွာလေ့ရှိလာသည်။ ဤကဲ့သို့ပင်ပန်းသော်လည်း စိတ်ပျော်ရွှင်စရာများလည်း ရှိပေသည်။ အခြားမဟုတ် နှစ်ပတ်လျှင် တစ်ကြိမ်မျှလောက် စနေနေ့ မွန်းတည့်ချိန်လောက်တွင် ပျော်စရာကောင်းသည့် လွတ်လပ်ခွင့်များ ရရှိကြသည်။

(၄)

ရဲဘောင်မောင်လှသောင်းတို့ စစ်သင်တန်းမှာ ပျော်ရွှင်နေချိန်ကြားရသည့်သတင်းသည် အလွန်ကြေကွဲစရာကောင်းသည့် သတင်းဆိုးကြီး ထွက်ပေါ်လာသည်။ ထိုနေ့ လေ့ကျင့်ခန်းတော်တော်နှင့် မဖြုတ်သေးဘဲ လေ့ကျင့်ခန်းကို သတ်မှတ်သည့်အချိန်ထက်ပို၍ ဆင်းနေကြရသည်။ စစ်သားများသည် အလွန်ဗိုက်ဆာနေကြသည်။ ဘာကြောင့် ထိုနေ့ သင်တန်းဖြုတ်သေးတာလဲဟုတွေးနေကြသည်။ ထိုအချိန်တွင် အရာရှိတစ်ဦး ရောက်ရှိလာသည်။ တပ်ခွဲအရာခံဗိုလ်ကို တစ်နံတစ်ခု ပြောလေသည်။ ဤတွင် တပ်ခွဲအရာခံဗိုလ်သည်

တပ်ခွဲကိုရပ်မိန့်ပေးကာ တပ်ရှေ့ဘက်ကို လှည့်စေလျက် တပ်အပ်ကာ ရပ်နေတော့သည်။ ၎င်းအရာရှိက ...

"ရဲဘော်တို့ ... အခုပြောတာကို သေသေချာချာနားထောင်ကြပါ။ အခ်ိန်မရဘဲ တပ်အပြင်ကို မထွက်ရဘူး။ ကိုယ့်ဘားရိုက်(တန်းလျား)မှာပဲ စတင်းဘိုင်(အသင့်)ရှိနေကြရမယ်၊ အဓိန်မရရင် ဘယ်သူမှ တပ်ပြင်မထွက်ရဘူး၊ ဒါပဲ တန်းဖြုတ်"

ဟု ထူးထူးဆန်းဆန်း ပြောသွားသည်။ ရည်ရွယ်ချက်က ဘာဆိုတာကို မည်သူမှ မသိကြရအောင် ဖြစ်နေကြသည်။ အားလုံး တန်းလျားကိုရောက်ပြီးမှ သိကြရသည်ကား ဗိုလ်ချုပ်တို့လုပ်ကြံခံလိုက်ရပြီ ဆိုတာပဲဖြစ်သည်။

ထိုနေ့မှာ ၁၉၄၇ ခု ဇူလိုင်လ(၁၉)ရက် စနေနေ့ဖြစ်လေသည်။ ရဲဘော်အားလုံး စကားမပြောနိုင်ကြ။ ထမင်းစားရန်ကိုလည်း သတိမရကြ။ စစ်တန်းလျားတစ်ခုလုံး တပ်ဝင်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ အမှန်စင်စစ် မြန်မာတစ်နိုင်ငံလုံး တိတ်ဆိတ်နေသည်။ ဝမ်းနည်းကြေကွဲနေကြသည်။ စစ်ခေါင်းဆောင်များသည် တပ်တွင်းဆုပ်မှုမဖြစ်ပေါ်စေရန် ထိန်းသိမ်းမှုများ ပြုလုပ်နေသည်။ တပ်တွင်းအေးငြိမ်းသွားမှ တပ်အပြင်ကို ထွက်ခွင့်ပေးကြသည်။

ထိုအချိန်တွင် မောင်လှသောင်းတို့လည်း အပြင်ထွက်ခွင့်များ ရရှိကြသည်။ ထိုနေ့ မောင်လှသောင်း မိဘအိမ်ကို ပြန်ခွင့်ရသည်။ မောင်လှသောင်း အိမ်ပြန်ချိန်တွင် မွေးထားသည့်ခွေးက ဟောင်သည်။

"ဟဲ့ ... သမီး၊ သွားကြည့်စမ်း၊ အိမ်ရှေ့မှာဘယ်သူလဲ"

မိခင်ဒေါ်စောခင်၏ ခိုင်းစေမှုအတွက် ညီမဖြစ်သူ မတင်ညွှန့်မီးဖိုခန်းမှထွက်ပြီး လာကြည့်သည်။ ရပ်နေသည့် မောင်လှသောင်းကို တွေ့လိုက်ရ၍ မိခင်ရှိရာကို ပြန်ပြေးဝင်သွားသည်။

"အမေ ... လူမဟုတ်ဘူး ... လူမဟုတ်ဘူး၊ စစ်သား ... စစ်သား"

www.burmeseclassic.com

www.burmeseclassic.com

"ဘာကွယ် ... မင်းဟာက ချေးဘူးဆိုတာ၊ ဘာလုပ်ဖို့လဲ ချီးများကွယ်၊ သံဘူးနဲ့ထည့်ရတယ်လို့"

ရဲဘော်လှသောင်းက ဟက်ဟက်ပက်ပက်ရယ်ပြီး "ချေးမဟုတ်ပါဘူး အမေရဲ့၊ ချိစ်ဘူးပါ၊ အင်္ဂလိပ်တွေစားတဲ့ ချိစ်ပါ၊ ဘီစကွတ်နဲ့စားရတယ်၊ နေဦး ဖောက်ပြီးမှ အမေစားကြည့်"

"အို ... မစားချင်ပါဘူး၊ အင်္ဂလိပ်တွေကတော့ ကြံကြဖန်ဖန် ချေးများ ဘူးနဲ့ထည့်စားရတယ်လို့"

မတင်ညွန့်ယူလာသည့် ဖောက်တံဖြင့် ရဲဘော်လှသောင်းက ချိစ်ဘူးကိုဖောက်၍ မားဂျယ်ဖြင့် အတုံးလေးများလိုးကာ ပန်းကန်ထဲတွင်ထည့်လျက် ဘီစကွတ်မုန့်များဖြင့် အမေနှင့်ညီမကို စားစေသည်။

"နင့်ဟာကလည်းဟယ်၊ ငန်ကျက်ကျက်နဲ့ ငါစားလို့မဖြစ်ပါဘူးကွယ်" ဟု ပြောဆိုပြီး မီးဖိုထဲ ပြန်ဝင်သွားသည်။

"အဖေနဲ့ ညီလေးရော၊ ဘယ်သွားလဲ"

"အဖေ စက်ထဲသွားတယ်၊ မောင်လေးပါ လိုက်သွားတယ်၊ ထမင်းစားချိန် ပြန်ရောက်ကြမှာပဲ"

"အေး ... ငါ့ကို ခရမ်းချဉ်သီးအစိမ်းသုပ်ပေးစမ်းဟာ မစားရတာကြာပြီ"

ရဲဘော်လှသောင်းသည် ခရမ်းချဉ်သီးကို အလွန်ကြိုက်သည်။ ကြိုက်သည်မှ အစိမ်းလိုက်စားသည်။ "ခရမ်းချဉ်သီးတွေ ရှိပါတယ်၊ သုပ်ပေးပါ့မယ်" ဟုပြောပြီး မတင်ညွန့်သည် ဆန်အိုးထဲမှဆန်တစ်ဆုပ်ကို နှိုက်ယူပြီး ပက်ကျဲလိုက်သည်။ မကြာမီ ကြက်များရောက်လာ၍ ဆန်များကို အလုအယက်စားနေကြသည်။

မတင်ညွန့်သည် ဖခင်ဦးသန်းမောင်ကိုင်သည့် လက်ကိုင်တုတ်ကို တံခါးကြားမှ ယူထွက်လာသည်။ ရဲဘော်လှသောင်းသည် အရိပ်အခြေကို ရိပ်မိကာ အိမ်အောက်ကို ခုန်ဆင်းပြီး ကြက်များကို မောင်းထုတ်လိုက်သည်။

ဟုဆိုတော့သည်။ ဒေါ်စောခင်မှာလည်း ရုတ်တရက် ကြက်သေ၊သေလျက် လက်ထဲတွင်ကိုင်ထားသော ယောက်မကိုဆတ်ခနဲ လွှတ်ချကာ ...

"ဟဲ့ ... ဘယ်က စစ်သားလဲ"

ဟု ပြောပြောဆိုဆို သမီးနှင့်အတူ မီးဖိုဆောင်မှ အပြင်ကို ထွက်ကြည့်ကြသည်။

"ဟဲ့ ... မိညွန့်ရယ်၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား"

ဟု ပြောပြောဆိုဆို အိမ်ပေါ်ဆင့်သို့ စက်လှေသည့် ရဲဘော်လှသောင်းကို တွေ့လိုက်ကြရသည်။

"ဟယ် ... အစ်ကိုကြီးသောင်း" ဟု မတင်ညွန့်ကခေါ်ပြီး ပျော်ရွှင်နေသည်။ ဒေါ်စောခင်မှာ အသားညိုပြီး ဖွံ့ဖြိုးထွားကျိုင်းလာသည့် သားကြီးလှသောင်းကိုကြည့်ကာ ပီတိများဖြိုင်ကာ စကားမပြောနိုင်အောင်ဖြစ်ပြီးမှ ရယ်လိုက်လေသည်။

"လှသောင်းရယ် ... နင့်ညီမက နင့်ကို လူမဟုတ်ဘူး၊ စစ်သားတဲ့ဟဲ့"

ဟုဆိုကာ ရယ်သောကြောင့် အားလုံးဝိုင်းရယ်ကြသည်။ ရဲဘော်လှသောင်းသည် စစ်ဖိနပ်ကြီးကိုချွတ်၍ ခွေးခုန်တက်တွင်ထားပြီးသော ဂေါ်ရခါးဦးထုပ်ကို အိမ်ရှေ့ခန်းရှိ စားပွဲပေါ်သို့ တင်လိုက်ကာ "ဟားဗားဆိုက်" ဒေါ် စစ်သုံးဘေးလွယ်အိတ်ကို ဖြုတ်၍ အတွင်းမှပါလာသည့် စစ်ပစ္စည်းများကို ထုတ်လေသည်။ ဒေါ်စောခင်နှင့် မတင်ညွန့်တို့က ဝိုင်းကြည့်နေကြသည်။ ဘီစကွတ်မုန့်လည်းပါသည်။ ချောကလက်လည်းပါသည်။ စီးကရက်ဘူးလည်းပါသည်။ အခြားသံဘူးများလည်းပါသည်။ ရဲဘော်လှသောင်းက သံဘူးတစ်ဘူးကို ကောက်ယူလိုက်သည်။

"ညီမလေးရေ ... ငါးသေတ္တာဖောက်တဲ့ သွားယူ၊ ချိစ်ဘူးဖောက်ရအောင်"

ဟု ဝိုင်းသောကြောင့် မတင်ညွန့် မီးဖိုထဲသို့ဝင်သွားစဉ် ...

www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့ ညီမလေးရာ၊ ငါ မစားချင်ပါဘူး၊ ခရမ်းချဉ်သီးသာ သုပ်ပေးစမ်းပါ၊ နင်နော် ... အကုသိုလ်အလုပ်တွေ တော်တော်လုပ်"

"အစ်ကိုကြီးကလည်း တစ်ခါတလေ ကျွေးချင်တဲ့ဟာကို"

ပြောပြီး မီးဖိုထဲဝင်သွားလေသည်။ ထိုစဉ် ဖခင်ဦးသန်းမောင်နှင့် ညီငယ်မောင်သိန်းအောင်တို့ ပြန်ရောက်လာကြသည်။ ရဲဘော်လှသောင်းသည် ချိစ်နှင့် ဘီစကွတ်ကိုကျွေးသည်။

"မင်းတို့အင်္ကလိပ်ငါးပိ စားလို့မဖြစ်ပါဘူး"

ဟု ဖခင်ဦးသန်းမောင်က ပြောလိုက်လေသည်။ ထိုနေ့က ထမင်းဝိုင်းတွင် မိသားစုခုနစ်ဦး ဝိုင်းဖွဲ့ကာ စားကြ၍ ရဲဘော်လှသောင်းက သူတို့တပ်တွင်းအဖြစ်အပျက် အတွေ့အကြုံများ ပြောပြသည်ကို နားထောင်ကြလေသည်။

ညီငယ်မောင်သိန်းအောင်မှာ သူ့အစ်ကိုပြောသည်ကို အာကျလျက် ထမင်းပင်မစားနိုင်အောင် ဖြစ်နေသည်။ ထမင်းစားပြီးကြသည့်အခါ ရဲဘော်လှသောင်းက နှင်းသီးဘူးနှင့် နာနတ်သီးဘူးကို ဖောက်၍တိုက်သည်။ ဦးသန်းမောင်က ကျန်ဘူးများကို တာချို့ ဘုန်းတော်ကြီးကျောင်းလှူရန် ချန်ထားခိုင်းသည်။ ၎င်းယိုဘူးများ စားနေရင်း ရဲဘော်လှသောင်းက ...

"ကျွန်တော်တို့တော့ စစ်တိုက်ထွက်ရတော့မယ် ထင်တယ်၊ ပစ္စည်းတွေ ထုပ်ပိုးပြင်ဆင်နေကြရပြီ၊ အဲဒါ အခုလာနှုတ်ဆက်တာပဲ"

အငယ်ကောင် မောင်သိန်းအောင်မှလွဲ၍ ကျန်သူများမှာ ခေတ္တမျှ တိတ်ဆိတ်သွားကြသည်။ ခဏကြာမှ ဦးသန်းမောင်က ...

"ယောကျ်ားပဲကွာ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့"

ဟု အားပေးစကား ဆိုလေသည်။

ထို့နောက် မိခင်ဒေါ်စောခင်က ...

"ဘယ်ကို ထွက်ရမှာလဲ"

"ရခိုင်ဘက်လိုလိုပဲ၊ သေသေချာချာတော့ မသိဘူး"ဟု ရဲဘော်လှသောင်းက ပြောလိုက်ပြီးနောက် "အေး ... ရခိုင်ဘက်မှာပြောက်ကျားသူပုန်တွေ ထနေတယ်လို့တော့ ကြားတာပဲကွာ"ဟု ဖခင်ဦးသန်းမောင်က ပြောလေသည်။ ဖခင်ဦးသန်းမောင်နှင့် ရဲဘော်လှသောင်းတို့က တက်ကြွနေကြပေမယ့် မိခင်ဒေါ်စောခင်မှာတော့ ဝမ်းနည်းစိုးရိမ်နေသည်။ ထို့အတွက် ဒေါ်စောခင်သည် ပိတ်ဖြူလေးကို အိတ်ရှဲ့လေးတစ်လုံး ချုပ်လိုက်လေသည်။ ချုပ်ပြီးသည်နှင့် ဘုရားစင်ရှေ့တွင် ဆုတောင်းပြီးနောက် ဆံပင်အနည်းငယ်နှင့် ဆီစေလေးကိုပြန်ပြီး ရှဲ့အိတ်အတွင်းကို ထည့်လိုက်လေသည်။ ထို့နောက် မိခင်ဒေါ်စောခင်သည် ရဲဘော်လှသောင်းကိုခေါ်ပြီး အိတ်ငယ်ကို လည်ပင်းတွင် ချိတ်ဆွဲပေးလေသည်။

"ကဲ ... ငါ့သား၊ ဘုရားရှိခိုးပြီး ငါးပါးသီလခံယူ"

ဟုဆိုကာ ရဲဘော်လှသောင်းကို ခိုင်းစေသည်။ ရဲဘော်လှသောင်းသည် ဘုရားစင်ရှေ့တွင် ဘုရားကိုဝတ်ပြုကာ ငါးပါးသီလခံယူလေသည်။ အလားတူ ဦးသန်းမောင်ကလည်း ရဲဘော်လှသောင်းနှင့်အတူ ဘုရားဝတ်ပြုရှိခိုးကာ သားဖြစ်သူ ဘေးမသီရန်မခစေကြောင်း ဆုတောင်းသည်။ ရဲဘော်လှသောင်းသည် ဘုရားရှိခိုး ငါးပါးသီလ ခံယူပြီးသည့်အခါ မိဘနှစ်ပါးကို ကန်တော့သည်။ သူ စုဆောင်းထားသည့် ငွေကျပ်တစ်ရာကိုလည်း ပေးအပ်သည်။

မိဘနှစ်ပါးမှာ မျက်ရည်စမ်းစမ်းဖြင့် သွားလေရာ ဘေးမသီရန်မခစေကြောင်း ဆုတောင်းမေတ္တာပို့သကြသည်။ ၎င်းမြင်ကွင်းကြောင့် ညီမ မတင်ညွန့်နှင့် ညီမောင်သိန်းအောင်တို့ ဘေးမှာငေးကြည့်ပြီး မျက်ရည်များ လည်နေကြသည်။ အမြဲလိုလန်းဆန်းပျော်ရွှင်နေတတ်သည့် ရဲဘော်လှသောင်းသည် ထိုနေ့က တိတ်ဆိတ်စွာ မိဘနှစ်ပါးကို နှုတ်ဆက်ပြီး အိမ်က ထွက်ခွာခဲ့ပေမယ့် ညီမနှင့် ညီငယ်တို့က ကူးတို့ဆိပ်ကမ်းကို လိုက်ပို့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်လှသောင်း တပ်ကိုပြန်ရောက်ပြီး မကြာမီမှာ ရှေ့တန်းထွက်ရတော့မည်။ ရှေ့တန်းမထွက်မီညတွင် ခေါင်းဆောင်များက တပ်ရင်း(၃)ရှိရာ မင်္ဂလာခုံဘပ်ဝင်းအတွင်း ရဲမေကြည် အငြိမ့်ကို ငှားရမ်းပြီး ဖျော်ဖြေသည်။ ရဲမေကြည်ရဲ့ အငြိမ့်မှာ လှစွင်တော်ဦးပိုလို က အဓိကကျနေသည်။ ခေါင်းဆောင်မင်းသမီး ရဲမေကြည်နှင့် အပေးအယူမျှမျှ ပြက်လုံးထုတ်သွားတာဟာ ရဲဘော်အားလုံးအတွက် ရယ်စရာများ ဖြစ်နေသည်။

ရဲဘော်လှသောင်းတို့ ရဲဘော်များသည် အငြိမ့်ကြည့်ပြီးပျော်နွှင်နေကြသည်။ ရဲမေကြည်ကရင်း ရဲဘော်အရှိုက ထချက်ကြသည်။ လက်ကွင်းမှုတ်သံ၊ လက်ခုပ်တီးသံတွေက ပတ်ဝန်းကျင်ကို လွှမ်းခိုးသွားလေသည်။ ပျော်ရွှင်ကြလေသည်။

ရဲဘော်လှသောင်းတို့သည် ဒီဇင်ဘာလ ၁ ရက်နေ့နှင့် ၂ ရက်နေ့ည အကူး ရဲမေကြည်အငြိမ့်ကြည့်ထားခြင်းကြောင့် အိပ်ရေးများ ပျက်နေကြသည်။ သို့သော် မနေနိုင်ကြဘဲ စောစောစီးစီးပင် ခရီးထွက်ရန် ပြင်ဆင်ကြရလေသည်။ ထိုနေ့ကား ၁၉၄၇ ခုဒီဇင်ဘာလ ၃ ရက်နေ့ပင် ဖြစ်လေသည်။ ရဲဘော်လှသောင်းတို့တပ်ခွဲသည် နံနက် ၈ နာရီတွင် တန်းစီကြရသည်။ တပ်ခွဲမှူးဗိုလ်မှူးသောင်းကြည်က ခရီးလမ်းတွင် စောင့်ထိန်းရမည့် စည်းကမ်းများကို ပြောပြသည်။

ရဲဘော်လှသောင်းတို့ တပ်ခွဲအသီးသီးသည် ကျုဇလီဟော အတွင်းတွင် ထားရှိသော ဗိုလ်ချုပ်အောင်ဆန်းတို့၏ ရုပ်ကလာပ်များကို အလေးပြုကြရသည်။ ရဲဘော်အသီးသီးတို့၏ မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှမ်းလျက်နှင့် မော်တော်ယာဉ်များပေါ်သို့ တစ်ဖန်ပြန်တက်ကြရပြန်သည်။ အချိန်မှာ နံနက်(၁၁)နာရီရှိလေပြီ။

ရဲဘော်လှသောင်းတို့ ဆူးလေဆိပ်ကမ်းသို့ ရောက်ရှိသော အခါ နံနက်(၁၁)နာရီခွဲလေပြီ။ သင်္ဘောပေါ်သို့ တက်ခွင့်မရသေး။ ဆိပ်ကမ်းပေါ်ရှိ ဂိုဒေါင်ဘေး အရိပ်အသီးသီးတွင် နေခိုကြရာ ပါလာသော နံနက်စာကို ထုတ်၍စားကြရသည်။

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောထွန်းစိန်သည် ရဲဘော်များ ရရာနေရာတွင် ဖြစ်သလိုနားခိုကာ ထမင်းစားသောက်နေကြရာသို့ လှည့်လည်ကြည့်ရှု စစ်ဆေးနေလေသည်။ သူသည် အသားဖြူဖြူ အရပ်ပျပ်ပျပ်ဖြင့် မျက်နှာမှာ နုငယ်ကာ ကလေးမျက်နှာလေးနှင့် တူလေသည်။ သူသည် ရဲဘော်လှသောင်းတို့ ထမင်းစားနေကြသော အနားသို့ ရောက်သောအခါ ရင်းနှီးဖော်ရွေစွာ မေးမြန်းလေသည်။

ရဲဘော်လှသောင်းတို့ ထမင်းစားနေသော အုပ်စုမှာ ဂေါရာမောင်အေး၊ ရဲဘော်လှကြည်၊ ရဲဘော်ဝင်းအောင်၊ ရဲဘော်အေးမောင်ဓေါ ဝင်းကျော် စသည်ဖြင့် တစ်အုပ်စုတည်း စစ်ထဲဝင်ကြသူများ ဖြစ်ကြသည်။ သူတို့ထဲတွင် တစ်ပတ်စော၍ သန်လျင်ဘက်ကမ်းတွင် စစ်ထဲဝင်လာသော ရဲဘော်မောင်ဝင်းမှာ ယခုဒုတပ်ကြပ်ဖြစ်နေလေပြီ။

"ငါးပိကြော်ကလည်းကောင်း၊ ထမင်းစားလို့လည်း ကောင်းပါဘယ် ဗိုလ်မှူး၊ ဒါပေမဲ့ ..."

ရဲဘော်လှသောင်းက မတ်တတ်ရပ်ကာ သတိအနေအထားဖြင့် ဖြေကြားလေသည်။ တပ်ရင်းမှူးက ...

"ထမင်းစားကောင်းရင် ဘာလိုသေးလဲကွ၊ ဒါပေမဲ့ဆိုတာ ဘာဖြစ်လို့လဲ"

"ငါးပိကြော်ကနည်းတော့ စားလို့မဝဘူး"

"ဝါး ဟား ဟား"

ရဲဘော်များက ဝိုင်းရယ်ကြလေသည်။ တပ်ရင်းမှူးနောက်မှ ပါလာကြသော တပ်ရေးဗိုလ်ကြီး၊ တပ်ထောက်ဗိုလ်ကြီး၊ တပ်ရင်းအရာခံဗိုလ်၊ တပ်ခွဲမှူး စသည်တို့ကလည်း ရယ်ကြသည်။ တပ်ရင်းမှူးကလည်း ရယ်လိုက်ကာ ...

"အေး ... ဟုတ်မယ်ကွ၊ မင်းခန္ဓာကိုယ်ကြီးနဲ့ဆို ဘယ်ဝမလဲ၊ ဒါပေမဲ့ သင်္ဘောပေါ်မှာ ရောက စကေးနဲ့ရမှာကွ၊ မင်းတို့ငါးပိကြော်တွေ သိပ်စားရင် သင်္ဘောပေါ်မှာ ရေတင်နေမှာစိုးလို့ နည်းနည်းပေးတာ၊ ဟုတ်ရဲ့လားဟေ့ ရဲဘော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ဗိုလ်မှူး"

ရဲဘော်များနောက် တပ်ရင်းမှူးနှင့်အတူပါ ဦးရယ်လိုက်ကြပြန်သည်။

ဤကား တပ်မတော်တွင် တပ်မှူးလုပ်သူများသည် တခန်းပတ်တို့ဘာဏ် ရှင်သန်ရခြင်းကို ပြဆိုလေသည်။

ရဲဘော်လှသောင်းတို့သည် နေ့ခင်းမွန်းလွဲ ၂ နာရီထိုးမှ သင်္ဘောပေါ်သို့တက်ကြရလေသည်။ သင်္ဘောဝမ်းဗိုက်တွင်း အောက်ထပ်တွင် နေရာယူကြရသည်။ ရဲဘော်လှသောင်းသည် သင်္ဘောကြီး၏ အမည်ကို မှတ်သားထားလိုက်သည်။ (S.S-BAROGER)ဖြစ်လေသည်။

သင်္ဘောကြီးသည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ကမ်းမှခွာလေသည်။ တစ်ချိန်လုံး သင်္ဘောဝမ်းဗိုက်တွင်း၌ လှောင်အိုက်နေကြရသော ရဲဘော်တို့မှာ ယခုမှ မှန်ဝိုင်းပေါက်များကို ဟထားခြင်းဖြင့် ပြင်ပလေရရှိကာ နေသာထိုင်သာ ရှိလာကြရတော့သည်။ မောင်လှသောင်းသည် မှန်ဝိုင်းပြတင်းပေါက်မှ ဝင်လာသဲနေရောင်ဖြင့် ရွှန်းဝင်းတောက်ပနေသော ရွှေဘိုဘုရားတိုင်တော်မြတ်ကြီးကိုလည်းကောင်း၊ ဓိမိနေထိုင်ကြီးပြင်းခဲ့ရာ ဒလဘက်ကမ်းသို့လည်းကောင်း၊ ဟိုဘက်ဒီဘက် ကူးပြောင်းရွက်လွှင့်ကာ သင်္ဘောကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားရလေတော့သည်။

(၅)

ဒီဇင်ဘာလ(၅)ရက်နေ့ ညနေ(၄)နာရီ(၁၅)မိနစ်တွင် စစ်တွေသို့ရောက်ပြီဟု ရဲဘော်လှသောင်း သိရသည်။ ရန်ကုန်မှ ဒီဇင်ဘာလ(၃)ရက်နေ့ ညနေ(၅)နာရီ(၁၅)မိနစ်တွင် ထွက်ခဲ့ခြင်းကြောင့် နာရီပေါင်း (၄၇)နာရီတိတိ ကြာရှိကြောင်းကိုလည်း သတိထားမိသည်။

ရဲဘော်လှသောင်းတို့ စစ်တွေဆိပ်ခံဗောတံတားပေါ်သို့ ခြေချရပ်မိသောအခါ လျှပ်စစ်မီးမိုနှင့်မှိန်များပင် ထွန်းချိန်သို့ ရောက်ရှိလေပြီ။ သို့ဖြင့် ရဲဘော်လှသောင်းတို့သည် ဓညဝတီရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကြတော့သည်။

နှင်းများ ထူထပ်စွာ ကျရောက်နေသော စစ်တွေမြို့၏နံနက်ခင်းတွင် ရဲဘော်လှသောင်း အိပ်ရာမှနိုးထလာသောအခါ သံထည်အခုံး သွပ်အခုံးများဖြင့် လခြမ်းသဏ္ဌာန်အခုံးရှိသော စစ်အတွင်းသုံးသံထည်အဆောက်အအုံထဲတွင် အိပ်နေရကြောင်းကို တွေ့ရှိရလေသည်။

ထိုနေ့ကား စနေနေ့ပင် ဖြစ်သော်လည်း ရဲဘော်လှသောင်းတို့သည် နေ့ဝက်နားခွင့်မရ။ နံနက်အိပ်ရာထ တန်းစီ၊ သစ္စာဆို၊ ကျန်းမာရေးလေ့ကျင့်၊ လက်ဖက်ရည်တစ်ခွက် သောက်ပြီးကြသည်နှင့် "ဘယ်တလီယန့်ဖက်တိတ်"ခေါ် တပ်ရင်းအလုပ်ကြမ်းကို တစ်နေကုန် တစ်နေခန်း လုပ်ကြရလေသည်။ သင်္ဘောနှင့်ပါလာသော ပစ္စည်းများကို ဆိပ်ကမ်းမှ တပ်ရင်းစတိုသို့ မော်တော်ယာဉ်ဖြင့် သယ်ပို့ရာတွင် အတင်အချ ပြုလုပ်ပေးကြရခြင်း ဖြစ်လေသည်။

ဒီဇင်ဘာလ(၇)ရက်နေ့မှာ တနင်္ဂနွေဖြစ်ခြင်းကြောင့် ရဲဘော်လှသောင်းတို့လည်း ခွင့်ရကြသည်။

စစ်ပြီးစ စစ်တွေမြို့သည် အခြားစစ်ပြီးစ မြို့များကဲ့သို့ပင် ပျက်စီးခြင်းများ မင်းမူနေသည်ကို ရဲဘော်တို့ တွေ့ကြရလေသည်။ နံရံထိုးထိုးထောင်ထောင်တွင် တစ်ဖက်ရပ်အဖြေလေး ဆွယ်ချကာ နေကြရသော မိသားစုများ၊ အိမ်တစ်ခြမ်းကို ပုံးထိ၍ ပြုပြင်သွားသောကြောင့် ကျန်သောတစ်ခြမ်းတွင်သာ နေကြရသူများ၊ နံရံအတိုအစသာ ကျန်တော့သော တိုက်ပျက်များ၊ ပုံးကျထားသော မြေကျွင်းကြီးများ စသည်တို့ဖြင့် စစ်၏ဒဏ်ရာဒဏ်ချက်မှာ သင်္ကေတများဖြင့်သာ တစ်မြို့လုံးကို လွှမ်းခြုံထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရခိုင်သားတို့သည် မြန်မာတို့၏ မျက်နှာသွင်ပြင်နှင့်ပင်ဖြစ်လင့်ကစား သူတို့၏ စကားကို ရဲဘော်လှသောင်းတို့ နားမလည်ဘဲ ဖြစ်နေရလေသည်။

မြန်မာတို့က ကရရစ်သံဖြစ်သော ကကြီးရရစ် "ကြ" ကို ရခိုင်တို့က "ကရ" ဟု၍ ဆိုလေသည်။ "ကြာလှအောင်" ဟူသော အမည်ကို ရခိုင်တို့က "ကရာလှအောင်" ဟု အသံထွက်လေသည်။

မြန်မာတို့က "ဘာ" ကို ရခိုင်တို့က "ဇာ" ဟု ပြောသည်။ မြန်မာတို့က "သွား" ဆိုသည်ကို ရခိုင်တို့က "လား" ဟုသုံးသည်။

"ဇာလားပါဖို့လဲ" ဆိုသည်မှာ "ဘယ်သွားမလို့လဲ" ဟုပြောခြင်းဖြစ်လေသည်။

ခေါက်ဆွဲတစ်ပွဲကို "တဖရား" "တပြား" ဟုပြောသံကြားသောအခါ ရဲဘော်လှသောင်းတို့ အံ့အားသင့်ရသည်။ "တယ်ပေါပါလား" ဟု အာမေဋိတ်ပြုကြသည်။ အမှန်မှာ ရခိုင်သားတို့ "တပရား" တစ်ပြားဆိုသည်မှာ "တစ်ကျပ်" ဟု ပြောခြင်းဖြစ်လေသည်။

"ဟာ ... ဟိုဆိုင်က တယ်ထူးဆန်းပါလားဟေ့"

ရဲဘော်လှသောင်းတို့ စစ်တွေဈေးသို့ ရောက်ကြသောအခါ ဈေးလမ်းမကြီးဘေးရှိ ဆိုင်တစ်ဆိုင်တွင် ...

"လက်ပတ်နာရီနှင့်ထမင်းရမည်"

ဟု ရေးသားထားလေသည်။

ဤကား စစ်ပြီးစ တိုင်းပြည်တိုင်းတွင် တွေ့ရတတ်သော စစ်သားများထံမှဝယ်ယူရရှိသည့် ရရာပစ္စည်းများကို ပြန်လည်ရောင်းချကြရသော သာဓကပင် ဖြစ်လေသည်။

ယခုတွေ့ရှိရသောဆိုင်မှာ စင်စစ် ထမင်းဆိုင်ပင်ဖြစ်ပေသည်။ အင်္ဂလိပ်၊ ကပ္ပလီ၊ ကုလား စသော စစ်သားများဆီက လက်ပတ်နာရီတစ်လုံးစ နှစ်လုံးစ ဝယ်ယူရရှိထားပေလိမ့်မည်။ ထို့ကြောင့် ဆိုင်းဘုတ်တွင် ထမင်းပါမက လက်ပတ်နာရီပါ ရနိုင်ကြောင်း ကြော်ငြာမောင်းခတ်ထားခြင်းပင် ဖြစ်လေသည်။ "လက်ပတ်နာရီနှင့်ထမင်း ဘာဆိုင်လို့လဲ" ဟု မေးရမည့်အချိန် မဟုတ်ပါလား။

စစ်တွေမြို့တွင် ဈေးဝယ်ထွက်သူတို့မှာ ယောကျ်ားများသာများပြားလေသည်။ မိန်းကလေး ငယ်ငယ်ရွယ်ရွယ် ဈေးဝယ်ထွက်သည်ကို မတွေ့ခဲ့ရသော ရဲဘော်လှသောင်းတို့အုပ်စုမှာ တစ်ခုခုလို နေသလိုဟု ထင်မိကြကာ ထိုနေ့အဖို့ တပ်သို့ပြန်ကြရလေတော့သည်။

နောက်နေ့တွင် လက်နက်များကို တိုက်ချွတ်ကြရသည်။ ရဲဘော်လှသောင်းသည် "ဘရင်းဂန်နာ" ခေါ် စက်သေနတ်ကိုင် ရဲဘော်ဖြစ်သည်။ ဂန်နာတွင် ဂန်နာဝမ်း၊ ဂန်နာတူး ဟူ၍ရှိရာ ဂန်နာဝမ်းမှာ စက်သေနတ်ကို ကိုင်တွယ်ပစ်ခတ်ရသူဖြစ်ပြီး ဂန်နာတူးမှာ ကျည်အိမ်တွင် ကျည်ဖြည့်ပေးရသော အရန်စက်သေနတ်သမား ဖြစ်လေသည်။

ရဲဘော်လှသောင်းမှာ ဂန်နာဝမ်းဖြစ်၍ စက်သေနတ်ပစ်သမား ဖြစ်လေသည်။

ရဲဘော်လှသောင်းသည် ဘရင်းဂန်းကို ဝါးရင်းတုတ်တံ၊ ချောင်းမျှ ပေါ့ပါးစွာ ကိုင်တွယ်နိုင်သူဖြစ်လေသည်။

သူ၏ ဘရင်းဂန်းကိုလည်း အချိန်ရသမျှ တိုက်ချွတ်နေကာ အရိပ်တကြည့်ကြည့်နှင့် နေသူဖြစ်သည်။

ထိုနေ့က တပ်ခွဲတစ်ခွဲလုံးကို တန်းစီ၍ လက်နက်များကို တပ်ခွဲမှူးဖြစ်သူ ဗိုလ်မှူးသောင်းကြည်က စစ်ဆေးပြီးသောအခါ စစ်ဆင်ရေးခရီးထွက်ရန်အတွက် နယ်မြေဒေသ၊ ရာသီဥတု၊ နယ်ခံလူမျိုးတို့၏ စရိုက်ဓလေ့၊ ရန်သူ့အခြေအနေ စသော သိသင့်သည်များကို ပြောကြား၍ တန်းဖြုတ်ခွင့် ပြုလိုက်သည်။

"ဟေ့ကောင်တွေ ဘရင်းစကြာကြည့်မလား"

ရဲဘော်လှသောင်းသည် ဘရင်းဂန်းကို လက်နှစ်ဖက်ဖြင့် ရှေ့တွင်ကန့်လန့်ဖြတ်ကိုင်ထားလျက်က မေးလိုက်လေသည်။

"အေး ... လုပ်စမ်းပါဦးကွ"

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်ဒင်းအောင်က တောင်းဆိုသည်။ ဤတွင် ရဲဘော်လှသောင်းသည် ဘရင်းဂန်း "ထရေကာဂတ်ဒ်" ခေါ်ခလုတ်ကာကွင်းအတွင်းသို့ ညှာဘက်လက်ညှိုးကို သွင်းလိုက်ကာ ဘရင်းဂန်းကို စကြာကဲ့သို့လည်အောင် လှည့်ပြတော့သည်။

"ဟေ့ ... ဓော်ဝိတ်ကွ ... ဓော်ဝိတ်၊ ဖြောင်း ဖြောင်း ဖြောင်း"

ရဲဘော်များက သွားသံပေး၍ လက်ခုပ်တီးကာ ကောင်းချီးသြဘာပြုကြသည်။ ရဲဘော်လှသောင်းမှာ ဤမျှသန်မာသူဖြစ်လေသည်။

သူ၏ဘရင်းဂန်းမှာ မတ်ဝမ်းခေါ် ပေါင်းစ စက်သေနတ်အမျိုးအစားဖြစ်၍ နောက်ပေါ်သေနတ်များထက် လေးလံလေသည်။ ထိုနေ့မှာပင် တပ်စိတ်မှူးဖြစ်သူ တပ်ကြပ်လှရွေ ရောက်ရှိကာတွေ့ရှိလေလျှင် ...

"အောင်မယ်၊ ပေ့ကောင် လှသောင်း၊ မင်းလုပ်သလောက်တော့ ငါကအပျော့ပေါ့၊ ပေးစမ်း ... မင်းဘရင်းဂန်း"

ပြောပြောဆိုဆို တပ်ကြပ်လှရွေသည် လှသောင်းဆီမှဘရင်းဂန်းကို ယူလိုက်ကာ ထရေကာဂတ်ဒ်အတွင်းသို့ လက်ညှိုးသွင်း၍ မ,လိုက်သော်လည်း ဘရင်းဂန်းအလေးချိန်ကို သူ့လက်ညှိုးပိန်ပိန်သေးသေးက မခံနိုင်သောကြောင့် ဘရင်းဂန်းကို လက်နှစ်ဖက်နှင့် ပြန်ထိန်းထားလိုက်ရလေသည်။ သို့တိုင် သူသည် သူ၏လက်ညှိုးကို တဲ့တွေးဆွက်လိုက်ကာ ထရေကာဂတ်ဒ်အတွင်းသို့ပြန်သွင်းပြီး ဘရင်းဂန်းကို နေမြဲထား၍ လက်ညှိုးကြီးသက်သက်ကို လှည့်ပြနေလိုက်လေသည်။ ဤသည်ကို ရဲဘော်များကသဘောကျကာ တဟားဟားနှင့် ပွဲကျနေကြလေသည်။

ထိုနေ့က ရဲဘော်လှသောင်းတို့သည် စစ်ထွက်ပစ္စည်းများကို ချန်လှန်၍ ကုန်ပစ္စည်းများကို တပ်ရင်းစတိုးတွင် အပ်နှံကြရကာ စစ်ဆင်ရေးထွက်ရန် ပြင်ဆင်ကြရလေသည်။

(၆)

၁၉၄၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ရဲဘော်လှသောင်းတို့သည် စစ်တွေမြို့မှ မော်တော်များဖြင့် မြောက်ဘက်သို့ ဆန်တက်ကာ စစ်ဆင်ရေးထွက်ကြရလေတော့သည်။

ရခိုင်တပ်ပေါင်းစုမှူး ဗိုလ်မှူးကြီးကျော်စောဟု ရဲဘော်လှသောင်း သိရသည်။ ဗိုလ်မှူးကြီးကျော်စောမှာ တပ်ရင်း(၃)၏ တပ်ရင်းမှူးဟောင်းပင်ဖြစ်သည်။ ယခုအခါ တပ်ပေါင်းစုကို ဦးစီး၍ စစ်ဆင်ရေးပြုလုပ်ပေတော့မည်။ ရခိုင်ပြည်ကွင် အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်းအပြင် အမှတ်(၅)သေနတ်ကိုင်တပ်ရင်းနှင့် ရောတပ်လည်း ရှိနေသည်။ နယ်ခံအစိုးရပြောက်ကျားအချို့လည်း ရှိသည်ဟု သိရသည်။ ဗိုလ်မှူးကြီးကျော်စောမှာ ရဲဘော်သုံးကျိပ်ဝင်ဂုပန်ပြန်ဟု သိရသောကြောင့် ရဲဘော်လှသောင်းက ကျေနပ်သဘောကျလေသည်။

တစ်ဖန် "အေ" ကုမ္ပဏီ၏ ဒုတပ်ခွဲမှူးမှာလည်း ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကြီးဗလ ဖြစ်ပြန်သည်။ တို့အပြင် တပ်စုမှူးတစ်ဦးဖြစ်သော ဗိုလ်မြဝင်းမှာလည်း ဂျပန်ပြန်တစ်ယောက်ပင် ဖြစ်လေသောကြောင့် ရဲဘော်လှသောင်းမှာ ထိုဗိုလ်များနှင့်အတူ စစ်တိုက်ရမည့်အတွက် အားတက်လျက်ရှိလေသည်။

စစ်တိုက်ရမည်ဟုသာဆိုသည်။ မည်သည့်ရန်သူဟူ၍ ရဲဘော်လှသောင်း သေသေချာချာမသိ။ ရခိုင်ပြောက်ကျားဟုတော့ဆိုသည်။ ဘင်္ဂလားလည်း အလံနီဟုပြောကြသည်။ ရဲဘော်လှသောင်းအဖို့မှာမူ ဖြူဖြူ နီနီ ကျားကျား အရေးမကြီးပါ။

သူ့တပ်မှူးက "ရှေ့မှာ ရန်သူ" ဟူသော အမိန့်ကိုပေးလျှင် သူတိုက်ခိုက်မည်သာ။

ရဲဘော်လှသောင်း၏ တစ်ခုတည်းသော ဦးတည်ချက်မှန်နက်နှင့်ည နေ့စဉ်ဆိုကြရသော ...

www.burmeseclassic.com

www.burmeseclassic.com

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား။ ငါတပ်မတော်အတွက် ငါ၏ အသက်ကို စွန့်လွှတ်ရန် အခြံဘန်ပြုပါ၏" ဟူသော သစ္စာဆေးခြက် ပင် ဖြစ်ပါလေသည်။

စစ်တွေမှ ကုလားတန်မြစ်ဝကိုကို ပင်လယ်ပြင်တွင် ဖြတ်ရသည်။ ကုလားတန်မြစ်ဝသို့အဝင် ပင်လယ်ပြင်တွင်ကား လှိုင်းအနည်းငယ်ရှိလေသည်။ ကုလားတန်မြစ်ရေနှင့် ပင်လယ်ရေတို့ ပေါင်းဆုံရာဖြစ်သောကြောင့်လားမသိ လှိုင်းအိအိတို့မှာ သင်္ဘောဦးကို တိုက်ခိုက်ကာ ခွဲဖြာလျက် ဝဲယာသို့ ယွေးယွေးဖြူသောအဆင်းဖြင့် ပင်လယ်တွင်းသို့ ပြန်ကျကြလေကုန်သည်။

တစ်ဖန် မိမိနောက်တွင် ကျန်နေရစ်ခဲ့သော စစ်တွေမြို့ကြီး ဆီသို့လှမ်း၍ ကြည့်မိပြန်သောအခါ မိမိငယ်စဉ်က သင်္ကန်းစည်းခဲ့သော ဒလ လယ်ပေါ်ရွာဦးကျောင်း ရခိုင်ဘုန်းတော်ကြီးပြောပြခဲ့သော စစ်တွေမြို့အကြောင်းကို အမှတ်ရပြန်လေသည်။

ခရစ်နှစ် ၁၈၂၅ ခုနှစ်တွင် ရခိုင်ပြည်ကို မြက်နှာဖြူများ သိမ်းပိုက်ပြီး နောက်တစ်နှစ်ဖြစ်သော ၁၈၂၆ ခုနှစ်တွင် စစ်တွေမြို့ကို တည်ထောင်ခဲ့ကြသည်ဟုဆိုသည်။ ထိုစဉ်က ခုနှစ်နှစ်အရွယ် ကလေးငယ်တစ်ယောက် ချင်းပျဲ၏မြစ်ဆိုသူကို မြက်နှာဖြူစစ်တပ်မှ စစ်ဗိုလ်တစ်ယောက်က အင်္ဂလန်သို့ယူဆောင်သွားကာ ခရစ်ယာန်ဘာသာသွတ်သွင်းပေးလျက် ပညာလည်းသင်ပေးသည်ဟုဆိုသည်။ ထိုသူပညာတတ်မြောက် အရွယ်လည်းရောက်သောအခါ ရခိုင်ပြည်သို့ပြန်ခေါ်လာပြီးသော် မင်းပြားကျွန်းအုပ် ခန့်အပ်ခဲ့သည်။ ၎င်း၏ အင်္ဂလိပ်အမည်မှာ မစ္စတာကျော့ကောဟုခေါ်၍ ရခိုင်တို့က ယာကုပ်ဟူ၍ သမုတ်ခဲ့ကြသည်။ နောင်အခါတွင် ယာကုပ်သည် စစ်တွေမြို့သို့ပြောင်းရွှေ့ရကာ ပထမဆုံးအင်္ဂလိပ်စာပြ ကျောင်းအုပ် လုပ်ရသည်ဟုဆိုသည်။ ယာကုပ်၏ သချိုင်းကျောက်တိုင်မှာ စစ်တွေမြို့တွင်ရှိသည်ဟု ဘုန်းတော်ကြီးက အမိန့်ရှိုးလေသည်။ ဤကား မြက်နှာဖြူတို့၏ တိုင်းပြည်နယ်မြေကိုသာမက ဘာသာနှင့်သာသနာ

ကိုပါ နယ်ချဲ့ခြင်းဖြစ်ကြောင်း ဘုန်းတော်ကြီးက တောက်ခေါက်၍ မိန့်ကြားခဲ့လေသည်။

ရဲဘော်လှသောင်းသည် စစ်တွေအကြောင်း တွေးတောချက်ကို အမှုဖြတ်ကာ ရပ်တန့်လိုက်သောအခါ ကုလားတန်မြစ်အတွင်းသို့ ငှင်းတို့သင်္ဘောဝင်ရောက်နေပြီကို တွေ့ရှိရလေသည်။

ရဲဘော်လှသောင်း မြင်နေရသော မြင်ကွင်းမှာ မှိုင်းညို့သော တောတောင်၊ ပြာလဲ့သော ကောင်းကင်၊ လှိုင်းဖွေးသော ပင်လယ်ပြင်နှင့် တစ်ဖက်တွင် ရခိုင်ရိုးမတောင်တန်း၊ တစ်ဖက်တွင်ကား ကျယ်ပြန့်သောပင်လယ်ပြင်ကြီး။ ဤသည်တို့မှာ ရခိုင်ပြည်၏ ထူးခြားသော သင်္ကေတ လက္ခဏာရပ်များသာ ဖြစ်ချေသည်။

ရဲဘော်လှသောင်း ဖြတ်သန်းနေသော ကုလားတန်မြစ်ကြီးကို ရှေးရခိုင်တို့၏အခေါ်မှာ ကစ္စပနဒီဟူ၍ ခေါ်ဆိုလေသည်။ ဤကစ္စပနဒီခေါ် ကုလားတန်မြစ်၏ အရှေ့ဘက်တွင်ကား အဠနနဒီ(ခေါ်) လေးမြို့မြစ်ရှိလေသည်။

လေးမြို့မြစ်ကို ရဲဘော်တို့က "လည်မျိုမြစ်"ဟူ၍ လွယ်လွယ်ပင် ခေါ်ဆိုကြလေသည်။

လေးမြို့ဆိုသည်မှာ ပဏ္ဍာပုရိန်၊ ခြဲပ်၊ လောင်းကြက်ဟု ခေါ်ဆိုသော လေးမြို့ခေတ်ကိုခွဲ၍ ဆိုခြင်းဖြစ်သည်။

ရခိုင်တို့၏ သမိုင်းစဉ်တွင် ဓညဝတီ၊ ဝေသာလီ၊ စန္ဒဝတ်(ခေါ်) ပုရိန်၊ ခြဲပ်၊ လောင်းကြက်နှင့် မြောက်ဦး စသောခေတ်များ ထွန်းကားခဲ့လေသည်။

ထိုခေတ် ထိုအခါတုန်းက ယခု ရဲဘော်လှသောင်း ဖြတ်သန်းနေသော ကစ္စပနဒီ(ခေါ်)ကုလားတန်မြစ်နှင့် အဠနနဒီ(ခေါ်)လေးမြို့မြစ်အတွင်းတို့တွင် ရခိုင်ဘုရင်တို့၏ ရေတပ်သင်္ဘောနှင့် တိုက်လှေများ ဥဒဟို လှုပ်ရှားသွားလာနေခဲ့ကြပေလိမ့်မည်။

ထိုစဉ်က ရခိုင်ဘုရင်အသီးသီးတို့၏ ရေတပ်များနှင့် ဘင်္ဂလားနှင့် မဂဓဘုရင်တို့၏ ရေတပ်များတို့ တိုက်ခိုက်ကြပုံကို ရခိုင်ပုန်း

www.burmeseclassic.com

www.burmeseclassic.com

တော်ကြီး ဦးဉာနဇွာရသည် ရဲဘော်လှသောင်းကို အနှင်းခံရင်း အနိပ်ခံရင်း ပုံပြောသလို ပြောပြခဲ့ဖူးလေသည်။

ရဲဘော်လှသောင်းတို့သဘော် ကုလားတန်မြစ်အတွင်းသို့ အတန်ငယ်ဝင်မိသောအခါ အနောက်ဘက်ကမ်းခြေတွင် ပုဏ္ဏားကျွန်းဆိုသည်ကို တွေ့ရလေသည်။

ထိုပုဏ္ဏားကျွန်း၏ အရှေ့ဘက်ကမ်းတွင် အတွင်းသို့ထိုးဝင်သွားသော သရီးချောင်းကြီး တည်ရှိလေသည်။ ရဲဘော်လှသောင်းတို့သဘော်သည် ထိုသရီးချောင်းအတွင်းသို့ ဝင်ခဲ့သည်။ သရီးချောင်းကို ရဲဘော်လှသောင်းတို့က "သရဲချောင်း"ဟူ၍ ခေါ်ဆိုလေသည်။

သရီးချောင်းအတွင်းသို့ ရောက်ရှိသောအခါ သဘော်နှင့်ကမ်းပါးမှာ နီးကပ်လာသည်ဖြစ်၍ လုံခြုံရေးအတွက် ပို၍ဂရုစိုက်ကာ ကမ်းခြေကို မျက်ခြည်မပြတ် ကြည့်သွားကြရသည်။ တစ်ခါတစ်ရံ ကမ်းခြေနှင့်သဘော်မှာ ကလေးငယ်တစ်ယောက် ခဲတစ်ပေါက်စာမျှသာ ဝေးကွာလေသည်။

ရဲဘော်လှသောင်းတို့၏ သဘော်ရှေ့တွင် အမ်အယ်လ်ခေါ်တိုက်သဘော်ငယ်တစ်စင်းက ဦးဆောင်၍သွားသည်။ ရန်သူချောင်းမြောင်းပစ်ခတ်နိုင်သည်ဟုယူဆရသော နေရာတို့တွင် ရေတပ်ရဲဘော်များသည် အော်လီဂန်းနှင့် စက်သေနတ်ရှိရာတို့တွင် အသင့်နေရာယူထားကြသည်ကို တွေ့ရလေသည်။

ထိုနေ့က လမ်းခရီးမှာ ဖြောင့်ဖြူးသာယာစွာဖြင့်ပင် နေမွန်းမတိမ်းမီ မြို့ဟောင်းသို့ ရဲဘော်လှသောင်းတို့ ဆိုက်ရောက်ကြရလေသည်။

(၇)

ယခုအခါ မြို့ဟောင်းဟုတွင်နေသော မြောက်ဦးမြို့မှာ ရခိုင်ဘုရင်တို့ စံမြန်းရာ နောက်ဆုံးမြို့တော်ဟုဆိုသည်။

ဒုတိယလောင်းကြက်မင်းဆက် ဆယ့်ခြောက်ဆက်၏ နောက်ဆုံးဘုရင်ဖြစ်သူ ရာဇသူ၏ သား နရမိတ်လှ(မင်းစောမွန်)က ရခိုင်သက္ကရာဇ် ၇၉၂၊ ခရစ် ၁၄၃၀ ပြည့်နှစ်တွင် လောင်းကြက်မြို့မှ မြောင်းခွေ့တည်သည်ဟုဆိုသည်။

သက္ကရာဇ် ၇၉၂ မှ ၁၀၄၆ ထိ နောက်ဆုံးဘုရင် မဟာသမ္မတမင်းလက်ထက်တိုင် မင်းဆက်လေးဆယ့်ကိုးဆက်၊ မြို့သက်သုံးရာ ငါးဆယ့်လေးနှစ်တိုင် မြောက်ဦးခေတ်အဖြစ် မြောက်ဦးမြို့သက်တည်ရှိခဲ့သည်ဟုဆိုသည်။

ဤမြို့ဟောင်းခေါ် မြောက်ဦးမြို့၏ ရာဇဝင်ပုံပြင်များကိုလည်း ရခိုင်ဘုန်းတော်ကြီးသည် ရဲဘော်လှသောင်းကို ငယ်စဉ်ကိုရင်ဘဝကပင် ဗဟုသုတဖြစ်ဖွယ်ရာ ပြောကြားခဲ့လေသည်။

ဤမြောက်ဦးမြို့ကိုတည်သော နရမိတ်လှ(မင်းစောမွန်)သည် လောင်းကြက်တွင် မွန်-မြန်မာတို့၏ စစ်ကြောင့် အနောက်ဘက်လားမဟာရာဇာ နာဇာဥဒင်ရှားထံတွင် ၂၂ နှစ်တိုင် သွားရောက်ခိုလှုံနေခဲ့ပြီးမှ ဤမြို့ဟောင်းနေရာတွင် မြောက်ဦးမြို့ကို အသစ်တည်ထောင်ခဲ့ရသည်ဟုဆိုသည်။

ရဲဘော်လှသောင်းတို့သည် မြို့ဟောင်းနန်းရာကုန်းတွင် ဓေးကွက်တပ်စွဲခဲ့ကြရသည်။ ဤနန်းရာကုန်းနေရာတွင် ယခင်က အင်္ဂလိပ်တပ်များ တပ်စွဲနေထိုင်ခဲ့ကြသည်ဟု သိရသည်။

မြို့ဟောင်းတွင် ထုက္ကန့်သိမ်တော်၏ ဗိသုကာလက်ရာမှာ ထူးခြားပြောင်မြောက်လှသည်ကို ရဲဘော်လှသောင်း တွေ့ရှိရလေသည်။

ထိုသိမ်တော်ကြီးကို သက္ကရာဇ် ၉၂၃၊ ခရစ် ၁၅၆၁ တွင် မင်းပါကြီး၏ မြေးတော်သူ မင်းစောလှက ကျောက်များဖြင့်တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ထို့အပြင် ရှစ်သောင်းဘုရား၊ ကိုးသောင်းဘုရားဟူ၍လည်း ရှိသေးသည်။ ရှစ်သောင်းဘုရားကြီးအတွင်း လိုဏ်ဂူများမှာ ဂက်ပါလှည့်ရသကဲ့သို့ ရှိသည်။ ထိုရှစ်သောင်းဘုရား

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်ကမ်းမှ သေနတ်သံသုံးချက်မျှ ထွက်လာသည်။ သို့သော် ကျည်ဆန်လာသံကိုမူ မကြားရ။

"ခိုင်း ... ခိုင်း ... ခိုင်း"

ဆာဂျင်မျိုးဝင်းတို့ တပ်စုကလည်း စတင်ပစ်ခတ်လေသည်။ ပစ်ခတ်သည်ဆိုသော်လည်း ရန်သူကိုတွေ့၍မဟုတ်။ တစ်ဖက်ကမ်းမှ ပစ်ခတ်ခြင်းကို ခံရသည်နှင့် ပြန်လှန်ပစ်ခတ်သည့်သဘောသာရှိလေသည်။

"ဟေ့ ... မော်တာပစ်စမ်းဟေ့"

ဆာဂျင်မျိုးဝင်းသည် နှစ်လက်မစိန်ပြောင်းကို ပစ်ခိုင်းလိုက်ကာ ချောင်းကမ်းပါးရှိရာသို့ ပြေးလေသည်။ ပြေးဆင်းရင်းမှအော်ပြောလိုက်သည်။

"ဟေ့ ... ဟိုဘရင်းဂန်း ငါနဲ့လိုက်ခဲ့"

ဒုတပ်ကြပ်မြတ်ထွန်း ဦးစီးသော ဘရင်းဂန်းအဖွဲ့သည် နောက်၌နေရာယူထားရာမှ ဘရင်းဂန်းကိုဆွဲထုကာ ဆာဂျင်မျိုးဝင်းနောက်သို့ ပြေးဆင်းလိုက်သည်။

ဆာဂျင်မျိုးဝင်းသည် ဘရင်းဂန်းကို လှေဦးတွင်နေရာယူစေကာ ဒုတပ်ကြပ်မြတ်ထွန်းနှင့်အတူ လှေကို တအားကုန်လှော်လေသည်။

"ဒက် ... ဒက် ... ဒက် ... ဒက် ဒက် ဒက်"

ဘရင်းဂန်နာသည် လှေဦးတွင်နေရာယူကာ ဘရင်းဂန်းကို ပိုက်လျက် တစ်ဖက်ကမ်းသို့ ပစ်လေသည်။

ကမ်းနဖူးတွင်ကျန်ခဲ့သော တပ်စုမှ ရဲဘော်တိုကလည်း နှစ်လက်မစိန်ပြောင်း စသော တပ်စုလက်နက်များဖြင့် တစ်ဖက်ကမ်းကို ပစ်ခတ်ကြသည်။

ငလိပ်ချောင်းကား မကျယ်ပါ။ ခဲတစ်ပစ်မျှသာ။ ဆာဂျင်မျိုးဝင်းတို့အဖွဲ့ တစ်ဖက်ကမ်းသို့ ခြေချမိသောအခါ ရန်သူဟူ၍ တစ်ယောက်မျှ မရှိတော့။ အမှန်စင်စစ် ရန်သူသည် သုံးလေးရာခန့်မျှသာ ပစ်ခတ်၍ ပြေးကြလေပြီ။

ကြီးသို့ သွားရောက်လည်ပတ်ကြသောနေ့က ခဲဘော်လူသောင်းတို့ တစ်တွေမှာ လိုက်ဂုအတွင်း ဝင်မိသည်နှင့် ပြေးသည့်သူကပြေး၊ တဟေးဟေး တဟားဟားဖြင့် အော်သည့်သူကအော်ဖြင့် လွန်စွာပျော်ရွှင်ကြရလေသည်။ လူတို့၏ သဘောကို ပီပြင်စွာဖော်ပြထားသော ကျောက်ရုပ်တုများကိုကြည့်၍လည်း ရဲဘော်တို့ပီတိဖြစ်ကြရသည်။

မြို့ဟောင်း၏ မြောက်ဘက် အမြောက်တစ်ကမ်းစာလောက်တွင် ဝေဿာလီမြို့ဟောင်းနေရာ၊ ဝေဿာလီကျေားရွာနှင့် ဓဝဿာလီဘုရား၊ တစ်ဖန် သန်ျပ်တောင်ပေါ်တွင် သန်ျပ်တော်ဆေတီလည်း တည်ရှိနေပေသေးသည်။

ဤဓဝဿာလီဘုရားနှင့် သန်ျပ်တော်ဘုရား တောင်ပေါ်တို့ကိုမူ ရဲဘော်လူသောင်းတို့ သွားရောက်ဖူးမြော်ခွင့် မရရှိတော့။ ခရီးဆက်၍ ထွက်ကြရသောကြောင့်ဖြစ်သည်။

ဤသို့ခရီးမထွက်မီတစ်ရက်က လမ်းခရီးရှင်းလင်းရန်အတွက် သွေးတိုးစမ်းသည့်သဘောဖြင့် လေပစ်ရွာဘက်သို့ ဆာဂျင်မျိုးဝင်း တပ်စုကို ဘိုက်ကင်းစေလွှတ်လိုက်သည်။ လေပစ်ရွာသည် ငလိပ်ချောင်းကမ်းပါးတွင် တည်ရှိသည်။

ဘုန်းကြီးကျောင်းမ ဆွမ်းစာအုန်းမောင်းခေါက်ချိန်တွင် ဆာဂျင်မျိုးဝင်းတို့တပ်စု ငလိပ်ချောင်းသို့ချဉ်းကပ်မိသည်နှင့် ရှေ့ပြေးတပ်စိတ်က သတင်းပို့လေသည်။

"ရှေ့ဘက်ကမ်းမှာ လူတွေ ပြေးလွှားနေတယ်"

"နေရာယူ"

ဆာဂျင်မျိုးဝင်းသည် တပ်စုကို နေရာယူခိုင်းလိုက်ကာ ချောင်းကမ်းပါးဆီသို့ ပြေးတက်ခဲ့၍ တစ်ဖက်ကမ်းသို့ ကြည့်လေသည်။ တစ်ဖက်ကမ်းရွာထဲတွင် လူများပြေးကြလွှားကြဖြင့် ရုပ်ယှက်ခတ်နေသည်ကို တွေ့ကြရလေသည်။

"ဖောင်း ... ဖောင်း ... ဖောင်း"

www.burmeseclassic.com

www.burmeseclassic.com

ဤကိုက်ပွဲကို ကြည့်ရခြင်းအားပြင့် ထိုစဉ်က စစ်တိုက်ကြသည်မှာ နှစ်ဖက်စလုံး ဟန်မကုလသေးပါ။ နှစ်ဖက်စလုံး တိုက်ပွဲအတွေ့အကြုံ နည်းပါးသေးသည်။

(၈)

ရခိုင်ပြည်နယ် မြေမျက်နှာပြင်သည် အတွင်းပိုင်းသို့ရောက်လေ သွားရလာရခက်လေပင် ဖြစ်လေသည်။ ချောင်းကတက်လျှင် တောင်ဖြစ်၍ တောင်မှဆင်းသည်နှင့် ချောင်းတွင်း ရောက်လေသည်။

တပ်ခွဲမှူး ဗိုလ်မှူးသောင်းကြည်သည် ဒုတပ်ခွဲမှူးဗိုလ်ကြီးဗလနှင့်အတူ တပ်ခွဲကိုခေါ်ဆောင်လျက် လေးမြို့မြစ်အရှေ့ဘက်ကမ်းရှိ မော်ရွာသို့ ရှေးရှုချီတက်ခဲ့လေသည်။ ဗိုလ်မြင်းတပ်စုကို ငလိပ်ရွာတွင်လည်းကောင်း၊ ဗိုလ်ဇော်ဝင်းတပ်စုကို ပြည်လုံးကြီးတွင်လည်းကောင်း တပ်စွဲရန် သတ်မှတ်ပေးထားပြီးဖြစ်သည်။

ရဲဘော်လှသောင်းသည် ဘရင်းကျည်ကပ် ခြောက်ကပ်ကို ရှေ့ပေါက်ချက် ဝဲယာတွင် သုံးကပ်စီထည့်၍ ကျန်ခြောက်ကပ်ကို ဘေးလွယ်အိတ်တွင် အပြည့်ထည့်ကာ သူ၏ စစ်ကျောပိုးအိတ်ကြီးပေါ်တွင် ထပ်၍လွယ်သည်။ သူသည် ပျော်ပျော်နေတတ်သော သူ၏ဝါသနာဗီဇအရ မည်မျှပင် မောပန်းသော်လည်း မောပန်းဟန်မပြ ပျော်ပျော်ရွှင်ရွှင်နှင့်သာ အခြားရဲဘော်များကို ရယ်စရာရွှင်စရာများ ပြောကြားလျက် ပျော်ပျော်ပါးပါးပင် သွားလေသည်။

ဆယ်မိနစ်နားခွင့်ရသောအခါ ရဲဘော်များသည် နီးရာအရိပ်များသို့ ခိုဝင်ကာ ကျောပိုးအိတ်ကို ခေါင်းခုံ၍ မှိန်းကြသူများသည်။ သို့သော် ရဲဘော်လှသောင်းမှာ မန်းမဝေးတွင် ဖြူဖွေးနေအောင်ပွင့်နေသော ဆောင်းရာသီတောပန်းချုံမှ ပန်းပွင့်များကို သွားခူးကာ သူ၏ဘရင်းဂန်းပြောင်းထိပ်တွင် ချည်နှောင်သည်။ သူ၏ဦးထုပ်

တွင်လည်း ထိုးစိုက်သည်။ လက်ထဲတွင်လည်း အပြည့်ယူခဲ့ကာ အခြားရဲဘော်များကို ပေးဝေနေသေးသည်။ ဤသည်ကို မနီးမဝေး တွင်ကြည့်နေသော တပ်စုမှူး ဗိုလ်ဆန်းအောင်က ...

"ဟောကောင် ... လှသောင်း၊ မင်းက ဘရင်းဂန်းကို ပန်းပန်ပေးထားတာ ဘရင်းဂန်းကို မင်းရည်းစားများ ထင်နေသလားကွ"

ဟု၍ ကျီစားမေးလေသည်။ ရဲဘော်လှသောင်းက ...

"မဟုတ်ပါဘူး ဗိုလ်ကြီးရာ၊ ကျွန်တော့်မှာ ရည်းစားဆိုလို့မူးလို့တောင် ရှူစရာမရှိပါဘူး"

"အောင်မယ် မဖြီးပါနဲ့၊ မင်းအဆက် ဒလဘက်မှာရှိတယ် မဟုတ်လား"

ကေါ်ရာမောင်အေးက ဝင်ထောက်လေသည်။

"မလုပ်ပါနဲ့ကွာ၊ ဒလဘက်သူတွေကလည်း ငါ့ကိုမကြိုက်ပါဘူး၊ ငါကလည်း ကိုရင်ဝတ်ရင်း ကြီးပြင်းခဲ့ရတာပါ"

ဤနေရာတွင် ကေါ်ရာမောင်အေးက "မင်းလို မိုးလင်းလို့မသွားမတိုက်တဲ့ကောင်၊ ဒလသူတွေကရော ကြိုက်မလားကွ"

"ဒီကောင်က မိုးလင်းရင် သွားသာမတိုက်တာ ခေါင်းကျတော့လည်း ဖြီးထားလိုက်တာ ကြော့လို့ပါလား"

ဗိုလ်ဆန်းအောင်က မေးသည်။ ကေါ်ရာမောင်အေးက ဆက်ပြောပြန်သည်။

"ဒီကောင် သွားမတိုက်ရုံတင် မဟုတ်ဘူး၊ အဝတ်အစားလျှော်ဖို့လည်း သိပ်ပျင်းတဲ့ကောင်၊ အားအားရှိရင် ခေါင်းပဲသ,နေတာပဲ"

"ဘယ် ဒီလိုနေလို့ ဖြစ်မလဲကွ၊ စစ်သားဆိုတာ တစ်ကိုယ်ရေသန့်ရှင်းရေးဟာ သိပ်အရေးကြီးတယ်၊ လူမှာ သွားဟာဂရုစိုက်နိုင်မှ၊ အေး ... တို့စခန်းချတဲ့နေရာရောက်ရင်တော့ မင်းကို ငါကိုယ်တိုင် ကြည့်ရလိမ့်မယ်"

ဗိုလ်ဆန်းအောင်က ဆုံးမစကား ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် ... မင်းမှာ ဧည်းစားမရှိဟေမယ့် နှမတစ်ယောက်တော့ ရှိတယ်မဟုတ်လားကွ"

ဂေါရာမောင်အေးက ဖော်ကောင်လုပ်ကာ ရဲဘော်လှသောင်းကို စပြန်လေသည်။ တပ်စိတ်မှူး တပ်ကြပ်လှချေက ...

"ကြည့်စမ်း ... ဒီကောင် လှသောင်း နှမရှိတာ ငါကိုတောင် သတင်းမပို့ဘူး၊ ဟုတ်လား ဟေ့ကောင်၊ မင်းနှမ ချောရဲ့လား"

ဂေါရာမောင်အေးက "သူ့လိုပဲ မျက်နှုံးကောင်းကောင်းနဲ့"

ရဲဘော်လှသောင်းသို့ တပ်စုတပ်ကြပ်ကြီးဖြစ်သူ ဆရာစိုးမြင့်မှာ မျက်နှုံးကောင်းကောင်း၊ နှာတံပေါပေါနှင့် အရပ်အမောင်းမှာ ယူနီဖောင်းနှင့် လိုက်ဖက်လှသူဖြစ်သည်။

"ဟုပ် ... ဟုပ် ... ဟုပ်"

ရှေ့ပြေးတပ်စိတ်မှ "ရပ်" ဟူသောအမိန့်သည် ရဲဘော်များ ခွန်းဆင့်ကမ်းလျက် နောက်ဘက်သို့ ရောက်လာလေသည်။ တပ်စုတစ်ခုလုံး ရပ်လိုက်ကြသည်။ တပ်စုတပ်ကြပ်ကြီးစိုးမြင့်က ဝဲယာဘေးကင်းများထုတ်ကာ လုံခြုံမှုကိုပြုစေသည်။ ရဲဘော်များအရိပ်အသီးသီးတွင် အနားယူကြသည်။

"ပလက်တွန်း ကော်မင်ဒါကလိုစ်"

(တပ်စုမှူး သတင်းပို့)

တပ်စုမှူး ဗိုလ်ဆန်းအောင်သည် တပ်ခွဲမှူးရှိရာသို့ သတင်းပို့သည်။

တပ်ခွဲသည် လေးမြို့မြစ် အနောက်ဘက်ကမ်းသို့ ဆိုက်ရောက်လေပြီ။ တပ်ခွဲမှူးနှင့် တပ်စုမှူးပါဝင်သော အမိန့်ပေးအဖွဲ့သည် မြစ်၏အရှေ့ဘက်ကမ်းရွာသို့ မှန်ပြောင်းကိုယ်စီဖြင့်ကြည့်ရှုကင်းထောက်နေကြလေပြီ။ ထိုရွာကား "မော်ရွာ" ဖြစ်လေသည်။

မော်ရွာသည် လေးမြို့မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိကာ အိမ်ခြေခြောက်ဆယ်ခန့်ရှိသည့် ဗရမာကြီး(ဗမာကြီး)ရွာဖြစ်သည်။

မဟာဗန္ဓုလ ဧခိုင်ဘက်သို့ ကုလားဖြူများကို ချီတက်တိုက်ခိုက်စဉ်က ဗျာနာဒဏ်ရာရရှိ၍ ကျန်ရစ်ခဲ့ကြသော ရှေးခေတ်မြန်မာစစ်သည်တော်များ ပေါင်းစည်း နေထိုင်ခဲ့ကြသောရွာဟု အဆိုရှိသည်။

ရွာဘက်မြစ်အတွင်းမှာကား သဲသောင်ပြင်ကြီး ရှိသည်။ အနောက်ဘက်ကမ်းပါးမှာ မတ်စောက်သည်။ အရှေ့ဘက်ကမ်းခြေတစ်လျှောက်တွင် ငှက်ပျောပင်များ ထူပြောသည်။ တပ်မှူးတို့၏ မှန်ပြောင်းကွင်းတွင် ရွာအတွင်း၌ သူပုန်သူကန်များ တစ်ဦးတလေမျှ ရှိနေပုံမရ။ တိတ်ဆိတ်ငြိမ်သက်စွာ သွားလာမပျက် ရှိနေကြလေသည်။

"သူပုန်ရှိတယ်တဲ့ ... သူပုန်ရှိတယ်တဲ့"

ရဲဘော်တစ်ယောက်၏ အသံကြောင့် ရဲဘော်များ မြေပြင်တွင် နေရာယူကြကာ သေနတ်ပစ်ခတ်ရန် အသင့်ပြင်ကြလေသည်။

"သူပုန် ဘယ်လောက်များသလဲ၊ ဘယ်နားမှာနေသလဲ"

"ရွာထဲမှာ သူပုန်အများအစား မဟီပါရေ ... အများအစားလိုကေ ပန်းမြောင်စျေးကိုလား ရပါဘို့ရာ"

"သူပုန်တော့ မများဘူးပြောတယ်၊ မော်တာနဲ့ ထုထည့်ရမလား မိုလ်မှူး"

"မိုလ်ကြီးတို့ဟာ မှားနေပြီ၊ သူပုန်ဆိုတာ ဆပ်ပြာကိုပြောနေတာ၊ ဆပ်ပြာကို သူတို့က သူပုန်လို့ခေါ်တယ်"

စကားအဆုံးတွင် အားလုံးသော ရဲဘော်တို့မှာ တဟားဟားနှင့် ရယ်မောကြလေတော့သည်။

သို့ဖြင့် ရဲဘော်လှသောင်းတို့ တပ်စုနှင့် တပ်ခွဲရုံးအဖွဲ့သည် မော်ရွာကို ဘေးမသီရန်မခဘဲ သိမ်းပိုက် တပ်စွဲလိုက်လေတော့သည်။

(သူပုန်=ဆပ်ပြာ၊ ဟီပါရေ=ရှိပါတယ်၊ ဖေသာပေးကွေ့ပိုက်ဆံပေးရင်၊ လား=သွား)

www.burmeseclassic.com

www.burmeseclassic.com

(၉)

အင်္ဂလိပ်နှင့် စစ်ပွဲသုံးကြိမ် ဖြစ်ပွားပြီးနောက် မြန်မာတို့မှာ ထီးကျိုးစည်းပေါက်သဖြင့် ကျွန်သဏ္ဌေါက်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

"မြန်မာတို့၏ ကျောကုန်းတွင် ကျွန်ခံရန်အတွက်တံဆိပ်မပါ" ဟူသော လှုံ့ဆော်ခံယူချက်ဖြင့် မျိုးချစ်ပုဂ္ဂိုလ်တို့၏ နိုင်ငံရေးနှင့် စစ်ရေးပါ အဆက်ဆက် တိုက်ပွဲဆင်ခဲ့ကြခြင်းကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးကို ရရှိခဲ့ပေပြီ။

ထိုလွတ်လပ်ရေးနေ့တွင် မြန်မာတစ်ပြည်လုံး အုံးအုံးကျွက်ကျွက်ဖြင့် အထက်ဘဝက်သို့တိုင် မြူးထူးပျော်ရွှင်ကြလေသည်။ ထိုနေ့တွင် အင်္ဂလိပ်တို့၏ ယူနီယံဂျက်အလံသည် ဘုရင်ခံအိမ်ရှေ့ရှိ အလံတိုင်မှ လျှောဆင်းကာ မြန်မာတို့၏ ပြည်ထောင်စုသဘော၊ တော်လှန်ရေးသဘော၊ တည်ကြည်ရဲရင့်၍ စည်းလုံးညီညွတ်သည့် သဘော ပါဝင်သော အချုပ်အခြာအာဏာဦးဆိုင်မှု အထိမ်းအမှတ် ဖြစ်သည့် ကြယ်ကြီးတစ်လုံးတွင် ကြယ်ငါးပွင့်ဝိုင်းရံထားသော နိုင်ငံတော်အလံသည် အလံတိုင်ထိပ်သို့ ဒွာဒွာစွင့်စွင့်လွှင့်လျက် တက်ရောက်နေရာယူလိုက်လေသည်။

ထိုလွတ်လပ်ရေးနေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မော်ဇွာတပ်စခန်းလေးမှ ပစ်လွှတ်လိုက်သော သေနတ်သံ၊ စက်သေနတ်သံ၊ စိန်ပြောင်းသံတို့သည် သောသောညံကာ တောအနှံ့တောင်အနှံ့သို့ ပျံ့နှံ့သွားလေသည်။

ဤကမ္ဘာတွင် မိုးနှင့်မြေကြီး တည်ရှိသမျှ ကာလပတ်လုံး ငါတို့၏လွတ်လပ်ရေး တည်စေသော်ဝ်။ ဤအကြောင်းကို အထက်ဘဝက် အောက်အစိမ်း ရှိရှိသမျှ သိကြစေသတည်း။

သူတို့၏သက်တမ်းတွင် ကြုံတောင့်ကြုံခဲသော လွတ်လပ်ရေးနေ့ ပွဲသဘင်တွင် မော်ဇွာနှင့်တကွ အနီးပတ်ဝန်းကျင်ကျေးရွာများမှ

လူအပေါင်းတို့သည် စုဝေးရောက်ရှိကာ ပျော်ကြပါးကြသည်။ ရဒီရာရာ အိုးစည်ဗုံမောင်းတို့ကို တီးမှုတ်ကခုန်ကြသည်။ ချင်းခမွေးတို့က ခေါင်ရေအိုးတို့ကိုလည်းကောင်း၊ ရခိုင်တို့က အုန်းရည်ခေါ်နေရည်တို့ကိုလည်းကောင်း သယ်ဆောင်ခဲ့ကြကာ အတူတကွ တပျော်တပါး သောက်စားကြသည်။ ချောတိုင်တက်သူက တက်သည်။ လေးမြို့မြစ်အတွင်း လောင်း(လှေ)ပြိုင်သူက ပြိုင်ကြသည်။

ထိုလွတ်လပ်ရေးနေ့ကား လူတိုင်းအဖို့ ပျော်ရွှင်ကြည်နူးကြပေသည်။

(၁၀)

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ပြီးသောအခါ ရဲဘော်လှသောင်းတို့သည် လေသာတောင်နှင့် မဒီတောင်ရှိရာဘက်သို့ စစ်ဆင်ရေးထွက်ခဲ့ကြရသည်။ လေသာတောင်နှင့် မဒီတောင်သည် လေးမြို့မြစ်၏ အနောက်ဘက်တွင် တည်ရှိကာ ဗုံပေါက်သာကျော်နှင့် ကြာလှအောင် ဦးဆောင်သော ပြောက်ကျားအဖွဲ့များ ရောက်ရှိစုဝေးနေသည်ဟူသော သတင်းအရ သိရလေသည်။

စစ်ကြောင်းတွင် သုံးလက်မစိန်ပြောင်းနှစ်လက် ပါရှိခဲ့သည်။ မော်တာတပ်စုမှူး ဗိုလ်ကြီးစိန်မြ ကိုယ်တိုင်အုပ်ချုပ်၍ လိုက်ပါသည်။ သူသည် ဂျပန်ပြည်စစ်တက္ကသိုလ်တွင် ပညာသင်ကြားရသူဖြစ်ခြင်းကြောင့် လူပ်ရှားမှုမှာ လွန်စွာဖျတ်လတ်လေသည်။ အသားလတ်လတ် အရပ်ပျပ်ပျပ်ဖြင့် မျက်ခုံးကောင်းလွန်းခြင်းကြောင့် သူ့ရဲဘော်အချို့က သူ့ကို စိန်မျက်ခုံးဟူ၍ ချစ်စနိုး ခေါ်ဆိုလေ့ရှိကြသည်။

"ဆက်ရှင် ... တားကက် ... အိပ်ချိန်အီး ... ချပ်တူး ... သရီး ... ဒီဂရီ လက်ဖက်အောက်ဒီးရိုးလိုင်း ... နံပါတ်ဝမ်းရိမ်းဂျင်း ... ဖိုး ဟန်ဒရက် ... ဖားယား"

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က လွတ်လပ်ရေးမရခင် တပ်မတော်အတွင်း အင်္ဂလိပ်လိုသာ အမိန့်များပေးကြရသေးသည်ကို သတိရကြရန်ဖြစ်ပါသည်။ အထက်ပါ မြန်မာစာဖြင့် ရေးပြထားသော အင်္ဂလိပ်အသံထွက်အမိန့်မှာ စိန်ပြောင်းတပ်စိတ်ပစ်မိန့် ဖြစ်ပါသည်။

မြန်မာပြန်မှာ ...

"တပ်စိတ် ... ပစ်ကွင်း ... ခွင်းဖုံး ... ယမ်းအားနှစ်သုည မျဉ်းမှ ဘယ်သုံးဒီဂရီ ... အမှတ်တစ် အဝေးပစ်ရာ ... တစ်ခေါင့် လေးရာပစ်"

ဗိုလ်ကြီးစိန်မြ၏ ကြည်လင်ပြတ်သား၍ ကျယ်လောင်သော စိန်ပြောင်းပစ်မိန့်အဆုံးတွင်ကား ...

အမှတ်(၂)စိန်ပြောင်းတပ်သားသည် စိန်ပြောင်း၏ ညာဘက်တွင် ဒူးထောက်အနေအထားမှ အမှတ်(၃)စိန်ပြောင်းတပ်သားက ပေးသော ခွင်းဖုံးကိုယူလျက် မတ်တတ်ထလိုက်ကာ ဖုံးသီးကိုလက်နှစ်ဖက်ဖြင့်ဆုပ်၍ စိန်ပြောင်းကြီးအတွင်းသို့ ဖင်ဘက်ပိုင်းမှသွင်းလျက် ဆောင့်ထည့်လိုက်ပြီးသော် ကိုယ်ကို စိန်ပြောင်းကြီး၏ နောက်ဘက်သို့ ကျဉ့်ချလိုက်လေသည်။

ဖုံးဆန်သည် ပြောင်းအတွင်းသို့ အရှိန်ဖြင့်ကျဆင်းကာ ဖင်ပိုင်းတွင်ရှိသော ပရိုင်မာရီခေါ် ယမ်းတောင့်နှင့် စိန်ပြောင်းကြီး၏ အတွင်းတွင် စိုက်ထားသော တွတ်ပီတို့ ဆောင့်မိသည်နှင့် ယမ်းတောင့်ပေါက်၍ မီးစွဲလေသည်။ ထိုမီးသည် ဖုံးဆန်၏ "တေးယူနစ်" ဟုခေါ်သော ဖင်ပိုင်းဒလက်အကြားတွင် ညှပ်ထားသည့် စက္ကန့်ဒရီခေါ် ယမ်းထုပ်များကို မီးကူးကာ ထိုမီး၏ မီးခိုးများက ဖုံးသီးကို ကောင်းကင်သို့ ဆောင့်တင်လိုက်လေသည်။

ဖုံးသီးသည် ကောင်းကင်သို့ ပစ်လွှတ်သည့် အကွာအဝေးတစ်ဝက်တိုင်အမြင့်နှင့် ရှေ့သို့ထိုးတက်သွားပြီးသော် ကျန်သော အကွာအဝေးတစ်ဝက်အတွက် အောက်နှင့်ရှေ့သို့ ထိုးစိုက်ကျသွားလေတော့သည်။

ဖုံသီးသည် မြေပြင်သို့ ခေါင်းနှင့်စိုက်ကျသောအခါ ခေါင်းပိုင်းတွင် တပ်ဆင်ထားသော ခလုတ်သည် မြေပြင်နှင့်ထိသည်နှင့် ဖုံးဘွင်းသို့ ဆောင့်ဝင်ကာ စနက်တံကို ပေါက်ကွဲမီးထွက်စေလေသည်။ ထိုစနက်တံမှမီးသည် ဖုံးဆန်အတွင်း သိုမှီးထားသော ယမ်းဘီလူးများကို ပေါက်ကွဲစေခြင်းဖြင့် ဖုံးဆန်အစိတ်စိတ်အမြွှာမြွှာ ကွဲထွက်ကာ လူသတ်လက်နက် ဖြစ်ပေါ်စေလေသည်။

"အုံး"

စိန်ပြောင်းအမှတ်(၁)တပ်သားသည် စိန်ပြောင်းကြီး၏ ဘယ်ဘက်တွင် ညာဘက်ဒူးထောက်လျက်က အမှတ်(၂)တပ်သားက စိန်ပြောင်းဖုံးသီးထည့်မည် ပြုသောအခါ သုံးချောင်းထောက်ထိပ်တွင်ရှိသော "ခရေယ်" ခေါ် ပြောင်းကိုထိန်းထားသော ပုခက်ရှင်၏ တစ်ဖက်တစ်ချက်ကို မိမိ၏ လက်နှစ်ဖက်ဖြင့် ဆွဲကိုင်ပေးထားသည်။ အဘယ်ကြောင့်ဆိုသော် ဖုံးသီးမပစ်ရသေးသော စိန်ပြောင်း၏ အောက်ခံခဲနှင့် သုံးချောင်းထောက်တို့၏ မြေဝင်ဆူးများသည် မြေအတွင်းသို့မဝင်သေး၊ အနည်မထိုင်သေးသောကြောင့် ဖြစ်လေသည်။

အမှတ်(၂)စိန်ပြောင်းတပ်သား ဖုံးသီးထည့်၍ "ဒုံး" ခနဲမြည်ကာ ဖုံးသီးထွက်သွားပြီးသောအခါ အမှတ်(၁)တပ်သားက ချက်ချင်းထလျက် အကွာအဝေးနှင့် ဒီဂရီတို့ကို စစ်ဆေးပြီးသော် ပြန်လည်ချိန်တွယ်၍ ညာဘက်ထိုင်ချလိုက်ကာ ညာဘက်လက်ကိုဆန့် မြှောက်လျက် ...

"နံပါတ်ဝမ်း ဂန်းရယ်ဒီ"

"အမှတ်(၁)စိန်ပြောင်း မစ်ရန်အသင့်" ဟူသော သတင်းအော်ပို့လေသည်။

ဤမြင်ကွင်းမှာ ရဲဘော်လှဆောင်းတို့အတွက် တကယ့်သစ်ဆန်းသော မြင်ကွင်းသာ ဖြစ်လေသည်။ ရဲဘော်သစ်များတို့သည် သုံးလက်မစိန်ပြောင်းပစ်ခတ်ခြင်းကို ပထမဦးဆုံး တွေ့မြင်ခြင်းဖြစ်လေသည်။ သုံးလက်မဖုံးဆန် ပြောင်းထဲသို့ ထည့်မည်ရှိသော အခါ

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ရဲဘော်လှသောင်းတို့၏ "အေ" ကုမ္ပဏီသည် မဒီတောင်၊ လေသာဆောင် စသော တောတောင်လျှိုမြောင်အတွင်းသို့ ဝင်ရောက်ရှင်းလင်းသောအခါ ပြောက်ကျားများ နေထိုင်စားသောက်သွားသော ခြေရာလက်ရာများမှအပ ရန်သူဟူ၍ အစအနကိုမျှမမြင်ခဲ့ရဘဲ သင်တန်းဆင်းစဉ်က လေ့ကျင့်ရေးပြုလုပ်ခဲ့ရသော ပင်ပန်းမှုအဆင့်မျှလောက်ဖြင့် စစ်ဆင်ရေး ပြီးဆုံးခဲ့ရလေသည်။

မဒီတောင်မှ ပြန်လာသော ရဲဘော်လှသောင်းတို့ ငလိပ်ရွာတွင် စခန်းချကြသောအခါ ...

"ဟေ့ ... ရဲဘော်တို့ ဒီမှာလာကြည့်စမ်းဟေ့"

ရဲဘော်တစ်ယောက်၏ အော်သံကြောင့် ရဲဘော်လှသောင်းတို့ ပြေးသွားကြည့်ကြသောအခါ ရဲဘော်များ တပ်စခန်းချထားရာဆီသို့ လူသုံးယောက် လာနေသည်ကို တွေ့ရှိရလေသည်။

"ဟင် ... ဟာ ... အဲ့ ... ဟုတ်ပြီဟေ့ ... လုပ်လိုက်ကွ"

ရဲဘော်တို့သည် အာမေဠိတ်အသီးသီးပြုကြကာ တခဲနင့် ကျိတ်ရယ်ကြလေသည်။ လာနေသော လူသုံးယောက်မှာ ခမွေးလူမျိုးများဖြစ်ကြသည်။ ခေါင်းပေါ်တွင် သွေ့ဝှက်ထုံးကိုလုံး၍ ပြောင်နေအောင် ဆေးထိုးထားသည်။ ထိုသွေ့ဝှက်ထုံးတွင် ဆံတိုးတစ်ခုကို ထိုးစိုက်ထားသည်။ ကိုယ်ပေါ်တွင် မြန်မာတို့၏ တိုက်ပုံအင်္ကျီပုံစံကို ဝတ်ထားသည်။ သို့သော် အောက်ပိုင်းတွင်ကား ပုဆိုးဝတ်မထားပါလေ။

ပုဆိုးဝတ်မထားခြင်းကြောင့် ၎င်းတို့၏ ဖွားဖက်တော်ကို မည်ကဲ့သို့ သိမ်းဆည်းထားကြပါသနည်းဆိုသော ဂျပန်လက္ခဏာတို့ ထိမ်းသိန်းနည်းစနစ်ဖြင့် သိမ်းဆည်းထားကြလေသည်။ အချို့မှာ ပိတ်စဖြင့်မဟုတ်၊ ကြိမ်ကိုပဲခွပ်ဖြင့်ပေါက်ခွဲ စိတ်၍ အပြားဖြစ်အောင်ပြုပြီးသော် ပေါင်ကြားမှ ခါးဆီသို့ ပတ်သိုင်းထားလေသည်။ ထိုအခါ ဖွားဖက်ငယ်မှာ လုံခြုံသော်လည်း ဖွားဘက်ကြီးနှစ်ဦးမှာ ပြူးထွက်နေတော်လေသည်။

နားနှစ်ဖက်ကို လက်နှစ်ဖက်နှင့်ပိတ်သော ရဲဘော်များက ပိတ်ကြ၊ မြေပြင်နှင့် ခန္ဓာကိုယ် ကပ်နေအောင် ပြားပြားမှောက်သူကမှောက်ကြနှင့် ဖြစ်နေကြလေသည်။

"ဒုံး" ခနဲ အသံမြည်ဟီးကာ ဗုံးသီးထိုးတက်သွားသောအခါ ရဲဘော်တို့၏ ခေါင်းများသည် တညီတညာ ဗုံးသီးနောက်သို့ လိုက်ပါကြည့်ရှုကြလေသည်။ တစ်ချိန်တည်းမှာပင် အားကြွအားရ လျက် ရှိနေကြလေသည်။

သုံးလက်မစ်နှစ်ပြောင်းအဖွဲ့ ရဲဘော်များ ကိုယ်တိုင်ပင်လျှင် ဤပစ်ခတ်မှုမှာ ပထမဦးဆုံးပစ်ခတ်မှုပင် ဖြစ်ဖွယ်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် တပ်ရင်းတပ်ဖွဲ့များတွင် သုံးလက်မစိန်ပြောင်း လက်တွေ့ပစ်ခတ်ရန်ကွင်းနှင့် အဓိန့်မရှိခြင်းတို့ကြောင့် လက်တွေ့ပစ်ခတ်လေ့ကျင့်ခြင်း မပြုနိုင်ကြပေ။ ထိုစဉ်က သုံးလက်မစိန်ပြောင်းသင်တန်းကို မိတ္ထီလာတွင် သင်ကြားပို့ချလျက် မိတ္ထီလာမှ မလျှိုင်သွား ကားလမ်းဘေးတွင် လက်တွေ့ပစ်ခတ်ကြရသည်။ ထိုသင်တန်းသို့ တက်ရောက်ခွင့်ရခဲ့ကြသော အကြပ်များသည်သာလျှင် လက်တွေ့ပစ်ခတ်မှုလေသည်။

ထို့ကြောင့် ယခု စိန်ပြောင်းကြီးပစ်ခတ်ရာတွင် စိန်ပြောင်းတပ်သားအမှတ်(၂)နေရာတွင် မိတ္ထီလာ၌ လက်တွေ့သင်တန်းတက်ခဲ့သော တပ်ကြပ်ကြီးကျော်ညွန့်က ကိုယ်တိုင်ဝင်ရောက် ပစ်ခတ်ပြလေသည်။

စိန်ပြောင်းပစ်ခတ်ခြင်းကား မများပါ။ ဗုံးသီးခြောက်လုံး ဗုံးသေတ္တာတစ်လုံးစာမျှသာ ဖြစ်ပါသည်။

တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်း၏ ဟောက်သံကိုကြားလျှင် တောနေသတ္တဝါအပေါင်းတို့ ပြေးလွှားပုန်းရှောင်ကြတတ်သကဲ့သို့ ယခု ရဲဘော်လှသောင်းတို့၏ ခြောက်လုံးမျှသော စိန်ပြောင်းဗုံးသီးကွဲသံသည် ဟောနေပြောက်ကျားဆိုသူများအား ရှောင်ရှားပြေးလွှားစေခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(ယခုအခါ လုံချည်ကိုလည်း ဝတ်ကြပြီ၊ လုံချည်မဝတ်သည့် တိုင် နံငယ်ပိုင်းမျှကိုကား ဝတ်ထားတတ်ကြပြီဟု သိရပါသည်)။

ရဲဘော်တို့မှာ ထိုလူသုံးဦးကိုကြည့်ကာ တခိခိဖြင့် သဘော ကျနေရာမှ ရဲဘော်တစ်ယောက်က ...

"ဗို့ ငါကြီး ဓာလားဖို့လဲ"

"အဘိုးကြီး ဘယ်သွားမလို့လဲ" ဟု မေးလိုက်လေသည်။ ယခု အခါ ရဲဘော်တို့မှာ ရခိုင်သားစကားကို အနည်းငယ်ယဉ်ပါးကြ ပေပြီ။

"ဆိုက်ပေါဆီလားပါဖို့ရာ ဆိုက်ပေါအမှာဟိလဲ"

"စစ်ဗိုလ်ဆီသွားမလို့၊ စစ်ဗိုလ်ဘယ်မှာရှိလဲ" ဟူ၍ ဦးစီးခေါင်း ဆောင်ဖြစ်ဟန်ရှိသူက မေးလေသည်။

"အဲ ... ကောင်းရောကွာ၊ တို့တပ်ခွဲမှူးတော့ နှစ်လုံးပြူးနဲ့ တွေ့တော့မှာပဲ"

ရဲဘော်တစ်ယောက်က ညည်းတွားလေသည်။ ပထမမေး သော ရဲဘော်က ...

"ဤဘက်ကိုလာ ... ဤဘက်ကို"

"ဒီဘက်ကိုသွား ဒီဘက်ကို" ဟူ၍ လမ်းညွှန်ပြလိုက်သော အခါ လူကြီးသုံးယောက်သည် တပ်ခွဲမှူးစခန်းချရာဘက်သို့ ဆက် ထွက်သွားလေတော့သည်။ ထိုသူတို့ အဘန်လှမ်းသွားသောအခါ ကျမှ ရဲဘော်တို့မှာ ခွက်ထိုးခွက်လန် ရယ်ကုန်ခဲ့ကြလေတော့သည်။

ချင်းခမွေးတို့မှာ လွန်စွာရိုးသား၍ သန္ဓာရှိရာတွင်လည်း လွန်စွာပြတ်သားကြသည်။ သူတို့အကြီးအကဲတို့၏ ပြောစကား တစ်ခုမှာ "လက်လိုမနေ ခြေလိုသာနေမယ်" ဟူ၍ ဖြစ်သည်။ မောက်ချည်လှန်ချည်မလုပ်၊ တစ်သမတ်တည်း သွားမည်ဆိုသည့် သဘောဖြစ်သည်။

နောင်သောအခါ ရဲဘော်လှသောင်းတို့ လက်တွေ့သိသည့် ကား အစိုးရစကားကို နားဝင်ထားသောသူသည် အစိုးရအပေါ်တွင်

သာ သစ္စာစောင့်၍ သူပုန်များက မည်မျှပင် ညှဉ်းပန်းနှိပ်စက်သည် ဖြစ်စေ အစိုးရအပေါ်တွင် သစ္စာဖောက်ခြင်း မပြုကြပေ။ ထို့အတူ ပင် သူပုန်တို့၏စကားကို နားဝင်ထားသော ရွာသားတို့မှာလည်း ကောင်နှစ်တောင် သုံးတောင်ကြား ကျော်၍သွားရသော ဝေးလံလှ သည့်ခရီးကိုပင် နေ့စဉ် ပင်ပန်းဆင်းရဲခံကာ ထမင်းစားသောက်ဖွယ် ရာတို့ ပို့ပေးနေတတ်ကြလေသည်။

ဤကား ပြည်ထောင်စုတိုင်းရင်းသားတို့တွင် အများအားဖြင့် ရှိတတ်သော ရိုးသားသည့်စိတ်ဓာတ်ပင် ဖြစ်လေသည်။

(၁၁)

မော်ရွာစခန်း "အေ" ကုမ္ပဏီတပ်ခွဲရုံးနှင့်တပ်စုကို "ဒီ" ကုမ္ပဏီ မှ ဗိုလ်ဧလင်းက လာ၍တာဝန်လဲသည်။ တပ်ခွဲမှူး ဗိုလ်မှူး သောင်းကြွေးသည် ဦးစီးသော ဗိုလ်ဆန်းအောင် တပ်စုသည် မော်တော် ဖြင့် လေးမြို့မြစ်ကို စုန်ဆင်းကာ ပေါက်တောကို ဖြတ်လျက် ပုဏ္ဏားကျွန်းဘက်မှ ကုလားတန်မြစ်ကို ဆန်တက်လေသည်။

လေးမြို့မြစ်အဖျား ပြည်လုံးကြီးရွာဘက်မှာလည်း ခြေကျင် ခရီးဖြင့် စစ်ကြောင်းတစ်ကြောင်းသည် အထက်ဘက်သို့တက်လေ သည်။

ဖလက်ဝဘက်သို့ ထွက်ပြေးသော ရန်သူများအား ကြည်း ကြောင်း ရေကြောင်း နှစ်ဖက်ညှပ်၍ တိုက်ခိုက်ရန် ရည်ရွယ်လေ သည်။

ဤကဲ့သို့ တစ်လကျော်မျှ တစ်တောင်ဝင်ပြီး တစ်တောင်တက်၊ လျှိုကထွက်ပြီး ချောင်းကိုဖြတ်၊ ချောင်းကိုဖြတ်ပြီး ကိုင်းတောတိုး စသည်ဖြင့် အမျိုးမျိုးသော မြေအနေအထားတို့အတွင်း ချင်းနင်းဝင် ရောက်၍ ရန်သူကို မွေနှောက်ပြီးသောအခါ ကုလားတန်မြစ်အတိုင်း ပြန်လည်၍ စုန်ဆင်းခဲ့ကြရသည်မှာ မြေပုံမြို့သို့ တိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမြေပုံမြို့တွင် "အေ" ကုမ္ပဏီ၏ တပ်စုသုံးစုစလုံး ဆုံစည်းကြသည်။ တပ်ခွဲကိုပြန်လည်ဖွဲ့စည်းသည်။ ရိက္ခာအင်အားဖြည့်တင်းသည်။ စစ်ဝတ်များကို လျှော်ဖွပ်ကြရသည်။ စုတ်သည်ပြတ်သည်များကို လဲလှယ်ပေးသည်။ ဤအတွင်း ခြေသည်းလက်သည်းလှီးကြရသည်။ မုတ်ဆိတ်ကျင်စွယ် ပယ်ကြရသည်။ ဘိုကာအသစ်ညှပ်ကြရသည်။ ပြီးလျှင် ခြေစန့်လက်စန့် အပန်းဖြေအလယ် ထွက်၍ နားနားနေနေဖြင့် တစ်ကျောခရီး ထွက်နိုင်ရန်အတွက် ပြင်ဆင်ကြရသည်။

ယခုအခါတွင် ရဲဘော်လှသောင်းတို့၏ တပ်စုမှူး ဗိုလ်ဆန်းအောင်မှာ ပြောင်းရွှေ့၍ တပ်စုမှူးအဖြစ် ဗိုလ်ဧော်ဝင်းရောက်ရှိလာသည်။ ဗိုလ်ဧော်ဝင်းကား အားကစားသမား ဖြစ်လေသည်။ အလေးမသမား ဖြစ်ခြင်းကြောင့် ခြေတံလက်တံ တုတ်ခိုင်မာကျောသည်။ ကိုယ်ခန္ဓာလုပ်၍ အရှိုးအဆက် ကျနသည်။ အထူးသဖြင့် လည်ပင်းကြီးမား၍ ကြွခိုင်မာကျောလှသည်။ သူ၏လည်ပင်းတွင် ငါးမူးလုံး မနီလာကြိုးကို ကွင်းလျှောချည်ပြီးသော် တစ်ဖက်လျှင် အားကောင်းမောင်းသန် ယောကျ်ားသုံးယောက်စီက ခြေကန်၍အားကုန်ဆွဲသည်ကို အလယ်ကောင်မှ မတ်မတ်ရပ်ကာ ခံနိုင်ရည်အားရှိသူဖြစ်လေသည်။

သနက(၃)သန်လျင်ဘက်ကမ်းမှ မင်္ဂလာဒုံသို့ ပြောင်းရွှေ့ကြမည်ရှိသောအခါ မြို့လူထုကို နှုတ်ဆက်သောအားဖြင့် ကွန်ဆပ်ကပွဲတစ်ခုကို သနက(၃)က ပြုလုပ်လေသည်။ ထိုပွဲတွင် ဗိုလ်ဧော်ဝင်းသည် အလေးမနည်းအမျိုးမျိုးကို ပြသည့်အပြင် သူ၏လည်ပင်းတွင် မနီလာကြိုးငါးမူးလုံးကြိုးကို ကွင်းလျှောချည်၍ တစ်ဖက်တစ်ချက်မှ ရဲဘော်သုံးယောက်ကို ခြေကန်ဆွဲစေကာ အလယ်ကောင်မှ မတ်မတ်ရပ်၍ ပြသခဲ့ဖူးလေသည်။

ထိုပွဲတွင် တပ်ကြပ်လှရွှေက အလေးမလှုပ်ကြွအဖြစ် ပျော်တော်ဆက်သည်။

တစ်နေ့ညနေဘက် အားကစားချိန်တွင် ဆရာလှရွှေက ဗိုလ်ဧော်ဝင်းကို ပြောလေသည်။

"ဗိုလ်ကြီး လည်ပင်းဆပ်ကလေး ပြစမ်းပါဦး၊ ရဲဘော်တွေက ကြည့်ချင်လို့တဲ့"

ဗိုလ်ဧော်ဝင်းကလည်း မဆိုင်းမတွပင် "လုပ်လေ ... ဘယ်သူတွေဆွဲမှာလဲ" ဟု ဆိုလေသည်။

ဤတွင် အရပ်အမောင်းနှင့် ဗလကောင်းသူများ ထွက်ကြလေသည်။

ဗိုလ်ဧော်ဝင်း၏လည်ပင်းတွင် မနီလာကြိုးကို ကွင်းလျှောချည်ပြီးသောအခါ ဗိုလ်ဧော်ဝင်းက အချက်ပြလိုက်သည်နှင့် တစ်ဖက်သုံးယောက်စီရှိ ရဲဘော်တို့က ခြေကန်ဆွဲကြသည်။ အသက်တအောင့်မျှ ကြာသောအခါ ဗိုလ်ဧော်ဝင်းက ရပ်ရန်အချက်ပြလိုက်သည်။

ရဲဘော်တို့၏လက်ခုပ်သံများ ဆူညံ၍ သွားလေသည်။

အသစ်ရောက်ရှိလာသော မိမိတို့၏တပ်စုမှူးအပေါ် ရဲဘော်များက အားကိုးခြင်း၊ အထင်းကြီး၍ လေးစားခြင်းကို ရရှိသွားလေဘော့သည်။ ဆိုလိုသည်မှာ တပ်စုမှူးအသစ်သည် သူ့ရဲဘော်များနှင့် ရင်းနှီးမှုအပြင် ခေါင်းဆောင်မှုကိုပါ ရရှိသွားခဲ့ပြီ ဖြစ်လေသည်။

(၁၂)

တပ်မတော်က ပလက်ဝဘက်သို့ တက်မွေ့သောအခါ ရန်သူတို့သည် အောက်ဘက်သို့ စုန်ပြေးကြပြန်သည်ဟု ယူဆရလေသည်။ အဘယ်ကြောင့်ဆိုသော် ယခုအခါ ရဲဘော်လှသောင်းဦးဆောင်သော "အေ" ကုမ္ပဏီသည် သံတွဲဘက်သို့ ရေယာဉ်အမျိုးမျိုးဖြင့်စုန်ဆင်းနေကြရသောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သံတွဲဒေသ၏ သာယာပုံမှာ ရဲဘော်များအဖို့ စိတ်အာရုံတွင် သာ ခံစား၍တတ်သည်။ ဆွံ့အသူ အိပ်မက်,မက်သကဲ့သို့ ပြန်၍ မပြောတတ်ကြရှာပါလေ။ မပြောတတ်ရုံတွင်မဟုတ်၊ စာဖြင့်လည်း ရေးမပြတတ်၊ ပန်းချီဆေးဖြင့်လည်း မခြယ်ပြတတ်ကြပါချေ။

"အုန်းပင်နဲ့ လှိုင်းနဲ့၊ သောင်ပြင်နဲ့ ကျောက်ဆောင်နဲ့လှလိုက်တာကွာ၊ ချိုးမွမ်းဖို့တော့ကုန်ပြီ၊ ဆဖို့ပဲကျန်တော့တယ်၊ နင့်မေကလွှားတဲ့ သံတွဲ"

ရဲဘော်များအဖို့ ဤကဲ့သို့ပင် ကျူးရင့်တတ်တော့သည်။ သံတွဲဆိုသော်လည်း ရဲဘော်တို့ ရေယာဉ်များဆိုက်ကပ်ကြသော နေရာမှာ သံတွဲမှ ငါးမိုင်ခန့်ဝေးသော ကင်းမော်ဆိပ်ကမ်းတွင် ဖြစ်လေသည်။

သောင်နှင့်ဝဲကြောင့် သံတွဲတွင် ရေယာဉ်မကပ်နိုင်ဟု သိကြရသည်။

ဗိုလ်ဇော်ဝင်း ဦးစီးသော ရဲဘော်လှသောင်းတို့ တပ်စုသည် ကျီးကန်းရဲဘက်သို့ ဆက်၍ခရီးထွက်ကြရသည်။

ထိုဒေသမှာ ငပလီကဲ့သို့ သောင်ပြင်နှင့်ဖြစ်၍ လွန်စွာသာယာလေသည်။

သံတွဲနယ်မြေတွင် ပုန်ကန်ခြားနားနေသူမှာ အလံနီချစ်သိန်းအဖွဲ့ဟု သိရသည်။

ရဲဘော်လှသောင်းတို့ တပ်စုသည် ကျီးကန်းရဲကို အခြေပြုလျက် သတင်းရရှိရာသို့ လိုက်၍ရှင်းလင်းသည်။ သို့သော် အလံနီချစ်သိန်းအဖွဲ့သည် ကျားဘည်မဲကဲ့သို့ အရောင်အတိမ်းအကာင်းခြင်းကြောင့်ပင် ဖြစ်ပေမည်။

တပ်နှင့် တစ်ကြိမ်မျှ ရင်ဆိုင်မတိုးမိပါလေ။

ရဲဘော်လှသောင်းတို့တပ်စုသည် သဒေးချောင်းအတိုင်း လိုက်၍ အတွင်းသို့ နှိုက်ဝင်သွားကာ ချေလှေကြီးအထိ တပ်ဝန်းကိုတိုးချဲ့၍ တပ်စွဲလိုက်ကြသည်။

(၁၃)

ဘဝေါင်းလ၏ နံနက်ခင်းအလင်းရောင်မှာ မှုန်ပျပျနှင့်လာနေသည်။ ရဲဘော်လှသောင်းတို့သည် ကိုယ်စီကိုင ဖမြဲတွင်မှောက်ကြလျက် သတ်မှတ်ထားသော တာဝန်ကျသည့် ပစ်ကွင်းနယ်မြေကို စူးစိုက်၍ ကြည့်နေကြရသည်။

ရဲဘော်တိုင်း ဃနေတ်ပြောင်းထဲတွင် ကျည်သွင်းပြီးသားဖြစ်ကြသည်။ မောင်းထိန်းခလုတ်ကိုသာ ပိတ်ထားကြသည်။ သို့သော် မောင်းထိန်းခလုတ်ကို တွန်းဖွင့်ရန် လက်မနှင့် အဆင်သင့်ထိတို့ထားကြသည်။

ရဲဘော်လှသောင်းတို့ ရောက်ရှိ နေရာယူထားကြသည်မှာ ဘောတွင်းလမ်းဘေးတွင် ဖြစ်လေသည်။ ထိုနေရာတွင် လမ်းကလေးမှာ လောက်လေးကိုင်းသဏ္ဌာန် ကွေးကွေးလေး ဖြစ်နေသည်။

လေးကိုင်းအစတွင် တပ်စိတ်တစ်စိတ်၊ အလယ်တွင်တပ်စိတ်တစ်စိတ်၊ လေးကိုင်းအဆုံးတွင် တပ်စိတ်တစ်စိတ်ဖြစ်သည်။

ရဲဘော်လှသောင်းတို့တပ်စုသည် အချင်းချင်း ပစ်ခတ်သောကျည် ထိမှန်ခြင်းမှ ကင်းလွတ်စေရန်အတွက် နစ်ဖက်ညှပ်၍ နေရာမယူဘဲ တစ်ဖက်သက်သက်တွင်သာ နေရာယူထားကြသည်။ မြေအနေအထားမှာ အနိမ့်ပိုင်းကို ဖွင့်ထားပေးခဲ့သည်။

ရဝေဘောင်တွင် အလံနီချစ်သိန်းအဖွဲ့ ခိုအောင်းနေကြောင်း သတင်းအရ "အေ" ကုမ္ပဏီသည် ညဦးကတည်းက တိတ်တဆိတ် ချီတက်လာခဲ့ကာ ဝိုင်းဝန်းထားကြခြင်း ဖြစ်လေသည်။

ရဲဘော်လှသောင်းတို့တပ်စုသည် ချေမှုန်းရေးအဖွဲ့မဟုတ်ဘဲ "ကပ်တေးဂက်" ခေါ် ဖြတ်တောက်ရေးတာဝန်ကို ယူကြရခြင်းကြောင့် ရန်သူတို့ ဆုတ်ထွက်လာမည့်လမ်းတွင် ဆီးကြိုတိုက်ခိုက်ရန် ကြိုတင်စောင့်ဆိုင်းနေကြရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်သူများ ဝင်ရောက်လာနေသည်ကို တွေ့ရှိရသည့်တိုင် ပစ်ခတ်ကြရမည်မဟုတ်၊ သွားကြပစေ၊ လွန်သွားပါစေ၊ သတ်ကွင်းထဲ အကုန်ဝင်မှ သို့မဟုတ် ရန်သူ့တပ်မှူးကို မိမိတို့၏တပ်မှူးက ဦးစွာစ၍ ပစ်ခတ်သော သေနတ်သံကိုကြားမှ၊ ဆိုရသော် ချည်ပြီး တုပ်ပြီးမှသာ သတ်မှတ်ထားသော မိမိတို့၏ ပစ်ကွင်းနယ်ခြေအတွင်းသို့ ရောက်ရှိနေသည့်ရန်သူကို ပစ်ခတ်တိုက်ခိုက်ကြရမည်ဖြစ်လေသည်။

ရဲဘော်လှသောင်းသည် ၎က်ကလေးများ၏ တပြစ်ပြစ်အသံကို ကြားသောအခါ တစ်စုံတစ်ခုကို သတိရသည်နှင့် သူ၏ဘေးတွင်ရှိသော ဘရင်းတူးဖြစ်သူ ရဲဘော်သာဇကို လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"ဟော့ ... ဒီနေ့မနက်ရော ငါ သွားတိုက်ပြီးကြောင်း တပ်စုမှူးကို သတင်းပို့ရဦးမလား မသိဘူး"

ရဲဘော်သာဇက ရယ်လေသည်။ ရယ်ပြီးသော သူ့ဒုက္ခကိုဖွင့်ပြောပြန်လေသည်။

"ဟေ့ ... လှသောင်း၊ ငါ သိပ်ဝမ်းသွားချင်နေတယ်ကွ"

ထိုစဉ် သူတို့စကားပြောသံကို တပ်စိတ်မှူး ဆရာလှရွှေက ကြားသွားသောကြောင့် လှမ်းကြိမ်းလေသည်။

"ရှိး ... ရှိး ... ဘာအကြောဆနေကြတာလဲ၊ စကားမပြောကြနဲ့ဆို"

ရဲဘော်လှသောင်းသည် ဇက်ကိုပုလိုက်ကာ ရဲဘော်သာဇဟိုမှာကာက်သို့ လှမ်းကြည့်လိုက်သည်။ ရဲဘော်ထွန်းရှင်ကို တွေ့ရသည်။ ရဲဘော်ထွန်းရှင်ကလည်း သူ့ကိုပြန်ကြည့်ကာ ဝမ်းနတ်ဆေးကို သွားတိုက်ဆေးလုပ်တိုက်သော လှသောင်း အဖြစ်ကိုတွေးမိ၍ ဖြစ်မည် ရယ်ပြလေသည်။

ရဲဘော်လှသောင်းက ရဲဘော်ထွန်းရှင်ကို လက်သီးဆုပ်ပြလိုက်စဉ် ရဲဘော်သာဇဆီမှ အသံထွက်လာပြန်သည်။

"ဟေ့ကောင် ... လှသောင်း၊ ငါ သိပ်ဝမ်းသွားချင်နေပြီကွ"

"ဆရာ့ကို ပြောပါလားကွ"

ရဲဘော်သာဇသည် ဆရာလှရွှေနားသို့ တွားသွားလျက် သူ့ဒုက္ခကို ပြောပြလေသည်။ ဆရာလှရွှေက ခွင့်ပြုလိုက်၍ဖြစ်မည်။ ရဲဘော်သာဇ နောက်ဘက်ကုန်းသို့ ပြေးထွက်သွားတော့သည်။ ဆရာလှရွှေက တစ်ချက်မြည်တွန်လိုက်သည်။

"ကြောက်ချေးပါပြီ"

ဆရာလှရွှေ၏အသံဆုံးသည်နှင့် ရဂေတောင်ဘက်ဆီမှ တအုံးအုံး ဓမ်ဘာသံတွေကို ကြားရလေတော့သည်။

တဖြောက်ဖြောက်နှင့် တရုတ်ဖြောက်အိုးဖောက်သကဲ့သို့ စက်သေနတ်ဆွဲသံများကိုလည်း အဆက်မပြတ် ကြားရလေသည်။

"ရှိး ... ရှိး ... ရှိး ... ရှိး" တပ်စုမှူးထံမှ သတိထားနေကြရန် သတိပေးသော ရှိး ရှိး အသံတို့သည် ရဲဘော်တိုင်းဆီမှ ဆက်ကာဆက်ကာ ထွက်လာလေသည်။

ရဲဘော်လှသောင်းသည် ဘရင်းဂန်းဒင်ကို ပခုံးပေါ်တင်လိုက်သည်။ ပြီးသော် သင်တန်းဆင်းစဉ်က သင်ကြားခဲ့ရသော ...

"ဘယ်ဘက်မျက်စိကိုမှိတ်၊ အပကြားဟိုးမှ တားကက်ကို ကြည့်၊ ဖိုးဆိုက်တစ်ကို ချိန်သားအမှန်မှာထား၍ အပကြားဟိုး၏ အလယ်ဗဟိုသို့ ဆွဲယူခဲ့ပါ"

(အပကြားဟိုး=နောက်ချိန်ပေါက်၊ ဖိုးဆိုက်တစ်=ရှေ့ချိန်သီး၊ တားကက်=ပစ်မှတ်)

ဟူသော လက်ာကိုရွတ်ဆိုနေစဉ် သူ၏နောက်ဘက်ဆီမှ ဖုတ်ဖုတ်အသံကြားသောကြောင့် ဘရင်းဂန်းဒင်ကို လက်နှစ်ဖက်ဖြင့်ထောက်ကိုင်လျက် နောက်သို့ လှည့်ကြည့်ရလေသည်။

ရဲဘော်သာဇသည် ဘောင်းဘီကို အဖြစ်မျှ ခါးတွင်ချိတ်စေလျက် ပြေးလာကာ သူ့နေရာတွင်မှောက်၍ နေရာယူလေသည်။ သူသည် အသက်ရှူမမှန်ဘဲ မောဟိုက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သားတစ်ဦးက ရဲဘော်များက ဦးကြည့်ကာ သီသူများက ပြုံးကြလေသည်။ ရဲဘော်လူသောင်းက လေသံဖြင့် ...

"ဟေ့ကောင်ကြီး ... ချေးကုန်းခဲ့ရဲလား"

"ဘယ်ကုန်းနိုင်မလဲကွ၊ ပြီးတောင်မှ မပြီးသေးဘူး"

"အေး ... ဒါဖြင့် နောက်မှကုန်းတော့၊ ရှေ့ကိုကြည့်၊ လာကြတော့မယ်"

ရဲဘော်လူသောင်းသည် ဘရင်းဂန်းပေါ်မှကျော်၍ ရှေ့ကိုကြည့်လိုက်ကာ ဘယ်ဘက်လက်ဖြင့် ဆိုက်ကိုပင့်ထောင်လိုက်သည်။

"ဘယ်ဘက်မျက်စိကိုမှိတ်၊ အပေါက်ဟိုးမှ တားကာက်ကိုကြည့်"

ရဲဘော်လူသောင်းသည် လက်ဝဲကို စိတ်တွင်းမှ ချက်ဆိုလျက် နောက်ပေါက်မှ ရှေ့ကိုကြည့်သည်။ ရန်သူဟူ၍ မတွေ့ရသေး။ ထိုစဉ် သူ၏ညာဘက်ဘေးတွင် ဒူးတစ်ချောင်း လာထောက်သည်ကို သတိထားမိသောကြောင့် ဆောင်းရှိကြည့်လိုက်သည်။ တပ်စုမှူး ဗိုလ်ဇော်ဝင်းကို တွေ့ရလေသည်။ တပ်စုမှူးက ...

"မင်းပစ်ကွင်း ဘယ်ကနေ ဘယ်အထိလဲ၊ ငါကိုပြစမ်း"

"ညာဘက်ဝါးရံကလေးကနေ ဘယ်ဘက်ချုံကြီးအထိ"

"ဟုတ်ပြီ၊ ဆိုက်ကရော"

"ဆိုက်တစ်ရာ"

"ဒါဖြင့် ဘာလို့ ဆိုက်ထောင်ထားသလဲ ... ဆိုက်ဒေါင်း"

ရဲဘော်လူသောင်းသည် ဆိုက်ကိုရှေ့သို့ တွန်းချလိုက်လေသည်။ တပ်စုမှူး အခြားဘက်သို့ ဆက်တွက်သွားသောအခါ ရဲဘော်လူသောင်းမှာ လျှာတစ်လစ်ထုတ်လိုက်မိလေသည်။ ဤကား အတွေ့အကြုံမရှိသေးသော ရဲဘော်သစ်များအတွက် ပျာယာခတ်ခြင်းကို ပြလေသည်။

(ဆိုက်=အကွာအဝေး၊ ဆိုက်ဒေါင်း=အကွာအဝေးချ၊ ကိုက်တစ်ရာအဝေးတွင် ဆိုက်ကိုထောင်စရာမလိုပါ)။

တပ်စုမှူး ဗိုလ်ဇော်ဝင်းသည် ရန်သူများလာချိန်နီးပြီဖြစ်၍ သူ၏တပ်စုကို အနေအထားကျ,မကျ နောက်ဆုံးစစ်ဆေးမှုပြု၍ သူ့နေရာသို့ ပြန်ရောက်လာသည်နှင့် ရန်သူ၏ရှေ့ပြေးတစ်ယောက်သည် တပ်စု၏နယ်မြေအတွင်းသို့ ဝင်ရောက်လာလေသည်။

ရဲဘော်လူသောင်းသည် ဦးစွာတွေ့ရှိရသော ရန်သူကို သူ၏ဘရင်းဂန်းချိန်ခွက်အတွင်း ဝင်အောင်လိုက်ချိန်သည်။ ရန်သူချိန်ခွက်အတွင်း ချိန်သားအမှန်ကို ရောက်သည်နှင့် ဘရင်းဂန်းခလုတ်ကို ဖြုတ်လေသည်။ ခလုတ်က မဖြုတ်ပါလေ။ မောင်းထိန်းခလုတ် မဖွင့်ခြင်းကြောင့် ဖြစ်လေသည်။

ရဲဘော်လူသောင်းသည် သတိရသောကြောင့် မောင်းထိန်းခလုတ်ကို ဖွင့်လိုက်သည်။ ပြီးလျှင် ပစ်မည်ဟု ပြန်ချိန်သည်။

"ဘုရား ... ဘုရား ... မှားတော့မလို့"

ရဲဘော်လူသောင်း ဘုရားတ,လိုက်မိသည်။ ရန်သူကိုတွေ့သည်နှင့် ပစ်ရန်မဟုတ်။ ထောင်ချောက်အတွင်း အားလုံးဝင်၍ ချည်ငြိုးတုပ်ပြီးမှ တပ်စုမှူးစပစ်သော သေနတ်သံကိုကြားမှ ကုန်သူများပစ်ရမည်ကို ရုတ်တရက် သတိရလိုက်ခြင်းကြောင့်ဖြစ်သည်။

ရဲဘော်လူသောင်းက သတိရ၍ မပစ်ခတ်သေးဘဲ သေနတ်မောင်းပေါ် လက်ညှိုးတင်ကာ တွေ့ရှိရသော ရန်သူအပေါ်လိုက်၍ ချိန်နေစဉ်ပင် ...

"ဒိုင်း"

ဟူသော အသံတစ်ချက်ကို ကြားရလေတော့သည်။

ရဲဘော်လူသောင်း လက်ညှိုးမှာ အလိုလိုကွေးပြီးဖြစ်သွားကာ ...

"ဒက်ဒက်ဒက် ... ဒက်ဒက်ဒက်" ဘရင်းဂန်းသံရောက်နေသော သေနတ်သံများပါ ဆူညံသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်လှသောင်းသည် ခိုင်းခနဲအသံကြား၍သာ လက်ညှိုးကိုကွေး၍ မောင်းဆွဲလိုက်ရသော်လည်း သင်တန်းဆင်းစဉ်က သင်ကြားထားခဲ့ရသော သေနတ်ချိန်လက်ံအတိုင်း မချိန်မိလိုက်ပါလေ။ သို့ဖြင့် ကျည်ဆန်တခြား ရန်သူတခြားဖြစ်မည်မှာ သေချာလေသည်။

ရန်သူများ ရောက်မလာခင်က သေနတ်ချိန်လက်ံကို ရွတ်ဆိုကြည့်သေးသော်လည်း တကယ်ပစ်ရသောအခါ လက်ံအတိုင်း မဆောင်ရွက်မိလိုက်တော့ပေ။ ပူထူကာ အားလုံးမေ့ကုန်လေပြီ။

ရန်သူကို ချိန်ခွင်အတွင်းရောက်အောင် မချိန်မိသည်သာ မဟုတ်၊ သေနတ်မောင်းခလုတ် ဖြုတ်ရာမှာလည်း သင်ကြားထားသလို မဟုတ်ပါလေ။ သင်တန်းဆင်းစဉ်က သင်ကြားရသည်မှာ...

"ဝမ်း ... တူး ... ဝမ်း ... တူး" ဟူ၍ ပါးစပ်မှဆိုကာ ခလုတ်ကို ဆွဲလွှတ်ရသည်။ ကျည်ထွက်နှုန်းမှာ နစ်ဘောင့်၊ သုံးဘောင့်သာ ဖြစ်စေရမည်။ ယခု ရဲဘော်လှသောင်းတို့တပ်စုမှ ဘရင်းသမားများ ပစ်ခတ်နေသည်မှာ အနည်းဆုံး လေးချက်ထွက်သံကို ကြားနေရလေသည်။ ဘရင်းဂန်းသံများမှာ တဝေါဝေါဖြင့် တောသံပါဟိန်းထွက်နေလေသည်။ ဤကား စက်သေနတ်ပစ်သံများကောင်းတို့၏ ပစ်ခတ်ခြင်းမျိုး မဟုတ်ပါလေ။

"လက်နက်ချပါပြီ ... မပစ်ပါနဲ့ ... လက်နက်ချပါပြီ"

တိုက်ပွဲမှာ မကြာလိုက်ပါ။ ရန်သူများဆီမှ လက်နက်ချပါပြီဟု အော်ပြောလေသည်။

"အပစ် ရပ်"

တပ်စုမှူး ဗိုလ်ဇော်ဝင်း၏ အမိန့်ပေးသံ ဗူးရွှာထွက်ပေါ်လာသည့် တပ်စုတပ်ကြပ်ကြီးနှင့် တပ်စိတ်မှူးများက ထိုအမိန့်ကို ဆင့်ကဲပေးကြသည်။ သေနတ်သံများ တိတ်သွားသည်။

"လက်မြှောက် ... ရှေ့တက်ခဲ့"

"ထိုင် ... အားလုံးထိုင်၊ လက်မြှောက်ထား"

ရန်သူများသည် အားလုံးလက်မြှောက်လျက် ဆောင့်ကြောင့် ထိုင်ချလိုက်ကြသည်။ ထိုရန်သူများကို ရဲဘော်လှသောင်းတို့တပ်စိတ်က တာဝန်ယူကြရသည်။

ရန်သူများကိုယ်ပေါ်တွင် ရှာဖွေကြရသည်။ ရှာဖွေပြီးသော် ခါးတွင်ချိတ်လာသော အိပ်ရာလိပ်ကြိုးဖြင့် ပူးတွဲ၍ ချည်နှောင်လိုက်ကြသည်။

ရန်သူများကိုယ်ပေါ်တွင် ရှာဖွေကြရသည်။ ရှာဖွေပြီးသော် ခါးတွင်ချိတ်လာသော အိပ်ရာလိပ်ကြိုးဖြင့် ပူးတွဲ၍ ချည်နှောင်လိုက်ကြသည်။

ရန်သူများကို ဆက်ရှင်းသော တပ်စိတ်နှစ်စိတ်က သေနတ်တစ်ဒါဇင်ခန့် ရလာသည်။ ရန်သူအလောင်း လေးလောင်းတွေ့ကြောင်း သတင်းပို့ကြသည်။

"တောက် ... ဒီကောင်တွေ တပ်စိတ်နှစ်စိတ်လောက်ရှိတာ ကျန်တဲ့ကောင်တွေ လွတ်ကုန်တာပေါ့၊ ငါစ,မပစ်ရသေးဘဲနဲ့ ဘယ်ကောင်က စပစ်လိုက်တယ်မသိဘူး၊ အဲဒီကောင်မေးပြီးရှာစမ်း"

တပ်စုမှူး ဗိုလ်ဇော်ဝင်းသည် ဒေါပွနေလေသည်။ ရန်သူများသတ်ကွင်းထဲကို အားလုံးဝင်မှ ပစ်ခတ်ရန် စောင့်နေသော်လည်း ရဲဘော်များမှာ လူသစ်လေးများသာ ဖြစ်ခြင်းကြောင့် ကယောင်ကတမ်းဖြင့် မည်သူက သေနတ်မောင်းဖြုတ်လိုက်သည် မသိရာဘဲ တိုက်ပွဲမှာ အချိန်မရောက်သေးဘဲနှင့် စ,လိုက်ရခြင်းကြောင့် ပစ်ကွင်းထဲသို့ မရောက်သေးသော အနောက်ဘက်မှ ရန်သူအချို့လွတ်သွားခဲ့ရလေသည်။

"ကဲ ... ကဲ ... ထားတော့၊ တို့ဘက်ကရော ဘယ်သူဘာဖြစ်သေးလဲ၊ သတင်းပို့စမ်း"

"ရဲဘော်မြသန်း လက်မောင်မှာ ဒဏ်ရာရပါတယ်"

ဆေးရဲဘော်သည် ရဲဘော်မြသန်း၏ ဒဏ်ရာကို ပတ်တီးစည်းပေးနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပဲလား ... ဟိုမှာရော ဘာလဲ၊ ဘယ်သူလဲ၊ ဘာဖြစ်တာလဲ"

"ရဲဘော်ထွန်းရှင်ပါ၊ ကျဆုံးသွားပါပြီ"

ရဲဘော်ထွန်းရှင်သည် အသားမည်းမည်း၀၀နှင့် တောင့်တင်းကာ ပါးစပ်တွင် ရွှေသွားနှင့်ဖြစ်သည်။

ရန်သူအလောင်းနှင့် သုံးပန်းအချို့၊ သေနတ်တစ်ဒါဇင်ခန့် ရရှိခြင်းကြောင့် ပျော်ရွှင်အူမြူးနေသော ရဲဘော်တို့မှာ နှုတ်ပိတ်ကာ တိတ်ဆိတ်သွားကြလျက် စစ်ပွဲ၏သဘောကား ဤသို့ဟူ၍လည်း သိရှိသွားကြတော့သည်။

ဤရဝေဆောင်တိုက်ပွဲကား ရဲဘော်လှသောင်း၏ ဗွေဆော်ဦး တိုက်ပွဲပင် ဖြစ်လေသည်။

ကျဆုံးရှာသော ရဲဘော်ထွန်းရှင်ကား သနက(၃)ရှိခိုင်ပြည် စစ်ဆင်ရေးတွင် ဗွေဆော်ဦး ကျဆုံးခြင်းနှင့် တစ်ဦးတည်းသော ကျဆုံးသူ ဖြစ်ခဲ့ရလေသည်။

(၁၄)

ရဲဘော်လှသောင်းတို့ သဘော်ဘ ရန်ကုန်မြစ်အတွင်းသို့ ဝင်သောအချိန်မှာ ဇူလိုင် ၉ ရက် နံနက်အကူးတွင် ဖြစ်လေသည်။

ရွှေတိဂုံစေတီတော်၏ မီးရောင်လက်လက်ကို မြင်ရပြီဟုဆိုကတည်းက ရဲဘော်များ မအိပ်နိုင်ကြတော့။ သဘော်ကုန်းပတ်ပေါ်သို့တက်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုသာ ကြည့်ရှု၍လိုက်ပါလာခဲ့ကြလေသည်။

သိဂုံတွဲရကုန်းတော်ပေါ်မှ ဤမြတ်ရွှေတိဂုံသည် မြန်မာပြည်အထိမ်းအမှတ်၊ မြို့တော်ရန်ကုန် အထွတ်အမြတ်သင်္ကေတပင်ဖြစ်ချေသည်။

နိုင်ငံရင်ခြေမှပင်ဖြစ်စေ၊ မည်သည့်ဒေသမှပင်ဖြစ်စေ ပင်လယ်ကူးသင်္ဘောဖြင့် ရန်ကုန်မြစ်ထဲသို့ ဝင်ရောက်လာခဲ့ရသော မည်သည့်မြန်မာလူမျိုးမဆို ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးတွေ့လိုက်ရသောအခါသမယ၌ စိတ်စေတနာ သဒ္ဓါတရားနှင့် ကြည်ညိုစိတ်ပွားခြင်းမျိုးမှာ အခြားအချိန်အခါများထက် ပိုမိုထူးကဲကြပေလိမ့်မည်။

"ဟေ့ကောင် လှသောင်း၊ တို့ဘက်ကမ်းကိုတော့ မကြည့်ဘဲနဲ့ ဘယ်သွားငေးနေတာလဲ၊ လာကွာ"

ဒလဘက်သားဖြစ်သော ဒုတပ်ကြပ်မောင်ဝင်းက လာဆွဲခေါ်သောကြောင့် ရဲဘော်လှသောင်းမှာ ငေးရာမှ ပါသွားခဲ့သည်။ သူတို့သည် သင်္ဘောတစ်ဖက်ခြမ်းသို့ပြောင်း၍ ဒလဘက်ကမ်းကို မျှော်ကြည့်ကြသည်။ ထိုနေရာတွင် ရဲဘော်လှသောင်းနှင့်အတူ စစ်ဆင်ဝင်ခဲ့သော ဒလဘက်သားဖြစ်သည့် ဂေါရာမောင်အေးကိုပါ တွေ့ရှိရလေသည်။

ရဲဘော်သုံးယောက်သည် မိမိတို့နေထိုင်ကြီးပြင်းခဲ့ရာ ဒလဘက်ကမ်းသို့ ငေးမျှကြည့်ကြကာ အတွေးကိုယ်စီနှင့် ရှိကြသည်။

"တို့ ခွင့်ရတဲ့နေ့မှာ အတူတူပြန်ကြမယ်ကွာ"

ဂေါရာမောင်အေးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"အေးလေကွာ၊ အတူ ပြန်ကြတာပေါ့"

ဆရာမောင်ဝင်းက သဘောတူသည်။ ရဲဘော်လှသောင်းကလည်း ခေါင်းညိတ်အတည်ပြုသည်။

ရဲဘော်လှသောင်းတို့သည် နံနက် ၇ နာရီထိုးတွင် သင်္ဘောပေါ်မှ ဆင်းကြရသည်။ ရန်ကုန်ဆိပ်ကမ်း ဗောတံတားပေါ်ရောက်သောအခါ ရဲဘော်လှသောင်းသည် သူတို့စီးလာခဲ့ရသော သင်္ဘောကြီးကို ပြန်လည့်၍ ကြည့်ရှုလိုက်သည်။ သင်္ဘောကြီး၏ အမည်ကို (S.S. Victior) အက်စ် အက်စ် ဗစ်တာ ဟူ၍ တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

ရဲဘော်လှသောင်းတို့သည် မင်္ဂလာခုံရှိ မိမိတို့တပ်ရင်းနေရာမှာပင် ပြန်၍တပ်စခန်းချကြရသည်။ မိမိတို့၏ တပ်ရင်းဟောင်းနေရာသို့ ပြန်လည်ရောက်ရှိကြသောအခါ ပျော်လွန်းကြ၍ အော်သူကအော် ဟစ်သူကဟစ်နှင့် ဖြစ်နေကြသည်။

ဇွန်လ ၂၁ ရက်နေ့တွင် ဗိုလ်ချုပ်စမစ်ဒွန်း၊ ဗိုလ်မှူးကြီး လက်ဂျာနှင့် ဗိုလ်မှူးကြီးစောကြာဦးတို့ လာရောက်၍ တပ်ရင်းရှိ အရာရှိ အရာခံ အကြပ် တပ်သားများကို စကားပြောသည်။ ထိုနေ့က အုန်းနို့ခေါက်ဆွဲ စားကြရသည်။ ရဲဘော်များ ပျော်ပျော်ပါးပါး အုန်းနို့ခေါက်ဆွဲ စားနေကြစဉ်ပင် တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောထွန်းစိန်၏ နေရာတွင် ဒုဗိုလ်မှူးကြီးရဲထွဋ်(ရဲဘော်သုံးကျိပ်)က တပ်ရင်းမှူးတာဝန်များကိုယူကြောင်း ရဲဘော်လှသောင်းတို့ ကြားသိရလေသည်။

ထိုနေ့ညမှာ ရဲမေကြည်အငြိမ့်ကို ရဲဘော်လှသောင်းတို့ ကြည့်ကြရပြန်သည်။ သို့ကြည့်ကြရသော်လည်း ရဲဘော်များမှာ ပျော်ရွှင်မှု သိပ်မရှိကြတော့။ ညနေဘက် ပွဲခင်းပြင်ဆင်နေစဉ်၌ မင်းပြားတွင် ဗျားရှိသေဆုံးခဲ့သော "ဦ" ကုမ္ပဏီမှ ရဲဘော်မျိုးမြင့်၏ ဇနီးသည် သူ့ယောကျ်ားအရိုးအိုးကိုကြည့်၍ ရှိုက်ကြွေးတငင်ငိုပွဲဆင်ခဲ့ရာမှ ပွဲခင်းရှိရာသို့ ရောက်လာပြီးခဲ့သော် အော်ဟစ်၍ ငိုယိုပြန်သည်ကို ရဲဘော်များတွေ့မြင်၍ စိတ်မကောင်း ဖြစ်ခဲ့ကြရခြင်းကြောင့် ဖြစ်လေသည်။ သို့ဖြင့် အငြိမ့်ကို ည ၁၁ နာရီခန့်တွင် သိမ်းလိုက်ကြတော့သည်။

နောက်နေ့မှာ ကဆုန်ဆောင်ရေသွန်းပွဲ ဖြစ်ခြင်းကြောင့် ရဲဘော်များနားနွေ့ရကြသည်။

ရဲဘော်လှသောင်း၊ ဇင်္ဂါရာမောင်အေး၊ ဒုတပ်ကြပ်မောင်ဝင်းတို့သည် ဒလဘက်ကမ်းပြန်ကြရန် ထွက်လာခဲ့ကြသည်။ သူတို့နှင့်အတူ ရဲဘော်ဝင်းအောင်လည်း ပါခဲ့ကြသည်။

"ဗိုလ်ချုပ်တို့ဂူကို အရင်သွားပြီး အလေးပြုကြရအောင်ကွာ"

"အေးကွာ ... ကောင်းတယ်၊ သွားကြမယ်"

ဒုတပ်ကြပ်မောင်ဝင်းက အဆိုပြု၍ ကျန်ရဲဘော်များကပါ သဘောတူကာ မြေနီကုန်းမှ အာဇာနည်ကုန်းသို့ ခြေကျင်လျှောက်လာကြသည်။

အာဇာနည်ကုန်းသို့ ရောက်သောအခါ ရဲဘော်လေးယောက်မှာ ဗိုလ်ချုပ်ဂူကိုကြည့်၍ အလေးမပြုနိုင်ကြ၊ ငိုင်၍သာနေကြသည်။ ရဲဘော်မောင်ဝင်းက စစ်ဖိနပ်ကိုချွတ်သည်။ ကျန်ရဲဘော်များကပါ လိုက်ချွတ်သည်။ ပြီးသော် သူတို့သည် ဗိုလ်ချုပ်ဂူ ခြေရင်းတွင် တိုင်ကာ ကန်တော့ကြသည်။

ဗိုလ်ချုပ်မှာ တပ်မတော်၏ ဖခင်ဖြစ်သည်။ ရဲဘော်တို့၏ ဖခင်ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် အလေးပြုရုံဖြင့် မလုံလောက်၊ မြန်မာတို့၏ တကဲ့ဂါရဝတရားအရ ထိုင်၍ဦးချလိုက်ရမှသာ ရဲဘော်လှသောင်းတို့ ကျေနပ်ကြရသည်။

သူတို့သည် အာဇာနည်ကုန်းမှ ထွက်ခဲ့၍ ရွှေတိဂုံမြောက်ဘက်စောင်းတန်းမှ ဘုရားပေါ် တက်ခဲ့ကြသည်။ အာဇာနည်ကုန်းကတည်းကပင် ဖိနပ်များ ပြန်မစီးတော့ဘဲ ဆွဲကိုင်ခဲ့ကြသည်။

ဖယောင်းတိုင်နှင့် ပန်းအနည်းငယ်စီ ဝယ်ကြကာ မြောက်ဘက် အာရုံခံတန်စောင်းအတွင်းမှာပင် ရှိခိုးပူဇော်မှုကို ပြုကြသည်။

ရဲဘော်လေးယောက်သည် တန်စောင်းတစ်နေရာတွင်တိုင်ကြ၍ ရခိုင်ပြည်မှ မသေမပျောက် ပြန်လည်ရောက်ခဲ့ကြရခြင်းကြောင့် ပြန်လည်ဖူးမြော်ရသော ရွှေတိဂုံစေတီကြီးနှင့်တကွ ရင်ဖြင်ထောပေါ်၌ သွားလာလှုပ်ရှား၍ နေကြသော လူအများကို ဝမ်းသာအားရ ကြည့်ရှုနေကြလေသည်။

သူတို့ဘေးမှ ဖြတ်သန်းသွားလာကြကုန်သော လူအပေါင်းကလည်း ဖြိုတီသျှဆယ့်နှစ်နံပါတ် တပ်မတော် တွဲလ်အာမီလက်မောင်းတံဆိပ်နှင့် ဗမာ့စစ်သားလေးယောက်ကို လှည့်ကြည့်လျှင်ကြည့် ကြည့်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"တပ်ထဲမှာ အချို့ရဲ့ဘော်တွေ ကြည့်ရတာ တစ်မျိုးပဲကွ"

"ကျိတ်ကျိတ် ကျိတ်ကျိတ်နဲ့ ဘာတွေပြောပြီး ဘာတွေတိုင်ပင်နေကြတာယ် မသိဘူး"

"အေးကွာ ... တပ်ထဲမှာမည်မည္ဓာတ်ဖြစ်မယ့်သဘောတွေဖြစ်လာတာ မကောင်းဘူးကွာ"

"အိုကွာ ... ခိုချင်တဲ့ကောင် ခိုကွာ၊ တို့တော့ မထိနဲ့၊ ထီရင် ချရမှာပဲ၊ လာကွာ ... သွားကြမယ်၊ ဟိုဘက်ကမ်းလည်း ကူးရဦးမှာ၊ နောက်ကျနေမယ်"

နောက်ဆုံးတွင် ရဲဘော်လှသောင်းက စိတ်မရှည်သလိုပြောကာ သူတို့လေးယောက် ဘုရားပေါ်ကဆင်း၍ ဒလဘက်ကမ်းသို့ ကူးခဲ့ကြသည်။

ရဲဘော်လေးယောက်သည် ဒလဘက်ဆိပ်ကမ်းတွင် ညနေ ၄ နာရီတွင် ပြန်၍ချိန်းဆိုပြီးသော် လှေစုခွဲ၍ ကိုယ့်အိမ်ရှိရာ ကိုယ် ပြန်ကြသည်။ ရဲဘော်ဝင်းအောင်က ဒုတပ်ကြပ်မောင်စင်းနှင့်လိုက် သွားခဲ့သည်။

ရဲဘော်လှသောင်းသည် သူ့အိမ်ရှိရာ ၂၅-ဆန်စက်ဘက်သို့ ထွက်လာခဲ့သည်။ မြို့မအနောက်ပိုင်း ကဲကုန်းရပ်ကွက်တွင်း ဝင်လာသောအခါ လမ်းဘေးရှိအိမ်များမှ လွေးများက ထွက်၍ဟောင်ကြသည်။

"ဟေ့ ... အိမ်တွေလည်း တံခါးပိတ်လို့၊ ဘယ်သွားကြလဲကွ"

"ဟာ ... ကိုလှသောင်းကြီးပါလား၊ ဥပုသ်နေ့လေဗျာ၊ ဥပုသ်စောင့်သွားကြတာပေါ့၊ ညနေလည်း ညောင်ရေသွန်းပွဲနဲ့ ငါးလွှတ်ပွဲ ရှိတယ်"

ရဲဘော်လှသောင်းသည် လယ်ပေါ်ရွာဦးကျောင်းဘက်သို့ ဆက်လက်ထွက်ခဲ့သည်။ ကျောင်းဝင်းအတွင်း ဝတ်ကောင်းစားလှများနှင့် ကလေးအများအပြားပင် ဆော့ကစားနေကြလေသည်။

"အစ်ကိုကြီး ပြန်လာပြီ၊ အစ်ကိုကြီး ပြန်လာပြီ"

မောင်သိန်းအောင်သည် ပါးစပ်မှလည်းအော်လျက် ဒုန်းစိုင်းချလာသည်။ သူ့နောက်က အခြားကလေးတစ်ဆိုက်ကလည်းပြေးလိုက်ကြသည်။

ကလေးအုပ်သည် ရဲဘော်လှသောင်းကို အလိုလို ဝိုင်းမိရက်သား ဖြစ်သွားတော့သည်။

"ဟေ့ ... ညီလေး အဖေတို့ရော"

"ဥပုသ်ဇရပ်မှာ အစ်ကိုရ၊ လာ ... သွားမယ်"

ရဲဘော်လှသောင်း ဥပုသ်ဇရပ်ပေါ်သို့ ရောက်သောအခါ သူ၏ပတ်လည်တွင် ဥပုသ်သည်တို့ ဝိုင်းဝိုင်းလည်နေကြလေသည်။ ဥပုသ်ကို ခေတ္တမျှ မေ့ကြကာ ရဲဘော်လှသောင်းကို သိချင်တာတွေမေးကြ၊ ရဲဘော်လှသောင်း ပြောပြသော ရခိုင်ပြည်အတွေ့အကြုံကို နားထောင်ကြ၊ စားစရာမုန့်များ ယူလာကျွေးကြနှင့် ရှိနေကြလေသည်။

ရဲဘော်လှသောင်း၏မိခင် ဒေါ်စောခင်မှာမူ ဝမ်းသာလှသောကြောင့် မျက်ရည်းစမ်းစမ်းနှင့် ရှိလေသည်။ ဦးသန်းမောင်ကမူ စစ်ဘယ်နှပွဲ တိုက်ခဲ့ရသည်ကို မေးလေသည်။

ရဲဘော်လှသောင်းသည် နေ့ခင်း တရားနာကာနီးသောအခါ မိဘနှစ်ပါးကို ပါလာသောပစ္စည်းများနှင့် လူပုံအလယ်တွင်ပင် ကန်တော့သည်။ ဖခင်ဦးသန်းမောင်အတွက် ဝယ်လာသော ရခိုင်လုံချည်ကို အခြားသက်တူရွယ်တူ ဦးကြီးများက သူတစ်လက် ငါတစ်လက် ယူ၍ကိုင်ကြည့်၊ အသားစမ်းကြည့်ဖြင့် လိုချင်တပ်မက် ရှိကြလေသည်။

"မင်းဟာ ဘယ်လောက်ပေးခဲ့ရသလဲကွ၊ လုံချည်အသားကတော့ကွာ ထူပိန်းနေတာပဲ"

"သုံးဆယ့်ငါးကျပ်ခင်ဗျ"

"ဟာ ... ပေးရမှာပေါ့ကွ၊ ရခိုင်လုံချည်ဆိုတာ ရေထည့်လှူယ်တာတောင် ရေတစ်စက်မယိုတဲ့ဟာမျိုးပဲ"

www.burmeseclassic.com

www.burmeseclassic.com

လှသောင်းညိမ မတင်ညွှန့်မာ သူ့အစ်ကို ဝယ်လာသော သရက်ထည်ထဘီကို သူ့ကိုယ်နှင့် ကပ်တုံ့ခွာတုံပြကာ နေလေသည်။

လှသောင်း၏ညီ မောင်သိန်းအောင်မှာ သူ့အတွက်ဝယ်လာသော ပန်းရောင်အင်္ကျီလက်တိုကို ကုပ်လျှိုဝတ်ကာ ကျောင်းဆောက်သို့ ပြေးဆင်းလျက် ကစားဖော်များကို လျှောက်ကြွားရန် ထွက်ခွာသွားလေသည်။

ရဲဘော်လှသောင်း၏ မိဘနှစ်ပါးနှင့်တကွ ဥပုသ်သည်အများစုတို့မှာ ကလေးလူကြီးမကျန် အိမ်ရှိလှုကုန် ဘုန်းတော်ကြီးကျောင်းသို့ လာရောက်ကြလျက် အေးအေးလူလူ သီလဆောက်တည်ရင်း အနားယူကြသည်။ အိမ်ကိုသော့ခတ်၍ တံခါးပိတ်ခဲ့သည်။ သုခိုးသုဝှက်ရှိ။ စိတ်အေးချမ်းသာ ရှိလှသည်။ သူတို့သည် ညနေမိုးချုပ်မှသာ အိမ်သို့ ပြန်လာကြပေလိမ့်မည်။

ရဲဘော်လှသောင်းအဖို့မှာမူ အေးအေးလူလူ မနေနိုင်ပါလေ၊ တစ်နေ့တာခရီးသည်မှာ ဘာမျှမကြာလိုက်၊ ညနေ ရိုးကော လူစစ်တန်းစီအမီ တပ်သို့ပြန်ရချေမည်။ သို့ဖြစ်၍ ညနေဘက် ညောင်ရေသွန်းပွဲကိုပင် မဆင်နွှဲနိုင်တော့ဘဲ ဒလဆိပ်ကမ်းတွင် ရဲဘော်များ ပြန်၍ဆုံစည်းကြကာ မင်္ဂလာဒုံတပ်စခန်းသို့ ပြန်လာခဲ့ကြရလေသည်။

(၁၆)

ညနေဘက် အားကစားခုံနှင်တွင် ရဲဘော်လှသောင်းတို့သည် ဝါသနာတူရာစု၍ လူစုခွဲကာ ဘောလုံးကစားကြလေ့ရှိသည်။ ရဲဘော်လှသောင်းမှာ ဘောလုံးကန်ကောင်းသည်။ အပြေးသန်သည်။ အကြမ်းပတမ်း ခံနိုင်သည်။ သူသည် "အေ" ကုမ္ပဏီ၏ ဘောလုံးသင်းတွင် ပါဝင်ရသူလည်း ဖြစ်သည်။

ဖွဲ့စည်းမှုဖြင့် ကစားသော ဘောလုံးပွဲပင် မဟုတ်လင့်ကစား လှသောင်းတို့၏ ဘောလုံးပွဲကို ကြည့်ရှုရ၍ အော်ဟစ်အားပေးသော ရဲဘော်များမှာ နေ့စဉ်ရှိစမြဲပင် ဖြစ်လေသည်။ ထိုပရိသတ်ထဲတွင် ရဲဘော်ဖုန်းမိုမှာ ထာဝရအားပေးသော ပရိသတ်ဖြစ်လေသည်။

ရဲဘော်ဖုန်းမို ဘောလုံးပွဲသို့ အားပေးရန် ရောက်ရှိလာလျှင် အခြားရဲဘော်များက "ဖုန်းမိကြီး လာပြီဟေ့"ဟု အော်ဟစ်ကာ ကြိုဆိုစမြဲဖြစ်သည်။ ထိုအခါတွင် ရဲဘော်ဖုန်းမိက ...

"ကိုဖုန်းမို မလာရင် ဒေါသနဲ့အပြစ်တင်"

ဟူ၍ ရွှေကျီးညိုသီချင်း အလိုက်ကိုဆိုကာ လက်မြောက်ခြေမြောက်ဖြင့် ပရိသတ်အတွင်းသို့ ဝင်ရောက်ကာ ဆူဆူညံညံ အော်ဟစ်အားပေးလေတော့သည်။ တပ်ရင်း(၃)တွင် ရဲဘော်ဖုန်းမိဆိုလျှင် လူတိုင်းက သိကြသည်။

ထိုနေ့က ဘောလုံးပွဲတွင် ရဲဘော်ဖုန်းမိမှာ ထုံးစံအတိုင်းပင် ရေ၍ နေလေပြီ။ သူသည် ဘောလုံးသယ်သွားနိုင်သူ ဘယ်သူ့ကိုမဆို အမည်ကို အော်ခေါ်၍ လက်ခုပ်တီးကာ ကောင်းချီးပေးနေခဲ့သည်။

"လှသောင်းကွ ... ဆွဲထား ... ဆွဲထား"

ရဲဘော်လှသောင်းက ဘောလုံးကို ဆွဲပြေးသည်။ တစ်ဖက်အသင်းမှ ရဲဘော်များက လိုက်ဖျက်သည်။ ရဲဘော်ဖုန်းမိက လှသောင်းအမည်ကိုအော်၍ လက်ခုပ်တီးသည်။ သို့ပျော်ရွှင်စွာအားပေးနေကြသည်ကြားမှ ရဲဘော်ဖုန်းမိသည် ဒေါသဖြင့် အော်ဟစ်ပြောဆိုနေသောအသံကို ကြားလိုက်ရသည်။

"ဘယ်ကောင်လဲကွ၊ ဗိုလ်ချုပ်ကို အောင်ဆန်းလို့ခေါ်တာ"

တော်လှန်ရေးတွင် ပါဝင်ခဲ့သော ရဲဘော်မောင်ဆိန်သည် လက်သီးလက်မောင်းတန်းလျက် ဗိုလ်ချုပ်အောင်ဆန်းကို ဗိုလ်ချုပ်ဟုမခေါ်ဘဲ သို့မဟုတ် ဗိုလ်ချုပ်မဟုတ်ဘဲ အောင်ဆန်းဟုခေါ်လိုသည့်

www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"အိုးစည် ... အိုးစည်သားရယ်နဲ့ မျက်ထား မျက်ထားချို ... ပြုံးသလိုလို ကျွန်မလက်ကိုဆွဲတယ်၊ ပဒုမ္မကီဆင်းသိုးဂို ... ပဒုမ္မကီဆင်းသိုးဂို ... ချည့်သေးပါလို့ ချားမလည် ... ငယ်ပါသေးသမို့ နားမလည်"

ထိုနှစ်ကား ပါထပ်နှစ်ဖြစ်ခြင်းကြောင့် ဒုတိယဝါဆိုလပြည့်နေ့တွင် ကျိုက္ကာလွတ်ဘုန်းတော်ကြီးကျောင်း၌ ရဲတော်လှသောင်းတို့သည် စုပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ပျော်ပျော်ပါးပါးဖြင့် ပြုလုပ်နေကြလေသည်။

တပ်မတော်တွင်းရှိ ရဲတော်တို့သည် စစ်သားဖြစ်၍ စစ်တာဝန်ကို ထမ်းဆောင်ကြရလင့်ကစား အခါကြီး၊ ရက်ကြီးများတွင် နီးစပ်ရာကျေးရွာများတွင် ပူးပေါင်းကြလျက် လှူဒါန်းခြင်းအမှုတို့ကို ဘတ်နိုင်သမျှ ပြုလုပ်လေ့ရှိကြလေသည်။

ယခုလည်း ပေါက်ကုန်း၊ ဇီးကုန်း၊ မင်္ဂလာဒုံ စသည့်လူထုအပေါင်းနှင့် ကျိုက္ကာလွတ် ဘုန်တော်ကြီးကျောင်းတွင် ဝါးဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဆင်နွှဲနေကြလေသည်။

ကျိုက္ကာလွတ်ဘုရားကုန်းတော်ပေါ်တွင် ဖစတီကော်ကို လက်ယာရစ် သုံးပတ်,ပတ်သည်။

အိုးစည်းဝိုင်းဂါရေ့တွင် ရဲတော်လှသောင်းသည် ကျစ်ဆံနှစ်ဖက်စည်းကာ ပါးကွက်ကြီးအဖွေးသားနှင့် ကွေးနေအောင်က,၍ လိုက်ပါလာခဲ့သည်။

ကျိုက္ကာလွတ်ကျောင်းဝင်းအတွင်း၌ ပေါက်ကုန်းရွာမှ အိုးစည်ဝိုင်းနှင့် ဆုံမိကြသောအခါ တစ်ဝိုင်းနှင့်တစ်ဝိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ သူနိုင် ငါနိုင် အပြိုင်ကကြလေတော့သည်။

ဤတွင် နာမည်ကျော်ရဲတော်ကြီးဖုန်းမိုသည် အရက်ကလေးတဘွေထွေဖြင့် အိုးစည်ဝိုင်းအတွင်းသို့ဝင်ကာ သမားရိုးကျအိုးစည်သံချင်းကို ဖျက်ဆိုလျက် ကွေးနေအောင် ကလေတော့သည်။

ကောင် ဘယ်ကောင်လဲဟု ဒေါသတကြီး မေးနေလေသည်။ အမေးခံရသော ရဲတော်တို့မှာလည်း တော်လှန်ရေးတွင် ပါဝင်ခဲ့သော ရဲတော်ဟောင်းများပင် ဖြစ်လေသည်။ သူတို့သည် လေးငါးယောက်အုပ်စုဖွဲ့ စကားပြောနေကြပုံရသည်။ ထိုကဲ့သို့ စကားပြောရာတွင် "ဗိုလ်ချုပ်"ကို "အောင်ဆန်း"ဟူ၍ ပြောသည်ကို ရဲတော်မောင်ထိန်က ကြားမိဟန်တူသည်။ ထို့ကြောင့် လက်သီးလက်မောင်းတန်း၍ ဒေါသတကြီး အော်ဟစ်မေးနေခြင်းဖြစ်သည်။

တပ်မတော်ရဲတော်ဟောင်းများသည် ဗိုလ်ချုပ်အောင်ဆန်းကို "ဗိုလ်ချုပ်"ဟူ၍သာ ခေါ်သည်။ ဘယ်တော့မှ အောင်ဆန်းဟူသော အမည်ကိုထည့်၍မခေါ်။ ဗိုလ်ချုပ်ဟုပြောလျှင် ကျန်သူများကလည်း သိသည်။ ဗိုလ်ချုပ်ဆိုသည်မှာ ဗိုလ်ချုပ်အောင်ဆန်းတစ်ယောက်တည်းသာရှိသည်။

လွတ်လပ်ရေးရပြီး သုံးလမပြည့်မီ ကွန်မြူနစ်ပါတီ တောခိုပြီးသောအချိန်တွင်မှ တပ်မတော် ရဲတော်ဟောင်းများအထဲမှာပင် ဗိုလ်ချုပ်ကို အောင်ဆန်းဟူ၍ ခေါ်ဝေါ်သုံးစွဲသူအချို့ ရှိနေလေပြီတကား။

ရဲတော်ဖုန်းမိုသည် ဒေါသတကြီးဖြစ်နေသော ရဲတော်မောင်ထိန်ထံသွားလျက် အကျိုးအကြောင်းကို မေးရာ ဗိုလ်ချုပ်ကို အောင်ဆန်းဟုခေါ်ကြောင်း သိရသောအခါ ယမ်းပုံမီးကျ ဒေါသပြေလေတော့သည်။

"အောင်မာ ဗိုလ်ချုပ်ကိုများ အောင်ဆန်းတဲ့၊ မိုက်မိုက်ရိုင်းရိုင်း ဘယ်ကောင်ခေါ်သလဲကွ"

သို့ဖြင့် ထိုနေ့က ရဲတော်လှသောင်းတို့၏ ဘောလုံးပွဲမှာ ဘောလုံးပွဲကြည့် ရဲတော်ပရိသတ်တို့ ရုတ်ရုတ်သဲသဲဖြစ်ကာ သိမ်းလိုက်ရလေတော့သည်။

ဝါးအစည်းပြေလေပြီတည်း။

www.burmeseclassic.com

"အင်္ဂါ အင်္ဂါပါးရယ်နဲ့ တို့လည်း မြင်ရတယ်၊ ပြုံးသလိုလို ရယ်တာနဲ့တူတယ်၊ ပဒုမ္မာဇီဟင်္ဂါနီ ပဒုမ္မာဇီ ဟင်္ဂါန်ချည်သေးပါလို့ ... တရုတ်မ ... ငယ်ပါသေးသမို့ အမယ်လေးတော့ ..."

ရဲဘော်ဖုန်းမို အိုးစည်ဝိုင်းအတွင်း ဝင်ကသောအခါ ရဲဘော်လှသောင်းက အိုးစည်ကို ယူတီးသည်။

တစ်ဖက်က ပေါက်ကုန်း၊ ဒီးကုန်း စသောရွာများမှ အိုးစည်ဝိုင်းများကလည်း တထုံထုံဖြင့် ဆူညံနေအောင် အနိုင်မခံ အရှုံးမပေးစတမ်း တီးကြသည်။

ရဲဘော်လှသောင်းမှာ အိုးစည်အကကောင်းသလို အိုးစည်အတီးလည်း ကောင်းသည်။

သို့ဖြင့် ကျိုက္ကလွတ်ဘုန်တော်ကြီး ကျောင်းဝင်းအတွင်း၌ တပ်မတော်နှင့် ပြည်သူတို့ ပူပေါင်းပြုလုပ်ကြသော ဝါဆိုသင်္ကန်းကပ်လှူပွဲမှာ လွန်စွာပျော်စရာကောင်း၍ မြိုင်မြိုင်ဆိုင်ဆိုင်လည်း ရှိလေသည်။

ရဲဘော်လှသောင်းသည် သစ်ပင်ရိပ်တစ်ခုတွင် ရဲဘော်တစ်စုနှင့် အိပ်စက်နေရာမှ နံနက်ပိုင်းက စားပို့နှင့်နေအောင် စားထားခြင်းကြောင့် ဝမ်းသွားချင်လာသည်။

ထို့ကြောင့် သူသည် ကျောင်း၏ တစ်ဖက်တွင်ရှိသော တောထဲသို့ ထွက်ခဲ့လေသည်။

"သူပုန်ဘာကြောင့် ထရတယ် ... လယ်မဲ့ယာမဲ့ ပစ္စည်းမဲ့ကို ချုပ်ချယ်လို့သာ သူပုန်ထတယ်၊ လယ်သမားသူပုန်ကြီး ... ကြီးမား လာစေကွယ်"

သီဆိုသူတို့မှာ သံပြိုင်အော်ဟစ်ဆိုကြလျက် အရက်မူးဟန်လည်း ပါနေလေသည်။

ရဲဘော်လှသောင်းသည် အသံကြားရာဆီသို့ တိတ်တဆိတ် ချဉ်းကပ်၍သွားရာ သူ၏တပ်ရင်းမှ ရဲဘော်ဟောင်းတစ်သိုက် ဝိုင်းထိုင်နေသည်ကို တွေ့ရလေသည်။ အလယ်ကောင်တွင် အရက်ပုလင်း၊ စားစရာ စသည်များဖြင့် ပျော်ပွဲစား ပြုလုပ်နေကြဟန်ရှိလေသည်။ ရဲဘော်လှသောင်းသည် သူတွေ့မြင်ခဲ့ရသည်တို့ကို သူ့ခဲ့ဘော်များအားပြန်ပြောပြသောအခါ ရဲဘော်ဝင်းအောင်က ...

"ပြည်သူ့ရဲဘော်တွေက အဖြူအဝါကွဲပြီး တောခိုတဲ့လူ ခိုကုန်ကြပြီ၊ ဒီကြားထဲမှာ တို့တပ်ထဲမှာလည်း အခြေအနေက တစ်နေ့တခြား မကောင်းပြန်ဘူးကွာ၊ သတိတော့ ထားနေကြမှပဲ"

ဟု ဆိုလေသည်။ ဒုတပ်ကြပ်မောင်ဝင်းက ညည်းညူပြန်လေသည်။

တရားဟောဇရပ်ပေါ်မှ အလှူရေစက်ချပြီး၍ ပေးဝေသောအမှုနှင့် ကြေးစည်သံမှာ ရဲဘော်လှသောင်းတို့ရှိရာသို့ ပျံ့လွင့်၍ လာလေသည်။ လှသောင်းတို့ ရဲဘော်တစ်စုသည် ဖြိုင်တူပင် မတိုးမကျယ် သာခုအနုမောဒနာ ပြုလိုက်ကြလေတော့သည်။

"သာခု ... သာခု ... သာခု"

(၁၈)

၁၉၄၈ ခုနှစ် သြဂုတ်လ(၁၀)ရက် နံနက်အရုဏ်တက် ဘုန်းတော်ကြီးကျောင်းများမှ အုန်းမောင်းဓါက်ချိန်တွင် သနက(၃) တပ်ရင်းမှူးဖြစ်သူ ခုဗိုလ်မှူးကြီးရဲထွဋ်နှင့် နောက်လိုက်ဗိုလ်ပါ ရဲမက်တစ်စုတို့သည် မိခင်တပ်မတော်နှင့် ရဲဘော်အပေါင်းတို့ကို နွှန့်လွှတ်လျက် ထွက်တော်မူ တပ်ကခွာသွားကြလေပြီ။

သနက(၃)ကို ပြန်လည်ဖွဲ့စည်းရန်အတွက် သင့်တင့်လုံလောက်သောအချိန် ရရှိခဲ့သည်မဟုတ်ပါ။ သြဂုတ်လ(၁၀)ရက်တွင် တောခိုသူ နိုကြပြီးသောအခါ တောနိုဖို့ပါသွားသူ တစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ရှစ်ဆယ့်ရှစ်ယောက် စာရင်းပေါက်လေသည်။ ဤစာရင်းတွင် ယခင်ကတည်းက ရှိပြီးဖြစ်သော ခွင့်မဲ့ပျက်ကွက်သူများ၊ တပ်ပြေးများ၏စာရင်းကိုပါ တပ်ခွဲမှူးများက ရောထည့်၍ ပြလိုက်မည်မှာ သေချာလေသည်။ ထို့အပြင် သက်ဆိုင်ရာတပ်ခွဲများက မယုံကြည်သောကြောင့် တပ်မှ နောက်ထပ် မောင်းထုတ်လိုက်သော ရဲဘော်များကိုလည်း ဤစာရင်းတွင် ထည့်သွင်းလိုက်မည်မှာမုချ။ သို့ဖြစ်လျှင် တကယ် တောထဲထွက်သွားသူ အင်အားမှာ တစ်ရာရှစ်ဆယ့်ရှစ်ယောက်ထက် နည်းပေလိမ့်မည်။

သနက(၃)တောခိုရာတွင် "ဘီ" ကုမ္ပဏီသည် တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးလှမော်(တောတွင်းကျဆုံး)၏သံယောဇဉ်ဖြင့် တော်တော်များများပါသွားခဲ့လေသည်။ တပ်ခွဲမှာ ပျက်သလောက်ပင်ဖြစ်သည်။ လူနည်းစုမျှသာ ကျန်ရစ်ခဲ့လေသည်။

သို့ဖြစ်ခြင်းကြောင့် သနက(၃)ကို တိုက်ခိုက်ရေးတပ်ခွဲများကို တပ်စုနှစ်စုစီဖြင့်သာ ပြန်လည်ဖွဲ့စည်းရသည်။

သို့ ဖွဲ့စည်းရာတွင် "ဘီ" ကုမ္ပဏီကို အသစ်ဖွဲ့စည်းကြရသည်။ တပ်ခွဲမှူးအဖြစ် ဗိုလ်ကြီးမောင်ကျော်ကို ခန့်အပ်သည်။

ဤတွင် "အေ" ကုမ္ပဏီမှ ရဲဘော်လှသောင်းတို့တပ်စုသည် "ဘီ" ကုမ္ပဏီအဖြစ် ဗိုလ်ကြီးမောင်ကျော်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ကြရတော့သည်။ တပ်စုတပ်ကြပ်ကြီးမှာ တပ်ကြပ်ကြီးမောင်မှင်ဝင်းဖြစ်သည်။

ဩဂုတ်လ(၁၀)ရက် တောခိုပြီးသောအခါ (၁၁)ရက်နေ့တွင် တပ်ရင်းမှူးအသစ်ဖြစ်သူ ဗိုလ်မှူးချစ်မြိုင်ထံသို့ စစ်ရဲ့မှုပေးပို့သော အဓိန့်မှာ "သနက(၃)သည် တပ်ရင်းတစ်ရင်းလုံးနှင့်အမိမထောင်သည်များပါ ခေါ်ဆောင်၍ မအူပင်သို့ သွားရောက်တပ်စွဲလျက် မြစ်ဝကျွန်းပေါ် လုံခြုံမှုကို တာဝန်ယူရမည်။ ဩဂုတ်(၁၂)ရက်နံနက်ပိုင်းတွင် ရေယာဉ်များ ရန်ကုန်ဆိပ်ကမ်းမှခွာပြီးဖြစ်စေရမည်" ဟူသတည်း။

တပ်ရင်းမှူး ဗိုလ်မှူးချစ်မြိုင်နှင့် တပ်ရင်းရှိ အရာရှိအရာခံအကြပ်တပ်သားတို့သည် ၁၁-ရက်နေ့ည တစ်ညလုံး မင်္ဂလာဒုံမှ ရန်ကုန်ဆိပ်ကမ်းသို့ လူလက်နက်ပစ္စည်း ရိက္ခာများကိုသယ်ယူ၍ သင်္ဘောများပေါ်သို့ တင်ကြရသည်။ ၁၂-ရက်နေ့ ၁၂း၀၀ နာရီကျော်မှ ပြီးစီးလေသည်။

သနက(၃)၏ ရေယာဉ်အုပ်စုသည် ရန်ကုန်ဆိပ်ကမ်းမှခွာကာ မအူပင်မြို့ဆီသို့ ရွေးရွှေလေတော့သည်။ ထိုစဉ်က မအူပင်မြို့ကား သူပုန်များ သိမ်းပိုက်ထားသောမြို့ ဖြစ်သည်။

(၁၉)

ရဲဘော်လှသောင်းတို့ပါဝင်သည့် သနက(၃)တပ်ဖွဲ့သည် မအူပင်မြို့ရှိ သူပုန်များကို အနိုင်ရလိုက်သည်။ မအူပင်မြို့သည် အေးချမ်းသာယာသွားလေသည်။ ရဲဘော်လှသောင်းတို့တပ်ခွဲသည် ကျိုက်လတ်တွင် ပြောင်းရွှေ့တပ်စွဲပြန်သည်။ ကျိုက်လတ်မှရန်ကုန်သို့ ပြန်ဆင်းလာသည်။ တွံတေးတွင် ကေအင်ဒီအိုနှင့် တိုက်ပွဲဖြစ်သည်။ ၎င်းတိုက်ပွဲသည်လည်း အောင်မှုရရှိပြန်သည်။ ၎င်းအောင်မြင်မှုများနှင့်အတူ မင်္ဂလာဒုံစစ်ဆေးရုံကို ရောက်ရှိလာသည်။

ရဲဘော်လှသောင်းသည် တိုက်ပွဲအလီလီ အောင်မြင်ပြီးနောက် ခွင့်ရက်ရ၍ ဒလရှိ မိဘနှစ်ပါးနှင့် မောင်နှမများထံ သွားရောက်တွေ့ဆုံပြီး တပ်သို့ပြန်ခဲ့လေသည်။ ရဲဘော်လှသောင်းသည် တပ်ရင်းကို ပြန်ရောက်ရှိပြီး အနားယူချိန်တွင် အင်းစိန်တိုက်ပွဲဝင်ကြရပြန်သည်။

အင်းစိန်တိုက်ပွဲသည် လှသောင်းအတွက် အလွန်ကြီးကျယ်သည်။ တိုက်ပွဲသည် ပြင်းထန်သည်။ ရန်သူအင်အား များပြားလွန်းလှသည်။ ၎င်းတိုက်ပွဲသည် ရဲဘော်လှသောင်းအတွက် အမြင့်မှရရှိခဲ့ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်လှသောင်းတို့သည် ၁၉၄၉ ခုနှစ်တွင် ဒိုက်ဦးစစ်မျက်နှာသို့ ချီတက်ကြလေသည်။ ဒိုက်ဦးစစ်မျက်နှာသည် ရဲဘော်လှသောင်းတို့အတွက် အလွန်အရေးကြီးသည့် တိုက်ပွဲဖြစ်သလို အလှည့်အပြောင်းတစ်ခုသာ ဖြစ်သွားလေသည်။

၁၉၄၉ ခု ဇွန်လ ၂၈ ရက်နေ့။

တပ်ရင်းမှူးသည် စစ်ကူရောက်လာမည့်တပ်ကို မျှော်တလင့်လင့်ဖြင့် ရှိနေခဲ့သည်။

ရဲဘော်တို့မှာ ဒဏ်ရာရရှိသူသာမက များနာသူတို့ပါ များလာခဲ့ပေပြီ။

ဇီလိကြီးမြန်ထော်သည် မိုင်တိုင် ၈၀/၃ တွင်ရှိ ကားလမ်းတံတားအောက်တွင် ရှေ့တန်းသူနာပြုဆေးခန်းကို ဖွင့်ထားကာ ရဲဘော်များကို ကုသပေးနေသည်။

ထိုဆေးခန်း၏အပေါ် ကားလမ်းမပေါ်တွင်မူ ပဲခူးဘက်သို့ ခေါင်းလှည့်၍ မော်တော်ယာဉ်(၁၀)စီးခန့် ရပ်တန့်ထားရှိသည်။ စစ်ယာဉ်ရော အရပ်ယာဉ်ပါ ရောလျက်ရှိသည်။

လမ်းဘေးကုက္ကိုပင်ရင်းတွင်ကား တပ်ရင်းမှူး၏ ယာဉ်မောင်း ရဲဘော်ကြည်စွမ်သည် သူ့ကားကို ပြင်ဆင်တိုက်ချွတ်နေသည်။

ထောက်လှမ်းရေး တပ်ကြပ်ခင်မြင့်သည် ဆက်သွယ်ရေးစက်အနီးတွင် နောက်ပိုင်း ဌာနချုပ်နှင့် ဖေးဖို့ရန်ရှိသော ကြေးနန်းများနှင့် အလုပ်ရှုပ်နေသည်။

နေ့လယ် မွန်းတည့်ချိန်လောက်တွင် တပ်ရင်းမှူးမျှော်နေသော စစ်ကူ မရောက်လာသော်လည်း ကောင်းကင်မှ လေယာဉ်ပျံတစ်စီး ပျံသန်းရောက်ရှိလာလေသည်။

ကောင်းကင်ဆက်တွင် မိမိတို့၏ လေယာဉ်ပျံကို တွေ့ရှိရသော ရဲဘော်တို့သည် အားတက်သရောဖြစ်ကာ အော်ကြွာဟစ်ကြသည်။

"အဲဒီရှေ့နားတင်ပဲဟေ့၊ ချစမ်းပါဟာ"

ရဲဘော်လှသောင်းက ကျင်းထဲမှ အော်ဟစ်ပြောဆိုသည်။

သို့ပြောနေစဉ်မှာပင် လေယာဉ်ပျံသည် မိမိမော်တော်ယာဉ်များ ရပ်ထားရာလမ်းပေါ်သို့ ခေါင်းစိုက်ချလေတော့သည်။

"ဟေ့ ... ဟေ့ ... ဝပ်ကြဟေ့ ... ဝပ်ကြ ..."

တပ်ရင်းမှူးသည် ရဲဘော်များကို အော်ဟစ်အမိန့်ပေးလိုက်စဉ်မှာပင် လေယာဉ်ပေါ်မှချသောဗုံးသည် မော်တော်ယာဉ်တန်းရှိရာ လမ်းဘေးတွင် ပေါက်ကွဲလေတော့သည်။

"မှားချပြီဟေ့ ... မှားချပြီဟေ့၊ ဆရာခင်မြင့်တို့ ထွန်းကျင်တို့ ဘယ်မှာလဲ၊ အချက်ပြစမ်း ... အချက်ပြစမ်း"

တပ်ရင်းမှူးသည် မြေပြင်တွင် မောက်ရာမှထလျက် ဗုံးချပြီး ပျံတက်ကွေ့ဝိုက်သွားသော လေယာဉ်ပျံကိုကြည့်ကာ အော်ပြောလေသည်။

တပ်ကြပ်ခင်မြင့်သည် လယ်ကွင်းထဲသို့ထွက်ကာ လက်ကိုင်ပဝါအဖြူဖြင့် လေယာဉ်ကို ဘယ်ညာယမ်းခါ၍ ပြလေသည်။

တပ်ရဲတပ်ကြပ်ထွန်းကျင်သည် စစ်မျက်နှာသုတ်ပဝါကိုဆွဲထုတ်ကာ တပ်ကြပ်ခင်မြင့်ကဲ့သို့ပင် လယ်ကွက်တွင်းမှ လေယာဉ်ပျံကို ယမ်းခါ၍ ပြနေပြန်လေသည်။

လေယာဉ်သည် နောက်တစ်ပတ် ဝဲ့လာပြန်လေပြီ။

ဆရာခင်မြင့်နှင့် ဆရာထွန်းကျင်တို့ ဝဲ့ယမ်းပြနေသည်ကို မြင်သည့် မမြင်သိမသိ၊ ပထမအကြိမ်ကဲ့သို့ပင် မော်တော်ယာဉ်တန်းပေါ်သို့ ထိုးဆိုက်ပြန်လေတော့သည်။

"ဟေ့ကောင်တွေ ဝပ်ဟေ့ ... ဝပ်ကွ"

တပ်ရင်းမှူးသည် ဆရာခင်မြင့်တို့ကို အော်ပြောကာ ကိုယ်တိုင်လည်း ဝပ်ချလိုက်လေသည်။

လေယာဉ်မှဗုံးသည် လေချွန်သံဖေးကာ ယာဉ်တန်းဘေးတွင် ပေါက်ကွဲပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

မိမိတို့တပ်မှ မော်တော်ယာဉ်များ အရောရှိ၍ ဆုတ်ရလျှင် အသင့်ဖြစ်စေရန် ပဲခူးဘက်သို့ ခေါင်းလှည့်၍ ရပ်ထားခဲ့ကြသည်။ ဤသည်ကို ကိုရွှေလေယာဉ်က ပဲခူးသို့ ဦးတည်၍တက်လာသော ရန်သူ၏ယာဉ်တန်းဟု ထင်မှတ်၍ သဲသဲမဲမဲ ဗုံးကြဲနေခြင်းဖြစ်လေသည်။ သို့သော် ကြဲချသောဗုံးများ တစ်လုံးမှ မော်တော်ယာဉ်များပေါ်သို့ မကျသေး၍ တော်ပေသေး၏။

လေယာဉ်လာစဉ်က အော်ဟစ်ပျော်ရွှင်ခဲ့ကြသော ရဲဘော်တို့သည် ယခုအခါ လေယာဉ်ကို ဆဲဆိုရေရွတ်ရင်း ကျင်းထဲတွင် ပုန်းကြရပေပြီ။

ရဲဘော်လှသောင်းသည် လေယာဉ်ပျံကို ပြန်လည်ပစ်ခတ်မည် လုပ်နေသောကြောင့် ဆရာကြည်စိန်က အော်ဟစ်ထားသံးနေရသည်။

တပ်စုမှူး ဒုဗိုလ်စောလွင်သည် "နမ့်မေကရီး" ချင်း မိုးမှန်အောင် ထားဝယ်သံဖြင့် ဆဲရေးနေလေသည်။

"ဟော့ ... ရဲဘော်တင်မောင်၊ ငါ့အိပ်ရာခင်း ယူခဲ့စမ်း၊ ငါ့အိပ်ရာခင်း ယူခဲ့စမ်း"

တပ်ရင်းမှူးသည် သူ၏အကူရဲဘော်ကို အိပ်ရာခင်းလှမ်းအော်တောင်းသည်။ ရဲဘော်တင်မောင်သည် သူ၏အကူရဲဘော်ကို အိပ်ရာခင်းကို ပြေးယူ၍လာပေးသည်။ တပ်ရင်းမှူးသည် အိပ်ရာခင်းအဖြူကြီးကို လက်ဖြင့်ဝှေ့ယမ်း၍ ပြသည်။

သို့သော် လေသူရဲမှာ အခြား ဘာကိုမျှ မြင်ဟန်မတူဘဲ မော်တော်ယာဉ်တန်းကိုသာ အာရုံစိုက်နေဟန်ရှိသည်။ သူချခဲ့သော ဗုံးနှစ်လုံးမှာ မော်တော်ယာဉ်များကို မထိခြင်းအတွက် ဒေါသထွက်နေဟန်ရှိသည်။

သို့ဖြင့် တတိယအကြိမ် ဗိုက်ဆင်းကာ ဗုံးတစ်လုံး ပြန်ချပြန်လေသည်။ ထိုဗုံးမှာလည်း လွဲပြန်လေသည်။

လွဲသည်မှာ ကံကောင်းသော်လည်း လွဲသောအကြောင်းမှာမူ ရယ်စရာ ကောင်းလေသည်။ လေယာဉ်မှ ကြဲချသောဗုံးများမှာ ဗုံးအစစ်မဟုတ်ဘဲ ရဲဘော်လှသောင်း၏ ဖူးစာရှင်ကဲ့သို့ စလုတ်ကြီးနှင့်ဖြစ်လေသည်။

ထိုစဉ်က လေယာဉ်ပေါ်မှ ကြဲချသော ဗုံးများနှင့် မီးသတ်ဘူးကြီးများအတွင်း ယမ်းမှုန့်များနှင့် ရရာခဲယမ်းမီးကျောက်များကို စုပြုထည့်၍ ဖြစ်သလို ပြုလုပ်ထားသော "မိတ်ဒ်အင်ဒီတင်" ဗုံးများဖြစ်ကြလေသည်။

ဤဗုံးများမှာ မည်ကဲ့သို့ ချိန်သားကိုက်ပါမည်နည်း။ မော်တော်ယာဉ်တန်းပေါ်သို့ ဗုံးငါးလုံးတိတိ ကြဲချပြီး၍ တစ်လုံးမျှမထိသောအခါတွင်မှ အဘယ်အရေးအခင်းကြောင့် ဖြစ်လေသနည်းဟု ခြေပြင်ကို သေချာစွာ ကြည့်ရှုစစ်ဆေးသောအခါတွင်မှ တပ်ရင်းမှူးတို့ ယမ်းခါပြနေသော အဝတ်ဖြူစကြီးကို လေသူရဲက တွေ့သွားဟန်တူလေသည်။

လေယာဉ်မှူးသည် မိမိတက်သို့ ဗုံးငါးလုံး ကြဲချပြီးကာမှ ရန်သူဘက်သို့ ကျန်သောဗုံးသုံးလုံးကို ကြဲချခဲ့၍ လာလမ်းသို့ ပျံသန်းသွားလေတော့သည်။

ဤ ကိုရွှေလေယာဉ်ပစ်ခတ်မှုကြောင့် မိမိတို့ဘက်မှ မော်တော်ယာဉ်များ ထိခိုက်ပျက်စီးမှု မရှိခဲ့သော်လည်း ကံဆိုးသောရဲဘော်တစ်ယောက်ကား ရှိခဲ့လေသည်။

သူကား ရဲဘော်စံယုန် ဖြစ်လေသည်။

ရဲဘော်စံယုန်မှာ သုံးလက်မစိန်ပြောင်းအဖွဲ့မှဖြစ်သည်။ သူ ဝပ်နေရာနှင့် ကပ်လျက် လေယာဉ်မှချသောဗုံး ကျရောက်ပေါက်ကွဲခြင်းကြောင့် နားပင်းသွားခဲ့လေသည်။

ထိုကဲ့သို့ နားပင်းသွားခြင်းကြောင့် သူသည် တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းရွက်ခွင့် မရတော့ဘဲ အရပ်သားထမင်းချက်အဖြစ်နှင့် စစ်ရုံးအရာခံဗိုလ်နှင့် တပ်ကြပ်ကြီးများရိပ်သာတွင် ယခုတိုင် လုပ်ကိုင်နေထိုင်လျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို စကားပြောလိုလျှင် စာဖြင့် ရေးသားပြောရသည်။ သူသည် နားပင်းရံတင်မဟုတ်၊ စကားကိုလည်း ပီသစွာပြောနိုင်စွမ်း မရှိတော့ပါလေ။

သူ့ဘဝတစ်လျှောက်လုံးတွင် နိစ္စဓူဝ သုခတ်ဆင်ရသော အဝတ်မှာ စစ်အင်္ကျီအစိမ်းနှင့် ချည်ထည်ပုခိုး ထိုနှစ်မျိုးမျှသာ ဖြစ်လေသည်။

သူ့ကိုတွေ့တိုင်း ထိုစစ်အင်္ကျီစိမ်းနှင့်ချည်ထည်ပုဆိုးကို တိုတို ဝတ်ထားသည်ကို တွေ့ရမည်။ ဤအင်္ကျီနှင့် ဤပုဆိုးတို့မှာလည်း ညစ်ထေးနေကြမည်သာဖြစ်လေသည်။

ယခုအခါ ရန်သူရော မိမိတို့ပါ သူ့ဘက်ကိုယ့်ဘက် သူ့အကြောင်းနှင့်သူ ကိုယ့်အကြောင်းနှင့်ကိုယ် အရေးကြီးနေကြလေပြီ။

ရောချိုးခွင့်မရ၊ မျက်နှာပင် မသစ်နိုင်၊ အိပ်စက်နားနေရန်လည်း မဖြစ်နိုင်ဘဲ ခုနစ်ရက်တိုင်တိုင် ကြွက်များကဲ့သို့ တွင်းအောင်းကာ ရန်သူကို ခုခံကာကွယ်နေရသော မိမိရဲဘော်များမှာ ပင်ပန်းလှလေပြီ။ အနားပေးရန် သင့်ပေပြီ။ ထို့ကြောင့် စစ်ကူအမြန်ရောက်ရန် လိုအပ်နေပေပြီ။

ရန်သူအဖို့မှာလည်း ခုနစ်ရက်တိုင်တိုင် ဖိဖိစီးစီး တိုက်ခိုက်သည့်တိုင် ရွေ့လျားခြင်းမရှိသော ရုပ်းစုခံစစ်မှာ ၎င်းတို့အတွက် ကြီးမားသော အတားအဆီးနှင့် အခက်အခဲကြီး ဖြစ်နေလေသည်။

အင်းစိန်စစ်မြေပြင်သို့ ၎င်းတို့ အချိန်မီ မရောက်ရှိခဲ့လျှင် အင်းစိန်ရှိ ၎င်းတို့ရဲဘော်များမှာ ချေမှုန်းခြင်း ခံရပေတော့မည်။ သို့ဖြစ်ခြင်းကြောင့် ဤရုပ်းစုခံစစ်ကြောင်းကို အမြန်ချီးဖောက်နိုင်ဖို့ အရေးကြီးနေလေပြီ။

ဗိုလ်ကြီးမောင်ကျော်သည် လေယာဉ်ပျံ လာရောက်ပစ်ခတ်ပြီးဘောအခါ သူ၏တပ်ခွဲကို လိုက်၍စစ်ဆေးလေသည်။

ညဘက်ထိပ်အစွန်ရှိ ရဲဘော်လှသောင်းတို့၏ တပ်စုသို့ရောက်ရှိသောအခါ ပစ်ခတ်မှု ထူထပ်လှသည်ကို တွေ့ရှိရလေသည်။

ခံစစ်ကျင်းတွင်းရှိ ရဲဘော်တိုင်းမှာ မျက်တွင်းဟောက်ပက်နှင့် လွန်စွာပင်ပန်းနေကြသည်ကိုလည်း သတိပြုမိလေသည်။ တပ်ရင်းမှူးက ...

"ခင်ဗျားလည်း သိသားပဲဗျာ၊ လဲစရာတပ်လည်း မရှိဘူး၊ ဒီမှာလည်း ဗိုလ်ဧော်ဝင်း တပ်စုတစ်စုပဲ ရှိတာပဲဟာ"

"ဟုတ်ပါတယ်လေ၊ ဗိုလ်စောလွင် တပ်စုကို လဲပေးရင်ရပါပြီ၊ ဒီတပ်စု တော်တော်ပင်ပန်းနေလို့ပါ"

ဗိုလ်ကြီးမောင်ကျော်နှင့် တပ်ရင်းမှူးတို့ စကားပြောနေစဉ်တွင် ဗိုလ်ကြီးဧော်ဝင်းမှာလည်း အနားတွင်ရှိနေလေသည်။ တပ်ရင်းမှူးရော ဗိုလ်ကြီးမောင်ကျော်ကပါ ဗိုလ်ကြီးဧော်ဝင်းကို အကူအညီတောင်းသည့် အမူအရာဖြင့် ကြည့်လိုက်ကြသည်။ ဗိုလ်ကြီးဧော်ဝင်းက ...

"ဒီလိုဆိုရင်လည်း ကျွန်တော့်တပ်စု သွားလဲမယ်လေ"

ဟု အလိုက်သိစွာ ပြောဆိုခြင်းဖြင့် ဗိုလ်ဧော်ဝင်းသည် သူနှင့် သူ့တပ်စုအား သေကံမရောက် သက်မပျောက်ရန် ကံတရားက ဖန်တီးလိုက်လေတော့သည်။

(၂၀)

ဗိုလ်ဧော်ဝင်းသည် ရှေ့တန်းသို့တက်၍ နေရာယူမည်ရှိသောအခါ သူ့တပ်ခွဲ ရုံးအဖွဲ့သားများအားလုံးကိုပါ ခေါ်ယူလေသည်။

ခွဲတပ်ထောက်ဘလှ[ဒုဗိုလ်မှူးကြီးဘလှ ကုန်သွယ်ရေး(၁)] သည် သူ၏ပစ္စည်းများကို ထားပစ်ခဲ့ရမည်ကြောင့် သူ့ပစ္စည်းများနှင့်အတူ သူ နေရစ်ခဲ့ရန် တပ်ခွဲမှူးထံ ခွင့်တောင်းလေသည်။ တပ်ခွဲမှူးက ...

www.burmeseclassic.com

www.burmeseclassic.com

"လိုက်ခဲ့ပါဗျာ၊ ခင်ဗျား ကျွန်တော့်အနားမှာရှိနေရင် ကောင်းတာပေါ့၊ ပစ္စည်းတွေစောင့်ဖို့ စတိုခင်းထားခဲ့ရင် ရပါတယ်"

ထို့ကြောင့် ခွဲဘပ်ထောက်ဘလှသည် တပ်ခွဲမှူးဗိုလ်ကြီးဧော်ဝင်းနှင့်အတူ ရှေ့တန်းခံစစ်ကြောင်းကို လိုက်ပါသွားခဲ့ရသည်။

ဤကိစ္စအတွက် သေဘေးမှ လွတ်ကင်းသော ဒုဗိုလ်မှူးကြီး ဘလှသည် ယနေ့အထိ သူ၏တပ်ခွဲမှူးဟောင်း ဗိုလ်မှူးကြီးဧော်ဝင်းအား ကျေးဇူးဥပကာရတင်ရှိနေပေသေးသည်။

ဗိုလ်ကြီးဧော်ဝင်းသည် သူ၏တပ်စုဖြင့် ဗိုလ်စောလွင်တပ်စုကို ခက်ခက်ခဲခဲ တက်၍လဲရသည်။

ပစ်ခတ်မှု ထူထပ်ခြင်းကြောင့် ကျင်းတစ်ကျင်းချင်းကို ဂရုစိုက် လဲကြရသည်။

တစ်ခုချင်း လဲလှယ်မှုသည် ညဉ့်မှောင်မှပင် ပြီးဆုံးလေသည်။

ဒုဗိုလ်စောလွင်သည် သူ့တပ်စုကို ရှေ့တန်းကွပ်ကဲမှုဌာနသို့ ခေါ်ဆောင်ခဲ့ကာ တပ်ရင်းမှူးအား သတင်းပို့လေသည်။

တပ်ရင်းမှူးက တပ်စုကာကွယ်မှုယူရမည့် နေရာကိုပြသကာ နေရာချပေးလေသည်။ နေမကောင်းသော ရဲဘော်များ ရှိလျှင်လည်း ဗိုလ်ကြီးမွန်ထော်ဆေးခန်း ဖွင့်လှစ်ထားသော တဲတားအောက်နေရာကို ပြသပေးလိုက်လေသည်။

ရန်သူနှင့် အနီးကပ်ပစ်ခတ်နေရသော ရှေ့တန်းခံစစ်ကျင်းမှ အနည်းငယ် အလှမ်းကွာသော ကွပ်ကဲမှုနေရာသို့ ရောက်လာခဲ့ကြသော ရဲဘော်တို့မှာ အနည်းငယ် စိတ်သက်သာမှု ရသွားကြကာ မိမိတို့၏ ဘဝန်ကျရာကျင်းတွင် မှေးစက်အနားယူနိုင်ကြလေသည်။

တစ်နည်းဆိုရသော် တင်းထားသောစိတ်ကို လျှော့လိုက်ခြင်းကြောင့် ဆက်ရက်အိပ်ရေးပျက်ခဲ့ခြင်းတို့အတွက် တုံးခနဲ အိပ်ပျော်ကုန်ကြပေလိမ့်မည်။

(၂၁)

ယနေ့ညစာ တပ်ရင်းမှူး၏ ထမင်းဝိုင်းသည် တိတ်ဆိတ်ငြိမ်သက်လှသည်။ ဗိုလ်ကြီးမွန်ထော်သက်ညွန့်၊ ထောက်လှမ်းရေးတပ်ကြပ်ခင်မြင့်၊ ခဲယမ်းမီးကျောက်တပ်ကြပ် ခင်မောင်ထိန်တို့သည် ပေါက်တပင်တာဆုံတွင် တပ်စွဲနေရာယူထားသော ဗိုလ်ကြီးရဲထွန်း၏ အမြောက်တပ်နေရာတွင် ယနေ့ညစာကို သွား၍စားသောက်ကြခြင်းကြောင့် ဖြစ်လေသည်။

ထိုအမြောက်တပ်နေရာတွင် တပ်ရင်း(၆)မှ ဗိုလ်မှူးတင်မောင်(အငြိမ်းစား ဗိုလ်မှူးကြီး စာရေးဆရာမြတ်ထန်လည်း ရှိနေသည်။ သူ၏ဖိတ်ကြားချက်အရ ဗိုလ်ကြီးမွန်ထော်တို့လူသိုက်က သွားရောက်စားသောက်ကြခြင်း ဖြစ်လေသည်။

တပ်ရင်းမှူးသည် သူ့အဖွဲ့သားများ ဖြစ်ကြသော တပ်ရဲတပ်ကြပ်ထွန်းကျင်၊ သူ့အကူ ရဲဘော်တင်မောင်၊ သူ၏ယာဉ်မောင်းကြည်ဖွမ်တို့က ပတ်ဝန်းကျင်မှ ရရာကိုရာဖွေ၍ ချက်ပြုတ်ထားသည်များကို စိတ်မပါတပါဖြင့် စားသောက်ရင်း နောက်တန်းသို့ ဘောင်းဆိုထားသော စစ်ကူအလာကို မျှော်နေမိသည်။

မိမိတွင် အရန်တပ်ဆို၍ တစ်ယောက်မျှမရှိ။ ကွပ်ကဲမှုဌာနကို ကာကွယ်ရန် အင်အားလျော့နည်းနေသော တပ်စုတစ်စုသာ ရှိသည်။ ရန်သူက ရှေ့တန်းတစ်နေရာရာကို စီးနင်းမိသွားပါက ပြန်လည်မောင်းထုတ်ရန်အတွက် လူတစ်ယောက်မျှပင် အပိုမရှိ။

ရန်သူသည် ဤမျှအီနေသော စစ်အခြေအနေကို ဆက်လက် ဖွင့်ပြလိမ့်မည်မဟုတ်၊ ပြတ်ပြတ်သားသား တစ်ခုခုတော့ ပြုလုပ်ပေးတော့မည်။ အဖြတ်တစ်ခုခုကို ထောင်းဆိုပေတော့မည်။ ဆိုလိုသည်မှာ အဆုံးအဖြတ်ပြုမည့် စစ်ပွဲတစ်ခုကိုတော့ ဆင်နွှဲပေတော့မည်။ အနေးမဟုတ်၊ အမြန်ပင် ပြုလုပ်ပေလိမ့်မည်။ ယနေ့ည မဟုတ်လျှင် မနက်ဖြန် ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအခြေအနေတွင် မိမိလက်ဝယ် အရန်တပ်ခွဲလောက်တော့ ရှိနေသင့်သည်။ ယခုမူ လူတစ်ယောက်မျှပင် အရန်မရှိ။

တပ်ရင်းမှူးသည် စိတ်မောစွာဖြင့် တွေးလက်စကိုဖြတ်၍ ထမင်းစားခြင်းကိုပါ ရပ်တန့်လိုက်လေသည်။

(၂၂)

ဗိုက်ကြီးမွန်ထော်၊ တပ်ကြပ်ခင်မြင့်နှင့် တပ်ကြပ်ခင်မောင်ထိန်တို့သည် အဆီတခွဲခွဲ ဘဲသားဟင်းနှင့် ထမင်းစားသောက်ပြီးကြသောအခါ ဗိုလ်မှူးတင်မောင်၊ ဗိုလ်ကြီး၏တွန်းတို့နှင့် စကားအနည်းငယ်ပြောကြ၍ ပြန်ရန်အတွက် နှုတ်ဆက်ကြသည်။

"ကျွန်တော်လည်း စစ်တရက်(အခြေအနေသတင်း)ပို့ရဦးမယ်"

သူတို့နှင့်အတူ တပ်ကြပ်ခင်မောင်ထိန်ကပါ ပြန်ရန်ထသည်။ ဗိုလ်မှူးတင်မောင်က ...

"ဟေ့ ... ထိန်ကြီးပါ ပြန်မလို့လား၊ နေပါဦးကွ၊ ကော်ဖီလုပ်စမ်းပါဦး၊ ဒီအချိန် ထိန်ကြီးမှာ ဘာအလုပ်မှ မရှိပါဘူး၊ ကိုယ်သိပါတယ်"

သို့ဖြင့် တပ်ကြပ်ခင်မောင်သိန်းသည် ဗိုလ်ကြီးမွန်ထော်တို့နှင့် လိုက်မပြန်ဖြစ်တော့ဘဲ ဗိုလ်မှူးတင်မောင်တို့ဆီတွင် နေရစ်ခဲ့ရလေသည်။ ထို့ကြောင့် သူသည် သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရလေသည်။

(၂၃)

ရဲဘော်လှသောင်းသည် အဆိပ်ပျက် အစားပျက် ဆီးဝမ်းမမှန်ဖြစ်ခြင်းကြောင့် ကိုယ်လက်မအီမသာ ရှိလာသည်။ ရှေ့တန်းခံစစ်

ကျင်းအတွင်းနေစဉ်က စိတ်ဆောင်နေခဲ့ခြင်းကြောင့် မသိသာလှ။ ယခု ကွပ်ကဲမှုဌာန ကာကွယ်ရေးတာဝန်ကျအခါတွင်မှ ခေါင်းခဲကိုယ်ပူဖြစ်လာသဖြင့် တံတားအောက်ရှိ ဆေးခန်းသို့သွားရောက်ကာ ဆေးဘောင်းသောက်သည်။ ဆေးမှူး မရောက်သေးသောကြောင့် ဆေးမှူးကို စောင့်နေခဲ့သည်။

ဗိုလ်ကြီးမွန်ထော်နှင့် ဆရာခင်မြင့်တို့နှစ်ယောက်သည် နေးကွေးသော ခြေလှမ်းများဖြင့် စကားပြောရင်း ပြန်လာကြသည်။

"ဘဲသားဟင်းက ကောင်းပါရဲ့ဗိုလ်ကြီးရယ်၊ ထမင်းစားလို့က မကောင်းဘူး၊ ဘာဖြစ်မှန်းမသိဘူး၊ ဒီနေ့ ကျွန်တော့်စိတ်တွေသိပ်လေးတာပဲ"

ဆရာခင်မြင့်က ဗိုလ်ကြီးမွန်ထော်ကိုပြောသည်။

"အေးဗျာ ... ကျွန်တော်လည်း ဒီလိုပဲ၊ နေရတာ ထိုင်းတိုင်းဘိုင်းနဲ့၊ နေ့ခင်းက လေယာဉ်ပျံလာပစ်ပြီးကတည်းက နေရထိုင်ရတာ တစ်မျိုးပဲ"

ဗိုလ်ကြီးမွန်ထော်ကလည်း သူစိတ်တွင်းဖြစ်နေမှုကို ထုတ်ဖော်သည်။

ဗိုလ်ကြီးမွန်ထော်သည် တပ်စခန်းသို့ ပြန်ရောက်သောအခါ သူ၏ဆေးခန်းသို့ အရင်သွားကြည့်လေသည်။ တွေ့ရှိသောလူမမာရဲဘော်များကို ဆေးပေးဆေးဝါးကုသည်။ ရဲဘော်လှသောင်းကိုစမ်းသပ်ပြီးသောအခါ ...

"ရဲဘော်နေတာက ဘယ်မှာလဲ"

"ကျွန်တော် ... ဟိုရှေ့နားက ကာကွယ်ရေးတပ်စုနေရာမှာ၊ ရှေ့တန်းက အခုညနေမှ ပြောင်းလာရတာ"

"ဒါဆိုရင် သိပ်အရေးမကြီးပါဘူး၊ ဒီည ဒီဆေးခန်းမှာပဲ အိပ်ပေါ့၊ သူနာပြုရဲဘော်နဲ့ ဒီည ဆေးမှန်မှန်တိုက်ပေးဖို့ လိုလိမ့်မယ်"

"ကျွန်တော့်တပ်စုမှာပဲ ပြန်အိပ်ပါရစေ ဗိုလ်ကြီးရယ်၊ ခေသာပေးလိုက်ပါ၊ ကျွန်တော် အချိန်မှန် ထသောက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ရဲဘော် ကင်းစောင့်နေရင်း အိပ်ရေးပျက်မှာ စိုးလို့ပါ၊ ဒီဆေးခန်းမှာဆိုတော့ စိတ်ချလက်ချ အိပ်ရတာပေါ့"

"ကျွန်တော် တပ်စုကိုပဲ ပြန်အိပ်ပါရစေ ဗိုလ်ကြီးရယ်"

ရဲဘော်လှသောင်းမှာ ဗိုလ်ကြီးမွန်ထော်က ဆေးခန်းတွင် စိတ်အေးချမ်းသာ အိပ်စက်နားနေရန် ပြောသော်လည်း မရဘဲ သူ့တပ်စုရှိရာသို့သာ ပြန်ခဲ့လေသည်။ သူ၏ဘရင်းဂန်းကျင်းထဲသို့ ရောက်သောအခါ ရဲဘော်သာဇေးတွင် ကျင်းနံရံကိုမှီလျက် စောင်ခြုံပြီး မှိန်းနေလေသည်။ သူတို့၏ဘရင်းအဖွဲ့သားတစ်ဦးဖြစ်သော ရဲဘော်တင်အောင်မှာ ကင်းစောင့်နေလေသည်။ သို့ဖြင့် ရဲဘော်လှသောင်းကား ဗျားနာသည့်တိုင် တာဝန်ကို မစွန့်လွှတ်သော ရဲဘော်ဖြစ်ခဲ့လေသည်။

ရဲဘော်လှသောင်း၏ တပ်စုမှူး ဒုဗိုလ်စောလွင်သည် ညရေးညတာအတွက် တပ်ရင်းမှူး ညွှန်ကြားသည်များကို နာခံရန် တပ်ရင်းမှူးထံသို့ လာခဲ့သည်။ သူ၏နှုတ်ခမ်းတွင် မီးမရှိသော ဆေးပြင်းလိပ်တိုကလေးကို ခဲထားလေသည်။

"ရဲဘော်တွေ အခြေအနေ ဘယ်နှယ်နေကြလဲ"

တပ်ရင်းမှူးက မေးလေသည်။ ဒုဗိုလ်စောလွင်သည် တိုအခါကမှ သူ၏နှုတ်ခမ်းရှိ ဆေးပြင်းလိပ်တိုကို ဆွဲချွတ်လိုက်ကာ ပြန်လည်ပြောဆိုလေသည်။

"ပင်တော့ ပင်ပန်းကြတယ် ဗိုလ်မှူး၊ ဒါပေမဲ့ စိတ်ဓာတ်ကတော့ ကောင်းကြပါတယ်၊ ဘရင်းဂန်းနား ရဲဘော်လှသောင်းဆိုရင် ဗျားရက်နဲ့ကို ဆေးခန်းမှာမအိပ်ဘဲ သူ့ဘရင်းဂန်းပို့စ်မှာ ပြန်ပြီးနေရာယူတယ်၊ ခွဲတော့ရှိကြပါတယ်"

"အေးဗျာ ... မနက်ဖြန်လောက်တော့ တပ်ကူတွေ ရောက်ကောင်းပါရဲ့၊ ဒီနေ့ညနေတောင်မှ ရောက်ချင်ရောက်လာလိမ့်ဦးမယ် ထင်တယ်"

"ဟုတ်ကဲ့"

"ကင်းတွေကိုတော့ ထ,ထစစ်ပေးဗျာ၊ ရဲဘော်တွေက နောက်ဖိုင်းရောက်လာပြီဆိုပြီး နည်းနည်းပေါ့သွားမှာ စိုးရတယ်"

"စိတ်ချပါ ဗိုလ်မှူး"

"လမ်းပေါ်မှာလည်း ကားတွေရှိတယ်၊ အဲဒီမှာလည်း မော်တော်ယာဉ်က ရဲဘော်တွေရှိတယ်၊ ကင်းလည်း ချထားတယ်"

"လမ်းအနောက်ဘက်မှာကော ဗိုလ်မှူး"

"လမ်းအနောက်ဘက်မှာတော့ မရှိဘူး၊ အဲဒီဘက်မှာ ဟာနေတယ်၊ အဲဒီဘက်ကို နည်းနည်းဂရုစိုက်ခိုင်းပါ"

ဒုဗိုလ်စောလွင်သည် တပ်ရင်းမှူးကို အလေးပြုလိုက်ပြီးသော် သူ၏ဆေးပြင်းလိပ်တိုတိုခဲလျက် ထွက်သွားလေတော့သည်။

"ဗိုလ်မှူး ကျွန်တော် စစ်တရက် ပို့တော့မယ်"

ထောက်လှမ်းရေး တပ်ကြပ်ခင်မြင့်သည် တပ်ရင်းမှူးအား နေ့စဉ်အခြေအနေ သတင်းပို့တော့မည်ဖြစ်ကြောင်း သတင်းပို့သည်။

"အေးကွာ ... အဆက်အသွယ်ရရင် တောင်းထားတဲ့တပ် ပို့မပို့ မေးစမ်း"

"ဟုတ်ကဲ့"

ဆရာခင်မြင့်သည် အခြေအနေ သတင်းပို့ရန် ကြိုးမဲ့ကြေးနန်း စက်ဆီသို့ သွားလေသည်။

"ဗိုလ်မှူးတင်မောင်နဲ့ ဗိုလ်ကြီးရဲထွန်းတို့က ဗိုလ်မှူးပါမလာလို့တဲ့ သိပ်ပြောနေကြတာ၊ သူတို့က သူတို့ဘဲသားဟင်းကို သိပ်ကြွားချင်နေကြတာ"

"ဗိုလ်ကြီးမွန်ထော်သည် ဆေးခန်းမှ ပြုဖွယ်ကိစ္စများ ပြီးသောအခါ တပ်ရင်းမှူးရှိရာသို့ ရောက်လာပြီး ဘဲသားဟင်းအကြောင်း ပြောဆိုလေသည်။

"အေးလေဗျာ၊ ဒီမှာလည်း ကျုပ်တစ်ယောက်တည်းရှိတာ ဘယ်သွားလို့ ဖြစ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ထမင်းပါ ပါတယ် ဗိုလ်မှူး၊ ကျွန်တော်တို့ နေရာရပြီးရင် စားခိုင်းမှာပါ"

"ဒီနောက်ဘက်မှာ တံတားတစ်ခု တွေ့ခဲ့တယ် မဟုတ်လား၊ အရှေ့ဘက်မှာ ကျွန်တော်တို့ဆီက တပ်စုတစ်စုရှိတယ်၊ ဗိုလ်စောလွင် တပ်စု၊ ခင်ဗျားတို့ချင်း သိရင်သိမှာပဲ၊ အဲဒီတံတားအနောက်ဘက်မှာ ခင်ဗျားတို့ နေရာယူထားဗျာ၊ အဲဒီဘက်မှာ ဘယ်သူမှမရှိဘူး"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"ကဲ ... အနားယူတော့ပေါ့ဗျာ၊ ရမ်သောက်ချင်ရင်တော့ ကျွန်တော်တို့ဆီမှာ ရမ်ရှိသေးတယ်"

"တော်ပါပြီ ဗိုလ်မှူး"

ဒုဗိုလ်ကိုကိုလေးသည် အလေးပြုလျက် ပြန်ထွက်သွားကာ သူ၏ တပ်စုကို နေရာသွားချလေသည်။

သို့ဖြင့် ၁၉၄၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ည သက်ကြီးခေါင်းချချိန်တွင် ရန်ကုန်–မန္တလေးကားလမ်း မိုင်တိုင် ၈၀ နှင့် ၂ ဖာလုံရှိ တံတား၏ ရှေ့ဘက် လယ်ကွင်းပြင်တွင် တပ်ရင်း(၃)မှ ဒုဗိုလ် စောလွင် ဦးစီးသော တပ်စုတစ်စုသည်လည်းကောင်း။

တံတား၏အနောက်ဘက်တွင် တပ်ရင်း(၅)မှ ဒုဗိုလ်ကိုကိုလေး ဦးစီးသော တပ်စုတစ်စုသည်လည်းကောင်း နေရာယူပြီးကြလေသည်။

ဤတပ်စု နှစ်စုစလုံးရှိ ရဲဘော်တို့မှာ ပင်ပန်းနွမ်းနယ်နေကြသူများ ဖြစ်ကြသည်။

ဒုဗိုလ်စောလွင် တပ်စုမှာ ရန်သူနှင့်နီးကပ်လှသော ရှေ့တန်းခံပစ်ကျင်းမှ မှောင်စပျိုးချိန်ကမှ နုတ်ထွက်လာခဲ့သလို ဒုဗိုလ်ကိုကိုလေး တပ်စုမှာလည်း အင်းဓိန်စစ်မြေတွင် ရန်သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်နေရာမှ ခွဲထွက်လာခဲ့ရသော တပ်စုတစ်စု ဖြစ်နေသည်။

"ဒါဆက် ဗိုလ်မှူး ဗုံးချလို့ နားပင်းသွားတဲ့ ရဲဘော်ကို လိုက်ပို့တဲ့ကား ပြန်ရောက်ပလား မသိဘူး"

နေ့ခင်းက ဗုံးချစဉ် အနားကပ်ကျသောကြောင့် နားပင်းသွားခဲ့သော ရဲဘော်စံယုန်ကို လက်ခုပ်ကွင်းရှိ မိမိတို့တပ်ဆီသို့ ကားတစ်စီးဖြင့် ပေးပို့စေလိုက်သည်။ ထိုမှတစ်ဆင့် ပဲခူးဆေးရုံသို့မဟုတ် မင်္ဂလာဒုံစစ်ဆေးရုံကြီးသို့ ပေးပို့မည်ဖြစ်လေသည်။

ဤရဲဘော်စံယုန်ကား သူ၏အသက် မသေစေရန်အတွက် နားမကြားတော့သောဘဝနှင့် လဲလှယ်ခဲ့ရခြင်း ဖြစ်လေသည်။ အကယ်၍ ထိုနေ့က အနားသို့ဗုံးကပ်ကျ၍ နားမပင်းခဲ့ပါက ယခုကဲ့သို့ နောက်ပိုင်းသို့ ရောက်မနေဘဲ မော်တာနေရာတွင်ပင် ရှိနေရပေလိမ့်မည်။ သို့ဖြစ်လျှင် အသက်ရှင်ရန် ခဲယဉ်းပေလိမ့်မည်။

"ပြန်ရောက်ပါပြီ၊ စောစောကပဲ"

"ကျွန်တော် ထင်တာတော့ အဲဒီရဲဘော်နားဟာ ပြန်ကောင်းဖို့ မလွယ်တော့ဘူး ထင်တာပဲ"

"ဒါတော့ မသေရင် တော်သေးတာပေါ့ဗျာ"

တပ်ရင်းမှူးနှင့် ဗိုလ်ကြီးမွန်ထော်တို့ စကားပြောနေစဉ် တပ်ရဲတပ်ကြပ်ထွန်းကျင်သည် တပ်ရင်းမှူးရှေ့သို့ အရာရှိတစ်ယောက်ကို ခေါ်ဆောင်လာလေသည်။ ထိုအရာရှိသည် တပ်ရင်းမှူးအား ဖျတ်လတ်စွာ အလေးပြုလျက် သတင်းပို့လေသည်။

"ကျွန်တော် ဗိုလ်ကိုကိုလေးပါ ဗိုလ်မှူး၊ တပ်ရင်း(၅)ကပါ ကျွန်တော်နဲ့ တပ်စုတစ်စု ပါလာပါတယ်"

"တပ်စုတစ်စု"

တပ်ရင်းမှူး၏ နှုတ်ခမ်းတို့သည် တဆတ်ဆတ် လှုပ်ရှားသွားခဲ့သည်။ သို့သော် ရုသလောက်ပေါ့ဟု စိတ်ကိုဖြေလိုက်ကာ လိုအပ်သည်များကို မြောကြားရလေသည်။

"မိုးချုပ်လိုက်တာဗျာ၊ ရဲဘော်တွေရော ထမင်းစားပြီးခဲ့ကြပလား"

www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ရန်သူနှင့် အနီးကပ်ပစ်ခတ်နေခဲ့ကြရာမှ ရန်သူနှင့် အနည်းငယ်လှမ်းနေသော နေရာသို့ ရောက်ရှိကြရသောအခါ မအိပ်မနေ နေခဲ့ရသမျှ အတိုးချဲ့မအိပ်ဘဲ မည်သူနေနိုင်ပါမည်နည်း။

စစ်မြေပြင် ကင်းတာဝန်ကျသော ရဲဘော်သည်ပင်လျှင် ရန်သူ အနီးကပ်ပစ်ခတ်၍ သတိပေးနေခြင်း မရှိသည်နှင့် တစ်ပြိုင်နက် ငိုက်မျဉ်းသွားမည်မှာ သေချာပါလေသည်။

ရဲဘော်တင်မောင်က အိပ်ရာနေရာ ပြင်ဆင်ပေးပြီးသောအခါ တပ်ရင်းမှူးသည် အိပ်ရာပေါ်သို့ ကျောခင်းချလိုက်ကာ မှောင်မည်းသော ကောင်းကင်ပြင်ကို ကြည့်နေမိလေသည်။ တပ်ရင်းမှူး၏ ဘယ်ညာတွင် ထောက်လှမ်းရေးတပ်ကြပ်ခင်မြင့်၊ တပ်ရဲတပ်ကြပ် ထွန်းကျင်၊ အကူရဲဘော်တင်မောင်၊ ယာဉ်မောင်းကြည်စွမ် စသည်ဖြင့် စီလျက်အိပ်ကြသည်။

တပ်ရင်းမှူးနှင့်အဖွဲ့သည် ပဒွယ်ချောင်းကမ်းပါးဘေးလယ်ကွက်တွင်းမှ ကန်သင်းရိုးတွင် ရန်သူဘက်သို့ ခေါင်းပြုလျက် အိပ်စက်ကြသည်။

"ဟေ့ ... ခင်မောင်ထိန် တစ်ယောက် မတွေ့ပါလားကွ။ ဘယ်သွားနေလဲ"

တပ်ရင်းမှူးက ခဲယမ်းမီးကျောက်တပ်ကြပ် ခင်မောင်ထိန်ကို မေးသည်။ ဆရာခင်မြင့်က ဖြေသည်။

"ဆရာထိန် ဗိုလ်မှူးတင်မောင်တို့ဆီမှာ ကျန်ခဲ့တယ်၊ ကော်ဖီသောက်ကြဦးမလို့တဲ့"

"အင်း ... မောင်ထိန်တို့ကတော့ကွာ၊ အစားအသောက်ဆို ညဉ့်နက်သန်းခေါင် မရောင်တဲ့ကောင်ပဲ"

တပ်ရင်းမှူးသည် ဆရာခင်မောင်ထိန် ပျောက်လျက်နေသည်ကို သတိပြုမိရာမှတစ်ဖန် သူ၏ဘေးတွင် အိပ်နေကျဖြစ်သော ဗိုလ်ကြီးမွန်ထော်ကို မတွေ့ပြန်သောကြောင့် မေးပြန်လေသည်။

"ဟော ... ဆရာရော၊ ဘယ်ရောက်နေပြန်ပြီလဲ"

"ကျွန်တော် ဒီမှာ ဗိုလ်မှူး"

ဗိုလ်ကြီးမွန်ထော်က တပ်ရင်းမှူး၏ခြေရင်းဘက်တွင် နေရာယူ အိပ်စက်နေရာမှ ဖြေလေသည်။

"ဟာ ... ဆရာကလည်း၊ မဟုတ်တာ ဒီမှာလာအိပ်ပါ"

တပ်ရင်းမှူးက ခေါ်သော်လည်း ဗိုလ်ကြီးမွန်ထော်က နေရာမှ မရွှေ့ပါလေ။

"တော်ပြီ ဗိုလ်မှူးရာ၊ ဒီမှာပဲ အိပ်တော့မယ်၊ ဒီည ဘယ်လို ဖြစ်လဲ မသိဘူး၊ ဘဲသားဟင်းနဲ့စားတာ ဗိုက်တင်းလို့လား မသိဘူး၊ နေရတာ တစ်မျိုးချည်းပဲ"

"ခင်ဗျားက တောင်ဂူရောက်ချင်နေတာ ထင်ပါရဲ့"

တပ်ရင်းမှူးက စ,လေသည်။ ဗိုလ်ကြီးမွန်ထော်၏ဇနီးမှာ ကရင်အမျိုးသမီးဖြစ်၍ တောင်ဂူမြို့တွင် ရှိနေလေသည်။

"ဟုတ်တယ်၊ ဗိုလ်မှူးပြောမှပဲ ဒီနေ့ ဘာဖြစ်လဲမသိဘူး၊ အိမ်ကို သိပ်သတိရတာပဲ"

"တောင်ဂူရောက်တော့ တွေ့ရမှာပေါ့ဗျာ"

"ဒါပေမဲ့ ဘယ်တော့ရောက်မှန်း မသိတာက ခက်တယ်"

"မိတ္ထီလာက ချင်းသုံးကို ခေါ်ထားတာပဲ၊ ချင်းသုံးရောက်ရင်တော့ ထိုးစစ်ဆင်နိုင်ပါလိမ့်မယ်"

ဤမျှော်လင့်ချက်မှာ တပ်ရင်းမှူးနှင့်တကွ ရှမ်းစုစစ်မြေရှိ အရာရှိ အရာခံ အကြပ်တပ်သားအားလုံးတို့၏ မျှော်လင့်ချက်ပင် ဖြစ်ပါလေသည်။

သံချပ်ကာတပ်ကို ဦးဆောင်ပြုနေသော တပ်ကြပ်ကြီးရဲမြင့်သည် သူ၏အားမတ်ကားများကို ကားလမ်းနှင့် မီးရထားလမ်းကြား ရှမ်းစုရွာ၏တောင်ဘက် လယ်ကွင်းထဲတွင် ချရပ်ထားလေသည်။

ညတိုက်ပွဲဖြစ်ပွားမည်ကို သူသည် စိုးရိမ်တကြီး ရှိနေလေသည်။ အကယ်၍ ညတိုက်ပွဲဖြစ်ပွား၍ ရန်သူသာ သူတို့အနီးသို့ ချဉ်းကပ်လာခဲ့ပါက သူ၏အားမတ်ကားနှစ်စီးနှင့် တင်ကားတစ်စီး

www.burmeseclassic.com

www.burmeseclassic.com

မှာ ညအမှောင်ထဲတွင် အသုံးမဝင် အရာမရောက် ဖြစ်နေမည်ကို သူ တွေးမိ၍ဖြစ်သည်။

အမှန်စင်စစ် သူသည် သူ၏ တပ်ဖွဲ့ကို ပေါက်တပင်တာဆုံရှိ အမြောက်တပ်နေရာသို့ ရွှေ့၍အိပ်ချင်သည်။ သို့သော် သူတို့မရှိပြီ ကိုသိသော ရှေ့တန်းရဲဘော်တို့ အားငယ်မှာကိုလည်း စိုးရိမ်သည်။ တပ်ရင်းမှူးကလည်း သူတို့အဖွဲ့ကို ခံစစ်ကြောင်းနှင့်ပင် ရှိစေချင်သည်။ သို့ဖြင့် သူ၏ တပ်ဖွဲ့ကို ရှေ့တန်း၏ နောက်ကြောင်းတွင်ကပ် လျက် ချရပ်ထားခြင်း ဖြစ်လေသည်။

ညဦးကားမည်းမှောင်လှသည်။ မိုးသက်လေနုံကလေးကိုလည်း ရသည်။ အချိန်မှာ ခုနစ်ဝဉ်ကြွယ်ပြောင် အမြီးထောင်နေလောက်သည့် သန်းခေါင်ချိန်မှန်း တပ်ရင်းမှူးသည် အလိုလိုသိလိုက်သည်။

သူသည် တပ်ကြပ်ခင်မြင့်နှင့် တပ်ကြပ်ထွန်းကျင်တို့ကိုခေါ်ကာ ရှေ့တန်းစစ်ကြောင်းရှိ ရဲဘော်များကို လိုက်၍စစ်ဆေးသည်။

ဟိုဘက် ဒီဘက်မှ ပစ်ခတ်ကြသော သေနတ်သံကားတစ်ချက် တစ်ချက် ထွက်ပေါ်လာနေလေသည်။

"ရဲဘော် ဂရစိုက်နော်၊ မျက်စိထက် နားကိုပိုအသုံးပြုကွ၊ ကျည်ကိုလည်းချွေတာ၊ အရမ်းမပစ်နဲ့"

တပ်ရင်းမှူးသည် ကင်းရဲဘော်တိုင်းအား သတိပေးခဲ့သည်။ လက်ပစ်ဗုံး အဆင်သင့် ထားမထားလည်း မေးသည်။

ရှေ့တန်းစခန်းများသို့ လှည့်လည်စစ်ဆေးပြီး၍ ကွပ်ကဲမှုဌာန မိမိ၏ အိပ်ရာသို့ ပြန်ရောက်သောအခါ မောပန်းလာသော တပ်ရင်းမှူးနှင့်အဖွဲ့သည် ခေါင်းချသည်နှင့် ပျော်လေတော့သည်။

(၂၄)

"ငါ့မှာ ထန်းလျက်ခဲလေး ရှိသေးတယ်ကွ၊ ထန်းလျက်ခဲစား ပြီး ရေနည်းနည်း သောက်လိုက်ပါလား"

ရဲဘော်သာဇေသည် စောင်ခြုံပြီး မှိန်းနေသော ရဲဘော်လှသောင်းကို လက်နှင့်တို့၍ ပြောလေသည်။

"ငါ စားချင်စိတ် မရှိဘူးကွာ"

ရဲဘော်လှသောင်းက ညည်းညည်းတွားတွား ပြန်ပြောသည်။

"စားလိုက်ပါကွ၊ ထန်လျက်ဟာဆေးပဲ၊ ပြီးရင် ရေသောက်လိုက်၊ ဗိုက်ပြည့်ရင် မင်း အိပ်ပျော်သွားလိမ့်မယ်"

ရဲဘော်သာဇေက ထန်းလျက်ခဲထုတ်၍ အတင်းပေးသည်။ ရဲဘော်လှသောင်းသည် ထန်းလျက်သုံးလေးခဲကို လက်ထဲတွင်ကိုင်ကာတမြှီးမြှီးနှင့်စားကာ ရေသောက်သည်။ ပြီးလျှင် ဗိုလ်ကြီးမွန်းထော်ပေးလိုက်သော ဆေးပြားနှစ်ပြားကို ပါးစပ်တွင်းသို့ ပစ်သွင်းကာ ရေနှင့်မျောချသည်။

ရဲဘော်သာဇေသည် ရဲဘော်တင်အောင်ကိုကင်းလှဲ၍ ရဲဘော်တင်အောင်၊ ရဲဘော်လှသောင်းနား ရောက်လာသည်။

"ရောကွာ တင်အောင်၊ ထန်းလျက်ခဲတစ်လုံး စားလိုက်စမ်းပါ၊ ငါမကုန်လို့"

ရဲဘော်လှသောင်းက ရဲဘော်တင်အောင် လက်ထဲသို့ ထန်းလျက်ခဲတစ်လုံး ထည့်ပေးသည်။ ရဲဘော်တင်အောင်က တစ်ခဲလုံးကို ပါးစပ်တွင်းသို့ ပစ်သွင်းလိုက်ပြီး ငုံထားလိုက်သည်။

ရဲဘော်လှသောင်းသည် ဗိုက်ပြည့်သွား၍လားမသိ၊ မှေးခနဲ ပျော်သွားသည်။

(၂၅)

ရခိုင်ပြည် လေးမြို့မြစ်ကမ်း၏ သောင်ပြင်ကြီးသည် ဖွေးဖွေးဖြူနေလေသည်။ မြစ်အတွင်း၌ကား ကြက်ခွပ်လှိုင်းကလေးများ ရေးရေးမျှတနေသည်။

www.burmeseclassic.com

www.burmeseclassic.com

သန္ဒာမေသည် ခြစ်ရေကမ်းစပ်မှ ရေခပ်ပြီးသော် ရေအိုးကို ရွက်လျှက် ကမ်းပေါ်သို့ တက်လာသည်။ ညာလက်ကိုပင့်၍ ရေအိုးကိုကိုင်ကာ ဘယ်လက်ဖြင့် ထဘီကိုစွန့်တောင်ဆွဲ မ,လာသည်။

ရဲဘော်လှသောင်းသည် သောင်ပြင်အလယ်မှ သန္ဒာမေကို စောင့်နေလေသည်။ သန္ဒာမေသည် ရဲဘော်လှသောင်းကို မြင်သော အခါ အပြေးကလေး လာခဲ့သည်။

ရဲဘော်လှသောင်း အနီးသို့ရောက်သော် ခေါင်းပေါ်မှရေအိုး ကျ၍ကွဲသွားသည်။

ရေအိုးကွဲသွားသဲသည် "ဒိုင်း" ခနဲမြည်လေသည်။

ထို "ဒိုင်း" ခနဲမြည်သံနှင့်အတူ သန္ဒာမေသည် သောင်ပြင်သို့ ခွေခနဲ ကျသွားခဲ့သည်။

ရဲဘော်လှသောင်းသည် သန္ဒာမေကို ပွေ့ချီလိုက်သည်။ သန္ဒာမေ၏ ရင်ညွန့်ဆီမှ နီရဲသောသွေးများ စီးကျလာသည်။

သန္ဒာမေသည် ရဲဘော်လှသောင်း၏ ရင်ခွင်မှ ဖြုန်းခနဲထရပ် လိုက်သည်။ ပြီးသော် လေးမြို့မြစ်အရှေ့ဘက်ကမ်းပေါ်သို့ လက်ညှိုး ညွှန်ကာ ပြလိုက်သည်။

ရဲဘော်လှသောင်းသည် သန္ဒာမေ လက်ညှိုးညွှန်ရာသို့လိုက်၍ ကြည့်သည်။ လေးဆူဓောတ်ပုံ ရွှေတိဂုံစေတီကြီး၏ ပန်းချီကားချပ် တစ်ခုသည် ကောင်းကင်တွင် တွဲလွဲချိတ် ဆွဲထားသည်ကို မြင်ရ လေသည်။

ထိုပန်းချီကားချပ်ကြီး၏ နောက်တွင်မူ သက်တံရောင်တန်း များဖြင့် ပြည့်လျှမ်းနေသည်။

သန္ဒာမေသည် ရွှေတိဂုံစေတီကားချပ်ကို လက်အုပ်ချီလျက် ကနေ အဆိုပါကားချပ်ကြီးရှိရာသို့ ပျံတက်လေတော့သည်။

သန္ဒာမေသည် ပျံတက်ရာမှ နောက်သို့လှည့်ကြည့်ကာ ရဲဘော် လှသောင်းကို လက်ယပ်၍ ခေါ်လေသည်။

သန္ဒာမေထဘီမှာ လေထဲတွင် ပျံလွှင့်နေသည်။ ထိုထဘီသည် ရဲဘော်လှသောင်း ဝယ်ပေးသည့် အနက်ခံတွင် နီရဲသော နှင်းဆီပွင့် များဖြင့် ခြယ်သထားသော ထဘီပင် ဖြစ်လေသည်။

ရဲဘော်လှသောင်းသည် သန္ဒာမေ၏နောက်သို့ ပျံတက်၍လိုက် ခဲ့ပြီးနောက် စက်သေနတ်သံများပေါ်ထွက်လာကာ ရဲဘော်လှသောင်း၏ ဝဲယာတို့မှဖြတ်၍ ကျည်ဆန်တို့သည် ရဲဘော်လှသောင်းနောက်သို့ လိုက်နေလေသည်။

မြို့နှင်းခနဲ လျှပ်ပြက်သကဲ့သို့ဖြစ်ကာ ရန်ကုန်မြို့ ရွှေတိဂုံစေတီ တော်ကြီးသည် ရဲဘော်လှသောင်း၏ ရှေ့တွင် ပေါ်လာလေသည်။

သန္ဒာမေသည် ထိုရွှေတိဂုံစေတီတော်ကြီးရင်ပြင်မှ ရဲဘော် လှသောင်းကို လက်ယပ်၍ခေါ်နေလေသည်။

ရဲဘော်လှသောင်း သန္ဒာမေအနားသို့ ရောက်သွားသောအခါ သူတို့၏ ဘေးတွင် "အုန်း" ခနဲမြည်ကာ တစ်စုံတစ်ရာပေါက်ကွဲ သကဲ့သို့ ဖြစ်ပေါ်သွားလေသည်။ ရဲဘော်လှသောင်းသည် သန္ဒာမေ နှင့်အတူယှဉ်လျက် ရွှေတိဂုံ စေတီကြီးအား ဦးချစဉ်မှာပင် ...

"ဒက် ဒက် ဒက် ... ဒက် ဒက် ဒက် ... ဒက် ဒက် ဒက်"

စက်သေနတ်သံများ အဆက်မပြတ်ကြား၍ ကျည်ဆန်များ သူ၏အနီးမှ ဖြတ်သွားသည်ကို သိလိုက်ရသည်။

"ရန်သူ ... ရန်သူ ... ရန်သူ"

"ဒက်ဒက်ဒက် ... ဒက်ဒက်ဒက် ... ဒက်ဒက်ဒက်"

"ထော ... ထော ... ထော"

ရဲဘော်လှသောင်းတို့ နောက်ပိုင်းကို ရန်သူဝင်စီးလေပြီ။

(၂၆)

ရန်သူတို့သည် အနည်ဆုံး တိုက်ခိုက်ရေးတပ်ခွဲနှစ်ခွဲအထွက် အင်အားဖြင့် ချောင်ပင်သာအနောက်ဘက်မှ ပသွယ်ချောင်းအရှေ့ဘက်

www.burmeseclassic.com

www.burmeseclassic.com

တိတ်တဆိတ် ဝင်လိုက်လာခြင်းဖြင့် တပ်ရင်း(၃)၏ ကွပ်ကဲမှုဌာန ရှိရာသို့ ဝင်လာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဤတွင် သောင်ပင်သာ အနောက်ဘက်ရှိရွာများတွင် တပ်စွဲထားသော ရဲဘော်ဖြူနှင့် ကွန်မြူနစ်တို့၏ နယ်ခြေကိုမဖြတ်ဘဲနှင့် သို့မဟုတ် ၎င်းတို့မသိဘဲနှင့် ဤစစ်ကြောင်းသည် ဤလမ်းမှ ဝင်ရောက်ခြင်းဟာ မဖြစ်နိုင်ပါလေ။

ထို့ထက်ဆိုရပါလျှင် ရဲဘော်ဖြူနှင့် ကွန်မြူနစ်တို့၏ ကျည်မှုမပြုဘဲနှင့် ဤစစ်ကြောင်းသည် ဤလမ်းကို အသုံးပြုနိုင်မည်မဟုတ်ပါလေ။

ရဲဘော်လှသောင်းသည် သေနတ်သံများကြောင့် အိပ်ရာမှ လန့်နိုးသော် စစ်သား၏ ဗီဇအသိစိတ်ဖြင့် ဖြုန်းခနဲထ၍ စောင်ကိုခွာချလိုက်ကာ သူ၏ မတ်ဝမ်းဘရင်းကြိုးကို ထဆွဲလေသည်။

ရန်သူတို့၏ ပစ်ခတ်သံနှင့် ထောသံတို့မှာ လမ်း၏ အနောက်ဘက်တွင် ပို၍ကြားနေရခြင်းကြောင့် ရဲဘော်လှသောင်းသည်သူ၏ ဘရင်းဂန်းကို တုတ်ချောင်းတစ်ခုကဲ့သို့ ဆွဲကိုင်လျက် ပေတစ်ရာလမ်းမတာရိုးဆီသို့ ပြေးတက်နေရာဟူကာ လမ်း၏ အနောက်ဘက်သို့ ဆက်တိုက်ပစ်ဆွဲလေတော့သည်။

ရဲဘော်သာဇသည် ကျည်ကပ်အဗိုများကို ယူဆောင်လျက် ရဲဘော်လှသောင်းနောက်မှ ကပ်ပါသွားခဲ့သည်။

ရဲဘော်တင်အောင်မှာ သူ၏ ကျင်းအတွင်းမှပင် ခုခံပစ်ခတ်နေခဲ့သည်။ တပ်စိတ်မှူး ဆရာကြည်စိန်သည် ရဲဘော်လှသောင်း ဘရင်းဂန်းနှင့် တာပေါတက်၍ပစ်ခတ်နေသည်ကို သိသောအခါ အော်၍ သတိပေးလေသည်။

"ဟေ့ကောင် လှသောင်း၊ အတင့်မရဲနဲ့ကွ၊ ကိုယ့်ကျင်းကပဲ ကိုယ်ပစ်"

သို့သော် လှသောင်းကား ပြောင်မရပါလေ။ ရန်သူတို့က "ထော ... ထော" ဟု အသံပေးတိုင်း ...

"တပ်မတော် လှသောင်းကွ" ဟု ပြန်လည်အော်ဟစ်ကာ သူ့ဘရင်းဂန်းကို အဆက်မပြတ် ပစ်နေလေသည်။

ရဲဘော်သာဇက အားသွားသော ကျည်ကပ်များကို ကျည်ဖြည့်ပေးသည်။ ဒေါက်ဖိုက်။

အခြေအနေကား ရှုပ်ထွေးလှလေသည်။ "ဒေါက်ဖိုက်" ခေါ်သော ခွေးချင်းကိုက်သကဲ့သို့ လူချင်းလုံးထွေးပူးသတ်သောတိုက်ပွဲဖြစ်နေလေပြီ။

"တပ် တပ် တပ်" စတင်းဂန်းဖြင့် ကပ်၍ပစ်သံ။

"ဖောက် ... အင့်" လုံ့စွပ်ဖြင့် ဆောင့်ထိုးသံ။

"ဒုတ် ... အင့်" သေနတ်ဒင်ဖြင့် ရိုက်သံ။

"အင်း ... အင်း ... အင်း" တစ်ယောက်လည်ပင်းကို တစ်ယောက်ညှစ်နေကြသံ။

"အုန်း ... အုန်း" လက်ပစ်ဗုံးပေါက်ကွဲသံ။

"ဖောက် ... ခွပ် ... အင့်" လက်သီးချင်းထိုး၍ ခြေထောက်ချင်းခတ်သံ။

သို့ဖြင့် နစ်ဖက်သောရဲဘော်တို့သည် လက်ပစ်ဗုံးဖြင့်ပစ်ခြင်း၊ စတင်းဂန်းဖြင့် တော့ပစ်ခြင်း၊ ဘရင်းဂန်းဖြင့် တော့ပစ်ခြင်း၊ ရိုင်ဖယ်ဖြင့် တော့ပစ်ခြင်း၊ လုံ့စွပ်ဖြင့်ထိုးခြင်း၊ သေနတ်ဒင်ဖြင့် ရိုက်ခြင်း၊ လက်သီးဖြင့် ထိုးခြင်း၊ ခြေထောက်ဖြင့် ကန်ခြင်း၊ လည်မျိုကိုညှစ်ခြင်း၊ မိရာကိုဖမ်းကိုက်ခြင်း စသည်ဖြင့် လူစိတ်ပျောက်၍ ဘီးလူးစိတ်ပေါက်ကြကာ တစ်ဖက်နှင့်တစ်ဖက် သဲကြီးမဲကြီးဖြင့် သူ့လူကိုယ်လူ ခွဲခြားနိုင်စွမ်းပင် မရှိတော့ဘဲ မည်းမည်းမြင်ရာကို ဦးရာလူက အရှုံးကမ္ဘာပျက်သကဲ့သို့ တိုက်ခိုက်သတ်ဖြတ်နေကြသည်မှာ အဝီစိပွက်သကဲ့သို့ ဆူညံနေလေသည်။

သို့သော် အင်အားအနည်းနှင့်အများ၊ ပင်ပန်းလွန်၍ အိပ်မောကျနေသူနှင့် သတ်ဖြတ်ရန်အတွက် အငိုက်ဖမ်း၍ ဝင်လာသူတို့ ဘယ်မှာတူနိုင်ပါမည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

ခံရချက် မသက်သာသည်မှာ မိမိတို့ဘက်သာ ဖြစ်ရလေတော့သည်။

(၂၇)

ဆူညံသော သေနတ်သံများကို ကြားလိုက်ရသော တပ်ရင်းမှူးသည် ရုတ်ခြည်းထထိုင်မိလေသည်။ ထိုင်မိသည်နှင့်တစ်ပြိုင်နက် အခြေအနေကို သိလိုက်လေသည်။

မိမိစခန်းကို ရန်သူတို့ စီးနင်းနေလေပြီ။

တပ်ရင်းမှူးသည် ကာဘိုင်ကိုလှမ်းဆွဲလျက် သုံးလက်မစိန်ပြောင်းကြီးရှိရာသို့ ပြေးသွားခဲ့သည်။ သူ့နောက်မှ တပ်ရဲတပ်ကြပ် ထွန်းကျင်နှင့် ရဲဘော်တင်မောင်တို့က လိုက်သွားကြသည်။

သူတို့ပြေးစဉ်တွင် သူတို့၏ အောက်မှ မျှားပြားလှသော ခဲသီးတို့သည် ရွှီးခနဲ ရွှီးခနဲမြည်ကာ ဖြတ်သန်းသွားကြလေသည်။

သုံးလက်မစိန်ပြောင်းများမှာ ရှေ့တန်းသို့ပစ်ခတ်ရန် ချိန်ဝွယ်ထားခြင်းဖြစ်သည်။ ယခု ရန်သူတို့က နောက်ဘက်မှဝင်၍ မိမိလူတွေနှင့် လုံးထွေးနေခဲ့လေပြီ။

"မော့ ... ဆရာလှည့်နှိပ်တို့ ဆရာတင်အောင်တို့ ဘယ်သူ့ပေါ်ကျကျ မော်တာကို တည့်တည့်ထောင်ပြီးသာ ထုကြတော့ကွာ"

မော်တာကို ပစ်ခတ်ရန်မှာ သူသေကိုယ်သေ ဒီတစ်လမ်းသာ ရှိတော့ခြင်းကြောင့် တပ်ရင်းမှူးက အမိန့်ပေးလိုက်သည်။

ဆရာလှည့်နှိပ်၊ ဆရာတင်အောင်နှင့် ဆရာကျော်ညွန့်တို့သည် မော်တာကို ခြေထောက်မှ ဖြုတ်လိုက်ကြကာ တစ်ယောက်က လက်နှစ်ဖက်ဖြင့် ပြောင်းကိုထောင်လျက် ကိုင်ထားပေးစေပြီးသော် ကျန်တစ်ယောက်က မော်တာကျည်ဆန်မှ ယမ်းထုပ်များကိုဖြုတ်ကာ "ပရိုင်မာရီ" ခေါ် အလယ်ကောင်ကျည်တောင့်သက်သက်ဖြင့် ပစ်ခတ်လေတော့သည်။

"တုတ် ... အုန်း ... တုတ် ... အုန်း"

မော်တာဗုံးများသည် အပေါ်သို့ တည့်တည့်ပင်တက်၍ အောက်သို့အနည်းငယ်စွေစောင်းကာ တည့်တည့်ပင် ပြန်ကျလေတော့သည်။

ဤတွင် ပစ်ခတ်လုံးထွေး သတ်ပုတ်နေကြသော နှစ်ဖက်စလုံးမှ ရဲဘော်များအတွင်းသို့ မျက်နှာမလိုက်ဘဲ မော်တာဗုံးများ ကျရောက်ပေါက်ကွဲလေတော့သည်။

"အား ... အင်း ... အိုး"

စသော မော်တာဗုံးဆန်မှန်၍ အော်ဟစ်ကျဆုံးသူတို့၏အသံများ ဆူညံနေလေတော့သည်။

ဤတွင် မိမိတို့ဘက်က အနည်း၊ ရန်သူ့ဘက်ကအများ မော်တာဗုံးသီးဒဏ် မည်သည့်ဘက်က ပိုခံရမည်ကို သိနိုင်ပေသည်။

ရန်သူအချို့မှာ အဆက်မပြတ်ကျကွဲသော မော်တာဗုံးများကြောင့် တန့်သူတန့်သွားကြလေသည်။

သို့သော် ရန်သူတို့၏ ပစ်ခတ်မှုကြောင့် မော်တာအဖွဲ့သည်လည်း ထိခိုက်ကျဆုံးကြလေသည်။

တပ်ကြပ်လေး(ဒုတပ်ကြပ်)ကျော်သောင်း၊ တပ်ကြပ်လေးစန်းမောင်၊ ရဲဘော်လှကြည်၊ ရဲဘော်မျိုးညွန့်ဆွေ စသူတို့ တစ်ယောက်ပြီးတစ်ယောက် ကျဆုံးကုန်လေသည်။ (ဒုတပ်ကြပ်ကို ထိုစဉ်က တပ်ကြပ်လေးဟုခေါ်သည်။ ကျောက်တိုင်တွင် ဤအတိုင်း ကမ္ဘည်းထိုးထားသည်။)

ရဲဘော်လှသောင်း၏ တပ်စုမှူး ဒုဗိုလ်စောလွင်သည် သူ့တပ်စုကို ဟိုပြေးဒီလွှားဖြင့် ကွပ်ကဲနေရင်းမှ ကျဆုံးသွားခဲ့ရသည်။

တပ်စုတပ်ကြပ်ကြီး မောင်ညွန့်မှာလည်း သူ၏နှစ်လက်စိန်ပြောင်းအဖွဲ့ဖြင့် ပစ်ခတ်ရင်းကပင် ရန်သူ၏လွှမ်းမိုးမှုကိုခံနိုင်ရည်မရှာ ကျဆုံးသွားခဲ့ရလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်လှသောင်းတို့၏ တပ်စုအတွင်း၌ ရန်သူနှင့်မိမိတို့ ရဲဘော်များ သူတစ်ပြန် ငါတစ်လှည့် လုံးထွေးသတ်ပုတ်ကြသည်မှာ ယမ်းနံ့နှင့်သွေးနံ့တို့ပါ ပျံ့နံ့၍ နေလေသည်။

ရဲဘော်လှသောင်း မော်တော်ကားလမ်းတာပေါ်သို့ ပြေးတက်၍ အနောက်ဘက်သို့ ဘရင်းဂန်းဖြင့် ဆွဲသောအချိန်မှာပင် ကားလမ်းပေါ်ရှိ မိုင်တိုင် ၈၀ နှင့် ၂ ဖာလုံတံတားကို ရန်သူများက မိုင်းဖြင့်ဖောက်ခွဲချလိုက်သော အသံကြီးမြည်ဟည်း၍ ထွက်ပေါ်လာလေသည်။

ညဦးကမှ စစ်ကူရောက်ရှိလာကြသော တပ်ရင်း(၅)မှ ဒုဗိုလ်ကိုကိုလေး၏ တပ်စုမှ ရဲဘော်များမှာ ထိုတံတားအောက်တွင် အနားယူအိပ်စက်နေကြခြင်းကြောင့် သူတို့၏ကံကြမ္မာသည် တံတားပျက်စီးခြင်းနှင့်အတူ ပါသွားကြပေလိမ့်မည်။

ရန်သူတို့သည် ဒုဗိုလ်ကိုကိုလေး တပ်စုအား အလွယ်တကူပင် စီးနင်းမိသွားဟန်တူသည်။ တိုက်သံနိုက်သံများမှာ မကြာမီပင် ငြိမ်သွားခဲ့သည်။

ရဲဘော်လှသောင်းသည် လမ်းအနောက်ဘက်မှ တိုက်သံခိုက်သံများ ငြိမ်သွားသည်ကို သတိပြုမိသောအခါ မိမိ၏တပ်စုရှိရာဘက်သို့ပြန် ဂရုပြုလိုက်လေသည်။

"ဟေ့ ... လှသောင်း၊ ဒီကိုပြန်လာကွ၊ ဒီမှာ ရန်သူတွေရောက်နေပြီ"

သူ၏တပ်စီတ်မှူး ဆရာကြည်စိန်၏အသံကို ကြားရသော ရဲဘော်လှသောင်းသည် သူ၏တပ်စုဘက်သို့ ပြန်ပြေးဆွဲက်ခဲ့ကာ တွေ့သမျှရန်သူတို့ကို ဘရင်းဂန်းဖြင့် ဆွဲမွှေ့လေတော့သည်။

ရဲဘော်လှသောင်းသည် မတ်တတ်ရပ်လျက်နှင့်ပင် ဘရင်းဂန်းကို ပိုက်လျက်ပစ်ခတ်ကာ သူ့တပ်စုနယ်မြေသို့ ရောက်လာသော ရန်သူများကို ချေမှုန်းနေလေသည်။

"ဟေ့ ... လှသောင်း၊ ကိုယ့်ကျင်းမှာ ကိုယ်နေရာပြန်ယူကွ"

ဆရာကြည်စိန်သည် သူ၏စတင်းဂန်းဖြင့် ရန်သူများကိုပစ်ခတ်ရင်း ရဲဘော်လှသောင်းတို့ကို လှမ်း၍သတိပေးလိုက်သောကြောင့် ရဲဘော်လှသောင်းတို့သည် သူတို့၏ကျင်းသို့ ပြန်၍နေရာယူကြလေသည်။

ရဲဘော်လှသောင်း၏ ဘရင်းအဖွဲ့မှ ရဲဘော်တင်အောင်မှာ ကျင်းအတွင်း၌ အသက်မရှိတော့သည်ကို ရဲဘော်လှသောင်းတို့တွေ့ရှိရလေသည်။

ဆေးမှူး ဗိုလ်ကြီးမွန်ထော်သက်ညွန့်သည် သေနတ်သံများကြားသောအခါ သူ၏ဆေးခန်းသို့ ပြေးလွှားသွားရောက်စဉ်မှာပင် ကျည်သင့်၍ မြေပြင်တွင် လဲကျလေသည်။ သူသည် ဒဏ်ရာရရှိလျက်ကပင် သုံ့လက်တွင်းရှိ သေနတ်ဖြင့် ရန်သူများကို ပြန်လည်ပစ်ခတ်နေလေသည်။

ဤကဲ့သို့ အနိုင်မခံအရှုံးမပေးသောစိတ်ဓာတ်ကြောင့် သူရဘွဲ့ဖြင့် ချီးမြှင့်ခြင်း ခံရလေသည်။

တပ်ရင်မှူး၏ယာဉ်မောင်း ရဲဘော်ကြည်စွမ်မှာ သူ၏ဂျစ်ကားသံယောဇဉ်ဖြင့် ဂျစ်ကားရပ်ထားရာ လမ်းဘေးသို့ ပြေးတက်သွားသည်။ သူ၏ကားအနီးသို့ မရောက်မီမှာပင် ကားလမ်းပေါ်တွင် ရောက်ရှိနေပြီဖြစ်သော ရန်သူတို့က ဆီး၍ပစ်ချသည်ကို ခံလိုက်ရလေတော့သည်။

ကွပ်ကဲမှုဌာန အခြေအနေကား ဆိုးသထက်ဆိုးလာလေပြီ။ တပ်ရင်း(၅)မှ ဒုဗိုလ်ကိုကိုလေးတပ်စုမှာမူ လုံးဝတိတ်ဆိတ်နေပေပြီ။

ဒုဗိုလ်စောလွင်၏ တပ်စုမှာ တပ်စုမှူးကိုယ်တိုင်နှင့် တပ်စုတပ်ကြပ်ကြီး မောင်ညွန့်တို့ ကျဆုံးပြီးသည့်အပြင် ကျန်ရဲဘော်များမှာလည်း ဒဏ်ရာရရှိသူနှင့် ကျဆုံးသူတို့ များပြားခြင်းကြောင့် ခုခံနိုင်အား နည်းပါးနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(၂၈)

တပ်ရင်းမှူးသည် သူကိုယ်တိုင်ပင် ဆရာလှည့်နှိုက်တို့နှင့်အတူ မော်တာကို မိုးပေါ်ထောင်၍ ပစ်ခတ်လျက် ဗုံးသီးများကုန်ပြီကို သိရသည်နှင့် မော်တာကို ဖျက်ဆီးခိုင်းလိုက်လေသည်။

ဆရာလှည့်နှိုက်တို့သည် မော်တာခြေထောက်ကို ရိုက်ချိုးကြသည်။ ပြောင်းဖင်မှ တွတ်ပီကိုဖြုတ်၍ယူသည်။ တစ်ဖန် "ဆိုက်" (ခြိန်ကွယ်သောမှန်ပြောင်း)ကိုယူသည်။ သို့ယူပြီး ကြသည်နှင့် တပ်ရင်းမှူးက ...

"ရှေ့တန်းဘက်ကို ဖောက်ထွက်ကြ"

ဟု၍ အမိန့်ပေးလိုက်လေတော့သည်။

အားမတ်ကားတပ်မှ တပ်ကြပ်ကြီးရဲမြင့်သည် သေနတ်သံများကို ကြားရသောအခါ ဘရင်းဂန်းကိုဆွဲလျက် မြေပြင်သို့ခုန်ဆင်းလိုက်သည်။ သို့ခုန်ဆင်းလိုက်သည်နှင့် ရန်သူတို့နှင့်ရင်ဆိုင်လိုက်ရသည်။

"ဒက်ဒက်ဒက်ဒက် ... အုန်း ... အုန်း"

တပ်ကြပ်ကြီးရဲမြင့်သည် လက်တွင်းရှိ ဘရင်းဂန်းဖြင့် ရန်သူတို့ကို ဆွဲမွေ့သည်။ ရန်သူများက သူ၏အားမတ်ကားတို့ကို လက်ပစ်ဗုံးဖြင့်ထုသည်။

တပ်ကြပ်ကြီးရဲမြင့်သည် ရန်သူတစ်စုကို ဘရင်းဂန်းဖြင့်ဆွဲပြီးသောအခါ ကန်သင်းရိုးတစ်ခုတွင် အကာအကွယ်ယူ၍ ကျန်ရစ်သူတို့ကို ဆက်လက်ပစ်ခတ်သည်။

အားမတ်ကားရဲဘော်များနှင့် ရန်သူတို့မှာ သူ့လူကိုယ်လူမခွဲခြားနိုင်ဘဲ တစ်လုံးတထွေးဖြင့် ပစ်ကြခတ်ကြ၊ သတ်ကြပုတ်ကြသည်။

သို့ သတ်ကြပုတ်ကြရင်းနှင့်ပင် အားမတ်အဖွဲ့မှ တပ်ကြပ်ကိုးမြင့်နှင့် ရဲဘော်သုံးလေးဦး ကျဆုံးသွားကြလေသည်။

တပ်ကြပ်ကြီးရဲမြင့်သည် သူ၏ဘေးတွင် သူနှင့်ယှဉ်ပစ်ခတ်နေသူကို သတိထား၍ ကြည့်လိုက်သောအခါ ရဲဘော်ညီကြီးဖြစ်နေသည်ကို တွေ့ရှိရလေသည်။

ရန်သူတို့သည် အာမတ်ကားနှစ်စီးနှင့် တင့်ကားရှိရာသို့ စုပြုံပစ်ခတ်နေကြလေသည်။ လက်ပစ်ဗုံးနှင့် ပေါက်သူကပေါက်သည်။ စက်သေနတ်ဖြင့် မွှေ့သူကမွှေ့သည်။

တပ်ကြပ်ကြီးရဲမြင့်သည် မိမိတို့စခန်းအား ရန်သူစီးနင်းမိသွားပြီကို သိလိုက်သည်နှင့် ရဲဘော်ညီကြီးကို အမိန့်ပေးလေသည်။

"ညီကြီး ... တို့ ချောင်းရိုးဘက်ကို ထွက်မယ်၊ မင်း အရင်ပြေးတက်၊ ငါ ပစ်ထားမယ်၊ ပြီးရင် ငါလိုက်ခဲ့မယ်"

ညီကြီးသည် ချောင်းရိုးဘက်သို့ပြေးထွက်သည်။ တပ်ကြပ်ကြီးရဲမြင့်က ရန်သူများကို ပစ်ခတ်ထားသည်။

"အုန်း ... ဟုန်း"

တပ်ကြပ်ကြီးရဲမြင့်ဘေးတွင် "အုန်း"ခနဲ မြည်သံနှင့်အတူ မုန်နှင့်မီးခိုးများ တက်လာသည်။ ယမ်းငွေ့များ မွှန်သွားသည်။

တပ်ကြပ်ကြီးရဲမြင့်အား ဗုံးဆန်များ ထိသွားလေပြီ။ သံတိုသံစတို့သည် လည်ပင်း၊ ရင်ညွန့်၊ ပါးစပ် စသည်ဖြင့် အနှံ့မှန်လေသည်။

တပ်ကြပ်ကြီးရဲမြင့်သည် မိုက်ခနဲ ဖြစ်သွားရာမှ အံကိုကြိတ်လျက် သတိကိုပြန်ထိန်းကာ ဘရင်းဂန်းကို ဆွဲမ,ယူပြီး ပစ်ခတ်ရင်းနှင့်ပင် ချောင်းရိုးဘက်သို့ ပြေးထွက်သွားလေတော့သည်။

"ရှေ့တန်းစစ်ကြောင်းဘက်ကို ဖောက်ထွက်ကြ"

တပ်ရင်းမှူးသည် မော်တာများကို ဖျက်ဆီးပြီးသောအခါ ဖောက်ထွက်ကြရန် အမိန့်ကိုအော်ပေးရင်း မိမိကိုယ်တိုင်မှာလည်း ရှေ့တန်းတပ်ဘက်သို့ ပစ်ခတ်၍ ထွက်လေတော့သည်။

သူ၏အကူ ရဲဘော်တင်အောင်သည် တပ်ရင်းမှူးနှင့်ကပ်ပါလျက် ပစ်ခတ်ရင်း လိုက်ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂၉)

"ဟေ့ ... လှသောင်း၊ ငါ့မှာ ကျည်ဆန်မရှိတော့ဘူးကွ"

ရဲဘော်သာဇေသည် မိမိတို့ဘရင်းဂန်းအဖွဲ့တွင် ရရှိထားသော ကျည်ဆန်များကို မဂ္ဂဇင်းတွင် ဖြည့်တင်းပေး၍ ကုန်ပြီဖြစ်ကြောင်းကို ရဲဘော်လှသောင်းအား သတိပေးလိုက်လေသည်။

"တင်အောင်ဆီမှာ ကြည့်ဦးကွ"

ရဲဘော်လှသောင်းက ကျဆုံးနေပြီဖြစ်သော ရဲဘော်တင်အောင်ကိုယ်တွင် ရှာခိုင်းသည်။ ရဲဘော်သာဇေက ရှာသည်။ ရသောကျည်ဆန်ခါးပတ်ကို လှသောင်းဘေးတွင် ချပေးသည်။

"ဟိုဘက်က ကျင်းတွေမှာ လိုက်ရှာဦးကွာ"

ရဲဘော်လှသောင်းက ခိုင်းသောကြောင့် ရဲဘော်သာဇေသည် အခြားကျင်းများဆီသို့ ကူးကာ ကျည်ဆန်လိုက်စုသည်။

အရေးမှ ရောင်နီလာနေပေပြီ။

ရဲဘော်လှသောင်းတို့ တပ်စုတွင် ရန်သူသည် အပြီးသတ်ကောက်သင်းကောက် သတ်ဖြတ်ပွဲကိုပင် ပြုလုပ်နေပေပြီ။ ရဲဘော်လှသောင်း၏ ဘရင်းသံမှလွဲ၍ အခြားနေရာ၌ ခုခံသောပစ်အားမရှိသလောက် ဖြစ်နေလေပြီ။

သို့သော် ရဲဘော်လှသောင်း၏ တပ်စိတ်မှူး ဆရာကြည်စိန်၏ ကျင်းကမ္ဘ စတင်းသေနတ်သံကို ကြားနေရသေးသည်။

"ဆရာ ကျွန်တော့်မှာ ကျည်ဆန်မရှိတော့ဘူး၊ ကျည်ဆန်ရှာပေးပါဦး"

ဆရာကြည်စိန်သည် ယခုမှ သတိထားမိသည်။ မိမိတို့၏ တပ်စုမှ ခုခံမှုအားမှာ ပျော့နေလေပြီ။ သို့သော် ရသမျှကျည်ဆန်တို့ကို စုဆောင်း၍ ရဲဘော်လှသောင်း၏ကျင်းမှ ခုခံပစ်ခတ်မည်ဟု စိတ်ကူးမိသည်။

"အေး ... ငါရှာပြီး ယူလာပေးမယ်"

ဆရာကြည်စိန်သည် ပတ်ဝန်းကျင် ကျင်းများထဲမှ ကျဆုံးဒဏ်ရာရရှိထားသော ရဲဘော်တွေ၏ ကျည်ဆန်ခါးပတ်များကို လိုက်စု၍ ရဲဘော်လှသောင်း ကျင်းထဲသို့ ပစ်ထည့်ပေးသည်။

သို့ကျည်ဆန်များ ပစ်ထည့်ပေးပြီးသောအခါ သူသည်ပတ်ဝန်းကျင်ကို သတိပြုကြည့်လိုက်မိသည်။ သူ့ဘေးတွင် ရဲဘော်ဖေတင်တစ်ယောက်သာ ရှိနေတော့သည်။ (ရဲဘော်ဖေတင်မှာ ယခုတယ် ရောက်နေသည်မသိ။)

သူတို့တပ်စုကို ရန်သူက ဝိုင်းထားပါပကော။

ရဲဘော်သာဇေသည် ကျည်ဆန်ခါးပတ်များကို ပခုံးတွင်ချိတ်လျက်က မြေပြင်တွင် တွားလျက်လာခဲ့လေသည်။ ရဲဘော်လှသောင်း၏ ကျင်းထဲသို့ အလျားထိုး ဆင်းချလိုက်ပြီးသည်နှင့် သူ၏နောက်ဆုံးထွက်သက်ကို စွန့်လွှတ်လိုက်လေတော့သည်။

ရဲဘော်သာဇေ၏ ဒဏ်ရာမှာ တစ်ချက်တည်းနှင့် သေလောက်သော်လည်း သူ့ရဲဘော်ထံသို့ ကျည်ဆန်ခါးပတ်များကို မရောက်မချင်း သေမင်းထံသို့ မလိုက်ဘဲ ခွဲနှင့်လာခဲ့ခြင်း ဖြစ်လေသည်။

"ဟေ့ ... လှသောင်း ဆုတ်ကြစို့၊ ထ ... ငါပစ်ထားမယ်"

"ဆရာတို့ဆုတ်ပါ၊ ကျွန်တော် ခံနေမယ်၊ ကျည်ဆန်တွေသာ ပေးခဲ့ပါ"

ဆရာကြည်စိန်သည် အခြေအနေမလှ၍ ဆုတ်ခွာရန် ရဲဘော်လှသောင်းကို ပြောမရ ဖြစ်နေလေသည်။

"ဆရာ ... တပ်ရင်းမှူးတို့ဆီကို မြန်မြန်ပြေးပြီးပြောပါ၊ တပ်ရင်းမှူးတို့ ဆုတ်ကြပါစေ၊ ကျွန်တော် ခံချမယ်"

"တပ်မတော်လှသောင်းကွ ... ဒက် ဒက် ဒက်"

ရဲဘော်လှသောင်းသည် ဆရာကြည်စိန်ကို တပ်ရင်းမှူးတို့ထံသွားရန် တိုက်တွန်းလျက် အော်ဟစ်ကာ ပစ်ခတ်နေဆဲသည်။

"တပ်မတော်လှသောင်းကွ ... ဒက် ဒက် ဒက်"

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြည်စိန်သည် ရဲဘော်လှသောင်း ပြောသောအခါတွင်မှ သတိရလိုက်သည်။ သူ၏တပ်ရင်းမှူး ရှိပါသေးလား။ သူတို့တပ်စု အခြေအနေမလှတော့သည်ကို တပ်ရင်းမှူး သိမှသိပါရဲ့လား။ တပ်ရင်းမှူး အချိန်မီဆုတ်ခွာနိုင်ပါမည်လား။

ယခု သူ့တပ်စုမှူး ဒုဗိုလ်စောလွင်နှင့် တပ်ကြပ်ကြီးမောင်ညွန့် တို့ပင် မရှိတော့။ တပ်ရင်းမှူးကို ထိုအဖြစ်မျိုးနှင့် တိုးစေ၍မသင့်။

ဆရာကြည်စိန်သည် ဘေးကျင်းများမှ ရန်ိုင်သမျှကျည်တို့ကို ရဲဘော်လှသောင်း၏ကျင်းထဲသို့ ပစ်ထည့်ခဲ့ကာ ...

"ဟေ့ ... လှသောင်း၊ ငါ တပ်ရင်းမှူးဆီ သွားနှင့်မယ်၊ ခဏကြာရင် လိုက်ခဲ့"

ဆရာကြည်စိန်သည် ရဲဘော်လှသောင်းကို အော်ပြောလျက် တပ်ရင်းမှူးရှိရာဘက်သို့ ပြေးထွက်ခဲ့လေသည်။ သူ၏နောက်မှ ရဲဘော်ဖေတင်လည်း လိုက်ပါလာသည်။

ဆရာကြည်စိန်တို့၏အောက်မှ ရန်သူက ပစ်ခတ်သော ကျည်ဆန်များမှာ ပလူပျံသွားလေတော့သည်။

ဆရာကြည်စိန်သည် မော်တော်ကားလမ်းဘေးသို့ ပြေးကပ်ကာ ကုတ္တိုပင်တို့ကို ဘစ်ပင်ချင်း ပြေးကူးခဲ့သည်။

"ရန်သူတွေ ဝင်ကုန်ပြီ၊ ရန်သူတွေ ဝင်ကုန်ပြီ၊ စစ်ကူလွှတ်ပါ၊ စစ်ကူလွှတ်ပါ"

ကားလမ်းဘေး ကုတ္တိုပင်ခြေရင်းတစ်ခုဆီမှ စကားပြောသံကြားရာသို့ ဆရာကြည်စိန် ပြေးကပ်လိုက်သည်။

ထောက်လှမ်းရေး တပ်ကြပ်ခင်မြင့်သည် တယ်လီဖုန်းခွက်ဆဲသို့ "စစ်ကူလွှတ်ပါ" ဟူသော စကားကို အထပ်ထပ်ပြောရင်း ဆရာကြည်စိန် အနားသို့ရောက်သည်နှင့် တယ်လီဖုန်းစကားပြောခွက်သည် ဆရာခင်မြင့် လက်တွင်းမှ လွတ်ထွက်သွားလေတော့သည်။

ဆရာခင်မြင့်သည် ဒဏ်ရာရထားလျက်နှင့်ပင် ပခုံးရိုးရှေ့တန်းဌာနချုပ်သို့ အခြေအနေကို သတင်းပို့လျက် စစ်ကူလွှတ်ပေးရန် ပြောဆိုရင်း သူ၏တာဝန်ကို နောက်ဆုံးထမ်းဆောင်သွားခဲ့လေပြီ။ ဤသို့ ရဲရင့်စွာ တာဝန်ကျေမှုအတွက် သူ့အား "သိဟသူရ" ဘွဲ့ချီးမြှင့်ခြင်း ခံရလေသည်။

ဆရာကြည်စိန်သည် တယ်လီဖုန်းခွက်ကို ကောက်ကိုင်နားထောင်လိုက်သောအခါ တစ်ဖက်မှ ဖြစ်ပျက်သော အခြေအနေကို မေးသံကြားရလေသည်။

"ရန်သူ စီးမိနေပြီ၊ စစ်ကူလွှတ်ပါ၊ စစ်ကူ ... ဟိုက်"

ဆရာကြည်စိန်သည် "ဟိုက်" ခနဲမြည်ကာ တယ်လီဖုန်းခွက်ကို လွှတ်ချလိုက်၍ မြေပြင်တွင် လိမ့်လိုက်ရသည်။

ကျည်ဆန်တစ်တောင့်သည် တယ်လီဖုန်းကို ဖောက်သွားသောကြောင့် ဖြစ်လေသည်။ ဆရာကြည်စိန်သည် ကျည်ဆန်လာရာဆီသို့ စူတင်းကန်းနှင့် တစ်ချက်ဆွဲလျက် တပ်ရင်းမှူးရှိရာဘက်သို့ ပြေးထွက်ခဲ့သည်။

မြေပြင်မြင့်ကွင်းကား ကျဆုံးသူတို့နှင့် အတုံးအရုံးရှိနေလေသည်။

"အား ... နာတယ်၊ ပစ်မထားခဲ့ပါနဲ့ ... ဒိုင်း"

ဒဏ်ရာရရှိထားသော ရဲဘော်တို့၏အော်သံနှင့် နောက်ဆုံးကောက်သင်းကောက်လိုက်၍ သတ်ဖြတ်နေသော ရန်သူတို့၏သေနတ်သံ၊ လုံးပြွတ်ထိုးသံတို့မှာ စစ်တလင်းဝယ် ညံနေလေသည်။ ထိုအသံများကြားမှပင် ...

"တပ်မတော်လှသောင်းကွ ... ဒက် ဒက် ဒက်" ဟူသော အသံမှာလည်း ပေါ်ထွက်နေပေသေးသည်။

ဆရာကြည်စိန်နှင့် ရဲဘော်တင်ဖေတို့ တပ်ရင်းမှူး၏နေရာသို့ ရောက်ရှိသောအခါ ကျဆုံးနေကြသော ရဲဘော်အချို့ကိုသာတွေ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြည်စိန်တို့သည် အရှေ့ဘက်သို့ပြတ်၍ ပြေးထွက်ကြသည်။

အရှေ့မှ နေဝန်းကား တက်လာနေပေပြီ။

(၃၀)

တပ်ရင်းမှူးသည် ရှေ့တန်း လမ်းအနောက်ဘက်ခြမ်းသို့ ပြေးတက်ခဲ့သည်။

ရန်သူတို့သည် ရှေ့တန်းစစ်ကြောင်း၏ ရှေ့ဘက်မှလည်း အပြင်းအထန် ပစ်ခတ်တိုက်ခိုက်နေကြသည်ကို သတိပြုလိုက်မိသည်။

မိမိတို့စစ်ကြောင်း ရှေ့နောက်နှစ်ဖက် ညှပ်မိနေလေပြီ။

တပ်ရင်းမှူးသည် ရုတ်ခြည်းဆုံးဖြတ်လိုက်ကာ သူ့ရဲဘော်တင်မောင်အား အမိန့်ပေးလိုက်ရတော့သည်။

"ဗိုလ်အုန်းကျော်တို့ သွားပြော၊ အနောက်ဘက်ကို ဖောက်ထွက်ပြီး ဆုတ်၊ ကတုတ်ဘုရားကြီးမှာ ဆုံမယ်လို့ပြော"

ရဲဘော်တင်မောင်သည် ဗိုလ်အုန်းကျော် တပ်စုဘက်သို့ပြေးထွက်သွားခဲ့သည်။

တပ်ရင်းမှူးသည် ဘယ်ဘက်အစွန်တွင်ရှိနေသော ဗိုလ်ပါလေးတပ်စုရှိရာသို့သွားလျက် ဗိုလ်ပါလေးတပ်စုနှင့်အတူ အနောက်ဘက်သို့ ဖောက်ထွက်ကာ ကတုတ်ဘုရားကြီးဆီသို့ ဆုတ်ခွာခဲ့ရလေတော့သည်။

သို့ဖြင့် တပ်ရင်းမှူးမှာ ကံကောင်းစွာ လွတ်မြောက်သွားခဲ့ရလေသည်။

အားမတ်တပ်မှ တပ်ကြပ်ကြီးရဲမြင့်ကို ရဲဘော်ညီကြီးကတွဲလျက် ချောင်းရိုးအတိုင်း လိုက်ခဲ့ကြသည်။ မိုးလင်းလာပြီဖြစ်ခြင်းကြောင့် သူတို့သည် ရေထဲတွင် ကိုယ်ကိုနှစ်၍ ရေပေါ်သို့နှာခေါင်း

ပေါ်ရုံမျှဖော်ကာ အရှေ့ဘက်ကိုင်းတောကြီးအတွင်း ရောက်သောအခါ ရဲဘော်ညီကြီးက အင်္ဂျီများ ဆုတ်ဖြဲလျက် ဆရာရဲမြင့် ဒဏ်ရာများကို စည်းနှောင်ပေးသည်။ ပြီးသော် ကိုင်းတောအတွင်းခဏနားနေကြသည်။

တပ်ရဲတပ်ကြပ်ထွန်းကျင်သည် တပ်ရင်းမှူးထံမှ ရှေ့တန်းစစ်ကြောင်းဆီသို့ ဖောက်ထွက်ကြရန် အမိန့်ကိုရရှိသည်နှင့် အရှေ့ဘက်သို့ ပြေးထွက်ခဲ့လေသည်။

ပစ်ရင်း၊ ခတ်ရင်း၊ မောက်ရင်း၊ လဲရင်း၊ ပြိုရင်းနှင့်ပင် ချောင်းရိုးတစ်ခုအတွင်းသို့ ရောက်ရှိခဲ့သည်။ သူသည် ချောင်းရိုးအတိုင်း အရှေ့ဘက်သို့ လိုက်ထွက်ခဲ့သောအခါ ကိုင်းတောထဲတွင် နားနေကြသော အားမတ်တပ်မှ တပ်ကြပ်ကြီးရဲမြင့်နှင့် ရဲဘော်ညီကြီးတို့နှင့် ပေါင်းဆုံမိလေသည်။

သူသည် ဆရာရဲမြင့်ကို တွဲခေါ်လျက် ကိုင်းတောအတွင်းမှ တောင်ဘက်သို့ ထွက်ကြသည်။ ဖောင်တော်သီအလွန်သို့ ရောက်သောအခါ ...

"ဟော့ ... ရဲဘော်တွေ လက်နက်ထားခဲ့ကြ"

တပ်ကြပ်ထွန်းကျင်တို့ ကြည့်လိုက်သောအခါ ကွန်မြူနစ်နှင့် တူသော လူတစ်စုကို တွေ့ရလေတော့သည်။

"ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း"

ဆရာထွန်းကျင်က လက်ထဲတွင်ပါခဲ့သော စတင်းသေနတ်ဖြင့် ဆွဲမွှေ့နေစဉ် ရဲဘော်ညီကြီးက ဆရာရဲမြင့်ကိုတွဲ၍ တောင်ဘက်သို့ ပြေးထွက်ခဲ့ကြရသည်။

သို့ဖြင့် ဆရာထွန်းကျင်နှင့် ဆရာရဲမြင့်တို့အဖွဲ့ လွတ်မြောက်ခဲ့ကြရလေသည်။

လွတ်မြောက်ခဲ့ရာတွင် ကေအင်ဒီအိုတို့ထံမှ လွတ်မြောက်ခြင်းထက် ကွန်မြူနစ်ခုတ်ခွာများထံမှ လွတ်မြောက်ခဲ့ခြင်းဟု ယနေ့ထိ ရဲဘော်တို့ ပြောမဆုံး ရှိနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာကြည်စိန်နှင့် ရဲဘော်ဖေတင်တို့သည် ပစ်ခတ်လျက် အရှေ့ဘက်သို့ ဖောက်ထွက်ခဲ့ကြရာ ဖောင်တော်သီမရောက်မီတွင် သူတို့ကဲ့သို့ပင် ဖောက်ထွက်ခဲ့ကြသော တပ်ရင်း(၅)မှ ဆရာစိန်လွင် (သို့မဟုတ် ဦးနှင်သွင်)၊ တပ်ရင်း(၆)မှ တပ်သားအုန်းမောင်တို့နှင့် အတူ တပ်ရင်း(၃)မှ ဆရာထွန်းရိန်(အပုလေး)ပါ ရောက်ရှိပူးပေါင်း မိကြသောကြောင့် ဂါးယောက်အဖွဲ့ဖြင့် လွှတ်မြောက်ခဲ့ကြလေသည်။

ဒုဗိုလ်စောလွင် ဦးစီးသော ရဲဘော်လှသောင်းတို့၏ တပ်စုမှ အသက်ရှင်လျက် ကျန်ရစ်သူများမှာ သိရသလောက်ဆိုသော် ယခု လွှတ်မြောက်ခဲ့ကြသော ရဲဘော်လှသောင်း၏ တပ်စိတ်မှူး ဆရာကြည်စိန်နှင့် ရဲဘော်တင်ဖေတို့ နှစ်ယောက်သာ ဖြစ်ကြသည်။ ဆရာကြည်စိန်မှာ သူရဲကောင်းမှတ်တမ်းဝင် ဖြစ်လေသည်။

ရှမ်းစုရှေ့တန်းစစ်ကြောင်း ဘန်ကာများသည် ရန်သူရှိရာ ဘက်ကိုသာ အလေးပေး၍ ကျည်ကာပြွှလုပ်ထားခြင်းဖြစ်သည်။ ယခုကဲ့သို့ နောက်ပိုင်းကို ရန်သူကစီးမိ၍ နောက်ပိုးသီပ် ပစ်ခတ်ခြင်းခံရသောအခါ ဘန်ကာတွင်းရှိ ရဲဘော်တို့မှာ လုံခြုံမှုမရှိဖြစ်လာလေသည်။

သို့ ရှေ့နှင့်နောက် နှစ်ဖက်ညှပ်၍ အတိုက်ခံရပြီကို သိလိုက်ရသော ညာတောင်ပံရှိ ဗိုလ်ကြီးမောင်ကျော်သည် ရန်သူများပတ်လည်ဝိုင်းမိသည်အထိ မကြိုးစားနိုင်ခင် သူ့ခံစစ်ကြောင်းဖြင့် အရှေ့ဘက်သို့ ဖောက်ထွက်ရလေတော့သည်။

ဖောက်ထွက်ရာတွင် မီးရထားလမ်းအရှေ့ဘက် ၎က်ပျော်တောရွာတစ်ဝိုက်တွင် တပ်စွဲထားသော ဗိုလ်ကြီးတင်ဦး ကွပ်ကဲသည့် တပ်ရင်း(၆)မှ ရဲဘော်များနှင့် ပေါင်းစည်း၍ ထွက်ရလေသည်။

သို့ထွက်ခဲ့၍ ဖောင်တော်သီအရှေ့ဘက် ရွာကြီးတစ်ရွာသို့ ရောက်ကြသောအခါ ရွာသားအချို့က ရေနွေးကြမ်းနှင့် ကြံသကာများချ၍ တိုက်ကျွေးကြလေသည်။

ရဲဘော်များ မောမောပန်းပန်းဖြင့် ရေနွေးကြမ်းသောက်နေစဉ် ...

"ဖောက်ထိုင်း ... ဖောက်ထိုင်း"

ရွာပြင်ကသေနတ်သံပေးလာလေသည်။ ဤတွင်ခွဲအရာခံဗိုလ်တွန်းအောင်ဇနှင့် တပ်ကြပ်ကြီးဝင်းမောင်တို့သည် မအေနမဆဲဆိုကာ ဘရင်းနှစ်လက်ဖြင့် တွေ့ရာမြင်ရာကို ပစ်ခတ်ကြလေတော့သည်။

ရေနွေးကြမ်းဒကာ ကွန်မြူနစ်တို့လည်း တစ်ချိုးတည်းလစ်ကြလေသည်။

လူကြားလို့မှမကောင်းအောင်လုပ်သော အတတ်တွင် တစ်ဖက်ကမ်းတော် တတ်သူများပါတကား။

ယခုအခါ တပ်ရင်းမှူး၏ကွပ်ကဲမှုဌာနချုပ်ရှိ ရဲဘော်များဖြစ်ကြသော ဒုဗိုလ်စောလွင်တပ်စု၊ ဒုဗိုလ်ကိုကိုလေးတပ်စု၊ အားမတ်ကားအဖွဲ့၊ မော်တာအဖွဲ့၊ မော်တော်ယာဉ်ရဲဘော်များ စစ်ဝန်ထမ်းစသည်ဖြင့် လူ ၁၀၀ ခန့် ဆုံးရှုံးပျက်စီးခဲ့ရသော်လည်း ရှေ့တန်းခံစစ်ကြောင်းမှ ရဲဘော်များမှာမူ ကောင်းမွန်စွာပင် ဘေးသို့လွှဲ၍ ဖောက်ထွက်နိုင်ခဲ့ကြပေသည်။

မည်သည့် အကြောင်းကြောင့်နည်း ...။

ရဲဘော်လှသောင်း ဘရင်းသံကို နာခံကြည့်စမ်းပါ။

တပ်ရင်းမှူးသည် ပေါက်တပင်တာဆုံသို့ ရောက်ရှိသောအခါ ဆုတ်ခွာလာကြသော ရဲဘော်များကို စုဆောင်းလျက် ကတုတ်ဘုရားကြီးခံစစ်ကြောင်းသို့ ပြောင်းရွှေ့နေရာယူရန် ညွှန်ကြားပြောဆိုနေလေသည်။

နေမင်းကြီးကား လင်းလာလေပြီ။

ထိုအလင်းရောင်ပေါ်လာသည့်တိုင် တိုက်ပွဲဖြစ်ပွားခဲ့ရာ ရှမ်းစုရွာဘက်ဆီမှ "ဒက် ဒက် ဒက် ... ဒက် ဒက် ဒက်"

ဘရင်းဂန်းမတ်ဝမ်းကြီး၏အသံကို ကြားနေရဆဲပင်ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ ... လူသောင်း ဘရင်းဂန်းသံပဲ"

ရဲဘော်တစ်ယောက်က စိတ်မသက်မသာဖြင့် မှတ်ချက်ချသည်။

"အေးကွ ... ဒီကောင်ကြီး ခုထိရှိနေတုန်းကိုး၊ ပြန်တိုက်ကြမယ်ကွာ"

ရဲဘော်တစ်ယောက်က စိတ်လိုက်မာန်ပါ ပြောဆိုကာနေရာမှထသည်။ သို့သော် ...

"ဒီမှာ ... ရဲဘော်တို့၊ စစ်တိုက်တယ်ဆိုတာ စိတ်လိုက်မာန်ပါလုပ်ရတာမျိုး မဟုတ်ဘူး။ အခု တို့လုပ်ရမှာက ကတုတ်ဘုရားကြီး ခံစစ်ကြောင်းမှာ နေရာယူဖို့ပဲ၊ ကဲ ... ဆက်လုပ်ကြ"

တပ်ရင်းမှူး၏ အေးဆေးတည်ငြိမ်သော အမိန့်အတိုင်းပင် ရဲဘော်တို့သည် ရှမ်းစုမြေကို မျက်နှာလွဲလိုက်ကာ တပ်ရင်းမှူးနှင့်အတူ ကတုတ်ဘုရားကြီးဘက်သို့ ထွက်ခွာခဲ့ကြလေတော့သည်။

"ဒက်ဒက်ဒက် ... ဒက်ဒက်ဒက် ... ဒက်ဒက်ဒက်"

ရဲဘော်လူသောင်း၏ မတ်တပ်မှ ဘရင်းဂန်းသံကြီးသည် ရဲဘော်တို့နှင့်ဝေး၍ ရှမ်းစုစစ်မြေတွင် ထီးတည်းကြီး ကျန်ခဲ့လေတော့သတည်း။

ဓာတ်လမ်းမှာ ဤတွင် ပြီးသင့်လေပြီ။ သို့သော် ...။

(၃၁)

ရဲဘော်လူသောင်း၏ ဓာတ်ထုပ်ကို နိဂုံးချုပ်ရပါဦးမည်။

ရှမ်းစုစစ်မြေမှ ရဲဘော်များ ပေါက်တပင်တာဆုံမှ ကတုတ်ဘုရားကြီးဘက်သို့ ဆုတ်ခွာသွားကြသော မိုးထိန်ထိန်လင်းနေသည့် အချိန်ထိ ရဲဘော်လူသောင်း၏ မတ်တပ်မှ ဘရင်းဂန်းသံကို ကြားနေရဆဲရှိသည်ဟု ယခု သက်ရှိထင်ရှား ရှိနေသေးသော ရဲဘော်အများပင် ပြောခဲ့ကြလေသည်။

ရဲဘော်လူသောင်းသည် မည်မျှ အသက်ပြင်းခဲ့ပါသနည်း။

သို့ဖြစ်လျှင် မည်ကဲ့သို့သော သေခြင်းမျိုးဖြင့် သူသေခဲ့ပါသနည်း။

ဖြစ်နိုင်ဖွယ် ရှိသည်တို့ကို ဖော်ပြရသော် ...

ရဲဘော်လူသောင်းသည် အကြီးအကျယ် ဒဏ်ရာရရှိထားသော်လည်း သူ၏ဘရင်းဂန်းဖြင့် ရန်သူအား ပစ်ခတ်ခြင်းကိုမူမရပ်။

ထို့ကြောင့် ရန်သူတို့သည် ထိုဘရင်းဂန်းတစ်လက်ကြောင့် ရှေ့တန်းခံစစ်ကြောင်းဘက်သို့ ဆက်မတက်နိုင်ဘဲ ရပ်တန့်ကြကာ ရဲဘော်လူသောင်းကို ဝိုင်းတွယ်ကြရလေသည်။ သို့ဝိုင်းတွယ်ကြရခြင်းကြောင့် ဆုတ်ခွာသွားခဲ့ကြပြီးသော တပ်ရင်း(၃)စစ်ကြောင်းနောက်သို့လည်း ဆက်မလိုက်နိုင်ဘဲ ရှိနေခဲ့ကြသည်။

ရန်သူတို့သည် ရဲဘော်လူသောင်း ရှိရာသို့ ဝိုင်းဝန်းစုပြုပစ်ခတ်ထားစဉ် တွားတက်၍ ချဉ်းကပ်သူတို့က ချဉ်းကပ်ကြလျက် ရဲဘော်လူသောင်းရှိသော ဘရင်းဂန်းကျင်းထဲသို့ လက်ပစ်ဗုံးဖြင့် ပစ်ထည့်ကြသောအခါမှ ရဲဘော်လူသောင်းမှာ ထိုလက်ပစ်ဗုံးတို့၏ ထိခိုက်မှုဖြင့် ကျဆုံးခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။

သို့တည်းမဟုတ် ...

ရဲဘော်လူသောင်း၏ အဆက်မပြတ် ပစ်ခတ်နေမှုကြောင့် ရန်သူတို့မှာ ရဲဘော်လူသောင်း၏ ဘရင်းဂန်းကျင်းဆီသို့ မကပ်နိုင်ကြဘဲ ဝိုင်းဝန်းပစ်ခတ်နေခဲ့ကြသည်။

သို့သော် ကျည်ဆန်ကုန်သွားခဲ့၍ ရဲဘော်လူသောင်းဘရင်းဂန်းအပစ်ရပ်သွားသောအခါတွင်မူ ပြေးတက်ကြကာ ဘရင်းဂန်းကျင်းထဲတွင် ဒဏ်ရာရရှိထားပြီးဖြစ်သော ရဲဘော်လူသောင်း၏ကိုယ်တွင်းသို့ လှံစွပ်ဖြင့် ထိုးသွင်းလိုက်ကြပေလိမ့်မည်။

မည်သို့ပင်ဖြစ်၍ မည်သည့်နည်းဖြင့်ပင် သေရသည်ဖြစ်စေကာမူ ရဲဘော်လူသောင်း၏ သေခြင်းမှာ အာဇာနည်တို့၏ သေနည်းမျိုးပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သေခါနီး ထွက်သက်တစ်ချက် မထုတ်မီ သူသည်သူ၏ ဆန္ဒကို မပီမသတော့သော စကားဖြင့်ပင် ဖြစ်စေကာမူ ပြောသွား ပေလိမ့်ဦးမည်။ အခြားမဟုတ်ပါ။

"လိုက်ခဲ့မယ် သန္ဓာမေရေ့"

ရဲဘော်လှသောင်းနှင့် သူ့ညီမသန္ဓာမေတို့ ကောင်းရာသုဂတိသို့ ရောက်ကြပါစေ။

(၃၂)

စာရှုသူတို့အား အများအတွက် မိမိ၏အသက်ကို အသေခံသွားသော တပ်သားအောင်ဆန်းသူရိယ၏ ဇာတ်ကြောင်းကိုတင်ပြခဲ့ပြီးလေပြီ။

သူ့ကို အောင်ဆန်းသူရိယဘွဲ့ချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ သူ၏ကိုယ်ရေးရာဇဝင်အကျဉ်းကို မင်္ဂလာဒုံတွင်ရှိသော ယခင် အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် အောက်ပါအတိုင်းဖော်ပြထားခဲ့လေသည်။

ခရစ်သက္ကရာဇ် ၁၉၄၅ ခု ဧပြီလ ၂၈ ရက်နေ့တွင် ရဲဘော်လှသောင်းသည် မိမိ၏ရဲဘော်ရဲဘက်များနှင့် ရန်ကုန်–မန္တလေးကားလမ်းမကြီးပေါ်ရှိ ဖောင်တော်သီမြို့အနီး ရှမ်းစုဘုရော့တန်းစစ်မျက်နှာတစ်နေရာတွင် တာဝန်ကျနေစဉ် မိမိတပ်၏အင်အားထက် ဆယ်ဆမျှများသော ရန်သူတို့၏အရာဏ်ဦး လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းကို အလစ်ခံရသဖြင့် ရဲဘော်လှသောင်းနှင့် ရဲဘော်အပေါင်းတို့သည် ဦးခေါင်းမဖော်နိုင်လောက်အောင် ရန်သူ၏ တရစပ်ပစ်ခတ်မှုကို မရှုမလှ ခံနေသောအချိန်တွင် ရဲဘော်လှသောင်းသည် ရုတ်တရက် ချက်ချင်း သတိဝင်လာကာ မိမိလက်တွင်ရှိသော စက်ကလေးတစ်လက်ဖြင့် တရကြမ်း ပစ်ခတ်ချီတက်လာသော ရန်သူတို့အား အတင်းခုခံပစ်လေသည်။

ရဲဘော်လှသောင်း၏ ခုခံပစ်ခတ်မှုကြောင့် ရန်သူအမြောက်အမြား ကျဆုံးပြီး ရှေ့သို့အတင်းတက်လျက်ရှိသော ရန်သူတို့သည် ရဲဘော်လှသောင်း၏ အချက်ကျကျ ထိထိမိမိ ပြန်လည်ခုခံခြင်း၏ ဒဏ်ကို မရှုမလှ ခံကြရသဖြင့်သာ မိမိ၏ ရဲဘော်များ ချောင်ပိတ် အငိုက်မိနေခြင်းမှ ဆုတ်ခွာခွင့် အခွင့်ကောင်းကို ရရှိစေလေသည်။

ထိုသို့ မိမိ၏ ရဲဘော်ရဲဘက်များသာ လွတ်လပ်စွာ ဆုတ်ခွာစေသော်လည်း ရဲဘော်လှသောင်းသည် ရန်သူ၏ ထိုးဖောက်မှုကိုရပ်တန့်စေသောငှာ မိမိလက်တွင်းမှ စက်ကလေးဖြင့် မပြတ်မလပ် ဘရစပ်ဆက်လက်ခုခံခြင်းဖြင့် မိမိ၏ ရဲဘော်များ၏ အသက်ပေါင်းများစွာကို မိမိအသက်နှင့်လဲလျက် ရန်သူအပေါ် အနိုင်မခံ အရှုံးမပေးသော ဇွဲသတ္တိဖြင့် မိမိအသက်ဆုံးသည်အထိ ရန်သူအား ကြံ့ကြံ့ခိုင် ရင်ဆိုင်ခဲ့သူတစ်ဦး ဖြစ်ပေသည်။

ထိုကဲ့သို့ မိမိ၏ တိုင်းပြည်၊ မိမိ၏ တပ်မတော်နှင့် မိမိ၏ ရဲဘော်ရဲဘက်တို့အတွက် တာဝန်သိသိ သစ္စာရှိရှိ ရဲရဲပုံဝံ့ ဇွဲသတ္တိကောင်းကောင်း အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်တို့ဖြင့် ကြံ့ကြံ့ခိုင်ခိုင် အသက်နှင့်လဲကာ ဆောင်ရွက်ခဲ့သော ရဲဘော်လှသောင်းမှာကား အလွန်ထူးမြတ်သော ရဲရင့်တည်ကြည်သော စစ်မှုထမ်းကောင်းပုဂ္ဂိုလ်တို့၏ ရတောင့်ရခဲလှသော "အောင်ဆန်းသူရိယဘွဲ့" တံဆိပ်ဖြင့် နိဂုံးတော်အစိုးရမှ ချီးမြှင့်ဂုဏ်ပြုခြင်း ခံရပေသည်။

ဤကဲ့သို့ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတပ်မတော်၊ မိမိရဲဘော်ရဲဘက်တို့အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်သော အညတရ ရဲဘော်လှသောင်းအား ဂုဏ်ပြုစိမ့်သောငှာ "အောင်ဆန်းသူရိယလှသောင်း အထက်တန်းကျောင်း" ဟု ပေါ်ပေါက်လာရခြင်းဖြစ်ပေသည်။

❁ ❖ ❁

www.burmeseclassic.com

www.burmeseclassic.com

တပ်သားအောင်ဆန်းသူရိယစွတ်(က်)ဗဟာဒူးရိုင်း

မြန်မာနိုင်ငံ၏ အဆင့်အမြင့်ဆုံး သူရသတ္တိဆိုင်ရာ ဆုတံဆိပ် ရရှိသူ (၆)ဦးအနက် တစ်ဦးပါဝင်သည့် တပ်သားအောင်ဆန်းသူရိယ စွတ်(က်)ဗဟာဒူးရိုင်း၏ မျိုးဆက်များကို ရှာဖွေသော်လည်း ခက်ခဲပြီး ကွဲလွဲမှုများ ရှိနေသည့်အတွက် အကျယ်ချဲ့၍ တင်ပြရန်မလွယ်ကူသည့်အတွက်ကြောင့် မဖော်ပြတော့ဘဲ ၎င်း၏စွမ်းဆောင်ချက်များကို အကျဉ်းသဘောသာ တင်ပြချင်ပါသည်။

တပ်သား စွတ်(က်)ဗဟာဒူးရိုင်းသည် ကိုယ်ပိုင်အမှတ် (စဘဇဒင့)ဖြင့် အမှတ်(၄)ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို ပျက်စီးအောင်လုပ်ဆောင်လာသူများကို လက်ပိုက်ကြည့်နေတတ်သူ မဟုတ်သလို ပေးအပ်သည့်တာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်။

အသက်ကို မငဲ့ကွက်ခြင်း၊ ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်ခဲ့သည့်အတွက် တပ်သားစွတ်(က်)ဗဟာဒူးရိုင်းကို စစ်သေနာပတိချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ကို ချီးမြှင့်ခဲ့သည်။ ၎င်းဆုတံဆိပ်သည် တပ်သားစွတ်(က်)ဗဟာဒူးရိုင်း၏ လုပ်ဆောင်ချက်များကို သက်သေပြနေသည်။

ထိုသူရဲကောင်းမှတ်တမ်းဝင် ဆုတံဆိပ်သည် တပ်သားစွတ်(က်)ဗဟာဒူးရိုင်းအတွက် အားတက်စရာတစ်ခု ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အလားတူ တပ်သားစွတ်(က်)ဗဟာဒူးရိုင်းအတွက် အောင်ဆန်းသူရိယဘွဲ့တံဆိပ် ရရှိရန် အကြောင်းတစ်ခု ဖန်လာသည်။ ၎င်းဆုတံဆိပ်သည် လိုချင်တိုင်း ရတတ်သည့်အရာ မဟုတ်သလို လွယ်ကူခြင်းမရှိ၊ အခက်အခဲ ဆုံးဖြစ်သလို ယခုချိန်ထိ (၆)ဦးသာ ရရှိထားခြင်းဖြစ်သည်။

တပ်သားစွတ်(က်)ဗဟာဒူးရိုင်းသည် ပေးအပ်သည့် တာဝန်ကို အသက်စွန့်၍ ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။ အချိန်က ၁၉၅၀ ပြည့်နှစ် ဇွန်လ(၁၇–၁၈)ရက် (မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ် ပထမဝါဆိုလဆန်း(၃–၄)ရက် စနေ, တနင်္ဂနွေ)ရက်များတွင် အမှတ်(၄) ခြေလျင်တပ်ရင်းသည် ရှမ်းပြည်ဆောင်ပိုင်း တာလေမှ ပန်ဒီဟတ်သို့ ချီတက်ကြသည်။

ထိုအချိန်တွင် မိမိထက် အင်အားအဆမတန်များပြားလှသည့် ရန်သူတရုတ်ဖြူသောင်းကျန်းသူများနှင့် တွေ့ဆုံကြသည်။ ရန်သူတရုတ်ဖြူများသည် ရိက္ခာများကိုအပိုင်လိုချင်သည့်အတွက် တိုက်ခိုက်ကြလေသည်။ ၎င်းအချိန်တွင် တပ်သားစွတ်(က်)ဗဟာဒူးရိုင်းတို့တပ်ဖွဲ့သည် အင်အားများလှသည့် ရန်သူတရုတ်ဖြူတပ်များကို ကြောက်ရွံ့ခြင်းမရှိ တိုက်ခိုက်ကြသည်။ တိုက်ပွဲသည် အင်အားခြင်းမမျှပေမယ့် သတ္တိကို ဦးစားပေး တိုက်ခိုက်ကြလေသည်။

ရန်သူတရုတ်ဖြူတပ်များသည် ရိက္ခာတင်ထရပ်ကား(၇)စီးကို ဝိုင်းဝန်းပစ်ခတ်ကြသည်။ ထိုအချိန်တွင် တပ်သားစွတ်(က်)ဗဟာဒူးရိုင်းသည် မိမိတပ်ခွဲ၏ ရိက္ခာတင်ထရပ်ကား(၇)စီးကို ရန်သူများ ဝိုင်းဝန်းပစ်ခတ်မှုကို ရှုပ်ရှပ်ခွဲခွါ ခုခံကာကွယ်နိုင်ခဲ့သည့်အပြင် မိမိတပ်ခွဲအား ရန်သူအင်အားကြီးများစွာ ဝိုင်းဝန်းပစ်ခတ်နေကြသည်။

တပ်သားစွတ်(က်)ဗဟာဒူးရိုင်းသည် ဘရင်းသေနတ်ဖြင့် ရန်သူများကို ရဲဝံ့စွာ ပစ်ခတ်နေသည်။ ၎င်း၏ ပစ်ခတ်တိုက်ခိုက်မှုဖြင့် ရန်သူတရုတ်ဖြူအများအပြား ကျဆုံးအောင် ရဲဝံ့စွာတိုက်ခိုက်

နိုင်ခဲ့သည်။ ရန်သူများသည် တပ်သားစွတ်(က်)ဗဟာဒူးရိုင်း၏ ပစ်ခတ်မှုကြောင့် ပြင်းထန်သည့်ဒဏ်ရာများဖြင့် ကျဆုံးခြင်းများဖြစ်ကုန်ကြသည်။

အလားတူ တပ်သားစွတ်(က်)ဗဟာဒူးရိုင်းသည် မိမိအသက်ကို ပဓာနမထားဘဲ ရန်သူများအတွင်းသို့ ရဲဝံ့စွန့်စားစွာ ဝင်ရောက်ပစ်ခတ်သည်။ ရန်သူတရုတ်ဖြူများသည် ထိုတပ်သားပစ်ခတ်မှုကို ကာကွယ်နိုင်ရန်အတွက် လက်ပစ်ဗုံးဖြင့် ပစ်လိုက်သည်။ စွတ်(တ်)ဗဟာဒူးရိုင်းသည် ရန်သူတရုတ်ဖြူတို့၏ လက်ပစ်ဗုံးထိမှန်ကာ နိုင်ငံတော်အတွက် အသက်ပေးလျှုခဲ့လေသည်။

ထိုအတွက်ကြောင့် နိုင်ငံတော်၏ အမြင့်ဆုံးစွမ်းရည်သတ္တိဘွဲ့ဖြစ်သည့် **"အောင်ဆန်းသူရိယ"**ဘွဲ့ကို ချီးမြှင့်ခြင်း ခံလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တပ်သားအောင်ဆန်းသူရိယစောမြင့်

(၁)

အောင်ဆန်းသူရိယတပ်သားလူသောင်း၏ စွမ်းစွမ်းတမံလုပ်ဆောင်ချက်များကို တင်ပြပြီးနောက် ကရင်အမျိုးသား တပ်သားအောင်ဆန်းသူရိယစောမြင့် အကြောင်းကို တင်ပြချင်ပါသည်။ တပ်သားအောင်ဆန်းသူရိယစောမြင့်သည် ကရင်တိုင်းရင်းသားတစ်ဦးဖြစ်သော်လည်း အခြားတိုင်းရင်းသားများကဲ့သို့ တိုင်းပြည်နှင့် ပြည်သူများအတွက် အသက်ပေးကာ ကွယ်လွန်သွားခဲ့သည်။

ထိုသို့ကာကွယ်တိုက်ပွဲဝင်သည့်အတွက် တပ်သားအောင်ဆန်းသူရိယစောမြင့်ကို နိုင်ငံတော်၏ အမြင့်ဆုံးဆုတံဆိပ်ကို ချီးမြှင့်ပေးအပ်ခဲ့သည်။ စောမြင့်သည် အသက်အရွယ်ငယ်ငယ်နှင့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သည်။ စောမြင့်သည် မြန်မာနိုင်ငံ၏ အမြင့်ဆုံးဆုတံဆိပ်နှင့် ထိုက်တန်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

ဒင်းဆုတံဆိပ်များအတွက် မြန်မာ့သမိုင်းတွင် မေ့ဖျောက်မရအောင် စွဲထင်ကျန်ရှိနေသည်။ ထို့အတွက်ကြောင့် ယခုရေးသားလျက်ရှိသည့် အောင်ဆန်းသူရိယဘွဲ့ရသူများစာရင်းတွင် ထည့်သွင်းရေးသားရန် ဆန္ဒရှိလာခဲ့သည်။ အမှန်တော့ ဗိုလ်မှူးအေးချို၊ ဗိုလ်ကြီးတိုက်ချန်း၊ တပ်သားလူသောင်းတို့ သုံးဦးသာ စာအုပ်အဖြစ် ထွက်ရှိခဲ့ပြီး တပ်သားစွတ်(တ်)ဗဟာဒူးရိုင်း၊ တပ်သားစောမြင့် အရပ်သားစောဘာရီတို့ သုံးဦးဟာ စာအုပ်အဖြစ် ထွက်ရှိထား[illegible]

www.burmeseclassic.com

www.burmeseclassic.com

မရှိသည့်အတွက် စာရွက်စာတမ်းများ စုဆောင်းသည်မှာ အလွန်ခက်ခဲလွန်းလှသည်။ ထို့အတွက် စုဆောင်းရရှိထားသည်များကိုရေးသားလိုက်ရပါသည်။

တကယ်တော့ တပ်သားအောင်ဆန်းသူရိယစောမြင့်သည် တိုင်းပြည်နှင့်ပြည်သူအတွက် အသက်ပေးကာကွယ်သလို အသက်သေရမှာကို ကြောက်ရွံ့နေသူ မဟုတ်ဘူးဆိုတာ ဤစာစုမှသက်သေပြသွားခဲ့သည်။

(၂)

တစ်ခုသော နွေရာသီနံနက်တွင် မြန်မာနိုင်ငံအတွက် အားကိုးရသည့် သူရဲကောင်းတစ်ယောက် ဝင်ရောက်လာသည်။ ၎င်းကတော့ ယခုတင်ပြနေသည့် တပ်သားစောမြင့် ဖြစ်သည်။ တပ်သားစောမြင့်ကို အဖ ဖထီးစောအမွေး၊ အမိ ဒေါ်နန်းမဖတ်တို့မှ သားသမီး ၎ငါးယောက်အနက် စတုတ္ထမြောက်သားရတနာဖြစ်သည်။

၎င်းကို ၁၂၉၁ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (ခရစ်နှစ် ၁၉၃၀ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်၊ အင်္ဂါနေ့နံနက် ၇ နာရီ) တွင် ကရင်ပြည်နယ်၊ နောင်တလာရွာ၌ မွေးဖွားခဲ့သည်။ တပ်သားစောမြင့်၏ မွေးချင်းများမှာ အောက်ပါတိုင်း ဖြစ်ပါသည်။

(၁) နန်းပန်းတယ်(ခ)နန်းငွေခင်
(၂) နဲသန့်မစ်
(၃) နန်းအုန်းဆိုင်
(၄) စောဂျလူ(ခ)စောမြင့်
(၅) စောခင်ရွှေ

အထက်ဖော်ပြပါ ငါးဦးတို့သည် တပ်သားအောင်ဆန်းသူရိယစောမြင့်(ခ)စောဂျလူ၏ မွေးချင်းမောင်နှမများဖြစ်ကြသည်။ ဆက်လက်၍ မိသားစုအခြေအနေစာရင်းကို တင်ပြချင်ပါသည်။

(၁) ဒေါ်နန်းငွေခင်သည် တစ်ရွာတည်းသားချင်း စောကော်ဖေနှင့် အိမ်ထောင်ကျသည်။ သားသမီး(၇)ယောက် ထွန်းကားခဲ့သည်။ ဒေါ်နန်းငွေခင်သည် ၂၀၀၅ ခုနှစ် ဧပြီလ အသက်(၈၆)နှစ်အထိ အသက်ရှင်နေထိုင်လျက်ရှိသည်။

(၂) နဲသန့်မစ်သည် ရဟန်း(၁)ဝါဝတ်၍ အသက်(၂၅)နှစ်တွင် ကွယ်လွန်ခဲ့သည်။ အိမ်ထောင်မရှိ။

(၃) ဒေါ်နန်းအုန်းဆိုင်သည် တောင်ကြာအင်းရွာသား စောရွှေဒေါင်းညိုနှင့် အိမ်ထောင်ကျသည်။ သားသမီး(၅)ဦးထွန်းကားသည်။ ၂၀၀၅ ခုနှစ် အသက်(၈၃)နှစ်အရွယ်ထိ အသက်ရှင်နေထိုင်လျက်ရှိသည်။

(၄) စောဂျလူ(ခ)စောမြင့် (အောင်ဆန်းသူရိယ)

(၅) သားအထွေး စောခင်ရွှေသည် မသက်မှုဖြင့် အသတ်ခံလိုက်ရသည်။

တပ်သားအောင်ဆန်းသူရိယစောမြင့်၏ အကြောင်း ဆက်လက်တင်ပြချင်ပါသည်။ ၎င်းကိုမွေးဖွားသည့်နေ့သည် နောင်တလာရွာကလေးတွင် ရှေဘိုးဘွားအစဉ်အဆက်မှ ပြုမြဖြစ်သည့် လှုဒါန်းမှုအစဉ်အလာတစ်ရပ်ကို ကျင်းပရန် ပြင်ဆင်နေသည့်နေ့ဖြစ်သည်။ ၎င်းနေ့ရောက်တိုင်း နောင်တလာရွာကို နဝင်းစေတီတော်၌ သံဃာတော်များ ပင့်လျှောက်ဆွမ်းကျွေးတရားတော်များ နာယူကြသည်။

၎င်းလှုဒါန်းပွဲသည် နောင်တလာရွာတွင် အစဉ်အလာကြီးမားသည့် စုပေါင်းထမနဲလှုဒါန်းပွဲဖြစ်သည်။ ထိုကလေး မွေးဖွားချိန်အခါ လူအများစုဝေးနေချိန်နှင့် တိုက်ဆိုင်လျက်ရှိနေသဖြင့် နောင်တစ်ချိန် လှုသိမျှားမည်ဟု နိမိတ်ဖတ်သူက ဖတ်ကြသည်။ ရပ်ကွက်လူကြီးတစ်ဦးက လူအများ အားကိုးအားထားရသည့် သတို့သားလေးဖြစ်မည်ဟု ဆိုပြန်သည်။ ဆေးဆရာ၊ ဘုရားလူကြီးတစ်ဦးက "လူအများ အားထားရသော၊ လူအများကိုကယ်တင်သော သူရဲကောင်းဖြစ်မည်"ဟု ဟောကိန်းထုတ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဖထီးစောအမွေးနှင့်ဇနီးတို့က ကျေနပ်မဆုံး ဖြစ်နေကြသည်။ နောက်တစ်နေ့နံနက် ထမနဲပွဲအစီအစဉ်အတိုင်းပင် လျှောက်ထားသည်။ ကျောင်းထိုင်ဆရာတော် ဦးသူရိယာ ကြွရောက်လာသည်။ ထိုစဉ် ဆရာတော်ဦးသူရိယက ဖထီးစောအမွေး၏ဇနီး စတုတ္ထသားလေး မွေးဖွားကြောင်း ကြားသိသွားသည်။ ဆရာတော်ကြီးက ကလေး၏ မွေးရက်၊ မွေးချိန်ကို သေချာမှတ်သားပြီး ကျောင်းကိုယူလာရန် ဖထီးစောအမွေးကို မိန့်ကြားလိုက်သည်။

ဖထီး စောအမွေးတို့သည် ဆရာတော်မှာကြားသည့်အတိုင်း နောက်တစ်နေ့တွင် မိခင်ရော ကလေးပါ ခေါ်ဆောင်ပြီး ဆရာတော်ထံ ရောက်ရှိသွားသည်။ ဆရာတော်သည် ကလေး၏မွေးရက်မွေးချိန်ကိုကြည့်လိုက်သည်။ "ဒီကလေး ကြီးပြင်းလာလျှင် လူအများကို ကူညီတတ်သော စိတ်ဓေတ်များနှင့် သတ္တိရှိမည်၊ စိတ်ထားပြည့်ဝသူဖြစ်မည်" ဟု ဆရာတော်က ကြိုတင်နိမိတ်ဖတ်လိုက်လေသည်။ အလားတူ ရာတော်ဦးသူရိယသည် ရက်ချုပ်ဇာတာကို ရေးသားတွက်ပေးသည်။ ရက်ချုပ်ဇာတာအရ ...

"၁၂၉၁-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ အင်္ဂါနေ့နံနက် (၇)နာရီအချိန်တွင် မာတာမိခင်မျက်နှာမြင်၏။ မည်သာယာခေါ် အမည်ကား "စောမြင့်" တွင်လေသည်"

ဟု အမည်ပေးလိုက်သည်။ ဖထီးစောအမွေး နှစ်သက်သည့် အမည်မှာ ထူးချွန်တကာ့ ထူးချွန်သော စောဂျလူ(မယ်ဂျလူ)အမည် မပျောက်စေရန် စောဂျလူ(ခ)စောမြင့် ဟူ၍ ခေါ်တွင်လေသည်။

(၃)

စောမြင့်ကို မိသားစုက ချစ်မြတ်နိုးသလို ယုံကြည်ကြသည်။ စောမြင့် အသက်(၆)နှစ်ကျော် (၇)နှစ်ပင် ပြည့်တော့မည့် သားကို ကျောင်းထားရ မရအောင် ဖြစ်နေသည်။ ဖခင်က ကျောင်းထား

ရန် စဉ်းစားပေမယ့် ဇနီးနှင့်သားသမီးတွေနှင့် ဆွေးနွေးနေရသည်။ အားလုံးက စိတ်မချရသည့်အတွက် ကျောင်းမထားစေချင်။ ဖထီးစောအမွေး ခေါင်းခဲနေသည်။

တစ်နေ့ လောင်ကိုင်းကျောင်းဆရာတော် ဦးသူရိယက ကျောင်းသားနှစ်ယောက် စေလွှတ်၍ ဖထီးစောအမွေးကိုခေါ်ခိုင်းလိုက်လေသည်။ ဖထီးစောအမွေး ဆရာတော်ကျောင်းကို ရောက်သွားသည်။

"ဒကာကြီးသား ကျောင်းထားတော့"

"တင်ပါ့ဘုရား"

ဆရာတော်သည် တစ်ခွန်းသာ မိန့်ကြားပြီး အခန်းထဲဝင်သွားလေသည်။ ဖထီး စောအမွေးသည် "တင်ပါ့ဘုရား" တစ်ခွန်းတည်းသာ ပြန်လျှောက်ပြီး ဆရာတော်ကြွရာနောက်သို့ သုံးကြိမ်ကန်တော့ပြီး ပြန်ခဲ့လေသည်။ ဖထီးစောအမွေး အိမ်ပြန်ရောက်လျှင် ဆရာတော်မိန့်ကြားသည့် တစ်ခွန်းတည်းသောစကားကို အိမ်သားများအားလုံး ကြားစေရန် အသံကျယ်ကျယ်နှင့် ထပ်ဆင့်ပြောလိုက်လေသည်။ ဆရာတော်၏သြဝါဒကို မည်သူကမျှစောဒကမတက်ဝံ့ချေ။ စောဒကတက်လည်း အကြောင်းမထူး။

ဆရာတော်၏သြဝါဒအတိုင်း စောဂျလူ(စောမြင့်)ကို ကျောင်းအမြန်ထားနိုင်ရန် စီမံပြင်ဆင်ကြရသည်။ ဖထီးစောအမွေးသည် စောဂျလူကို ကျောင်းအပ်လိုက်လေသည်။ ဘုန်းကြီးကျောင်းသို့ ရောက်ရှိသွားသည့် စောဂျလူတို့ ကျောင်းသားများသည် စုပေါင်း၍ ကျောင်းတွင်နေထိုင်ကြသည်။ ကျောင်းတွင် သင်ကြားသည့် ဘုန်းတော်ကြီးကျောင်းစာကို စောဂျလူတို့ ကြိုးကြိုးစားစားနှင့် ပညာသင်ယူကြသည်။ စောဂျလူ ပညာသင်ကြားသည့် လောင်းကိုင်ဘုန်တော်ကြီးကျောင်းသည် စည်းကမ်းအလွန်ရှိသည်။ အလားတူ အရွယ်ရောက်၍ ကိုရင်ဝတ်လျှင်ပင် စည်းကမ်းချက်များ ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

လောင်းကိုင်ဘုန်းတော်ကြီးကျောင်းတွင် အခါခပ်သိမ်း ရှင်ပြုလေ့မရှိ။ ဘုန်းတော်ကြီးကိုယ်တိုင် စီမံသည့် တစ်နှစ်တစ်ကြိမ် စုပေါင်းရဟန်းခံရှင်ပြုပွဲ၌သာ ပါဝင်ခွင့်ရရှိသည်။ ရှင်ပြုရေးအတွက် ရှင်လောင်းမှာ သင်္ကန်းတောင်း၊ ပုတီးစိပ်၊ လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ စသည်တို့ကို အခြေခံသင်ကြားတတ်မြောက်ရသည်။ ရှင်ကျင့်ဝတ်သိက္ခာပုဒ်များ မကျွမ်းကျင်လျှင် မည်သည့်ကျောင်းသားကိုမှ ရှင်ပြုခွင့်မပြုပေ။ ကျောင်းသားတစ်ဦးသည် ကျောင်းသားသက်တမ်း(၂)နှစ် အနည်းဆုံးရှိရမည်။ သင်္ကန်းကို ထိန်းသိမ်းနိုင်သည့်အရွယ် ရှိရသည်။ လောင်းကိုင်ဘုန်းတော်ကြီးကျောင်းတွင် ရှင်တစ်ပါးဖြစ်ရေးအတွက် ကန့်သတ်ချက်စည်းကမ်းချက် အများအပြားရှိသည်။

ဌင်းရဟန်းခံစုပေါင်းရှင်ပြုပွဲတွင် လက်ဝှေ့ပွဲများပါဝင်ခဲ့လေသည်။ ထိုနှစ် ရဟန်းခံစုပေါင်းရှင်ပြုပွဲတွင် စောဂျလူ ပါဝင်ဖျဉ်ပြိုင်ခွင့်ရသည်။ လက်ဝှေ့ပွဲတွင် စောဂျလူ အနိုင်ရသည်။ ထိုအချိန်ကစ၍ စောဂျလူ လက်ဝှေ့သမား ဖြစ်လာသည်။ ဌင်းကို ချီးကျူးကြသည်။ ထိုလောင်းကိုင်ကျောင်းတွင် နေထိုင်ရင်း လက်ဝှေ့ထိုးခြင်းနှင့် ပတ်သက်ပြီး စာချဆရာတော်၏ ဆုံးမမှုကြောင့် ဒဏ်ရာရရှိသွားသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စောဂျလူ ကျောင်းကထွက်ပြီး အိမ်ပြန်ခဲ့သည်။

လောင်းကိုင်ကျောင်းက ထွက်လာသည့် စောဂျလူက ဌင်းကျောင်းကို ပြန်မသွားလို၍ အမေ့ဆွေမျိုးများရှိသည့် ထီဖိုးစံဘုန်းတော်ကြီးကျောင်းသို့ သွားရောက်နေလိုပါသည်။ ဆရာတော်ကြီး ဦးသူရိယ မော်လမြိုင်မှ ပြန်မရောက်မီ ထီဖိုးစံကျောင်းသို့ အပ်နှံပေးရန် မိဘနှစ်ပါးအား တောင်းခံပူဆာသည်။ သားစောဂျလူ စိတ်ဓာတ်ကို သိနေသည့် ဖတီးစောအမွေးက သားဆန္ဒရှိသည့်အတိုင်း ထီဖိုးစံကျောင်းကို ပြောင်းလွှဲထားရန် စီမံလေသည်။ ထီဖိုးစံရွာတွင် ဖနီးနန်းမဖတ်၏ အစ်မ နန်းကြာလိန်နှင့် ခင်ပွန်း စောကြာညွန့်မိသားစု ရှိနေသည်။

ခဲအိုတော်သူက လက်ဝှေ့ဝါသနာကြီးသူဖြစ်သည်။ နဂိုကပင် တူတော်မောင် စောဂျလူအား ထီဖိုးစံရွာတွင် ခေါ်ထားရန် ဆန္ဒရှိနေသည်။ ထို့ကြောင့် ဖခင်နှင့် မိခင်တို့က သားကိုခေါ်လာပြီး ထီဖိုးစံရွာကို ရောက်ကြသည်။ ထီဖိုးစံကျောင်း ဆရာတော် ဦးဝိမလထံ အပ်နှံလိုက်လေသည်။ ထိုစဉ်က ထီဖိုးစံကျောင်းတိုက် ဆရာတော် ဦးဝိမလအရှင်သူမြတ်သည် ကော့ကရိတ်မြောက်ပိုင်း သုခမ္မာဂိုဏ်းချုပ်"ဆရာတော်ဖြစ်သည်။

ထီဖိုးစံကျောင်းတိုက်တွင် နံနက်(၄)နာရီခွဲ အိပ်ရာထပြီး ကိုယ်လက်သန့်ရှင်းရသည်။ နံနက်(၅)နာရီတွင် ဘုရားရှိခိုးရသည်။ (၅)နာရီခွဲတွင် ဆွမ်းပြင်ရသည်။ နံနက်(၆)နာရီတွင် ဆရာတော် သံဃာတော်များကို ဆွမ်းကပ်ရသည်။ ဆရာတော်များ ဆွမ်းဘုဉ်းပေးအပြီးတွင် စောဂျလူ(စောမြင့်)အပါအဝင် ကျောင်းသားများ ထမင်းစားကြသည်။ ထမင်းစားပြီးနောက် ကျောင်းသန့်ရှင်းရေး လုပ်ကြရသည်။ နံနက်(၈)နာရီတွင် စာသင်ဆောင်ဝင်ပြီး စာအံ၊ စာကျက်၊ စာတက်ကြရသည်။ နံနက်(၁၀)နာရီတွင် ဆွမ်းဝိုင်းများ ပြင်ကြရသည်။ ဆရာတော် သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီး ကျောင်းသားများ စားကြသည်။ ထို့နောက် မွန်းလွဲ(၁)နာရီအထိ အနားယူရသည်။ (၁)နာရီတွင် စာအံစာကျက် စာတက်ရသည်။ ညနေ(၄)နာရီတွင် ကျောင်းသန့်ရှင်းရေး လုပ်ကြသည်။

ထိုသို့ပြုလုပ်ပြီးနောက် စောဂျလူသည် ဝါသနာတူကျောင်းသားများနှင့် လက်ဝှေ့လေ့ကျင့်ကြသည်။ ညနေ(၅)နာရီတွင်အိမ်ပြန်ထမင်းစားပြီး (၆)နာရီတွင် ဘုရားရှိခိုးရပြီး တစ်ဆက်တည်း စာအံ၊ စာကျက်ရသည်။ ည(၉)နာရီတွင် အိပ်ရာဝင်ကြရသည်။ တစ်နေကုန် အလုပ်ရှုပ်နေကြပေမယ့် စောဂျလူတို့လို ကျောင်းသားများသည် ပျော်ရွှင်တက်ကြွနေကြသည်။

စောဂျလူသည် ကျောင်းတက်နေရင်း ရွယ်တူကျောင်းသားများနှင့် လက်ဝှေ့ထိုးသည်။ လက်ဝှေ့ပွဲတွင် စောဂျလူ အနိုင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

စောဂျလူတို့ နေထိုင်ရာအရပ်သည် လက်တွေ့ပွဲကို အလွန်အားပေးသည်။ နေ့ထူးနေ့မြတ်၊ ဘုရားပွဲ၊ အခြားပွဲများတွင် လက်တွေ့ပွဲတွေက အမြဲလိုပါဝင်နေသည်။ လက်တွေ့ပွဲတိုင်းလို ပါဝင်ဆင်နွှဲလေ့ရှိသည်။ စောဂျလူသည် ရုံးပွဲဆိုတာ မရှိသလောက်ရှားပါသည်။ နိုင်ပွဲကများလွန်းသည်။ စောဂျလူသည် လှိုင်းဘွဲ့မြို့နယ်မှ ပိုင်ကြွေရွာ၊ မိုးနှိုင်းရွာ၊ ဘားအံမြို့နယ်မှ မင်းဇီးရွာ၊ ဂါတ်တဲရွာ၊ ကော့ကရိတ်မြို့နယ်မှ နဆုးရွာ၊ ကျောက်ဖျာရွာ၊ အောက်ရွာဒေသတို့မှာ လက်တွေ့ထိုးတတ်လေသည်။

စောဂျလူအတွက် နာမည်ကျော်စေသည့် လက်တွေ့ပွဲကတော့ ထီပိုးစံရွာမြောက်ဘက် သုံးမိုင်ခန့်တွင် သမိုင်းဝင်"နောင်ထပ်လိုဏ်ဂူတော်"ပွဲဖြစ်သည်။ ၎င်းပွဲကို တက်ရောက်ပြီး လက်တွေ့ထိုးမည့် စောဂျလူတို့ကို ထီပိုးစံဆရာတော်က နွားလှည်းနှစ်စီးဖြင့် အသွားအပြန် စီစဉ်ပေးသည်။ ၎င်းပွဲတွင် စောဂျလူ အနိုင်ရ၍ ပတ်ဝန်းကျင်ရွာများမှ စောဂျလူကို အသိအမှတ်ပြုကုန်ကြသည်။ လက်တွေ့နိုင်၍ ဆရာတော်က ချီးကျူးလေသည်။

တစ်နေ့သောညတွင် ထီပိုးစံကျောင်း ဆရာတော်များနှင့် ကျောင်းဒကာတို့ စုဆေးစကားပြောနေကြသည်ကို စောဂျလူတို့ကြားသွားသည်။ အကြောင်းမှာ မြန်မာပြည် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ဘီအိုင်အေတပ်မတော်သည် မြဝတီမြို့မှ စစ်ကြောင်းချီတက်ပြီး နယ်ခြဲအင်္ဂလိပ်များကို တိုက်ခိုက်တော့မည်ဟု ပြောနေကြသည်။

၎င်းစကားကို စောဂျလူတို့ ကြားရ၍ အလွန်စိတ်ဝင်စားကြသည်။ ကော့ကရိတ်မှ လူတွေကလည်း စုရုံးပြီး စစ်ထဲဝင်ရန် မြဝတီနယ်စပ်ကို တစ်သုတ်ပြီးတစ်သုတ် သွားနေကြသည်။ ၎င်း သတင်းသည် အရပ်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည်။ စောဂျလူသည် စစ်ထဲဝင်ရန် စိတ်ထက်သန်လာသည်။ ထို့အတွက် ကြောင် ကျောင်းရှိ ကိုရင်ကြီး စန္ဒီမာကို မေးခွန်းထုတ်လေသည်။

"ကိုရင်ကြီး ... ကိုရင်ကြီး"

"ဟေ ... ဘာလဲ ဂျလူရ"

"ဗိုလ်ချုပ်အောင်ဆန်း စစ်တပ်ထဲမှာ တပည့်တော်တို့ ဝင်လို့မရဘူးလား ကိုရင်ကြီး"

"ဟာ ... ဂျလူရ၊ မင်းအသက် ဘယ်လောက်ရှိသေးလို့တုန်းကွ"

"ဆယ့်တစ်နှစ်ပါ ကိုရင်ကြီး"

"ဟာ ... မင်းအသက် ဆယ့်တစ်နှစ်ဆိုတော့ စစ်ထဲဝင်လို့ဘော့ ရမှာမဟုတ်ဘူး၊ ထမင်းထုပ်ပို့ပဲ ရမယ် ... ဟား ဟား"

"ကိုရင်ကြီး ... ထမင်းပို့ကဲ့အလုပ် တကယ်ရမှာလား၊ တပည့်တော်လုပ်မယ်၊ ပိုက်ဆံမရလည်းလုပ်မယ် ကိုရင်ကြီး၊ ဒီတစ်ခါကော့ကရိတ်သွားရင် တပည့်တော်ကို ခေါ်သွားနော်၊ တပည့်တော် လိုက်မယ်"

ဟု အတင်းပူဆာနေသည်။ ထိုစဉ် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် တပ်မတော်သားများ နယ်စပ်ကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံကို ဝင်ရောက်လာသည်။ အလားတူ မြန်မာပြည်ရှိ မြို့ကြီးများဖြစ်သည့် ကျိုက္ခမိ၊ မော်လမြိုင်မြို့များကို သိမ်းပိုက်ပြီး ဆက်လက်ချီတက်လာကြသည်။ ဂျပန်စစ်တပ် ရောက်ပြီး မကြာမီ ကရင်၊ ဗမာ လူမျိုးစုံပါဝင်သည့် စစ်တပ်တစ်တပ်သည် မြဝတီ၊ သင်္ကန်းညီနောင်မှတစ်ဆင့် ထီပိုးစံရွာကိုရောက်ပြီး တစ်ည့အနားယူသည်။ ကျေးရွာလူကြီးများက ဘုန်းကြီးကျောင်းဝင်းတွင် နေရာချထားပြီး ညစာထမင်း ကျွေးမွေးခဲ့သည်။ စောဂျလူတို့ ကျောင်းသားများကိုယ်တိုင် ညှဉ်ခဲကျွေးမွေးခွင့်ရသည်။

၎င်းစစ်တပ်ထဲတွင် ကရင်လူမျိုးစစ်သားတွေ ပါလာကာဇတ်ရသဖြင့် စောဂျလူတို့လူငယ်တွေ အားကျဂုဏ်ယူနေကြသည်။

"ဝေ ... တို့ကရင်တွေလည်း စစ်တိုက်တတ်တယ်၊ စစ်ဘုရင်ရဲတယ်"

www.burmeseclassic.com

www.burmeseclassic.com

ဟုပြောပြီး ဝမ်းသာဂုဏ်ယူစွာ ပြောဆိုလေသည်။ စစ်တပ်ထဲဝင်ရန် စိတ်ကူးရှိသော်လည်း အသက်ကငယ်နေသေးသည်။ ထိုအချိန်တွင် စောဂျလူ၏ မိခင် ဒေါ်နန်းမဟတ် ကွယ်လွန်သွားလေသည်။ မိခင်ကွယ်လွန်သွား၍ ရွာကိုပြန်ရသည်။ မိခင်ကြီးရက်လည်ပြီးနောက် ကျောင်းကို ပြန်ခဲ့ရသည်။

ထို့နောက် စောဂျလူကို ကိုရင်ဝတ်ပေးသည်။ ကိုရင်ဘွဲ့မှာ (ရှင်စန္ဒိမာ)ဖြစ်သည်။ ကိုရင်ဘဝနှင့် စာပေများကို ဆက်လက်သင်ကြားစေသည်။ စောဂျလူ ကိုရင်ထွက်ပြီး ကျောင်းစာကိုဆက်မသင်တော့ဘဲ ကျောင်းကထွက်လိုက်လေသည်။ ၎င်းသည် ဘုန်းတော်ကြီးကျောင်း အပါအဝင် အတန်းကျောင်းတွင် စတုတ္ထတန်းလည်း အောင်မြင်ခဲ့သည်။ ကျောင်းကထွက်ပြီး အဒေါ် ဒေါ်သိန်းမယ်အိမ်တွင် အတူနေရသည်။ အဒေါ်မိသားစုတွင် ခြံလုပ်ငန်း မနိုင်မနင်းဖြစ်၍ အကူအညီခေါ်ထားခြင်းဖြစ်သည်။ စောဂျလူ၏ ဖြတ်သန်းမှုတွေကို အသေးစိတ်ရှင်းပြရလျှင် ရှည်လျားလှသည်။ ထို့အတွက်ကြောင့် ကျန်တာတွေကို ချန်ရစ်ခဲ့ပြီး စစ်ထဲဝင်ရောက်ပုံများကို ဆက်လက် တင်ပြလိုက်ရပါသည်။

(၄)

စောဂျလူ ခေါ် စောမြင့်သည် တိုက်ရေးခိုက်ရေးကို အလွန်ဝါသနာပါသည်။ ထို့အတွက် ဆရာအရင်း ဦးမန်းထွန်းဝင်းအား စစ်ထဲဝင်ရောက် အမှုထမ်းလိုကြောင်း၊ စစ်သားကောင်းတစ်ယောက် ဖြစ်ချင်ကြောင်း မကြာခဏ ပြောတတ်လေသည်။ ထိုအခါ ဆရာကြီး ဦးမန်းထွန်းဝင်းက စစ်ထဲဝင်နိုင်ရေးကို နှံစမ်းပေးမည်။ လိုအပ်ပါက စစ်ထဲရောက်သည်အထိ လိုက်ပါပို့ဆောင်ပေးမည်ဟု ကတိပေးလိုက်သည်။

ဆရာကြီး ဦးမန်းထွန်းဝင်း နှံစမ်းသိရှိရသည့် အချက်တစ်ချက်မှာ မော်လမြိုင်မြို့တွင် တပ်မတော် ကရင်တပ်ရင်းများက လူအင်အားဖြည့်တင်းရန် စစ်သားသစ်များ စုဆောင်းလျက်ရှိသည်။ စစ်သင်တန်းကို မိတ္ထီလာမြို့တွင် တက်ရောက်သင်ကြားရမည်။ စစ်သင်တန်း ဆင်းလာသည့်အခါ ကရင်သေနတ်ကိုင်တပ်ရင်းတွင် စစ်မှုထမ်းရမည်ဟု နှံစမ်းသိရှိရသည်။

စစ်ထဲဝင်ရတော့မည် ဆိုသည့်အတွက်ကြောင့် စောဂျလူသည် အလွန်ပျော်ရွှင်နေသည်။ စစ်ထဲမဝင်မီကာလတွင် အစ်မညီမတွေနှင့် ဘုရားပွဲများကို သွားရောက်ကြည့်ရှုသည်။ စာသင်ခဲ့သည့်ကျောင်းမှ ဆရာတော်များကို ကန်တော့သည်။ သူငယ်ချင်းများကိုနှုတ်ဆက်သည်။ ဖခင်၏လယ်စောင့်တဲကလေးကို အခိုင်အမာပြုပြင်ပေးသည်။

ထို့နောက် စောဂျလူ စစ်ထဲဝင်ရောက်ရန် အခြေအနေကောင်းသွားသည်။ စောဂျလူ မော်လမြိုင်မှာ စစ်သားစုဆောင်းရေးဝင်ရန် ဆရာတော်ကြီး ဦးဇဝနနှင့် ဆရာကြီးမန်းထွန်းဝင်းတို့က လိုက်ပို့ကြရသည်။ ဆရာဆောင်းကြီးဦးဇဝန ဆရာကြီးဦးမန်းထွန်းဝင်း၊ စောဂျလူတို့ မော်လမြိုင်သို့ ခရီးထွက်ကြလေသည်။

ထိုနေ့သည် သက္ကရာဇ် ၁၃၀၉ ခု နတ်တော်လဆန်း(၂)ရက် (၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်၊ သောကြာနေ့)ဖြစ်သည်။ ဆရာတော်နှင့် ဒကာနှစ်ဦးတို့အား ဒကာ၊ ဒကာမများက တောင်ကြာအင်းရွာ၊ လှိုင်းဘွဲ့လမ်းခွဲအထိ လှည်းနှင့် လိုက်ပါပို့ဆောင်ကြသည်။ လှိုင်းဘွဲ့လမ်းခွဲမှ ခရီးဆက်ရန် ကော့ကရိတ်မှ ဆင်းလာသည့် ခရီးသည်ကားနှင့် ကျုံဒိုးကို ခရီးဆက်ကြရသည်။ ထိုအချိန်က ကျုံဒိုး–မော်လမြိုင်–ရေးလမ်း ခရီးတွင် ပုဂ္ဂလိကယာဉ်များ တစ်နေ့လျှင် တစ်ခေါက်သာ နံနက်ပိုင်းတွင် ပြေးဆွဲလျက်ရှိသည်။ နေ့လယ်နှင့် ညနေပိုင်းတွင် ပြေးဆွဲခြင်းမရှိ၍ ကျုံဒိုးတွင် တစ်ညအိပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ နံနက်ပိုင်းတွင် မော်လမြိုင်သို့ ခရီးဆက်ကြသည်။ ထိုနေ့ ညနေလေးနာရီတွင် မော်လမြိုင်ဆိပ်ကမ်းကိုရောက်ကြသည်။

ဆိပ်ကမ်းမှ မြင်းလှည်းတစ်စီးငှားရမ်းပြီး ရတနာဘုံပျဲကျောင်းသို့ သွားရောက်ကြသည်။

နောက်တစ်နေ့တွင် ဆရာတော်ကြီး ဦးဇဝန တပည့်ဒကာများနှင့် ဆရာကြီးဦးမန်းထွန်းဝင်းတို့ စောဂျလူ စစ်ထဲဝင်ရောက်နိုင်ရေးအတွက် သွားရောက်စုံစမ်းကြသည်။ စောဂျလူ လိုက်ပါသွားခြင်းမရှိ။

ထိုကျောင်းတွင် နေထိုင်သည့် ကျောင်းနေဖက် အရှင်စန္ဒန (စောထီလီပိုး)နှင့် ကျန်ရစ်ခဲ့သည်။ ၎င်းဦးပဥ္စင်းနှင့် ကျိုက်သန်လန်စောတီ၊ မဟာမြတ်မုနိ၊ ကျိုက်သုတ်စောတီတော်များကို သွားရောက်ပူးမြော်သည်။

ညနေပိုင်းတွင် ဆရာကြီးဦးမန်းထွန်းဝင်းက ယနေ့သွားရောက်စုံစမ်းသည့် စောဂျလူ စစ်ထဲဝင်ရောက် အမှုထမ်းရေးကိစ္စအဆင်ပြေလျက်ရှိကြောင်းနှင့် စစ်သားစုဆောင်းရေးတွင် စစ်သားသစ်များ လက်ခံနေပြီဖြစ်ကြောင်း ပြောကြလေသည်။ ၎င်းသတင်းကိုကြား၍ စောဂျလူမှာ အလွန်ဝမ်းသာပျော်ရွှင်နေသည်။ နောက်တစ်နေ့တွင် ဆရာကြီးဦးမန်းထွန်းဝင်း၊ ဆရာတော်ဒကာတစ်ဦး၏ ပို့ဆောင်မှုဖြင့် စောဂျလူ စစ်သားစုဆောင်းရေးကို ရောက်သွားလေသည်။

စစ်သားစုဆောင်းရေး ရောက်သွားသည့် စောဂျလူသည် ဆရာကြီးဦးမန်းထွန်းဝင်းအား ထိုင်ကန်တော့ပြီး ...

"ရွာပြန်ရောက်တဲ့အခါ ကျွန်တော် စစ်သားကောင်းတစ်ယောက် ဖြစ်သွားပြီ ဆိုတာကို အဖေနဲ့အစ်မ၊ အပေါင်းအသင်းတွေကို ပြောပြလိုက်ပါ ဆရာကြီး"

ဟုမှာကြားလိုက်လေသည်။ စောဂျလူ စစ်သားစုဆောင်းရေးရောက်သွားသော နေ့ရက်မှာ ၁၃၀၉ ခုနှစ် နတ်တော်လဆန်း(၅)ရက်၊ ခရစ်နှစ် ၁၉၄၇ ခုနှစ် နိုဝင်ဘာလ(၁၇)ရက် တနင်္လာနေ့ဖြစ်သည်ဟု ဆရာတော်၏မှတ်တမ်းမှာ တွေ့ရသည်။ အလားတူ တပ်မတော်မှတ်တမ်းရုံးက စောဂျလူ၏ကိုယ်ရေးကို ဤသို့မှတ်တမ်းတင်ထားသည်။

တပ်သားအမည်	စောမြင့် (SAW MYINT)
အသက်	(၁၈)နှစ်
အဘအမည်	ဦးငွေ (U NWE)
ကိုယ်ပိုင်အမှတ်	ဘီ/၀၀၆၀၃ (B/00603)
စတင်၀င်ရောက်သောနေ့	၁၇-၁၁-၁၉၄၇
လူမျိုး/ဘာသာ	ကရင်/ဗုဒ္ဓ
ဘဝရာဇ်	ကရင်သေနတ်ကိုင်တပ်ရင်း(၁)
လိပ်စာ	ကြာအင်းစွာ၊ ကမာကဝက်စာတိုက်၊ ကျိုက်ခမီခရိုင်

စောဂျလူ အမည်သည် သူ့ဖခင်ပေးထားသည့် အရပ်ခေါ်အမည်ဖြစ်သည်။ စောဂျလူ မွေးဖွားစဉ်က လောင်းကိုင်ကျောင်းတိုက်ဆရာတော် ဦးသူရိယ ရေးဖွဲ့ပေးသည့် ရက်ချုပ်ဇာတာအရ အမည်မှာ စောမြင့် ဖြစ်သည်။ သို့ဖြင့် တပ်မတော်သို့ ၀င်ရောက်အမှုထမ်းစာတွင် "စောမြင့်"ဟူသည့် အမည်ရင်းကို ပေးထားခြင်းဖြစ်သည်။

တပ်သားစောမြင့် တပ်မတော်သို့ ၀င်ရောက်အမှုထမ်းချိန်တွင် ကရင်ပြည်နယ် သတ်မှတ်ပေါ်ထွန်းခြင်းမရှိ။ ကော့ကရိတ်မြို့နယ်သည် ကျိုက်ခမီခရိုင်၌သာ ပါ၀င်ခဲ့လေသည်။

ထို့ကြောင့် တပ်သားစောမြင့်၏ ဖော်ပြသည့် လိပ်စာသည် ကျိုက်ခမီခရိုင်ဟုသာ ရေးသားထားခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅)

တပ်သားစောမြင့် တပ်မတော်တွင်အမှုထမ်းနေသော ၁၉၄၆–၄၇ ခုအချိန်တွင် ကော့ကရိတ်မြို့နယ် တောင်ပိုင်းဒေသတစ်ခွင်၌ ဒေသအုပ်ချုပ်ရေးများ စနစ်တကျ ပြန်လည်ချမှတ်နိုင်ခြင်း မရှိသေးသော ကာလအခါသမယဖြစ်သည်။ ဒေသအုပ်ချုပ်ရေးစနစ်တကျ မရှိသေးသောအချိန်တွင် ဒေသငြိမ်ဝပ်ပိပြားရေးလည်း မင်းမဲ့အလားဖြစ်ပေါ်လျက် ရှိနေလေသည်။

ထိုကာလအချိန်၌ ဓားပြဂိုဏ်း၊ ဓားပြဗိုလ်များက သေနတ်တကားကား ရမ်းကားချင်တိုင်း ရမ်းကားနေသော အချိန်ကာလဖြစ်သည်။

တစ်ဖန် နိုင်ငံလွတ်လပ်ရေးရပြီး ခေတ်ဦးပိုင်းတွင် ပြည်တွင်းသောင်းကျန်းမှုက တည်ရှိလာပြန်ပါသည်။ ဓားပြဗိုလ်များကြီးစိုးသော အခြေအနေမှ ပြည်တွင်းသောင်းကျန်းသူ လက်နက်ကိုင်များ အုပ်စိုးသောခေတ် ရောက်ရှိလာခဲ့သည်။ ဓားပြဗိုလ်များအချင်းချင်း နယ်မြေ စားကျက်ကွင်းလု တိုက်ခိုက်ကြရာမှ ခရစ်နှစ် ၁၉၅၁ ပြည့်နှစ်တွင် ကောအင်ဒီအိုလက်နက်ကိုင်များ နယ်မြေအားလုံးကို စိုးမိုးထားလိုက်သည်။

ကောအင်ဒီအိုများ ကြီးစိုးနေသော အချိန်တွင် လူမျိုးရေးအမြင်ကျဉ်းမှုများ ပြင်းထန်စွာ ရှိက်ခတ်လျက် ရှိလေသည်။ ကျေးလက်၌ နေထိုင်သော ကရင်တိုင်းရင်းမဟုတ်သူများ အနေအထိုင်ကျပ်တည်း၍ အန္တရာယ်များလာပြီး မြို့ကြီးပြကြီးသို့ ပြောင်းရွှေ့ကုန်လေသည်။ ကရင်တိုင်းရင်းသားများကိုပင် ကောအင်ဒီအိုတို့က အပြည့်အဝယုံကြည်မှု မရှိသဖြင့် ခရီးထွက်လျှင် ခွင့်ပြုချက်နှင့် ငွေထွက်လက်မှတ် ရယူပြီးမှ သွားလာကြရသည်။

ထိုအခြေအနေတို့ကြောင့် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသများသည် ပတ်ဝန်းကျင်နှင့်လည်းကောင်း၊ မြို့ပြများနှင့်လည်း

ကောင်း အဆက်အသွယ်ပြတ်သလို ရှိနေလေသည်။ သို့ဖြင့် တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသော တပ်သားစောမြင့်သည် သူ့ဒေသရှိ သူ့မိဘဆွေမျိုးများနှင့် အဆက်အသွယ်ပြတ်လျက်ရှိလေသည်။ သူ့မိဘဆွေမျိုးများသည် တပ်သားစောမြင့်နှင့် အဆက်အသွယ်မရှိသလို ဆက်သွယ်နိုင်သော အခြေအနေလည်း မရှိသဖြင့် တပ်သားစောမြင့် တစ်ယောက် ဘယ်ဆီ၊ ဘယ်ဝယ် ရောက်နေသည်ကို မသိကြတော့ပေ။

တပ်သားစောမြင့်သည် တပ်မတော်သို့ ဝင်ရောက်ပြီး မကြာမီ မိတ္ထီလာမြို့တွင် စစ်သင်တန်းတက်ရသည်။ ထိုစစ်သင်တန်းတွင် တစ်နယ်သားချင်းဖြစ်သော ကော့ကရိတ်မြို့နယ်မြောက်ပိုင်း၊ မြပတိုင်းရွာသား စောဘဖြူနှင့် ဆုံစည်းကြသည်။ ခင်မင်ရင်းနှီးကြသည်။

စစ်သင်တန်းပြီးဆုံး၍ သင်တန်းဆင်းသောအခါ တပ်သားစောမြင့်သည် ကရင်သေနတ်ကိုင်တပ်ရင်း(၁)တွင် တာဝန်ချထားခြင်း ခံရသည်။ ထိုစဉ်က အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းသည် တောင်ငူမြို့တွင် တပ်ရင်းဌာနချုပ် ထားရှိသည်။

ကရင်လက်နက်ကိုင်တပ်ရင်းများ အစိုးရနှင့် သံသယရှိလာကြသောအခါ အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်းသည် ၁၉၄၉ ခုနှစ်၊ ဧန်နဝါရီလ(၂၇)ရက်နေ့တွင် တောင်ငူမြို့ကို သိမ်းပိုက်ထားလိုက်သည်။ မိတ္ထီလာမြို့တွင် ကောအင်ဒီအိုလက်နက်ကိုင်များဖမ်းဆီးထားသော ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိများအား တောင်ငူမြို့ တောင်ငူထောင်တွင် ချုပ်နှောင်ထားကြသည်။ ထိုစဉ်က တောင်ငူမြို့သည် ကောအင်ဒီအိုလက်နက်ကိုင်များ၏ မြို့တော်ဖြစ်သည်။

ကောအင်ဒီအိုလက်နက်ကိုင်များ သိမ်းပိုက်ထားသော တောင်ငူမြို့ကို တပ်မတော်က မိုးကြိုးစစ်ဆင်ရေးဖြင့် ၁၉၅၀ ပြည့်နှစ် မတ်လ(၁၉)ရက်နေ့တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ အမှတ်(၁)

www.burmeseclassic.com

www.burmeseclassic.com

ကရင်လက်နက်ကိုင်တပ်ရင်း တစ်ရင်းလုံးသည် တောတွင်းရောက်သွားလေသည်။ ကေအင်ဒီအိုများ ဆုတ်ခွာရာတွင် မိတ္ထီလာမြို့မှ ဖမ်းဆီးထားသော ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိ အချို့ကိုပါ ဖမ်းဆီးခေါ်ဆောင်သွားကြသည်။ သံတောင်မြို့နယ် ရေသိုးကြီး အချုပ်ထောင်တွင် ချုပ်နှောင်ထားလေသည်။

အမှတ်(၁)ကရင်ဒေနတ်ကိုင်တပ်ရင်း၊ တပ်ရင်းတစ်ရင်းလုံး တောတွင်းရောက်သွားသောအခါ တပ်သားစောမြင့်တို့သည် တောခိုကေအင်ဒီအို ဖြစ်မှန်းမသိ ဖြစ်သွားလေသည်။ တောတွင်းရောက်သွားသော တပ်သားစောမြင့်သည် တောခိုကေအင်ဒီအို ခံယူမည့် အစား သစ္စာရှိကရင်အဖြစ် ခံယူမည်ဟု ဆုံးဖြတ်ကာ အဖော်တစ်စု နှင့် အလင်းဝင်ခဲ့သည်။ အလင်းဝင်လာသော သစ္စာရှိကရင်တပ်သားများကို အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ် တောင်ငူမြို့တွင် တွဲဖက်ထားကြသည်။

ထိုသို့ တွဲဖက်ထားစဉ် သံတောင်မြို့နယ် ရေသိုးကြီးရွာ အချုပ်ခန်းတွင် ကေအင်ဒီအိုတို့ ဖမ်းဆီးချုပ်နှောင်ထားသော ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိကြီးများအား ကယ်တင်ကယ်ယူရေးအတွက် သွားရောက်အဆက်အသွယ်ပူးရန် စီမံကြလေသည်။ ထိုသို့ စီမံရာတွင် ကရင်အမျိုးသားဖြစ်ပြီး ဒေသကျွမ်းကျင်သော ကေအင်ဒီအိုအလင်းဝင် သစ္စာရှိကရင် စောဘရီအား တာဝန်ပေးရန် ရွေးချယ်ကြသည်။ သစ္စာရှိကရင် စောဘရီကလည်း တာဝန်ပေးလျှင် ထိုတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်မည်ဟု ကတိပေးပါသည်။

သို့ရာတွင် စောဘရီအား တစ်ဦးတည်း တာဝန်ပေးရာတွင် ညှိနှိုင်းတိုင်ပင်ရန် အဖော်တစ်ဦးပါရှိပါက ပို၍ သင့်လျော်အဆင်ပြေနိုင်မည် ဖြစ်သည်။ သို့ဖြင့် စောဘရီနှင့်အတူ တွဲဖက်လုပ်ကိုင်နိုင်မည့် စိတ်ချယုံကြည်ရသော အဖော်တစ်ဦးရရှိရန် စေခိုင်းကြသည်။ စောဘရီကလည်း တောတွင်းကေအင်ဒီအိုဘဝတွင် အခင်မင်ဆုံးဖြစ်သော သူငယ်ချင်းဖြစ်သူ စိုးမြင့်(ခေါ်)စောမြင့်အား ရှာဖွေရန် စီစဉ်လေသည်။

သစ္စာရှိကရင် စောဘရီ၏ ရှာဖွေချက်အရ သူငယ်ချင်းဖြစ်သူ စိုးမြင့်(ခေါ်)စောမြင့်အား ကရင်စုတွင်တွေ့ရှိသဖြင့် တပ်မဟာမှူးထံ ခေါ်လာခဲ့သည်။ စောဘရီ၏ အဆိုအရ ယမန်နေ့ကပင် တပ်မဟာမှူးထံ ခေါ်လာခဲ့သည်။ စောဘရီ၏ အဆိုအရ ယမန်နေ့ညကပင် လက်ထပ်သော တပ်သားစောမြင့်(အလင်းဝင်သစ္စာရှိကရင်)ကို တွေ့ရှိစည်းရုံး ခေါ်လာခဲ့သည်။ တောတွင်းကေအင်ဒီအိုဘဝက အခင်မင်ဆုံးဖြစ်သည်ဟု စောဘရီက ဆိုပါသည်။

တပ်မဟာမှူးက အဖမ်းခံရသော တပ်မတော်အရာရှိများအား သွားရောက် အဆက်အသွယ်ယူရေးအတွက် စောဘရီနှင့်အတူ တာဝန်ပေး စေလွှတ်လိုကြောင်း ရှင်းပြပါသည်။ စောမြင့်က ဤမွန်မြတ်သောတာဝန်ကို ပေးအပ်ပါက ကျေပွန်အောင် ဆောင်ရွက်မည်ဟု ကတိပေးပါသည်။ ဤသို့ဖြင့် သစ္စာရှိကရင် စောဘရီနှင့် စောမြင့်တို့သည် သံတောင်မြို့နယ် ရေသိုးကြီးရွာ အချုပ်ခန်းတွင် ချုပ်နှောင်ထားသော တပ်မတော်အရာရှိများနှင့် အဆက်အသွယ်ရယူရန် တာဝန်ပေး စေလွှတ်ကြလေသည်။

စောဘရီနှင့် စောမြင့်တို့သည် ပေးအပ်သောတာဝန်ကို တမ်းဆောင်ရန် ၁၉၅၁ ခုနှစ်၊ ဇွန်လ(၈)ရက်နေ့ညနေတွင် စတင်ခရီးထွက်ခွာကြသည်။ တပ်မတော်က တပ်မတော်ရှေ့တန်းစခန်းအထိ လိုက်ပါပို့ဆောင်ကြသည်။ စောဘရီ အရောင်းအဝယ်ကုန်သည်ဖြစ်၍ စောမြင့်က အထမ်းသမားအဖြစ် လိုက်ပါရသောအစီအစဉ်ဖြစ်သည်။

သစ္စာရှိကရင်နှစ်ဦး၏ ဉာဏ်ရည်ထက်မြက်မှု၊ ပါးနပ်မှုတို့ကြောင့် အဖမ်းခံရသော တပ်မတော်အရာရှိများနှင့် တွေ့ဆုံခွင့်ရခဲ့ကြသည်။ တပ်မဟာမှူးက တာဝန်ပေး စေလွှတ်လိုကြောင်း၊ တပ်မဟာမှူး ပေးလိုက်သောစာကို ပေးအပ်ပြီး ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်နှင့် ဗိုလ်မှူးသိမ်းတုတ်တို့ ပြန်ရောပေးလိုက်သော စာနှစ်စောင်နှင့် ပန်းချီကားတစ်ချပ်ကိုပါ အထောက်အထားအဖြစ် ယူဆောင်လာနိုင်ခဲ့သည်။ ဇွန်လ(၈)ရက်နေ့မှ စတင်သော ခရီးစဉ်သည် (၁၀)ရက်တိတိအကြာ ဇွန်လ(၁၈)ရက်နေ့တွင် ပြန်လည်ရောက်ရှိကြသည်။ ပထမအကြိမ် တာဝန်ပေး စေလွှတ်သော အဖမ်းခံအရာရှိများနှင့် အဆက်အသွယ်ရယူရေးတာဝန်ကို စောဘရီနှင့် စောမြင့်တို့က အောင်မြင်ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ထိုမှဆက်၍ တပ်တော်အကြီးအကဲတို့၏ ထပ်ခံတာဝန်ပေးချက်အရ အဖမ်းခံရသော တပ်မတော်အရာရှိများအား အချုပ်ထောင်ဖောက်ပြီး ကယ်ယူကယ်တင်ရန်ဖြစ်သည်။ တပ်မတော်အရာရှိများအား အချုပ်ခန်းကိုဖောက်ပြီး ကယ်ယူကယ်တင်ရေးလုပ်ငန်းတွင် စောဘရီနှင့် စောမြင့်တို့အား အမာခံထားပြီး ကွန်မန်ဒိုအဖွဲ့ကို အဖွဲ့ဝင်(၆)ဦးဖြင့် ဖွဲ့စည်းလိုက်သည်။ ထပ်မံလိုအပ်သောအဖွဲ့ဝင် (၄)ဦးကို သထုံတပ်ရင်း(၅)တွင် တွဲဖက်ထားသော သစ္စာရှိကရင် ရဲဘော်(၄)ဦးကို ခွဲးခြယ်လိုက်သည်။ ကွန်မန်ဒို(၆)ဦးပါဝင်သော ကယ်ယူကယ်တင်ရေး စီမံချက်ကို "ယုဇနစစ်ဆင်ရေး" ဟူ၍ အမည်ပေးထားပါသည်။

ယုဇနစစ်ဆင်ရေးသည် ၁၉၅၁ ခုနှစ် ဇွန်လ(၂၄)ရက်နေ့တွင် စတင်လေသည်။ ကွန်မန်ဒိုအဖွဲ့သည် စစ်ဆင်ရေးစတင်၍ (၅)ရက်မြောက်သော (၂၈–၆–၁၉၅၁)ရက်နေ့တွင် သတ်မှတ်စုရပ်သို့ ရောက်ရှိကြသည်။ သတ်မှတ်စုရပ်တွင် ခေါင်းဆောင်စောဘရီနှင့် ရဲဘော်မောင်သွင်တို့က တောင်ကုန်းတစ်ခုတွင် နေရာယူပြီး အစွမ်းကုန် ခုခံတိုက်ခိုက်သည်။ ဒုတိယခေါင်းဆောင် စောမြင့်ဦးဆောင်သော ကွန်မန်ဒို(၄)ဦးက အချုပ်ခန်းကို ဖောက်ခွဲပြီး တပ်မတော်အရာရှိများအား ကယ်ယူကယ်ထုတ်ခဲ့ကြသည်။

ယုဇနစစ်ဆင်ရေးသည် အဖမ်းခံထားရသော တပ်မတော်အရာရှိများအား လွတ်မြောက်အောင် ကယ်ယူကယ်ထုတ်နိုင်ခဲ့သော

လည်း လူစုကွဲပြီး အားလုံးပြန်လည်အဖမ်းခံရသည်။ ကွန်မန်ဒိုအဖွဲ့ဝင်ရဲဘော်(၆)ဦးအနက် ရဲဘော်ထွန်းယု တစ်ယောက်သာ အသက်ရှင်ပြန်ရောက်ပြီး ကျန်ကွန်မန်ဒို(၅)ဦးက ရန်သူများ၏ ပြင်းထန်စွာ ဝိုင်းဝန်းပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိကာ နိုင်ငံတော်အတွက်အသက် ပေးလှူသွားကြသည်။

ယုဇနစစ်ဆင်ရေးသည် ၁၄–၆–၁၉၅၁ ရက်နေ့တွင် စတင်၍ (၅)ရက်အကြာ ၂၈–၆–၁၉၅၁ ရက်နေ့တွင် (ထိုနေ့ညတွင်)တိုက်ပွဲဖြစ်ပွားပြီး အဖွဲ့ခေါင်းဆောင် စောဘရီ၊ ဒုခေါင်းဆောင်စောမြင့်၊ ရဲဘော်ကျော်သိန်း၊ ရဲဘော်မောင်သွင်၊ ရဲဘော်ထွန်းမင်းတို့ ကျဆုံးခဲ့သည်။ ရဲဘော်ထွန်းယု တစ်ယောက်သာ အသက်မသေဒဏ်ရာများစွာနှင့် တပ်မတော်လျှို့ဝှက်ရေးတန်းတပ်စခန်းတွင် ၁၉၅၁ ခုနှစ် ဇူလိုင်လ(၇)ရက်နေ့၌ ပြန်လည်ရောက်ရှိလာလေသည်။ ရဲဘော်ထွန်းယု ပြန်ရောက်သောနေ့အထိ ယုဇနစစ်ဆင်ရေးသည် (၁၄)ရက်ကြာ ရှိလေသည်။

(၆)

၁၉၅၁ ခုနှစ်၊ ဇွန်လ(၂၄)ရက် တနင်္ဂနွေနေ့။

ဤနေ့သည် ရက်ပေါင်းရှည်ကြာစွာက ကေအင်ဒီအိုများ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသော ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိများအား ကယ်တင် ကယ်ယူရေးအတွက် "ယုဇန" စစ်ဆင်ရေး စတင်လိုက်သောနေ့ဖြစ်သည်။

ဤယူဇနစစ်ဆင်ရေးတွင် သစ္စာရှိကရင်လူငယ်(၆)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးလိုက်သော ကွန်မန်ဒိုအဖွဲ့မှာ ဤသို့ဖြစ်သည်။

(၁) အရပ်သားစောဘရီ — ကွန်မန်ဒိုခေါင်းဆောင်
(၂) တပ်သားစောမြင့် — ကွန်မန်ဒို ဒုတိယခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

(၃) တပ်သားထွန်းယု ကွန်မန်ဒိုအဖွဲ့ဝင်
(၄) တပ်သားမောင်သွင် ကွန်မန်ဒိုအဖွဲ့ဝင်
(၅) အရပ်သားဦးကျော်သိန်း ကွန်မန်ဒိုအဖွဲ့ဝင်
(၆) အရပ်သားဦးထွန်းမင်း ကွန်မန်ဒိုအဖွဲ့ဝင်

စသည်တို့ ဖြစ်ကြသည်။

ယုဒနေ့စစ်ဆင်ရေး ဆင်နွှဲခြင်းမပြုမီ ၁၉၅၁ ခုနှစ် ဇွန်လ (၈) ရက်မှ (၁၈)ရက်အထိ (ရက်ပေါင်း ၁၀ ရက်အတွင်း)သစ္စာရှိကရင် စောဘရီနှင့် စောမြင့်တို့နှစ်ဦးသည် ရေသိုးကြီးအကျဉ်းထောင်၌ ကေအင်ဒီအိုများ ဖမ်းဆီးချုပ်နှောင်ထားသော ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိတို့ကို ဖွန့်ဖွန့်စားစားသွားရောက်ပြီး အဆက်အသွယ်ရယူနိုင်ခဲ့သည်။ ပထမအဆင့်လုပ်ငန်းများ အောင်မြင်ပြီးဆုံးခဲ့ပါ၏။

ပထမအဆင့် လုပ်ငန်းအောင်မြင်မှုအရ ယခုဆင်နွှဲရမည့် ဒုတိယအဆင့်လုပ်ငန်းမှာ အချုပ်ခံနေရသော တပ်မတော်အရာရှိများလွတ်မြောက်ရေးအတွက် ကယ်တင်ကယ်ယူရေးလုပ်ငန်းကို ချမှတ်ဆောင်ရွက်ခြင်းဖြစ်၏။ ယခု ဒုတိယအကြိမ်တွင် ပထမအကြိမ်က ပါဝင်ခဲ့သော သစ္စာရှိကရင်စောဘရီနှင့် စောမြင့်တို့အပြင် သထုံတပ်ရင်း(၅)မှ သစ္စာရှိကရင်(၄)ဦးကို အင်အားဖြည့်တင်းထားပါ၏။

ကွန်မန်ဒိုသုံရဲကောင်း(၆)ဦးတို့ကို စောဘရီ ခေါင်းဆောင်၍ ဤရွှေတန်း ညောင်ပင်သာတပ်စခန်းမှ တပ်စခန်းမှူး ဗိုလ်မောင်လှနှင့် တပ်မတော်သားတို့က တပ်မတော်နှင့် ကေအင်ဒီအိုကြားစခန်းဖြစ်သော "ဆိတ်ဖူးတောင်"အထိ ပို့ဆောင်ပေးခဲ့သည်။ ကွန်မန်ဒို (၆)ဦးသည် စောဘရီ၊ စောမြင့်တို့ ရှေ့ဆောင်ပြီး ဆိတ်ဖူးတောင်မှ တောလမ်းအတိုင်း ရည်မှန်းချက် နေရာသို့ ဦးတည်ချီတက်ကြလေသည်။

ပထမအကြိမ် စောဘရီနှင့် စောမြင့်တို့ အဆက်အသွယ်ရယူရေးအဖွဲ့က ဆေးဆက်ခဲ့စဉ်က အသွားခရီး(၄)ရက်၊ ဘောဂလီရွာနှင့် ပတ်ဝန်းကျင်ရွာများတွင် ပစ္စည်းရောင်းချခြင်း(၄)ရက်၊ အပြန်ခရီး(၂)ရက်မေါင်းလျှင် ၁၀ ရက်တိတိ ကြာခဲ့သည်။ ယခုအကြိမ် ကွန်မန်ဒိုအဖွဲ့ ဒုတိယမဗေလွတ်ရာတွင် (၁၀)ရက်ထက်မနည်းကြာနိုင်မည်ဟု ခန့်မှန်းထားကြသည်။ ကွန်မန်ဒိုအဖွဲ့ စတင်ထွက်ခဲ့သော ဆိပ်ဖူးတောင်တွင် စောင့်ကြိုရန် လျှို့ဝှက်တပ်စုတစ်စုကို ဇူလိုင်လ(၃)ရက်နေ့တွင် ချထားလိုက်သည်။ တပ်မဟာမှူးကြီးကိုယ်တိုင်ပင် ထိုစခန်းသို့ မကြာခဏသွားရောက်၍ စောင့်ကြိုနေပါသည်။ သို့ရာတွင် ရောက်ချိန်တန်သော်လည်း ကွန်မန်ဒိုအဖွဲ့ရော၊ ဗိုလ်မှူးကြီးမောင်မောင်တို့အဖွဲ့ပါ မည်သည့်အဖွဲ့မှ ရောက်မလာပါချေ။

တပ်မဟာမှူးကြီးနှင့် တပ်မဟာဌာနချုပ် အရာရှိများသည် ရောက်ချိန်တန်၍ မရောက်လာဘဲ ရက်များကြာလာသည်နှင့်အမျှ စိတ်ပူပင်ခြင်းများ အထူးဖြစ်လာကြသည်။ အစီအစဉ်အတိုင်း အဆင်မပြေ၊ မဖြစ်မြောက်ရှိလား၊ ရန်သူကေအင်ဒီအိုတို့လက်ဝဲ၊ ရောက်ရှိနေပြီလား၊ သို့လော သို့လော တွေးတောကာ ဘာဆက်လုပ်ရမည်ကို စဉ်းစားနေစဉ် ၁၉၅၁ ခုနှစ် ဇူလိုင်လ(၇)ရက်နေ့တွင် ရဲဘော်ထွန်းယု တစ်ယောက် ရှေ့တန်းဆိပ်ဖူးတောင် လျှို့ဝှက်စခန်းသို့ ဒဏ်ရာများစွာနှင့် ရုတ်တရက် ပြန်လည်ရောက်ရှိလာပါသည်။ ယုဒနေ့စစ်ဆင်ရေး၏ (၁၄)ရက်မိုက်ကြာသောကာလ ဖြစ်သည်။

ရဲဘော်ထွန်းယုသည် တပ်မတော်သားတို့ကို တွေ့လျှင်တွေ့ချင်း မိမိအား အမြန်ဆုံး တပ်မဟာမှူးထံ ပို့ပေးရန်ပြောလာပါသည်။ တပ်မတော် တာဝန်ရှိသူများကလည်း ချက်ချင်းအစီအစဉ်လုပ်ကာ တပ်မဟာမှူးထံ အမြန်ခေါ်ဆောင်လာကြသည်။ ရဲဘော်ထွန်းယုသည် တပ်မဟာမှူးအား တွေ့လျှင်တွေ့ချင်း တပ်မဟာမှူးလက်ကို လှမ်းဆွဲလိုက်ပြီး အားတင်းထားသော စိတ်များကိုလွှတ်ချလိုက်ဟန်တူသည်။ သတိမေ့မြောသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်ထွန်းယုသည် သက်စွန့်ဆဲဖျား အခက်အခဲများစွာကို ကျော်လွှားလွတ်မြောက်လာရကြောင်း ပေါ်လွင်နေပါသည်။ သူ၏ တစ်ကိုယ်လုံးတွင် ဆူးခြစ်ရာများ၊ ချုံတောတိုးလာသဖြင့် မွန်းပဲ့သွေးထွက်ဒဏ်ရာများနှင့် ပြည့်နေပြီး အသက်ရှင်လျက် ပြန်ရောက်နိုင်ခြင်းမှာ အံ့ဖွယ်ရာ ဖြစ်ရလေသည်။ သူ့အား ချက်ချင်းဆေးရုံပို့ပြီး ဆရာဝန်များနှင့် ကုသတော့မှ သတိပြန်ရလာပါသည်။ သို့သော် အလွန်အမင်း အိပ်ရေးပျက်ခဲ့ဟန် တူပါသည်။ သတိရပြီးနောက် စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါလေတော့သည်။

ရဲဘော်ထွန်းယု သတိရ၍ ကောင်းစွာစကားပြောနိုင်သော အခါ သူတို့ကွန်မန်ဒို(၆)ဦးတို့၏ သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ခဲ့ပုံများကို ပြန်လည်ပြောပြပါသည်။ ကွန်မန်ဒိုခေါင်းဆောင် စောဘရီ၏ အရေးကြီးသောအခါ ခေါင်းအေးအေးထားပြီး စီမံခန့်ခွဲပုံများ၊ ဒုတိယခေါင်းဆောင်စောမြင့်၏ ကိုယ်ကျိုးမတွက် သက်စွန့်ကြိုးပမ်းခဲ့ပုံများကို ဓာတ်လမ်းရှည်တစ်ပုဒ်အဖြစ် ပြန်လည်ပြောပြပါသည်။

(၇)

ဇွန်လ(၂၄)ရက်နေ့ နံနက်တွင် ကွန်မန်ဒိုရဲဘော်(၆)ဦးသည် "ဆိပ်ဖုးတောင်"မှ တောတွင်းဝင်ပြီး တောလမ်းထွင်၍ ခရီးစတင်ကြလေသည်။ ကေအင်ဒီအိုတို့၏ တပ်စခန်းနှင့် ၎င်းတို့လှုပ်ရှားသောနယ်မြေမှ ဝေးသထက်ဝေး၍ လွတ်ကင်းသောတောကြီး၊ လျှိုကြီး၊ မြိုင်ကြီးတို့ကိုတိုး၍ ခရီးချီတက်ကြရသည်။ တောကြီးထူထပ် တောင်ကုန်းအထပ်ထပ်တို့ဖြင့် ကြမ်းတမ်းလှသော တောင်တက်ခရီးတွင် သယ်ဆောင်ရသော ကုန်ပစ္စည်းများနှင့် လက်နက်ခဲယမ်းမီးကျောက်တို့မှာ လေးလံလှသဖြင့် ခရီးမတွင်ဘဲ ရှိနေလေသည်။ ထိုနေ့တွင် တစ်နေကုန် တောတိုးခရီး ချီတက်ပြီး တောတွင်း၌ပင် ညအိပ်စက်ကြသည်။

နောက်တစ်နေ့ ဇွန်လ(၂၅)ရက်နေ့ နံနက်တွင် စောစောစီးစီး၌ တောလမ်းခရီးဆက်၍ ချီတက်ပြန်ပါသည်။ ခေါင်းဆောင်စောဘရီနှင့် စောမြင့်တို့က ကွန်မန်ဒိုရဲဘော်များကို အနားကပ်ပြီး အားပေးစကား ပြောကြသည်။ ခရီးကြမ်းချီတက်ရသော ကွန်မန်ဒိုရဲဘော်များသည် စိတ်ဓာတ်မကျသော်လည်း ပင်ပန်းနွမ်းနယ်ခြင်းရှိလာကြသည်။ ထိုနေ့ည၌လည်း တောတွင်း၌ပင် အိပ်စက်ကြရသည်။

နောက်တစ်နေ့ ဇွန်လ(၂၆)ရက်နေ့ နံနက်တွင် တောလမ်းခရီးကြမ်းအတိုင်း ဆက်လက်ချီတက်ကြပြန်သည်။ ထို့နောက် ခေါင်းဆောင် စောဘရီက ကေအင်ဒီအိုများ လှုပ်ရှားရာနယ်မြေများနှင့် လွတ်ကင်းစိတ်ချလောက်ပြီ ဆိုသဖြင့် တောတွင်းမှ တောင်ဝင်ရင်း-မော်ဆိုးသွား ကားလမ်းပေါ် တက်ကြသည်။ ကားလမ်းပေါ်တွင် သက်သောင့်သက်သာ သွားလာရသောအခါ ကွန်မန်ဒိုရဲဘော်များ ရယ်ရယ်မောမောနှင့် ရှိလာကြသည်။ သို့ရာတွင် တောလမ်းခရီး၌ နှစ်ရက်ကြာ ချီတက်ခဲ့ကြ၍ အားလုံးက ခွမ်းနယ်ခြင်း ရှိလာကြသည်။ သို့သော် စိတ်ဓာတ်ကြွဲခိုင်မှုကောင်းလျက် ခေါင်းဆောင်နှစ်ဦးကလည်း မပြတ်အားပေးနေလေသည်။

ကားလမ်းခရီးဆက်၍ တစ်နာရီခန့်အကြာတွင် ကေအင်ဒီအို စစ်ဆေးရေးဂိတ်နှင့် အကောက်ခွန်ဌာန တစ်နေရာသို့ ရောက်ရှိလေသည်။ ကွန်မန်ဒိုရဲဘော်များ ရင်တထိတ်ထိတ်နှင့် စိုးရိမ်တကြီးရှိကြသည်။ သို့ရာတွင် ခေါင်းဆောင်စောဘရီနှင့် စောမြင့်တို့ကအရယ်အပြုံးမပျက် တည်တည်မှန်မှန်နှင့် ရှိနေကြသည်။ စောဘရီဦးဆောင်ပြီး သူတို့နှစ်ဦး ဂိတ်မှူးကို အပြုံးနှင့်နှုတ်ဆက်၍ ဂိတ်အတွင်းဝင်သွားကြသည်။ အကောက်အခွန်များ ပေးဆောင်ကြသည်။ ထို့နောက် ဂိတ်မှူးကို ထိုက်သင့်သလို ပေးကမ်းချီးမြှင့်၍ ခရီးသွားလာခွင့်လက်မှတ် ရရှိခဲ့သည်။ ဂိတ်မှူးနှင့် ဂိတ်တွင်တာဝန်ကျသူတို့က စောဘရီမှန်း သိကြပြီး သွားလာနေကြ မြင်တွေ့နေကြဖြစ်၍ ကုန်ပစ္စည်းများကို အထွေအထူး မစစ်တော့ချေ။ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

အမျိုးအစားများကိုမေးပြီး အေးဆေးစွာပင် ခွင့်ပြုလိုက်ပါသည်။ ထိုအခါမှသာ ကွန်မန်ဒို ရဲဘော်အဖွဲ့ဝင်များအားလုံး စိတ်သက်သာရာ ရသွားကြပြီး ခရီးဆက်ကြလေသည်။

တောင်ဂူ–မော်ချိုးကားလမ်းအတိုင်း တစ်နေ့တာ ခရီးသွားပြီးသောအခါ ကရင်ရွာကလေးတစ်ရွာသို့ ထိုနေ့ည နေတွင် ရောက်ရှိကြသည်။ ခေါင်းဆောင် စောဘရီနှင့် စေမြင့်တို့ အစီအစဉ်အတိုင်း ထိုရွာကလေး၌ စခန်းချ ချက်ပြုတ်စားသောက်ကြပြီး ညအိပ်ရပ်နားကြသည်။

ထိုမှ ခေါင်းဆောင်စောဘရီက ရှေ့ဆက်ခရီးသွားရန်ပစ္စည်းများ တင်ဆောင်ရန်နှင့် လူပါ လိုက်ပါစီးရေးအတွက် ဆင်ပိုင်ရှင် ထံမှ ဆင်နှစ်ကောင်ငှားရမ်းရန် စီစဉ်လေသည်။ ထိုသို့ ဆင်ငှားရမ်းရန် အစီအစဉ်ကို တပ်ရင်း(၅)သထိုက ပါလာသော ကွန်မန်ဒို ရဲဘော်များက သဘောမတူဘဲ ကန့်ကွက်ကြလေတော့သည်။ သူတို့အဆိုမှာ ဆင်ငှားရမ်းပါက မိမိတို့အကြံအစည်၊ လုပ်ငန်းရည်မှန်းချက်များကို တစ်စွန်းတစ်စ သိသွားနိုင်သည်။ မိမိတို့ရည်ရွယ်ချက် လုပ်ငန်း တစ်စွန်းတစ်စ ပေါက်ကြားပါက အန္တရာယ်ကြီးမားသည်ကို စိုးရိမ်၍ ဆင်ငှားရမ်းရန် သဘောမတူ မဲကန့်ကွက်ကြခြင်းဖြစ်သည်။

ထိုသို့ ရှိလာသောအခါ ခေါင်းဆောင် စောဘရီက ...

"ရှေးရှေးယခင် ကုန်ရောင်းကုန်ဝယ် လာရောက်စဉ်က ကုန်ပစ္စည်းများများစားစားပါလျှင် ဆင်ငှားပြီး သွားကြရသည်။ ဆင်ပိုင်ရှင်တို့မှာ သူငှားနေကျ ဆင်ပိုင်ရှင်များဖြစ်၍ စိတ်ချရပါ၏။ တောပွဲစားတိုင်း ပစ္စည်းများများပါလာလျှင် တောင်ပေါ်ဆက်တက်ရေးအတွက် ဆင်ငှားစခန်းဖြစ်သော ဤရွာတွင် ဆင်ငှားလေ့ရှိကြ၏။ ဆင်ပိုင်ရှင်တို့က တောထဲတွင် သစ်များမထုတ်ရသဖြင့် ဤသို့ ပစ္စည်းသယ်ယူရေးတွင် ဆင်ငှားရမ်းလုပ်ကိုင်ကြသည်မှာ ကြာပြီဖြစ်ပါ၏။

ခေါင်းဆောင်စောဘရီက ကွန်မန်ဒိုအဖွဲ့ဝင် ရဲဘော်များအား ရှင်းပြပြီးနောက် တိုးတိုးတိတ်တိတ်ကလေး ဆက်ပြောသည်မှာ ...

"ရှေ့တွင် တောင်ပေါ်သို့ မတက်မီ သောက်ရေခပ်ချောင်းကို ဖြတ်ကျော်ဆောက်လုပ်ထားသော "ပလက်ဝ"တံတားကြီးရှိကြောင်း၊ ထိုတံတားကြီးတွင် ကေအင်ဒီအိုလက်နက်ကိုင်များက ကိုယ်တိုင်ကိုယ်ကျ စောင့်ကြပ်စစ်ဆေးနေကြောင်း၊ တံတားတွင် စစ်ဆေးရေးတာဝန်ကျသော ဂိတ်မှူး ဗိုလ်ကီး ဆိုသူက လူနှင့် ကုန်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ သေသေချာချာ ကြပ်ကြပ်မတ်မတ် စစ်ဆေးလေ့ရှိနေကြောင်း၊ လူအထမ်းနှင့် သွားပါက သူ၏ သေချာတိကျသော စစ်ဆေးပုံနှင့် ဝှက်ယူလာသော လက်နက်များ တွေ့သွားနိုင်ပြီး အားလုံးဒုက္ခရောက်ကြမည်ဖြစ်ကြောင်း၊ ဆင်ငှားပြီး ပစ္စည်းတင်ပါက ပွဲစားကြီးအဖြစ် အထင်တကြီးရှိပြီး သူ့အတွက်လည်း အကောက်အခွံ မြှက်မြှက်ကလေး ပေးလိုက်ပါက လွတ်သွားနိုင်ဖွယ်ရှိကြောင်း ရှင်းပြရာ ဆင်ငှားရမ်းရေးကိစ္စမှာ အားလုံး သဘောတူသွားကြသည်။

စောဘရီ၊ စောမြင့်တို့ ဦးဆောင်သော ကွန်မန်ဒိုအဖွဲ့သည် နောက်တစ်နေ့ ဇွန်လ(၂၇)ရက်နေ့ နံနက်တွင် ဆင်နှစ်စီးငှားရမ်းလျက် ပစ္စည်းများတင်ဆောင်ကာ ခရီးဆက်ကြသည်။ လမ်းတွင် ကုန်ပစ္စည်းများ မိုးရွာလျှင် မိုးမစိုစေရန် ဆင်ကြောကုန်းပုခက်ထက်၌ အမိုးအကာများနှင့် လုံလုံခြုံခြုံ ဖုံးအုပ်ထားကြသည်။ အငှားဆင်နှစ်စီးပေါ်တွင် တောကုန်သည်ကလေးနှင့် အငှားအထမ်းသမားတို့က ဆင်တစ်စီးလျှင် သုံးဦးကျစီး၍ လိုက်ပါကြသည်။ ခေါင်းဆောင်စောဘရီက ရှေ့ကထွက်သော ဆင်ကိုစီးလျက် ဒုခေါင်းဆောင် စောမြင့်က နောက်ကလိုက်သော ဆင်ထက်၌ လိုက်ပါကြသည်။

ဆင်နှစ်စီးဖြင့် ခရီးဆို၍ ခရီးအတန်ငယ်ရောက်သောအခါ ရှေ့ဆင်ထက်တွင် လိုက်ပါလာသော ခေါင်းဆောင် စောဘရီက

www.burmeseclassic.com

www.burmeseclassic.com

"ပျင်းတယ်ကွာ"ညည်းပြီး ကရင်သီချင်းတစ်ပုဒ်ကို ဆိုလေသည်။ နောက်ဆင်ပေါ်က လိုက်ပါလာသော ဒုခေါင်းဆောင်စောမြင့်ကိုလည်း သီချင်းတစ်ပုဒ် ဆိုစေပါသည်။ (သူတို့အချင်းချင်း အဓိပ္ပာယ်ရှိပါလိမ့်မည်။) ထိုသို့ သီချင်းတစ်ကြော့ပြီးတစ်ကြော့ တစ်ပိုဒ်ပြီး တစ်ပိုဒ် သီဆိုရင်း နာမည်ကြီး(ပလက်ဝ)တံတားသို့ ရောက်ရှိလာကြသည်။ ဆင်ပေါ်တွင် အားလုံး ရင်တထိတ်ထိတ်နှင့် ငြိမ်သက်လျက် ရှိနေကြသည်။

ပလက်ဝတံတားကြီးသည် စစ်ကြိုခေတ် အင်္ဂလိပ်တို့လက်ထက်တွင် မော်ချီးသတ္ထုမိုင်းကုမ္ပဏီက တည်ဆောက်ထားသော တံတားကြီးဖြစ်သည်။ တောင်ဂူ-မော်ချီးကားလမ်းပေါ်တွင် ပေ ၅၀ အထက်တံတားကြီး ၁၅ စင်းရှိသည့်အနက် တစ်စင်းအပါအဝင် ဖြစ်သည်။ အရှည် ၂၀၄ ပေရှိသော သံပေါင်တံတားကြီးဖြစ်သည်။ ဤတံတားကြီးတွင် သံတောင်မြို့သစ်၊ သံတောင်ကြီးနှင့် တောင်ဂူသို့လည်းကောင်း၊ အောဂလိ ရေသိုးကြီးသို့လည်းကောင်း အဓိကဆက်သွယ်ရေးတံတားဖြစ်၏။

ပလက်ဝတံတားထိပ်ရောက်သောအခါ စောဘရီနှင့် စောမြင့်တို့က သီချင်းတအေးအေး သီဆိုရာမှ ရပ်နားကြပြီး စောဘရီက ဆင်ပေါ်မှ ဆင်းလိုက်ကြသည်။ ကျန်သောရဲဘော်များက ဆင်ပေါ်တွင် နေခဲ့နေကြသည်။ စောဘရီက အရပ်အပြုံးမပျက် တည်တည်မှန်မှန်နှင့် ဂိတ်မှူးဗိုလ်ကီး ဆိုသူထံ သွားတွေ့လေသည်။

ထိုမှ စောဘရီက ဂိတ်မှူးဗိုလ်ကီးအား အောဂလိစွာကဖောက်သည်များမှာထားသဖြင့် ဒီတစ်ခေါက်မှာ ဆားများများယူဆောင်လာကြောင်း၊ ပစ္စည်းများသဖြင့် အထမ်းသမားလည်း ၅ ယောက်ခေါ်လာရကြောင်း ပြောပြပါသည်။ ထို့နောက် ဗိုလ်ကီးအတွက် အမှတ်တရ မြို့ကဝယ်လာသော အရက်ကောင်းကောင်းနှစ်လုံး(နှစ်ပုလင်း)ကို ရှိသေစွာ လက်ဆောင်ပေးလိုက်ပါသည်။ ပြီးလျှင် စာရွက်စာတမ်းများ၊ ခရီးသွားလာခွင့် လက်မှတ်များကို ပြပါသည်။

ထို့နောက် ဗိုလ်ကီးက ကျနော်လောက်သော ဂိတ်ကြေးငွေနှင့် လက်ဆောင်ပစ္စည်းများကို ပေးလိုက်ပါသည်။

ဗိုလ်ကီးက သွားလာနေကျ စောဘရီကို ကောင်းစွာသိနေပါသည်။ အရက်ကောင်းနှစ်ပုလင်းနှင့် လက်ဆောင်ပစ္စည်းများကိုလည်း ပြုံးခွင်စွာ လက်ခံယူပါသည်။ ဂိတ်ကြေးအပြင် ဗိုလ်ကီးအတွက် အပိုငွေကြေးကိုလည်း လိုက်လိုက်လျောလျော လက်ခံယူပါသည်။ သို့ရာတွင် ဗိုလ်ကီးက လုံးလုံးလျားလျား ကျနော်ဟန်မရှိသေးပေ။ ဧါကိုယ်တိုင် ဆင်ပေါ်ကလူနှင့်ပစ္စည်းများကို စစ်ဦးမည်ဆိုပြီး ဂိတ်အတွင်းမှ ဆင်များရှိရာအနီးသို့ ထွက်လာပါသည်။

ထိုစကားများကိုကြားလျှင် ဆင်ပေါ်ရှိ ကွန်မန်ဒိုရဲဘော်များက အသက်ရှူရပ်သွားမတတ် ထိတ်လန့်သွားကြသည်။ စောဘရီက အရယ်အပြုံးမပျက် "စစ်ပါဗိုလ်ကြီး ... ကြိုက်သလိုစစ်ပါ"ပြောဆိုနေရင်း ဗိုလ်ကီးနောက် ကပ်၍ လိုက်ပါလာပါသည်။ ထိုသို့ရှိနေစဉ် ဆင်နှစ်ကောင်က သွားခွင့်ပြုလိုက်ပြီးထင်မှတ်၍ တံတားကိုကျော်ဖြတ်ရန် ဟန်ပြင်လှုပ်ရှားနေပြီဖြစ်သည်။

ဗိုလ်ကီးက ဆင်ပေါ်မှ ပါလာသော စောဘရီ လူများကိုလှမ်းကြည့်လိုက်ပြီး "ဟေ့ ... မင်းတို့အထဲမှာ ဗမာပါသလား"လှမ်းမေးလိုက်သည်။ ဆင်ပေါ်ရှိ ရဲဘော်များက "မပါဘူး ဗိုလ်ကြီး၊ မပါဘူး၊ ကျွန်တော်တို့အားလုံး ကရင်တွေပဲ"ဟု ဖြေကြသည်။ ဆင်ပေါ်ရှိနေသူများအဖြေကို ဗိုလ်ကီးက မကျေနပ်သေး ကရင်ဘာသာ(စကောကရင်)ဖြင့်ထပ်၍မေးရာတွင် "မင်းနာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်မှာနေလဲ၊ ဘယ်ရွာကလဲ"တစ်ဦးချင်း ထပ်၍မေးပြန်ပါသည်။ ဆင်ပေါ်ရှိ ကရင်အမျိုးသားတို့က စကောကရင်၊ ပိုးကရင်စကားနှစ်မျိုးနှင့် ဖြေလိုက်သောအခါ ဗိုလ်ကီးက ကျေကျေနပ်နပ်နှင့် ခွင့်ပြုလိုက်ပါသည်။ ဗိုလ်ကီးနောက်က ကပ်ပါလာသော စောဘရီကိုလည်း ပြုံးပြုံးရွှင်ရွှင်နှင့် နူတ်ဆက်နေပါသည်။ သည်ခါကျမှသာ ဆင်ပေါ်မှာရှိနေသူများ ရင်ထဲမှ အပူလုံးကြီးကျ

www.burmeseclassic.com

www.burmeseclassic.com

သွားပါတော့သည်။ (ထိုအချိန်က ထိုဒေသ ထိုနယ်မြေတို့တွင် ဗမာတစ်ယောက်ခရီးသွားလာရန် မလွယ်ကူပါချေ။)

ပလက်ဝတံတားကို ဖြတ်ကျော်နိုင်ခဲ့ပြီး ရှိသော်လည်း ရင်တုံ၊ နလုံးခုန် အသက်ရှူမှားလောက်အောင် ခက်ခဲစွာ ဖြတ်ကျော်ရခြင်းကို ခေါင်းဆောင်စောဘရီနှင့် စောမြင့်တို့က စိတ်ဓာတ်မကျစေရန် နှစ်သိမ့်စကား ပြောပါသည်။ ရှေ့ကိုဆက်မည့်ခရီးတွင် ပလက်ဝတံတားကဲ့သို့ စစ်ဆေးသောဂိတ်များ မရှိတော့ကြောင်း ဂိတ်ကြေး၊ ဆက်ကြေးလည်း မရှိတော့ကြောင်းနှင့် စိတ်အေးစွာ ခရီးဆက်ရပြီး ဖြစ်ကြောင်း၊ စိတ်အေးစွာနှင့်ခရီးဆက်လျက် မကြာမီ ရည်မှန်းချက်စုရပ်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း နှစ်သိမ့်စကားပြောပါသည်။

ပလက်ဝတံတားကို ဖြတ်ကျော်ပြီးနောက် တောင်တက်ကာ လမ်းမှာ ကြမ်းတမ်းနေသည်မက အကွေ့အကောက်များစွာကိုလည်း ဖြတ်ကျော်ရသည်။ တောင်ပေါ်ရောက်သောအခါ၌လည်း လမ်းမှာ ကြမ်းတမ်းလှသဖြင့် ခရီးမတွင်ဘဲ ရှိနေလေသည်။ ဤနေရာတွင် ဆင်ပေါ်၌ လိုက်ပါစီးလာခြင်း မဟုတ်ဘဲ ခြေလျင်လျှောက်ပါက ပင်ပန်းသလောက် ခရီးမတွင်ဘဲ ရှိနေမည်မှာ သေချာပါသည်။ ဆင်ဦးစီးများနှင့် ဆင်များသည်ပင်လျှင် ပင်ပန်းနွမ်းနယ်ပြီး ရှိနေပါသည်။

ဆင်များကို အသုံးပြု၍ ခရီးသွားရာတွင် သွားချင်တိုင်းသွား၍ မရချေ။ ဆင်တို့၏ သဘောသဘာဝအရ အချိန်နှင့်ခိုင်း၍ အချိန်နှင့် အနားပေးကြရသည်။ ခိုင်းချိန် နားချိန်ရှိသည့်အတိုင်း ဤခရီးချီလာရာတွင် နားချိန်ရောက်ပြီးဖြစ်သည်။ သို့ဖြင့် ဇွန်လ(၂၇)ရက်နေ့ည၌ ဆင်ကို အနားပေးပြီး လမ်းဘေးတစ်နေရာ၌ စခန်းချကာ ချက်ပြုတ်စားသောက် အနားယူကြလေသည်။

တောင်ငူမြို့မှ ဇွန်လ(၂၄)ရက်နေ့တွင် စတင်ခဲ့သော ကွန်မန်ဒို(၆)ယောက်တို့၏ ယုဇနစစ်ဆင်ရေးသည် (၄)ရက်တိုင် ရှိနေပြီးဖြစ်သည်။ ရက်ကြာညောင်းလာသည်နှင့်အမျှ ရည်မှန်းချက်ဖြစ်

သော ရေသိုးကြီးရွာ အကျဉ်းထောင်ရှိရာသို့ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်သည်။ လမ်းခရီး၌ စစ်ဆေးရေးဂိတ်များ၊ နာမည်ကြီး ပလက်ဝတံတားဂိတ်တို့ကို ဖြတ်ကျော်နိုင်ခဲ့၍ လုပ်ငန်းအစဝိုင်း အောင်မြင်မှုရရှိပြီးဖြစ်သည်။ နောက်ဆုံး ရည်မှန်းချက်ပန်းတိုင်သည့် လက်တစ်ကမ်းအလိုတွင် ရောက်ရှိနေလေပြီ။

ခေါင်းဆောင်စောဘရီက "ကဲ ... သူငယ်ချင်းတို့ ဒီနေ့ည တော့ ကောင်းကောင်းအနားယူကြမယ်၊ အားမွေးကြမယ်၊ မနက်ဖြန်ခရီးအနည်းငယ် ဆက်ပြီးတော့ လုပ်ငန်းစတင်ရတော့မယ်။ ဒါကြောင့် ဒီနေ့ည ကောင်းကောင်းအနားယူ ကောင်းကောင်းအားမွေးကြစို့" ပြောခဲ့ပြီး သူကိုယ်တိုင်လည်း မြေကမ္ဘာလာခင်းနီးတွင် လဲချလိုက်လေသတည်း။

(၈)

၁၉၅၁ ခုနှစ်၊ ဇွန်လ(၂၈)ရက် ကြာသပတေးနေ့။

ဤနေ့သည် ယုဇနစစ်ဆင်ရေး ဆင်နွှဲ၍(၅)ရက်မြောက်သောနေ့ဖြစ်သည်။ ရဲဘော်စောဘရီ၊ ရဲဘော်စောမြင့် ခေါင်းဆောင်သော ကွန်မန်ဒိုရဲဘော်များသည် တစ်ညတာ အနားယူအိပ်စက်ကြပြီးနောက် အားအင်များ ပြည့်လာကြသည်။ လန်းလန်းဆန်းဆန်း တက်စက်ကြွကြွ ရှိလာကြသည်။ အတွေ့အကြုံရှိသူများ၊ ရဲဝံ့ရဲရင့်သူများပီပီ မကြာမီ တိုက်ပွဲဝင်ရေးအတွက် အေးအေးဆေးဆေးပင် ရှိနေကြသည်။

ထိုနေ့ နံနက်စာကို စောစောထချက်ပြုတ် စားသောက်ကြပြီးနောက် တောင်ငူ-မော်ချီးကားလမ်းအတိုင်း အငှားဆင်နှစ်စီးနှင့် ခရီးဆက်ကြပြန်ပါသည်။ ထိုသို့ ခရီးဆက်၍ နေမွန်းတည့်အချိန်၌ လမ်းခဏတစ်နေရာတွင် ရောက်ရှိနေကြသည်။ ဇင်ပေါ်မှဆင်းပြီး ခေတ္တ အနားယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ခေါင်းဆောင်စောဘရီက "တို့ ဒီလမ်းဆုံမှာရပ်မည်၊ ဒီအနှီးအနားရွာတွေမှာ ကုန်ပစ္စည်းတွေ ရောင်းစရာရှိတယ်" ပြောဆို၍ ဆင်များရပ်ကာ ပစ္စည်းများ သယ်ချကြသည်။ ဆင်ဦးစီးများအား ဒီအနှီးအနားရွာတွေမှာ ပစ္စည်းတွေ ပေးစရာရှိသည်။ အမြားရွာတွေကိုလည်း လှည့်လည်၍ ရောင်းချဦးမည်။ လိုတဲ့အခါမှာ ဆင်ကိုမှာယူမယ် ပြောပြီး ဆင်ငှားခပေးရောကာ ပြန်လွှတ်လိုက်လေသည်။

ခေါင်းဆောင်နှစ်ဦးသည် ဆင်ဦးစီးနှင့် ဆင်များပြန်လွှတ်ပြီးနောက် ကားလမ်းမှဖယ်ကာ တောထဲသို့ ဦးဆောင်ဝင်သွားကြလေသည်။ ထိုသို့ တောတွင်းဝင်၍ ညနေစောင်းအချိန်တွင် ရေသိုးကြီးရွာအနီး သတ်မှတ်လျာထားသော စုရပ်နေရာသို့ ရောက်ရှိကြသည်။ ထိုနေရာတွင် ပစ္စည်းများ ချထားစေပြီး ခေါင်းဆောင်စောဘရီက ကွန်မန်ဒိုရဲဘော်များအား တောင်ကုန်းတစ်နေရာသို့ ဦးဆောင်ခေါ်သွားလေသည်။

ထိုကောင်ကုန်းပေါ်မှ အရှေ့တောင်ဘက်သို့ လှမ်းကြည့်လိုက်လျှင် ရေသိုးကြီးရွာနှင့် ရေသိုးကလေးရွာတို့ကို ကောင်းစွာမြင်တွေ့နိုင်လေသည်။ ခေါင်းဆောင်စောဘရီက ထိုရွာနှစ်ရွာ၏ တည်ရှိနေသော အနေအထား၊ ရေသိုးကြီးရွာအနီး သီးခြားတောင်ကုန်းလေးတစ်ခုပေါ်တွင် ဆောက်လုပ်ထားသော အကျဉ်းထောင်၊ ထိုအကျဉ်းထောင်အနီး ကပ်လျက်ရှိနေသော ထောင်မှူးနေအိမ်။ အရေးပေါ်အခြေအနေရှိလာလျှင် ကေအင်ဒီအိုများ တပ်စွဲနေရာယူလေ့ရှိသော တောင်ကမူနှင့် အဝင်အထွက်လမ်းများကို သေချာစွာကြည့်ရှုမှတ်သားစေပါသည်။

ကွန်မန်ဒိုရဲဘော်များသည် ညအမှောင်ကိုစောင့်ရင်း အချိန်ကောင်းစွာရသဖြင့် ပါလာသော အစားအစာများကို ဖြည်တင်းစားသောက်ကြပြီး ခေတ္တနားကြသည်။ ထိုစုရပ်တွင် မိမိတို့နှင့်ပါလာသော အပိုလက်နက်ခဲယမ်းများ၊ ရိက္ခာများ၊ မြေပုံ၊ ကွန်ပတ်၊

မှန်ပြောင်းနှင့် အခြားအပိုပစ္စည်းများကို မြေတူးပြီး မြှုပ်နှံလိုက်ကြသည်။ မြေပြင်အနေအထားများ ပုံမပျက်စေရန် သစ်ကိုင်းသစ်ခက်များ ဖုံးအုပ်ထားလိုက်ကြသည်။

ထို့နောက် ကွန်မန်ဒိုအဖွဲ့ဝင်(၆)ဦးတို့က အရပ်ဝတ်များကို ချွတ်ပြီး ကွန်မန်ဒိုအဝတ်အစား(အင်္ကျီ၊ ဘောင်းဘီအနက် ခေါင်းစည်းနှင့် အဖြူပိုင်းအမှတ်အသားများကို)ဝတ်ဆင်လိုက်ကြသည်။ ထိုမှ ဖြုတ်ပြီးယူဆောင်လာသော လက်နက်များတပ်ဆင်၍ ခဲယမ်း၊ လက်ပစ်ဗုံး အလုံအလောက်နှင့် လက်နှိပ်ဓာတ်မီး၊ ရေဘူးစသည်တို့ကို ကွန်မန်ဒိုအဆောင်အယောင်များ ဝတ်ဆင်ကာ အသင့်ပြင်ဆင်ထားကြလေသည်။

တောင်ပေါ်ဒေသဖြစ်သော ရေသိုးကြီးရွာသည် ညနေစောင်းလာသည်နှင့် မြူနှင်းလိုလို မိုးလိုလို တဖွဲဖွဲနှင့် ငြိမ့်ငြိမ့်ကလေးကျလာသည်။ မြူငွေ့များ ရစ်ပတ်ဝေဆိုင်းနေသည့်ကြားမှ ဆုတ်ရက်လဓ်၏ ကွေးကွေးကလေး ထွက်လာပါသည်။ ကွန်မန်ဒိုရဲဘော်များသည် ညအမှောင်ထုတွင် ကောင်းကင်ပြင်ကို ကြည့်ရှုခံစားရင်း ည(၁၀)နာရီသို့ တိုင်လေသည်။ ထိုသို့ရှိသောအခါ ခေါင်းဆောင်စောဘရီက ...

"ကဲ ... သူငယ်ချင်းတို့ အချိန်ကျပြီ၊ ကျွန်တော့်နောက်ကို လိုက်ခဲ့ကြ"

ပြောဆိုကာ စောဘရီက သူကိုယ်တိုင် ခေါက်စတင်းကိုလွယ်ပြီး တော်မီဂန်းကို လက်ကကိုင်ကာ ရှေ့ဆုံးမှ ဦးဆောင်လမ်းပြချီတက်လေသည်။ ကွန်မန်ဒိုရဲဘော်များကလည်း ခေါင်းဆောင်စောဘရီနောက်သို့ ထက်ကြပ်မကွာ လိုက်ပါချီတက်ကြလေသည်။ ကွန်မန်ဒိုရဲဘော်များသည် တိုက်ပွဲဝင်ရန် အသင့်ရှိနေကြလေပြီ။

ထိုသို့ ချီတက်၍ တစ်နာရီခန့် ကြာသောအခါ လမ်းဆုံရှိတောင်ကမူကလေးအနီးသို့ ရောက်ရှိလေသည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ ကေအင်ဒီအိုကင်းက ကွန်မန်ဒိုများကို တွေ့သွားပြီး

www.burmeseclassic.com

www.burmeseclassic.com

စတင်ပစ်ခတ်ပါလေတော့သည်။ ထိုမှ တစ်ဆက်တည်း အရေးပေါ်လျှင် ကေအင်ဒီအိုများ နေရာယူလေ့ရှိသော တောင်ကုန်းနေရာမှာလည်း သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာလေသည်။

"ဒိုင်း ဒိုင်း ဒိုင်း ... ဒက် ဒက် ဒက်"

"ဒုန်း ... ဒုန်း ... ဒုန်း"

ရန်သူ ကေအင်ဒီအိုတို့က လက်ဦးသွားလေပြီး ပစ်ခတ်သံများထွက်ပေါ်လာသည်နှင့် ကွန်မန်ဒိုများ ချက်ချင်းနေရာယူလိုက်ကြသည်။ ကေအင်ဒီအိုတို့က လက်ဦးမှုရသည်နှင့်အမျှ တရကြမ်း ပစ်ခတ်နေလေသည်။ ဆက်၍ ဆက်၍လည်း အဆက်မပြတ်ဖြစ်၍ ကျည်အားသုံးပြီး ပစ်ခတ်နေပါသည်။ ရန်သူက လက်ဦးမှုရ၍ ကျည်အားသွန်ပစ်ခတ်သော်လည်း ကွန်မန်ဒိုရဲ့ဘော်များ ကျည်ထိမှန်ခြင်း မရှိသေးချေ။ ရန်သူ့ကျည်ဆန်များက ကွန်မန်ဒိုရဲ့ဘော်များအပေါ် တဝီဝီ ငဲပုံနေလေသည်။

ထိုသို့ရှိလာသောအခါ ခေါင်းဆောင် စောဘရီက အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး သူ့ရဲ့ဘော်ကွန်မန်ဒိုများနှင့်တိုင်ပင်ကာ ဤသို့ စီမံခန့်ခွဲလိုက်ပါသည်။

"ကဲ ... သူငယ်ချင်းတို့ ဘယ်ဘက်က သစ္စာဖောက်သလဲတော့ မသိဘူး၊ တို့လာတာ ဇိုလိုကြီးစောထွန်းလှ လုံခြုံရေးတပ်က သိသွားပြီထင်တယ်၊ အရေးပေါ် တောင်ကုန်းပေါ်မှာ သူတို့နေရာယူထားနှင့်ကြပြီ။ အင်အားက တပ်စုတစ်စု ရှိနိုင်ပါတယ်။ ဒီလို သေနတ်သံကြားတာနဲ့ မကြာခင် ရေသိုးကြီးရွာက ကာကွယ်ရေးတွေ ထွက်လာတော့မယ်။ ဒါပေမဲ့ အကျဉ်းထောင်မှာ ရှိနေတဲ့ တောင်ကုန်းမှာတော့ ငြိမ်နေသေးတယ်။ ထောင်မှူးသံချောင်းခေါက်သံလည်း မကြားရသေးဘူး"

ခေါင်းဆောင်စောဘရီက တောင်ကုန်း တောင်ကမှနေရာများမှ ရန်သူပစ်ခတ်နေသော အခြေအနေကို အကဲခတ်သုံးသပ်ပြီး ကွန်မန်ဒိုရဲ့ဘော်များအား ရှင်းပြနေပါသည်။ ကေအင်ဒီအိုများ

နေရာယူထားမှုနှင့် ပစ်ခတ်မှုအခြေအနေကို သုံးသပ်ပြီး ဆက်လက်တိုက်ပွဲဝင်ရေးအတွက် ရဲဝံ့ပြတ်သားစွာ စီမံခန့်ခွဲလိုက်ပါသည်။

"ကဲ ... သူငယ်ချင်းတို့ ကေအင်ဒီအိုတွေက သူတို့စခန်း၊ ဒါမှမဟုတ် ဌာနကိုလာတိုက်တယ်လို့ ထင်ချင်ထင်မယ်၊ တို့ကို တပ်မဟာမှူး ခိုင်းလိုက်တာမှာ ဒီလို သူတို့ကစတိုက်လို့ နောက်ကြောင်းပြန်မယ်ဆိုရင် 'တို့သစ္စာရှိကရင်ဆိုတာ ရာဇဝင်ရိုင်းတော့မယ်' ဒါကြောင့် တိုက်စရာရှိတာ၊ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ ...

"ဒီတော့ ကျွန်တော်နဲ့အတူ ရဲဘော်တစ်ယောက် နေခဲ့ပါ။ စစ်သဘော နားလည်တယ်၊ အပစ်အခတ်လည်း ကျွမ်းကျင်တဲ့ တပ်ရင်း(၅)က ဆရာမောင်သွင် ကျွန်တော်နဲ့ နေခဲ့ပါ၊ ကျွန်တော် တို့နှစ်ယောက် ဒီတောင်ကုန်းပေါ်ကနေပြီး ကေအင်ဒီအိုတွေရော၊ ရွာက ထွက်လာမယ့် ကာကွယ်ရေးတွေကိုပါ အကျဉ်းထောင်ဘက် မသွားနိုင်အောင် နေရာပြောင်းပြီးတိုက်မယ် ...

"အဲဒီတော့ သူငယ်ချင်းစိုးမြင့်၊ မင်းက ထောင်အနေအထား သိတယ်။ ဒီနေရာကိုလည်း ကျွမ်းပြီးသားဆိုတော့ မင်းနဲ့ကျွန်တဲ့ ရဲဘော်တွေ အစီအစဉ်အတိုင်း အကျဉ်းထောင်ကို ဖောက်ပေတော့ ...

"ဟောဒီမှာ ထောင်တံခါးက သော့တူယူထား၊ အဘဦးထွန်းမင်း၊ အဘက အသက်အကြီးဆုံး၊ အတွေ့အကြုံအရှိဆုံး၊ ဒီတော့ သူငယ်ချင်း စိုးမြင့်ရယ်၊ ထွန်းယုရယ်၊ အဘဦးကျော်သိန်းတို့ကို အဘပဲ အမှာအယူင်းမရှိအောင် ထိန်းသွားပေတော့ ...

"ထောင်ဖောက်ပြီးရင် စုရပ်ကို ခေါ်လာပြီးတော့ ဆက်လုပ်ပေတော့။ ငါနဲ့ ဆရာမောင်သွင်မှာ စက်သေနတ်နှစ်လက်စီ၊ လက်ပစ်ဗုံးနဲ့ ကျည်ဆန်တွေ အများကြီးရှိတယ်၊ ကေအင်ဒီအိုတွေကို မျှားခေါ်သွားမယ်၊ ငါတို့ကို စောင့်မနေနဲ့၊ မင်းတို့နောက် ရန်သူတွေ မလိုက်နိုင်အောင် သေချာသေပါစေ၊ တို့ အစွမ်းကုန် တိုက်မယ်၊ တို့အတွက် ဘာမှမပူနဲ့၊ ဗိုလ်ကြီးတွေ လွတ်အောင်သာ လုပ်၊ တပ်မဟာမှူးမှာတာ မမေ့ကြနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... အားလုံးနားလည်ပြီနော် သူငယ်ချင်းတို့၊ ဆောင်ဖောက်ရင်း ရွာဘက်ကို သေနတ်နဲ့ပစ်သွားပေတော့၊ ကဲ ... သွားဖို့ပြင်ကြ"

စောဘရီ၏ ရင်တွင်းမှ ထွက်လာသော စကားများသည် နောက်ဆုံးနှုတ်ဆက်စကားများ ဖြစ်လေမလား မသိတော့ပါ။

စောဘရီသည် အသက်ပင် ငယ်သော်လည်း အရေးကြုံလာသောအခါ တကယ့်ခေါင်းဆောင်ကောင်းတစ်ဦးကဲ့သို့ ခေါင်းအေးအေးနှင့် သူသာ အနစ်နာခံမည်ဟု ခံယူကာ အစီအစဉ်များကို စီမံခန့်ခွဲနိုင်ခဲ့ပါသည်။ အမှန်အားဖြင့် ကွန်မန်ဒိုများ ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေမှာ ခေါင်းဆောင်သူက ပျော့ညံ့သူဖြစ်ပါလျှင် ရှေ့မတိုးတော့တဲ့ မသိမသာ ဆုတ်ခွာထွက်ပြေး လွှတ်မြောက်နိုင်ပေသည်။ သို့သော် ကွန်မန်ဒိုများအားလုံးနှင့် ခေါင်းဆောင်ပါနောက်ကြောင်းပြန်ရန် လုံးဝစိတ်မကူးကြပေ။ ခေါင်းဆောင်သာမက ကွန်မန်ဒိုရဲဘော်များအားလုံးပင် ရန်သူ့လက်ဦးမှုကိုခံရသော်ငြားလည်း ကြောက်ခွံ့တုန်လှုပ်ခြင်း မဖြစ်ကြချေ။ ပြန်ပြီးနောက်ဆုတ်ရန်လည်း မကြံစည်ကြပါချေ။ တကယ့်သူရဲကောင်းများ ဝိသေသပါပေတကား။

စောဘရီနှင့် ရဲဘော်မောင်သွင်တို့သည် မိမိဘက်တောင်ကမူပေါ်သို့တက်၍ ဇနေရာယူပြီးသောအခါ တစ်ဖက်တောင်ကုန်းမှ ပစ်ခတ်နေသော ရန်သူများရှိရာသို့ စက်သေနတ်နှင့် စတင်ပစ်ခတ်လေတော့သည်။ ထိုသို့ပစ်ခတ်နေစဉ် စောဘရီက သူ၏အသံဝါကြီးနှင့် ...

"ဟေး ... တို့တပ်ရင်း(၅)ကွ၊ သတ္တုက မင်းတို့စစ်ဘုရင်ဗိုလ်စိုးနဲ့လင်းထင်တို့ကို အနိုင်ယူခဲ့တဲ့ သတ္တုက ဘပ်ရင်း(၅)ကွ။ ဟေး ... ကောင်တွေ၊ မင်းတို့ကို တို့ ဝိုင်းထားပြီ အသက်မသေချင် လက်နက်ချကြ"

ဗောဘရီကုန်းပေါ်မှ နေရာယူထားသော ကေအင်ဒီအိုတို့က စောဘရီ အော်ပြောလိုက်သော အသံကို ဂရုစိုက်ဟန်မတူပေ။ ပစ်ခတ်မြဲ ပစ်ခတ်နေလေသည်။ သို့သော် စက်သေနတ်သံများက ထွက်မလာတော့ဘဲ ရိုးရိုးရှိုင်ဖယ်သေနတ်သံသာ ထွက်နေပါသည်။

စောဘရီက ပစ်ခတ်နေရင်း ဆက်၍ အသံနှင့်အော်ပြောပြန်ပါသည်။

"အေး ... မင်းတို့လက်နက်မချရင် သေဖို့သာပြင်တော့"

"တပ်ရင်း(၅)ကွ အေကုမ္ပဏီ ဘယ်တောင်ပဲတက်၊ ဘီကုမ္ပဏီ ညာတောင်ပဲတက်"ဟု အော်ဟစ်အမိန့်ပေးကာ နှစ်ယောက်သားဟိုနေရာရွှေ့ ဒီနေရာရွှေ့ နေရာပြောင်း၍ ပစ်ခတ်လေသည်။

ရဲဘော်စောမြင့် ခေါင်းဆောင်သောအဖွဲ့ငယ်က စောဘရီတို့ပစ်ခတ်နေချိန်တွင် စုရပ်နေရာမှထကာ ရေသိုးကြီးရွာဘက်သို့ ဘရကြမ်းပစ်ခတ်၍ အကျဉ်းထောင်ရှိရာသို့ အတင်းပြေးဝင်ချီတက်ကြလေသည်။ ထိုသို့ပြေးဝင်ချီတက်၍ အကျဉ်းထောင်ရှိရာ တောင်ကုန်းသို့ ကပ်မိကြပြီး တောင်ကုန်းပေါ် ပြေးတက်နေစဉ် မမျှော်လင့်ဘဲ ထောင်မှူးအိမ်ဘက်မှ ရိုင်ဖယ်သေနတ်သံတစ်ချက် ထွက်ပေါ်လာပါသည်။ ထိုတစ်ချက်တည်းသော ရိုင်ဖယ်သေနတ်ကျည်သည် ရှေ့ဆုံး၌ ဦးဆောင်ပြေးတက်နေသော ခေါင်းဆောင်စောမြင့် ခြေထောက်ကို ထိမှန်သွားလေသည်။

လက်သွက် လက်မြန်သော ရဲဘော်ထွန်းယုက ထောင်မှူးအိမ်ဘက်သို့ စက်သေနတ်နှင့် လှမ်းဆွဲလိုက်ရာ ရိုင်ဖယ်သေနတ်သံငြိမ်ကျသွားလေသည်။

ထိုအခါ ခေါင်းဆောင်စောမြင့်က ...

"အဘဦးထွန်းမင်း၊ အဘဦးထွန်းယုတို့ ကျွန်တော့်ခြေထောက် ထိသွားပြီ၊ ဒါပေမဲ့ မကြီးကျယ်ပါဘူး၊ ဒီတော့ ကျွန်တော် ဆက်တက်မယ်၊ သော့တူနဲ့ထောင်ဖွင့်မယ်၊ မရရင်ဗုံးပစ်ဖွင့်မယ်၊ ထောင်တံခါးပွင့်တာနဲ့ အထဲက ဗိုလ်ကြီးတွေကိုခေါ်ပြီး စုရပ်ကိုအမြန်

www.burmeseclassic.com

www.burmeseclassic.com

ပြေးဆေတော့။ ကျွန်တော့်ကို မစောင့်နဲ့၊ ဂရုမစိုက်နဲ့။ နောက်ကနေ ရွာကထွက်လာမယ့် ကာကွယ်ရေးတွေကို ခံတိုက်မယ်၊ ဗိုလ်ကြီးတွေကို ခေါ်သွားပြီး လွတ်အောင်ပြေးပေတော့။ ကျွန်တော့်ကိုမစောင့်နဲ့"

ခေါင်းဆောင်စောမြင့်သည် သူ့လူများအား အစီအစဉ်များ ပြောကြားပြီးနောက် ခြေထောက်ကဒဏ်ရာကို ဂရုမစိုက်နိုင်တော့ဘဲ ခြေဘရွတ်ဆွဲ၍ အကျဉ်းထောင်အနီး ပြေးကပ်လေသည်။ ထိုသို့ ပြေးကပ်၍ အကျဉ်းထောင်တံခါးပေါ့ ရောက်သောအခါ ခိုင်မာသော သစ်သားဘောင်တံခါးကြီးနှင့် သံကြိုးကွင်းဆက်ကာ ကြီးမားစွာခတ်ထားသော သော့ခလောက်ကြီးက ဆီးကြိုနေလေသည်။

စောဘရီ ပေးလိုက်သော သော့တုတစ်ချောင်းကို အိတ်ကပ်အတွင်း ရှာကြည့်လေသည်။ ချက်ချင်း ရှာမတွေ့ပါချေ။ အချိန်က စကားပြောလာနေသည်။ ထိုမှ အဖွဲ့ငယ်ခေါင်းဆောင် စောမြင့်သည် နောက်သို့ အနည်းငယ် ပြန်ဆုတ်လိုက်ပါသည်။ ထိုအခါ ခါးကြားခွ်ချိတ်ဆွဲထားသော အထူးစပါယ်ရှယ်လုပ် အင်အားကြီးသော လက်ပစ်ဗုံးတစ်လုံးကို ဖြုတ်ယူလိုက်သည်။ ချက်ချင်းပင် လက်ပစ်ဗုံးပင်ကိုဖြုတ်ကာ တံခါးကြီးဆီသို့ ပစ်ဖောက်လိုက်လေသည်။ အင်အားကြီးလှသော လက်ပစ်ဗုံး၏ ကျယ်လောင်သောပေါက်ကွဲသံနှင့်အတူ မီးခိုးလုံးများ ထ,လာပြီး ပြင်းထန်စွာ ရိုက်ခတ်လိုက်သော အရိန်ကြောင့် အကျဉ်းထောင်တံခါးနှင့် ခေါင်မိုးများပါ အဝေးသို့ လွင့်စဉ်ပျံ့ထွက်ကုန်လေသည်။

အကျဉ်းထောင်ကို ပစ်ဖောက်ခွဲပြီးနောက် အဖွဲ့ငယ်ခေါင်းဆောင်စောမြင့်သည် ရထားသောဒဏ်ရာကို ဂရုမထားနိုင်ဘဲ သူ့ရဲဘော်များအား ပြောခဲ့သည့်အတိုင်း ရွာဘက်မှထွက်လာသော ကာကွယ်ရေးများကို တစ်ကိုယ်တည်း ခုခံပစ်ခတ်လေသည်။ ထိုအချိန်၌ပင် တစ်ဖက်တောင်ကုန်းမှ ခေါင်းဆောင်စောဘရီနှင့် ရဲဘော်မောင်သွင်တို့ဘက်မှာလည်း အော်ဟစ်သံများနှင့်အတူ စက်သေနတ်သံများ မိုးညံလျက် ထွက်ပေါ်နေဆဲရှိသည်။

အကျဉ်းထောင်တံခါးကြီး ပွင့်ထွက်သွားသောအခါ အကျဉ်းထောင်အတွင်း တံခါးနှင့်အနီးဆုံးအိပ်နေသော ဗိုလ်မှူးဘာကော်လ် (မိတ္ထီလာတွင် ဗိုလ်မှူးကြီးမောင်မောင်တို့နှင့်အတူ ကေအင်ဒီအိုက ဖမ်းလာသော မိတ္ထီလာဆောက်လုပ်ရေး အင်ဂျင်နီယာတပ်မှူး) ပွဲချင်းပြီး သေဆုံးလေသည်။ ထိုအနီးတွင် အရာရှိနှစ်ဦး (ဗိုလ်မှူးသိမ်းတုတ်နှင့် ဗိုလ်မှူးထွန်းအုံ)တို့ ဒဏ်ရာရရှိကြသည်။ သို့ရာတွင် ဒဏ်ရာက မများလှသဖြင့် အကျဉ်းထောင်ရှိ အခြားသောအရာရှိများနှင့်အတူ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ ကွန်မန်ဒိုရဲဘော်များဖြစ်ကြသော ထွန်းယု၊ ထွန်းမင်းနှင့် ကျော်သိန်းတို့က တပ်မတော်အရာရှိများအား အကျဉ်းထောင်မှခေါ်ထုတ်ပြီး ထွက်ပြေးလွတ်မြောက်သွားကြသည်။

အကျဉ်းထောင်ကို ဦးဆောင်ဖွင့်ဖောက်ခဲ့သော ရဲဘော်စောမြင့်သည် ခြေထောက်တစ်ဖက် ဒဏ်ရာရထားသော်လည်း ကေအင်ဒီအိုများ အကျဉ်းထောင်အနီး မချဉ်းကပ်နိုင်ရန် တစ်ဦးတည်း ခုခံပစ်ခတ်နေလေသည်။ ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိများ၊ ကွန်မန်ဒိုရဲဘော်များ ဝေးသထက်ဝေးစေရန် အားကင်းရာသို့ ရောက်ရှိစေရန် ခုခံပစ်ခတ် ကာကွယ်ပေးခဲ့သည်။

ရဲဘော်စောမြင့်သည် ညသန်းခေါင်ကျော် ကျည်ကုန်သည်အထိ ပစ်ခတ်လေရာ နောက်ဆုံးတွင် မိမိအတွက် ဝန်မလေးစေလိုခြင်း၊ ရန်သူ့လက်တွင်းသို့ အညှဉ်ခံ အကျမခံနိုင်သဖြင့် ခါးကြားမှ နောက်ဆုံးချန်ထားသော အားကောင်းသည့် လက်ပစ်ဗုံးတစ်လုံးကို ဖြုတ်ယူလိုက်လေသည်။ ထို့နောက် လက်ပစ်ဗုံးကို တင်းကျပ်သော လက်ချောင်းများနှင့် ဆုပ်ကိုင်ကာ ပင်ကိုဖြုတ်၍ လက်ထဲ၌ဖောက်ခွဲပစ်လိုက်လေသည်။

ကြောက်မက်ဖွယ် ကြီးမားကျယ်လောင်သော အသံကြီးနှင့်အတူ ရဲဘော်စောမြင့် ခန္ဓာကိုယ်ကြီးသည် လေထဲ အမြင့်သို့မြောက်တက်သွားလေသည်။ ထိုမှ မြေပြင်သို့ ပြန်အကျတွင် ထွက်စီစီ

www.burmeseclassic.com

www.burmeseclassic.com

ကြေမွနေပြီး မြေပြင်၌ လွင့်စဉ်ပြန့်ကျဲကုန်လေသည်။ ခေါင်းဆောင်ကောင်းစိတ်ဓေတ် ပြည့်ဝခြင်းနှင့် အများအတွက် အနစ်နာခံသော အဖွဲ့ငယ်ခေါင်းဆောင် ရဲဘော်စောမြင့်သည် သူရဲကောင်းပီသစွာ ပင် ရန်သူနှင့် ရင်ဆိုင်ပစ်ခတ်ရင်း ကျဆုံးသွားရှာလေသည်။

တစ်ဖက်တောင်ကုန်း၌ ခေါင်းဆောင် စောဘရီနှင့် ရဲဘော်မောင်သွင်တို့က အနိုင်မခံအရှုံးမပေးသော စိတ်ဓာတ်ဖြင့် နောက်တစ်နေ့ကူးသည်အထိ ပြင်းထန်သော တိုက်ပွဲပစ်ခတ်သံများ ကြားနေရသေးသည်။ သူတို့နှစ်ဦး နေရာယူ ပစ်ခတ်နေသော တောင်ကုန်းပတ်ဝန်းကျင်တွင် အင်အားများပြားလှသော ကေအင်ဒီအိုတို့က ထွက်ပေါက်မရှိအောင် ပစ်ခတ်ပိတ်ဆို့ထားလေသည်။ သူရဲကောင်းပီသလှသော ခေါင်းဆောင်စောဘရီနှင့် ရဲဘော်မောင်သွင်တို့သည် နောက်ဆုံး ကျည်ကုန်သည်အထိ ခုခံတိုက်ခိုက်ရာ ရန်သူများဝိုင်းဝန်းပစ်ခတ်၍ ကျဆုံးသွားကြသည်။

ကွန်မန်ဒိုရဲဘော်များဖြစ်ကြသော ရဲဘော်ထွန်းယု၊ ရဲဘော်ထွန်းမင်း၊ ရဲဘော်ကျော်သိန်းတို့က သူတို့ကယ်တင်လာသော တပ်မတော်အရာရှိများ လွတ်မြောက်ရာစုရုပ်သို့ ပြေးလွှားခေါ်ဆောင်လာကြသည်။

ထိုဒေသ၊ ထိုနေရာတို့တွင် တောတောင်လှိုမြောင် သစ်ပင်ကြီးငယ်များ ထူထပ်လှသဖြင့် ညအမှောင်တွင် တောကြီးမျက်မည်း၌ တခဲလည်လည် ဖြစ်နေကြရှာလေသည်။

ထိုဒေသ၊ ထိုနယ်မြေတို့ကို အကျွမ်းတဝင်ရှိပြီး အင်အားများပြားလှသော ကေအင်ဒီအိုတို့က နောက်က ထက်ကြပ်မကွာ တရကြမ်းလိုက်၍ ပစ်ခတ်ရာ တောကောင်သားကောင်တို့ပင် ရှောင်မလွတ်သော ပစ်ခတ်မှုအောက်တွင် ရဲဘော်ကျော်သိန်း၊ ရဲဘော်ထွန်းမင်းတို့ အသက်ဇီဝိန်ပျောက်ခဲ့လေသည်။ သူတို့သည်လည်း သူရဲကောင်းပီသစွာ တိုက်ပွဲဝင်ရင်း တိုင်းပြည်နှင့် တပ်မတော်အတွက် အသက်ပေးလှူသွားကြသည်။

ရဲဘော်ထွန်းယု တစ်ယောက်မူကား အဖွဲ့နှင့်လူစုကွဲကာ ထူးထူးခြားခြား ပျောက်ဆုံးနေလေသည်။ ကေအင်ဒီအိုတို့က နောက်တစ်နေ့ လင်းလင်းထင်းထင်း ရှိနေသော နေ့အချိန်အထိ ပိုက်စိပ်တိုက် ရှာဖွေကြသည်။ သို့ရာတွင် ရဲဘော်ထွန်းယုသည် ပျောက်ဆုံးနေလျက်ရှိသည်။

နောက်ဆုံး ကေအင်ဒီအိုများလည်း လက်လျှော့လိုက်ကြသည်။

ဗိုလ်မှူးကြီးမောင်မောင်နှင့် တပ်မတော်အရာရှိများကို သူရဲကောင်း ကွန်မန်ဒို ရဲဘော်(၆)ယောက်တို့က ရေသိုးကြီးအကျဉ်းထောင်မှ သက်စွန့်ကြိုးပမ်း ကယ်တင် ကယ်ယူခဲ့ရာ အချုပ်ထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ကြသည်။ သို့ရာတွင် ညအမှောင် တောကြီးမျက်မည်းတွင် တခဲလည်လည်ဖြစ်ကာ လူစုကွဲ၍ အားလုံးပြန်လည်ပမ်းဆီးခြင်း ခံရသည်။

သူရဲကောင်း ကွန်မန်ဒိုရဲဘော်များ ဖြစ်ကြသော ခေါင်းဆောင် စောဘရီ၊ ဒုခေါင်းဆောင်(အကျဉ်းထောင်ဖောက်ခွဲသော အဖွဲ့ငယ်ခေါင်းဆောင်) စောမြင့် အပါအဝင် ရဲဘော်ကျော်သိန်း၊ ရဲဘော်ထွန်းမင်း၊ ရဲဘော်မောင်သွင်တို့သည် နိုင်ငံတော်အတွက် တိုက်ပွဲဝင်၍ အသက်ပေးလှူသွားကြသည်။ ရဲဘော်ထွန်းယု တစ်ယောက်သာ အသက်မသေ ဇွတ်ပြေးလွတ်မြောက် အသက်ရှင် ပြန်ရောက်လေသတည်း။

နောင်သောအခါ ၁၉၅၁ ခုနှစ်၊ သြဂုတ်လ(၁၃)ရက်နေ့တွင် အလင်းရောင်စစ်ဆင်ရေး ပြုလုပ်ကာ ဒုတိယဗိုလ်မှူးကြီးမောင်မောင်တို့ကို ကယ်တင်ရန် ကြိုးပမ်းသည်။

ဘေဂလိသို့ ပြောင်းရွှေ့ချုပ်နှောင်ထားသော ဒုတိယဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့ကို သြဂုတ် လ(၂၁)ရက်နေ့တွင် ကယ်တင်နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

(၉)

ယုဇနဆစ်ဆင်ရေးတွင် ပါဝင်ကြသော ကွန်မန်ဒို ရဲဘော်(၆) ဦးသည် ကယ်တင်ကယ်ယူရေးတိုက်ပွဲတွင် ရဲဘော်(၅)ဦးတို့ကို တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည်။ ထူးထူးခြားခြား ကြီးမားပြင်းထန်လှသော တိုက်ပွဲတွင် အသက်ရှင်လျက် ရဲဘော် ထွန်းယု တစ်ယောက်သာ ပြန်လည်ရောက်ရှိလာသည်။

ယုဇနဆစ်ဆင်ရေးကို ၁၉၅၁ ခုနှစ်၊ ဇွန်လ(၂၄)ရက်နေ့တွင် စတင်ခဲ့ရာ (၅)ရက်မြောက်သော ဇွန်လ(၂၈)ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ အသက်ရှင်လျက် ရဲဘော်ထွန်းယု ပြန်လည်ရောက်ရှိသော ဇူလိုင်(၇)ရက်နေ့အထိ ရေတွက်လျှင် ယုဇနဆစ်ဆင်ရေးသည် (၁၄)ရက်တိုင် ရှည်ကြာခဲ့ပါသည်။

ယုဇနဆစ်ဆင်ရေးတွင် ပါဝင်ကြသော သူရဲကောင်း(၆)ဦးတို့သည် မိမိတို့ ကိုယ်ကျိုးမပါ အသက်ပင်သေနိုင်သည်ကို သိပါလျက် အထက်ကပေးအပ်လာသော တာဝန်ကို ကျေပွန်စွာအသက်ပေး ထမ်းဆောင်ခဲ့ကြသည်။ ထိုသို့သော မယုံကြည်နိုင်လောက်သည့် သက်စွန့်ကြိုးပမ်းခြင်းတို့ကို တာဝန်ရှိသော ခြေမြန်တပ်မဟာ (၂) တပ်မဟာမှူးကြီးသည် ယုဇနဆစ်ဆင်ရေး အပြည့်အစုံကို အထက်အကြီးအကဲဖြစ်သော ကာကွယ်ရေးစစ်ဦးစီးချုပ်ထံသို့တင်ပြ အစီရင်ခံခဲ့ပါသည်။

ကာကွယ်ရေးဦးစီးချုပ်သည် ယုဇနဆစ်ဆင်ရေးကို အစမှအဆုံးတိုင် ကိုယ်တိုင်သိရှိထားပြီး ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရထံ ဆက်လက်ထောက်ခံ တင်ပြပါသည်။ နိုင်ငံတော်အစိုးရက ၁၉၅၂ ခုနှစ် လွတ်လပ်ရေးနေ့ ထုတ်ပြန်သည့် အမိန့်စာအမှတ် ၃/အထူး/၅၂ ဖြင့် ယုဇနဆစ်ဆင်ရေးတွင် ပါဝင်သော ရဲဘော်(၆) ဦးတို့အား နိုင်ငံတော်၏ ဓွန်းရည်သတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့နှင့် ဒုတိယအမြင့်ဆုံးဘွဲ့တို့ဖြင့် အသီးသီး ထိုက်ထိုက်တန်တန်ချီးမြှင့်လိုက်ကြောင်း တိုင်းပြည်သို့ ထုတ်ပြန်ကြေညာပါသည်။

အောင်ဆန်းသူရိယဘွဲ့

၁။ အရပ်သား စောဘရီ(ကျဆုံး)
အမှတ်(၂)ခြေမြန်တပ်မဟာဌာနခုပ်တွဲဖက်

၂။ ကိုယ်ပိုင်အမှတ်-B/၀၀၆၀၃
တပ်သားစောမြင့်(ကျဆုံး)
အမှတ်(၁)ကရင်သေနတ်ကိုင်တပ်ရင်း
အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်တွဲဖက်

သီဟသူရဘွဲ့

၁။ ကိုယ်ပိုင်အမှတ်-၂၉၄၅၀
တပ်သားထွန်းယု(နောင်တွင် တပ်ကြပ်ကြီး)
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်တွဲဖက်

၂။ ကိုယ်ပိုင်အမှတ်-၂၉၂၈၅
တပ်သားမောင်သွင်(ကျဆုံး)
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်း
အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်တွဲဖက်

၃။ အရပ်သား ဦးကျော်သိန်း(ကျဆုံး)
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်းတွဲဖက်
အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်တွဲဖက်

၄။ အရပ်သားဦးထွန်းမင်း(ကျဆုံး)
အမှတ်(၅)ဗမာ့သေနတ်ကိုင်တပ်ရင်းတွဲဖက်
အမှတ်(၂)ခြေမြန်တပ်မဟာဌာနချုပ်တွဲဖက်

www.burmeseclassic.com

www.burmeseclassic.com

နိဒါန်းတော်၏ စွမ်းရည်သတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သော အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခံရသည် သူရဲကောင်း(၆)ဦးရှိရာတွင် သူရဲကောင်း(၅)ဦးသည် ကျဆုံးခဲ့ကြပြီး နိဒါန်းတော်အတွက်အသက် ပေးလှူခဲ့ကြသည်။ ထူးထူးခြားခြား အံ့ဖွယ်ရာ တစ်ရပ်အဖြစ် အောင်ဆန်းသူရိယဗိုလ်ကြီးတိုက်ခွန်း(ခေါ်)တိုက်ကောင်းဘစ်ဦးသာ အသက်ရှင်ကျန်ခဲ့ပါသည်။

အောင်ဆန်းသူရိယဘွဲ့ရရှိသူ(၆)ဦးတွင် ယုဇနစစ်ဆင်ရေး (ဗိုလ်မှူးကြီးမောင်မောင်နှင့်တပ်မတော်အရာရှိများ ကယ်တင်ကယ်ယူရေး)တွင် သစ္စာရှိကရင်(၂)ဦး ပါဝင်ပါသည်။ ထိုသူရဲကောင်း(၂)ဦးမှာ ကရင်အမျိုးသား စောဘရီနှင့် စောမြင့်တို့ ဖြစ်ကြသည်။ သို့ဖြစ်၍ နိဒါန်းတော်တွင် အောင်ဆန်းသူရိယဘွဲ့ ချီးမြှင့်ခံရသော သူရဲကောင်း(၆)ဦးရှိရာတွင် ကရင်လူမျိုး သူရဲကောင်း(၂)ဦးပါဝင်သည်ကို မော်ကွန်းကမ္ဘည်းတင်ရမည် ဖြစ်ပါသည်။

ထို့အတူ ယုဇနစစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသော တပ်သားထွန်းယု၊ တပ်သားမောင်သွင်၊ အရပ်သားဦးကျော်သိန်း၊ အရပ်သားဦးထွန်းမင်း (၄)ဦးတို့ကိုလည်း ဒုတိယအမြင့်ဆုံးစွမ်းရည်သတ္တိဆိုင်ရာ "သီဟသူရ"ဘွဲ့ကို အသီးသီး ချီးမြှင့်ခြင်း ခံရသည်။ ယုဇနစစ်ဆင်ရေးဌ ပါဝင်ကြသော ကရင်အမျိုးသား ကွန်မန်ဒို အဖွဲ့ဝင်(၆)ဦးသည် တပ်သားထွန်းယု တစ်ယောက်သာ အသက်ရှင် ပြန်လည်ရောက်ရှိလာပြီး ကျန်သော ကွန်မန်ဒိုအဖွဲ့ဝင်(၅)ဦးမှာ ရန်သူများလက်တွင် ကျဆုံးလျက် ရန်သူတို့နယ်မြေတွင်ကျန်ခဲ့ရာလေသည်။ ယုဇနစစ်ဆင်ရေးဌ ပါဝင်ခဲ့သော သစ္စာရှိကရင် ကွန်မန်ဒို သူရဲကောင်းများဘွဲ့ ရရှိပုံဖြစ်စဉ် အကျဉ်းကို ရှေ့တွင် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

❁ ❖ ❁

အရပ်သားအောင်ဆန်းသူရိယစောဘရီ

အရပ်သား "အောင်ဆန်းသူရိယစောဘရီ" အကြောင်းကို တပ်သားအောင်ဆန်းသူရိယစောမြင့် အထူးပုဗ္ဗတ္တိမှ ရေးသားထားသည့်အတွက် အကျယ်ချဲ့မရေးသားလိုအောင် ဖြစ်နေသည်။ ထို့အတွက်ကြောင့် အရပ်သားအောင်ဆန်းသူရိယစောဘရီ၏ အဓိကအချက်ကို တင်ပြလိုက်ရပါသည်။

၁။	ကိုယ်ပိုင်အမှတ်	မရှိ
၂။	ဘွဲ့ရရှိစဉ်အဆင့်	အရပ်သား
၃။	အမည်	စောဘရီ(ကျဆုံး)
၄။	အမြင့်ဆုံးရရှိသည့်ဘွဲ့/ ရရှိသည့်နှစ်	အောင်ဆန်းသူရိယ (၁၉၅၁)
၅။	ဘွဲ့ရရှိစဉ်တာဝန်ထမ်း ဆောင်သည့်တပ်ရင်း	အမှတ်(၂)ခြေမြန်တပ် မဟာဌာနချုပ်တွဲဖက်
၆။	ဘွဲ့အပ်နှင်းခံရသော အဓိန်အဓာတ	၃/အထူး/၅၂

စောဘရီ၏ အောင်ဆန်းသူရိယဘွဲ့ ရရှိပုံဖြစ်စဉ် အကျဉ်းလေးကို ထပ်မံတင်ပြချင်ပါသည်။ စောဘရီသည် သံတောင်မြို့နယ် ရေသိုးကြီးရွာ၌ "ကေအင်ဒီအို"များ ဖမ်းဆီးချုပ်နှောင်ထားခြင်းခံရသည့် ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား ကယ်ထုတ်ရန် တပ်သား စောမြင့်နှင့်အတူ (၈–၆–၅၁)ရက်နေ့တွင် သွားရောက်ပြီးနောက်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီးမောင်မောင်နှင့် အဆက်အသွယ် ရယူနိုင်ခဲ့သည့်အပြင် နောက်ထပ်၍ (၂၄-၆-၅၁)ရက်နေ့တွင် ရန်သု.နယ်မြေအတွင်းသို့ ခက်ခက်ခဲခဲ အန္တရာယ်ကြားမှ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သည်။

စောဘရီ ဦးဆောင်သည့်အဖွဲ့သည် (၂၈-၆-၅၁)ရက်နေ့ညတွင် ဗိုလ်မှူးကြီးမောင်မောင်တို့အား ချပ်နှောင်ထားသည့် အချုပ်ခန်းအနီးသို့ အခက်အခဲမျိုးစုံတို့ကို ဖြတ်ကျော် ရောက်ရှိခဲ့သည်။ သန်းခေါင်ကျော်ချိန်တွင် အချုပ်ခန်းသို့ ဝင်ရောက်ဖျက်ဆီးလျက် ဗိုလ်မှူးကြီးမောင်မောင်နှင့်အဖွဲ့အား အောင်မြင်စွာကယ်ထုတ်နေစဉ် ရန်သူများ၏ ပြင်းထန်စွာ ပိုင်းဝန်းပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိကာ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သည့် သူရဲကောင်းတစ်ဦး ဖြစ်ခဲ့လေသည်။

စောဘရီသည် မိမိအား ပေးအပ်သည့်တာဝန်ကို ပြီးမြောက်အောင်မြင်သည်အထိ တူးကဲမြှင့်မားသည့် ရဲစွမ်းသတ္တိ ဇွဲစိတ်တို့ဖြင့် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ရင်း နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့သူဖြစ်သည့်အလျောက် နိုင်ငံတော်၏ ရဲစွမ်းသတ္တိဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် အောင်ဆန်းသူရိယဘွဲ့ကို ချီးမြှင့်ခြင်း ခံရလေသည်။

ဖော်ပြပါ အောင်ဆန်းသူရိယဘွဲ့တံဆိပ် ချီးမြှင့်ခံရသူများ၏ စွမ်းဆောင်ချက်နှင့် တိုင်းပြည်နှင့်လူမျိုးကို ကာကွယ်လိုစိတ်ပေး အပ်သည့်တာဝန်ကို နောက်မဆုတ် ရဲရင့်ပြတ်သားစွာ လုပ်ဆောင်ချက်များကို ဤစာစုဖြင့် မှတ်တမ်းပြုလိုက်ရပါသည်။

မင်းပုည

၁၃-၄-၂၀၁၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူရဿတ္တိဆိုင်ရာဘွဲ့များတွင် အမြင့်ဆုံးဖြစ်သော
"အောင်ဆန်းသူရိယ" ဘွဲ့တံဆိပ်

BURMESE CLASSIC .com

မင်းပုည

သူ့ရဲ့ကောင်းတို့၏ အပြုံးပြတ်ဆုံးဝတ်သတို့

www.burmeseclassic.com